နာနာဝါဒ ဘာသာသဘာဝတို့၏
အဖြေမှန်နှင့် အခြေခံရှင်းတမ်း
ခေါ်

# စွယ်စုံအလင်းကျမ်း

နှင့်

# ပထဝီဝိဝါဒရှင်းတမ်း

[နိုင်ငံရေးကဏ္ဍ,လောကဓာတ်နှင့် အင်္ဂါယပညာကဏ္ဍ,
ဗုဒ္ဓဝါဒကဏ္ဍဟူ၍ ၃-ပိုင်း ၃-ကဏ္ဍ ဖော်ပြပါဝင်သည်။]

စာပြုသူ
ကျောင်းဆရာ ကိုခင်မောင်

☆

ရန်ကုန်မြို့
ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်
၁၉၅၈

၃၁၅၈

နာနာဝါဒ ဘာသာသဘာဝတို့၏

အဖြေမှန်နှင့် အခြေခံရှင်းတမ်း

ခေါ်

# စွယ်စုံအလင်းကျမ်း

နှင့်

# ပထဝီဝိဝါဒရှင်းတမ်း

[နိုင်ငံရေးကဏ္ဍ,လောကဓာတ်နှင့် အဂ္ဂယပညာကဏ္ဍ,
ဗုဒ္ဓဝါဒကဏ္ဍဟူ၍ ၃-ပိုင်း ၃-ကဏ္ဍ ဖော်ပြပါဝင်သည်။]

စာပြုသူ

ကျောင်းဆရာ ကိုခင်မောင်

☆

ရန်ကုန်မြို့

ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်

၁၉၅၈

## ဝန်ခံချက်

ယခုရေးသားဖော်ပြအပ်သောကျမ်းသည် ဂိုဏ်းဂဏ ပါတီ ပုဂ္ဂိုလ်စွဲအားဖြင့် မည်သူတဦးတယောက်ကိုမျှချိုးဖွဲ့ပျက်စီးစေလို၍မဟုတ်စေဘဲ သဘာဝဓမ္မကို အခြေခံထားပြီး ဓမ္မာဓိဋ္ဌာန်အားဖြင့် ဖွင့်ပြ ရေးသားထားသည် ဖြစ်ပါကြောင်း။

ကမ္ဘာ့သူ,ကမ္ဘာ့သား အပေါင်းတို့သည် တကယ့်ချမ်းသာထူး, ချမ်းသာမြတ်, ချမ်းသာစစ်, ချမ်းသာမှန်နှင့် အချိန်မှီတွေ့ရှိခံစား သုံးဆောင်တော်မူကြပါစေသတည်း။

" သဘာဝဓမ္မ "

# အာသီသ နှင့် ပဏာမ

(၁) လောကီလောကုတ် မယုတ်အကျိုး ပွားတိုးစေမှု ချမ်းသာစုအရပ်ရပ် သိမှတ်စရာအဖြာဖြာ ကြက်သရေ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံတော်မူပါပေသော သူတော် ကောင်း ပညာရှိ အပေါင်းတို့၏ နည်းညွှန် လမ်းကောင်း အဆုံးမ အပေါင်းတို့သည် သတ္တဝါမကြွင်း ကမ္ဘာသူ ကမ္ဘာသား ခပင်းတို့၏ နှလုံးအိမ် အတွင်းသို့ အမှောင်၊ ခွင်း၍ အလင်းဆောင်ကာ ထွန်းတောက် တည်တံ့ပါစေ သတည်း။

(၂) အမှန်တရားသက်ဝင်ယုံကြည် ခိုလှုံသူ အပေါင်း တို့သည်လည်း အန္တရာယ်အမျိုးမျိုး ဘေးဆိုးအပေါင်းတို့မှ ကင်းလွတ် ရှောင်ရှား မထိပါးစေဘဲ ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာ ကြည်သာရွှင်ပျစွာနှင့် ဆထက်တံပိုး ကြိုးစား အားထုတ် ဆောင်ရွက်တော် မူနိုင်ကြပါစေ သတည်း။

(၃) အမှန်တရားကို နက်နဲစွာ မသိမမြင် မဆင်ခြင် မိသေးသဖြင့် လက်မခံနိုင်, မယုံကြည်နိုင်သေးသော ဝေနေ ယျအများတို့သည်လည်း ပညာမျက်စိ အလင်းမိ၍ ဉာဏ် သက်ဝင်နိုင်, ယုံကြည်နိုင်, လက်ခံနိုင်ခြင်းဖြင့် ကျန်းမာချမ်း သာ ဝမ်းသာစွာ ကျင့်သုံးဆောက်တည် ကျေးဇူး များနိုင် ကြပါစေသတည်း။

# နိဒါန်း

**မနုဿတ္တဘေဒ စာရိတ္တသဘာဝ ဓာတ်ခွဲချက်**

လူ့ပြည်လောကကြီးတွင် အသိတရား, အကျင့်တရား တို့ဖြင့် ရောပြွမ်းကာ ဖြစ်ရှိ တည်နေကြကုန်သော လူအမျိုး အစား အသီးသီး အဝဝ တို့ကို ပိုင်းခြားကန့်သတ် စိစစ် ကြည့်မည်ဆိုပါက အောက်ပါ ၈-မျိုးကို အကြမ်းဖျင်း အားဖြင့် တွေ့ရှိကြရပေမည်။

၎င်းတို့ကား—

(၁) ပညာရှိသူ,
(၂) ပညာမဲ့သူ,
(၃) သူတော်ကောင်း,
(၄) သူယုတ်မာ,
(၅) ပညာရှိ+သူတော်ကောင်း,
(၆) ပညာမဲ့+သူတော်ကောင်း,
(၇) ပညာရှိ+သူယုတ်မာ,
(၈) ပညာမဲ့+သူယုတ်မာ—ဟူ၍ဖြစ်သတတ်။

အထက်ပါ ၈-မျိုးမှ မိမိကိုယ်နှင့် ဟပ်ယှဉ်၍ စစ်ဆေး အဖြေထုတ်ကြည့်ပါ၊ မေတ္တာရပ်၍ အကြံပေးလိုသည်မှာ နံပါတ် (၁) (၃) (၅) (၆) အဖြေ ထွက်လာပါက အသင်သည် လူဖြစ်ကျိုးနပ်လှပေပြီ၊ သင့်အတွက် ချီးမွမ်း၍ ဂုဏ်ယူမိပါ၏။

## နိဒါန်း

နံပါတ်(၁) လူ့အမျိုး အစားသည် မှိုနဲ့ထိုက်ပါပေ သည်။

(၂) လူ့အမျိုး အစားသည် အားထားထိုက် ပါပေသည်။

(၃) လူ့အမျိုး အစားသည် ကိုးကွယ် ဆည်း ကပ်ထိုက်ပါပေသည်။

(၄) လူ့အမျိုးအစားသည် ရှိသေထိုက်ပါပေ သည်။

အသင်သည် မှီခို, အားထား, ကိုးကွယ် ဆည်းကပ်, လေးစားထိုက်သော သူတယောက်အဖြစ်နှင့် သတ္တဝါ အပေါင်းတို့အား ဒုက္ခခပ်သိမ်းတို့မှ ကယ်တင်ထုဘ်ဆောင် နိုင်ပါစေသတည်း။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **စကားပလ္လင်ပဋိညာဉ်** .... | ၁ |
| ၁။ | **နိုင်ငံရေးကဏ္ဍ** .... | ၃ |
| | ဝါဒသဘောတရား ... | ၅ |
| | ဒီမိုကရေစီမူ ... | ၇ |
| | ဒီမိုကရေစီရန်သူ ... | ၁၀ |
| | ဒီမိုကရေစီ အုဋ္ဌမြစ် ... | ၁၄ |
| | မှတ်သားဘွယ်ပုံဝတ္ထု ... | ၁၆ |
| | ဒီမိုကရေစီအစစ် ... | ၁၈ |
| ၂။ | **လောကဓာတ်နှင့် အဂ္ဂိယပညာကဏ္ဍ** | ၂၀ |
| | လျှပ်စစ်ဓာတ်အကြောင်း ... | ၂၂ |
| | ဒြပ်စင်များ ... | ၂၃ |
| | ဒြပ်ပေါင်းများ .... | ၂၄ |
| | ဒြပ်ရောများ ... | ၂၆ |
| | လျှပ်စစ်ဓာတ်ပေါ်လာခြင်း .... | ၂၈ |
| | သိပ္ပံပညာမှ လောကိယဝိဇ္ဇာပညာသို့ ... | ၃၀ |
| | အဂ္ဂိယပညာ ... | ၃၂ |
| | ဓာတုဗေဒနှင့် အဂ္ဂိယပညာ ... | ၃၅ |
| | ကံကို ယုံကြည်ရန်နည်းလမ်း ... | ၄၁ |
| | ဗုဒ္ဓလောကဓာတ်နှင့် နှိုင်းယှဉ်ပြချက် ... | ၄၄ |
| | စိတ်နှင့် စေတနာကံ .... | ၄၈ |
| | ကံအကြောင်း ... | ၅၃ |
| | ဗုဒ္ဓဝါဒ၏အခြေခံပဌမဆင့် ... | ၅၇ |
| | အတိတ်ကံ ၂-မျိုး ... | ၆၂ |

မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | ကံသာလျှင် မိမိတို့ဥစ္စာ | ... | ၆၄ |
| | ကံ၏အမွေခံ | ... | ၆၇ |
| | ကံသာလျှင် ဆွေမျိုး,မိတ်ဆွေ | ... | ၆၈ |
| | ကံသာလျှင် ကိုးကွယ်ရာ | ... | ၆၈ |
| | ပစ္စုပ္ပန်ကံကို ဝိရိယခေါ်ပုံဝတ္ထု | ... | ၈၃ |
| | အလောင်းတော် မာတင်္ဂဝတ္ထု | .... | ၈၉ |
| **၃။** | **ဗုဒ္ဓဝါဒကမ္ဘာ** | .... | **၉၇** |
| | ဗုဒ္ဓဝါဒကို စိစစ်ပုံ | ... | ၁၀၁ |
| | ခေတ်အခြေအနေနှင့် သူတော်ကောင်းစိတ်ထား | | ၁၀၅ |
| | ဒိသာပါမောက္ခ ဆရာကြီး၏ဩဝါဒ | ... | ၁၀၉ |
| | အာရုံနှင့် အာရမ္မဏိက | ... | ၁၁၆ |
| | ကုသိုလ်နှင့် အကုသိုလ် | ... | ၁၁၈ |
| | သာသနာနှင့် သိက္ခာ | .... | ၁၂၀ |
| | လုပ်ငန်းစဉ် တည်ဆောက်ချက် | .... | ၁၂၅ |
| | စိတ်ကို အပြစ်နှင့်တကွ ဆုံးမပုံ | ... | ၁၂၉ |
| | မဂ်ရကြောင်း အင်္ဂါ ၄-ပါး | ... | ၁၃၁ |
| | အန္တရာယ် ၅-ပါး | ... | ၁၃၂ |
| | ပဓာနီယင်္ဂတရား ၅-ပါး | .... | ၁၃၄ |
| | မဂ်ဖိုလ်ရထိုက်သူ | ... | ၁၃၈ |
| | အဘိဓမ္မာနည်း | .... | ၁၄၂ |
| | အနတ္တသိမှ ဒိဋ္ဌိကွာပုံ | ... | ၁၅၀ |
| | ဉာတပရိညာ | ... | ၁၅၁ |
| | သစ္စာဉာဏ် | ... | ၁၅၃ |
| | ပဋိစ္စသမုပ္ပါဒ်ဉာဏ် | ... | ၁၅၄ |
| | ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါး | ... | ၁၅၈ |
| | သစ္စာအနက် ၁၆-ချက် | ... | ၁၆၃ |
| | မဂ်ကိစ္စ ၁၆-ချက် | ... | ၁၆၇ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | သောတာပန် စစ်တမ်း | ... | ၁၇၀ |
| | သခ်ါရ အရာဘျယ်ပုံ | ... | ၁၇၁ |
| | သဘာဝဝေဘန်ချက် | .... | ၁၇၄ |
| | ဒေသနာတော်နက်နဲပုံ | ... | ၁၇၅ |
| | ဘုရား အလိုတော်နှင့် သဗ္ဗဝါဒအလို | .... | ၁၈၂ |
| | ကောက်နုတ်ချက်နှင့် နိဂုံး | ... | ၁၉၃ |
| ၄။ | ပထဝီဝါဒ ရှင်းတမ်း | | |
| | ပဏာမ | ... | ၁၉၉ |
| | အပြင်နိဒါန်း | ... | ၂၀၀ |
| | အတွင်းနိဒါန်း | .... | ၂၀၃ |
| | ဗုဒ္ဓဝါဒ၏ ကမ္ဘာတည်ပုံ | ... | ၂၂၁ |
| | ရာဇမတ္တက်ကျမ်းလာ ကမ္ဘာမြေကြီးပြားပုံ | ... | ၂၃၇ |
| | သူရိယသိဒ္ဓန္တကျမ်းလာ ကမ္ဘာမြေကြီးလုံးပုံ | | ၂၃၈ |
| | ကမ္ဘာနှင့် ဆိုင်ရာအချက်ကြီး ၅-ချက် | ... | ၂၄၂ |
| | ဘုရားဟောဖြင့်သာ မြေရှင်းပုံ | ... | ၂၆၀ |
| | ကမ္ဘာမြေကြီး လှုပ်ပုံ | ... | ၂၆၂ |
| | ကမ္ဘာလောကဓာတ် အနန္တရှိပုံ | ... | ၂၆၈ |
| | မြင့်မိုရ်တောင်ရှိပုံ | ... | ၂၇၁ |
| | မြင့်မိုရ်တောင်ကို နေမိမာန်လှည့်လည်ပုံ | .... | ၂၇၅ |
| | အတွင်းသမုဒ္ဒရာရှိပုံ | ... | ၂၇၈ |
| | အပသမုဒ္ဒရာရှိပုံ | .... | ၂၇၉ |
| | စကြဝဠာတောင်နှင့် လောကန္တရိက်ငရဲ | ... | ၂၈၂ |
| | ပထဝီဝင် မြေလုံးဝါဒ ရှင်းလင်းချက် | .... | ၂၈၇ |
| | နိဂုံး | ... | ၃၀၅ |

# စွယ်စုံအလင်းကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## စကားပလ္လင်ပဋိညာဉ်

ရဟန္တာတဆူဟု သမုတ်ခံရတော်မူသော စွန်းလွန်း ဆရာတော် ဘုရားကြီးက မိန့်ကြားတော် မူသည်မှာ- လူတွေဟာ မျက်စိလည် လမ်းမှား၍ ချောက်ကမ်းပါး ကျကုန်ကြပြီ၊ ဘာ့ကြောင့်လဲဆိုတော့ ဂေါတမဗုဒ္ဓပွင့်တော် မမူမီ မင်္ဂလာတရားတော်ကို တဆယ့်နှစ်နှစ်တို့ကာလပတ် လုံး လူရောနတ်ပါ ဗြဟ္မာမကြွင်း ခပင်းဥဿုံ သတ္တဝါ အလုံးစုံတို့သည် "မင်္ဂလာ" ဆိုတဲ့တရားတော်ကို ကိုယ်စီ ကိုယ်ငှ ထင်ရာတွေးခေါ်ယူဆကြသည်မှာ—

၁။ အချို့က မြင်လို့ကောင်းတာ မင်္ဂလာ,

၂။ အချို့ကလဲ ကြားလို့ကောင်းတာ မင်္ဂလာ,

၃။ အချို့ကတော့ တွေ့ထိကောင်းတာ မင်္ဂလာ—

ဟု "ဒိဋ္ဌ-သုတ-မုတ" စသည်ဖြင့် အများသူငါ ငြင်းခုံ ကာ အယူအမျိုးမျိုး ဝါဒအဖုံဖုံ ကွဲပြား ခြားနား ကြဘိ

အလား ယခုခေတ်ကြီးတွင်လည်း ဓမ္မအကြောင်းကို မဆိုထားဘိ၊ လောက အကြောင်းတွင်ပင် ဖြေရှင်း၍ မရနိုင်အောင် အယူဝါဒအမျိုးမျိုးတွေနှင့် တိုက်ခိုက်ငြင်းခုံကြကာ တကယ့်အေးရာအေးကြောင်း ငြိမ်းရာငြိမ်းကြောင်း လမ်းဖြောင့်လမ်းမှန်ကို မတွေ့ရှိကြသေးဘဲ ကြောက်စရာ့အထွေထွေ ဒုက္ခတွေ ပင်လယ်ဝေ၍ နေလို့မကောင်း, သေလို့မကောင်း,မြင်မကောင်း, ကြားမကောင်း ဆိုသလိုဖြစ်နေကြရရှာခြင်းသည် ဘာ့ကြောင့်ပါလဲ ?။

တကယ့်လမ်းဖြောင့် လမ်းမှန် အဖြေမှန် မတွေ့ကြ, လက်မနိုင် ကြသေးလို့ဘဲဆိုတာ သဘော ပေါက်ပြီးသူတိုင်းကတော့ ဝန်ခံနိုင်ကြမှာပါဘဲ၊ သို့ကြောင့်ပင် ရှေးပညာရှိကြီးများက ဆိုရိုးပြုခဲ့ကြသည်မှာ—

အသိတလုံး အခက်ဆုံး။
အသိဆုံးက ဘုရားသော်မှဖြစ်နိုင်သည်။
မရှိတာထက် မသိတာခက်သည်။
မသိသူကျော်သွား သိသူဖော်စား။
မျက်ကန်း တစ္ဆေမကြောက်။
မမြင်ဘူး မူး မြစ်ထင်။

အစရှိသော စကားပုံတစုတို့မှာ ပညာတည်းဟူသော တကယ့်အသိ ဗွယ်စုံသိတလုံးကို ပဓာန အဓိကထားပြီး ဆိုရိုးပြုခဲ့ကြသော စကားများဖြစ်ကြလေသည်၊"ရှင်ဘုရင်" ဆိုလင့်ကစား ဇာတ်ပွဲ ရုပ်သေးထဲက ရှင်ဘုရင်လား၊ ...နှင့်တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့ရှင်ဘုရင်လား၊ပဒေ

သရာဇ်လား၊ ကေရာဇ်လား၊ စကြဝတေးလား-စသည်ဖြင့် တည်းဖြင့် သိရှိရန် လိုပေလိမ့်မည်၊ သို့ဖြစ်ပါ၍ ပဋိညာဉ် ဝန်ခံထားသည့်အတိုင်း–

၁။ နိုင်ငံရေးဝါဒအမျိုးမျိုး,

၂။ လောကဓာတ်နှင့် အဂ္ဂိယပညာ,

၃။ ဗုဒ္ဓဝါဒအကြောင်းအရာ–

တို့ကို နိုင်ငံရေးဝါဒ ကဏ္ဍမှစ၍ ဆက်လက်ရေးသား ဖေါ်ပြပါအံ့။

---

## ၁။ နိုင်ငံရေးဝါဒကဏ္ဍ

နိုင်ငံအရေး ပေါက်နှင့်ကျေး။

တိမ်တောင်သဖွယ် မင်းရေးကျယ်–

ဆိုသကဲ့သို့ ရွက်စိမ်း ပွင့်နီတို့ဖြင့် ဝေဆာလျက်ရှိသော ပေါက်ပင်နှင့် ကိုယ်စိမ်း, နှုတ်သီးနီသော ကျေးငှက်ရောင် သည်ရောနှောနေခိုက် ရုတ်တရက်ခြားနားသိရန် မလွယ် သကဲ့သို့အာကာဝေဟင် ကောင်းကင်ပြင်တွင် လေယာဉ် စီး၍ ဘယ်ယိမ်းညာလွဲ ပြောင်းနွဲ့ခါနေကြသော မိုဃ်း သား တိမ်တိုက်တို့မှာလည်း အကြောင်း အားလျော်စွာ ပေါင်းစည်း ညီညွတ်ကြခိုက် အခုဆင်, အခုမြင်းပမာ ထင်စရာခပင်း မြင်ရာအဆင်းတို့မှာလည်း မှားစရာနိမိတ် ရိတ်စရာအကြောင်း ရုပ်ပေါင်းစုံလင်စွာနှင့် အံ့ဘွယ်ပင် ဖြစ်ပေါ်လာကြပါပေ၏။

သို့ကလောက် ပမာပြထားသော နိုင်ငံအရေးမှာ သေး ကွေးသောအလုပ်မဟုတ်၊ ဉာဏ်နုပ်၍ မမှီနိုင်၊ ဉာဏ်ကြီး

ဉာဏ်ခိုင်တို့၏နယ်ပယ်မျှသာ ဖြစ်သည့်အလျောက် မှီရာက ထောက်ဆကာ သာဓကတင် သဘာဝယှဉ်၍ စိစစ် ပြရပါ လျှင်- ကျွန်ုပ်တို့၏ပတ်ဝန်းကျင် အနီးအဝေးရှိ ကမ္ဘာ့နိုင်ငံ အရပ်ရပ်တွင် အုပ်စုများ ကွဲပြား၍ စစ်ရိပ် စစ်ငွေ့များ ယှက်သန်းနေခြင်းသည်“အရင်းစစ်တော့အမြစ်မြေက”ဆို သလို ဝါဒများမှု, တဦးကတဦးကိုလွှမ်းမိုးမှု, တဦး ကြီး ပွားသည်ကို တဦးကမရှုစိမ့်နိုင်မှု, မမျှတနိုင်မှု, မနာလိုမှု ဆိုတဲ့ “ဗြဟ္မစိုရ်” ကင်းပျောက်နေတဲ့ အဓိပ္ပါယ်တွေဟာ အလွန်ပေါ်လွင်ထင်ရှားလှပါတယ်။

ကျွန်ုပ်တို့၏ နိုင်ငံတွင်းကို ကြည့်လိုက်ပြန်တော့လဲ ယခု တိုင်“ကော်လိုနီစိတ်” (ဝါ) လက်အောက်ခံ တပါးကျွန် စိတ်မကုန်ခန်းသေးသော တိုင်းရင်းသားအချို့တို့မှာလည်း “အမေကျော် ဒွေးတော်လွမ်းသည့်” ဝါဒ တွေကြောင့် (အမေရင်း-အဖေရင်းကို တိမ်တိမ်ကလေး မတွေးလိုက် ပါနှင့်၊ နိဂုံးချုပ်ခါနီးဖေါ်ပြပါမည်။) ယခုထက်ထိ ကိုယ့် တိုင်း, ကိုယ့်ပြည်, ကိုယ့်အမျိုး,ကိုယ့်ဘာသာနှင့်လျော်တဲ့ အမျိုး,ဘာသာ,သာသနာ စိတ်တွေ မပေါ်ပေါက်နိုင်ကြ၊ မညီညွတ်နိုင်ကြ၊ မစည်းလုံးမိ နိုင်ကြသေးသည်မှာလည်း ထင်ရှားလှပါ၏၊ ဒါတွေဘာ့ကြောင့်လဲ၊ ကော်လိုနီခေတ် တွင် ကျွန်ုပ်တို့၏အမျိုး, ဘာသာ, သာသနာ, ပညာနှင့် ဗမာ့ယဉ်ကျေးမှုများသည် တိုင်းတပါးသားတို့၏ လက် အောက်တွင် တိမ်ကော ကွယ်ပျောက် ဆုံးရှုံး ခဲ့ရခြင်း ကြောင့်ပင် ဖြစ်ရလေသည်။

တိုင်းသူပြည်သား လူအများတို့၏သဘောသည် စိုးမိုး အုပ်ချုပ်သူတို့၏ စာပေ, အယူဝါဒ, ဆင်ယဉ် ဝတ်စားမှု

နှင့် ထုံးတမ်းဓလေ့တို့ကို အမြတ်တနိုးထားခါ အတုယူတတ်ကြသည့်အတိုင်း ဗမာ့စာပေ,ဗမာ့အယူဝါဒနှင့် ဗမာ့ထုံးတမ်းစဉ်လာတို့မှာ တန်ဘိုးမရှိသကဲ့သို့ လျှောကျဆိတ်သုဉ်း၍ ကော်လိုနီသားတို့၏ ဖြစ်တတ်သည့် ဓမ္မတာအလျောက် ညှို့ဖျင်းသောအတွေးအခေါ် အမြော်အမြင်စိတ်ဓာတ်စဉ်တို့သည် ယခုတိုင် အရှိန်မသေသေးဘဲ ကိန်းအောင်းလျက်ပင် ရှိနေပေသေး၏။ [ဝမ်းနည်းဘွယ်။]

## ဝါဒ သဘောတရားတွေ

ဆိုရှယ်လစ်ဇင်း, ကွန်မြူနစ်ဇင်း, ဒီမိုကရေစီ, ဗြူရိုကရေစီ, ဖက်ဆစ်, ဓနရှင်-ဆိုတဲ့ ဝါဒ စည်းမျဉ်းတွေဟာ အနောက်တိုင်း,အရှေ့နိုင်ငံများဖြစ်ကြသော ဂျာမနီလူမျိုး ကားလ်မတ်(စ်), ရုရှားဘက်မှ လီနင်, စတာလင်ဆိုတဲ့ ပုထုဇဉ်လူသားသက်သက် လောကဓာတ် ပညာရှိကြီးတွေဟာ "ဇိမ်"ဆိုတဲ့ စီးပွါးရေးလောဘလောက်နှင့် အုဌ်မြစ်အခြေခံထား၍ သူ့တိုင်းပြည်နှင့် သူ့လူမျိုး သူတို့၏ဘာသာဝါဒစည်းမျဉ်းအရ သင့်လျော်လျောက်ပတ်သလို ရေးဆွဲအုပ်ချုပ် စီမံကိန်းထုတ်ထားခဲ့ကြသော လမ်းစဉ်များသာဖြစ်ကြပါတယ်။

ဒါကို သူ့တိုင်းပြည်, သူ့လူမျိုးအရမဟုတ်တဲ့ နေရာတွေမှာ ရွေးချယ်စီစစ်ခြင်းမရှိပါဘဲလျက် အသုံးပြုကြမယ်ဆိုပါလျှင် ဘာနဲ့ဥပမာတူနေမလဲဆိုတော့ "ဗမာ့အိမ်မှာ ကုလားစည်းမျဉ်းနဲ့နေ၊ ကုလားအိမ်မှာ ဗမာ့စည်းမျဉ်းနဲ့နေ"လို့ မလျောက်ပတ်သလို ဖြစ်နေကြမှာပါဘဲ၊ ထိုသဘောတရားတွေမြင်လာကြလို့ သည်စကားတွေ အဆင်မ

ပြေကြပြန်တော့ဆိုင်းဘုတ်ပြောင်းကာ ဒီမိုကရေစီသစ်တို့, သဟဇာတမှုတို့ဆိုပြီး ပေါ်ပေါက်လာကြပြန်တယ်၊ (အဘိဓမ္မာများ တတ်ကြရောလားမသိ သဟဇာတတဲ့၊) "အကြောင်းသင့်လို့သာ နိုင်းယှဉ်ချက်ကလေးတွေ စီစစ်စေလို၍သာရေးထည့်ရပါသည်၊ အင်မတန် ရှုပ်ထွေးကျယ်ဝန်း၍ အဆုံးမသတ်နိုင်သောအလုပ်မျိုးတွေ သိပ်ပြီးတော့လဲ စိတ်မဝင်စားလိုပါဘူး"။

ရေးလက်စနဲ့ အနည်းအကျဉ်း သဘောတရားကလေးတွေပေါ်ရုံတော့ ဖော်ရအုံးမှာပါဘဲ၊ ဒီမိုကရေစီဆိုတာကတော့ လူတိုင်းတို့၏ ပါးစပ်ဖျားမှာ သုံးလာကြပြန်ပါတယ်၊ ဒါလဲဘဲ အမျိုးမျိုး သူ့တိုင်းပြည်နှင့်သူ့ ဒီမိုကရေစီဆိုသလိုပါဘဲ၊ အင်္ဂလိပ်ဒီမိုကရေစီ, အမေရိကံဒီမို, ရုရှားဒီမို, အခြားတိုင်းပြည်များလဲ ကိုယ့်ဒီမိုနဲ့ ကိုယ်ဆိုတာလိုရှိကြပါသေးတယ်၊ အဓိပ္ပါယ်ဖော်ထုတ် နားလည်မှုကျတော့ အယူအဆ တမျိုးစီဖြစ်နေကြပါတယ်၊ နိုင်ငံတော်အစိုးရကနှစ်သက်တဲ့ ဒီမိုကတော့.... ဒီမိုကရေစီဆိုတာ အကျဉ်းအားဖြင့် (၁)နိုင်ငံရေး၊ (၂)စီးပွါးရေး၊ (၃) လူမှုရေးဆိုတဲ့ ပဓာနအချက်ကြီး ၃-ချက်ပေါ်မှာ မူတည်ခန့်ခွဲရခြင်းဖြစ်လေတော့ (၁) အချက်ဖြစ်တဲ့ နိုင်ငံရေးကဏ္ဍ အုပ်ချုပ်ရေးအတွက် အများဆန္ဒအရရွေးကောက်တင်မြှောက်ခြင်းဖြင့် တက်လာသော လူထုအစိုးရစံနစ်သာလျှင် ဖြစ်စေသင့်တယ်တဲ့။

အဲဒီအစိုးရက ဘယ်လိုအုပ်ချုပ်ပေးကြမလဲ ဆိုပါလျှင် လွတ်လပ်အေးချမ်းသာယာစွာ နေထိုင်နိုင်ခွင့်ရရှိရေးကို အခြေခံထားမယ်လို့ ဆိုလိုတယ်၊ ဘာဖြစ်လို့ဒီလိုအုပ်ချုပ်

တာကို ဒီမိုကရေစီခေါ်နိုင်ပါသလဲဆိုလျှင်-(၁)မိရိုးဖလာ အရိုက်အရာ ဆက်ခံ အုပ်ချုပ်ခြင်း၊ (၂) လက်နက်စွဲကိုင် အနိုင်ကျင့် ခြိမ်းချောက်မှုနှင့် အာဏာလု အုပ်ချုပ်ခြင်း၊ (၃) ရွေးကောက်ပွဲပြုလုပ်၍ လူထုဆန္ဒအရ တက်ရောက် အုပ်ချုပ်ခြင်းရယ်လို့အုပ်ချုပ်နိုင်ခွင့် ၃-မျိုးမှာနံပါတ်(၃) နည်းသာလျှင် ဒီမိုကရေစီနည်းဖြစ်ပါတယ်၊ နံပါတ် (၁) နှင့် (၂) အုပ်ချုပ်နည်းတို့မှာ စင်ကြယ်မှုနှင့်တကွ အများ ကြည်ဖြူ လေးစားမှုတို့ ရနိုင်ရန် မလွယ်ကူ ခြင်းကြောင့် ကြာရှည်လေးမြင့်စွာ တည်တံ့နိုင်လိမ့်မည်မဟုတ်လို့ ဆိုလို ပါတယ်။

## ဒီမိုကရေစီမူ

မဲဆန္ဒအရ ရွေးကောက် တင်မြှောက်ခြင်းနှင့် ဖွဲ့စည်း ထားသော အစိုးရအဖွဲ့၏ ဒီမိုကရေစီနည်း ကျပုံမှာ ရှုံးသူ ကလည်း နောင်အခါ ပြန်လည်ရွေးကောက်မည့် နှစ် ကာလ အပိုင်းအခြားကို စောင့်၍သော်၎င်း, ကြားဖြတ် ဖြုတ်ချခြင်းဖြင့်သော်၎င်း, လက်ရှိအုပ်ချုပ်ရေးကို ပယ် ရှင်းနိုင်လေသည်၊ ဒီမိုကရေစီစံနစ်သည် လွတ်လပ်စွာ ရေးသားနိုင်ခွင့်, လွတ်လပ်စွာ ဟောပြောနိုင်ခွင့်, လွတ် လပ်စွာ စည်းရုံးနိုင်ခွင့်, လွတ်လပ်စွာ ကိုးကွယ်နိုင်ခွင့် ရှိစေရမည်၊ လွတ်လပ်စွာ ဝေဖန်နိုင်မှုအတွက် အတိုက် အခံပါတီသည် အင်အား ကောင်းမွန်စွာ ရှိစေရမည်၊ ဒီမိုကရေစီကိုထပ်၍ စိစစ်ပြန်သော်—

(၁) **ခေတ်ရှင်ဒီမိုကရေစီ။** ။၎င်းမှာအမေရိကံဒီမိုဖြစ်၍ နိုင်ငံရေးအားဖြင့် လွတ်လပ်ခွင့်ရှိပြီး စီးပွါးရေး လူမှုရေးမလွတ်လပ်။

(၂) **ဇွန်မြူနစ်ဒီမိုကရေစီ။** ။ ၎င်းမှာ ရုရှားဒီမိုဖြစ်၍ စီးပွါးရေးနှင့် လူမှုရေး လွတ်လပ်၍ နိုင်ငံရေး အားဖြင့်မလွတ်လပ်။

(၃) **ဆိုရှယ်လစ်ဒီမိုကရေစီ-သို့မဟုတ်ဆင်းရဲသားဒီမို။** ။ ၎င်းမှာ စီးပွါးရေး,လူမှုရေးနှင့်တကွ နိုင်ငံရေးပါ လွတ်လပ်ခွင့် ရှိနေလေသောကြောင့် ၎င်း(၃) အချက်ကို နိုင်ငံတော်က အသုံးပြုလေသည်။

သို့ရာတွင် အချို့ပုဂ္ဂိုလ်တို့ယူဆနေကြပုံမှာ "လွတ်လပ်ခွင့်"ဟူသည် ဘာမဆိုကိုယ်ကြိုက်တာ ကိုယ်လုပ်ချင်ရာကို မိမိတို့သဘောအတိုင်း လွတ်လွတ်လပ်လပ် လုပ်ကိုင်နိုင်ခွင့် ရရှိသည်ပင်"ဟု ကျဉ်းကျဉ်းမြောင်းမြောင်း ယူဆကာ ဥပဒေစည်းပိုင်းတို့, လူ့သဘာဝယဉ်ကျေးမှုတို့, ဘာသာယဉ်ကျေးမှုတို့ မိမိ၏အကျိုးစီးပွါး လိုအင်ဆန္ဒအပြင် သူတပါးတို့၏ အကျိုးစီးပွါး ရှေ့ရှုမှုတို့ကို ထည့်သွင်းစဉ်းစားခွင့်မလိုတော့သကဲ့သို့ "ဘယ်သူသေသေငတေမာပြီးရော"ဆိုဒါမျိုးသက်ရောက်နေပါလျှင် ဒီမိုကရေစီအစစ်ဖြစ်နိုင်ပါဦးတော့မည်လော၊ လောကလူ့ပြေ အမှုပွေ၍ ဖြစ်ထွေဆန်းပြား၊ ရမ်းကားကြသည်ကား အကြောင်းရင်းကို စီစစ်ရှာဖွေသည်ရှိသော် မညီမညွတ် အတိုက်အခံဆန့်ကျင်ဘက် မသင့်မမြတ် ဖြစ်ရခြင်းအမှုတို့တွင်—

(၁) ၂-ဦး ၂-ဘက်စလုံး မှားယွင်းမှု,
(၂) တဦးဦးက တဘက်သတ် မှားယွင်းမှု,

ဟူ၍ရှိတန်ရာ၏၊ထိုတွင်၂-ဦး၂-ဘက်စလုံးမှားယွင်းမှုတို့သည် တဦးနှင့်တဦး အပြန်အလှန် ပြုကျင့်ပြောဆိုကြရ

ခြင်းကြောင့်အတောမသတ် ကျယ်ပြန့်သောပြဿနာများ ပေါ်ထွက်၍ မသက်ဆိုင်သူ လူထုနှင့်တကွ နစ်နာစေကာ အဖြေအရှင်း ခက်ခဲတတ်လေသည်၊ ၎င်းအမှုမျိုး၏ ငြိမ်းချမ်းမှုရရှိနိုင်ရန် ဖန်တည်းနိုင်ခွင့် နည်းလမ်း မှာကား အကျဉ်းအားဖြင့် ဆိုပါလျှင်— ထို ၂-ဦးတို့၏ ယူစွဲထားနှင့် ပြီးကြသော ပဋ္ဌမအယူဝါဒတို့ကို ယုတ်သိမ်းဖယ်ရှားစေ၍ ၂-ဦး ၂-ဘက်စလုံးတို့၏ ယုံကြည်လက်ခံနိုင်လောက်သော ဘာသာရေး နည်းအားဖြင့်ဖြစ်စေ, လူမှုရေးနည်းအားဖြင့် ဖြစ်စေ မှုတည်ရေးဆွဲ၍ ၎င်းမှုကို၂-ဦး ၂-ဘက်စလုံးတို့၏ တိကျပြတ်သားစွာ စိတ်ရင်းစေတနာနှင့်တကွ အပြောနှင့် အလုပ် အညီအညွတ် အကောင်အထည် ဖော်ကာ ပြုမူလိုက်နာ လုပ်ကိုင်နိုင်ကြပါက ဒီမိုကရေစီ၊ သို့မဟုတ် သဟဇာတမှုတို့ကိုရရှိဖြေရှင်း ပြေပျောက်နိုင်စရာအကြောင်းရှိပေမည်။

ထိုကဲ့သို့ အတောမသတ် ကျယ်ဝန်းသော ပြဿနာရပ်များပေါ်ထွက်၍ မသင့်မြတ်ရခြင်း, မစည်းလုံးနိုင်ကြရခြင်း အကြောင်းရင်းတို့ကို ထပ်မံ၍ တဆင့်တက်ပြီး အခြေအမြစ်ရှာပြန်ရာ-နံပါတ်(၂) တဦးဦးက တဘက်သတ်မှားယွင်းမှု တည်းဟူသော အနိုင်ကျင့်မှု, တရားမမျှတမှု, ကိုယ်ချင်းမစာမှု, အထင်သေး အထင်ကြီးမှုစသည်တို့မှ စတင်ပေါ်ပေါက်လာသည်ကို တွေ့ရှိနိုင်ကြပေမည်၊ (ခေတ်အခေါ်-ညစ်ပတ်မှုများ) ထိုအမှု အမျိုးမျိုးတို့သည်ကား အရှင်းရလွယ်နိုင်ပါလျက် ရှုပ်ထွေးစရာ မဟုတ်ရှုပ်ထွေး ခက်ခဲနေကြရခြင်းမျိုး ဖြစ်နေကြရလေသည်၊ ဥပမာ—မောင်ဖြူသည် တရားနည်းလမ်းမှန်၏၊ မောင်မဲ

သည် တရားမမှန်၊ (ဝါ) မတရား၊ ယင်းကဲ့သို့ ပြဿနာမှ အဖြေမှန်ထွက်လာသည့်အခါတွင် ၂-ဦး ၂-ဘက်မှအပ ဖြစ်သော ကြွင်းကျန်သော လူထုသည် မှန်သူ,မှန်ရာဘက်ကို အားပေးကူညီ၍ မှားသူ, မှားရာဘက်, တရားမဲ့သူ, မတရား ပြုသူအား ရှုတ်ချဆုံးမ ပဲ့ပြင်ခြင်းတည်းဟူသော လူ့သဘာဝ, လူ့လောက ထုံးဟောင်း လမ်းမှန်အတိုင်း ဖြေရှင်းပေးနိုင်ပါက အလွန်ဖြေရှင်းရန် လွယ်ကူသည့်အပြင် နံပါတ် (၁)တည်းဟူသော ၂-ဦး ၂-ဘက် မှားယွင်းမှုနှင့် လူထုသို့ကူးစက် နစ်နာမှုစသည်တို့ပါ ထပ်မံ၍ မဖြစ်ပေါ်နိုင်တော့သည်သာ အမှန်ဖြစ်၏။

### ဒီမိုကရေစီရန်သူ

ထိုလမ်းရိုးကြီးကို လက်လွှတ်ထားမှုတို့ကြောင့် တဘက်သတ်မှားယွင်းမှုမှ ၂-ဦး ၂-ဘက် မှားယွင်းခြင်း တည်းဟူသော ပြဿနာပေါင်းမြောက်မြားစွာ ထွက်ပေါ်စေခြင်း, လူထုပါ ထိခိုက် နစ်နာ စေခြင်း, ရှင်း၍ မရနိုင်လောက်အောင် ခက်ခဲခြင်းစသော လူမှုရေးမှအစ စီးပွါးရေး,နိုင်ငံရေးအထိ သံသရာလည်ခါ ဇာတ်မြောကြရလေသည်၊ထို နံပါတ်(၂) တဘက်သတ်မှားယွင်းမှု,အနိုင်ကျင့်မှု, တရားမဲ့မှု,ညစ်ပတ်မှုတို့သည် နံပါတ်(၁)အမှုမျိုးကဲ့သို့ ၂-ဘက်မှားအထိ ကူးစက်ပြန့်ပွါး ကျယ်ဝန်းစေနိုင်ပါလျက် အဘယ်ကြောင့် နံပါတ်(၂) အမှုမျိုးကို ထိရောက်စွာ မဖြေရှင်းနိုင်ကြပါသနည်း-ဟု စဉ်းစားဘွယ်ရှိလာပြန်၏။

အကြောင်းသော်ကား—အထက် ဖော်ပြပါအတိုင်း “မောင်ဖြူသည် လမ်းမှန်၏၊တရား၏၊မောင်မဲသည် လမ်းမမှန်၊ မတရား”၊ သို့ရာတွင် တရား

သော မောင်ဖြူသည် ဆွေနည်း,မျိုးနည်း၊ ငွေရှား, ကြေးရှား၊ရာထူးဂုဏ်,စည်းစိမ်ဂုဏ်မရှိ၊ နောက် ထောက် ကျော ခံ အမှီ သဟဲ လည်း ကင်း ကွာ သူဖြစ်ရာ၏၊ မောင်မဲသည်ကား ဆွေဂုဏ်မျိုးဂုဏ် ပစ္စည်းဂုဏ် အခြွေအရံ အသင်းအပင်း ဂုဏ်နှင့် ပြည့်စုံသော လူတွင်ကျယ်တယောက်ဖြစ်၏။

ဥပမာ–အစိုးရ ဝါဒဖြန့်ချီရေးရုပ်ရှင် ဇာတ်ထုတ်တခုမှ သူဌေးကြီး ''ဦးစိန်ဘူး''ကဲ့သို့ ဌာနပေါင်းစုံမှ ရာထူးရှင်, ဂုဏ်ထူးရှင်,အာဏာပိုင်, လက်နက်ပိုင်ရှင် ပေါက်ပေါက် ရောက်ရောက် ပေါ်ပေါ်လွင်လွင် အဖွဲ့အသင်းအသီးသီးမှ လူကြီးလူကောင်းခေါ် မိတ်ဆွေ အပေါင်းတို့အား အချို လိုသူကိုအချို, အချဉ်လိုသူကိုအချဉ်, ငွေလိုသူကိုငွေ,အရေ လိုသူကိုအရေ, အဖတ်လိုသူကို အဖတ် အစရှိသည်တို့ဖြင့် လိုလေသေးသည်မရှိ၊ အလိုလိုက်အကြိုက်ပေးခါ ''သည်း ခြေစာ''လာဘ်မျိုးစုံနှင့် မိမိ၏ မိတ်ဆက်ဌာနတွင် ချက်– ဆိုလျှင် နားခွက်ကမီးတောက်ပြီးဖြစ်သော မိမိ၏လက် ပါးစေ လက်သတ်မွေး လူမိုက်တသင်းတို့ဖြင့် (အာဏာ နှင့် အခွင့်အရေး)တို့ကို အလွဲသုံးစား ရှာကြံရယူနိုင်သည့် လူစားတယောက်ကဲ့သို့ ဖြစ်နေလေတော့ ပြောတင့်တယ်၊ ဆိုတင့်တယ်၊ ချယ်လှယ်နိုင်ခွင့် အမျိုးမျိုးအားဖြင့် ဝါးလုံး အမှန်ပင်ဖြစ်နေလင့်ကစား မတရားသဖြင့် ညစ်ပတ်မှုနှင့် တကွ လူတွင်ကျယ်လူရည်တတ် ကြေးရည်တတ်, အပြော ကောင်း,အဖမ်းကောင်း,ပေါ်လစ်စီကောင်း ဦးစိန်ဘူးက ဝါးခြမ်း အမှန်ပါဟု ခြမ်းတာအလိုရှိလျှင် ခြမ်းရသည့် အဖြစ်မျိုး ဆိုက်ရလေတော့၏။

ထိုသဘောတရားကို ဘယ်လို အမည်တပ်ရမည်လဲ ဆိုပါလျှင် "အဂတိ" လိုက်စားခြင်းလို့ ခေါ်ရပေမည်၊ ထိုအဂတိဆိုသည်မှာလည်း ဆန္ဒ, ဒေါသ, ဘယ, မောဟ ရယ်လို့ ၄-မျိုးရှိသေးသည်၊ ၎င်းအကြောင်းအဂတိ ၄-ပါး အားလျော်စွာ ကျင်လည် ရောက်ရှိ ခံစားရမည့် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, လူ, နတ်—ဟူ၍ လားရာအကျိုး ဂတိ ငါးပါး ဟူ၍လည်း အသင့်ပင်ရှိလေသေး၏၊ အကြောင်း အဂတိ ၄-ပါးကို ခပ်တိုတိုနှင့်ဖော်ပြရပါလျှင်—

(၁) ဆန္ဒ-ရဲ့ အဓိပ္ပါယ်ကတော့ မတရားပြုသူထံမှ လာဘ်ရ၍သော်၎င်း, ခင်မင်၍သော်၎င်း သက် ညှာခြင်းဖြင့် လိုးလွဲပြုလုပ်လိုက်ခြင်းအမှုမျိုး။

(၂) ဒေါသ-ဆိုတာကတော့ မှန်သည်ဖြစ်စေ, မှား သည်ဖြစ်စေ၊ မုန်းကိုမုန်းလို့, ချဉ်ကိုချဉ်လို့, လူလယ်လုပ်တာယ်ထင်လို့,အမြင်ကတ်လို့ သက် သက် နှိပ်စက်လိုတဲ့သဘောနဲ့ ပြုလုပ်ခြင်းအ မှုမျိုး။

(၃) ဘယ-ဆိုတာကတော့ ဒီကောင် မတရားတာ တော့မှန်တယ်၊ ဒါပေမဲ့ ဒီကောင်က အဖွဲ့ ကောင်းတယ်၊ လက်ပါးစေတွေလဲ များတယ်၊ နောက်မီးအေးမှာမဟုတ်ဘူး၊ဒီတော့ သူ့ဘက် ကဘဲ ဖင်းပိုက်မှပါဘဲလို့ မတရားအခွင့်အရေး ပေးလိုက်ရခြင်းအမှုမျိုး။

(၄) မောဟ-ဆိုတာကတော့ မည်သူကမှန်လို့ မည် သူမှားသည်ဟု အတိအကျ ဝေဖန် ဆုံးဖြတ်နိုင်

လောက်တဲ့ အရည်အချင်းကိုမရှိ၍ ညှို့ဖျင်းတဲ့ သဘော, တွေဝေတဲ့သဘောနဲ့ ဆုံးဖြတ်ချက်ချ လိုက်ခြင်းမျိုး။

ဝင်း မောဟာဆိုတဲ့ နံပါတ်(၄)အချက်ဟာ အထက် ဖော်ပြပါ ၃-ချက်ထက် အရေးကြီးပါတယ်လို့လဲ ဆိုအပ် ပါတယ်၊ ယခုတိုင် ဘာသာရေးအရဖြစ်စေ, လူမှုရေးအရ ဖြစ်စေ အချို့သောနေရာများ၌ တိကျပြတ်သားစွာမယူဆ တတ်မှု,မဖြေရှင်းတတ်မှုတွေသည်ကား လက်တွေ့မျက်မြင် ပင်ဖြစ်လေတော့၏။

နောက်တဆင့်တက်၍ ကောင်းပြီ ဘာဖြစ်လို့ ဒီလိုဂတိ လိုက်စား နေကြသလဲလို့ ထပ်ပြီး ဆန်းစစ်ကြည့်ပါလျှင် မျက်မှောက်လောက စား,ဝတ်,နေရေးအပေါ်တွင်''ဇိမ်'' အရင်းခံ တဘဝတနပ်စာမှုတွေကို တကယ့်အနှစ်အသား ထင်မှု, အမြတ်တနိုး အမွန်းတင်ထားမှုတည်းဟူသော (အပြစ်မထင်)တဖက်မြင်တဘဝ၏ တခဏမျှ တိုတောင်း လှစွာသော နေရေးလောက်သာ ကြည့်၍သိ၍ သေပြီး သည့်နောက် ဆုံးစပိုင်းခြားခြင်းငှါ မစွမ်းနိုင်လောက် သော ကျင်လည်ရဦးမည့် သံသရာ ဘေးဒုက္ခ တွေကို ထည့်မတွက် ထည့်မစဉ်းစား သောကြောင့် အကုသိုလ် တည်းဟူသော (မကောင်းမှုမတရားမှုတို့မှ မရှက်တတ်ကြ မကြောက်တတ်ကြခြင်း) ဟိရိဩတ္တပ္ပတရား ကင်းမဲ့၍ဟု အဖြေမှန်အမြစ်ပေါ်လာလေသည်။

[ဝင်းတရား ၂-ပါးကို ဟိရိဩတ္တပ္ပတရား၂- ပါးလှဲ့ခေါ် သည်၊ ဒေဝဓမ္မတရားလို့လဲခေါ်သည်၊ လောကပါလတရား ၂-ပါးလို့လဲခေါ်သည်။]

## ဒီမိုကရေစီအုဋ္ဌမြစ်

ဝင်းတရား ၂-ပါးပျက်က ကမ္ဘာကြီးပျက်စီးတော့သည်သာ၊ ဝင်းတရား ၂-ပါးကိုစောင့်သိရှိသေကြပါက ကမ္ဘာကြီးသည် တိုးတက်စည်ပင်၍ ငြိမ်းချမ်းသာယာတော့သည်သာတည်း၊ သို့ဖြစ်၍ ဝင်းတရား၂-ပါးသည် လောကအရေးနှင့် ဓမ္မရေးတို့ပါအခြေခံအုဋ္ဌမြစ်ကြီး တခုဖြစ်ကြောင်းကိုလေးလေးနက်နက် သတိပြုအပ်ကြရာတော့သတည်း။

ဒီမိုကရေစီခေါ် လောကအကြောင်းသက်သက် လူ့သဘာဝ ယဉ်ကျေးမှုတခုကို စဉ်းစားစေလိုသည်မှာ လူမျိုးမရွေး ဘာသာမရွေးမိမိတို့စရိုက်နှင့်အကြိုက်သို့လိုက်ကာ ပြောနိုင်,ဆိုနိုင်,နေနိုင်,ထိုင်နိုင်,လုပ်နိုင်, ကိုင်နိုင်,ပျော်နိုင်, ပါးနိုင်ကြပါ၏၊ သို့ရာတွင် ဘာသာရေးသည် ပြုသူတဦးတည်းသာ သက်ဆိုင်၍ "ဘယ်သူမပြု မိမိမှု ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်း ကိုယ်သွား" ကြရမည်ကား မြေကြီးကို လက်နှင့်ပုတ်လျှင် လွဲကောင်းလွဲမည်၊ မိမိတို့ ပြုမိခဲ့ကြသည့် အမှုအားလျော်စွာ ထိုက်သော လမ်းသွားကြရမည်ကား မလွဲတည်း လူမှုရေးသည်ကား မိမိတဦးတည်း အတွက်သာ မဟုတ်၊ အများနှင့် ဆက်ဆံရသော အမှုမျိုးဖြစ်သည့်အလျောက် ဘာသာရေး ယုံကြည်မှုမရှိ အကုသိုလ်မှ ရှက်ခြင်း, ကြောက်ခြင်း ကင်းစွာ ကြိုက်ရာပြုလုပ်ရဲသော်လည်း သူတပါးသို့ မိမိတို့ပြုလုပ်မှု ကိုယ်အမှုအရာ,နှုတ်အမှုအရာတို့သည် မကူးစက် မခံစားစေရ၊ သူတပါးအား ဘာသာရေးအားဖြင့်ဝင်း, လူမှုရေးလူ့အခွင့်အရေးအား ဖြင့်ဝင်း မထိခိုက်စေရ၊ လူ့သဘာဝ ယဉ်ကျေးမှု အစရှိ

သော စည်းကမ်းကလနား စည်းမျဉ်းစည်းကမ်းထား၍ လေးစားရသည်။

ယခုတော့ ကိုယ့်ပစ္စည်း ကိုယ်သုံးစားတာဘဲ၊ ကိုယ်ကြိုက်တာကိုယ်လုပ်တာဘဲ၊ ဘယ်သူ့ဂရုစိုက်နေရအုံးမလဲ- ဆိုသော လက်သုံးစကားတို့သည် လူ့သဘာဝယဉ်ကျေးမှုစည်းမှ လွန်ကျူး ပေါ်ထွက်လာကြသည်ကို စဉ်းစားဆင်ခြင် သင့်ကြလေသည်၊ ဥပမာ– လူတယောက်သည် မမာနေ၍၊ လူမမာသည် အညှော်နှင့်မတဲ့၊ စိတ်မချမ်းသာမှုနှင့်လည်းမတဲ့၊ ပတ်ဝန်းကျင်မှတဦးသောသူသည်အပျော်အပါးဝိုင်းဖွဲ့ကာ စားသောက်လို၍ လူမမာကြားလောက်သောနေရာတွင် ဆူညံစွာ ပျော်ပါးနေကြခြင်း, အညှော်နံ့ကိုခံစားစေရခြင်း အမှုများကို ဖြစ်ပေါ် စေလေသည်၊ ထိုအမှုသည် ကိုယ့်ဘာသာကို ပျော်ပျော်ပါးပါးစားချင်လို့ ကြော်, လှော်,ချက်,ပြုတ်၍ ဆူညံ ပျော်ပါးစွာနှင့် ချက်ပြုတ်စားသောက်ကြတာပါဘဲ၊ ဘာအပြစ်ရှိရမှာလဲ- ဟုဆင်ခြေပေးကောင်းပေးလိမ့်မည်၊ (လူမမာရှိနေမှန်း အကယ်မသိ၍ဆိုလျှင်ရှိစေဦး၊တားမြစ်က ချက်ခြင်းရှောင်ကျဉ်၍အခွင့်အရေးကို လေးစားရမည်ပင်ဖြစ်၏။)

သို့မဟုတ်က မိမိတို့သည် ကြိုက်ရာလုပ်ကိုင်စားသောက်မှုသည် လွတ်လပ်ခွင့်အရ-ဟု ဆိုပင်ဆိုရငြားသော်လည်း လူမမာသည်မသင့်မြတ်သောအညှော်နံ့ကိုခံရခြင်းနှင့်နှလုံးမသာယာစေသော ဝေဒနာတိုးစေသော ဆူပူ သောင်းကျန်းသံတို့၏ဒဏ်ကို ခံစားရသည်နှင့်တပြိုင်နက် မိမိတို့၏ ပြုလုပ်ကြသောအခွင့်အရေးတို့သည် လွတ်လပ်သည်မမည်နိုင်တော့ချေ၊ အဘယ့်ကြောင့်နည်း၊ လူမမာသည် မိမိတို့

၏ပယောဂအတွက် ၎င်း၏ သက်သာချမ်းသာသလို ပြုပြင်နေထိုင်နိုင်ခွင့် ဆုံးရှုံးရခြင်းကြောင့်တည်း၊ နှိုင်းယှဉ်ပါချိန်ထိုးပါ ကိုယ်ချင်းစာတရားနှင့်ကြည့်ပါ၊ မိမိတို့၏ အခွင့်အရေး အကျိုးအမြတ်နှင့် သူတပါး၏မွန်မြတ်စွာ ရရှိအပ်သော အကျိုးအမြတ် ၂-မျိုး ၂-စား ၂-ဌာနတွင် မိမိတို့အကျိုးအမြတ်သည်ကား ပျော်ခါ ပါးခါ စားကြရသောက်ကြရခြင်း အကျိုးမျှရှိ၏။

လူမမာသည် ဒုက္ခိတလည်းဖြစ်၏၊ အသက်တချောင်းသည်လည်း အလွန်တန်ဘိုးရှိလှပေ၏၊ ထိုအချက်တို့သည်ပင် အလွန်လေးစားထိုက် လေးစားအပ်သော လူ့သဘာဝယဉ်ကျေးမှုတို့၏ အလွန်မွန်မြတ်သော အခွင့်အရေးတို့ပင်မဟုတ်ပါလော၊ လူ့အခွင့်အရေးတို့ကိုဝေဖန်လျှင် ဘဝတူလူဘဦးတယောက်ဟု သဘောထားကာ ဝေဖန်သင့်၏၊ အထင်သေး၍၎င်း,အထင်ကြီး၍၎င်း ထည့်သွင်းစဉ်းစားလိုက်ပါက အခွင့်အရေး ကျော်လွန်ပျက်စီးစေတတ်ပါ၏၊ ယခုဖေါ်ပြခြင်းသည် အထူးအခွင့်အရေးပေးသင့်သည့် ဒုက္ခိတကို မှူထား၍ပြသော်လည်း သုခိတချင်းတွင်လည်း ထို့အတူအောက်ပါပုံဝတ္ထုကလေး၏ အဖြစ်အပျက်ကို သုံးသပ်ကြည့်ပါ။

## မှတ်သားဘွယ်ပုံဝတ္ထု၊

စာအုပ်ထဲမှာဖတ်ဘူးတဲ့ ဥပမာကလေးလို မဖြစ်သင့်၊ အကြောင်းကတော့ အမေရိကံတယောက်ဟာ အင်္ဂလိပ်တိုင်းပြည်မှာ လွတ်လွတ်လပ်လပ် သွားလာနေထိုင်နိုင်ခွင့်နှင့်တကွ သာယာစိုပြေလှတယ်လို့ ကြားတာနဲ့ အလည်အပတ်သွားသတဲ့၊တနေ့တော့အဲဒီအမေရိကံဟာအင်္ဂလိပ်

တိုင်းပြည်ရောက်လို့ ရှောက်လည်တော့မှာကိုး၊ သည်တော့ သူ့ကိုယ်သူ ကျကျနနဝတ်စားဆင်ပြင်၍ လက်ထဲမှာလဲ ဒုတ်ကောက်တချောင်းကိုင်ပြီးလေကလေးချွန်ကာ ခြေလှမ်းသွက်သွက် စိတ်ထက်ထက်နှင့် ဒုတ်ကောက်ကိုဝင့်ကာဝင့်ကာနှင့် လမ်းရှောက်လည်ပတ်လေတော့၏၊များမကြာမီ သူ့ရှေ့ကသွားနှင့်သော အင်္ဂလိပ်တယောက်၏ရှေ့သို့ပင် လွန်မြောက်၍ရောက်လာခဲ့လေရာ ဒုတ်ကောက်ဝင့်ကားမပျက်၊သို့နှင့်ပင် မိမိကျော်တက်လာခဲ့သော အင်္ဂလိပ်အား ဒုတ်စွန်းနှင့်ထိမိသွား၏။

ထိုအခါအင်္ဂလိပ်က''ဘယ့်နှယ်လဲမိတ်ဆွေ....မိတ်ဆွေဘယ်လိုလုပ်တာလဲ၊အလုပ်လုပ်တာကြည့်ရှုလုပ်မှပေါ့''ဟု အင်္ဂလိပ်ကသတိပေးလိုက်တယ်၊ထိုအခါ အမေရိကံက''အိုမိတ်ဆွေဘယ်လိုပြောပါသလဲ၊ခင်ဗျားတို့တိုင်းပြည်ဟာလွတ်လပ်ခွင့်ရှိတယ်ဆိုလို့ ကျုပ်အာရုံနဲ့ ကျုပ်စိတ်ချမ်းသာသလိုလွတ်လွတ်လပ်လပ်လမ်းရှောက်လာပါသည်ကိုခင်ဗျားတို့ နိုင်ငံစည်းမျဉ်းအရ ကျွန်ုပ်၏အခွင့် အရေးကို ချုပ်ချယ်ရာမရောက်ပေဘူးလား''ဟု ပြန်လှန်ချေပလေသော် အင်္ဂလိပ်က''မှန်ပါတယ်မိတ်ဆွေ...မိတ်ဆွေ ပြောသလို ကျွန်ုပ်တို့နိုင်ငံဟာ လွတ်လွတ်လပ်လပ်ကျင့်သုံးဆောက်တည်ထားတဲ့ ဒီမိုကရေစီနိုင်ငံ အစစ်ပါဘဲ၊ ခင်ဗျားစိတ်ချမ်းသာရှင်လန်းစွာ ရှောက်ထာလဲ ရှောက်နိုင်ပါတယ်၊ ရှောက်နိုင်ခွင့်လဲရှိပါတယ်၊ ဒုတ်ကောက်လဲ ကိုင်နိုင်ပါတယ်၊ လေလဲချွန်နိုင်ပါတယ်၊ ဒါတွေဟာလဲ လွတ်လပ်ခွင့်အရပါဘဲ။

သို့ပေမဲ့ ခင်ဗျား၏လက်မှ ဝင့်လာသော ဒုတ်ကောက်နှင့်ကျွန်တော့ကို လာရောက်ထိခိုက်သည့်အချိန်မှာ ခင်ဗျား

၏ ဒုတ်မှာလဲမလွတ်လပ်၊ကျွန်ုပ်မှာလဲ ကျွန်ုပ်၏ လွတ်လပ်စွာ သွားလာနိုင်ခွင့်များ ထိခိုက်ခြင်းနှင့်တကွ မလွတ်လပ်ရတော့သည်ကို သတိပြု၍ ထည့်သွင်း စဉ်းစားစေလိုပါသည် မိတ်ဆွေ"ဟု သတိပေး ဖြေရှင်းနေရတာလို ကိုယ်တယောက်ထည်း လွတ်လွတ်လပ်လပ် နေချင်သလိုနေမည်ဆိုလျှင် "ပရဟိတ"တည်းဟူသော သူတပါး၏အကျိုး ထည့်မစဉ်းစားရာ ရောက်မနေပေဘူးလား၊ ကိုယ်သာ လွတ်လပ်၍ သူတပါးတော့ ဘယ်မှာလွတ်လပ်ခွင့်ရှိတော့သလဲ၊ သည်တော့ "လောကီမှန်မှ ဓမ္မကွန်ဖြောင့်နိုင်သည်"ဟူသောစကားကဲ့သို့ လောကမှာမှ မှန်ကန်ညီညွတ်စွာ မကျင့်သုံးတတ်ပါက လောကီရေးရာမှာရော လောက ၃-ပါးကို လွှမ်းခြုံ၍ သိတတ်သော လောကဥတ္တရာဓမ္မ တည်းဟူသော နောက်ဆုံးပေါ်ထွက်လာရမည့် အဖြေမှန်တွေကိုပါ ဘယ်ကဲ့သို့ ဖော်ထုတ်ရရှိ နိုင်ပါအံ့တော့မည်နည်း၊အလွန်တရာမှရထိုက်,ရခဲ,ကြုံခဲလှစွာသောလူ့အဖြစ် ဆုံးရှုံးခံကြရတော့မည်လော၊ ဤသို့ကားမဖြစ်စေသင့်။

## ဒီမိုကရေစီအစစ်

သို့ဖြစ်၍ဒီမိုကရေစီခေါ်ခေါ်၊ဆိုရှယ်လစ်ဇင်းခေါ်ခေါ် နာမည်တပ်၍ ခေါ်တာကတော့ ခေါ်ချင်သလိုသာခေါ်ပါ။ လောကရေးရာ အမှန်လုပ်ငန်းစဉ် ကိုယ်ကျင့်တရား အရဖြစ်သင့်တာကတော့ တရားမျှတ လွတ်လပ်ရေးနှင့် အညီ ဒီမိုကရေစီ"လို့ မင်္ဂလာရှိအောင်, မင်္ဂလာတရား နှင့်ညီအောင် အမြင်မှန် "ကိုယ်ချင်းစာတရား" ဟူ၍ ကျင့်သုံး သတ်မှတ်အပ်ကြလေတော့ သတည်း၊ ထိုတရား ထက်ကောင်းတာ, မှန်တာ,ညီညွတ်တာလဲ ဘယ်ကမ္ဘာ

လောကမှာမှ ရှာလို့ရတော့မည်မဟုတ်၊ အသေအချာ အစေ့အစပ် တရားသဖြင့်အလိုရှိလေလေ ထိုတရားတွေ ပင် တွေ့မည်အမှန်ပင်ဖြစ်၏၊ ၎င်းကိုယ်ချင်းစာတရားသည် ပင် ဗုဒ္ဓဝါဒ၏ အခြေခံမှု ရှိပေသေး၏။

အုပ်ချုပ်ရေးနှင့်တကွ စည်းမျဉ်းဥပဒေသ ဟူသည်မှာ လည်း "ကမ္ဘာအစ မဟာသမ္မတ"ဟု ဆိုသည့်အတိုင်း ကမ္ဘာဦး၌ ဘုရားအလောင်းတော်များက စတင်အုပ်ချုပ် ၍ သံသရာ ကမ္ဘာလောကကြီး၏ စည်းမျဉ်းဖြစ်သော ၂၈-ပါးသော ကံတရားကိုပင်လျှင် ယုံကြည်မှု အခြေခံနှင့် ဥပဒေ ပြုခဲ့ကြခြင်းဖြစ်ကြပေ၏၊ ၎င်းအခြေခံမှ ဓမ္မသတ်, ရာဇသတ်များ ပေါ်ပေါက်ရလေသည်၊ သို့ဖြစ်၍ ဗုဒ္ဓဝါဒ သည် လေးလေးနက်နက် ပေါက်ပေါက် ရောက်ရောက် သိရှိပါလျှင် သက်ဆိုင်ရာ စည်းမျဉ်း အမျိုးမျိုး တို့သည် အခြားတပါး၌ အထူးရှာဘွယ်ပင်လိုမည်မထင်ချေ။

(၁) တရားတော်သည် ဖြူစင် ဖြောင့်စင်း မှန်ကန် ညီညွတ်၏။

(၂) ပုထုဇဉ်၏စိတ်သည် ညစ်ပတ်ကွေ့ကောက်၏။

ဖြူဖြောင့်သော လမ်းစဉ်ကို ပုထုဇဉ်သည် တည့်မတ် မှန်ကန်စွာ ဖြောင့်ဖြောင့်မသွားတတ်၊ထိုကြောင့် "တလိမ် နှစ်လိမ်၊လိမ်ကာရှပ်၊ အမယ်ဘုတ်ကဲ့သို့ချည်ခင်" ဖြစ်နေ ကြရလေ၏၊(နောက်ပိုင်းတွင်ရှင်းလတံ့။)

## ၂။ လောကဓာတ်နှင့်အင်္ဂလိပ်ပညာကလျာ

ခေတ်အားလျော်စွာချိုးမွမ်း၍ ကျေးဇူးတင်သည့်ဘက်က တင်ကြွယ်ရာထိုက်သော ယခုခေတ် လောကဓာတ်ပညာသည် ရှေးလောကီကျမ်းဟောင်းကြီးများဖြစ်သော''နေ'' ကို မျက်မြင်မှုတည်၍ တည်ထွင်ထားသော သူရိယသိဒ္ဓန္တကျမ်းမှ ဆင်းသက်၍ အချို့ကား ''လ'' နှင့် တွက်ချက်သော စန္ဒြမာသကျမ်းကိုမှီငြမ်းပြုခါ လောကဓာတ်ပညာရှာမှီးကြကုန်၏၊ ဗုဒ္ဓဝါဒ အခြေခံနှင့် မဆန့်ကျင်သော ရာဇမတ္တဏ်ပူရာဏ် ကျမ်းကြီး များမှာကား လောကဓာတ်ပညာမျှမက လောကီအဘိညာဏ်ရ ပုဂ္ဂိုလ်တို့၏ ပေါက်ရောက်တွေ့ရှိသောပညာရပ်များပင်ပါရှိကြကုန်သေး၏။

ထို့ပြင် ရှေးခေတ် လောကဓာတ်ပညာ ထွန်းကားရာ ရောမ,ခေါမ နိုင်ငံများမှ သိုးဆောင်း အနာဒမိကျမ်းများသည် ဗုဒ္ဓ၏ မှန်ပြောင်းလည်းမဆောင်၊ သာမော်မီတာ, ဘရော်မီတာ, ဖါရင်ဟိုက်စသော ဒီဂရီချိန်လည်းမသုံး၊ ပူကာလစ်, အဏ္ဏဝါသချာ, မက်ထရစ်မီတာတို့နှင့်လည်း မှုထား၍ ထောက်ဆ တွက်ချက်နေရခြင်းလည်းမရှိ၊ မည်သည့်ဓာတ်နှင့်မှုလည်း မခွဲစိတ်ရစေဘဲ (ဗုဒ္ဓစက္ခု, သမန္တစက္ခု,ဓမ္မစက္ခု,ဒိဗ္ဗစက္ခု,ပညာစက္ခု) အစရှိသောငါးပါးသော စက္ခုတော်တို့ဖြင့် တွေ့ရှိသိမြင်တော်မူ၍ ဟောကြားထားတော်မူခဲ့သော ၃၂-ကောဋ္ဌာသ ဓာတုပုဒ္ဓ, ဓမ္မပုဒ္ဓ, ဓာတ်တုံး ဓာတ်ခဲများကိုပင်မှန်ပြောင်းဖြင့် တစိတ်တဒေသ အတွေ့ရှာ၍ ကိုက်ညှိဝန်ခံကြလေသည်။

[အကျယ်သိလိုက ယောမြို့စားမင်းကြီး သတိုးမင်းလှစည်သူဘွဲ့ခံ အတွင်းဝန်သေနာပတိပညာရှိအမတ်ကြီးဦးလှိုင်

စိရင် ပြုစုရေးသားထားသော ကာယာနုပဿနာကျမ်းတွင် ကြည့်ရှုကြပါကုန်။]

ယခုခေတ် လောကဓာတ် ကျောင်းများတွင် ကမ္ဘာသည်လုံး၏၊ နေသည်ကမ္ဘာကိုမလှည့်၊ ကမ္ဘာကသာ နေကိုလှည့်သည်ဆိုသော အယူဝါဒတို့မှာ "ဗုဒ္ဓဝါဒ" မဟုတ်၊ သူရိယသိဒ္ဓန္တကျမ်းကို မှီငြမ်းပြု၍ မြင်တတ်သမျှ အခြင်းအရာနှင့်မှန်းဆပြောကြားခြင်းပင်ဖြစ်၏၊ သို့ဖြစ်လင့်ကစား ယခုခေတ်တိုင် လောကဓာတ် စာသင်ကျောင်းများ၌ ထိုဝါဒကိုပင် အရေးတယူ အလေးမူ၍ သင်ကြားပေးနေရရှာသေးသည်ကို စဉ်းစားဘွယ်, စိစစ်ဘွယ် ကောင်းလှတော့၏၊ အလျှင်းသင့်က ပထဝီဝိဝါဒရှင်းတမ်းကို အခြေခံအကိုးအကား စုံလင်စွာနှင့် ထည့်သွင်းဖော်ပြပါဦးမည်၊ လောကဓာတ်ပညာသည် ယခုခေတ် လူ့လောကကြီး၌ လူတို့၏ကောင်းကျိုးနှင့် ဆိုးကျိုးတို့ကိုပါ တမဟုတ်ခြင်း ပေးစွမ်းနိုင်သည်မှာ ထင်ရှားလှပါ၏။

(၁) ကောင်းကျိုးသည် စက်မှု လုပ်ငန်းနှင့် တကွ ဓာတ်ဆေး ဓာတ်ဝါး စသော စီးပွါးရေး, ကျန်းမာရေးအပြုသဘော,

(၂) ဆိုးကျိုးသည် အနုမြူဗုံးစသော အဖျက်သဘောတို့ပင်တည်း။

မီးသည် ကျွမ်းကျင်လိမ်မာသူတို့အဘို့ ကျေးဇူးများ၏၊ မကျွမ်းကျင်မလိမ်မာသူတို့အဘို့ လောင်ကျွမ်း ပျက်စီးစေတတ်၏၊ သို့ "စေတနာ" တည်းဟူသော ဘရိတ်ထား၍ လောက၏ ကောင်းကျိုးဘက်သို့သာ အစဉ်သုံးစွဲသင့်လေ

သည်၊(စေတနာဟူသောအကြောင်းသည် နောက်ပိုင်းတွင် ဆင်ရှားလတံ့၊)လောကဓာတ်ကျမ်းထွက်စာပေကိုမှအခိုင် အမာပြု၍ ဘုရားတဆူဂုဏလုံးကဲ့သို့ အစွဲနာသူတို့အဘို့ စဉ်းစားနိုင်း နိုင်ဘွယ်ရာ သဘာဝအခြေခံ၍ ရေးသား စီစစ်ပြပါအံ့။

## လျှပ်စစ်ဓာတ်အကြောင်း

ယခုခေတ်မှန်ပြောင်းအားကိုအစွမ်းဖြင့် လောကဓာတ် ဆရာများ ရှာဖွေ ရှုကြပုံမှာ- လောကကြီး တခုလုံးထဲ တွင် သက်ရှိသက်မဲ့ဟူသမျှသည် မနုဿဗေဒ,သတ္တဗေဒ, ဇီဝဗေဒ,ရုက္ခဗေဒ, ဘူမိဗေဒ, ဓာတုဗေဒ, ဘောဂဗေဒ- စသည်တို့ဖြင့် အစွမ်းကုန်စီစစ်ရှာဖွေ ဓာတ်ခွဲကြည့်လိုက် ပါက ဓာတ်စင်ပေါင်း ၉၆-ခုတို့၏ဖွဲ့စပ်ပေါင်းစည်း၍ ဖြစ် ပေါ်နေကြခြင်းသာဟု (အဘိဓမ္မာသဘာဝ သဲလွန်စ) တွေ့ရှိကြကုန်၏၊ ၎င်းဓာတ်စင်ဆိုသည်မှာ ဒြပ်စင်ကို ဆိုလို သည်၊ လောကဓာတ်ပညာရှင်တို့တွေ့ရှိမြင်သမျှနှင့်သိပ္ပံ အခေါ်များမှာ "ဒြပ်စင်,ဒြပ်ပေါင်း,ဒြပ်ရော"ဟူ၍ ခေါ် ဝေါ်သုံးစွဲကြကုန်၏။

သို့ဖြစ်လင့်ကစား ဓာတ်သည်ဓာတ်, ဒြပ်သည်ဒြပ်ပင်၊ ဓာတ်သည် ပရမတ် သဘောတရားသက်သက်၊ ပုံပန်း သဏ္ဌာန်နှင့် နာမည်ခေါ်စရာပင်မရှိ၊ ဒြပ်သည် ဓာတ်လွန် ကလာပ် အစုအဝေး ဓာတုပုဒ္ဂလ အဖြစ်နှင့် သမုတိပညတ် အခေါ်အဝေါ်တို့ဖြင့် ပုံပန်းသဏ္ဌာန် နာမည်တပ်ကာ လောကသုံး လောကဓာတ်သိပ္ပံဟူ၍ ဖြစ်လာလေသည်၊ သိပ္ပံခေါ် ဒြပ်စင်ဆိုသည်မှာ-အခြား မည်သည့်ဓာတ်သား

နှင့်မျှ မရောနှောသော တမျိုးတည်းသော ဓာတ်သားသန့် သန့်ဟုဆိုလိုသည်၊ ၎င်းဒြပ်စင်ပေါင်း ၉၆-မျိုးအနက် မည်သည်ကိုဒြပ်စင်ဟုခေါ်ကြောင်းသိရှိစေခြင်းငှါသိပ္ပံပညာ စာအုပ်များမှ ကောက်နုတ်၍ အောက်တွင်ဖော်ပြပါအံ့။

## ဒြပ်စင်များ

(၁) ရွှေ- အဝါရောင်သတ္တု။
(၂) ကြေးနီ- နီဝါရောင်။
(၃) ပြဒါး- ငွေရောင်အရည်။
(၄) သံ-မွဲပြာရောင်သတ္တု။
(၅) ခဲ- မွဲပြာရင့်ရောင်။
(၆) ပလက်တီနမ်- ငွေရောင်။
(၇) ငွေ- အဖြူရောင်။
(၈) အဖြိုက်နက်- ငွေရောင်။
(၉) သံဖြူ- ငွေရောင်။
(၁၀) သွပ်- မွဲပြာရင့်ရောင်။
(၁၁) ကန့်- အဝါရောင်အခဲ။
(၁၂) ဆိုဒီယမ်- ငွေရောင်သတ္တု။
(၁၃) ဆီလီကွန်- မွဲပြာရောင်အပွင့်များ။
(၁၄) ပိုတက်ဆီယမ်- ဖြူပြာရောင်သတ္တု။
(၁၅) ဖေါ့စဖေါရပ် (မီးစုံး) } ဖယောင်းနှင့် တူသော အဖြူရောင်အခဲ။
(၁၆) အောက်ဆီဂျင်- အရောင်မဲ့ဓာတ်ငွေ့။
(၁၇) နိုက်ထရိုဂျင်- အရောင်မဲ့ဓာတ်ငွေ့။
(၁၈) နစ်ကယ်- ငွေရောင်သတ္တု။

(၁၉) နီယွန်- အရောင်မဲ့ဓါတ်ငွေ့။
(၂၀) မန်းဂနီ- နီမွဲရောင်သတ္တု။
(၂၁) မက်ဂနီဇီယံ-ငွေရောင်သတ္တု။
(၂၂) အိုင်အိုဒင်- အညိုရင့်ရောင်တောက်ပြောင်သော အပွင့်များ။
(၂၃) ဟိုက်ဒြိုဂျင်-အရောင်မဲ့ဓာတ်ငွေ့။
(၂၄) ဟီလီယမ်- အရောင်မဲ့ဓာတ်ငွေ့။
(၂၅) ကိုဗော့- မွဲပြာရောင်သတ္တု။
(၂၆) ကာလ်ဆီယမ်- ငွေရောင်သတ္တု။
(၂၇) ကလိုရင်း- စိမ်းဝါရောင်ဓာတ်ငွေ့ (အဆိပ်)။
(၂ ) ကာဗွန်- အမဲရောင်အခဲ, သို့မဟုတ် ကြည်လင်သောအပွင့်များ။
(၂၉) ကယ်လစီယမ်- ငွေရောင်သတ္တု။
(၃၀) ဗိုရွန်-အဝါ, သို့မဟုတ် အညိုရောင်အခဲ။
(၃၁) အာဂွန်- အရောင်မဲ့ဓာတ်ငွေ့။
(၃၂) အလူမီနမ်- အရောင်ဖြော့သတ္တု။

နေ့ာကိုယ်သည်လည်း ဒြပ်စင်သန့်သန့်တို့ဖြင့် ဖွဲ့စည်းထားခြင်းမဟုတ်၊ ဒြပ်ပေါင်းများစွာဖြင့် ဖွဲ့စည်းထားသော အဆောက်အဦးသာဖြစ်လေသည်။

## ဒြပ်ပေါင်းများ

ဒြပ်ပေါင်းတို့သည် အလွန်အံ့ဩဘို့ကောင်း၏၊ အဘယ့်ကြောင့်ဆိုသော် ဒြပ်ပေါင်းအသီးသီးနှင့် ဒြပ်ပေါင်းတွင်ပါဝင်နေသော ဒြပ်စင်များကိုနှိုင်းယှဉ်ကြည့်ပါက အချို့မှာ အသွင်အပြင်အားဖြင့် လုံးဝခြားနားသည်ကို တွေ့ရမည်

ဖြစ်၍ အချို့မှာလည်း အခြား တနည်းတလမ်းအားဖြင့် ကွဲလွဲကြသည်ကို တွေ့ရပေလိမ့်မည်။

အိမ်သုံးသကြားကိုကြည့်ပါ ၎င်းတို့၏ သင်္ကေတအား ဖြင့် $C_{12}.H_{22}.O_{11}$

၎င်း၏အဓိပ္ပါယ်မှာ ကာဗွန်ဓာတ် ၁၂-ဆ+ ဟိုက်ဒြို ဂျင်ဓာတ် ၂၂-ဆ+ အောက်ဆီဂျင်ဓာတ် ၁၁-ဆ ပေါင်း စပ်ပါဝင်ပါသည်ဟု ဖော်ပြသည်၊ သကြားသည် ကာဗွန် နှင့်၎င်း, ဟိုက်ဒြိုဂျင်နှင့်၎င်း, အောက်ဆီဂျင်နှင့်၎င်း အ လျင်းမတူချေ၊ ထိုမှတပါး အဆိုပါဒြပ်စင် ၃-မျိုးသည် တ ဦးချင်းအနေဖြင့် ချိုသည်ဟူ၍မရှိ၊ သကြားကား ချိုလျက် ရှိ၏။

ရေ=သင်္ကေတ $H_2.O$

၎င်း၏အဓိပ္ပါယ်မှာ ရေတွင် ဟိုက်ဒြိုဂျင်ဓာတ်နှင့် အောက်ဆီဂျင် ၂-ဆပေါင်းစပ်ပါဝင်သည်ဟုဖေါ်ပြသည်၊ ရေသည် လူတိုင်းသိကြသည့်အတိုင်း အရည်ဖြစ်၏၊ သို့ သော် ရေအဖြစ် ပေါင်းစပ်ပါဝင်နေကြသော ဟိုက်ဒြိုဂျင် နှင့်အောက်ဆီဂျင်တို့မှာ ဓာတ်ငွေ့ဖြစ်ကြပေသည်၊ဟိုက်ဒြို ဂျင်သည် အလွန်ပူသည့်မီးတောက်ဖြင့် မီးလောင်သည်၊ မီးမှန်သမျှသည် အောက်ဆီဂျင်ရှိမှလောင်နိုင်သည်၊ သို့ သော် ရေမှာမူ မီးကိုငြိမ်းသတ်စေလေသည်။

အိမ်သုံးဆား= သင်္ကေတ NaCl

၎င်း၏အဓိပ္ပါယ်မှာ Naသင်္ကေတသည် တဘက်မှဖော် ပြခဲ့သော ငွေရောင်သတ္တု ဆိုဒီယမ်ဖြစ်၏၊ Cl သည် စိမ်း ဝါရောင်ဓာတ်ငွေ့ (အဆိပ်) ကလိုရင်းဖြစ်၏၊ ထို့ကြောင့်

ဆားတွင် ဆိုဒီယမ် + ကလိုရင်း ဓာတ် ၂-မျိုးတို့၏ ပေါင်းစပ်နေရခြင်းဖြစ်၏၊ ဆားသည် ရေနှင့်သကြားတို့ထက်ပင် ရှုပ်ထွေးခြင်းဖြစ်သည်။ ဆားတွင် ဆိုဒီယမ်နှင့်ကလိုရင်းတို့ပါဝင်သည့်အနက် ဆိုဒီယမ်မှာ အဆိပ်ဖြစ်သောငွေရောင်သတ္တုဖြစ်၍ ကလိုရင်းမှာလည်း အဆိပ်ပင်ဖြစ်သော အဝါရောင်ဓာတ်ငွေ့ဖြစ်၏၊ သို့သော် ဆား၏အရောင်မှာ အဖြူဖြစ်ရုံမက ဆားသည် အဆိပ်လည်း မဟုတ်ချေ၊ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာတွင် ဆားသည် လိုအပ်သည့်ပစ္စည်း တခုပင်ဖြစ်လေသည်။

ယခုကဲ့သို့ ဖော်ပြနေခြင်းမှာ သဘာဝသည် ဆန်းကြယ်ပုံနှင့် စည်းကမ်းကြီးပုံ၊ လောကဓာတ်၏ အထောက်အထားတို့သည်ပင်လျှင် အဘိဓမ္မာ၏ သဲလွန်စအဖြစ်နှင့် ထောက်ခံပုံပေါ်လွင်စေခြင်းငှါ ဖော်ပြနေခြင်း ဖြစ်လေသည်၊ အထက်ပါဖော်ပြချက်အရ ဆန်းကြယ်ပုံမှာကား ထင်ရှားလေပြီ၊ စည်းကမ်းကြီးပုံ၊မဖောက်မပြန် မှန်ကန်ညီညွတ်ပုံများမှာကား ရေသည် ဟိုက်ဒြိုဂျင်တဆနှင့် အောက်ဆီဂျင် ၂-ဆပေါင်းစပ်ခြင်းမှလွဲ၍ မဖြစ်ပေါ်နိုင်၊ အကယ်၍ ယခုဖော်ပြပါ အချိုးအစားမှလွဲ၍ ဟိုက်ဒြိုဂျင်ကပိုသည်ဖြစ်စေ၊ လိုသည်ဖြစ်စေ၊ အောက်ဆီဂျင်က ပိုသည်ဖြစ်စေ၊ လိုသည်ဖြစ်စေ ရေအဖြစ်သို့ မဖြစ်ပေါ်လာနိုင်တော့ပေ။

### ဒြပ်ရောများ

ဒြပ်စင်နှင့်တကွ ဒြပ်စင်များပေါင်းစပ်နေခြင်းကြောင့် ဒြပ်ပေါင်းခေါ်ခြင်းကိုတော့ သိလေပြီ၊ ဒြပ်ရောဆိုသည်မှာ

ကား ရေသည် ဒြပ်ပေါင်းဖြစ်၍ ပုံသေရေးနည်းအရ H 2.O ဖြစ်၏၊ သို့သော် ရေသည် ဘယ်အခါမှ လုံးဝမသန့်၊ ရေသန့်သန့်ဖြစ်ပါက အရသာပေါ့ပျက်ပျက်ရှိမည်ဖြစ်၍ သောက်၍ကောင်းမည်လည်းမဟုတ်၊ ယခုသောက်သုံးကာနေကြသောရေမှာအမှန်စင်စစ်အားဖြင့်တွင်းထွက်ဓာတ်သတ္တု ပစ္စည်းများလည်း ပေါင်းစပ် ပါဝင်လျက်ရှိသောကြောင့် ဒြပ်ရောဘဝတွင် တည်ရှိလေတော့သည်။

တနည်း-အကြမ်းဖျင်းအားဖြင့် ဓာတ်ခွဲနည်းကို ဖော်ပြရပါမူ- ဒြပ်စင်ပေါင်း ၉၀-ကျော်မှ တမျိုးတည်းကိုယူ၍ဓာတ်ခွဲကြည့်ရာ၏၊ ခွဲပုံမှာ– ရွှေ သို့မဟုတ် ငွေ ကြိုက်ရာတခုခုဆိုကြပါစို့၊ ၎င်းဓာတ်စင်ခဲကို အသေးတကာ့ အသေးဆုံး အမှုံအမွှားထိအောင် ခွဲစိတ်လိုက်ပါကယခုခေတ်ခေါ် အဏုမြူပမာဏသို့ ရောက်ရှိလာ၏၊ ၎င်းကိုပကတိလူတို့မျက်စေ့ဖြင့် မမြင်နိုင်တော့ပေ၊ ပကတိမျက်စိအားမျိုး-ရာ,ထောင်အဆမျှအားရှိသော မှန်ပြောင်းအားတို့ဖြင့်သာ တွေ့ရှိနိုင်လေတော့၏၊ ၎င်းကို သိပ္ပံအခေါ်အားဖြင့် (စဲလ်)(မော်လီကျူ)(အက်တမ်) စသည်ဖြင့် တဆင့်ထက်တဆင့် သိမ်မွေ့သော ဓာတ်သားအစုအဝေးကလေးတို့ကိုအမည်မှည့်ခေါ်ကြခြင်းပင်ဖြစ်လေသည်။

[အဘိဓမ္မာ ဝေါဟာရ အခေါ်အားဖြင့် ဃန,သမူဟ, သုဒ္ဓ,ကလာပ်စသည်ကဲ့သို့ အဆင့်ဆင့် သိမ်မွေ့သောဓာတုပုဥ္စသဘောတရားဟူ၍ပင်။]

လောကဓာတ်အမိပ္ပါယ်အားဖြင့် ရွှေလို့ခေါ်ရအောင်ပါဝင်ပေါင်းစပ် နေကြသည့် အသေးဆုံး အမွှားဆုံး

မှန်ပြောင်းတဆုံးမြင် ဓာတ်အစုအဖွဲ့ကလေးဖြစ်၏၊ ၎င်းကို မှ ထပ်မံစိစစ်ကြည့်ပြန်ရာ ဗိုဇေးတစ်+နဂေးတစ်ခေါ် (ဓာတ်ဖို+နှင့် ဓာတ်မ) ပါဝင်ပေါင်းစပ်နေပုံ တွေ့ရှိရ ပြန်၏၊ ထိုထက်ကား ကျော်လွန်၍မမြင်နိုင်,မသိနိုင်တော့ပြီ၊ ထိုလောက်တွေ့ခြင်းသော်မှ ယခုခေတ်လောကတွင် လူတို့ အသုံးအဆောင်အတွက် အထွန်း အထိပ် ပညာ တရပ် အဖြစ်အလွန်တန်ဘိုးထား၍ မကြံစည်နိုင်သူတို့ပင် တအံ့တသြနှင့်အရေးတယူအလေးမူကြရ၏။

## လျှပ်စစ်ဓာတ်ပေါ်လာခြင်း

နောက်ဆုံး တွေ့ရှိထားသည့်(ဓာတ်ဖိုနှင့် ဓာတ်မ)တို့ ဘယ်ကဲ့သို့ပေါင်းစပ်၍ မည်ကဲ့သို့ ဆောင်ရွက်ဖြစ်ပျက်နေကြပါသလဲဆိုဒါ ထပ်ပြီးစိစစ်ရပြန်ပါတယ်၊ တွေ့ရှိပုံ– ဥပမာ–ဓာတ်စဥ် ရွှေဓာတ်၏မှန်ပြောင်းတဆုံးနှင့် မြင်ထားသောအသေးဆုံးကလာပ်စည်းထဲတွင် (ဓာတ်ဖို၃+ ဓာတ်မ၁)၎င်း၂-မျိုးပေါင်းခြင်း (၄)သည် ရွှေလို့ခေါ်ရတဲ့ ဓာတ်သဘောတွေဖြစ်ပေါ်လာခြင်းပင်ဟု မှတ်သားထားရှိကြလေသည်၊ ထိုနည်းတူ ဓာတ်စဥ်ပေါင်း ၉၀-ကျော်မှအနုမြူကလာပ်တိုင်းတွင်လည်း ဓာတ်ဖို+ဓာတ်မ ပါဝင်ပေါင်းစပ်ဖြစ်ပေါ်နေပုံတွေကိုဓာတ်ခွဲစစ်ဆေး မှတ်တမ်းတင်ကာ မူလသဘာဝ ဓာတ်ရင်းအတိုင်း အလိုရှိက လိုသလို ဓာတ်ရင်းမှ တဆင့်ထက်တဆင့် ဓာတ်ဆေး, ဓာတ်ဝါး, ဆေးပညာ,လျှပ်စစ်ပညာ, စက်မှုအစရှိသော သိပ္ပံမှုမျိုးစုံတို့ကို ရှာဖွေတွေ့ရှိကြလေ၏၊ ၎င်းသည်ပင်လျှင် မဖေါက်မပြန်မှန်ကန်ညီညွတ်သော သဘာဝဓာတ် စည်း

ကမ်းချက်ကလေးများကို အထောက်အထားခိုင်လုံစွာနှင့် တွေ့ရှိရခြင်းပင်ဖြစ်၏။

မဖောက်ပြန်ပုံကား– ဖော်ခဲ့ ပြီးသော ရွှေသည် ဓာတ်ဖို၃+ဓာတ်မ၁=ပေါင်းခြင်း (၄) ဘယ်အခါဘဲ စုစုစပ်စပ်ရွှေသဘောပင်ဖြစ်ပေတော့သည်၊ ၎င်းတွင်ဖို-အ ရေအတွက်,မ-အရေအတွက်ပါဝင်ပုံကိုအထူးမှတ်၍ သတိ ပြုထားပါ၊ ကောင်းပြီ ပေါင်းခြင်း(၄)သည် ရွှေဖြစ်လျှင် အကယ်၍ (ဓာတ်ဖို၂+မ၂=ပေါင်းခြင်း(၄) တနည်း (ဓာတ်ဖို၁+မ၃=ပေါင်းခြင်း(၄)စသည်တို့သည် ရွှေ ဖြစ်နိုင်ကြပါမည်လော၊ အဖြေမှာ မဖြစ်နိုင်ဟုဖြေရမည်၊ အဘယ်ကြောင့်နည်းဟူမူ–မူလရွှေအဖြစ်ဖြစ်ရှိနေပုံ သဘာ ဝရင်းကိုက(ဖို၃+မ ၁)တို့၏ပေါင်းခြင်း (၄) သာလျှင် ဖြစ်သည်၊အခြားသော အရေအတွက်နည်းဖြင့် ပေါင်းချင် သလိုပေါင်း၍ရသော(၄)မဟုတ်သောကြောင့်တည်း။

၎င်းတခုကိုညာဏ်မှီး၍ ကျန်ဓာတ်စဉ် စည်းကမ်း နည်း လမ်းများသည်လည်း ထို့အတူပင်၊ ရွှေလိုချင်လျှင် ရွှေ၏ မူလသဘာဝ ဖိုဓာတ်, မဓာတ် ပါဝင်ပေါင်းစည်းနေပုံ အတိုင်း ဓာတ်စပ်နိုင်ပါက ကလေးဘဲစပ်စပ် ကုလားဘဲ စုစုရွှေဖြစ်တော့သည်သာပင်၊ ထိုကဲ့သို့သဘာဝအချင်းချင်း ပေါင်းစည်း၍ ထွန်းပြပေါ်ပေါက် လာသမျှသောအား အရှိန်စုမှန်သမျှကိုပင် လျှပ်စစ်ဓာတ် (ဝါ)ရုပ်တန်ခိုးဟု ခေါ်သည်၊ သိပ္ပံအခေါ်အားဖြင့် မော်လီကျူကလေးများ အတွင်းတွင် ၎င်းထက်သေးငယ်စွာ ဖွဲ့စည်းဖြစ်တည် ပျက် လျက်ရှိသော အက်တမ်ကလေးများအချင်းချင်း ထိတွေ့

တိုက်ခိုက်ကြရာမှ အားအရှိန်နှင့်တကွ လျှပ်စစ်ထွက်ပေါ် လာကြသည်ဟုဆိုသည်။

[အနုမြူအကြောင်း အကျယ်သိလိုမူ ၁၉၅၀-၅၃-ခု အနုမြူကော်မီရှင်ဥက္ကဋ္ဌ ဂေါ်ဒွန်ဒင်း(န်)၏အစီရင်ခံစာတွင် တွေ့မြင်နိုင်ပေမည်၊ Report on the Atom by Gordondean.]

ထပ်မံ၍ သိရှိထားရန်မှာ ဓာတ်ဖိုနှင့် ဓာတ်မတို့သည် အားချင်းညီမျှ၍ (၁+၁) (၂+၂) (၃+၃) စသည်တို့ ဖြစ်နေပါက လျှပ်စစ်ရောင်မထွက်တော့ပေ၊ ယခုခေတ်တွေ့ ရှိရသော သဘာဝဓာတ်သည် အနုမြူပမာဏသို့ ဆိုက် ရောက်တွေ့မြင်ပြီးမှန်ပါမူကား လောကဓာတ်မှန်ပြောင်း တဆုံး၏ တွေ့ရှိထိုက် တွေ့ရှိခွင့် ပမာဏ၏တန်းဆုံးခြင်းသို့ ရောက်ပေပြီ၊ ခွဲစိတ်သိရှိနိုင်ရန် ကြွင်းကျန်သော ထို့ထက် အလွန် ပရမာအနုမြူ အစရှိသဖြင့် ခွဲစိတ်ရန်တို့ကား မျက် မြင်၏ အရာမဟုတ်တော့သဖြင့် မည်မျှပင် အားကောင်း သောလူ့လောက မှန်ပြောင်းတို့၏ အရာကား မဟုတ် တော့ပြီ။

[နောက်ပိုင်းဗုဒ္ဓလောကဓာတ်တွင် တွေ့ရှိရအံ့။]

## သိပ္ပံပညာမှ လောကိယဝိဇ္ဇာပညာသို့

သိပ္ပံခေါ်ဓာတုဗေဒပညာသည် ဗမာခေါ်အဂ္ဂိယပညာ ပင်ဖြစ်၏၊ လုပ်ငန်းစဉ်တူ၍ လုပ်ပုံကိုင်ပုံချင်းသာ ကွဲပြား ကြ၏၊ ကွဲပြားပုံမှာ လောကဓာတ်ဆရာတို့၏ ဓာတုဗေဒ နည်းမှာ အသုံးပြုရာပြုကြောင်းဖြစ်သော လက်နက်ကရိ ယာများနှင့် မှတ်တမ်းများထားရှိကြ၏၊ ၎င်းကရိယာများ

မှာ ယူကလစ်, အက္ခရာသင်္ချာနည်းအားဖြင့် အသေးစိတ် တိကျမှန်ကန်စွာ တွက်ချက်၍ ပြုလုပ်ထားသော စကား ခေါ် ဒီဂရီ,မီတာ,ရေချိန်,လေချိန်,မီးချိန်,ပြဒါးချိန်များ, ခွဲစိတ်ဖွယ်ရာ ကရိယာအမျိုးမျိုး၊ မှန်ပြောင်းအမျိုးမျိုး၊ ကြိုချက်စရာ လုံ,ဒယ်အိုး,ခွက်အမျိုးမျိုး၊အခိုးပိုက်,အရည် ပိုက်အမျိုးမျိုး,ဓာတ်အမျိုးမျိုး, ဆေးအမျိုးမျိုး, စက်ကရိ ယာအမျိုးမျိုးစသည်တို့နှင့် ၎င်းတို့တွေ့ရှိပြီး လုပ်ငန်းစဉ် တခုကို မှတ်တမ်းတင်၍ ထားရှိလုပ်ကိုင်ကြသောကြောင့် ၎င်းမှတ်တမ်းနည်းလမ်းအရ သားစဉ်မြေးဆက် မည်သူ မဆို ဆက်လက်ဝင်ရောက်လုပ်ကိုင်နိုင်ခွင့်ရှိကြ၏။

နည်းစံနစ်ကောင်းပုံမှာ စိန်,ဆေးဒန်း,ကန့်,ဇဝက်သာ, ဟင်းရိုင်း အစရှိသောဓာတ်များမှ အမျိုးမျိုးကို စမ်းသပ် လုပ်ကိုင်လိုသည့်အခါ၎င်းစမ်းသပ်မည့်ဓာတ်မှစ၍ကြိုချက်, ခွဲစိတ်, စမ်းသပ် ကြည့်မည့် ပါဝင် သုံးစွဲရမည်ဖြစ်သော လုံ,ဒယ်,အဖုံး, အပိတ်,ကရိယာတန်ဆာပလာတို့ကို တခု မကျန် စတင်ချိန်တွယ်မှတ်သားထားရတော့၏၊ ပြီးသကာ လ မီးပေါင်မည်မျှ,နာရီမည်မျှကြာသည်အထိ ထွက်သွား သောအခိုးအငွေ့ကိုပင် လွင့်ပျောက်မပြေးစေရန် လေလုံ ရေဖန်သေတ္တာရေကန်ငယ်တွင် ကြိုချက်သည့်အိုးနှင့် အခိုး လျှောက်ပိုက်များ ဆက်စပ်လျက် ထားရှိလေသည်၊ အချိန် စေ့သကာလ လုံ,အိုးစသည်ကို ဖွင့်၍၎င်း အတွင်းရှိ ကျန်ရစ်သည့်ဓာတ်, အပြင်အပကို အခိုးအဖြစ် ပြောင်းလဲ သွားသောဓာတ် စသည်ဖြင့် ယခင်မူတည် မတည်ပါဝင် သမျှဓာတ်သားချိန်နှင့် ပြန်လည်ချိန်တွယ် စိစစ်ကြပြန်လေ သည်၊ ၎င်းသည်လည်း မှတ်တမ်းနှင့်ပင်၊ ထိုနောက်မှရရှိ

သော ကျွန်ခေတ်သား ခေတ်ခိုးတို့ကို ခေတ်ခွဲကြည့်ခြင်း, အသုံးချကြည့်ခြင်းဖြင့် ဖြစ်ပျက်တွေ့ရှိသမျှကို မှတ်တမ်းတင်ထားကြလေသည်၊ ၎င်းလမ်းသည်ပင် လောကခေတ်သိပ္ပံမျှရှိသေး၏၊ ၎င်းမှစိတ်ပညာကူး၍ သမာဓိအစွမ်းနှင့်သိရာသိကြောင်း လောကိယဝိဇ္ဇာ ပညာလမ်းကူးနိုင်လေသည်၊ သို့ပင်ဖြစ်ငြား ယခုခေတ်၌ကား လွန်စွာဖြစ်နိုင်ခဲလှတော့၏။

## အင်္ဂါယပညာ

အင်္ဂါယစာဆိုရှိသည်ကား- ဘုရား,တရား,ပြဒါး,သံဃာတဲ့၊ သည်တော့ ကိုးကွယ်ရာ သရဏဂုံ ၃-ပါးတွင် ပြဒါးသည်လည်း ကိုးကွယ်ရာတပါး ထည့်သွင်းပါဝင်နေပေ၏၊ ထို့အပြင် အင်္ဂါယ စကားကြီး ၄-မျိုးဆိုသည်မှာလည်း—

(၁) ပိဋကတ်မှာ ဗုဒ္ဓဘုရား,
(၂) ဗေဒင်ကျမ်းမှာ နေ,လ ၂-ပါး,
(၃) ခေတ် ၄-ပါးမှာ ရေနတ်နဂါး,
(၄) အလုပ်လုပ်လျှင် ဉာဏ်ကို ရှေ့ထား-ဟူ၏။

ထိုပညာနှင့်စပ်လျဉ်း၍ ရာဇဝင် အထောက်အထားအရ ရှေးမြန်မာမင်းများ၏ လက်ထက်တော်တွင် ကာယသိဒ္ဓိပြီးမြောက်သော လူစွမ်းကောင်းများ၊ ဓနသိဒ္ဓိပြီး ရှင်မထီး,အင်္ဂါဂေါဏ စသောရဟန်းတော်များ၊ရှိန်းဆာယာအတတ်တွင် ထင်ရှားစေခဲ့သောပထမံဦးအောင်စသည်တို့သည် လောကိယ သိပ္ပံဝိဇ္ဇာအောင်မြင် ပြီးမြောက်တော်မူ

ကြသော ပုဂ္ဂိုလ်များ-ဟုထင်ရှားခဲ့ကြပေသည်၊ ထိုအတတ် ထိုပညာတို့သည်(၀၁)ထိုလောကဓာတ် သိပ္ပံ ဝိဇ္ဇာအတတ် တို့သည် မည်သူထံမှ ရရှိ၍ မည်သူ၏ နည်းတို့ပါနည်း-ဟု စိစစ်ကြည့်ပါလျှင် မည်သည့် အနောက်နိုင်ငံ လောကဓာတ် ဆရာတို့ထံမှ နည်းမျှမဟုတ်၊ အဟုတ်သော်ကား-ဗုဒ္ဓဘာ သာဝင် လူမျိုးတို့၏ နည်းဖြစ်လေသည်။

ရရှိပုံမှာ-ဗုဒ္ဓမြတ်စွာသည် လောကီလူသားတို့အတွက် နိဗ္ဗာန်ရောက်ကြောင်းသက်သက် တခုတည်းမျှသာ ဟော တော်မူသည် မဟုတ်သေး၊ လောက,ဓမ္မ ၂-၅၁န တတ်သိ လိမ်မာမှုနှင့်တကွ ပါရမီဉာဏ်ကြီး၍, ဉာဏ်မှီ၍ အပြစ် ကင်းကင်းနှင့် လောကကိုဖြင်း, မိမိကိုယ်ကိုဖြင်း ချီးမြှင့်နိုင် သူတို့အတွက် ဖော်ထုတ်သုံးစားနိုင်စေခြင်းအလို့ငှါ ဟော တော်မူသောတရားတို့၌ နည်း ၂-နည်းအားဖြင့် ဖော်ထုတ် ယူနိုင်ခွင့်ရစေတော်မူခဲ့လေသည်၊ ဖြင်းတို့တွင် တနည်းကား နိဗ္ဗာန် ရောက်ကြောင်း တိုက်ရိုက် ဟောတော် မူခြင်း "နီတတ္ထနည်း"နှင့် တဖန် အပြစ်ကင်းစွာ ဖော်ထုတ် သုံး စားနိုင်စေသည့် သွယ်ဝိုက်ခြင်းအားဖြင့် အတွင်းသွင်း၍ ဟောတော်မူသော "နေယျတ္ထနည်း" များဖြစ်ကြလေ သည်၊ထို့ကြောင့်ပင် အချို့သောပညာရှင် သိဒ္ဓိပေါက်ဆရာ တို့ကား ဓမ္မစကြာ ဒေသနာတော်မှ လောကီသိဒ္ဓိ ဇာဒ္ဓိ လမ်းဖွင့်၍ လက်တွေ့ ကိုယ်တွေ့ သုံးဆောင် ခံစားကြရ လေသည်။

[ဓမ္မစကြာ ဒေသနာတော်မှ နေယျတ္ထ နည်းအားဖြင့် လောကီသိဒ္ဓိ ဖော်ထုတ်သုံးစားနိုင်မှု အစီအရင် အကျယ်

သိလိုက ဖြူးမြို့ ဝဲကြီးအောက်ခုံ သမုတိဂိုဏ်းချုပ်ဆရာတော် ၏ရင်တော်မူသော အင်္ဂုယအလင်းပညာရင်း ခေတ်ကျမ်းတွင် ကြည့်ရှုကြပါကုန်။]

ဘုရားရှင်သည် အဘယ့်ကြောင့် လောကိယ-လောက စိန္တာ-လောကခေတ် နည်းများကို တိုက်ရိုက် ဟောတော် မမူပါသနည်းဟူမူ—

(၁) ဘုရားရှင်သည် လောကကို အနှစ်အသားဟူ၍ အသိအမှတ်မပြု၊ လောကပွားစီးရေး တရားကို အလိုတော်မရှိ၊ လောကသည် ဖြစ်လျှင် ပျက်မြဲ မှန်မလွဲတည်း၊ဖြစ်ပျက်သခါရ ဒုက္ခသစ္စာဟူ၍ သာ မြင်တော် မူသည့်အလျောက် လောက သံသရာမှ လွတ်မြောက် ချမ်းသာကြောင်းကို သာ ရှေ့ရှုတော်မူခြင်း,

(၂) အစွမ်းသတ္တိ တန်ခိုးဟူသမျှသည် လူတိုင်းနှင့် မလျော် အလွန်အန္တရာယ်ဖြစ်စေတတ်ကြောင်း ကောင်းကောင်းကြီး မြင်တော်မူသဖြင့် ထိုက် တန်သူ အပြစ်ကင်းကင်းနှင့် ဆောင်ရွက်နိုင်မည့် ပါရမီ ဉာဏ်ရှင်များ အတွက်သာ နေယျတ္တ နည်းအားဖြင့် ထည့်သွင်း ပါဝင် ဟောကြား တော်မူခဲ့ခြင်းဖြစ်လေသည်။

တန်ခိုးအစွမ်းသတ္တိသည် မထိုက်တန်သူ လက်တွင်းသို့ ကျဆင်းခဲ့ပါလျှင် တယောက်အကျိုးရှိ၍ တရာ,တထောင်, တသောင်းမက ဆုံးရှုံးနစ်နာ ပျက်စီးစေ တတ်သည်မှာ ယခုမျက်မှောက် မျက်မြင်ထောက်ရှုခြင်း အားဖြင့်ပင်

အထူးသင်းပါးဘွယ်ရာလိုမည် မထင်တော့ပေ၊ထို့ကြောင့် လည်းတကယ်တမ်း ဖြစ်မြောက်ပေါက်ရောက်သွားတော် မူကြသော ပုဂ္ဂိုလ်ကျော်ကြီးများက ၎င်းအတတ်ပညာ သည် တကယ့်ကံထူး, ဉာဏ်ထူး, ဝီရိယထူးနှင့် ဉာဏ်ကြီး ဉာဏ်ကျယ်များသာ ဖြစ်မြောက်နိုင်သော လုပ်ငန်းစဉ်ဟု ဆိုရိုးပြုကြခြင်းဖြစ်လေတော့သတည်း၊ သာသနာပ၌ လော ကီအဘိညာဏ်ပေါက် လောကီယဝိဇ္ဇာများ အထိသာလျှင် ဖြစ်နိုင်၍ သာသနာတွင်၌ကား အရိယာဝိဇ္ဇာ ဖြစ်သည် အထိ တက်လမ်းရှိသော အခြေခံ လမ်းစဉ်တခုပေတည်း။

## ဓာတုဗေဒနှင့် အင်္ဂလိပ်ပညာ

ဓာတုဗေဒနှင့် အင်္ဂလိပ်ပညာတို့သည် မူလသဘော တရားတူ၍ လက်တွေ့ လုပ်ငန်းစဉ် ကွာခြားခြင်းမျှသာ ထူးကြလေသည်။

(၁) ဓာတုဗေဒနည်းမှာ အထက်တွင် ဖော်ပြသကဲ့သို့ ကရိယာစုံခြင်း,မှတ်တမ်းထားခြင်းနှင့် ဓာတ်ဆေး ဓာတ်ဝါး, စက်မှုပညာ, လျှပ်စစ်ပညာ အနုမြူဓာတ်ရှာဖွေသော လုပ်ငန်းစဉ်ဖြစ်ကြ၍—

(၂) အင်္ဂလိပ ပညာမှာကား ရှေးစာဆို အတိုင်း "ပြဒါးသေတဆေ့ဝ၊ သံသေတပြေဝ"ဆိုထုံးကဲ့သို့ စပ်တူလမ်း, ရွှေပြာလမ်း, အာယုဝဍ္ဎန အသက်ရှည်လမ်း, ကာယသိဒ္ဓိ ဝိယသိဒ္ဓိလမ်း, ထွက်ရပ်ပေါက်လမ်း စသည်ဖြင့် လမ်းစဉ် ခြားနားသွားကြ၏။

ပြဒါးသည် သိပ္ပံ,ဝိဇ္ဇာ ၂-၄ဒ်ာနစလုံးအကျိုးပေးစွမ်းနိုင်ခြင်းကြောင့် ပြဒါးအကြောင်းများများနားလည်သိရှိသူကို လောကီပညာရှိ လောကီယဝိဇ္ဇာဟု အင်္ဂလိယကျမ်းအရ ခေါ်တွင်ခြင်းဖြစ်လေသည်၊ (၎င်းလမ်းသည် ဗုဒ္ဓဝါဒမဟုတ်သေး၊) သို့သော် နိဝရဏ ခွါရှဲမှုနှင့် ဖက်စပ်လုပ်ကိုင်၍ စိတ်ဓာတ် သမာဓိ ရင့်ကျက်လာသောအခါ တဖြေးဖြေးနှင့်"လူ့ရပ်မပျော် ငြီးငွေ့လာသော်" ၎င်းကို အခြေပြု၍ ပရမတ္ထသစ္စာ အရိယာနယ် ဗုဒ္ဓလမ်းစဉ်သို့ ရှာဖွေလေ့လာကူးပြောင်းသွားနိုင်ပေတော့သတည်း။

ယခုပြဆိုခဲ့သော လမ်းအသီးသီးတို့မှာ လောကတွင် ခေတ်အားလျော်စွာ မျက်မြင် လက်တွေ့ အထင်ကြီးလောက်စရာ ပညာရပ်တို့ပင် ဖြစ်နေလင့်ကစား၊ တနည်းအားဖြင့် လောကတွင် "ဇိမ်" အနှစ်အသား လူပေါ်လူဇော်ဟူ၍ပင် ခေါ်တွင် လောက်လင့်ကစား၊ အလွန်ကျပ်တည်းကျဉ်းမြောင်းစွာ ဒုက္ခစိုက်ထုတ်ရှာဖွေစုဆောင်းနိုင်မှ ရရှိသောအကျိုးမှာ မသေမီကာလ တဘဝတနပ်စာပစ္စည်းဥစ္စာချမ်းသာမှု, ဂုဏ်ရှိမှု, တန်ခိုးကြီးမှုမျှလောက်နှင့် ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် လုပ်ကိုင်၍ ပြီးစီးကုန်ဆုံးနိုင်ဘွယ်ရာကိစ္စများလည်း မဟုတ်ကြလေပြီ၊ စား,ဝတ်,နေအရေးတို့သည် ဘယ်ကမ္ဘာမှ ပြုလုပ်ကုန်ဆုံးသည်မရှိ၊ တောင့်တမှု,ကြောင့်ကြမှုအစဉ် ပါရှိနေကြရ၏။

သတ္တဝါတို့မည်သည်မှာ"သေဆုံးလောင်တိုး"ဟူသကဲ့သို့ (ဥစ္စာဒိဋ္ဌိအယူမျိုး)မဟုတ် မမှတ်သင့်၊ သေဆုံးလောင်တိုးပြီးလျှင်ပြီးတာဘဲ၊ နောက်ဆက်တွဲ ဘာမျှအကျိုးအပြစ်

နှင့်တကွဖြစ်ပေါ်ရန်မရှိတော့ပြီ-ဟု အဘယ်ကြောင့်မမှတ် အပ်ပါသနည်းဟူမူ- လောကဓာတ်၏ သက်သေခံချက်တွေကိုကြည့်ပါ၊ အကြောင်းအားလျော်စွာ (၀၊)ပေါင်းစည်း ညီညွတ်မှု မူလသဘာဝ သဘောရင်း အခြေခံအားလျော်စွာ ထိုက်သက် လျောက်ပတ်သော အကျိုးတရားတို့သည် မည်သူ့ဖန်ဆင်းမှုမှ မဟုတ်ပါဘဲလျက် တားဆီးခြင်းငှါ စွမ်းနိုင်သူမရှိစေဘဲ တူမျှသော အကျိုးတရားပေါ်လာကြခြင်းမှာ မဖောက်မပြန် မှန်ကန်ညီညွတ်ခြင်းသဘောတရားတို့ပင်ဖြစ်၏။

သရက်စေ့သည် သရက်ပင်ကို ဖြစ်ပေါ်လာစေ၏၊ ပိန္နဲစေ့သည် ပိန္နဲပင်ကို ဖြစ်ပေါ်လာစေ၏၊ တနည်း–သစ်စေ့သည် သစ်ပင်ကိုဖြစ်ပေါ်စေ၏၊ သစ်ပင်သည်လည်း သစ်စေ့ကို ဖြစ်စေ ပြန်သည်သာတည်း၊ တနည်း– ကြက်ဥသည် ကြက်မ,ကြက်ဖ,ကြက်ကောင်ကိုဖြစ်စေ၏၊ ကြက်မ,ကြက်ဖ ကြက်ကောင်တို့သည် ကြက်ဥကို ဖြစ်စေပြန်၏၊ လောကဓာတ် သံသရာသည် ကမ္ဘာနှင့် မြေဇာ, ကျွန်းနှင့် ကိုင်းသဖွယ် ကြောင်း-ကျိုးဆက်စပ် မပြတ်လည်ပတ်၍နေရ၏။ ဘဝင်္ဂဘုံမှ တိဟိတ်ပုထုဇဉ် ဗြဟ္မာကြီးတို့သည်ပင်လျှင် အကြောင်းမကုန်ကြသည့် အလျောက် တနေ့သောအခါ နတ်ဘုံ,လူ့ဘုံ,ငရဲ,တိရစ္ဆာန်,ပြိတ္တာ,အသူရကာယ်ဘုံ တို့သို့ ကျင်လည်ရောက်ရှိရပြန်၏။

ထိုကဲ့သို့ တပြောင်းပြောင်း တပြန်ပြန် အပြန်အလှန် ခံစားစံစားရမှု ဝဋ်ဒုက္ခစုမှ မည်သည့်လောကဓာတ်ဆရာနှင့်တကွ ပုထုဇဉ်လူ, နတ်, ဗြဟ္မာ သတ္တဝါအနန္တတို့သည်

လောကခေါ်, သံသရာဟုလည်းခေါ်, ၃၁-ဘုံခေါ်, ဘဝခေါ်, ဘေးအပေါင်းတို့၏တည်ရာ ဝဋ်ဒုက္ခ စသည်ဖြင့်ခေါ်ဆိုအပ်သော အကျဉ်းထောင်သဘောမှ မဖောက်ထွက် မလွတ်မြောက်နိုင်သည်သာတည်း၊ ယခုလိုနေ့မြင်ညပျောက် အသက်တမ်း အလွန်တိုတောင်းလှစွာသော ယခုမျက်မှောက် လူ့လောက တဘဝတနပ်စာ စား, ဝတ်, နေရေးထက် ဆိုးစမထင် သံသရာ တခွင်တွင် ကျင်လည်မျောပါးရကြမည့် အရေးကြီးသည်ကား ပညာမျက်စေ့ဖြင့် ကြည့်ရှုပါမူ မတွေးတောဝံ့လောက်အောင် ကြောက်မက်ဖွယ်ရာ ကြီးပါတကား၊ အယူ ဖြောင့်မှု, အသေဖြောင့်မှုနှင့်တကွ အနေတတ်မှု,အသေမြတ်မှုတရားတို့သည် မိမိကိုယ်ကို မိမိတကယ်ချစ်, တကယ်သနားတတ်သူတိုင်း သက်စွန့်ကြိုးပမ်း ရှာဖွေဆည်းပူး ကျင့်သုံးဆောက်တည်အပ်ကြလေတော့သတည်း။

သို့ကြောင့် လောကီပညာရပ်အစုစုနှင့် လောကီတဘဝ တနပ်စာ ချမ်းသာမှုတို့သည်ကား ချမ်းသာတယ်ရယ်လို့ ထင်ရုံသာထင်ကြရမယ်၊ တကယ် စိတ်ချလက်ချ ချမ်းသာရေး ချမ်းသာအစစ်တော့မှုချမဟုတ်သေး၊ ယခုလောက် လူပေါ်လူဇော် လူထူးသူထူး ပညာရပ်တွေ တတ်ကျွမ်းပေါက်ရောက်ပါလျက် ဤလုပ်ငန်း လမ်းစဉ်တို့ကို အစွမ်းကုန်အထင်မကြီးသင့်ပါသလဲဆိုတော့ ဉာဏ်မကုန်သေး,လမ်းမဆုံးသေး၍ ရပ်ရွာ,မြို့နယ်,နိုင်ငံတကာကမ္ဘာသံသရာနှင့်ချီပြီး တကယ့်ငြိမ်းချမ်း သာယာရေး ရနိုင်သောလမ်းများမဟုတ်သေး၍ဟု ဖြေရမည်ပင်၊လမ်းဆုံးလျှင်ရွာတွေ့အံ့။

အစတွေ့လျှင် အဆုံးတိုင်ဝေဖန်နိုင်မှ "ဗုဒ္ဓဝါဒကောဓမ္မော"လုပ်ငန်းစဉ်နှင့်တကွ အဖြေမှန် တွေ့ရတော့မည်၊ (ရှေ့ဆက်ဘတ်ပါ။)

ယခုဖော်ပြခဲ့သော နိုင်ငံရေး, စီးပွါးရေး,လူမှုရေး, သိပ္ပံပညာ,လောကီယဝိဇ္ဇာပညာဟူသည်တို့မှာအလွတ်မဲ့ အကြောင်းမဲ့ရှိကြရသည်မဟုတ်၊ လောဘ၏အာရုံ,သညာ ၏ အမှတ်အသားတွေပေါ်မှာ အပြစ်မမြင်တတ်မှုအတွက် (ဝိညာဏ်လှည့်) မိမိမိမိတို့၏ကောင်းနိုးရာရာ ထင်မြင်ယူဆချက်ကိုမှုတည်၍ လေ့လာကျင့်သုံး ဆောက်တည်မှုတို့မှ ဖြစ်ပေါ်လာကြရကုန်၏၊ စိတ္တေန နီယတေ လောကောစိတ်သည် အလွန်တန်ခိုးကြီး၏၊ ရုပ်တန်ခိုး ရုပ်ဖန်ဆင်းမှု ထက်(စိတ်) နာမ်တန်ခိုးနာမ်ဖန်ဆင်းမှုများမှာ အလွန် အင်အားကြီးမား၍ ဆန်းပြားကျယ်ဝန်းလှ၏။

အမြင်မှန်မတွေ့သေးသရွေ့ ကာလပတ်လုံး (ဝိညာဏ်သိ)စိတ်ထင်စိတ်သိသည် မိမိကိုယ်ကိုပင် မိမိလှည့်စားခံနေ ရမှန်းသိနိုင်ခဲလှတော့၏၊ လောကခေါ်, သံသရာခေါ်,ဘဝ ခေါ်-အိုတယ်,နာတယ်, သေတယ်,ဆင်းရဲတယ်, ချမ်းသာ တယ်ဆိုတာတွေဟာ အကြောင်းအားလျော်စွာဖြစ်ရသော အကျိုးတရားစုများဖြစ်ကြလေသည်။

ထိုတရားတို့သည် ဘုရားမပွင့်မီ သံသရာအစကတည်း က ကမ္ဘာနှင့် မြေဇာကဲ့သို့ ကမ္ဘာတည်မိလျှင် သတ္တဝါရှိရ တော့သည်သာ၊ သတ္တဝါရှိလျှင်လည်း ၂၉- ပါးသော စေတနာကံခေါ် အမှုအလုပ် ရှိရတော့သည်သာ၊ အမှု အလုပ်တည်းဟူသော ကံရှိပြန်လျှင်လည်း ကံအားလျော်

စွာသော အကျိုးတရားတွေဖြစ်သည့် သတ္တဝါနှင့် ကမ္ဘာ ရှိရပြန်တော့သည်သာ၊ မျိုးစေ့နှင့်သစ်ပင်,ကြက်နှင့်ကြက်ဥ ဥပမာတို့ကဲ့သို့တည်း၊ ကမ္ဘာဟူသည် သက်ရှိ,သက်မဲ့တို့၏ တည်ရာဖြစ်သည်၊ အဘယ်ကြောင့်တည်ရာအဖြစ်နှင့် ရှိနေ နိုင်,ရှိနေရပါသနည်း၊ဖော်ပြခဲ့သော လောကဓာတ်နည်း များအရပင် စဉ်းစားကြည့်က ရေ, မြေ, လေ,မီး ဓာတ် ကြီး ၄-ပါး ရုပ်ဓာတ်စုတို့သည် ခွဲခွါ၍ ဖြစ်ပေါ်နေနိုင်ကြ သည်မဟုတ်၊ ဥတုနိယာမအစဉ်အားလျော်စွာ ဖြစ်ပျက် စဉ်အားဖြင့် ပေါင်းစည်းဖွဲ့စပ် တည်ရှိကြရလေသည်။

သတ္တဝါဟူသည်မှာ တိရစ္ဆာန်, လူ, နတ်, ဗြဟ္မာ-ဟု သမုတ်အပ်သောကံ၏အကျိုးတရား ဝိပါက်စု ကံကောင် တွေဟု ခေါ်ဆိုနိုင်လေသည်၊ အဘယ့်ကြောင့် ဖြစ်ပေါ် တည်ရှိကြသနည်း၊ အဖြေမှာ ၂၉- ပါးသောစေတနာကံ အမှုတွေပြုကြ၍ ရှိကြရသည်၊ ယခုဖော်ပြရာ၌ ကမ္ဘာကို တော့ ရုပ်ဓာတ်သက်သက်ဖြစ်၍ လောကဓာတ် အမြင် နှင့်တကွလက်ခံနိုင်ကြပေမည်။

သတ္တဝါကံကြောင့်ဖြစ်သည်ဆိုတာကျတော့ ယုံကြည်သူ လည်းရှိမည်၊ မယုံကြည်သူလည်းရှိပေမည်၊ မှန်ပြောင်း အရာမဟုတ်၍ ''ဗုဒ္ဓဝါဒီအနတ္တဝါဒီ''မဟုတ်သော အတ္တ ဝါဒီသမားများက လက်ခံနိုင်မှ လက်ခံနိုင်မည်၊ အဘယ့် ကြောင့်ဆိုသော် ပုဂ္ဂိုလ် သတ္တဝါစွဲ, အသက်လိပ်ပြာစွဲ, အရှင်ကောင်အသေကောင်ခြားနားသည်ထင်နေမှု အတ္တ ဝါဒကြောင့်ပင်ဖြစ်၏၊ ဘာ့ကြောင့် အတ္တဝါဒဖြစ်နေရပါ သလဲ?၊ သိပ္ပံပညာအဆင့်ဆင့်,ဝိဇ္ဇာဉာဏ် အဆင့်ဆင့်လမ်း

ဆိုးအောင် မကြံနိုင်, မမြင်နိုင်၍ မယုံကြည်နိုင်လောက်အောင် အစွဲဥပါဒါန်ကပ်နေရလေသည်။

[စေတနာကံ အကြောင်းကို နောက်ပိုင်းတွင် အကျယ်ရှင်းပြပါအံ့။]

## ကံကိုယုံကြည်ရန်နည်းလမ်း

ကံကိုယုံကြည်မှု ထောက်ဆချက်ရစေရန် နည်းလမ်းညွှန်ပြပါဦးအံ့၊ လောကဓာတ်သိပ္ပံဆရာတို့သည် လောကမျက်မြင်ပေါ်၌ အခြေခံမူတခုမှတခုသို့ ထောက်ဆကူးစက်၍ ရှုးစမ်းရှာဖွေနိုင်ကြသော်လည်း မျက်မြင်မဟုတ်၍ ဉာဏ်မြင်အားဖြင့် ထောက်ဆချက် ရှုမြင်ကွင်းများ၌ကား မူလအခြေခံယုံကြည်မှု အယူအဆ ဝါဒအားပျော်စွာ မရှာဖွေ မတွေ့ရှိကြသေးသော အကြောင်းအရာ တို့သည်လည်း များစွာပင် ရှိကြကုန်သေး၏။

အကြောင်းသော်ကား ၎င်းတို့၏ ဒြပ်စင်, ဒြပ်ပေါင်း, ဒြပ်ရောတို့ကို ဥပမာ, ဥပမေယျ နှိုင်းယှဉ် ထောက်ဆ၍ ရှင်းလင်း ဖော်ပြထားပုံမှာ အဘိဓာန်တွင် ကြည့်လျှင် စကားလုံးပေါင်း ထောင်သောင်းမက ပါရှိမည်ကိုတွေ့ရမည်၊ သို့သော်ယင်းတို့အားလုံးသည် သရ ၁၂-လုံး,ဗျည်း ၃၃-လုံး၊ ပေါင်းအက္ခရာ၄၅- လုံးဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် စကားလုံးများသာဖြစ်ကြ၏၊ ထို့အတူကမ္ဘာ၌ရှိရှိသမျှအရာဝတ္ထုအားလုံးတို့သည်လည်း ၉၆-မျိုးသော ဒြပ်စင်တို့ဖြင့်သာ ပေါင်းစပ်ဖွဲ့စည်းထားသည့် အရာများဖြစ်ကြလေသည်။

တနည်းဆိုရသော်-ဤဒြပ်စင်၉၆-မျိုးမှာဓာတုအက္ခရာ တမျိုးပင်ဖြစ်ပေတော့သည်၊ ဤသို့ယူဆပါက ဒြပ်ပေါင်း များကို အက္ခရာ ၂-လုံးသော်၎င်း, ၂-လုံးထက်များ၍သော် ၎င်း ပေါင်းစပ်နေသော စကားလုံးများအဖြစ်နှင့် ယူဆ နိုင်ပေသည်၊ သို့သော်အက္ခရာများကို ထင်သလို ပေါင်း စပ်တိုင်း စကားလုံးထွက်မလာသကဲ့သို့ ဒြပ်စင်တိုင်းလည်း တခုနှင့်တခု ပေါက်လွှတ်တလကြမ်း စည်းမဲ့ကမ်းမဲ့ပေါင်း ချင်တိုင်းပေါင်း၍မရ၊ ထိုကဲ့သို့ပေါင်းစပ်နေကြသည်လည်း မဟုတ်၊ အချိုးအဆသဘာဝစည်းမျဉ်းအတိုင်းသာပေါင်း စပ်နေကြသည်ဟူလို၊ မှန်လှပါပေ၏၊ သဟဇာတ, အည မညသဘောတို့သည်သာတည်း။

[ဒြပ်စင်များကို ဓာတုအက္ခရာဟု ခေါ်နိုင်ကြောင်းကို ၎င်း, ဒြပ်ပေါင်းများကို စကားလုံးများဟု ယူဆနိုင်ကြောင်း ကို ၎င်း ဖော်ပြခဲ့ပြီ။]

ဤသို့ဖြစ်က ဒြပ်ရောများကို မည်သို့ဆိုအံ့နည်း၊ဒြပ်ရော များကို ကွန့်ပ်တို့သည် ဝါကျများအဖြစ်နှင့် ယူဆနိုင်ပေ သည်၊ ကွန့်ပ်တို့သည် အဘိဓာန်တွင် ပါရှိသော စကား လုံးများမှ သိန်း, သန်း, ကုဋေမကသော ဝါကျများကို ပြုလုပ်နိုင်၏၊ ထိုနည်းအတူ ဒြပ်ရောများကိုလည်း သိန်း, သန်း,ကုဋေမက ပြုလုပ်ယူနိုင်လေသည်၊"စာရေးသူသည်" ဤနေရာ၌ လောကဓာတ် သဘာဝ ယုတ္တိကို အခြေပြု၍ ဥပမာ,ဥပမေယျ ဟပ်ပြလိုက်သော သိပ္ပံပညာရှင်အား ချီးကျူးခြင်းနှင့် တကွ ကရုဏာဒေါသော ဖြစ်မိပါသည်၊ ဤသိပ္ပံဆရာကြီးသည် လောကမျက်မြင်ပေါ်၌ (၀၁) ရုပ်

ဝါဒပေါ်၌ (အဘိဓမ္မာဆန်ဆန်) အလွန်တိကျပြတ်သား စွာ ထောက်ဆ ဆင်ခြင် စူးစမ်းရှာဖွေ တွေ့ရှိပါပေသည်။

အကယ်၍သာ မူလအယူဝါဒအားဖြင့် (ကမ္မဿကတ သမ္မာဒိဋ္ဌိ) အယူရှိသူ အဖြစ်နှင့်(ဗုဒ္ဓအဘိဓမ္မာဖြစ်သော) နာမ်ဝါဒတွေပါ (ဝါ) စိတ်,စေတသိတ်တရားသဘောတို့ ပါ၊ တနည်း-ကုသိုလ်ကံ, အကုသိုလ်ကံ တရားတို့ပါ ယခု ကဲ့သို့ တိကျပြတ်သားစွာ ဝေဖန်ကျင့်သုံး ဖော်ထုတ်မည် ဆိုပါက "အီတာလျံဘုန်းတော်ကြီး ဦးလောကနာထ" တို့ကဲ့သို့ လောကဓာတ်ပါရဂူ အဘိဓမ္မာ ဘုန်းတော်ကြီး တဆူအဖြစ်နှင့် ကိုးကွယ် အားထားလောက်မှာပေဘဲ- ဟု သဘောပေါက်မိပေသည်၊ "ကမ္မဿကတ အယူဝါဒ" ၏ အခြေခံ သဘောတရားများမှာလည်း ယခုသိပ္ပံဆရာကြီး ယူဟာပ်မှုကဲ့သို့ စေတနာ ကံ ဝိပါက်,ဥပါဒ် ဌီဘင် အစရှိ သည် အားဖြင့် အဆင့် ၃-ဆင့်စီ အခြေခံအားဖြင့်—

၁။ ပြုလုပ်ရန် ကြံစည်စေ့ဆော်ခြင်း,
၂။ ပြုလုပ်ခြင်း,
၃။ ပြုလုပ်သည့်အကြောင်းခံအားလျော်စွာ ဖြစ်ပေါ် လာကြခြင်း—

ဆိုတဲ့သံသရာ လောကကြီး၏အခြေခံ စည်းမျဉ်းဥပဒေ သ ၂၉-ချက်တို့မှာလည်း သူ့အကြောင်းနှင့်သူ့ဘုံ သူ့ဘဝ အဖြစ်အပျက်စဉ်တို့မှာ အလွန်တိကျပြတ်သား မှန်ကန် ညီညွတ်စွာ စိတ်ဝင်စားစရာကောင်းလှသော "ဗုဒ္ဓ၏ အဘိဓမ္မာပညာ" များကိုလည်း လေးလေးနက်နက် သက်ဝင်ယုံကြည်မှု ရလောက်အောင် ထိုထိုလောကဓာတ်

သိပ္ပံသဘာဝမှ ထောက်ဆ၍ စူးစမ်းရှာကြံ စိစစ်ကြည့်ရှု အပ်လှပါတော့သတည်း။

ကံ၏အကြောင်း,ကံ၏အကျိုးကို မဆိုထားဘိ၊ရုပ်ဝါဒ ကမ္ဘာ့လောကဓာတ် အဆင့်အတန်းသည် ရုပ်သဘာဝ ကိုပင် ကုန်ဆုံးအောင် မရှာဖွေနိုင်၊ (ဖြေးဖြေးလေးလေး စဉ်းစားဖတ်၊) လျှပ်စစ်ဓာတ်အကြောင်းတွင် ဖော်ပြခဲ့ပြီး သော မှန်ပြောင်းတန်ခိုး လောကဓာတ် ဆရာတို့၏ နောက်ဆုံးအတွေ့ ရုပ်သည် "အဏုမြူပမာဏ" မျှသာ တွေ့ရှိကြရသည်၊ မှန်ပြောင်းအားဖြင့် ထို့ထက်လည်း မတွေ့နိုင်တော့ပြီ၊(ဤနေရာမှာတချက် အမှတ်ပြုထားပါ၊) ထို့ပြင့် ယခုလောကဓာတ်နည်းအရ ခွဲစိတ်သော ရုပ်ဓာတ် သည်"ဥတုဇရုပ်ဓာတ်"ဟူ၍လည်း တချက်အမှတ်ပြုထား ခဲ့ပါ၊ ဗုဒ္ဓဝါဒ ကဏ္ဍမဟုတ်သေး၊ အလျှင်းသင့်၍ ဤနေရာ တွင် သက်ဆိုင်သလောက် ဗုဒ္ဓလောကဓာတ်နှင့် နှိုင်းယှဉ် ပြမည်။

## ဗုဒ္ဓလောကဓာတ်နှင့် နှိုင်းယှဉ်ပြချက်

ဗုဒ္ဓဝါဒသည် ရုပ်သဘောတခုထည်း သိရုံမျှမဟုတ်၊ နာမ်ဓာတ်နှင့်တကွ ရုပ်, နာမ်တို့၏ ဖြစ်ခြင်း ကုန်စင်, ဖြစ်ကြောင်း ကုန်စင်, ချုပ်ကြောင်းငြိမ်းကြောင်း ကုန်စင်, ချုပ်ခြင်း ငြိမ်းခြင်းကုန်စင် သည်အထိ သိသော အမှန် ၄-ချက်သဘောနက် ဆိုသည့်အတိုင်း သစ္စာ ၄-ပါး အနတ္တဝါဒကို ခေါ်သည်၊ သို့မှ "ဗုဒ္ဓဘုရား" ရထိုက်သော ဘုရား-ဟု မှတ်အပ်၏၊ အဘိဓမ္မာနည်းအရ ရုပ်တလုံးကို ဗုဒ္ဓတွေ့ရှိ သိမြင်ထားတော်မူသည်မှာ-လောကဓာတ်ဆရာ

များတွေ့သော အကျုမြူပမာဏ ရုပ်သဘာဝဓာတ်ကို ၃၆-စိတ်ထပ်စိတ်၍ ရရှိအပ်သော ပမာဏကို ပရမာ အကျုမြူဟူ၍ သတ်မှတ် ပညတ်တပ်တော်မူ၏၊ ၎င်းပရမာ အကျုမြူတလုံးတွင် လောက-မြေ, ရေ,လေ, မီးဓာတ်ကြီး ၄-ပါးတို့၏ အဖွဲ့အစည်း (သိပ္ပံခေါ်မော်လီကျူ)ကလာပ် ကလေးပေါင်း ၅၀၊ တနည်းအားဖြင့် (အက်တမ်ခေါ်) ရုပ်သေးပေါင်း ၄၀၀-ရှိ၏ဟု တိကျပြတ်သားစွာ မိန့် တော်မူခဲ့လေပြီ။

[ကလာပ်စီး ၅၀, ရုပ်သေးပေါင်း ၄၀၀-ဖြစ်ခြင်းမှာ ကလာပ်တစီးလျှင် ရေ,လေ,မြေ, မီး ဓာတ်ကြီး ၄-ပါးနှင့် အဆင်း, အနံ့, အရသာ,ဓာတ်ဆီသြဇာ ဟူ၍ ဓာတ်ငယ် ၄-ပါး ပေါင်းခြင်း ၈-ပါး အဖွဲ့တခုဖြစ်သည်၊ ကလာပ် တစည်းလျှင်-၈၊ အစည်း ၅၀=၄၀၀-ဖြစ်၏။]

၎င်းကလာပ်စည်း ၅၀-ထဲမှ တစည်းသော ကလာပ် သည်ပင်လောက ရေ,မြေ,လေ,မီးဓာတ်ကြီး၄-ပါးမကင်း ၍ သစ္စာအနေအားဖြင့် သမုတိသစ္စာဟူ၍ ဟောကြား ထားတော်မူလေပြီ၊ (ပရမတ္ထသစ္စာ ရှာမှီးသော ယောဂီ များ သတိပြုဘွယ်၊)၎င်းသမုတိသစ္စာအမြင်မှ တဖန် စိတ် ဉာဏ်ဖြင့်(ဝါ)ဝိဇ္ဇာဉာဏ်ဖြင့်ဖောက်ခွဲမြင်နိုင်လျှင် ပရမတ္ထ သစ္စာနယ်သို့ ပေါက်ရောက်မြင်စွမ်းနိုင်လေသည်၊ "ဝိပဿ နာအာရုံ"၊ ၎င်းသည် ဖြစ်ခြင်းဆိုတဲ့ ဒုက္ခသစ္စာတပါးမျှ ရှိသေး၏၊ ဘာကြောင့် ဒုက္ခသစ္စာ ခေါ်ရသနည်းဟူမူ- ထိုမျှလောက် ပကတိမျက်စိနှင့်လည်း မမြင်, နတ်မျက်စိနဲ့ လည်းမမြင်နိုင်၊ မှန်ပြောင်းအရာလည်းမဟုတ်၊ ဗုဒ္ဓစက္ခု တော်နှင့်သာ မြင်နိုင်စကောင်းတဲ့ သဘောတရားကလေး

တွေဟာ (နေချရယ်လ်)နိယာမအကြောင်းအားလျော်စွာ သာ ပေါ်လာကြရကာ ပေါ်ပြီးတာနဲ့ တပြိုင်နက် ချုပ် ပျောက်သွားကြတာဘဲတဲ့။

(၁) ဘယ်တော့မှ အမြဲတည်မနေနိုင်ဘူး-အနိစ္စ,
(၂) ဘယ်တော့မှလဲ ကောင်းကျိုးပေးတတ်တဲ့သဘော စုတွေမဟုတ်ဘူး-ဒုက္ခ,
(၃) ဘာမျှ အနှစ်အသားနှင့် တကွ မက်မောစရာတွေ လဲ မဟုတ်-အသုဘ,
(၄) ပေါ်မလာကြပါနှင့်, ချုပ်ပျောက်မသွားကြ ပါနှင့် လို့လဲ ဘယ်လူ,ဘယ်နတ်,ဘယ် ဗြဟ္မာ, သိကြား, ဘုရားအဆူဆူတို့သော်မှ တားဆီးလို့ ရကောင်း သော တရားမျိုးလည်းမဟုတ်—အနတ္တ,

မည်သူ့အလိုမျှ မလိုက် သူ့သဘော သူဆောင်၍ အကြောင်း အားလျော်စွာ တိုက်ဆိုင် ညီညွတ်မှု ရလျှင် ပေါ်လာကြ၍ အကြောင်းချုပ်က ချုပ်ပျောက်ဆိတ်သုဉ်း သွားကြရခြင်းဖြင့်သာ ဘယ်တော့မှလဲ ရပ်နားခွင့်မရဘဲ ပေါ်လိုက်,ပျက်လိုက် ဆိုတဲ့"ဒုခန်း" အချည်းနှီးစက်ဆုပ် စရာ တရားတွေလို့ ဟောကြားထားတော် မူလေသည်။ အသက်, လိပ်ပြာ, သတ္တဝါလို့ ထင်မှတ်သမုတ်အပ်သော လူ,နတ်, ဗြဟ္မာ, ဘုရားဆိုတာတွေကော သည်- မမြဲ, ဆင်းရဲ, အစိုးမရတဲ့ခန္ဓာငါးပါး ရုပ်နာမ်သဘောတရားစု တွေဘဲ မဟုတ်ပါလော၊ အဲဒီ သဘောစုတွေကလွဲပြီး လောကထဲမှာ သဘာဝအားဖြင့် ဘာတွေရှိနေကြသေးသ လဲ၊ ခေတ်ခွဲဆရာတို့ကိုမေးပါ။ သဘာဝဉာဏ်, ခေတ်ဉာဏ်,

ပရမတ်ဉာဏ်တို့နှင့်တွေးပါ၊ ကြံပါ၊ ပညာမျက်စိနှင့်တကယ် မြင်အောင်ရှုပါ၊ ဒါဖြင့်- မြဲတယ် ချမ်းသာတယ် အလိုသို့ လိုက်၍အစိုးရတယ်- ဆိုတာတွေဟာ အဘယ်မှာလျှင် ဟုတ်နိုင်ကြတော့ပါမည်နည်း၊ ထို့အတူ ပြုပြင်,စေ့ဆော်, သိမှတ်, ခံစား သဘောရှိကြကုန်သော (စိတ်,စေတသိက် တရားအပေါင်း)နာမ်ခန္ဓာဆိုတာကိုလဲဓာတ်ခွဲကြည့်ပါက အသက်ကောင် လိပ်ပြာကောင်, ငါကောင်, သူကောင်, ယောကျ်ားကောင်, မိန်းမကောင်, လူ,နတ်,ဗြဟ္မာကောင် တွေဆိုတာလဲ "သမုတိသစ္စာ" လောက ဝေါဟာရသုံး ဖြင့်သာ ခေါ်ခြင်လျှင် ခေါ်နိုင်ရမည်၊ "ပရမတ္ထသစ္စာ" ဆိုတဲ့ သဘာဝအနေဖြင့်ကတော့ အကောင်အထည် ဒြပ် အရေအတွက်အားဖြင့် မဟုတ်ရိုး မရှိရိုး အမှန်ဘဲတဲ့။

ဒီသဘောတွေဟာ ယခင်ဖော်ပြပြီးအတိုင်း အကြောင်း တိုက်ဆိုင်မှ ပေါ်လာကြပြီး အကြောင်းကုန်ခြင်းနှင့်တကွ ချုပ်ပျောက်ကြရတဲ့ သဘောစုမျှပင် ရုပ်ရှိ၍နာမ်ရှိ၊ နာမ် ရှိကရုပ်ရှိ၊ ရုပ်ကြောင့် နာမ်ဖြစ်၊ နာမ်ကြောင့်ရုပ်ဖြစ်၊ ရုပ်နာမ်ကြောင့် ရုပ်နာမ်ဖြစ်ရတယ်-လို့ ဆိုလိုပါတယ်၊ (ပဋ္ဌာနဝေါကာရဘုံရည်ညွှန်းသည်၊) "ရုပ်"ဆိုသော်လည်း ပထဝီ, အာပေါ, တေဇော, ဝါယောဆိုတဲ့ မြေ, ရေ, မီး, လေ ဓာတ်တွေလဲ ရုပ်လို့ခေါ်ပါတယ်၊ ဤမဟာဘုတ်ရုပ် ကိုစွဲမှီပြီး ပေါ်လာကြရတဲ့ အဆင်း, အနံ့, အရသာ, ဓာတ်ဆိဩဇာဆိုတဲ့ ဥပါဒါရုပ်တွေဟာလဲ ရုပ်ပါဘဲ။

ထိုမှတဖန် ကံကြောင့်ဖြစ်ပေါ်လာတဲ့ ကမ္မဇရုပ်, စိတ် ကြောင့်ဖြစ်ပေါ်လာတဲ့ စိတ္တဇရုပ်, ဥတုနိယာမအလျောက်

ဖြစ်ပေါ်ကြရတဲ့ ဥတုဇရုပ်, စားမျိုမှုအာဟာရမှ စွဲမှီဖြစ်ပေါ်လာကြရတဲ့ အာဟာရဇရုပ်လို့ ဆိုတာတွေဟာ ရုပ်သဘာဝတရားတွေချည်းပါဘဲ၊ ယခုခေတ် လောကခေတ်အခြေခံနှင့် ရုပ်ဝါဒတို့မှာအဘိဓမ္မာဒေသနာတော်လာရုပ်သဘာဝ အမျိုးပေါင်းများစွာတို့မှ ဥတုဇရုပ်တမျိုးပေါ်မှာဝေဘန်ခြင်းမျှသာရှိပါ၏၊ ၎င်းတမျိုးကိုသော်မှ မှန်ပြောင်းတဆုံးထိသာ တွေ့ရှိနိုင်တဲ့ ဥတုဇရုပ်၏ တစိတ်တဒေသမျှတွေ့ရှိသိမြင်ခြင်းသာဖြစ်၍ အဘယ်မှာလျှင် ကံ,စိတ်,အာဟာရရုပ်တို့၏အကြောင်းကို ထိမိ သိရှိနိုင်ပါအံ့နည်း။

သတ္တဝါလို့ ခေါ်စမှတ်ပြုစရာ ကံကြောင့်ဖြစ်တဲ့ ရုပ် "ကမ္မဇရုပ်"ရှိမှ စိတ်- ဝိညာဏ် နာမ်ဖြစ်ပေါ်နိုင်လေသည်၊ "ကမ္မဇရုပ်"ကို မှန်ပြောင်းနှင့် ကြည့်၍ မမြင်နိုင်၊ ကမ္မဇရုပ်ရှိမှ စိတ်ဝိညာဏ်ပေါ်နိုင်သည် ဆိုသော်မှလည်း ကမ္မဇရုပ်ထဲမှာ ကိန်းအောင်း ဖြစ်ရှိနေနှင့်သည် မဟုတ်၊ ဝတ္ထုနှင့် အာရုံ, အာရုံနှင့်ဒွါရတို့ ပေါင်းစည်းညီညွတ်ခိုက်မှ "လျှပ်စစ်ကဲ့သို့" ပေါ်လာလေသည်၊ ပေါ်လာပြီးတော့လဲ ပေါ်လာတဲ့နေရာတွင်သာ ချုပ်ပျောက်သွားကြပြန်၏၊အဲသည်ရုပ်နာမ်ခန္ဓာတွေဟာခွဲခွါပစ်လို့မရပါ၊ ပေါ်လာကြလဲအတူတူ မရှေးမနှောင်း၊ ချုပ်ပျက်သွားကြတော့လဲတပြိုင်နက်(သတ္တဝါလို့ခေါ်ကြတဲ့) ခန္ဓာကိုယ်ကြီးမှာမှီပြီး "ဖြစ်-တည်-ပျက်, ဖြစ်-ပျက်, ပေါ်-ပျက်" မပြဲအနိစ္စခေတ်အဖြစ်နှင့်ရှိကြရသည်။

ဉာဏ်မျက်စိ ပညာမျက်စိ ကင်းသော အန္ဓပုထုဇဉ်တို့ မမြင်နိုင်၊ ၎င်းတို့ချုပ်ဆုံးပြတ်စဲသွားကြသည်ကို သေသည်ဟုခေါ်ဆိုကြလေသည်၊ ကျန်ရစ်ခဲ့သည့်အလောင်းကောင်

ကြီးသည် ယခုဓာတ်ခွဲနေကြသည့် ဥတုဇရုပ် သက်သက်မျှ ဖြစ်တော့၍၊ မြက်မှိုက်, ထင်းချောင်း, ဒုတ်ခနောင်း, မြေကြီးနှင့်ဘာမျှမထူးခြားတော့လေပြီ၊ စိတ်နှင့်စေတနာ ကံဆိုတာ အနည်းငယ်ရှင်းရန်လို၏၊ သို့မှစိတ်ကြောင့်ဖြစ် တဲ့ရုပ်, ကံကြောင့်ဖြစ်တဲ့ရုပ်တွေကို စဉ်းစားခွင့် ရနိုင် ပေမည်။

## စိတ်နှင့်စေတနာကံ

(၁)စိတ်ဆိုတာအာရုံနဲ့ ရှေ့ရှုတိုက်ဆိုင်လာရင် သိတတ် တဲ့သဘော,အာရုံကိုညွတ်နေတတ်စိုက်နေတတ်တဲ့သဘော ကလေးဖြစ်၏၊ သိတာကလွဲ၍ ဘာမျှမလုပ်တတ်၊ မြင်ရင် မြင်မှန်းသိတယ်၊ကြားရင်ကြားမှန်းသိတယ်၊နံရင်,စားရင်, တွေ့ထိရင်,ကြံစည်ရင် အစရှိသည်ဖြင့် အာရုံခြောက်ပါး ခြောက်တံခါးမှ ပေါ်လာသမျှကိုသိတဲ့ သဘောဖြစ်၏၊ မြင်စိတ်ကြောင့်မြင်ရုပ်ဖြစ်ပုံ, ကြားစိတ်ကြောင့် ကြားသိ ရုပ်ဖြစ်ပေါ်နေပုံတို့ကို စဉ်းစားကြည့်ပါလျှင် မြင်စိတ်ဖြစ် ဆဲမှာမျက်စိကလေးပွင့်ပြီး ရှေ့ရှုထင်နေတဲ့ အဆင်းကို လှမ်းစိုက်ကြည့်နေသည်၊ ညွတ်နေသည်၊ ရှေ့ရှုဆဲမတိုင်မီက ၎င်းရုပ် အမှုအရာကလေး ရှိနှင့်ပြီးမဟုတ်ပါဘဲလျက် မြင် ခါမတ္တမြင်ဆဲခဏမှပေါ်လာသည်၊ပြီးချုပ်သွားသည်။

ကြားသိစိတ်ဖြစ်သည့်အခါ (သဒ္ဒါရုံ) အသံရုပ်ကိုနား စွင့်ပြီးညွတ်နေသည်၊ နားအကြည်ဓာတ်နှင့် သဒ္ဒါရုံ မထိ ခိုက် မဆုံစည်းမီကာလက ၎င်းအမှုအရာ ကလေးသည် ရှိနှင့်ပြီးလည်းမဟုတ်၊ အသံထဲမှာလည်းမရှိ၊နားအကြည် ထဲမှာလည်း ကိန်းနေသည်မဟုတ်၊ ၎င်းအသံနှင့် နားအ

ကြည့်ထိခိုက်ကြခါမှ ထို ၂-ပါးကိုစွဲမှီ၍ ကြားဆဲခဏတွင်မှ ပေါ်လာလေသည်၊ ကြားပြီးချုပ်သွားသည်၊ ၎င်းမြင်သိစိတ်နှင့် ကြားသိစိတ်တို့ကြောင့် ဖြစ်ပေါ်လာသော မတူထူးသော အသီးသီးသောရုပ်တို့ ဖြစ်ပေါ်လာပုံကို သတိပြုကြည့်ပါ၊ ဒေါသဖြစ်တော့ မျက်နှာကြီး မဲလာသည်၊ သဘောကျကျေနပ်တော့ မျက်နှာရွှင်သည်၊ ၎င်းတို့သည် စိတ်နှင့်တကွ ဖြစ်ပေါ်လာကြကုန်သော စိတ္တဇရုပ် စိတ်ကြောင့်ဖြစ်သော ရုပ်များဖြစ်ကြ၏. အမှုအရာသာမြင်ကြရ, ကြားကြရ၏၊ ထိတွေ့ကိုင်တွယ်၍ကား မရသောရုပ်သဘောတို့ဖြစ်၏။

(၂) ကံနှင့်ကံကြောင့်ဖြစ်ကြရသော "ကမ္မဇရုပ်"ဆိုသည်မှာ ကံဟူသည်-အမှုလုပ် ကာယကံ,ဝစီကံ,မနောကံ, အကုသိုလ်ကံ, ကုသိုလ်ကံရယ်လို့ အကျဉ်းအားဖြင့် မှတ်ထိုက်၏၊ လောက၌ အလုပ်လုပ်လျှင် ပိုက်ဆံရ၏၊လူသတ်လျှင် သေစားသေစေရ၏၊ထောင်ကျရ၏၊ ထိုကဲ့သို့ ပိုက်ဆံရခြင်း,သေရခြင်း, ထောင်ကျရခြင်းတို့သည် လက်ရောက်ပါတခါတည်း ရတန်လျှင်ရမည်၊ သို့မဟုတ်က တနေ့နေ့ရမည်၊အနေးနှင့်အမြန်သာ ကွာခြားကြမည်၊ အကြောင်းအမျိုးမျိုး ရှိပေသေး၏၊ နောက်ပိုင်းတွင် အသေးစိတ်တွေ့ရမည်၊ အမှုအလုပ်ဟူသည် မည်သူ့တဦး တယောက်မျှ ကင်းကွာစကောင်းသော ကိစ္စမဟုတ်သည့် အလျောက် ဝတ်မှု, စားမှု, နေထိုင်မှု, ကျင့်သုံး ဆောက်တည်မှုတို့ကို တခုပြီးတခု ရှာဖွေကြံစည်လုပ်ကိုင်ကြရ၏၊ ထိုအမှုကိစ္စတို့၌ လုပ်ကိုင်ရန် ဘယ်အလုပ် (အမှု) လုပ်ရရင်ကောင်း

မည်၊ ဘယ်သို့စီမံရလျှင် ကောင်းမှာဘဲဟု မိမိ မိမိတို့၏ ကြံစည်၍ စေ့ဆော်တိုက်တွန်းမှု တိုက်တွန်းချက်ကလေး များသည်ရှိကြ၏၊ထိုစေ့ဆော်ချက် တိုက်တွန်းချက်သဘော ကိုပင်စေတနာဟုခေါ်ဆိုရ၏။

ထိုမှတဖန်စေ့ဆော်ဆုံးဖြတ်ပြီးသည့်အတိုင်းပြုဆဲ,ပြုပြီး အမှုကို ပါဠိလို ကမ္မ၊ မြန်မာလို ကံ-ဟု ခေါ်ဆိုခြင်းဖြစ် လေသည်၊ အမှုပြုလုပ်ပြီးစီးသည်နှင့် သက်ဆိုင်ရာ အကျိုး တရားတို့သည်အကြောင်းအားလျော်စွာ(၀ါ)အကြောင်း ခံကိုအစွဲပြု၍ဖြစ်ပေါ်ကြရကုန်၏၊ ကံဆိုတာ အမှုအလုပ်၊ အမှုအလုပ် ပြုလုပ်ပြီးစီးရန် စေ့ဆော်တိုက်တွန်းခြင်းသည် စေတနာဟု ခေါ်ဆို၏၊စေတနာနှင့်ကံသည်အရင်းအဖျား မျှသာ ကွာခြား၏၊ စေတနာကံသည်အကြောင်း စေတနာ ကံအလျောက် ပေါ်ထွက်လာစေရသော ဖြစ်ပျက်စံစား ခံစားရမှုသည် အကျိုးတရားဖြစ်၏၊ ထို့ကြောင့်လည်း "ကြောင်း,ကျိုးဆက်စပ် မပြတ်သံသရာ"ဟု ဆိုရိုးပြုကုန် ၏၊(အလုပ်တခုကို စေတနာက စေ့ဆော်သည်၊ အလုပ်ကို ပြုလုပ်၍ ပြီးစီးစေသည်၊ ကံ-အလုပ်ပြီး၍ ပိုက်ဆံရသည်၊ ကံ၏အကျိုးတရား ပေါ်ထွက်မှု) တနည်း စိတ်ဆိုးခြင်း, အမျက် ထွက်ခြင်း, ပြစ်မှားလိုခြင်း- ဒေါသ စေတနာ၊ ဒေါသစေတနာတိုက်တွန်းချက်ကြောင့် ရိုက်ပြီ၊ သတ်ပြီ၊ သေစေလေပြီ—ကံ၊ သေစေလိုသော စေတနာ နှင့်တကွ ရိုက်သတ်သေဆုံးမှုကံကြောင့် ထောင်ကျခြင်း, သေစား သေရခြင်းတည်းဟူသော တန်ပြန်တူသောအကျိုးရရှိခံစား ရ၏။

အကြောင်း သမုဒယကြောင့် အကျိုးဒုက္ခ ဖြစ်ရလေသည်၊အကြောင်းအားလျော်စွာသောအကျိုးတရားတို့မည်သည် လိုးလွဲပြောင်းလဲ၍မရ၊ ကံအမှန်မုချအကြောင်းခံနှင့် တူသော အကျိုးပေါ်ထွက်ရခြင်းမှာလည်း မမွတာတရားပင်၊ လျှပ်စစ်ခဏ်းတွင်ပြန်ကြည့်စဉ်းစားပါ၊ တရားခံဝရမ်းပြေးနေသော်လည်း အမှုကားမဆွေး၊ တွေ့တဲ့နေ့ဘမ်းမှာဘဲ၊ အပြစ်ပေးမှာဘဲ၊အဲဒါလို ယခုဘဝမှာ မသေမီကာလ မသေကြသေးခင် နေ့စဉ်နှင့်အမျှ တရားသောနည်း, မတရားသောနည်းတွေနှင့် ပြုလုပ်ကြသမျှသော အမှုအလုပ် ကံတို့မှာ စေတနာခေါ် အကြောင်းခံအားလျော်စွာ တန်ပြန်ခံစားစံစားကြရဘို့ ပြုပြီးကံတွေအတွက် သတ္တဝါလို့သမုတ်အပ်သော "ကမ္မဇရုပ်" ကံကြောင့်ဖြစ်သောရုပ်တွေ ဖြစ်ပေါ်လာကြ, ဖြစ်ပေါ်ပေးကြရလေသည်။

ခွေးဖြစ်စေတတ်တဲ့ အကုသိုလ်စေတနာ အကြောင်းကံတွေ ပြုလုပ်ထားပါက ဒုဂ္ဂတိဘုံ ခွေးဘဝ, ခွေးရုပ်, ခွေးစိတ်တည်းဟူသော တူသော တန်ပြန်အကျိုးပေါ်လာရ၏၊ လူဖြစ်အောင် ပြုလုပ်ခဲ့တဲ့ ကုသိုလ်စေတနာကံကြောင့် သုဂတိဘုံ,လူရုပ်နာမ်တွေ၊ နတ်ဖြစ်အောင်ပြုခဲ့တဲ့ စေတနာကံကြောင့် နတ်လို့ခေါ်ဆိုအပ်တဲ့နတ်ရုပ်နာမ်တွေ သူဌေးဖြစ်စေတတ်တဲ့ စေတနာကံကလဲ သူဌေးဘဝ ပို့ဆောင်စေလျက် ကျွန်ဖြစ်စေတတ်တဲ့ စေတနာကံကလဲ ကျွန်ဘဝ ကျွန်ရုပ်နာမ်တွေ ပေါ်လာကြရတော့တာပါဘဲ၊ ပေါ်လာကြရတော့မှာပါဘဲ၊ လောကရဲ့ လူနေ အဆင့်အတန်းအမျိုးမျိုး, တိရစ္ဆာန်အမျိုးမျိုးတွေပေါ်ပေါက်ဖြစ်ရှိ

နေရခြင်းကို မျက်မြင် စဉ်းစားကြည့်ပါ၊ အဘယ်ဘုရား, သိကြား,ဗြဟ္မာတို့ကမှ ဖန်ဆင်း၍ ပေါ်ပေါက်လာအောင် လုပ်နိုင်ကြသည့်အမှုမျိုးတို့မဟုတ်ကြလေပြီ။

သဘာဝဓမ္မ- သဘောတရား- တရားသဘော တို့သည် သာတည်း။

“ဘယ်သူမပြု မိမိမှု”ကိုယ့်ဝန်ကိုယ်ထမ်း၍ ကိုယ့်လမ်း ကိုယ်သွားကြရမည်မှာ ဓမ္မတာ လမ်းရိုးကြီး ပေတည်း၊ မီးဆိုလျှင် ပူမည်,လောင်မည်၊ ရေဆိုလျှင် အေးသည်၊ စိုသည်၊ သူ့ဘဝအကြောင်းခံမှလွဲ၍ အကျိုးလွဲမထွက် သည်ကို သဘာဝ ပရမတ္ထတရားစသည်ဖြင့် ခေါ်ဆိုအပ် ကြရလေသည်၊ လက်တွေ့လောကဓာတ်နည်းတွေကလည်း ထောက်ခံထားသည်ကို တွေ့ရှိကြရလေပြီ၊ မိမိပြုထားသော ကောင်းမှု,ဆိုးမှုအစုစုတို့သည် မိမိတို့ပြုသူထံသို့ တန်ပြန် မရောက်လာမခြင်းမျိုးမပျက်၊အခွင့်သင့်ချိန်တွင်မုချရောက် ရှိခံစားရအံ့သတည်း။

## ကံအကြောင်း

နိုင်ငံရေး, စီးပွားရေး, လူမှုရေး, လောကဓာတ်မှု တည်းဟူသောအယူဝါဒ ပညာရပ်အသီးသီးတို့အထဲတွင် အရင်းခံဖြစ်သည့် ကံ,ဉာဏ်, ဝီရိယ ၃-ပါးအနက် ဉာဏ် ဝီရိယကိုသာ ယုံကြည်မှု, အားကိုးမှု, ပဓာနထားကြပြီး ကံအရာမှာကား လောကီပစ္စုပ္ပန် မျက်မှောက်ကံလောက် သာ လက်ခံယုံကြည်မှုရှိကြသော အယူဝါဒများဖြစ်ခြင်း ကြောင့် အသိမစုံ လမ်းမကုန်၍ တိကျမှန်ကန်သော အဖြေမှန် မထွက်ပေါ်လာခြင်းဖြစ်နေကြရလေသည်။

## လေးလေးနက်နက်စဉ်းစားဘတ်ပါ

လောကဓာတ်ကမ္ဘာတွင် ဗုဒ္ဓတွေ့ရှိသိမြင်တော်မူသော ရုပ်နှင့် လောကဓာတ်တွေ့ရုပ်တို့သည် ကွာချင်တိုင်း ကွာခြား၍ ကျန်ရှိနေကြသည့်နည်းတူ ယခုကံအရာတွင်လည်း ဗုဒ္ဓဟောပြချက်တခုကို ထုတ်ပြပါဦးအံ့၊ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ တောဒေယျအမည်ရှိသော ပုဏ္ဏားတ၏သားသုဘလုလင်သည် မြတ်စွာဘုရားကို လျှောက်ထား သည်မှာ "အရှင်ဘုရား…. ဤလောကတွင် မှီတင်း နေထိုင်လျက်ရှိကြပါသော သူအပေါင်းတို့သည် လူချင်းချင်းသာဖြစ်ကြပါကုန်လျက် အရာရာမှာ ညီတူညီမျှမဟုတ်ဘဲ အယုတ်အမြတ်ကွဲလွဲခြားနား၍ နေကြပါသည်၊ထူးခြားကြပုံမှာ—

(၁) အချို့သောသူတို့သည် အသက်တို၍ အချို့ကား အသက်ရှည်ကြပါကုန်သည်။

(၂) အချို့သောသူတို့မှာ မကျန်းမမာ အနာရောဂါများ၍ အချို့ကားရောဂါကင်းရှင်း ကျန်းမာခြင်းနှင့်ပြည့်စုံကြပါသည်။

(၃) အချို့သောသူတို့အရုပ်ဆိုး၍ အချို့ကား အဆင်းလှကြပါ၏။

(၄) အချို့ဘုန်းတန်ခိုးနည်းပါး၍ အချို့ဘုန်းတန်ခိုးကြီးမားကြပါသည်။

(၅) အချို့ဉစ္စာပါးရှား နွမ်းပါးဆင်းရဲကြ၍ အချို့ကား ချမ်းသာကြွယ်ဝပစ္စည်းပေါများကြပါသည်။

(၆) အချို့ကား အမျိုးအနွယ်နိမ့်ကျသေးသိမ် ဂုဏ်တန်ခိုးမိုန်၍ အချို့ကား အမျိုးအနွယ် ကြီးကျယ်မြင့်မြတ်ဂုဏ်ကြက်သရေတိုးတက်ကြပါသည်။

(၇) အချို့မှာ ထိုင်းမှိုင်းထုအ ဉာဏ်ပညာ နည်းပါးကြ၍ အချို့သောသူတို့ကား အရာရာသိမြင်ပညာရှင်ကြီးများဖြစ်ကြပါသည်။

ဤကဲ့သို့ ကွဲလွဲထူးခြားရခြင်းသည် အဘယ်အကြောင်းကြောင့်ပါနည်းဘုရား”ဟု နားတော်လျှောက်လေ၏။

ထိုအခါ မြတ်စွာဘုရားက “သုဘ အမည်ရှိသောလုလင်‥လူများတွင်သာမက အလုံးစုံသောသတ္တဝါဟူသမျှတို့မှာ ကံသာလျှင် ဥစ္စာရှိကြသည်ဖြစ်၍ ကံ၏အမွေခံများသာဖြစ်ကြကုန်၏၊ ကံသာလျှင် အမျိုး, ကံသာလျှင် အဆွေခင်ပွန်း, ကံသာလျှင် ကိုးကွယ်ရာ ရှိကြကုန်၏၊ အယုတ် အမြတ် အမျိုးမျိုး အစားစား ထူးခြား ကွဲလွဲလေအောင် ကံသာလျှင် ရွက်ဆောင် ခွဲဝေခြင်းပြုသည်ဟု အကျဉ်းချုပ်အားဖြင့် ဟောကြားတော်မူ၏၊ ဤသို့ဆိုးမတော်မူသောစကားတွင်ပါသော ကံ၏အဓိပ္ပါယ်ကို ချဲ့ထွင်ရှင်းလင်း၍သိအပ်၏၊ “ကံ”ဆိုသောစကားသည် မြန်မာများက ပါဠိကိုအတိုကောက် ဖြတ်ခေါ်ထားသော စကားဖြစ်သည်၊ ပါဠိအားဖြင့် “ကမ္မ” ဟု ခေါ်ဆိုသည်၊ ၎င်းပါဠိတော်လာ ကမ္မ-သဒ္ဒါသည်၊ (ဝါ) ကမ္မဟူသည်ပြုလုပ်သောအမှုကို ခေါ်သည်၊ ကိုယ်နှင့်ပြုသမျှ ကာယကံမှု, နှုတ်နှင့်ပြောသမျှ ဝစီကံမှု, စိတ်နှင့်ကြံစည်တွေးတောသမျှ မနောကံမှု၊ ဤအမှု ၃-မှုလွတ်၍ အလုပ်မဖြစ်နိုင်ကြလေ၊

ထို့ကြောင့် သတ္တဝါအပေါင်းသည် မိမိတို့ ပြုလုပ်သော အမှုအတိုင်းသာဖြစ်ကြရသည်-ဟု ဆိုလို၏။

[အကြောင်းခံနှင့်တူသောအကျိုးရရှိပုံ,အကြောင်းကင်း၍မဖြစ်နိုင်ပုံ, အကြောင်းအားလျော်စွာသာ ဖြစ်ရှိနေကြပုံတို့မှာလောကဓာတ်ခံကျင်း၌တွေ့ရှိခဲ့ကြလေပြီ။]

ထို့ကြောင့် ကံဆိုတာ သတ္တဝါတို့သည် မိမိတို့ ပြုလုပ်သောအမှုအတိုင်းသာဖြစ်ကြရသည်-ဟု ဆိုလိုသည်၊ ချမ်းသာစေတတ်သောအမှုကို ပြုလုပ်လျှင် ချမ်းသာမည်ဖြစ်၏၊ ဆင်းရဲစေတတ်သောအမှုကိုပြုလုပ်လျှင် ဆင်းရဲမည်ဖြစ်၏၊ ဥစ္စာပစ္စည်း ရစေတတ်သည့် ကုန်သွယ်, လယ်လုပ်ခြင်းစသည့်အမှုကို ပြုလုပ်လျှင် ဥစ္စာပစ္စည်းရမည်ဖြစ်၏၊ ပညာကိုရစေတတ်သော သင်ကြားမှု, လေ့လာမှုကို ပြုလုပ်လျှင် ပညာရမည်၊ ပညာတတ်မည်ဖြစ်၏၊ ပမာ–ကျောင်းသူကျောင်းသား,စာသင်သူ စာသင်သားများသည် စာမေးပွဲဝင်ရောက်ဖြေဆိုကြရာ၌ အချို့အောင်မြင်၍ အချို့ကျရှုံးကြလေ၏၊ ထိုအခါ အောင်, ရှုံးမှုတို့ကို စိစစ်ကြည့်သည်ရှိသော်–

(၁) ကျရှုံးစေတတ်သည့် အချက်အလက်တို့မှ ကျရှုံးစေတတ်သောအမှု ပြုလုပ်သောသူသည် ကျရှုံး၏၊ ကျရှုံးစေတတ်သောအမှုသည်ကား အတန်းထဲမှာဆရာ့စကားကို ကောင်းစွာ နားမထောင်ခြင်း, ကျက်ရမည့်စာကို မကျက်ခြင်း, ဘတ်ရမည့်စာကို မဘတ်ခြင်း, ပေါ့ပေါ့ရော့ရော့နေခါ စာကိုဂရုမစိုက် မကြိုးစားခြင်းတို့ပင်ဖြစ်၏၊ ထိုအမှုကိုပြုသောသူသည် အမှန်ပင်စာမေးပွဲကျရှုံးမည်ဖြစ်၏။

(၂) စာမေးပွဲအောင်မြင်စေတတ်သော အမှုကို ပြုသူသည် အမှန်အောင်မြင်၏၊ အောင်မြင်စေတတ်သော အမှုဟူသည်မှာ-ဆရာသင်ကြား ပြသသမျှ လေ့ကျင့်ခန်းကို လိုလိုချင်ချင် စိတ်ပါလက်ပါ ကောင်းမွန်ရှိသေစွာ ဂရုစိုက်၍ နားထောင်ခြင်း, ကျက်ရမည့်စာကို ကျက်ခြင်း, ဘတ်ရမည့်စာကို ဘတ်ခြင်း, စိတ်ပေါ့ရော့ လေလွင့်မှုမရှိဘဲ အမြဲဂရုစိုက်၍ စာထဲမှာသာစိတ်ပါဝင်စားခြင်းတို့ပင် ဖြစ်၏။

ထိုနည်းတူစွာ ရောင်းသည်,ဝယ်သည်, ရှုံးသည်, မြတ်သည်,အကြံအစည်ပြုသည်, အကြံအောင်သည်, မအောင်သည်-စသည်ဖြင့် အရာရာ ဆက်စပ်မြှော်တွေး စိစစ် စစ်ဆေး၍ ကောင်းမှု, မကောင်းမှု ပြုပြုသမျှ အကြောင်းအမျိုးမျိုးတို့မှ-ကောင်းကျိုး,ဆိုးကျိုးအမျိုးမျိုးတို့ ဖြစ်ပေါ်လာပုံကို မြင်အောင် "ကံ, ကံ၏ အကျိုး" ယုံကြည်မှုရအောင် စတင်၍ ကြိုးစားအပ်လှပေတော့သတည်း၊ ထိုအယူသည်ပင်လျှင် နောက်ပိုင်း ဖော်ပြမည့် "ဗုဒ္ဓဝါဒ၏ အခြေခံ အဆင့် ၃-ဆင့်အနက် ပထမအဆင့်မျှရှိပေသေး၏၊ အလျဉ်းသင့်၍ ဆက်လက်ဖော်ပြပါဦးအံ့။

## ဗုဒ္ဓဝါဒ၏အခြေခံ ပဌမဆင့်

ဗုဒ္ဓဘာသာမှတပါး အခြား ဘာသာခြားတို့ကမူကား သတ္တဝါ အပေါင်းတို့သည် ဘုရားသခင်၏ အလိုတော်ကျသာဖြစ်ကြရကုန်၏-ဟု ဘုရား အားကိုးစကားကို တွင်တွင်ကြီး ပြောကြကုန်၏၊ ဘယ်လိုပင် ပြောသော်လည်း

ပြောသည်အတိုင်း ဘုရားကိုသာ အားကိုးပြီးလျှင် မည်သည့်နေရာမှာမှ "ကံ" တည်းဟူသော "ပြုလုပ်မှု" ကို လက်မလွှတ်ဝံ့ကြချေ၊ ဘာသာခြား အမျိုးသားတို့ ဥစ္စာကို လိုသောအခါ ဘုရားထံမှ ဥစ္စာပေးတော်မူပါဟု အားကိုး ဆုတောင်း၍မနေဝံ့ဘဲ ဥစ္စာကိုရစေတတ်သော ကုန်သည်မှု စသည်တို့ကိုသာ ပြုလုပ်ကြရလေသည်၊ ပညာတတ်လိုက ပညာရှာ၍၎င်း, မကျန်းမမာရှိပါက ဆေးဝါးအားကိုး မှီဝဲ၍၎င်း- စသည်ဖြင့် "အကြောင်းအားလျော်စွာသော အမှုအလုပ်""အမှုအလုပ်အားလျော်စွာသောအကြောင်း တွေ" ပေါ်မှာသာသတ္တုချ၍ လုပ်ကိုင်နေထိုင်ကြရခြင်းမှာ အထူးလင်းပါးဘွယ်ရာမရှိတော့ချေ။

တဖန် ဘုရားသခင်က အလိုရှိရာ အဖြာဖြာကို ပေးကျွေးသည်ဟု ဆိုရာတွင်လည်း ပေးကျွေးသည်ပင် ရှိစေဦးတော့၊ လူတိုင်းကို ပေးမိပေးရာ၌ အရမ်းမဲ့ ပေးကျွေးလိမ့်မည်မဟုတ်၊ ထိုကဲ့သို့ အရမ်းပေးသည် ဟူ၍လည်း ဘာသာကွဲလူမျိုးတို့က ယုံကြည် ပြောဆို ဝံ့ကြမည်မဟုတ်၊ ဘုရားသခင်ကို ယုံကြည်ခြင်း, ရိုသေမြတ်နိုးခြင်း, ပညတ်တော်များကိုလိုက်နာခြင်း, ရှိခိုးဆုတောင်းခြင်း အမှုတို့ကို ပြုလုပ်သောသူများအားသာလျှင် ဘုရားသခင်က အလိုရှိရာ ပေးကမ်း ကယ်မတော်မူသည်ဟူ၍သာ ပြောဆို ကြမည် ဖြစ်၏၊ ဤသို့ပြောဆိုရာမှာလည်း "ပြုလုပ်မှု" တည်းဟူသော "ကံ" ကို ဖယ်ရှားလွှန်ဆန်ဝံ့နိုင်တော့မည် မဟုတ်ချေ၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင် ကယ်မတော်မူရာမှာ ၎င်းကိုယုံကြည်ခြင်း စသည်ပြုလုပ်မှုရှိမှ ပြုလုပ်မှု

အတိုင်းသာ ဖြစ်ကြရသည်ဟု အမိပ္ပါယ် သက်ရောက်တော့၏။

သို့ဖြစ်၍ သတ္တဝါအပေါင်းတို့မှာ မိမိတို့ပြုလုပ်သော အမှုအတိုင်းသာ (ဝါ)ကံအတိုင်းသာ ဖြစ်ကြရသည်ဟု မှတ်ယူအပ်၏၊ "ပြုလုပ်မှု"နှင့် လွတ်ကင်း၍ သတ္တဝါတို့၏ ချမ်းသာခြင်း,ဆင်းရဲခြင်း စသည်ဖြစ်ပေါ်နိုင်ပါသည်-ဟု ကမ္ဘာတဝှမ်းလုံးတွင် မည်သူတဦးတယောက်မျှ ထင်ရှားအောင် သာဓကအကြောင်းယုတ္တိနှင့် ဖော်ပြနိုင်ကြလိမ့်မည် မဟုတ်ကြောင်းကို သတိပြုအပ်လေတော့၏။

### မေးမြန်းဘွယ်

မေး။ ။ဤနေရာတွင် ဆင်ခြေတက်နိုင်ခွင့် ရှိသည်ကား အချို့ ကြီးပွားချမ်းသာခြင်း အကြောင်းကို တစုံတရာမကြံစည်ဘဲ အမှတ်မဲ့နေသောသူတယောက်ကို အစိုးရမင်းများကဖြစ်စေ,သူဌေးကြီးများကဖြစ်စေ၊ အလိုလိုခေါ်၍ ရာထူးပေးခြင်း, အလုပ်ပေးခြင်းတို့ကို ပြုလုပ်ခဲ့ပါလျှင် ထိုသူသည် ရာထူးရကြောင်း, အလုပ်ရကြောင်း "ပြုလုပ်မှုနှင့်ကင်း၍" ကြီးပွားချမ်းသာခြင်းကို ရောက်သည် မဟုတ်ပါလော၊ ထို့အတူ သွားရင်း,လာရင်း ရွှေအိုး, ငွေအိုးတို့ကို တွေ့ကြုံရရှိသောအခါ ထိုသူသည် ဥစ္စာရကြောင်း "ပြုလုပ်မှုနှင့်ကင်း၍ ဥစ္စာရလာသည်မဟုတ်ပါလော-ဟူ၍ (စောဒကချက် ဝင်စရာ)မေးရန်ရှိ၏။

ဖြေ။ ။ဤအမေးကို ဖြေကြားနိုင်ရန်, တိကျမှန်ကန်စွာ ဆုံးဖြတ်နိုင်ရန် အောက်တွင် ရှင်းလင်း ဖော်ပြမည့် အချက်များကို အထူးဂရုပြုပါ၊ "ပြုလုပ်သောအမှုကို" ကံ-ဟုမှတ်သားထားပါ၊ "ကံ" ဟုတွေ့လျှင်လည်း ပြုလုပ်သော အမှုဟု သိရှိထားပါ၊ လောက၌ ကောင်းသောအမှုကိုဖြစ်စေ, မကောင်းသောအမှုကိုဖြစ်စေ၊ ပြုလုပ်လိုက်ရာမှာပါ သည်၊ ပြုလုပ်ဆဲ,ပြုလုပ်ပြီးအမှုကိုပင် စေတနာဟူ၍၎င်း, ကံ ဟူ၍၎င်း ခေါ်၏၊အရင်းအဖျားသာကွာခြား၏၊(စေတနာသည်ပင်-ကံ၊ကံသည်ပင်စေတနာ) လှူဒါန်းပေးကမ်းရာမှာ ထိုလှူဒါန်းပေးကမ်းမှုပြီးမြောက်အောင် ရွက်ဆောင် ဖြစ်ပေါ်လာသော စေတနာသည် ဒါနကံမည်၏၊ သူတပါး အသက်ကို သတ်ရာမှာ မသေသေအောင် စေ့ဆော်ရွက် ဆောင်ဖြစ်ပေါ်သော စေတနာသည် ပါဏာတိပါတကံ မည်၏၊ အခြားသော အမှုအလုပ်တို့မှာလည်း ဤနည်း အတိုင်းသာတည်း၊ သို့ဖြစ်၍မြတ်စွာဘုရားကလည်း "စေ တနာသည်ပင် ကံ" ဟု မိန့်တော်မူပြီ။

ကောင်းမှု ပြုလုပ်ရာ၌ဖြစ်စေ, မကောင်းမှု ပြုလုပ်ရာ၌ဖြစ်စေ၊ဖြစ်ပေါ်လာသောထိုစေတနာသည် ချုပ်၍သွား သော်လည်း မိမိ၏ တန်ပြန်တူသောအကျိုးတို့ကိုဖြစ်စေ နိုင်သော သတ္တိအာနုဘော်ကိုကား ချန်ထားခဲ့လေသည်၊ ထိုသတ္တိအာနုဘော်သည် မိမိဆိုင်ရာကောင်းကျိုး,မကောင်း ကျိုးတို့ကို မပေးရသေးသမျှ ဘဝပေါင်းမည်မျှလောက်ပင် လှည့်လည်ကူးပြောင်း ကြာမြင့်စေကာမူ အချည်းနှီး တိမ် ကော ပပျောက်၍ကား မသွားနိုင်၊ သို့ဖြစ်၍ ကျွန်ုပ်တို့ သန္တာန်မှာ ရှေးရှေးဘဝများက ပြုလုပ်ဖြစ်ပေါ်ခဲ့ပြီးလျှင်

အကျိုးမပေးရသေးသဖြင့် အစဉ်လိုက်ပါနေကြသော ကံတွေလည်းရှိသည်၊ ထိုကံစုကို "အတိတ်ကံ"ဟု ခေါ်သည်၊ ယခုဘဝတွင် ပြုလုပ်ဖြစ်ပေါ်သောကံစုကိုကား "ပစ္စုပ္ပန်ကံ"ဟုခေါ်အပ်၏၊ဤသို့လျှင်ကံသည်(အတိတ်ကံ-ပစ္စုပ္ပန်ကံ)ဟူ၍ ၂-ပါးရှိကြောင်းကို အထူးသတိပြုပါလေ။

[ဤနေရာ၌ ကမ္ဘာ့စတုက္က ၁၆-နည်း စက်လှည့်ကာ အင်္ဂတိမင်းကြီးတို့ မိဇာကကျွန်တို့၏ တိုစေတာင်း အားသေးလှသော အတိတ် ၇-ဘဝမြင် ဇာတိဿရဉာဏ်ရှင်တို့သော်မှ ကံသခ်ါရ၏ဆန်းကြယ်ပုံ ဉာဏ်မှီမမြင်နိုင်၍ အယူမှားပုံတို့ကိုပါ ဇာတ်ထုတ်သွင်းပြရပါမူကား ထို့ထက်ပင် ကွက်ကွက်ကွင်းကွင်း ရှိရပါ၏၊ သို့ရာတွင် နောက်ကဏ္ဍများကို ငဲ့၍ လျစ်လျူရှုရတော့အံ့။]

ယခုလူအပေါင်းတို့သည် ချမ်းသာဆင်းရဲအမျိုးမျိုးတွေ့ကြုံ၍ နေကြရခြင်းသည် များသောအားဖြင့် ယခုဘဝပြုလုပ်သည့် ပစ္စုပ္ပန်ကံအတွက်သာဖြစ်၏၊ တနေ့ တကျပ်တန်အလုပ်ကိုလုပ်၍ ငွေတကျပ်ရသော အလုပ်သမားမှစ၍ အဆင့်ဆင့် ထိုက်တန်လောက်အောင် အလုပ်ကိုလုပ်၍ ထိုက်တန်သမျှ ငွေရသောသူတို့အား ရှေးအတိတ်ကောင်းမှုကံက အကျိုးပေးသည်မဟုတ်၊ ယခု ပစ္စုပ္ပန်ကောင်းမှုကံကသာ အကျိုးပေးသည်၊ ခိုးခြင်း, တိုက်ခြင်း, လူကိုသတ်ဖြတ်ခြင်းစသော မကောင်းမှုကံတို့ကို ပြုသောသူတို့အား ထိုက်သက်ရာအပြစ်ကိုပေးလိုက်သဖြင့် ဆင်းရဲဒုက္ခအပြစ်ဒဏ်ခံရခြင်းသည် ရှေးရှေးဘဝ အတိတ်ကံအတွက်မဟုတ်၊ ယခုဘဝပြုလုပ်အပ်သော ခိုးမှု, တိုက်မှု, သတ်ဖြတ်မှု ပစ္စုပ္ပန်ကံအတွက်သာဖြစ်သည်ဟု မှတ်ယူအပ်၏။

ရှေးကအမေးစကားတွင် ဖော်ပြခဲ့ပြီးသည့် အတိုင်း ယခုဘ၀တွင်ချမ်းသာစေတတ်သော အမှုကံတို့ကိုမလုပ်ဘဲနှင့် ချမ်းသာလာခြင်း, ဒုက္ခတွေ့စေတတ်သော အမှုကိုမလုပ်ရဘဲနှင့် ဒုက္ခတွေ့ရခြင်းတို့သည် ယခုဘ၀ ပစ္စုပ္ပန်ကံအတွက်မဟုတ်၊ အဟုတ်သော်ကား ရှေးရှေးဘ၀တို့ကလိုက်ပါလာသော "အတိတ်အမှုကံ"အတွက်သာဖြစ်သည်၊ သို့ဖြစ်၍ ပြခဲ့ပြီးသောအမေးကို ယခုဘ၀တွင် ဆိုင်ရာအမှုကံကို မပြုသည်မှန်စေကာမူ ရှေးရှေး အတိတ်ဘ၀တို့ကလိုက်ပါလာသည့် အတိတ်အမှု ကံကြောင့်သာ ဖြစ်ရ၍မည်သည့်အရာမျိုးမှာမှ အမှုကံနှင့်မကင်းနိုင်ဟူ၍ ဖြေဆိုအပ်၏။

### အတိတ်ကံ ၂-မျိုး

ရှေးအတိတ်ကံသည်လည်း အားကြီးသော အတိတ်ကံ, အားသေးသောအတိတ်ကံ-ဟူ၍ ၂-မျိုးခွဲခြား မှတ်သားရာ၏၊ ထို ၂-မျိုးတို့တွင်—

(၁) အားကြီးသော အတိတ်ကံသည်-ယခုဘ၀ ပစ္စုပ္ပန်ကံ၏ အထောက်အပံ့မရဘဲနှင့်ပင် အကျိုးကိုပေးနိုင်၏၊လောကဓာတ်မှန်ပြောင်းနှင့် အကြောင်းရှာ၍ တွေ့နိုင်သော အရာမဟုတ်သဖြင့် လက်မခံနိုင်ခြင်းသည်လည်း ဘာမျှ မထူးဆန်းလှပေ၊ "ဘာဘုန်းကံလဲ" ဟူသော လောကဓာတ် ရုပ်ဝါဒ အစွဲသန်သူများ သတိပြုဘွယ်ကောင်းလှ၏။

(၂) အားသေးသော ရှေးအတိတ် ကံသည်ကား ယခုဘ၀ ပစ္စုပ္ပန်၏အထောက်အပံ့ကိုရရှိမှသာ အကျိုးကိုပေးနိုင်ကြ၏။

ဥပမာ— အားကြီးစွာသောအဟုန်ဖြင့် စီးဆင်းလာသောရေသည် နေရာတိုင်းကို တခါတည်း လွှမ်းမိုးပြီးနှံ့ စီးဆင်းသွား၏၊ မည်သည့်နေရာကိုမျှ ရှောင်လွှဲ၍ပေးနေရန်မလို၊ အားသေးသောရေသည်ကား ရှောင်လွှဲပေးမှသာ လိုရာသို့ရောက်နိုင်တော့၏။ အလွန်အားသေးလွန်းမူကား ရှောင်လွှဲ၍ပင် မရနိုင်သကဲ့သို့တည်း။

သို့ဖြစ်၍ ပစ္စည်းဥစ္စာကိုအလိုရှိသောသူသည် ရှေးရှေးဘဝတို့က အတိတ်အမှုကံများ အခန့်သင့်ပါက ဝင်ရောက်၍အကျိုးပေးလွယ်အောင် ယခုဘဝ ပစ္စည်းဥစ္စာရကြောင်း ပစ္စုပ္ပန်အမှုကံကို ပြုလုပ်ကြရမည်၊ အခွင့်သင့်လျှင် ရှေးအတိတ်ကံများဝင်ရောက်၍ အကြီးအကျယ်အကျိုးပေး၏၊ ရှေးအတိတ်ကံ မဝင်ရောက်နိုင်လျှင် သာမညဖြစ်သော အကျိုးကိုသာရနိုင်၏၊ မည်သူမဆို ဝင်ရောက်လုပ်ကိုင်က ငွေ ၁၀၀ိ(တရာ) သာရနိုင်မည့်အလုပ်မျိုးကို တဦးတယောက်သောသူ ဝင်ရောက်လုပ်ကိုင်၍ (ငွေတရာ)သာရလျှင် ရှေးအတိတ်ကံမဝင်မပါ၊ ပစ္စုပ္ပန်ကံအတွက်သာဖြစ်၏၊ သို့မဟုတ်ဘဲ ငွေ-၁၀၀ိ (တထောင်) စသည်ဖြင့်ရရှိလာလျှင် ရှေးအတိတ်ကံပါဝင်လာသည်ဟု သိအပ်၏။

မကောင်းမှုကံအရာ၌လည်း ထောင်မှာ (တနှစ်သာ) ကျစေနိုင်သော အမှုမျိုးကိုပြုလုပ်မိ၍ (တနှစ်သာ)ကျလျှင် ပစ္စုပ္ပန်ကံအတွက်သာ ဖြစ်၏၊ ၁၀-နှစ် (ဆယ်နှစ်)ကျသွားလျှင် ရှေးအတိတ်ကံပါဝင်လာသည်ဟု မှတ်အပ်၏၊ သို့ဖြစ်၍ မကောင်းမှုအရာမှာ ရှေးရှေးဘဝတို့က မှားယွင်းပြုလုပ်မိခဲ့သည့် အတိတ်မှုကောင်းမှုကံတွေ လာရောက်ပါ

ဝင်၍ မကောင်းကျိုး မပေးရလေအောင် ရေမြောင်းသ ဘွယ်ဖြစ်သော ယခုဘဝပစ္စုပ္ပန် မကောင်းမှုကံတွေကို မပြု လုပ်ဘဲ အားထုတ်ရှောင်ကြဉ်ကြရာသည်။

## ကံသာလျှင် မိမိတို့ဥစ္စာ

ဤသို့လျှင် သတ္တဝါအပေါင်းတို့သည် ရှေးရှေးအတိတ် ကံနှင့် ယခုဘဝပစ္စုပ္ပန်ကံ ၂-ပါးတို့ကို ရှောင်ရှားငြင်းပယ် ခြင်းငှါမတတ်နိုင်ဘဲ ထိုကံ ၂-ပါးတို့ စီမံသည့်အတိုင်းသာ ဖြစ်ကြရလေသောကြောင့် အလုံးစုံသော သတ္တဝါတို့မှာ ကံသာလျှင် မိမိတို့ဥစ္စာအစစ်ဖြစ်၏။

[ထိုနေရာသည် (လောကဓာတ် သတ္တဗေဒ သဘော တရား)နှင့် မြင်နိုင်သောအရာ မဟုတ်သည်ကိုလည်း သတိပြု သင့်၏။]

ရွှေ,ငွေစသည်တို့သည် ပိုင်ဆိုင်သည့်ဥစ္စာစစ် မဟုတ်ကြ ကုန်၊ အဘယ့်ကြောင့်နည်းဟူမူ ၎င်း ရွှေ,ငွေ စသည်တို့ကို မသုံးရက် မစွဲရက် မည်ကဲ့သို့ပင် နှစ်သက်သိမ်းဆည်းထား ပါသော်လည်းရန်သူတို့နှင့်တွေ့ကြုံလျှင်ထိုရွှေ,ငွေတို့အတွက် ပင် မိမိမှာ ဘေးရောက်လာတတ်ခြင်း, ရန်သူမျိုးငါးပါး ဖျက်ဆီးရာသို့လိုက်ပါ ပျက်ဆီးတတ်ကြခြင်း, မိမိသေလွန် သောအခါ မည်မျှလောက် ဥစ္စာပစ္စည်း များပြားစေကာမူ တပြားတချပ်မျှနောက်ဘဝသို့ယူ၍ မသွားနိုင်ဘဲအလုံးစုံကို စွန့်ပစ်၍ထားခဲ့ရခြင်းတို့ကြောင့်ဖြစ်၏၊သို့ဖြစ်၍ ကံသာလျှင် မိမိတို့ ဥစ္စာအစစ်ဖြစ်ကြောင်းကို ယုံကြည်အပ်၏၊လောက မှာ သားသမီးကောင်းကို မွေးရသည့် မိခင်ဘခင်တို့သည် ထိုသားသမီးများအတွက် စိတ်ချမ်းသာကြရခြင်းအကျိုးကို

ရကြ၏၊ သားသမီးဆိုးမွေးရသည့် မိခင်ဘခင်တို့မှာ ထို သားသမီးများအတွက် စိတ်ဆင်းရဲရခြင်း ဒုက္ခနှင့် တွေ့ကြုံ ကြရ၏။

ထိုသို့ ဒုက္ခတွေ့ကြုံရသော်လည်း သားသမီးဖြစ်နေသ ဖြင့် မစွန့်ပစ်နိုင်ဘဲ ကြိတ်ခဲ၍သာ ဒုက္ခခံကြရသကဲ့သို့ ထို့ အတူ ကောင်းမှုကံ, မကောင်းမှုကံတို့ကို ပြုလုပ်ကြသော သတ္တဝါတို့သည် နိဗ္ဗာန်သို့ မတိုင်ရောက်သေးသမျှ ထိုကံတို့ ကို ပယ်ရှားစွန့်ပစ်ခြင်းငှါ မတတ်ကောင်းသောကြောင့် သံသရာတလျှောက်လုံးမှာ မိမိတို့နောက်သို့ အစဉ်တစိုက် လိုက်ပါပြီးလျှင် သားသမီးကောင်းနှင့် အလားတူသော ကောင်းမှုကံ အခွင့်ရသည့်အခါမှာ ချမ်းသာသုခနှင့်တွေ့ ကြုံပြီးလျှင်,သားသမီးဆိုးနှင့် အလားတူသော မကောင်းမှု ကံအခွင့်သာသည့်အခါ ဆင်းရဲဒုက္ခ တွေ့ကြုံကြရမည်ဖြစ်၏။

လောက၌ မိဘတို့သည် သားဆိုး သမီးဆိုး မွေးမိသည့် အတွက် ဆင်းရဲဒုက္ခတွေ့ကြုံရသော အခါ နောက်ထပ် သားဆိုး သမီးဆိုး မွေးရန် အလျှင်းအလိုမရှိသကဲ့သို့ ထို့ အတူ ဆင်းရဲဒုက္ခတွေ့ကြုံရသော သတ္တဝါ တို့သည် ငါတို့ ပြုလုပ်မိသော မကောင်းမှုကံ အတွက် ငါတို့ ဤကဲ့သို့ ဆင်းရဲဒုက္ခနှင့် တွေ့ကြုံရချေသည်၊ မကောင်းမှုကံဟူသည် စက်ဆုပ်ဘွယ် ကောင်းလေစွ-ဟု မိမိတို့ သန္တာန်မှာ နောက်ထပ် မကောင်းမှုကံ ဖြစ်ပေါ်မည့်အရေး မြော် တွေးကြောက်ရွံ့ကြပြီးလျှင် အထူးဂရုပြု၍ ရှောင်ကြဉ်ရာ၏။

တနည်းအားဖြင့် လောက၌ အချို့သော မိဘတို့သည် သားသမီးပင်ဖြစ်စေကာမူ အမြဲဆင်းရဲဒုက္ခဖြစ်အောင်သာ

ပြုလုပ် နေခဲ့ပါလျှင် ထိုသားသမီးဆိုးတို့ကို အမွေပြတ် တခါတည်းစွန့်ပစ်၍ ကိုယ့်သားသမီးဟူသော အမှတ်ကို မထားဘိသကဲ့သို့ငှင်း ဆင်မြင်းကျွဲ နွားတို့ပိုင်ရှင်ဖြစ်သူသည် မိမိကိုဒုက္ခပေးမည့် ဆင်ဆိုး, မြင်းဆိုး စသည်ဖြစ်ပါလျှင် မကြာမီပင် ၎င်းတို့ကို မိမိဥစ္စာအဖြစ်လက်ခံမွေးမြူမထား လိုတော့ဘဲ သူတပါးသို့ ရောင်းခြင်း,ပေးခြင်း စသည်တို့ ဖြင့် စွန့်ပစ်လိုက်ကြသကဲ့သို့ငှင်းထို့အတူ ပြုလုပ်၍ဖြစ်သော ကံချင်းပင်တူစေကာမူ မကောင်းမှုကံတို့မည်သည် ငါ၏ ဆင်းရဲဒုက္ခကိုသာအခွင့်ရတိုင်းပေးမည်ဖြစ်၍ ငါ၏ဥစ္စာဟု သဘောထား ထိုက်သည်မဟုတ်၊ တတ်နိုင်သမျှ ကြိုးစား အားထုတ်၍ စွန့်ပစ်ပယ်ရှားရှောင်ကြဉ်ရမည့်တရားတို့သာ ဖြစ်ကြ၏။

ကောင်းမှုကံတို့သည်ကား အခွင့်ရတိုင်း ငါ၏သုခ ချမ်းသာကိုသာပေးမည်ဖြစ်၍ ထိုကောင်းမှုကံတို့သည်သာ လျှင် သိမ်းဆည်းရှာမှီးစုဆောင်းအပ်သော တရားများဖြစ် ကြသည်၊ လောက၌ ရွှေ,ငွေ ဥစ္စာရှိသောသူသည် ချမ်း သာ၍ ရွှေ,ငွေဥစ္စာမရှိသောသူသည် ဆင်းရဲသကဲ့သို့ ထို့ အတူ ကောင်းမှုကံ တည်းဟူသော ကိုယ်ပိုင်ဥစ္စာရှိခဲ့လျှင် ချမ်းသာမည်၊ ကောင်းမှုကံတည်းဟူသော ကိုယ်ပိုင်ဥစ္စာ မရှိလျှင် ဆင်းရဲမည်၊ ကောင်းမှုကံသာ ငါ့ဥစ္စာဖြစ် တော့သည်ဟု ဆင်ခြင်အောက်မေ့ရာ၏။

(၁) ကံသာလျှင် ငါ့ဥစ္စာဖြစ်သည်၊ "မိမိအတွက် ဆင်ခြင်အောက်မေ့ရန်"။

(၂) ကံသာလျှင် မိမိတို့ ဥစ္စာဖြစ်သည်၊ "သတ္တဝါအများအတွက်"။

ပါဠိလိုအားဖြင့် "သဗ္ဗေ သတ္တာ ကမ္မဿကာ"– မြန်မာလို "အလုံးစုံသော သတ္တဝါတို့မှာ ကံသာလျှင် မိမိတို့ဥစ္စာ ဖြစ်ကုန်၏" ဟူသော စကားရပ်၏ အဓိပ္ပါယ်တည်း။

## ကံ၏အမွေခံ

အလုံးစုံသောသတ္တဝါတို့သည် ကံ၏အမွေခံ ဖြစ်ကြရပုံမှာ ပြခဲ့ပြီးသောအတိုင်း ကောင်းမှုကံကို ရှေးဘဝကဖြစ်စေ, ယခုဘဝမှာဖြစ်စေ၊ ပြုလုပ်သောသူသည် အခွင့်သင့်သည့်အခါတွင် ကောင်းကျိုးချမ်းသာတည်းဟူသော အမွေကိုအမှန်ခံယူရမည်ဖြစ်၏၊ မကောင်းမှုကံကိုပြုသောသူသည် မကောင်းမှုကံ အခွင့်တိုက်ဆိုင်လာသည့်အခါ မကောင်းကျိုးဆင်းရဲဒုက္ခတည်းဟူသောအမွေကို ခံယူရမည်ဖြစ်၏။ ကောင်းမှုကံဖြစ်စေ,မကောင်းမှုကံဖြစ်စေ၊ မိမိအကျိုးပေးခွင့်သင့်မှ, အကျိုးပေးခွင့်ရမှ, အခွင့်တိုက်ဆိုင်မှ အကျိုးပေးနိုင်ကြ၏၊ရှေးအတိတ်ကောင်းမှုကံအားကြီး၍ ကောင်းကျိုးပေးနေသောသူမှာ ယခုပစ္စုပ္ပန် မကောင်းမှုကံတွေမည်မျှလောက်ပင် ပြုနေစေကာမူ ချမ်းသာလျက်ပင်ရှိ၏၊ ပစ္စုပ္ပန် မကောင်းမှုကံ အကျိုးပေးခွင့်မရနိုင်၊ ထို့အတူ ရှေးအတိတ် မကောင်းမှုကံအားကြီး၍ မကောင်းကျိုးပေးနေသောသူမှာ ယခုပစ္စုပ္ပန် ကောင်းမှုကံတွေကို မည်မျှလောက်ပင်ပြုနေစေကာမူ၊ ဆင်းရဲဒုက္ခနှင့်သာ တွေ့ကြုံရ၏၊ ပစ္စုပ္ပန်ကောင်းမှုကံများ အကျိုးပေးခွင့်မရနိုင်သည်ကိုလည်း သတိပြုအပ်ပေသည်။

## ကံသာလျှင်ဆွေမျိုး,မိတ်ဆွေ

သတ္တဝါအပေါင်းတို့မှာ မိမိတို့ပြုလုပ်အပ်သောကောင်းမှုကံသာလျှင် အမျိုး အဆွေခင်ပွန်းဖြစ်၏၊ လောက၌ အမိ, အဘ စသော ဆွေမျိုးတို့သည်၎င်း, အလွန်ချစ်ခင်သော သူငယ်ချင်း မိတ်ဆွေခင်ပွန်းတို့သည်၎င်း အရေးရှိသော အခါချမ်းသာအောင် ဝိုင်းဝန်းစောင်မနိုင်ကြသည်ဆိုသော်လည်း သာမညသာတတ်နိုင်ကြသည်၊ မိမိတို့ကောင်းမှုကံသည်သာလျှင် အခွင့်သာက လိုရာပေါက်မြောက် ခရီးရောက်အောင် ရှက်ဆောင် စောင့်ရှောက် နိုင်လေသည်၊ သို့ဖြစ်သောကြောင့် ကောင်းမှုတို့သာလျှင် အကောင်းဆုံး, အားအကိုးရဆုံးသော အဆွေခင်ပွန်းကောင်းကြီးမည်၏။

## ကံသာလျှင်ကိုးကွယ်ရာ

ထို့အတူ မိမိတို့ကုသိုလ်ကံသာလျှင် ကိုးကွယ်ရာဖြစ်ကြကုန်၏၊ ဘေးရန် အန္တရာယ်အမျိုးမျိုးတို့နှင့် မတွေ့ကြုံစေရန်၎င်း,ချမ်းသာအမျိုးမျိုးတို့နှင့်ပြည့်စုံစေရန်၎င်း မိမိတို့၏ ကောင်းမှုကံသာလျှင် ရှက်ဆောင် စောင့်ရှောက်နိုင်၏၊ သို့ဖြစ်၍ မိမိတို့ကောင်းမှုကံသာလျှင် မိမိတို့ကိုးကွယ်ရာ အားထားရာ ဖြစ်လေတော့၏။

## မေးမြန်းဘွယ်

မေး။ ။ဤကိုးကွယ်ရာဟူသောစကားနှင့်စပ်၍''ဘာသာခြားတို့မှာ''ဘုရားသခင်သာလျှင် ကိုးကွယ်ရာ ဖြစ်သည်ဟု ယုံကြည်ကြသည်ဖြစ်၍ ဗုဒ္ဓဘာသာတို့က ကောင်းမှုကံသာလျှင် ကိုးကွယ်ရာဖြစ်သည်ဟု ဆို

လျှင် ဝင်းဗုဒ္ဓဘာသာတို့သည် ဘုရားကိုပစ်ပယ်ရာ မကျပါလော၊ ဘုရားကိုပစ်ပယ်လျှင် ကောင်း နိုင်ပါဦးမည်လော-ဟု မေးမြန်းတတ်ကြ၏။

ဖြေ။ ။ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားကို ပစ်ပယ်ကြသည် မဟုတ်,ဘုရားကို ကိုးကွယ် အားထား လျက်ပင် ဖြစ်၏၊ သို့ရာတွင် လောက၌ စည်းစိမ်ချမ်းသာတွေကို မြတ်စွာ ဘုရားကိုယ်တော်တိုင်က သတ္တဝါအများအား ထုတ်ပေး ကယ်မတော်မူသည်ဟု ယုံကြည်ကိုးကွယ် အားထားကြ သည်မဟုတ်၊လောကီစည်းစိမ်ချမ်းသာတွေကိုကားသတ္တဝါ များသည်မိမိတို့ဘာသာဘာဝအလျောက်ရှာဖွေရရှိအောင် အားထုတ်ပြုလုပ်ခြင်းငှါ စွမ်းနိုင်ကြသည်၊ လောကီသံသရာ ဝဋ်အတွင်းက လွတ်ကင်းထွက်မြောက်ရန် အရေးကိုကား မိမိတို့ဘာသာ မစွမ်းနိုင်ကြ၊ မြတ်စွာဘုရား ပွင့်တော်မူ၍ နည်းလမ်း ညွှန်ပြတော်မူမှသာလျှင် ထိုနည်းလမ်းကို လိုက် ကာ သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်နိုင်ကြ၏၊ (ဗုဒ္ဓ ဝါဒကဏ္ဍ၌ တွေ့ရှိရအံ့။)

ဤသို့လျှင် မြတ်စွာဘုရားသခင်သည် သံသရာဝဋ်မှ ကျွတ်လွတ်ရအောင် သတ္တဝါများ၏ ရှေ့ဆောင်လမ်းပြ ပုဂ္ဂိုလ်ကြီး ဖြစ်တော်မူသောကြောင့် သံသရာဝဋ်မှ ကျွတ် လွတ်ရေးအတွက် ကိုးကွယ်အားထားရာ ပုဂ္ဂိုလ်ကြီးအစစ် ဖြစ်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် နည်းလမ်းညွှန် ပြသောအားဖြင့် ဟောကြားတော်မူသည်၊ စကားဟုဆို အပ်သော တရားတော်သည်လည်း ကိုးကွယ်အားထားရာ အစစ်ဖြစ်ပြန်၏၊ တဖန် ထိုတရားတော်မြတ်တို့ကို ကောင်း

စွာလိုက်နာကျင့်ဆောင်၍ မပျောက်မပျက်ရအောင်ဆောင်ရွက် စောင့်ရှောက်နေတော်မူသော သံဃာတော်များသည်လည်း ကိုးကွယ်အားထားရာ အစစ်ဖြစ်ပြန်လေ၏၊ လောကဉ်မြတ်စွာဘုရားများ ထင်ရှားပွင့်တော်မူလာရခြင်းသည်လည်း သတ္တဝါများ လောကီစည်းစိမ်ချမ်းသာကိုရကြဖို့နည်းလမ်းညွှန်ပြရန် အတွက်မဟုတ်၊ သံသရာဝဋ်မှ ကျွတ်လွတ် ထွက်မြောက်ကြောင်းနည်းလမ်းကို ညွှန်ပြရန်သာအဓိကဖြစ်သည်ဟု မှတ်အပ်၏။

မေး။ "သံသရာဝဋ်မှ ကျွတ်လွတ်ရေးအတွက်မှာ မြတ်စွာဘုရားသည်ကိုးကွယ်အားထားရာ ဖြစ်သည်ဟုဆိုလျှင် အမှုကံတို့သည်ကား ထိုကျွတ်လွတ်ရေးမှာ ကိုးကွယ်ရာမဟုတ်ဟူ၍ မှတ်ရမည်လောဟု မေးရန်ရှိ၏။

ဖြေ။ "အမှုကံတို့ဟူသည် ရှေးက ဖော်ပြခဲ့ပြီးသောအတိုင်း မည်သည့်နေရာမှာမှ မလွတ်ကင်းနိုင်၊ မြတ်စွာဘုရားက မည်မျှလောက်ပင်နည်းလမ်းညွှန်ပြ၍တိုက်တွန်းတော်မူစေကာမူ ထိုညွှန်ပြတိုက်တွန်းတော်မူသည့် တရားတော်နည်းလမ်းကို လိုက်နာကျင့်ကြံခြင်းဟု ဆိုအပ်သောကောင်းမှုတို့ကို မပြုလုပ်ခဲ့ပါလျှင် မည်သည့်အခါမျှ သံသရာဝဋ်က ကျွတ်လွတ်နိုင်မည်မဟုတ်၊ ဤသို့ ကောင်းမှုတို့ပါဝင်ရဦးမည်ဖြစ်သော်လည်း ဤသံသရာဝဋ်မှကျွတ်လွတ်ကြောင်းဖြစ်သော ကောင်းမှုကိုတို့ သတ္တဝါအပေါင်းတို့သည် မိမိတို့ဘာသာ လမ်းထွင်ထူထောင်၍ မယူနိုင်ကြကုန်၊ သံသရာဝဋ်က ကျွတ်လွတ်ရေးမှတပါးသော ကြီးပွါး

ရေး, စီးပွါးရေး, နိုင်ငံရေး, လောကဓာတ် သိပ္ပံပညာ, လောကီယဝိဇ္ဇာပညာ အစရှိသော အခြားအရေးတို့မှာ ကား မိမိတို့အလိုပြည့်စုံကြောင်း ကောင်းမှုတို့ကို ဉာဏ် အမြော်အမြင်ရှိသော သတ္တဝါများ မိမိတို့ဘာသာဘာဝ လမ်းထွင်ထူထောင်၍ ယူနိုင်ကြ၏။

ဤသို့လျှင် သံသရာဝဋ်ကျွတ်လွတ်ရေးမှာ ကောင်းမှု တို့ ပါဝင်ရဦးမည်ပင်ဖြစ်သော်လည်း မြတ်စွာဘုရားသာ လျှင် အရင်းခံဖြစ်သောကြောင့် မြတ်စွာဘုရားကို အရင်း ခံအဖြစ်ဖြင့် ကိုးကွယ်အားထားကြရသည်၊ မြတ်စွာဘုရား ၏ နည်းလမ်းညွှန်ပြချက်ဖြစ်သော တရားတော်နှင့် ထိုတ ရားတော်ကို ဆောင်ရွက်စောင့်ရှောက်၍ နေတော်မူသော သံဃာတော်တို့ကို ကိုးကွယ်အားထားကြရလေသည်။

ဤအရာတွင် ထင်ရှား နားလည်စေခြင်းငှါ ဥပမာ ဆောင်ပြရပါလျှင် လောက၌ ရောဂါကပ်ရောက်နေသော လူမမာများသည် ထိုရောဂါမှ ထမြောက်ကင်းလွတ်ရေးမှာ လိမ်မာတတ်မြောက်လှစွာသော ဆရာဝန်ကြီး,ထက်မြက် ကောင်းမွန်သောဆေး, ဆရာဝန်ကြီး၏အလိုအတိုင်း ကျွန် ဆောင်ရွက်နိုင်မည့် သူနာပြုများ၊ သို့မဟုတ် လက်ထောက် ဆရာများအားဖြင့် ဤ၃-ဌာနတို့သည် အားထားကိုးကွယ် ရာဖြစ်၏။

## ဥပမာ,ဥပမေယျ စပ်ဟပ်ပြချက်

(၁) ဤဥပမာ၌လူမမာများသည် သံသရာဝဋ် အတွင်း၌ ကျင်လည်နေရသော သတ္တ ဝါများနှင့်တူ၏။

(၂) လိမ်မာ တတ်မြောက်လှစွာသော ဆရာဝန်ကြီးသည် မြတ်စွာဘုရားနှင့်တူ၏။
(၃) ထက်မြက်ကောင်းမွန်လှစွာသော ဆေးသည် တရားတော်မြတ်နှင့်တူ၏။
(၄) သူနာပြု လက်ထောက် ဆရာများသည် သံဃာတော်များနှင့်တူ၏။

လူမမာတို့မှာ အရင်းခံဖြစ်သော ဆရာဝန်ကြီး, ဆေးနှင့်သူနာပြု လက်ထောက်ဆရာများ အားလုံးပြည့်စုံစေကာမူ ဆရာဝန်ကြီး၏ညွှန်ကြားချက်အတိုင်း လိုက်နာခြင်းအမှုကိုကို မပြုလုပ်ဘဲနေသည်ဖြစ်အံ့၊ ရောဂါမှ ထမြောက်ကျန်းမာခြင်းမဖြစ်နိုင်၊ ဤသို့လျှင် လိုက်နာပြုလုပ်ခြင်းအမှုကံသည်အရင်းခံမဟုတ်စေကာမူ အရေးအကြီးဆုံးအချက်ကား ဖြစ်၍နေပြန်၏၊ ဤအရာ၌ အရင်းခံဖြစ်ပုံနှင့် အရေးအကြီးဆုံးဖြစ်ပုံတို့၏ ခြားနားခြင်းကိုလည်း သတိကောင်းစွာ ပြုအပ်၏၊ ဥပမာအကျဉ်းချုပ်ကား ငါးဟင်းချက်ရာ၌ ငါးနှင့်ဆီ ငြုပ် ကြက်သွန်တို့သည် အရင်းခံဖြစ်ကြ၍, ဆားသည် အရေးအကြီးဆုံးဖြစ်၏။

ဤသို့လျှင် ဗုဒ္ဓဘာသာဝင်တို့သည် သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်ရေးမှာ ဘုရားအမှူးရှိသော ရတနာ ၃-ပါးကို အရင်းခံအဖြစ်ဖြင့် ကိုးကွယ်အားထားရာ ပြုပြီးလျှင် ခပ်သိမ်းသောအရေးအရာဟူသမျှတို့မှာကား အမှုကံကိုသာ အရေးကြီးဆုံးအဖြစ်ဖြင့် ကိုးကွယ်အားထားရာပြုကြလေသည်၊ ကိုးကွယ်ရာဟူသောစကားမှာလည်း အားကိုးရာဟူသောအဓိပ္ပါယ် ကောက်ယူအပ်၏၊ အချို့သောသူတို့ကား ကိုးကွယ်ရာဟူသောစကားထဲမှာ ရှိသေမြတ်နိုး

ရှိခိုးပူဇော်ရာ-ဟူသော အဓိပ္ပါယ်လည်း ပါဝင်နေသည်ဟုထင်မှတ်ကြကုန်၏၊ ထိုသို့ ထင်မှတ် ခြင်းသည်လည်း ဘုရားကိုးကွယ်ပါ၏၊ တရားကိုးကွယ်ပါ၏၊ သံဃာတော်ကိုးကွယ်ပါ၏-ဟူ၍ ဗုဒ္ဓဘာသာဝင်တို့ မပြတ်သုံးစွဲနေရသည့်စကားကို အစွဲပြု၍ ဖြစ်လာဟန်ရှိ၏၊ ရတနာ ၃-ပါးတို့မှာ အားကိုးအပ်သောသဘောတွင်မက ရှိသေမြတ်နိုး ရှိခိုးပူဇော်အပ်သော သဘောလည်း ရှိနေလေသည်၊ ထိုသို့ရှိနေသည့်အတွက် ဘုရားကိုကိုးကွယ်ပါ၏-စသည်ဖြင့်ဆိုလိုက်ရာမှာ ဘုရားကို ရှိသေမြတ်နိုးရှိခိုးပူဇော်အပ်သောအဖြစ်ဖြင့် စိတ်စွဲကပ်ထားပါသည်-ဟူသော အဓိပ္ပါယ်လည်းပါဝင်သည်-ဟု ထင်မှတ်ကြခြင်းပင်ဖြစ်၏။

တေရသနိပါတ် တက္ကာရိယဇာတ်လာ ကိန္နရာမောင်နှံဝတ္ထု၌ ဘုရင်မင်းကကိန္နရာဖို့,မတို့ကို သတ်စေဟုအမိန့်ထုတ်သောအခါ ကိန္နရာဖိုက "အရှင်မင်းမြတ်.... လောကမှာ မိုယ်းသည် နွားတို့၏ကိုးကွယ်ရာဖြစ်ပါသည်၊ နွားတို့သည် လူတို့၏ကိုးကွယ်ရာဖြစ်ပါသည်၊ အရှင်မင်းမြတ်သည် အကျွန်ုပ်၏ကိုးကွယ်ရာဖြစ်ပါသည်၊ အကျွန်ုပ်သည် အကျွန်ုပ်မယား၏ ကိုးကွယ်ရာဖြစ်ပါသည်"ဟု လျှောက်ထားသောစကားကို သတိပြုအပ်လှ၏၊ ၎င်းစကားရပ်ပါ ကိုးကွယ်ရာ ဟူသောစကားကို အားကိုးရာဟူ၍သာ အဓိပ္ပါယ် ကောက်ယူသင့်၏၊ နွားထီးသည် လယ်ထွန်ရာစသည်၌ စေခိုင်းရန် လူများ၏အားကိုးရာဖြစ်၏၊ နွားမသည် စားသောက်ဘွယ်နို့ရရန် လူတို့၏အားကိုးရာဖြစ်၏။

[၍ကားပါဠိလို "သဗ္ဗေ သတ္တာ ကမ္မပ္ပဋိသရဏာ"
မြန်မာလို "သတ္တဝါအပေါင်းတို့မှာ မိမိတို့ ပြုလုပ်သည့်

ကောင်းမှုကံသာလျှင်ကိုးကွယ်ရာရှိကုန်၏'' ဟူသောစကား ရပ်၏ အဓိပ္ပါယ်တည်း။]

ထိုကဲ့သို့ သတ္တဝါတို့သည် အယုတ်, အမြတ်အားဖြင့် အမျိုးမျိုးအဖုံဖုံကွဲပြားအောင် ၎င်းတို့ပြုလုပ်ကြသည့် အမှုကံကသာလျှင် ခွဲခြားဝေဖန်လေသည်ဟု မြတ်စွာဘုရားက ဟောကြားတော်မူရာ ယခင်ပြဆိုခဲ့ပြီးသော တောဒေယျပုဏ္ဏား၏သား သုဘလုလင်က ''အရှင်ဘုရား....ဤသို့ အကျဉ်းချုပ်အားဖြင့် ဟောကြားတော်မူအပ်သော တရားတော်၏ အဓိပ္ပါယ်ကို အကျွန်ုပ်အကျယ်ဝေဘန်ခွဲခြား၍ နားမလည်နိုင်ပါ၊ သို့ဖြစ်၍ နားလည်ပါအောင် အကျယ် ဝေဘန်၍ ထပ်မံ ဟောကြားပါဦးမည့် အကြောင်း''ကို တောင်းပန် လျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာ ဘုရားက—

(၁) ''သုဘလုလင်.... ဤလောက၌ မိန်းမ ဖြစ်စေ, ယောကျ်ားဖြစ်စေ သတ္တဝါတို့အပေါ်မှာ ကြင်နာသနားခြင်းမရှိဘဲ သတ်ဖြတ်လေ့ရှိသည်ဖြစ်အံ့၊ ထိုသတ်ဖြတ်လေ့ရှိသောသူသည် သေသည်၏အခြားမဲ့၌ မိမိပြုခဲ့သော မကောင်းမှုကံကြောင့် ငရဲသို့ကျရောက်ရာ၏၊ ငရဲသို့မကျရောက်ဘဲ လူဖြစ်၍လာပြန်လျှင် ဖြစ်လေရာမှာ အသက်ရှည်စွာမနေရ၊ ဤသို့ သူတပါးအသက်ကို သတ်ခြင်းအမှုကံသည် အသက်တိုစေတတ်သောအကျင့်ဖြစ်၏၊ ထိုအကျင့်ကိုကျင့်ခဲ့သောသူတို့သည် အသက်တိုကြကုန်၏။

(၂) သုဘလုလင်..ဤလောက၌ မည်သူမဆို သတ္တဝါတို့ အပေါ်မှာ သနား ညှာတာခြင်း ရှိသည်ဖြစ်၍

သတ်ဖြတ်မှုမှ ရှောင်ကြဉ်လေ့ရှိသည်ဖြစ်အံ့၊ ထိုသို့ ရှောင်ကြဉ်လေ့ရှိသောသူသည် မိမိပြုအပ် ရှောင်ကြဉ်အပ်ပြီးသော ကုသိုလ်ကံကြောင့် သေသည်၏ အခြားမဲ့မှာ နတ်ပြည်သို့ရောက်ရာ၏၊ နတ်ပြည်သို့မရောက်ဘဲ လူဖြစ်၍လာပြန်လျှင်လည်း ဖြစ်လေရာမှာ အသက်ရှည်၏၊ ဤသူတပါး အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်သည့် ကောင်းမှုကံသည် အသက်ရှည်စေတတ်သောအကျင့်ဖြစ်၏။

(၃) သူတပါးကို သေအောင်ကားမသတ်ဘဲ ဒုက္ခဖြစ်ရုံသာ လက်ဖြင့်ဖြစ်စေ,ခဲဖြင့်ဖြစ်စေ,ဒုတ်ဖြင့်ဖြစ်စေ, ဓားဖြင့်ဖြစ်စေ၊ ညှဉ်းပန်း နှိပ်စက်လေ့ရှိသောသူသည် သေသည့်အခြားမဲ့မှာ ငရဲသို့ ကျရောက်ရာ၏၊ လူဖြစ်၍ လာပြန်လျှင် ဖြစ်ပေါ်လာရာမှာ ထိုအမှုကံအတွက် အနာရောဂါများရ၏။

(၄) ပြခဲ့ပြီးသောအတိုင်း ညှဉ်းဆဲလေ့မရှိသော သူတို့သည်ကား နတ်ပြည်သို့သော်လည်း ရောက်ရာ၏၊ လူဖြစ်လာပြန်လျှင်လည်း ရောဂါကင်းရှင်း ကျန်းမာခြင်းနှင့်ပြည့်စုံ၏။

(၅) သူတပါးတို့အပေါ်မှာ မဖြစ်စလောက် အကြောင်းကလေးများကိုပင်အရေးယူကာ မျက်နှာပုပ်ခြင်း, ငြူစူခြင်း, ဆောင့်အောင့်ခြင်း, ရှုံ့ခြင်း, မဲ့ခြင်း စသည်ကိုပြုလျက် အမျက်များစွာထွက်လေ့ရှိသောသူသည် သေသည်၏ အခြားမဲ့မှာ ငရဲသို့သော်လည်းကျရာ၏၊ လူဖြစ်လာပြန်လျှင်လည်း ဖြစ်လေရာမှာ အရုပ်ဆိုး၏။

(၆) ပြခဲ့ပြီးသောအတိုင်း အမျက် ထွက်လေ့မရှိသော သူသည်ကား နတ်ပြည်သို့သော်လည်း ရောက်ရာ၏၊ လူဖြစ်လာပြန်လျှင်လည်း ဖြစ်လေရာမှာချော မောလှပယဉ်ကျေး၏။

(၇) သူတပါးတို့ပစ္စည်းဥစ္စာရခြင်း, အရိုအသေ ပြုခံရခြင်း,အရေးယူခံရခြင်း, အမြတ်နိုးခံရခြင်း, ရှိခိုးပူဇော်ခံရခြင်းတို့ကို မနာလိုသဘော များစွာထားလေ့ရှိသောသူသည် သေသည့် အခြားမဲ့မှာ ငရဲသို့သော်လည်းကျရာ၏၊ လူဖြစ်လာပြန်လျှင်လည်း ဖြစ်လေရာမှာ ဘုန်းတန်ခိုးနည်းပါး၏။

(၈) ပြခဲ့ပြီးသောအတိုင်း မနာလိုသဘောမထားသော သူတို့ကား နတ်ပြည်သို့ သော်လည်းရောက်ရာ၏၊ လူဖြစ်လာပြန်လျှင်လည်း ဖြစ်လေရာမှာ ဘုန်းတန်ခိုးကြီးမား၏။

(၉) အလှူခံပုဂ္ဂိုလ်တို့အား ထမင်း အဖျော် စသော လှူဘွယ်ဝတ္ထု၊ လှူဒါန်း ပေးကမ်း စွန့်ကြဲလေ့မရှိသောသူသည် ငရဲသို့သော်လည်း ကျရောက်ရာ၏၊ လူဖြစ်လာပြန်လျှင်လည်း ဖြစ်လေရာမှာ ဥစ္စာပါးရှားနွမ်းပါးဆင်းရဲရ၏။

(၁၀) လှူဒါန်းပေးကမ်းစွန့်ကြဲလေ့ရှိသော သူသည်ကား နတ်ပြည်သို့သော်လည်း ရောက်ရာ၏၊ လူဖြစ်လာပြန်လျှင်လည်း ဖြစ်လေရာမှာ ချမ်းသာကြွယ်ဝ၏။

(၁၁) အလွန်မာနထက်သန် စိတ်ခက်ထန်၍ ရှိခိုးထိုက်သည့်ပုဂ္ဂိုလ်ကိုလည်းရှိမခိုး၊ခရီးဦးကြိုဆိုထိုက်သည့်

ပုဂ္ဂိုလ်ကိုလည်း မကြိုဆို၊ နေရာ ပေးထိုက်သည့် ပုဂ္ဂိုလ်ကိုလည်း နေရာမပေး၊ ခရီးလမ်းဖယ်ထိုက်သည့် ပုဂ္ဂိုလ်ကိုလည်း မဖယ်၊ ရိုသေထိုက်သည့် ပုဂ္ဂိုလ်ကိုလည်း မရိုသေ၊ အလေးပြုထိုက်သည့် ပုဂ္ဂိုလ်ကိုလည်း အလေးမပြု၊ မြတ်နိုးထိုက်သည့် ပုဂ္ဂိုလ်ကိုလည်း မမြတ်နိုး၊ ပူဇော်ထိုက်သည့် ပုဂ္ဂိုလ်ကိုလည်းမပူဇော်သောသူသည် ငရဲသို့သော်လည်းကျရာ၏၊ လူဖြစ်လာပြန်လျှင်လည်း ဖြစ်လေရာမှာအမျိုးအနွယ်သေးသိမ်နိမ့်ကျ အောက်တန်းစားဖြစ်ရ၏။

(၁၂) မာန်မာနလည်းမကြီး, စိတ်လည်းမခက်ထန်ဘဲ, ရှိခိုးထိုက်သည့်ပုဂ္ဂိုလ်ကို ရှိခိုးခြင်းစသောအမှုတို့ကို ကောင်းမွန်စွာပြုသောသူသည် နတ်ပြည်သို့သော်လည်း ရောက်ရာ၏၊ လူဖြစ်လာပြန်လျှင်လည်း ဖြစ်လေရာမှာအမျိုးအနွယ်မြင့်မြတ်လျက် အထက်တန်းစားဖြစ်လေ၏။

(၁၃) ပညာရှိပုဂ္ဂိုလ်တို့ထံ ချဉ်းကပ်၍ မိမိမသိသေးသော အရာ အဖြာဖြာတို့ကို ကောင်းမွန်စွာ မေးမြန်းမှတ်သား သင်ကြားလေ့လာခြင်းအမှုကိုပြုလေ့မရှိသောသူသည် ငရဲသို့သော်လည်း ကျရောက်ရာ၏၊ လူဖြစ်လာပြန်လျှင်လည်း ဖြစ်လေရာမှာ ထိုင်းမှိုင်းထုအ ဉာဏ်ပညာနည်းပါးရ၏။

(၁၄) ပညာရှိတို့ထံချဉ်းကပ်၍ မိမိမသိသော အရာအဖြာဖြာကို ကောင်းစွာမေးမြန်း မှတ်သား သင်ကြားလေ့လာခြင်းအမှု ပြုလေ့ရှိသောသူသည် နတ်ပြည်

သို့သော်လည်း ရောက်ရာ၏၊ လူဖြစ်လာပြန်လျှင်လည်း ဖြစ်လေရာမှာ အရာရာသိမြင်ပညာရှင်ကြီးဖြစ်လေ၏”။

ဤသို့လျှင် မြတ်စွာဘုရားသခင်သည် သုဘလုလင်အား တဆယ့်လေးမျိုးသော အခြင်းအရာအားဖြင့် လူအပေါင်းတို့ ထူးထွေခြားနား ကွဲပြားကြပုံကိုဤသို့ထူးထွေခြားနား ကွဲပြားခြင်းကို ဖြစ်စေတတ်သော အကျင့်ဟုဆိုအပ်သော အကြောင်းကံ အသီးသီးတို့နှင့်တကွ ဝေဖန် ဟောကြားတော်မူသောအခါ သုဘလုလင်သည် အသက် ထက်ဆုံး သရဏဂုံတည်သော ဥပါသကာအဖြစ်သို့ရောက်လေ၏။

## အဓိပ္ပါယ်ဖော်ပြချက်

ဘာသာခြားတို့ကမူကား“ဤကဲ့သို့လူများထူးခြားကွဲလွဲ၍ နေကြရခြင်းသည် ဘုရားသခင်၏အလိုတော်အတိုင်းသာ ဖြစ်ရသည်၊ ဘုရားသခင်စီမံဖန်ဆင်းရာခံနေကြရသည်”ဟု ယုံကြည်ကြ၏၊ ဤအယူမှာ အမြင့်အမြတ် အထက်တန်းစားအဖြစ်ဖြင့် စီမံဖန်ဆင်းခြင်းခံရသူတို့ကမူ အလွန် စိတ်ကျေနပ်ဖွယ်ကောင်းရာ၏၊ အယုတ် အည့ံ အောက်တန်းစား အဖြစ်ဖြင့် စီမံဖန်ဆင်းခြင်း ခံရသူတို့ကမူကား စိတ်ကျေနပ်ဖွယ်ရာ မရှိနိုင်ချေ၊ ကျွန်ုပ်တို့ဗုဒ္ဓဘာသာအယူမှာကား ပြဆိုခဲ့ပြီးသောအတိုင်း မိမိတို့ပြုလုပ်သောအမှုကံအတွက် ထူးခြားကွဲလွဲခြင်းဖြစ်ကြရ၏၊ မကောင်းမှုကံကို ပြုလုပ်သောသူတို့သည် အယုတ်အည့ံ အောက်တန်းစားဖြစ်ကြရ၍ ကောင်းမှုကံကိုပြုလုပ်သော သူတို့သည် အမြင့်အမြတ် အထက်တန်းစားဖြစ်ကြကုန်၏။

ပမာဆိုသော်–မိမိ၏ကောင်းမွန်သောပစ္စည်းတစုံတရာသည် သူတပါးကြောင့် ပျက်စီးသွားလျှင် ထိုသူအပေါ်မှာ စိတ်မကျေနပ် ဖြစ်သော်လည်း မိမိကြောင့် ပျက်စီးသွားမှုကား စိတ်မကျေမနပ် ဖြစ်မနေတော့ဘဲ ငါအမှတ်တမဲ့ ပြုလုပ်မိသည့်အတွက် ဤကဲ့သို့ ပျက်စီးသွားသည်၊ နောက်နောင် ဤကဲ့သို့ မပျက်စီးရလေအောင် ငါ ဂရုစိုက်မှတော်မည်ဟူသော သတိတရားကိုသာ ရစေသကဲ့သို့ ထို့အတူ အယုတ်အညံ့ အောက်တန်းစား ဖြစ်နေရသောသူတို့သည်လည်း ငါပြုလုပ်သော မကောင်းမှုကံအတွက် ငါ ဤကဲ့သို့ ဖြစ်ရသည်၊ မည်သူ့ကိုမျှ ငါအပြစ်တင်စရာ, စိတ်မကျေမနပ်ဖြစ်နေစရာမရှိ၊ ယခုကစ၍ မကောင်းမှုကံ ဟူသမျှကို ငါ အထူးရှောင်ကြဉ်တော့မည်- ဟူသော သတိ သံဝေဂ တရားကိုသာ ခဏခဏ ပေါ်ထွက်နိုးကြား နေစေအပ်၏၊ ဤသို့လျှင် အရာရာတိုင်းမှာ အမှုကံကိုသာအစွဲပြု၍ ဖြစ်ကြရကြောင်းကို ကောင်းကောင်းကြီး ယုံကြည်အပ်လေသည်၊ ဤအရာတွင် အထူးသတိပြုဘွယ် ကောင်းသော အချက်ရှိနေပြန်၏။

ရှိပုံကား–"ကံ-ကိုယုံ၍ ဆူးပုံမနင်းသာ၊ လူတန်ကံချသည်၊ ကျားရဲရာ ကြမ္မာမရွေးသာ" စသည်ဖြင့် စကားပုံပြုလုပ်ပြောဆိုခဲ့ကြ၏၊ လောကသာရပျို့၌လည်း–

"လူသွမ်းတို့ကား၊ မည်သို့မသိ၊ ပျင်းရိရိလျှင်၊ ရှိသည်ကိုယ်ဘို့၊ ကုသိုလ်ပို့က၊ ငါတို့နေရာ၊ စီးပွါးလာအံ့၊ ကြမ္မာကိုချည်း၊ မှတ်ထင်ရည်း၍၊ ကျင့်နည်းညံ့ဆုံး၊ သူပျက်ထုံးကို၊ နှလုံးမငြိတွယ်စေနှင့်မင်း"–

ဟူ၍ စပ်ဆိုဆုံးမထားပြန်လေသည်။

"ကံကိုယုံ၍ ဆုံးပုံမနင်းသာ" ဟူသော စကားပုံ၏ အဓိပ္ပါယ်ကား- ငါမှာ ဆုံးပုံကိုပင် နင်းသော်လည်း ကံကောင်းလျှင်မစူးနိုင်၊ ကံမကောင်းမှသာ စူးမည်ဟု ကံကိုယုံကြည်ပြီးလျှင် ဆုံးပုံကိုမနင်းပါနှင့်၊ နင်းလျှင် စူးမည်သာဖြစ်၏၊ သို့ဖြစ်၍အရာရာတိုင်းမှာ ကံကိုမယုံရာဟုဆိုလိုသည်၊ ထို့အတူ လူ့အကျင့်တန်၍ အကျင့်မကောင်း၍ ပျက်စီးရသည့်အရာမှာ ကိုယ်အကျင့်တန်ခြင်း, အကျင့်မကောင်းခြင်းကိုကားမပြောဘဲ ကံမကောင်း၍သာ ပျက်စီးရသည်-ဟု ရှေးကပြုလုပ်ခဲ့သောကံပေါ်မှာ အပြစ်လှည့်၍ချသည်၊ ဤသို့ ကံကိုချည်းမယုံထိုက်၊ကိုယ့်အကျင့်က လိုသေးသည်-ဟု ဆိုလို၏၊ ကျား အင်မတန်အတင့်ရဲ၍ သောင်းကျန်းနေသောနေရာမှာ ငါ့ကံကြမ္မာကောင်းလျှင် ကျားမကိုက်နိုင်၊ ကံကြမ္မာ မကောင်းမှသာ ကိုက်နိုင်မည်-ဟု ကံကိုယုံကြည်၍သွားလျှင် အကိုက်ခံရမည်သာဖြစ်၏၊ ဤနေရာမှာ ကံလာ၍ မကယ်နိုင်ဟု ဆိုလို၏။

ထို့အတူ လောကသာရပျို့ ဆရာတော်ကြီးကလည်း— သော့သွမ်း ဟော့ရမ်းသော သူတို့သည်ကား မည်ကဲ့သို့သော အကြောင်းအရာကိုမျှမသိဘဲ ဝီရိယထုတ်၍ မလုပ်ချင် မကိုင်ချင်၊ အရာရာတိုင်းမှာ ပျင်းရိပြီးလျှင် ကိုယ်ဘို့ပါခဲ့သည့် ရှေးက ကောင်းမှုကံရှိသည်ဖြစ်၍ ထိုကုသိုလ်ကောင်းမှုကံကပို့လိုက်သောအခါ ငါတို့အလွတ်မဲ့နေသည့်နေရာသို့ပင် စီးပွါးချမ်းသာ လာရောက်လတ့ံဟု ကံကြမ္မာကိုချည်းသာ ရည်ရွယ် ယုံကြည် ထင်မှတ်၍ နေတတ်ကြ၏၊ ထိုသို့နေခြင်းသည် ပျက်စီးနေသော သူမိုက်တို့ ကျင့်ထုံးအညံ့ဆုံးသော နည်းလမ်းမည်၏၊ ထိုနည်းလမ်းကို မိမိတို့

စိတ်မှာ ငြိတွယ်နေခြင်းမရှိပါစေနှင့်၊ စိတ်ထဲမှာ စွဲမြဲမှတ်သား၍မထားပါနှင့်-ဟူသော အဓိပ္ပါယ်ကို ဖော်ပြတော်မူ၏။

[ကြမ္မာ ဟူသောစကားသည် ပါဠိအလို ကမ္မ၊ သက္ကတအလို ကြမ္မ တို့မှ ဆင်းသက်လာသောစကားဖြစ်၏၊ သို့ဖြစ်၍ အမှု-ကံ ကိုပင် ကြမ္မာ ဟုခေါ်လေသည်။]

## မေးမြန်းဘွယ်

မေး။ ။ဤစကားပုံနှင့် ပျို့လင်္ကာ ဆရာကြီးတို့က မှုကား အရာရာတိုင်းမှာ ကံ ကိုချည်းသာယုံကြည်၍မနေရ၊ ကံကိုချည်းသာ ယုံကြည်နေသော သူတို့သည် လူသွမ်း,လူပျက်,လူညံ့,လူဖျင်း တို့သာဖြစ်ကြကုန်၏-ဟူ၍ ပြဆိုထားသဖြင့် ဤကဲ့သို့ ပြဆိုထားသော စကားရပ်နှင့် အရာရာမှာ သတ္တဝါတို့သည် မိမိတို့အမှုကံအတိုင်းသာ ဖြစ်ကြရသည်ဟု အကျယ်တဝင့်ပြခဲ့သော စကား ၂-ရပ်တို့သည် အချင်းချင်း ဆန့်ကျင်၍နေကြသည် မဟုတ်ပါလော?၊ အဘယ်စကားကမှား၍ အဘယ်စကားက မှန်ပါသနည်း-ဟု မေးရန်ရှိ၏။

ဖြေ။ ။စကား ၂-ရပ်အချင်းချင်း ဆန့်ကျင်ခြင်းလည်းမရှိ၊ မည်သည့်စကားမှလည်းမမှား၊ အသီးအသီး သူ့နည်းနှင့်သူ မှန်ကြသည်ချည်းသာဟု ဖြေဆိုအပ်၏၊ မှန်ကြပုံကား-ပဌမစကားရပ်မှာ ပြခဲ့ပြီးသောအတိုင်း ပြုလုပ်အပ်သော အမှုဟူသမျှကို ကံ ဟုခေါ်ပြီးလျှင် ရှေးရှေးဘဝတို့က ပြုလုပ်ခဲ့သောအမှုဟူသမျှကို အတိတ်အမှုကံ,ယခုဘဝပြုလုပ်

အပ်သော အမှုဟူသမျှကို ပစ္စုပ္ပန်ကံ ဟူ၍ ကံကို ၂-မျိုး ၂-စား ခွဲဝေသတ်မှတ်၍-ထားခြင်းကြောင့် မည်သည့်အရာမှာမှ အမှုကံနှင့် မကင်း လွတ်နိုင်၊ (အချို့ အရာသည် အတိတ်အမှုကံအတွက်ဖြစ်၏၊ အချို့အရာသည် ပစ္စုပ္ပန်အမှုကံအတွက်ဖြစ်၏၊အချို့အရာသည် ကံ ၂-မျိုးစုံအတွက်ဖြစ်၏၊) ဤသို့လျှင် အရာရာတိုင်းမှာ အမှုကံနှင့် မလွတ်မကင်းနိုင်ဖြစ်၍ အမြဲ ကံကိုယုံကြည်ရမည်ဖြစ်၏။

[ဤကား-ပါဠိတော်,အဋ္ဌကထာ,ဋီကာ ကျမ်းဂန်တို့၌ လာသောနည်းတည်း။]

စကားပုံနှင့် ပျို့လင်္ကာဆရာကြီးတို့သည်ကား-ရှေးရှေးဘဝတို့ကပြုလုပ်ခဲ့သော "အတိတ်အမှုကံ" ကိုသာ ကံ-ဟု ခေါ်ကြကုန်၏၊ ယခုဘဝ၌ ပြုလုပ်သမျှသော ပစ္စုပ္ပန်အမှုကိုကား ကံ ဟု မခေါ်ဘဲ ဝီရိယဟူ၍သာ ခေါ်ကြကုန်၏၊ ဤသို့ခေါ်သည့်အတွက် အတိတ်အမှုကံကြောင့် ဖြစ်သော အရာကိုသာ ကံကြောင့် ဖြစ်သည်ဟု ပြောဆို၍ ပစ္စုပ္ပန်အမှုကံကြောင့်ဖြစ်သော အရာကိုကား ကံကြောင့်ဖြစ်သည်ဟုမပြောဆိုဘဲ ဝီရိယကြောင့်သာ ဖြစ်သည်ဟု ပြောဆိုကြ၏၊ မည်သူမဆို တနေ့ ဝင်ရောက် လုပ်ကိုင်က တကျပ်ရနိုင်သောအလုပ်ကို တဦးတယောက်သောသူ ဝင်ရောက်လုပ်ကိုင်၍ တကျပ်ရရာမှာ ရှေးစကားရပ် အလိုအားဖြင့် ပစ္စုပ္ပန် အမှုကံကြောင့် ရသည်ဟု ဆိုအပ်သော်လည်း ဤကဲ့သို့မဆိုဘဲ ဝီရိယ ကြောင့်သာ ရသည်၊ ကံကြောင့် မဟုတ်ဟု ပြောဆို၏၊ ထို့ကြောင့် ကံသည် အရာရာတိုင်းမှာ မန့်စပ်၊ ဤသို့ မန့်စပ်ဘဲလျက် အရာရာ တိုင်းမှာ ကံကိုချည်းချလျှင် လူဖျင်းလူညံ့ဖြစ်သည်ဟုဆိုလိုသည်။

## မှတ်ချက်

ပါဠိတော်အနက်ပြန်ဆိုကြသည့်အရာမှာလည်းနိတတ္ထ၊ နေယျတ္ထ, မုချ, ဥပစာရနည်း- တိုက်ရိုက်ပြန်ဆိုခြင်း, သွယ်ဝိုက်၍ ပြန်ဆိုခြင်း, သက်ဆိုင်ရာ သဘောတရားကို အတိအကျ အထိအမိ ပြန်ဆိုခြင်း,တင်စား၍ပြန်ဆိုခြင်း– အစရှိသည်ဖြင့် သံဝဏ္ဏနာ သဒ္ဒါနည်း၄၀- အရ ယူဆရာ ယူဆကြောင်းတို့ကို ဌာန,ကာလလိုက်၍ ပြန်ဆိုထားတော်မူကြခြင်းများဖြစ်ကြပေသည်၊ သို့ဖြစ်ပါ၍ မည်သည့်နည်းနှင့်မဆို တိုက်ရိုက်သော်၎င်း, သွယ်ဝိုက်၍သော်၎င်း မူလ သဘောတရား၏ အလိုကျအာဘော်ကျ အကျုံးဝင်ပါလျှင် လက်ခံသင့်တော့၏။

## ပစ္စုပ္ပန်ကံ ကိုဝီရိယဲခေါ်ပုံဝတ္ထု၊

ဤအတိတ်ကံကိုသာကံခေါ်၍ ပစ္စုပ္ပန်ကံကို ကံမခေါ်ဘဲ ဝီရိယဟု ခေါ်သောစကားသည် မြန်မာ သက္ကရာဇ် ရှစ်ရာကျော်လောက်မှစ၍ ယခုကာလတိုင်အောင် အလွန်တွင်ကျယ် ထင်ရှား ပျံ့နှံ့နေသောစကားဖြစ်၏၊ ဤစကား အဓိပ္ပါယ်နှင့်လျော်ညီသော ပုံဝတ္ထုများပင် ထုတ်ဆောင်ထားပုံကား–

ရှေးသောအခါ ဘုရားအလောင်းတော်သည် ငါးအမျိုး၌ ရှင်အာနန္ဒာအလောင်း,ရှင်ဒေဝဒတ် အလောင်းတို့နှင့် အတူတကွဖြစ်ကြရာ ရှင်အာနန္ဒာအလောင်းငါးသည် ကံကိုသာယုံကြည်၍ ဒေဝဒတ် အလောင်းငါးသည်ကား ဝီရိယကိုသာ ယုံကြည်၏၊ ဘုရားအလောင်းတော်ငါးသည်ကား ကံ,ဉာဏ်,ဝီရိယ-၃–ပါးနှင့်ပြည့်စုံမှ အကျိုးပြီးစီး

နိုင်မည်ဟုယုံကြည်၍၊ တနေ့သ၌ ထိုငါး၃- ကောင်လုံးကို ပင် တံငါကဖမ်းမိ၍ လှေဝမ်းအတွင်း၌ထားလျက် အခြား ငါးများကို ထိုလှေဖြင့် လိုက်လံဖမ်းယူနေလေရာ ရှင်အာ နန္ဒာ အလောင်းငါးသည် ငါ့ကံကောင်းလျှင် တစုံတရာ ကြံစည် အားထုတ်ခြင်းမရှိဘဲ တနည်းနည်းဖြင့် အလိုလို လွတ်ရမည်၊ ငါ့ကံမကောင်းလျှင် ဘယ်လိုပင် ကြံစည် အားထုတ်သော်လည်း လွတ်တော့မည်မဟုတ်ဟု ကံကို သာ အားကိုးယုံကြည်ကာ ငြိမ်သက်စွာနေ၏။

ဒေဝဒတ် အလောင်းငါးကမူကား ကံဆိုသောစကား သည် ကြိုးစားအားထုတ်နိုင်လျှင် ဤဘေးမှ လွတ်မည်ဟု ဝီရိယကို အားကိုးယုံကြည်ကာ လှေဝမ်းအတွင်းမှ ထွက် မြောက်သွားနိုင်ရန် တခုန်တည်း ခုန်၍နေ၏၊ ထိုအခါ တံငါက ဤငါးသည်ခုန်လွန်းလှ၏ဟုရိုက်သတ်လိုက်သဖြင့် ဦးစွာသေရ၏၊ အလောင်းတော်ငါးသည်ကား ငါသည် ကံကိုချည်းယုံနေ၍ ဤဘေးက လွတ်မြောက်နိုင်မည်မဟုတ်၊ လွတ်ရာ လွတ်ကြောင်း ကောင်းစွာ အားထုတ်သင့်သည်၊ အားထုတ်ဆိုသော်လည်း လှေတည့်မတ်ငြိမ်သက်စွာ နေ သည့်အခါ ဘယ်လိုပင်ခုန်စေကာမူ လှေနံကို လွန်သွားနိုင် မည်ကားမဟုတ်၊ လှေစောင်းသွားသည့်အခါမှ ငါအား ထုတ်၍ခုန်လိုက်ရပါလျှင် ငါ၏ကောင်းမှုကံလည်းထောက် ပံ့ပါက အလွယ်တကူနှင့် လွတ်မြောက်နိုင်လိမ့်မည်ဟုပညာ ဉာဏ်ဖြင့် ဆင်ခြင်ကာ လှေစောင်းသွားသည့်အခါတွင် ခုန် လိုက်သဖြင့် တခါတည်း လွတ်မြောက် ချမ်းသာလေ၏၊ ရှင်အာနန္ဒာအလောင်း ငါးမှာကား အဆုံးသတ်တွင် ငါး အများနှင့်အတူတကွ သေရလေသတည်း။

## အချုပ်မှတ်ဘွယ်

အမိပ္ပါယ်၂-ရပ်စလုံး သင့်မြတ်ပုံကို အတိုချုပ် ပြော ရသော် အတိတ်ကံ သက်သက်ကိုသာယုံ၍လည်း ဆူးပုံကို မနင်းပါနှင့်၊နင်းလျှင်စူးမည်၊ ပစ္စုပ္ပန်ကံကိုလည်း ယုံကြပါ ဦး၊ ဆူးပုံကိုနင်းခြင်းသည် စူးစေတတ်သော ပစ္စုပ္ပန်ကံ (အမှု)ဖြစ်၏၊ ဆူးသည် စူးစေတတ်သော ပစ္စုပ္ပန်ကံကို ပြုလုပ်သူကိုမှမစူးရလျှင် မည်သူ့ကို သွား၍ စူးရဦးမည် နည်း၊ သို့ဖြစ်၍ အတိတ်ကံချည်းသာမဟုတ်ဘဲ ပစ္စုပ္ပန် ကံကိုပါ တွဲဘက်ယုံကြည်ပြီးလျှင် ဆူးပုံကို မနင်းမိအောင် အားထုတ်ပါ၊ လူအကျင့်တန်၍, အကျင့် မကောင်း၍, ပစ္စုပ္ပန်ကံကို ကောင်းစွာအားမထုတ်၍ ပျက်စီးရသည် ကို အတိတ်ကံပေါ်မှာ သွား၍မချပါနှင့်။

ကျားအတင့်ရဲနေသော နေရာသို့ သွားရန် အရေး၌ အတိတ်ကံ ကောင်း,မကောင်းကိုသာ ရွေးချယ်၍မနေရာ၊ ပစ္စုပ္ပန်ကံကိုလည်း ရွေးချယ်ပါဦး၊ကျားရဲရာသို့သွားခြင်း သည် အကိုက်ခံရစေတတ်သော ပစ္စုပ္ပန်ကံဖြစ်၏၊ သို့ဖြစ် ၍ ထိုပစ္စုပ္ပန်ကံမှလည်း လွတ်ကင်းအောင်အားထုတ်ပါ၊ လူသွမ်းလူယုတ်တို့သည် စီးပွားရကြောင်း ပစ္စုပ္ပန်ကံကို ဝီရိယမထုတ်လိုဘဲ ရှေးအတိတ်ကောင်းမှု ကုသိုလ်ကံက အကျိုးပေးသောအားဖြင့် ပို့လိုက်လျှင် ငါတို့အလကား နေရာသို့ စီးပွားတွေ အလိုလိုလာလိမ့်မည်ဟု အတိတ်ကံ ကြမ္မာကိုချည်းသာ ယုံကြည်၍နေတတ်သည်။

[ဤကား စကားပုံနှင့် ပျို့လင်္ကာတို့၌ မှန်ကန်စွာ ကောက်ယူအပ်သော အဓိပ္ပါယ်တည်း။]

ဤသို့ကောက်ယူလိုက်လျှင် စကား၂-ရပ်ဆန့်ကျင်ခြင်း မရှိတော့ပြီ၊ ဉာဏ်ဟူသည်ကား အလွန်လိုလားအပ်သော တရားဖြစ်၏၊ ယခုဘဝ၌ ပြုသမျှတို့ကို ပစ္စုပ္ပန်ကံဟု ခေါ် လျှင်လည်း ထိုကံသည် ဉာဏ်နှင့်သာ ယှဉ်သော ဉာဏသမ္ပယုတ်ကံဖြစ်ပါမှအကျိုးစီးပွားများမည်ဖြစ်၏။ဝီရိယဟု ခေါ်လျှင်လည်း ဉာဏ်နှင့်ယှဉ်သောဝီရိယဖြစ်ပါမှ အကျိုး စီးပွားများမည်ဖြစ်၏၊ သို့ဖြစ်၍ "ဉာဏ်" ဟူသောတရား ကိုကား အထူးအလိုရှိအပ်လေတော့သတည်း။

## နိုင်ငံရေးသည် ဘာသာရေးမဟုတ်
## ဘာသာရေးသည် နိုင်ငံရေးမဟုတ်

သို့ရာတွင် "လောကီမှန်မှ ဓမ္မကွန် ဖြောင့်နိုင်သည်" ဆိုထုံးကဲ့သို့ ကင်းစကောင်းသောတရားမျိုးလည်းမဖြစ်နိုင်၊ အဘယ့်ကြောင့်ဆိုသော် လောကကြောင်း၏ လုပ်ငန်းစဉ် သည် အယူမှန်, အမြင်မှန် အားဖြင့် "ဘောဂသမ္ပတ္တိ" "ဘဝသမ္ပတ္တိ" ဟူ၍ ပြည့်စုံရန် အကျိုးတရား၂- ပါးရှိနေ ချေသည်၊ လောကုတ္တရာကြောင်းမှာမူကား ထို၂-ပါး စုံမှပင် လွန်မြောက်ရာ လွန်မြောက်ကြောင်းဖြစ်ပေသေး ၏၊ သို့ဖြစ်၍ လောက၏ လုပ်ငန်းစဉ် အရပ်ရပ်တို့သည် တဘဝ တနပ် လှလှဝဝကြီးစားပြီး ပြီးတမ်းမျိုးဖြစ်ရပါ လျှင် ဘောဂသမ္ပတ္တိအကျိုးမျှပြီးစီး၍ ဘဝသမ္ပတ္တိ အကျိုး ကား ဆုံးရှုံးရတော့မည်ကဲ့သို့ ဖြစ်နေချေသည်၊ ထိုသို့ကား မဖြစ်အပ် မဖြစ်ထိုက်ချေ၊ သို့ဖြစ်၍လည်း သက်ဆိုင်ရာ ဘာသာဝါဒမှ ထိုက်သင့်လျော်ကပ်ပတ်သော အခြေခံနှင့် လည်း မကင်းစကောင်းချေ။

ရှေ့ကဏ္ဍများတွင်ဖော်ပြခဲ့ပြီးအတိုင်း"သေဆုံး-လောင်တုံး" သဘောတရားမျိုး မဟုတ်ကြသည့်အလျောက် ယုံကြည်အားထားထိုက်သော ဘုရားရှင်၏ အလိုတော်ကျအတိုင်း ဓမ္မနီတိအရ မလိုက်နာမကျင့်သုံးနိုင်ကြသေးစေကာမူ မကျင့်သုံးနိုင်ကြသေးသော်လည်း လောကနီတိအလိုအားဖြင့်တော့ ကျင့်သုံးနိုင်စကောင်း ထိုက်လှပေသည်၊ ထိုလောကနီတိအကျင့်သည်လည်း အခြားမဟုတ်၊ မိမိတို့၏ မိဘဘိုးဘွားအစဉ်အဆက်မှ ဆင်းသက်လာသော ယုံကြည်မှုရှိပြီးဖြစ်သည့်"အမျိုး,ဘာသာ, သာသနာစိတ်ဓာတ်ပြဋ္ဌာန်းမှု" အခြေခံများသည်ပင်လျှင် ပဓာနအကြောင်းရင်းဖြစ်လေသည်၊ နိုင်ငံရေးအရ သုံးစွဲရာ သုံးစွဲကြောင်းဝါဒတို့တွင် "လောကနီတိ"စည်းမျဉ်းသည်ဗုဒ္ဓဘာသာမြန်မာနိုင်ငံတော်အဘို့ ကွန်မြူနစ်နီတိ, ဆိုရှယ်လစ်နီတိတို့ထက်လျော်ကန်သင့်မြတ် လျောက်ပတ်လှပါတော့သတည်း။

ကိုလိုနီဟူသည်မှာ- တိုင်းတပါး၏ အုပ်ချုပ်မှုလက်အောက်ခံ တည်ရှိနေရသော တိုင်းပြည်အဖြစ်နှင့် သော်မှမဟုတ်သေး၊ ကမ္ဘာမြေကြီးသည်လုံး၏၊ကမ္ဘာမြေကြီးသည်နေကိုလှည့်လည်၏၊ ဘေဘီလုံဘုရင်ကြီးသည်, ကားလ်မတ်စ်သည်, လီနင်,စတာလင်သည်- အစရှိသောသူ့တိုင်းပြည် သူ့လူမျိုး သူ့ဘာသာယုံကြည်မှုအရ အမှန်းတင်ထားမှုတို့ကို အဟုတ်ကြီးထင်ကာ တကယ်ယုံကြည်လေးစားမှုနှင့် ဦးထိပ်ရွက် ပန်ဆင်နေကြရခြင်းသည်ပင် ဗုဒ္ဓဘာသာ မြန်မာနိုင်ငံတော်အဘို့ တိုင်းပြည် ကိုလိုနီမဟုတ်သော်လည်း ဘာသာရေးနှင့် လူမျိုးတို့၏စိတ်ဓာတ်ကိုလိုနီဖြစ်စေနိုင်ခြင်းကား "တိုင်းရင်းသားတို့၏ အမျိုး

ဘာသာ သာသနာစိတ်နှင့်တကွ ဗမာ့ယဉ်ကျေးမှု” တို့သည် အုတ်ယုတ်ပျက်စီး လျော့ကျ ဆိတ်သုဉ်းလုမတတ် မျက်မြင်အထင်အရှားဖြစ်နေကြရခြင်းက သက်သေခံလျက်ရှိနေလေပြီ။

### မေးမြန်းဘွယ်

မေး။ ။ကောင်းပြီ၊ သို့ဖြစ်ပါလျှင် နိုင်ငံရေး, စီးပွားရေး, စက်မှု, လက်မှု, လောကဓာတ်မှုပညာရပ်အသီးသီးတို့နှင့် ဒေသန္တရ, ဘာသန္တရ, ဗဟုသုတလုပ်ငန်းတွေကို မလေ့လာဘဲ ပစ်ပယ်ရတော့မည်လား၊ ထိုလုပ်ငန်းတွေကို ပိတ်ပင်ရာကျမနေပါလားဟု မေးထိုက်ပါ၏။

ဖြေ။ ။“ဗာဟုသစ္စဉ္စ သိပ္ပဉ္စ” ဟူ၍ စရှိသော “တတ်ကောင်းတတ်ရာဟူသမျှ-ကြားမြင်သုတရှိပါစေ၊ အိုးအိမ်တည်ထောင် ဝမ်းစာရေး အသက်မွေးဘို့ အတတ်သင်လေ”ဟူ၍ မင်္ဂလာတရားတော်တွင် အထင်အရှားဆုံးမတိုက်တွန်းခြင်း ရှိနှင့်ပြီးဖြစ်ပါ၍ လုပ်ကားလုပ်ကြရမည်၊ လုပ်ထိုက်ကြပါပေသည်၊ ပိတ်ပင်သည်လည်းမဟုတ်၊ ဆိုလိုရင်းအဓိပ္ပါယ်မှာအလွန်ပေါ်လွင်ထင်ရှားလှပေပြီ၊ “ဘယ်သူမပြု မိမိမှု” ကိုဝန်ကိုယ်ထမ်း၍ ကိုယ့်လမ်းကိုယ်သွားကြရမည်မှာ ဓမ္မတာသဘာတို့ဖြစ်လင့်ကစား အတ္တဟိတ, ပရဟိတ အကျိုး၂-ပါးရှုရှု၍ အမြင်မှန်,လမ်းမှန် အမျိုးဘာသာ သာသနာစိတ်နှင့်တကွ တကယ့်အဘိုးထိုက် အဘိုးတန် လူမျိုးဘာသာ ယဉ်ကျေးမှုအပေါင်း ဆုံးရှုံးနစ်နာ ပျက်စီး၍နေကြရပုံတွေကို မကြည့်ရက်မကြားရက် နိုင်

လွှန်း၍ လိုက်လိုက်လှဲလှဲ မချီဝမ်းနည်းဘွယ်ကောင်းလှ၍ သတိပေး ဖော်ပြတိုက်တွန်းရခြင်းဖြစ်ရပါ၏။

သဗ္ဗေ သတ္တာ အဝေရာစ၊ အညမညံ ပိယံ ဘဝ။
သဗ္ဗေ သတ္တာ အဝေရာစ၊ အညမညံ သုခံ ဘဝ။

နိုင်ငံရပ်ခြား တိုင်းတပါးသားတို့သည် ဗုဒ္ဓဘာသာ မြန်မာနိုင်ငံတော်တွင်းသို့ ရောက်ရှိ နေထိုင်ကြပါသော်လည်း မိမိတို့အယူဝါဒမှစွန့်လွှတ်၍ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာသူကား ရှာမှပင်ရှားလှဘိတောင်း၊ ဗုဒ္ဓဘာသာအမည်ခံ မြန်မာနိုင်ငံတိုင်းရင်းသားတို့သည်ကား သာသနာထွန်းကားရာ မြန်မာနိုင်ငံတော်အတွင်းမှာပင် မှီတင်းနေထိုင်ကြပါလျက် ဗုဒ္ဓဘာသာစစ်စစ်ကား ရှာမှရှားရမည်ကဲ့သို့ ဖြစ်နေကြရပါမူ ကောင်းနိုင်ဘွယ်ရာ ရှိတော့မည်မထင်၊ "ဗုဒ္ဓဘာသာစစ်လျှင်" အပါယ်လေးပါးသို့ ဘယ်သောကာလ ဘယ်ဘဝမှာမှ ကျရောက်ရန်ကိစ္စ,လားရာ အကြောင်း မရှိနိုင်တော့လေပြီ။

တတိယကျွာ ဗုဒ္ဓဝါဒ တင်ပြပြီးမြောက်ခြင်းနှင့်တကွ ကျမ်းပြီးခါးပတ် နိဂုံးသတ်ပင် မဟုတ်သေးသော်လည်း ပြဆိုအပ်ခဲ့ပြီးကုန်သော ရှေ့၂-ကျွာတို့၏ လိုရင်းသရုပ်အကျဉ်းချုပ်ကိုအလောင်းတော်မာတင်္ဂ၏ ဥပမာ-ဥပမေယျ ဟပ်သင့်သမျှသော ဝတ္ထုသာဓက အစိတ်အပိုင်းမျှနှင့်ပုံဆောင်ကာ တမျိုးဖော်၍ နှီးဆော်လိုက်ပါဦးအံ့။

## အလောင်းတော် မာတင်္ဂဝတ္ထု၊

အလောင်းတော် မာတင်္ဂသုခမိန်သည် ပရိပုရ ဘဝများစွာကရျှဘူးသည့် ရေစက်, ပန္နက်ဘူးသည့်သစ္စာ အဖြာ

ဖြာတို့ကြောင့် ၎င်းပါရမီဒဗ္ဗသမ္ဘာရ အဆောက်အအုံ နိုးကြွပုံ အချိန်သို့ရောက်သကာလ ဝိဋ္ဌမင်္ဂလိကာ ခေါ် သူဌေးသမီးနှင့် စုလျားရစ်ပတ် လက်ထပ်ခြင်းပြုကြရလေ၏၊ ထိုသို့ပင် အကြောင်းအားလျော်စွာ ပြုပင်ပြုရငြားသော်လည်း တုစုံတွဲ၍ ပေါင်းဖော်ယှဉ်နွဲ့ခြင်းအမှုကိုကား မလိုလားမှု၍ အကြံတော်ဖြစ်သည်မှာ ကြင်ရာတော် ဤသူဌေးသမီးအား မျိုးရိုးမိဇ နိယာမစဉ်အလာ မပျက်စီးပါစေခြင်းနှင့်တကွ ဆတံပိုးတို၍ ပွါးကာချမ်းသာပါစေခြင်းငှါ ငါသည်စောင့်ရှောက်အံ့၊ သို့သော် ငါသည် သူနှင့်အတူတကွ အမြဲနေခြင်းငှါမအပ်၊ အဝေးမှသာစောင့်ရှောက်လိုသည့်အလျောက် တီးတိုးဘော် တိုင်ပင်ဘက် လက်ကတုံးတောင်ဝေ့အဖြစ် (အမိဋ္ဌာန်ချက်အစွမ်းအားဖြင့်) သားတယောက်ပေါ်ပေါက်စေကာ ထိုမိသားတို့အား ချမ်းသာစေအံ့ဟု ချက်ကိုခြေမဖြင့်သုံးကြိမ်ရစ်ကာ သားသန္ဓေတည်စေ၏၊ ထိုသားကား နောင်အခါအချိန်စေ့၍ မိခင်ဝိဋ္ဌမင်္ဂလိကာ၏ အပူဇော်ခံရာမဏ္ဍပ်အတွင်း ဖွားမြင်ခြင်းနှင့်တကွ အစွဲပြုကာ မဏ္ဍဗျသတို့သားဟူ၍ ခေါ်တွင်ကြရအံ့။

ဝိဋ္ဌမင်္ဂလိကာသူဌေးသမီးမှာလည်း အလောင်းတော်၏အရှိန်အစော်အာနုဘော်ကြောင့် အတိုင်းတိုင်း အပြည်ပြည်မှ ပူဇော်ကြေးသက္ကာရနှင့်တကွ တဆယ့်ရှစ်ကုဋေမျှသော အသပြာငွေတွေရရှိလေသတတ်၊ ထိုကဲ့သို့ ပူဇော်ကြေးရရှိပုံကတော့ အလောင်းတော်၏ကုသိုလ်ထူး ဈာန်အမိဋ္ဌာန်နှင့် စိတ်ကြံရည်မှန်း၍ ဆုပေးခြင်းကြောင့်ပင်ဖြစ်သတဲ့၊ ထို့နောက်မှ သိအပ်မှာကြားခဲ့သည်မှာ—

(၁) ရှင်မဒိဂ္ဂမင်္ဂလိကာ···· အသင့်၌ ကောင်းမွန်မြင့်မြတ်သောသားသန္ဓေလည်းရရှိပြီ၊သားယောက်ျားဖွားလတ့်။
(၂) သင်နှင့်တကွ သင့်သားပါ မြတ်သောလာဘ်ကို ရခြင်း, မြတ်သောကျော်စောခြင်း ဖြစ်လတ့်။
(၃) သင်၏ ခြေဆေးရေသည် ဇမ္ဗူဒိပ်တကျွန်းလုံးရှိဘုရင်အပေါင်းတို့ဘိသိက်သွန်းလောင်းရန် ရေဖြစ်လတ့်။
(၄) သင်၏ချိုးရေသည် မြတ်သောဆေးဖြစ်လတ့်။ ထိုရေဖြင့် ဦးခေါင်းကို အလောင်းခံရသူတို့မှာ ရောဂါဟူသမျှ ပျောက်ကင်းကုန်လတ့်၊ ကြက်သရေမရှိခြင်းကိုရှောင်ကြဉ်နိုင်ကြလတ့်။
(၅) သင်၏ ခြေဖမိုးပေါ်မှာ ဦးခေါင်းထား၍ ရှိခိုးသောသူတို့က တထောင်စီပေးကြလတ့်။
(၆) သင်ပြောသည့် စကားကို ကြားသည့် နေရာကနေ၍ ရှိခိုးကြသော သူတို့က တရာစီ ပေးကြလတ့်။
(၇) မြင်ရုံသာမြင်ရသည့်အရပ်မှရှိခိုးကြရသောသူတို့ကတကျပ်စီပေးကြလတ့်။

မမွေ့မလျော့ ကောင်းစွာ နေရစ်ဟု ဆုံးမပြီးလျှင် ကောင်းကင်သို့ ပျံတက်ကြွ၍ လဝန်းအတွင်းဝယ် ကွယ်ပျောက်သွားလေ၏၊ သို့နှင့်ပင် ဘုန်းတန်း ကြက်သရေအထွေထွေသော မင်္ဂလာအပေါင်းတို့နှင့်တကွ သားအမိ ၂-ယောက်တို့ နေလာခဲ့ကြသည်မှာ သတို့သားပင် ၇-နှစ်အရွယ်သို့ တိုင်ရောက်ရှိခဲ့ပေ၏၊ သတို့သားသည်လည်း

ဘာခင်နှင့်ဝေးကွာလျက် မိခင်နှင့်မိတ်ကျွမ်းဝင်ကာ နေကြသော ဇမ္ဗူဒိပ်တကျွန်းလုံးရှိ ပုဏ္ဏားဆရာကြီးတို့နှင့်သာ ပေါင်းသင်းဆက်ဆံခွင့် ရရှိသည့်အလျောက် အသက် ၇-နှစ်မှ ၈-နှစ်အရွယ်သို့ရောက်လျှင်ပင် ဗေဒင်သုံးပုံ ပညာစုံသင်ကြား တတ်မြောက်၍ တဆယ့် ခြောက်နှစ် အရွယ်ရောက်ရှိလာသကာလ ပုဏ္ဏားပေါင်း တသောင်းခြောက်ထောင်တို့ကို နေ့စဉ် ညွှန်ကြားခံကျွေးမွေး၍ ဆည်းကပ်လျက်နေလေ၏။

ဟိမဝန္တာမှ အဘဖြစ်သော မာတင်္ဂ ရသေ့သည် ဒိဋ္ဌမင်္ဂလိကာ၏ သားအကြောင်းကို တန်ခိုးဖြင့် ကြည့်ရှုသောအခါ မိစ္ဆာပုဏ္ဏားများအား ကျွေးမွေး ကိုးကွယ်နေသည်ကိုမြင်၍ ဆုံးမအံ့သောငှါ တန်ခိုးဖြင့် ကြွလာပြီး ပုဏ္ဏားများ ကျွေးမွေးရာအနီးတွင်ရပ်နေ၏၊ ထိုသို့နေသည်ကို မဏ္ဍဗျသတို့သား မြင်လတ်သော် ငါသည် စင်ကြယ်မွန်မြတ်သော ပုဏ္ဏားတို့ကို ကျွေးမွေး လှူဒါန်းနေရာမှာ "ဤသူယုတ်မာသည် အဘယ်က လာသနည်း"ဟု ကြိမ်းမောင်းစကားပြောကြားလေ၏၊ "အယူမှားမှု, အမြင်မှားမှုဟူသည် လွန်စွာမှ ကြောက်ဖွယ် ကောင်းလှပါတကား" မာတင်္ဂရသေ့ကလည်း တရားစကား ဟောကြားတော်မူ၏၊ ဤသို့လျှင် တလှည့်စီ အတုံ့အပြန် ပြောဆိုဟောကြားပြီးနောက် မဏ္ဍဗျသတို့သားက အမျက်ထွက်ကာတံခါးစောင့်များကိုခေါ်ပြီးလျှင် ရိုက်ပုတ်ဆွဲငင်၍ နှင်ထုတ်လိုက်ရန် အမိန့်ပေးလေ၏၊ "ပညာမျက်စိ ဘိတ်မရှိပြီဆိုမှဖြင့်လဲ မပြစ်မှားထိုက်, မပြစ်မှားအပ်သော တရားကို ပြစ်မှားရဲမည်မှာလည်း မမွတာပင်"။

တံခါးစောင့်များမိမိအနားသို့ မရောက်ခင်ပင် မာတင် ရသေ့သည် ကောင်းကင်သို့ပျံတက်၍ ကောင်းကင်မှတရား ဟောပြီးနောက် မဏ္ဍဗျသတို့သားနှင့် ပုဏ္ဏားတို့ ကြည့်ရှု နေကြစဉ်ပင် ကောင်းကင်ခရီးဖြင့် အရှေ့အရပ်သို့ ကြွ သွားလျက် တခုသောလမ်းမှာ ဆင်းသက်၍ "ငါ၏ခြေရာ ထင်စေသတည်း"ဟု အဓိဋ္ဌာန်ပြီးမှ ဗာရာဏသီပြည်၏ အရှေ့တံခါးအနီး ရပ်ကွက်တွင် ဆွမ်းခံ၍ စရပ်တဆောင် ပေါ်သို့တက်ကာ ဆွမ်းဘုဉ်းပေးနေလေ၏၊ ထိုအခါ မြို့ စောင့်နတ်တို့သည် "ငါတို့အရှင် မာတင်သုခမိန်ရသေ့ကို နှိပ်စက်ညှဉ်းဆဲစကား ပြောကြရာသလော"ဟု သည်းမခံ နိုင်ဘဲ ဖြစ်လာကြပြီးလျှင် အကြီးအကဲ ဖြစ်သော နတ်က မဏ္ဍဗျသတို့သား၏ လည်ပင်းကို မျက်နှာနောက်ပြန် ဖြစ် နေအောင် ပြုလုပ်ထား၏၊ ကြွင်းသော နတ်များကလည်း ပုဏ္ဏားအားလုံးတို့၏ လည်ပင်းကို ထို့အတူပင် လိမ်၍ ထားကြကုန်၏၊ မာတင်သုခမိန်၏သားဖြစ်သည်ကို ထောက် ထား၍ သေအောင်ကား သတ်၍မပစ်ကြကုန်။

[သက်ဆိုင်ရာလောက် ကောက်နုတ်၍ ဥပမာ-ဥပမေယျ ပြချက်ကလေး သရုပ်ပေါ်စေလို၍ ဇာတ်ကြောင်းဖော်လာ သည်မှာလည်း စာကြောတွေ အတော်ရှည်လျားပြီး ဇာတ် မျောနေမှာလည်း စိုးရသေးသည့်အတွက်ကျန်ဝတ္ထုကြောင်း ရဲ့အဓိပ္ပါယ်ကိုတော့ အဲတိုချုပ်၍ဘဲ လက်စသိမ်း၍ ဖော်ပြ တော့မည်။]

အဲသည်လို သားနှင့်တကွ သောင်းခြောက်ထောင်သော ပုဏ္ဏားတွေဟာ အယူဖောက်ပြန်မှုတွေနှင့်တကွ မပြစ်မှား အပ်တဲ့ပုဂ္ဂိုလ်, မပြစ်မှားအပ်တဲ့တရားတို့ကို ပြစ်မှားခြင်း

ကြောင့် ယခုကဲ့သို့ တန်ပြန်ဒဏ် ခံစားနေရကြောင်းကို မယ်တော်နား ကြားပါရော၊ မယ်တော်မှာလဲ ယူကြုံးမရနှင့် ဖြစ်ကြောင်းရယ်တဲ့မှ ကုန်စင်, ဖြစ်ထွေတွေ စိစစ်၍ အကြောင်းကုန် သိရတော့ကမှ အလောင်းတော်နောက်လိုက်ပြီးတောင်းပန်တိုးလျှိုးလျှောက်ထားကာအလောင်းတော်ထံမှ ပေးအပ်ရရှိခဲ့တဲ့ထမင်းရေအစာတို့ကိုဆေးမင်းပမာ တိုက်ကျွေးကုသစေမှ သားတော်နှင့်တကွ ပုဏ္ဏားအပေါင်းတို့မှာ သက်သာ ချမ်းသာရာ ရကြပါတယ်၊ ထိုနောက်မှ မိစ္ဆာပုဏ္ဏားများဟာလဲ မိမိတို့၏"မူမမှန်အယူသီ" ထွက်ပုံတွေကို တွေးတောကာ မဟာ အရှက်တော် ရှပြီး နဂရာကနက်ထိးမှ ဗျာကရာတချက်ထည်း ပြောင်းရွှေ့သွားကြတော့လေသတဲ့။

## ဥပမာ,ဥပမေယျ စပ်ဟပ်ပြချက်

ယခုဖော်ပြပြီးသည့် ဥပမာများမှ ဥပမေယျ ကောက်နုတ်ချက်ချ၍ တင်ပြလိုသည်မှာ—

(၁) အလောင်းတော်ကြီးသည် မျိုးရိုးဗီဇ နိယာမအားဖြင့် ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင် အပေါင်းတို့၏ မှီခိုရာ အားထားရာ ကိုးကွယ်ရာ ဆည်းကပ်ရာ သာသနာတော်မြတ်ကြီးနှင့်တူ၏။

(၂) သူဌေးသမီး ဒိဋ္ဌမင်္ဂလိကာ ကား ထိုသာသနာတော်ကြီး၏တည်ရာ ရွှေတွင်း,ငွေတွင်း, ပယင်း, ဒုတ္တာ မြေပေါ် မြေအောက် ရတနာမြောက်သောက် ပြည့်နှက် လောက်အောင် ရှိသော အမိမြန်မာပြည်ကြီးနှင့်တူ၏။

(၃) မဏ္ဍလေး သတ္တိသားသည်ကား သာသနာနှင့် ဘာသာမှဆင်းသက် ပေါက်ပွါး လာကြသော အမျိုးကောင်း သားသမီး မြန်မာနိုင်ငံ တိုင်းရင်းသားတွေနှင့်တူ၏။
(၄) ဖခင် သာသနာနှင့် ဝေးနေသော တိုင်းရင်းသား အသီးသီး တို့မှာ လူမျိုးစုံတို့ ခိုလှုံ ဝင်ရောက် ကျက်စားနေကြသော မိတ်ဆွေပေါင်း သောင်း ခြောက်ထောင်နှင့် မိတ်ဖွဲ့ကာ ၎င်းတို့ထံမှ ပါ လာသော ယဉ်ကျေးမှု စာပေတွေကို ယုံကြည် လက်ခံမှုနှင့်တကွ တကယ့်ပညာ ထင်နေရမှုနှင့် တူ၏။
(၅) သာသနာတော် ၂၅၀၀-နီး၍ အမှန်တရား ပွင့်လင်းမည့် နိမိတ်နှင့်ကား အလောင်းတော် ကြီးသားဖြစ်အင်ကို ရှေ့ရှုထင်မြင်ကာ ဆုံးမရန် ကြွလာသည်နှင့်တူ၏။

မဟာကရုဏာတော်အရှင် သို့ပင် ကြွလာ ရပ်ငြား သော်လည်း မှိုင်းသင့်ချက်နာလှသော တိုင်းရင်းသားတို့မှာ အဓိမှန်းမသိ, အဖမှန်းမသိ “ဖထွေး-အဖေရင်းထင်ကာ” လေးလေး နက်နက် ဖော်ထုတ်၍ အဓိပ္ပါယ် ပြန်ဆိုအပ် သော အမေကျော်-ဒွေးဒေါ်လွမ်းမှု စကားပုံ သဘော တရား ဆက်ဦးအံ့။

### အမေကျော် ဒွေးဒေါ်မလွမ်းပါနှင့်

သူခိုးခွားရိုးကမ်းသကဲ့သို့ မိဘရင်းကိုပင်မမြင်လို့,ပြော စကားမကြားလိုဘဲ အထင်အမြင်သေးကာ မောင်းမဲရိုက် ပုတ်မည်ကဲ့သို့ အယုံအကြည်ကင်းမဲ့စွာ ပုန်ကန်တော်လှန်

လိုကြ၏၊ သံချေးသည် သံကိုပင်ဖျက်၏၊ သတိသမ္ပဇဉ်ဉာဏ် မှာယှဉ်၍ ဆင်ခြင် စဉ်းစား ကြပါကုန်လော့၊ ကံ ခဏ်းမှ ဖော်ပြခဲ့သည့်အတိုင်း''သဒိသံ ပါကံ ဇနေတိ''မိမိပြုသော အမှုသည် ကောင်းလျှင် ကောင်းသလို,ဆိုးလျှင် ဆိုးသလို, မှန်လျှင် မှန်သလို, မှားလျှင် မှားသလို မိမိတို့တာဝန်သာ ဖြစ်ကြပေသည်၊ မိစုံ ဘစုံ မိရင်း ဘရင်း တွေ့ရှိ သိမြင် ရသည့်အချိန်အခါ အခွင့်ကြီးသည်ကား မကျော်လွန်သေး၊ အချိန်မှီပါသေး၏၊ မျက်မွေးတဆုံးမျှ အမြင်တိုတောင်း စွာ မကြည့်ပါမူ၍လေးလေး နက်နက် ပြန်ကာ လှန်ကာ ဝေဖန်စဉ်းစား သုံးသပ်ပြီး မိရင်းဘရင်း, မိစစ်ဘစစ်, သားသမီးအဖြစ်ခံယူ၍ မိဘကျေးဇူးကို ကျေပွန်စွာဆပ်နိုင် ကြပါစေသောဝ်၊ တနည်း-မိဘကျေးဇူး ဆပ်သောအနေ ဖြင့် အမျိုး, ဘာသာ, သာသနာစိတ် ဓာတ်နှင့် တကွ လုပ်ငန်းစဉ် အရပ်ရပ်တို့ကို တိကျ ပြတ်သားစွာ ဆ ထက်တံပိုး ကြိုးစား ဆောင်ရွက်စောင့်ရှောက်နိုင်ကြပါ စေသတည်း။

## အရိုးပေါ်အရွက်မဖုံးပါစေနှင့်

မှန်သောအမှုအလုပ်မှာစွန့်စားဝံ့ခြင်းသည် သူရသတ္တိ အမှန်ဖြစ်၍ မှားသော အမှုအလုပ်မှာ စွန့်စားခြင်းသည် မိုက်ရူးရဲခြင်းသာဖြစ်၏၊ တွေးပါ၊ ကြံပါ၊ ဆွေးနွေးပါ၊ ဝေဖန်ပါ၊ သုံးသပ်ပါ၊ ခုံတင်စစ်ဆေးကြည့်ပါ၊ ဉာဏ် ထုတ်ပါ၊ တဲ့တဲ့မြင်တတ်ပါ၊ သူရသတ္တိရှိကြစမ်းပါ။

ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေသို ထွန်းစေသောဝ်။

## ၃—ဗုဒ္ဓဝါဒကဏ္ဍ

**စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ နမော ဗုဒ္ဓါယ။**

ဗုဒ္ဓဝါဒဟူသောအဓိပ္ပါယ်မှာ (ဗုဒ္ဓ+ဝါဒ)ဟု ဆိုလိုသည်၊ ဗုဒ္ဓ၏ အဓိပ္ပါယ်မှာ လောက၃-ပါးကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင် ဟောကြားတော်မူနိုင်သောဘုရား၊ ဝါဒ—ထိုဗုဒ္ဓ၏ သိမြင်ကျင့်သုံးအပ်သော (မဂ်၄+ဖိုလ်၄+နိဗ္ဗာန်+ပရိယတ်) အယူဝါဒ အလိုတော်ကျ လက်သုံးလမ်းစဉ်ကိုခေါ်သည်။

အထက်ဖော်ပြပါ အဓိပ္ပါယ် ၂-ရပ်ကို ပေါင်းစပ်၍ အနက်အဓိပ္ပါယ် ဖော်ထုတ်သည်ရှိသော် ဗုဒ္ဓဝါဒ-ဘုရား၏အယူဝါဒ လမ်းစဉ်ဆိုသည်မှာ-လူမျိုးအားဖြင့် ပိုင်ဆိုင်ခြင်းကို ဆိုလိုသည်မဟုတ်သည်မှာ ထင်ရှားပါ၏၊ သို့ဖြစ်ပါ၍ ဗုဒ္ဓဝါဒသည် မြန်မာတိုင်းရင်းသားများ, တရုပ်, ကုလား, အင်္ဂလိပ်, အမေရိကံ, ရုရှား,ဂျာမနီ,ဂျပန်အစရှိသည်တို့ဖြင့် လူမျိုးတမျိုးအားဖြင့် ပိုင်ဆိုင်ထားသည့် ဝါဒလမ်းစဉ်ကားမဟုတ်၊ မည်သည့်လူမျိုးမဆို ဗုဒ္ဓဝါဒလမ်းစဉ်ကို လက်ခံကျင့်သုံးပါက ဝေါရင်ဂျီ လူမျိုးပင်ဖြစ်လင့်ကစား တိုသူသည် လူမျိုးအားဖြင့် ဝေါရင်ဂျီပင်ဖြစ်သော်လည်း အယူဝါဒအားဖြင့်ကား ဗုဒ္ဓဘာသာဖြစ်လေတော့၏၊ "ဗုဒ္ဓဘာသာဖြစ်လေက အပါယ်လေးပါးသို့ မလားနိုင်တော့ပြီ၊လားရန် အကြောင်းလည်း မရှိစေတော့ပြီ"၊ ဗုဒ္ဓဝါဒသည် လူမျိုးပိုင်တရားမဟုတ်၊ ဘုရား၏အယူဝါဒ လမ်းစဉ်သာဖြစ်သည်ကိုအထူးလေးနက်ပေါ်လွင်စေခြင်းငှါ ဖော်ပြပါဦးမည်။

သာကီယ နွယ်ဘွား သားတော် မြတ်ဘုရား၏ ရိုးရာ စရိုက်သဝိတ်တော်ပိုက်၍ အိမ်စဉ်လျှောက်ကာ ဆွမ်းအလှူခံ ကြွတော်မူကြောင်းကို ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ကြားသိတော်မူသည်နှင့်တပြိုင်နက် ကြွလာလျှောက်ထား ပန်ကြားပုံမှာကား "သားတော်ဘုရားနှယ်.. အနွယ်နှင့်မလိုက် သဝိတ်ကိုပိုက်ပြီးလျှင် တအိမ် တစလောင်း တောင်းရမ်းသောအမှုကို ပြုရက်လေစွ တကား" ဟု အကြိမ်ကြိမ် ငြီးတွားလျက် ရှက်အားကြီးတော်မူလှသဖြင့် ဝတ်လဲတော် ပုဆိုးစကိုဆွဲကိုင်ခါ လျင်မြန်စွာ နန်းတော်မှဆင်း၍ တရားမင်းသခင် ဘုရားရှင်ရှိရာသို့ သွားလေပြီးသော် ချီအပ်သော လက်အုပ်ဖြင့် တလှုပ်လှုပ် တုံရီခါ "အို–သားတော်မြတ်.... မလျှောက်ပတ်သော အမှုကို ဘာကြောင့် ပြုတော်မူပါသနည်း၊ သားတော်မြတ်သည်ကား သာကီယနွယ်တော်စင်မှ ဖွားမြင်တော်မူလာသည် မဟုတ်ပါလော၊ သာကီဝင် မင်းမျိုးမှန်လျှင် တောင်းခံလှည့်လည်သော အမှုမျိုးကို ပြုရိုးထုံးစံ မရှိပါ၊ ရွှေသို့ တလှမ်းမျှ ကြွလှမ်းတော် မမူပါလင့်၊ နန်းတော်ကြီးအတွင်း၌ သံဃာတော်ပေါင်း နှစ်သောင်းမက လိုသမျှ ပြည့်စုံ လုံလောက်အောင် စားသောက်စရာ အရသာ ဘောဇဉ်တို့ကို အဆင်သင့်ပင် စီရင်ပြီးဖြစ်ပါသည်၊ကဲ့,ကဲ- နန်းတော်သို့သာ အမြန်ကြွတော်မူပါ၊ တလောကလုံး ချီးကျူး၍ ထူးမြတ်သော အမျိုးဇာတ်ကြီးကို ဖျက်ဆီးတော်မမူပါနှင့်" ဟု လမ်းခရီးမှာပင် အရေးတကြီး လျှောက်ထားလေ၏။

ခမည်းတော် မင်းတရားကြီး၏ လျှောက်ထားပုံစကား ကို ကြားတော်မူရသော ရှင်တော် မြတ်ဘုရားသည် "သာကီဝင်"နှင့်"ဗုဒ္ဓဝင်"တို့၏ ခြားနားကွဲပြားပုံအချက် ကို ကွက်ကွက် ကွင်းကွင်း ရှင်းလင်းစွာ သိစေလိုသော ကြောင့်"'သာကီနွယ်တမွတ်သီးတို့၏ အထွဋ်ကြီးဖြစ်တော် မူသော အို–ခမည်းတော်.... ဒေဝဒဟ, ကောလိယနှင့် ကပိလထီးနန်း ဤကြွင်းသုံးဆူတို့၏ နန်းတူ, အနွယ်တူ တကယ် စင်ဖြူသော စရိုက်ဖြင့် သမိုက်တွင်ခေါ်သော သာကီယအနွယ်တော်သည် မယ်တော် ခမည်းတော်မှစ၍ အသင်မင်းတရားကြီးတို့၏ ဤလောက တိုင်းဘောင်တွင် ဂိုဏ်းထောင်၍ ချွန်ပေသော အနွယ်မွန် အနွယ်မြတ်ကြီး ဖြစ်ပါပေသည်၊ ဗောဓိပင်စကြာရတနာလက်ရှိနှင့် ဗောဓိ ပလ္လင်ဝယ် ငါးရပ်သောမာရ်ကို ပယ်နှင်ခါ အောင်မြင် ခဲ့သော ငါဘုရား၏ အနွယ်တော်မြတ်သည် အသင်မင်း ကြီးတို့၏ အနွယ်အရိုး သာကီမျိုးမဟုတ်တော့ပေ၊ သုံး လောက ခရိုင်နယ်တွင် ပြိုင်ဘွယ်ကင်းလတ်သော ငါဘုရား ၏အနွယ်တော်မြတ်သည်ကား ရှေးရှေးသော နောင်တော် ဘုရားတို့၏ အစဉ်အဆက် မပျက်တည်ထွင်ခဲ့သော ဗုဒ္ဓဝင် ဖြစ်လေသည်။

ဗောဓိပင်နှင့် ပလ္လင်မဏ္ဍိုင်ဝယ် မာရ်ငါးပါးကို ခုတ် ချိုင်ခါ လေးခိုင်သော သစ္စာပန်းကို ဆွတ်လှမ်းသောအခါ မှစပြီးလျှင် သာကီဝင်အနွယ်ဇာတ်မှ လုံးလုံးကြီး ကင်း ပြတ်၍ မြင့်မြတ်သော ဗုဒ္ဓအနွယ်တော်မြတိုက်သို့ ကြွဆိုက် သက်ရောက်တော်မူခဲ့လေပြီ၊ သို့ကြောင့် ယခုအခါ ငါ ဘုရားကို သင်မင်းတရားတို့၏ ဇာတ်ဝင်ဟု မှတ်ထင်တော်

မမူလေနှင့်၊ ဗုဒ္ဓဝင် သမိုင်းပြောင်အောင် ဂိုဏ်းထောင် တော်မူခဲ့သော ရှေးရှေး နောင်တော်ဘုရားတို့သည်လည်း သလုံးမြင်းခေါင်းဖြင့်ရင်းနှီးကာသပိတ်ကိုပိုက်၍သိုက်မြိုက် သော ရောင်ခြည်တော် ဓာတ်အလင်းဖြင့် မြို့တွင်း, ရွာ တွင်းဝယ် ဆွမ်းခံခြင်းအလို့ငှါ လှည့်လည်တော်မူကြပါ သည်၊ ငါဘုရားသည်လည်း ရှေးရှေးသော နောင်တော် များ၏ ထုံးစံစရိုက်ကို အစဉ်တစိုက် လိုက်တော်မူသော အားဖြင့် ကပိလဝတ်နေပြည်တော်ကြီးအတွင်းဝယ် ဆွမ်းခံ ခြင်းပြုတော်မူရလေသည်။

[ဤကား ဗုဒ္ဓဝင်မှ ကောက်နုတ်ချက်တည်း။]

အထက်ပါ ဗုဒ္ဓ၏ကိုယ်တော်တိုင် နှုတ်တော်ထွက် မိန့် ခွန်းတော်ကို ထောက်ရှုခြင်းအားဖြင့် ဗုဒ္ဓဝါဒသည် လူမျိုး အားဖြင့် ပိုင်ဆိုင်သောတရားမဟုတ်သည်မှာအခြားအခြား သော အမျိုးနွယ်ပင်မဆိုထားဘိ မိမိ၏ဆင်းသက် ပေါက် ဖွားရာဖြစ်သော သာကီနွယ်သော်မှ အမျိုးအားဖြင့် ပိုင် ဆိုင်သောဝါဒမဟုတ်၊ ဗောဓိပင်နှင့် ရွှေပလ္လင်တော်ပေါ် မှာ မာရ်ငါးပါး အောင်တော်မူပြီးချိန်မှအစပြု၍ ရှေးရှေး သော နောင်တော်နောင်တော်ဘုရားတို့၏ ဝါဒလမ်းစဉ် နှင့်အညီ သိရှိနားလည် ယုံကြည်သက်ဝင်မှုနှင့်တကွ လိုက် နာကျင့်ကြံ ကြိုးကုတ်အားထုတ်သူသည်သာလျှင် ပိုင်ဆိုင် ခွင့်ရသော တရားဖြစ်ပေသည်၊ ဗုဒ္ဓဝါဒဆိုရာတွင် ဗုဒ္ဓ၏ အဓိပ္ပါယ်, ဝါဒ၏အဓိပ္ပါယ်တို့ကို ခြားနားရှင်းလင်းပြီး သည့်အခြားမဲ့၌ ဗုဒ္ဓမည်ထိုက်သည့်ဂုဏ်, ဝါဒတည်းဟူ သော စည်းမျဉ်းဥပဒေတို့ကို သိရှိရန်ကား လိုပေသေး

သည်ဖြစ်၍ ဗုဒ္ဓမည်ထိုက်သည့်ဂုဏ်စသည်တို့ကို စိစစ်တင်ပြပါအံ့။

## ဗုဒ္ဓဝါဒကိုစိစစ်ပုံ

**ဗုဒ္ဓ။** ဗုဒ္ဓဘာသာတို့၏ သက်ဝင်ယုံကြည် ကိုးကွယ်ဆည်းကပ်အားထားကြသော ဗုဒ္ဓကား-မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့်နေ့၌ ပရတောဃောသပစ္စည်းမှကင်းစင်သော စိန္တာမယဉာဏ်တော်ဖြင့် သဗ္ဗညုတဉာဏ်တော် ရရှိ သိပိုင်တော်မူသော ဂေါတမနွယ်ဘွား ဗုဒ္ဓဘုရားဖြစ်လေသည်၊ ဗုဒ္ဓဆိုသည်မှာ ဗုဓ-ဓာတ်, တ-ပစ္စည်းအရဖွင့်ဆိုဆက်ဆံသော ဘုရားဖြစ်ခြင်းကြောင့် "ဗုဒ္ဓါပ္ပြါဒေါဒုလ္လဘော"ဟု အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဟောတော်မူသည်နှင့်အညီ အလွန်ဖြစ်နိုင်ခဲ, ရနိုင်ခဲသော တကယ့်ဘုရားကိုဆိုလိုသည်၊ သံသာရဒုက္ခမှထွက်မြောက်နိုင်သော သစ္စာ ၄-ချက် သဘောနက်ကို ထက်နတ်ပြဟ္မာ သတ္တဝါအများရှင်လူတို့အား ဟောကြားနိုင်သောဘုရား၊ ၎င်းတရားကို အလိုလို ထိုးထွင်း၍သိပြီး သူတပါးအား ဟောကြားနိုင်သောဘုရား၊ သီလ,သမာဓိ,ပညာစသောဂုဏ်တို့ဖြင့် မတုပြိုင်နိုင်သော အနုတ္တရဘုရား၊ တန်ခိုးတော်အနန္တ,ဉာဏ်တော်အနန္တ, ဘုန်းတော်အနန္တ-တို့ကို သူသူငါငါမတုပနိုင်ကြသော ဘဂဝါဘုရားမှ "ဗုဒ္ဓ"ခေါ်ဆိုထိုက်၏။

**ဝါဒ။** ဤပုဂ္ဂလဓိဋ္ဌာန်, ဓမ္မာဓိဋ္ဌာန်ဘုရားက လက်ကိုင်ထား၍ ဟောပြောပြသသောတရားတို့သည် မဂ် ၄-ပါး, ဖိုလ် ၄-ပါးနှင့် နိဗ္ဗာန်ဖြစ်ကုန်၏၊ ထိုမဂ် ၄-ပါး, ဖိုလ် ၄-ပါးကို ဖြစ်စေ, ရနိုင်စေသော အကျင့်မြတ်

တည်းဟူသော ရုပ်နာမ်ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စ သမုပ္ပါဒ်, သစ္စာ, ဝိပဿနာတရားများဖြစ်ကုန်၏၊ ဤမဂ်, ဖိုလ်, နိဗ္ဗာန်တရားတို့ကိုသာလျှင် ဓမ္မာဓိဋ္ဌာန် နိယတအမြဲ ဘုရား၏တရား,၎င်းဘုရား၏ ကိုယ်စားလည်းဖြစ်သော ဂဂ်ါ ဝါဠု သဲစုမကပွင့်တော်မူကြကုန်သော ပုဂ္ဂလာဓိဋ္ဌာန်ဘုရား တို့၏ တရားတော်ဖြစ်ပေ၏၊ ၎င်းမဂ်တရား, ဖိုလ်တရား များကို ကျင့်ကြံပွါးများကြသော ကလျာဏအတွင်းဝင်နှင့် အရိယာသံဃာတော် ရှစ်ပါးတို့သာလျှင် ဓမ္မာဓိဋ္ဌာန် ဘုရား, ပုဂ္ဂလာဓိဋ္ဌာန်ဘုရား၏ သားတော်သမီးတော်အစစ် ဖြစ်ပေသည်၊ ဤဘုရားစစ်, တရားစစ်, သံဃာစစ် ၃-မျိုး မှလွဲ၍ ရှိခိုးခြင်း,ပူဇော်ခြင်း,ကိုးကွယ်ခြင်းမထိုက်၍ ဘုရား စစ်, တရားစစ်, သံဃာစစ်နှင့် ဘုရားတု, တရားတု, သံဃာ တုတို့ကို ခြားနားရှင်းလင်းစွာ သိအပ်လှ၏။

ဗုဒ္ဓဝါဒသည် လောကုတ္တရာကြောင်း နိဗ္ဗာန်ရောက်လို သူအတွက်သာလျှင် သက်ဆိုင်သည်မဟုတ်၊ လောက၏ မျက်မှောက်ဘဝ, တမလွန်ဘဝတို့ကိုလည်း ကြီးပွါးရေး, စီးပွါးရေး, ကျန်းမာရေး, ချမ်းသာရေး, လူမှုရေး, ယဉ် ကျေးမှု-အစရှိသည်ဖြင့် လိုလေသေးသည်မရှိ၊ ပြည့်စုံကုန် လုံကြွယ်ဝသော အဆုံးအမတော်နည်းလမ်းတွေရှိ၍ အညီ အညွတ် ကျင့်ကြံပြောဆို လုပ်ကိုင်နေထိုင် စားသောက် သွားကြနိုင်ပါက လူ့လောကတွင် လူ့အထက်တန်းစား, နတ်လောကတွင် နတ်အထက်တန်းစား, ဗြဟ္မာလောက တွင် ဗြဟ္မာ့အထက်တန်းစားအနေဖြင့် ဘုံစဉ်စံခါ အန္တိမ နောက်ဆုံး၌ အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲအပေါင်းဟု ဆို

အပ်သော ဒုက္ခခပ်သိမ်းတို့၏ဇာတ်သိမ်းရာ ငြိမ်းရာအမှန် ရွှေပြည်နိဗ္ဗာန်သို့ပင် ထုတ်ခြောက် ရောက်စွမ်းနိုင်ပေလေတော့သတည်း၊ ထိုကဲ့သို့ ဘုရားစစ်ဘုရားမှန်, တရားစစ်တရားမှန်, သံဃာစစ်သံဃာမှန် တည်းဟူသော ယုံကြည်အားထား ကိုးကွယ်ဆည်းကပ်ထိုက်သည့် အရင်းခံတရားကို တွေ့ရှိသိမြင်မှ အဆုံးမတော်အတိုင်း လိုက်နာ၍ မိမိမိမိတို့၏ အသီးသီးယုံကြည်မှုအရ လုပ်ကိုင်ဆောင်ရွက်ရန် ဝတ္တရားများကို အရေးတကြီး အပတ်တကုတ် တိကျပြတ်သားစွာ ဆောင်ရွက်လုပ်ကိုင်နိုင်ရန်သာရှိကြလေတော့၏။

ဗုဒ္ဓဝါဒသည် "ငါသာတတ်,ငါသာမြတ်" ဆိုသည့်သဘောနှင့် ငါ့စကား ငါပြောတာသာမှန်တယ် နားထောင်ရမည်"ဟု အတင်းအကြပ် ပုံသွင်းသော. ဝါဒမျိုးမဟုတ်၊ "သဘာဝဓမ္မ"ကို လက်တွေ့ဉာဏ်တွေ့ အာဂမယုတ္တိ, သာဓကယုတ္တိ, သဘာဝယုတ္တိ အမျိုးမျိုးနှင့် အတိအကျအညီအညွတ် ကုန်ဆုံးအောင်ဝေဘန်ပြသော ဝိဘဇ္ဇဝါဒမျိုးဖြစ်လေသည်၊ မည်ကဲ့သို့ ဝေဘန်ပြပါသနည်းဟူမူ- ပုဂ္ဂိုလ်စွဲမရှိ ဂတိမလိုက်စား ဓမ္မာဓိဋ္ဌာန်အားဖြင့် အကျိုးနှင့်အကြောင်း, အကြောင်းနှင့်အကျိုးကိုသာလျှင် ယထာဘူတကျ-ဤသည်ကားအကြောင်း, ဤသည်ကားအကျိုး၊ ဤကားအကောင်း, ဤကားအဆိုး၊ ဤကားအမှန်, ဤကားအမှား၊ ဤသည်ကားဒုက္ခ- ဆင်းရဲခြင်း၊ ဤသည်ကားသမုဒယ- ဆင်းရဲစေတတ်သည့်အကြောင်း၊ ဤကား ချမ်းသာရာအစစ်- နိရောဓ၊ ဤကား ချမ်းသာရာ အစစ်သို့ရောက်ကြောင်း-မဂ္ဂ-ဟူ၍ အစ,အလယ်,အဆုံး ၃-ပါး

လုံး တိကျပြတ်သားစွာ အကျဉ်းနည်းအားဖြင့် ဟော သည်ဖြစ်စေ, အကျယ်နည်းအားဖြင့် ဟောသည်ဖြစ်စေ, လောကကြောင်း ဟောသည်ဖြစ်စေ, ဓမ္မကြောင်း ဟော သည်ဖြစ်စေ၊ ဟောတော်မူသောဓမ္မတို့၌ ဤမည်သော သ ဘာဝတ္တလိုနေသေးသည်ဟု နောက်ထပ် ဖြည့်စွက်စရာမရှိ သည့် ကေဝလပရိပုဏ္ဏဘော ဂုဏ်နှင့်လည်း ပြည့်စုံပြီး ဖြစ်၏။

ဤနေရာ၌ မည်သို့သော သဘာဝတ္တစသည် ပိုနေသည် ဟူ၍ ထုတ်ပယ်နုတ်ပစ်စရာမရှိခြင်းကြောင့် ပရိသုဒ္ဓဘော ဂုဏ်နှင့်လည်း ပြည့်စုံပြီးဖြစ်လေတော့သည်တို့ကို တကယ့် သဘာဝဓမ္မကို တဖ:ယ်ဉာဏ်မှိမှိနှင့် ထိထိမိမိ နက်နက်နဲနဲ ကျယ်ကျယ်ပြန့်ပြန့် စိတ်အေးလက်အေး ကိလေသာမ ထွေးဘဲ စဉ်းစားနိုင်သူ လူရှင်တကာ ပညာရှိမှန်သမျှသည် လယ်ပြင်ဆင်လျှောက်သကဲ့သို့ သိလောက်အပ်လေတော့ ၏၊ ယခုကဲ့သို့ စိစစ်တင်ပြခြင်းအားဖြင့် ဗုဒ္ဓဝါဒအဓိပ္ပါယ် နှင့် ဘုရားစစ်, တရားစစ်, သံဃာစစ်တို့၏ သဘောတရား တို့ကို ခွဲခြားထင်ရှား သိရှိလောက်ပေပြီ၊ ယခုရေးသား ဖော်ပြဆဲဖြစ်သော တတိယကဏ္ဍတွင်လည်း ဗုဒ္ဓဝါဒ၏ သိသင့်သိထိုက် မှတ်ထိုက်သော အဆင့်ဆင့်သိမ်မွေ့နက်နဲ ကျယ်ပြန့်သောသဘောတရားတို့ကို ပိုမိုရှင်းလင်းတင်ပြရာ တင်ပြကြောင်း ဖြစ်သည့်အလျောက် လက်တွေ့ သဘာဝ တွေ့ အခြေခံလုပ်ငန်းစဉ်များကို မရေးသားမီ ယခုမျက် မှောက် ရင်ဆိုင်နေကြရသော ခေတ်အခြေအနေနှင့် သူ တော်ကောင်းတို့၏ ထားသင့်ထားအပ်သော နှလုံးသွင်း တရားများကို တင်ပြသင့်ပြန်ပါသည်။

### ခေတ်အခြေအနေနှင့် သူတော်ကောင်းစိတ်ထား

ယသော စ အပ္ပဗုဒ္ဓီနံ၊
ဝိညူနံ အယသော စ ယော။
အယသော သေယျော ဝိညူနံ၊
န သေယျော အပ္ပဗုဒ္ဓီနံ။ ။
[တိပိဋကနိတိ ထေရဂါထာပါဠိတော်။]

**အနက်။** ။လောကေ၊ ကမ္ဘာလောကကြီး အတွင်း၌။ အပ္ပဗုဒ္ဓီနံ၊ ပညာနည်းပါး တရားလွတ်ကင်းလူညံ့ဖျင်းတို့၏။ ယော ယသော စ၊ ကျော်စောသတင်းနှင့် အကြင်အခြံအရံ များ၍နေခြင်းသည်၎င်း။ ဝိညူနံ၊ တတ်သိလိမ်မာ ပညာဆင်ခြင် အမြင်များပြား တရားသက်ဝင် သူတော်စင်တို့၏။ ယော အယသော စ၊ အကြင်အခြံအရံနည်းပါးခြင်းသည်၎င်း။ အတ္ထိ၊ ၂-လမ်း ၂-ထွေ ရှိခဲ့လေ၏။ တေသု၊ ထို ၂-လမ်း ၂-မျိုးတို့တွင်။ ဝိညူနံ၊ ပညာရှိသူတော်ကောင်း ပုဂ္ဂိုလ်တို့၏။ အယသော၊ အခြံအရံ နည်းခြင်းသည်။ သေယျော၊ မြတ်လေသေး၏။ အပ္ပဗုဒ္ဓီနံ၊ ပညာနည်းပါး လူညံ့စားတို့၏။ ယသော၊ ကျော်စောသတင်းနှင့် အခြံအရံ များခြင်းသည်။ န သေယျော၊ မမြတ်။

**ဆိုလိုရင်းအဓိပ္ပါယ်မှာ။** ။လောက၌ ပညာမဲ့သောသူတို့၏ ကျော်စောသတင်းနှင့်အခြံအရံများခြင်းတမျိုး, ပညာရှိသူတော်ကောင်းတို့၏ အခြံအရံ နည်းပါးခြင်း တမျိုး၊ ဤကဲ့သို့ ၂-မျိုး ၂-စားရှိရာတွင် ပညာရှိသူတော်ကောင်းတို့၏ အခြံအရံနည်းပါးခြင်းက မြတ်သေး၏၊ ပညာကင်း၍ တရားယိုယွင်းသော သူညံ့သူဖျင်းတို့၏ အခြံအရံများခြင်းက မမြတ်-ဟူ၍ ဆိုလိုသည်။

## အဓိပ္ပါယ်အကျယ်

လောက၌ အခြိအရံများခြင်း,ဂုဏ်သတင်းကျော်စော ခြင်းများသည် လောကဓံတရား သဘောအားဖြင့် ဆိုရ ပါလျှင် ကောင်းမြတ်သော ဋ္ဌဂုဏ်းတွင် ပါဝင်သော သဘောများဖြစ်သည်ဟူ၍ဆိုရပေလိမ့်မည်၊ သို့ရာတွင် ထို အခြိအရံများခြင်း,ကျော်စောခြင်းများသည် အမှန်လည်း ရှိ၏၊ အမှားလည်းရှိ၏၊ အခြိအရံ များသင့်သော သူတို့၌ အခြိအရံများခြင်း၊ ကျော်စောထိုက်သောသူတို့၌ ကျော် စောခြင်း၊ ဤသဘောသည် မှန်ကန်သောသဘောမျိုးဖြစ် ပေ၏၊ မကျော်စောထိုက်ဘဲလျက်နှင့် မတန်မရာ ကျော် စော၍ အခြိအရံမများထိုက်ဘဲလျက်နှင့် အခြိအရံများ၍ နေခြင်း၊ ဤသဘောသည် မှားသောသဘောမျိုးဖြစ်၏။

လောကဓံ သဘောများသည် အခါခပ်သိမ်း ဖြောင့် မှန်စွာဖြစ်လိမ့်မည်ဟု မျှော်လင့်ဘွယ် မရှိချေ၊ လောက စက်ကြီး လည်၍နေသောအတိုင်း ရံခါရံဖန် မမှန်မကန် ဖြစ်လေ့ရှိသည်၊ ကျော်စောထိုက်သောဂုဏ်,အခြိအရံများ ထိုက်သောဂုဏ်မျိုးပင် မရှိသော်လည်း လူအချင်းချင်း သတင်းလွှင့်ကာ သိုင်းဝိုင်းလိုက်မည်ဆိုပါလျှင်မကျော်စော တန်ဘဲ ကျော်စောခြင်း, အခြွေအရံမများသင့်ဘဲ များပြား ခြင်း ဤကဲ့သို့ ကပြောင်းကပြန်ဖြစ်တတ်လေ၏၊ သို့ရာတွင် မူလမမှန်သော ကျော်စောခြင်း, အခြွေအရံ များခြင်းတို့ သည် ကြာရှည် လေးမြင့်စွာ တည်တံ့မနေဘဲ ကာလအ တော်ကြာလျှင် အရှိန်စဲ၍ ပျောက်ပျက်ခြင်းသို့ရောက်သွား တတ်လေသည်၊ မူလမမှန်သော အရေးဟူသမျှ မကြာမီ

အတွင်း ပျောက်ပျက်တိမ်ကောရခြင်းဆိုသည်မှာ လောက ကြီး၏ ဓမ္မတာပင်ဖြစ်လေသည်။

အချို့သောသူတို့သည် ပညာအခြေနှင့် အနေအထိုင် မှစ၍ ကျော်စောထိုက်သောဂုဏ်, အခြွေအရံ များထိုက် သောဂုဏ်နှင့် ပြည့်စုံပါလျက် ကျော်လည်း မကျော်စော၊ အခြွေအရံလည်းမများ၊ ရွက်အုပ်သီးကွဲ့သို့ ဖြစ်နေတတ် ကြလေသည်၊ သို့ရာတွင် ပညာရှိ သူတော်ကောင်းတို့၏ သဘောမှာ ကျော်စောခြင်း, အခြွေအရံများခြင်းကို လိုလို လားလား နှလုံးထား ကွန့်မြူးလေ့ မရှိသောကြောင့် စိတ် နှလုံးညှိုးငယ်ခြင်းရှိမည်မဟုတ်ချေ၊ လောက၌ ပညာရှိရုံမျှ သူတော်ကောင်းရုံမျှနှင့် အခြွေအရံပေါ၍ ကျော်စော လိမ့်မည်မဟုတ်၊ ကျော်စော ထင်ရှားကြောင်း အလုပ်ကို မလုပ်ခဲ့ပါလျှင် တိမ်မြုပ်၍ နေတတ်သော ဓမ္မတာပင် တည်း၊ တွေ့သမျှသောလူတို့နှင့် ပေါင်းသင်းကာ ရောရော နှောနှော နေတတ်ပါက တယောက်ကစ တရာ စသော အားဖြင့် ကျော်စောခြင်းသို့ ရောက်နိုင်သည်။

အများနှင့် ပေါင်းသင်းလိုသော ဆန္ဒမရှိဘဲ မိမိစရိုက် နှင့် အထိုက်အလျောက် ကုတ်ကုတ် လျှိုးလျှိုး နေလေ့ ရှိ သောသူများမှာ ဘယ်မျှပင် ပညာရှိ၍နေစေကာမူ အခြွေ အရံများ၍ ကျော်စောခြင်းသို့ ရောက်နိုင်မည် မဟုတ်ချေ၊ အခြွေအရံကင်း၍ ကျော်စောခြင်းမရှိပါလျှင် လာဘ်များ ခြင်းဂုဏ်နှင့်လည်းပြည့်စုံတတ်မည်မဟုတ်၊သို့ရာတွင် ပညာ ရှိ သူတော်ကောင်းတို့၏ သဘောမှာ လာဘ်ပေါများမှုကို အထူးပင်အရေးယူလိမ့်မည်မဟုတ်၊ ဖြစ်ဖြစ်သမျှနှင့် တင်း

တိမ်၍ ငြိမ်ငြိမ်သက်သက် နေမှုကိုသာ ဂရုစိုက်လေ့ရှိတော် မူကြလေသည်။

ပညာရှိ သူတော်ကောင်းတို့၏ စိတ်နေ စိတ်ထားမှာ အများနှင့်ဆက်ဆံမှုကိုပင် ဆင်းရဲ ရှုပ်ထွေးသည်ဟု ထင် မြင်လေ့ရှိ၏၊ အများနှင့် ပေါင်းသင်း ဆက်ဆံရပါလျှင် အထိအငြိများ၍ အမှုအခင်း လမ်းပေါက် လမ်းစ များ၏၊ စကားအရှုပ်အထွေးများ၏၊ သူတပါးတို့၏ စိတ်ကြိုက်နှင့် အလိုလိုက်ရခြင်းတွေများ၏၊ မကင်းသော တာဝန်မှုတွေ ပေါ်ပေါက်လာပြီးလျှင် ဆောင်ရွက်ဘွယ်ကိစ္စတွေများ၏၊ ဤကဲ့သို့ တွေးတောကာ အပေါင်းအသင်း အဆက်အဆံမှု တွေကိုပင် လွန်စွာ ရွံရှာစက်ဆုပ်၍ နေလေ့ ရှိကြကုန်၏၊ တင်းတိမ်ရောင့်ရဲလွယ်ခြင်း တည်းဟူသော သန္တုဋ္ဌိ တရား ကိုလက်ကိုင်ထားသဖြင့် လာဘ်လာဘ ပေါများမှုကိုပင် လိုချင်သောဆန္ဒ မရှိကြကုန်။

လာဘ်များခြင်း၏ အပြစ်ကို ရှင်တော်ဘုရား ဟော ကြားတော်မူခဲ့သည်မှာ- လာဘ်များခြင်းသည် မိုယ်းကြိုး ထိမှန်ခြင်းကိုခံရသကဲ့သို့ လွန်စွာနစ်နာခြင်းဖြစ်တတ်၏-ဟူ ၍ ဟောတော်မူခဲ့ပေသည်၊ အကြောင်းကို ဆိုသော် ပုထု ဇဉ်တို့၌ လာဘ်များ၍လာလျှင် စိတ်နေစိတ်ထား တက်ကြွ ပြီး လာဘ်နည်းပါးသောသူကိုမထေမဲ့မြင် ပြုလုပ်တတ်ကြ ကုန်၏၊ လာဘ်လာဘအားကိုး၍ စိတ်ကို လွှတ်ပြီးလျှင် မှောက်မှောက်မှားမှားပြုကျင့်တတ်၏၊ ကျင့်ဝတ်တို့ကိုလည်း ယွင်းချွတ်စေတတ်၏၊ ထိုအခါ ကိုယ်ကျင့်တရား ပျက်စီး စွာနှင့် နစ်နာတတ်၏၊ ဤအချက်ကို မြော်မြင်တော်မူသဖြင့် မိုယ်းကြိုးအပစ်ခံရသည်နှင့်တူ၏ ဟူ၍ ဟောတော် မူခဲ့

လေသည်၊ ဤအချက်ကို တွေးတောဆင်ခြင်ကာ မြော်မြင်သော သဘောရှိကြသော ပညာရှင် သူတော်ကောင်းတို့သည် လာဘ်များကြောင်း အလုပ်ကို တမင်တကာကြိုးကြိုးစားစား ပြုလုပ်လေ့မရှိကြကုန်။

တရားသဘောနှင့် စင်စစ်ကိုဆိုသည်ရှိသော် အကျော်တစော အခြေအရံပေါ၍ လာဘ်များခြင်းသည် ဆင်းရဲခြင်း၏ အကြောင်းပင် အမှန်ဖြစ်လေသည်၊ လာဘ်ကိုများစွာရရှိစရှိလျှင် ရနေကျဖြစ်သောကြောင့် အစဉ်မပြတ်လိုချင်၍ နေတတ်၏၊ လာဘ်ကို လိုသဖြင့် လာဘ်ရအောင်ကြံဆောင်ကြိုးစားရလိမ့်မည်၊ ထိုအခါ ကိစ္စတာဝန်ပွား၍ဒုက္ခပွားပြန်လေတော့သည်၊လောက၌တရားသဖြင့် ကြိုးစား၍ လာဘ်ရခြင်းက နည်းပါး၍ မတရားသဖြင့် ကြိုးစားမှုလာဘ်ရခြင်းက များတတ်လေသည်၊ မတရားရသောလာဘ်ဟူသမျှသည် တနေ့တွင် ပြန်၍သတ်မည့် အဆိပ်ခေတ်အမှန်တွေသာ ဖြစ်သည်။

### ဒိသာပါမောက္ခဆရာကြီး၏ ဩဝါဒ

လောကကြီး အလယ်၌ လာဘ်များစွာ ရနိုင်ခြင်း၏အကြောင်းကို "ဒိသာပါမောက္ခဆရာကြီးက" လာဘ်ရနည်းကို လာဘ်များလိုလားသော တပည့်အား မိန့်ကြားသော ဂါထာမှာ—

နာနုမ္မတ္တော နာပိသုဏော၊
နာနဋော နာကုတူဟလော။
မုဋ္ဌေသု လဘတေ လာဘံ၊
သော တေ အနုသာသနီ။ ။

**အနက်။** ။တာတ၊ ချစ်သား။ နာနုမ္ဗတ္တော၊ မရှုးသော်လည်း ရှုးသကဲ့သို့ ပြုနိုင်သောသူသည်ဖြင့်။ နာဝိသုကော၊ ကုန်းမတိုက်လိုသော်လည်း ကုန်းတိုက်စကား ပြောကြားနိုင်သောသူသည်ဖြင့်။ နာနဒ္ဓော၊ ကချေသည်မဟုတ်ဘဲ ကနိုင်သောသူသည်ဖြင့်။ နာကုတူဟလော၊ မကျော်စောတိုက်ဘဲ ကျော်စောအောင်ပြုနိုင်သောသူသည်ဖြင့်။သော၊ ဤသို့သဘောများကို လိုက်စားနိုင်သောသူသည်။ မုဠှေသု၊ ပညာမထွား လူညံ့စားတို့၌။ လာဘံ၊ လာဘ်သပ္ပကာကို။ လဘတေ၊ ပေါများစွာရရှိနိုင်လေသတည်း။ သော၊ ဤသို့ ဖော်ပြအဆုံးမသည်။ တေ၊ သင်တပည့်အား။ အနုသာသနီ၊လာဘ်များအောင်နည်းလမ်းကို ပြဆိုသောဆုံးမချက်ပေတည်း။

**ဆိုလိုရင်းအဓိပ္ပါယ်မှာ။** ။မရှုးသော်လဲ ရှုးရောင်ဆောင်နိုင်မှု၊ တောင်စကားမြောက်ပို့,မြောက်စကား တောင်ပို့စကားရှုပ်ထွေးစွာ ကုန်းတိုက်နိုင်မှု၊ ကချေသည်မဟုတ်သော်လဲ ကနိုင်ပါမှု၊ မကျော်စောတိုက်သော်လဲ ထင်ရှားကျော်စောအောင် ကြော်ငြာနိုင်မှု၊တွေဝေမှိုင်းမိ၍နေသောလောကကြီး အတွင်း၌ လာဘ်များစွာ ရနိုင်၏-ဟု ဆိုလိုသည်၊ မတရားပြုလုပ်နိုင်မှ လာဘ်ပေါပေါ ရနိုင်၏ဟူလို—

ပညာရှိ သူကောင်းတို့သည်ကား— မကျော်စောချင်ရှိပါစေ၊ လာဘ်မပေါချင်ရှိပါစေ၊ ထို ကဲ့ရဲ့ဘွယ်ကောင်းသော မတရားမှုများကို ပြုလုပ်လိမ့်မည်မဟုတ်၊ စက်ဆုပ်ရွံရှာဘွယ်ဟု ထင်မြင်လေ့ ရှိကြသည်၊ မစင်ကြယ်သောပစ္စည်းကိုစားသုံး၍ ရှည်ကြာစွာ တည်တံ့နေသောအသက်

ကိုလည်း မြင့်မြတ်သော အသက်ဟူ၍ မှတ်ထင်လေ့မရှိကြကုန်၊ ထိုကဲ့သို့ လောဘစရိုက် အလိုလိုက်၍ ကြိုက်အောင်မပြုလုပ်နိုင်ကြသော ပညာရှိ သူတော်ကောင်းတို့မှာ လောကအကြိုက်ကို လိုက်နိုင်သော သူများကဲ့သို့ အကျော်တစောနှင့် လာဘ် ပေါများခြင်း မရှိဘဲ နေတတ်ကြ၏၊ သို့ရာတွင် လောက၌ မတရားသော နည်းလမ်းများသည် အရှည်တည်တံ့စွာ ထွန်းကားလေ့မရှိ၊ ကောက်ရိုးမီးပမာ လျင်မြန်စွာတောက်၍ လျင်မြန်စွာပျောက်လေ့ရှိသည်။

တရားလမ်းကျ၍ ဆင်ခြင်ရသော နည်းကောင်းလမ်းမှန်များသည် ကြာရှည်စွာတည်တန့်၍ အချိန်ကြာဖြောင်းလေလေ ထွန်းကားစမြဲဖြစ်လေလေ၊ ဤသဘောတရားကြီး ထင်ရှားစွာရှိနေသောကြောင့် တကယ်ပညာရှိ၍ တကယ်သူတော်ကောင်းမှန်သော ပုဂ္ဂိုလ်တို့သည်ကား ထိုလာဘ်အစရှိသောတရားစုပေါ်၌ အနှစ်အသားဟူ၍ သဘောမထားမူ၍ ဖြောင့်မတ်တည်ကြည်စွာလျှင် ဆင်ခြင်စောင့်စည်း၍ ထိန်းသိမ်းကာ နေကြကုန်၏၊ ပညာမဲ့သော သူတို့သည် အရာရာတိုင်းမှာ နည်းကောင်းလမ်းမှန်ကို မသိသောကြောင့် ထင်မိထင်ရာ ဆင်ကန်းတောတိုး သဘောမျိုးနှင့် ပြောဆိုစီမံတတ်ကြ၏၊ ဤကဲ့သို့သူများ၌ အခြေအရံပေါများလျှင် မိမိအခြေအရံတို့အပေါ်၌ ပညာရှိဟန်မျိုးဖြင့် မှားယွင်းသော သွန်သင်ဆုံးမမှုများကို ပြုလုပ်ကြလိမ့်မည်။

လက်အောက် ခြွေရံတို့ဆိုသည်မှာ မိမိတို့အထက်က အားကိုးမှီခိုရာ၏ စကားကို နားထောင် လိုက်နာလေ့ရှိသဖြင့် စီမံခန့်ခွဲတိုင်းပင် လိုက်နာဆောင်ရွက်ကြ လိမ့်မည်၊

ထိုအခါ ဖြောင့်မှန်သော တရားလမ်းကြောင်းနှင့် လွဲ၍ အမှောက်မှောက်အမှားမှား ဖြစ်ကြရကုန်အံ့-"အဆိပ်ပင်ကြီးအောက်၌ အဆိပ်ပင်ကလေး ပေါက်သကဲ့သို့"အမှားကြီးလက်အောက်၌ အမှားကလေးများ ပေါ်ပေါက်ကြလိမ့်မည်၊ ထိုမှောက်မှားခြင်းများမှာ မျက်မှောက်ဘဝတွင်သာမကဘဲ နောင် သံသရာသို့တိုင်အောင် ဘဝအမှောက်အမှားတွေနှင့် တွေ့ကြုံ၍ တသိုက်တမြုံကြီး ဒုက္ခတွေ့ကုန်ကြလိမ့်မည်၊ ဤအခရေးကို မျှော်မြင်တော်မူသောအားဖြင့် ရှင်တော်ဘုရားက ပညာမဲ့သောသူတို့၏ အကျော်တစောနှင့် လာဘ်လာဘ ခြွေရံပေါခြင်းသည် မမြတ်ဟုမိန့်တော်မူပေသည်။

"ပညာရှိတို့၏အခြံအရံနည်းပါးခြင်းက မြတ်သေး၏"ဟုဆိုရာတွင် ပညာရှိ သူတော်ကောင်းဘို့သည်ကား-အကျော်တစောနှင့် လာဘ်လာဘ အခြွေအရံ ပေါများခြင်းကို အလိုမရှိ၊ ဆိတ်ငြိမ်ခြင်းတရားနှင့် တင်းတိမ်ခြင်းတရားကို လက်ကိုင် ထားနေသည် ဖြစ်သောကြောင့် အခြွေအရံနည်းပါးလျှင် သာ၍ပင် ချမ်းသာလေတော့သည်၊ အကျော်တစောနှင့် အခြွေအရံ လာဘ်ပေါများခြင်းကို ဆင်းရဲပွေရှုပ်သည်ထင်သောကြောင့် စွန့်ခွါ၍ပင် ထွက်သွားတော်မူကြလေသည်၊ အကယ်၍ အခြွေအရံရှိခဲ့ပါလျှင်လည်း ထိုအခြွေအရံတို့အပေါ်မှာ မှန်ကန်ဖြောင့်မတ်သော တရားနည်းလမ်းကို ညွှန်ပြသွန်သင်ကာ မျက်မှောက်ဘဝမှစ၍ နောင် အနာဂတ်ဘဝသို့တိုင်အောင် ကောင်းကျိုး ဖြစ်ပွါးစိမ့်သောငှါ ရွက်ဆောင်တော်မူလေသည်။

ပညာမဲ့ သူယုတ်မာတို့၌ အခြံအရံများလျှင် အားရှိ၍ မကောင်းသော အမှုတို့ကို ပြုတတ်၏၊ လောကကြီးကို ဖောက်ပြန် မှားယွင်းစေ၏၊ ထို့ကြောင့် မမြတ်၊ မူရင်းမှစ၍ ညွှန်ကြားချက် ဥပဒေသတို့မှာ—

(၁) စိတ်နေ စိတ်ထား ညံ့ဖျင်း၍ ပညာကင်းသော သူတို့၌ အကျော်တစော အခြွေအရံနှင့် လာဘ်ပေါ သည်ကိုမြင်လျှင် အားမကျနှင့်။

(၂) မိမိကိုယ်တိုင်လည်း ထိုအခြွေအရံမျိုးတွင် မပါ ဝင်ပါစေနှင့်။

(၃) မတရားသောနည်းလမ်းအားဖြင့် မကြံစည်ပါနှင့်။

(၄) မိမိနှင့် မတန်ရာသော ဂုဏ်သတင်းကျော်စောမှု ကိုလက်မခံပါနှင့်၊ ထိုက်တန်သမျှသာလိုလားပါ။

(၅) ရုတ်တရက် ထွန်းကား၍ မတည်တံ့သော အရာ များကို မလိုက်စားပါနှင့်၊ တရားသဖြင့် အရှည် တည်တံ့ ထွန်းကားမည့် အရာများကိုသာ လိုက် စားပါ။

(၆) အခွင့်မကြုံသေးသော်လည်း မညှိုးငယ်ပါနှင့်၊ မိမိ ကိုယ်တိုင် ဖြောင့်မှန်တည်တံ့လျှင် လက်ကိုင်တရား က ချီးမြှင့်၍ တင့်တယ်ထွန်းကားခြင်းသို့ ရောက်ပါ လိမ့်မည်၊ တင်းတိမ်ခြင်းနှင့် ဆိတ်ငြိမ်ခြင်းကိုအမြဲ လက်ကိုင်ထားပါဟု ညွှန်ပြခြင်းတို့ပေတည်း။

[**နှိုးဆော်ချက်။** ။ဤကဲ့သို့ သတိပြုဘွယ် သိရှိမှတ်သား ဘွယ်ကောင်းသော အချက်အလက်တို့ကိုလည်း သက်ဆိုင်ရာ ကျမ်းအစောင်စောင်တို့မှ ထုတ်နုတ်၍ အလျဉ်းသင့်သည့် နေရာတွင် ဆက်လက်ထည့်သွင်းဖော်ပြသွားပါမည်။]

## မှတ်သားဘွယ်

လောကကြီးသည် မျက်စိကိုမှိတ်, နှာခေါင်းကိုပိတ်၍ စိတ်မသန့်ဘွယ်ရာ စက်ဆုပ်ဘွယ်ရာကြီးသာ ဖြစ်ပါတကား-ဟုဆင္ခမသတ္တာဟ မုစလိန္ဒအိုင်အနီး ကျည်းပင်ကြီးအရင်း၌ သီတင်းသုံးတော်မူစဉ် ဥဒါန်း ကျူးရင့်တော်မူသည်မှာ—

(၁) လေးပါးသော မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်သောအရှင်ရဟန္တာသည် လွန်မင်းစွာအေးမြ၍ ချမ်းသာလှပါပေ၏၊ ထိုမှတပါးသတ္တဝါများတို့၌ထိပါးတိုက်ခိုက်၍ မီးကြီးမြိုက်သလို ပူပြင်းသော ဒေါသကင်းခြင်းသည်လည်း လွန်မင်းစွာ ချမ်းသာလှပါပေ၏။

(၂) ကာမဂုဏ် ငါးပါးတို့၌ လိုက်စား ငြိကပ်သော ရာဂစာတ် ကင်းကွာမှုသည်လည်း အတုမရှိသော ချမ်းသာကြီးပေတည်း၊ ငါ- ငါ- ဟူ၍ တလူလူမာန်ယစ်ကာ ရန်ဖြစ်ခြင်းဖယ်ခွါလျက် သတ္တဝါခပင်းတို့အား မညှဉ်းဆဲ မထိခိုက်ဘဲ အလိုက်သင့်သည်းခံ၍ နေခြင်းသည်လည်း စမ်းရေကြည်သောက်ရသကဲ့သို့ ဝမ်းမြောက်ပြုံးရွှင်၍ နှလုံးတွင်အေးမြလျက် ချမ်းသာလှပေ၏။

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ။

ဓမ္မော၊ သို့လော သို့လော မတွေးတောနှင့် သဘောအတိုင်းဆောင်တတ်သော တရားတော်မြတ်သည်။ ဟဝေ-ကေန္တေန၊မိမိရရ ဧကန်ပြဒါန်းမဖြစ်ရာအမှန်အစစ်သာ။ဓမ္မစာရိံ၊

ဂုဏ်ကိုလည်းမလို ပကာသနကိုလည်းမမက် စေတနာ သဒ္ဓါသက်သက်ဖြင့် ရက်ရက်ရောရော သဘောကြည်ညို တရားစောင့်သော ပုဂ္ဂိုလ်ကို။ ရက္ခတိ၊ စိတ်ထားနှင့်အပြု အမူ ဘသူ့ဘသူအသာမပေးဘဲ အခါမရွေးစောင့်ရှောက် တတ်လေသတည်း။

ဇလ္ဇူတိ ဘိက္ခဝေ သီလဝတော စေတော ပဏိဓိ ဝိသုဒ္ဓတ္တာ။

ဘိက္ခဝေ၊ ဘိက္ခုတို့။ သီလဝတော၊ သီလရှိသူ၏။ စေတောပဏိဓိ၊ စိတ်၏ တောင့်တမှုသည်။ ဝိသုဒ္ဓတ္တာ၊ တောင့်တမှုက သန့်ရှင်းသည်၏ အဖြစ်ကြောင့်။ ဇလ္ဇူတိ၊ တောင့်တတိုင်းပြည့်စုံ၏။

အပဏ္ဍိတာ၊ ဉာဏ်မြင်မျက်စိ ရှင်းမရှိ၍ မသိမိုက်မဲ ပညာမဲ့ကြကုန်သော။ ဗာလာ၊ ဘာယောင်ယောင် ညာ ယောင်ယောင်နဲ့ ယောင်သုံးဆယ်ကုမ္ဘဏ်ဖွင့်ကြတဲ့ အကျင့် သောင်းပြောင်း လူ့ဗူးတောင်းတို့သည်။ ဝါ၊ ဘုရားကိုမျှ မငဲ့ညှာ သာသနာကိုလဲညှာမထောက် သို့ကလောက်ရိုင်း ပြ လူ့ဗာလတို့သည်။ ဗဟူ၊ ဟိုမှာတယောက် သည်မှာ တယောက်နှင့် အံ့လောက်စဖွယ် ရယ်ဘွယ်တစား သနား ဘို့တချို့ သို့ကလိုထွန်းကား အပုံကြီး များပြားကြလေ ကုန်၏။

အာယုကပ္ပ တိုလှလေသည်၊
ရောဂါဆန်းတို့ ပြွမ်းလို့ပွေလီ။
ကောင်းမှုမှာကျင့်၊ ခါခွင့်တို့သည်၊
လူမိုက်များ ထွန်းကားပွေလီလီ။

## အံ့ဘွယ်ရှစ်ဖြာ သာသနာ

အင္ဂလန်ရှိ၊ အစဉ်နက်၄မ်း ကမ်းကိုမလွန် ရှိဘွယ်ဆယ်ပစ် တမည်ဖြစ်ခြင်း မရှင်းမတိုး ဆယ်မျိုးရတနာ ရသာဆားတူ ကြီးသူနေရာ အံ့ရှစ်ဖြာဟု အံ့စရာလိလိ အံ့ဩဘွယ်အတိတို့နှင့်ပြည့်စုံသော။ သာသနံပိ၊သာသနာတော်မြတ်ကြီးသည်လည်း၊ အတ္ထိ၊ ရှိ၏။ (ကြီးစား၍အတွေ့ရှာလော့။)

သိမြင်ပြုကျင့်တတ်ခဲ့သော.... ကုသိုလ်တရား။
ဟောပြောပြုကျင့်ကောင်းသော.... သမ္မာပဋိပတ်။

## အာရုံနှင့်အာရမ္မဏိက

လူသတ္တဝါတို့၌ စိစစ်ဝေဖန်နိုင်သောဉာဏ်သည် ပုဂ္ဂိုလ်အားလျော်စွာရှိကြ၏၊ သို့ရာတွင် အဖြေမှန်ရဘို့သည် အခြေခံ မူတည် မ-တည်မှုအယူအဆမှဆက်စပ်၍ လက်တွေ့သဘောပေါက်ရရှိစေပြီး ပေါ်ထွက်လာရသည့် အမြင်မှန်ဖြစ်ရသည့်အလျောက် မူလ မ-တည် ရောတည် တည်းဟူသော အယူဝါဒစင်ကြယ်မှုသည် အရေးအကြီးဆုံးသောတက်မကဲ့သို့ အကြောင်းရင်းကြီးတချက်ဖြစ်ပေ၏၊ "တက်မသဘောသည်" ရှေ့ဦးပိုင်း, အလယ်ပိုင်းစသည်တို့မှ မည်သို့ပင် လှော်ငြားသော်လည်း ရောက်ရာအရပ်ကား ပဲ့ကိုင်ရာနောက်သို့သာ အစဉ်လိုက်ရမည်ဖြစ်ပေသည်၊ တဖန်အခြေခံနှင့်တကွ အမြင်မှန်ခြင်းတော့တူပါ၏၊ အသိတရားတို့၏နက်နဲမှု ကျယ်ပြန့်မှု ကွာခြားကြသေး၏။

အကြောင်းသော်ကား-ကျိုးကြောင်းတခုကို စိစစ်ကြည့်ရှုသည့်အခါ အာရုံသို့ စူးစိုက်ထားရမည့် စိတ်ကလေး

သည် "အေးငြိမ်း, ဖြူစင်, မြင့်မြတ်, ကြီးပွား" စေတတ်သည့် သဘောသတ္တိကို ဆောင်နေသည့် အနိုက်အတန့် သဘောကလေးဖြစ်ရပေမည်၊ သို့မှ ကြည်လင်ပြတ်သားစွာ အမြင်ရှင်း၍ နဂိုမူလ သူ့သဘာဝ သဘောရင်းနေ့ပုံတွေကို တွေ့မြင်နိုင်ခြင်းအားဖြင့် နက်နဲစွာသိသည်၊ ဆက်စပ်၍ ကျယ်ပြန့်စွာသိသည်-စသည်ဖြင့် ဖြစ်ပေါ် ခေါ်ဆိုနိုင်လေသည်။

ဂုဏ်းလက္ခဏာ ၄-ချက်နှင့်ပြည့်စုံသည့် စိတ်သဘောကလေးကို ဘယ်လိုလုပ်ယူမှ ရနိုင်ပါမည်နည်းဟူမှု မိမိရှေ့ရှုနေဆဲ အာရုံပေါ်တွင် (ဝါ) စဉ်းစား ဆင်ခြင်သုံးသပ်ကြည့်မည့် အကြောင်းခံပေါ်တွင် ကပ်ငြိ နှစ်သက်နေသည့်သဘော, ချေဖျက်ပြစ်မှားနေသည့်သဘော, မူလအခြေခံအယူမှုစင်ကြယ်မှုကြောင့် ဆိုးဖြတ်ရန် ခဲယဉ်းနေသောတွေဝေသည့်သဘော, မိမိကိုယ်ကို မိမိ အထင်ကြီး၍ သူတပါးကို အထင်သေးခြင်းသဘော အစရှိသည့် အခြံအရံ စွဲယူကပ်ငြိမှုတို့ကို စွန့်ခွာပယ်ရှား၍ ငြိမ်းချမ်းသောစိတ်နှင့် စိတ်အေး လက်အေး ဖြောင့်ဖြောင့်တွေးတည့်တည့်မြင်၍သာ အမှန်အတိုင်း မြင်သိနိုင်ကြရခြင်းဖြစ်လေသည်၊ ယခုကဲ့သို့ လက်တွေ့ ကျင့်သုံးခြင်း၌ ပါဝင်သော ပါဝင်ပုံသဘောတရားတို့ကို ဗုဒ္ဓရှင်တော်မြတ်က အဘိဓမ္မာဝေါဟာရ နာမပညတ်တပ်ပြပေးသည်မှာ—

(၁) သုံးသပ်ဆင်ခြင်အပ်တဲ့ အကြောင်းက အာရုံ။
(၂) ဂုဏ်းအာရုံကိုရှေ့ရှုပြီးဆွဲကိုင်ပြီး သူ့အကြောင်းကို စိစစ်နေတာက အာရမ္မဏိကလို့ ခေါ်ဆိုလေတယ်။

၎င်းအာရုံ အာရမ္မဏိက သဘောတရား တို့ကိုပင် လျှင် ရှေ့စိတ်,နောက်စိတ် အစဉ်အဆက်အားဖြင့် စူးစူး စိုက်စိုက် နက်နက်နဲနဲ ပေါက်ပေါက် ရောက်ရောက် သဘောညက် အမှိမြင်နိုင်ပါလျှင် သက်ဆိုင်ရာ ကိစ္စခပ် သိမ်း၏ အမြင်မှန်သဘောတရားတို့နှင့်တကွ ပရမတ္ထသစ္စာ နယ်မှဆိုပါလျှင်လည်း ရုပ်,နာမ် ခန္ဓာငါးပါး ဓာတ် ပရ မတ်တရား ရှိတယ်ဆိုတဲ့ သဘောတွေပါ အကျုံးဝင်လာ ပါတော့သည်၊ တကိုယ်လုံး တလောကလုံး ရှောက်ပြီး စိစစ် ကြည့်ပါလျှင်လည်း ထိုသဘောတရား မျိုးချည်းသာ တွေ့ရမည်ပင် ဖြစ်လေတော့၏။

## ကုသိုလ်နှင့် အကုသိုလ်

အထက်ပါ အေးငြိမ်း,ဖြူစင်, မြင့်မြတ်,ကြီးပွားသော သဘောစုကိုလည်း "အဘိဓမ္မာအခေါ် ကုသလာဓမ္မာ" ကုသိုလ်တရား ကုသိုလ်စိတ် အပြစ်မရှိ ကောင်းကျိုး ပေး စေတတ်တဲ့ စိတ်ကောင်းဟုခေါ်သည်၊ ၎င်းစိတ်မျိုး မွေး နိုင်သူ,ရှိသူကိုလည်း လူလိမ္မာ လူကောင်း ပညာရှိဟု ခေါ်ဆိုကြရခြင်း ဖြစ်လေသည်၊ ထိုမှအပြန် (တပ်မက် ကပ်ငြိစိတ်, ပြစ်မှားစိတ်, တွေဝေစိတ်တွေကို ကိလေသာ တရားဟု ခေါ်သည်၊ (ဝါ)စိတ်ကို ပူပန်ညစ်နွမ်းစေတတ် သော သဘောတရားများဖြစ်သည်၊) ၎င်းတရားများ ကပ် ငြိဖုံးကွယ် မြှေးတွယ်နေပြီဆိုမှဖြင့် ကုသိုလ်တရား၏ ဆန့် ကျင်ဘက် ဖြစ်သော ပူပန် ညစ်နွမ်းခြင်း, ယုတ်နိမ့်ခြင်း, လျော့ကျ သိမ်ဖျင်းပျက်စီးခြင်း သဘော လက္ခဏာ ရှိကြ သည့် လောဘ, ဒေါသ, မောဟ, ဒိဋ္ဌိစသော အကုသိုလ်

ဒုစရိုက်တရားတွေ တခုပြီးတခု ပေါက်ပွား ပေါ်ထွက်လာကြလေတော့သည်၊ ထိုကိလေသာသဘောမှ ပေါ်ထွက်ပေါက်ပွားလာကြသောဒုစရိုက်တရားတို့ကို“အကုသလာဓမ္မာ-အပြစ်နှင့်တကွ အကျိုးပေးစေတတ်တဲ့သဘောစု”ဟု ဟောတော်မူပါသည်၊ဝင်းစိတ်မျိုး ရှိနေသူကိုလည်း လူဆိုး လူမိုက် ပညာမဲ့ဟု ခေါ်ကြရပြန်ပါသည်။

ထိုကဲ့သို့ ကိလေသာနှင့်တကွ အကျိုးတရားတွေ ဖြစ်ပေါ်လာမှုကို သတိထား၍ ကြည့်ရှုပါလျှင် သိမြင်နိုင်ကြပါ၏၊ မျက်မှောက်ဖြစ်စေ, မျက်ကွယ်ဖြစ်စေ, လူ့ပြည်မှာဖြစ်စေ, နတ်ပြည် ဗြဟ္မာပြည်မှာဖြစ်စေ, ဘယ်နေရာမှာဘယ်သူဘဲ ပြုသည်ဖြစ်စေ၊ သူ့အကြောင်းခံ နှလုံးသွင်းရှိလာလျှင် အကြောင်းနှင့် လျောက်ပတ်သည့် အကျိုးတရားတို့ဆိုသည်မှာ မဖြစ်ပေါ်ပါစေနှင့်ဟု တားဆီး၍ရစကောင်းသော သဘောတရားမျိုးမဟုတ်၊ ကိုယ့်အလိုလိုက်သည့်တရားမျိုးမဟုတ်၊ ကိုယ်ဟူ၍ပင်မရှိ၊ ထိုသဘောကိုမမြင်ကြသေးသည့် ပုဂ္ဂိုလ်တို့သည်သာ သူထင်မှု, ငါထင်မှု, ငါပြုတိုင်းဖြစ်နိုင်သည်၊ ငါ့အလိုသို့ လိုက်သည်ဟုထင်လျှင်သာ ထင်နေရမည်၊ အမှန်အားဖြင့် ထိုအနတ္တသဘောတွေပင် အကြောင်း တိုက်ဆိုင် ညီညွတ်မှုအရဖြစ်ပေါ်ကြ၍ အကြောင်းချုပ်ခြင်းနှင့်တကွ ချုပ်ပျောက်ပျက်စီးကြကာ ဖြစ်,တည်,ပျက်သဘောနှင့်ရှိကြလေသည်။

ထိုကဲ့သို့ ကုသိုလ်သဘော စိတ်ကောင်းကလေးဝင်နေသည်ကို ယောနိသောမနသိကာရဟု ခေါ်သည်၊မကောင်းတဲ့စိတ်တွေဝင်နေသည့်အခါ အယောနိသော မနသိကာရ

ခေါ်၏၊(မနုသိကာရကား၉-ပါးပြား၏)အထက်လမ်းနှင့် အောက်လမ်း,စုန်လမ်းနှင့် ဆန်လမ်းများဖြစ်ကြလေသည်၊ ကြိုက်ထသသာပြု ထိုက်ရာဆုရမည်မှာကား မုချပင်၊အချဉ် သီးကိုစားမိလျှင် ချိုသောအရသာ ပေါ်စေလို၍တော့ ရနိုင် ဖြစ်နိုင်တော့မည်မဟုတ်၊ ဒါလို ဖြူဖြောင့် မှန်ကန် ညီညွတ်၍လည်း "တရား"ဟုခေါ်ဆိုရပေ၏။

### သာသနာနှင့် သိက္ခာ

ရှေးသူတော်ကောင်းကြီးများက အကျင့်တန်သူတွေကို ခပ်တိုတိုတုတ်တုတ် ဆုံးမပုံက "သိက္ခာရှိရှိ နေစမ်းပါတဲ့" ထိုစကားကလေးသည် အပြော အားဖြင့်တော့ တိုတို ကလေးပင်၊ သိက္ခာဆိုတဲ့ အဓိပ္ပါယ်မှာ အကျုံးဝင်နေပုံ တွေကတော့ ဗုဒ္ဓဝါဒ သဘောပေါက်ပြီးသူတို့ အဘို့ကား ဟောကြားထားတော်မူအပ်သော ပိဋကတ်သုံးပုံ အကျုံး ဝင်နေကြောင်းအထိ လှမ်းမြော်၍ သိမြင်နိုင်စရာ အ ကြောင်းတွေ ရှိနေပါ၏၊ အကျုံးဝင်ပုံတွေမှာ အကျဉ်း အားဖြင့် မြတ်ဘုရား၏ ဆုံးမတော် မူခဲ့သော တရား အပေါင်းသည်၊ (ဝါ) အဆုံးအမ အပေါင်းသည် "သာ သနာ" မည်၏၊ ဟောကြားတော် မူရင်း အချုပ်ထက် အချုပ်တရားမှာ—

သဗ္ဗပါပဿ အကရဏံ၊
ကုသလဿူပသမ္ပဒါ။
သစိတ္တပရိယောဒါပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။

ဟု ဟောတော်မူထား၏၊ထိုမှတဖန် ပရိယတ္တိ,ပဋိပတ္တိ, ပဋိဝေဓ ဟူ၍ သာသနာတော် ၃-ပါးရှိပြန်၏၊ ထို့ပြင်

တနည်း-သီလသာသနာ, သမာဓိသာသနာ, ပညာသာသနာ ဟူ၍ ၃-ပါးရှိပြန်၏၊ ထို ၃-ပါးကိုပင် သိက္ခာဖွဲ့၍ ခေါ်ဆိုသည်ရှိသော် သီလသိက္ခာ, သမာဓိသိက္ခာ, ပညာသိက္ခာဟူ၍ သိက္ခာ ၃-မျိုးဖြစ်လေ၏။

(၁) ပရိယတ္တိသာသနာ ဟူသည်မှာ ဗုဒ္ဓဝေါဟာရဖြစ်တော်မူကြသော သုတ္တန်,ဝိနည်း,အဘိဓမ္မာ ဟူ၍ ဖွင့်ပြထားတော်မူသည့်ဓမ္မက္ခန္ဓာအပေါင်းကို ခေါ်ဆိုသည်၊ ထိုတရားတော်ကို အာဒိကလျာဏ-အစ၏ကောင်းခြင်း ဂုဏ်နှင့်ပြည့်စုံသော ညွှန်ကြားချက်ညွှန်ကြားသောလုပ်ငန်းစဉ်ဟု ခေါ်သည်။

ထိုညွှန်ပြတော် မူချက်တို့သည် အလွတ်မဲ့ ညွှန်ကြားဟောပြောထားသည်မဟုတ်၊ ၉-သင်္ချေနှင့်ကမ္ဘာတသိန်း, ၇-သင်္ချေနှင့် ကမ္ဘာတသိန်း, ၄-သင်္ချေနှင့် ကမ္ဘာတသိန်းစသည်ဖြင့် သင်္ချေ (နှစ်ဆယ်) ကမ္ဘာတသိန်းတို့ ကာလပတ်လုံး ပါရမီတော်ဆယ်ပါး, အပြားသုံးဆယ်, စရိယသုံးပါး,စွန့်ခြင်းကြီးငါးပါးတို့ကို ဘဝတိုင်း ဆည်းဘူးအားထုတ်ခဲ့ပြီးနောက် လူသာမန် နတ်သာမန်တို့၏ မကြံဝံ့မကြံသာ နိုင်ရာသော ခြောက်နှစ်သော ဒုက္ကရစရိယာခံယူကျင့်တော်မူ၍ ဗောဓိပင်နှင့် ရွှေပလ္လင်တော်ပေါ်မှအစရရှိ ရောက်ရှိအပ်သော အာသဝက္ခယဉာဏ်, သဗ္ဗညုတဉာဏ်တော် အစွမ်းတို့ဖြင့် ကိုယ်တော်တိုင် ဆရာမကူသယမ္ဘူဉာဏ်တော်ဖြင့် တပ်အပ် သေချာ ထိုးထွင်း၍သိရှိ ထားတော်မူသော အချုပ်အားဖြင့် သစ္စာလေးပါး မြတ်တရားစုတို့ကို သတ္တဝါအများ သိထင်ရှားအောင်

သာမဏေယျတ္တိ, အာဂမယုတ္တိ, သဘာဝယုတ္တိ စုံအညီညီပြီး ကိုယ်တော်မြတ် တွေ့ရှိသိမြင်တော်မူသကဲ့သို့ တွေ့ရှိသိမြင် ပေါက်ရောက် နိုင်စေခြင်းအလို့ငှါ ဟောကြား ဆုံးမတော်မူချက်ဖြစ်၏။

(၂) ပဋိပတ္တိသာသနာ ဆိုသည်မှာ ညွှန်ကြားချက် တည်းဟူသော ပရိယတ် ဒေသနာတော်အရ လက်တွေ့ ကိုယ်တွေ့, သဘာဝတွေ့ တွေ့နိုင်ရန် အဆုံးအမနှင့်အညီ သင်ကြား မှတ်သား ကြိုးစည်စိတ်ကူး ဉာဏ်စေစားမှု၊ တနည်း- ကျင့်ကြံကြိုးကုတ် အားထုတ်မှု အရပ်ရပ်တို့ကို ခေါ်သည်၊ ၎င်းတို့မှာ—

(က) သီလသိက္ခာအကျင့်တည်းဟူသော ဒုစရိုက်တရား ဆယ်ပါးမှ ကာယကံ ၃-ပါး+ဝစီကံ ၄-ပါး တို့ကို၊ တနည်း-ကိုယ်,နှုတ်တို့ကိုမကျူးလွန် မပြစ်မှားမိစေရန် လက်တွေ့ ကိုယ်တွေ့ စောင့်သိရှိသေ ထိမ်းသိမ်းမှု၊ ထိုမှအပြန် ကာယကံ ကုသိုလ်မှု, ဝစီကံ ကုသိုလ်မှုတို့ကို ကျင့်သုံးမှု၊ (အကျယ်မရေးသာပြီ။)

(ခ) သမာဓိသိက္ခာ အကျင့်ဆိုသည်မှာ- စိတ်၏ဖြူစင် ဖြောင့်စင်း အေးငြိမ်းကြည်လင် တည်ကြည်ခန့်ငြားမှု, ရိုးသားမှုတို့ကို ဖျက်ဆီး စေတတ်သည့် (အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ) တရားတွေကို အာရုံမပြန့်ပွားစေခြင်းအလို့ငှါ အားထုတ်အပ်သော ၄၀-သော သမထ သမာဓိ လုပ်ငန်းစဉ် တို့ကိုလက်တွေ့ကိုယ်တွေ့ကျင့်သုံးဆောက်တည်မှု။

(ဂ) ပညာသိက္ခာအကျင့် ဆိုသည်မှာ- ယခင်ကသိမ်း ဆည်းခဲ့သော သီလ, သမာဓိ တည်းဟူသော ကိုယ်ကျင့်, စိတ်ကျင့် တရားတွေနှင့် ဒုစရိုက် ၁၀-ပါး (ကိုယ်,နှုတ်,စိတ်) ၃-ပါးတို့ကို ခွါရှဲ လာခဲ့ရာ အမြစ်ပြတ်အောင် မဖြတ်နိုင်သေး,မခွါ နိုင် မကွာနိုင်သေး၍ အမြစ်ပြတ်၍ ခွါနိုင် ကွာ နိုင်စေခြင်းငှါ အထူးယုံကြည်ချက်ရနိုင်စေသည့် ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်,သစ္စာ စသောတရားတို့၌ မမြဲ, ဆင်းရဲ, အနှစ်သာရမရှိ အလိုသို့မလိုက် အစိုးမရနိုင်ပုံတွေကို လက်တွေ့ ရှာဖွေသုံးသပ် အားထုတ်ရသော လုပ်ငန်းများ ဖြစ်လေသည်။

ပဌမ "သီလ, သမာဓိ" ဆိုတဲ့ တရားတွေ ကတော့ စရဏမျိုး ဝိဇ္ဇာတရားတို့၏ အခြေအရံ တရားတွေမျှ ဖြစ် လေတော့ ဝီတိက္ကမကိလေသာနှင့် ပရိယုဋ္ဌာန ကိလေသာ ကို တဒင်္ဂ,ဝိက္ခမ္ဘနပဟာန်အားဖြင့်သာ ပယ်ရှားတားဆီး သုတ်သင်နိုင်၍ "ကြွင်းသော အနုသယဆိုတဲ့" ဖြစ်ခွင့် ကိလေသာကို ထိုစရဏမျိုး ၂-ပါးဖြင့် တားဆီးခြင်းငှါ မစွမ်းနိုင်ရကား၊ တနည်း-ဒုစရိုက်ကိုသာ ပယ်နိုင်သေး၍ ဒုစရိုက်တို့၏ အားပြုရာ ခြေထောက်ရာ ပေါ်ထွက်ရာ အဝိဇ္ဇာနှင့်တဏှာဆိုသည့် အရင်းမူလတရားတွေ ကျန်နေ သေး၍၊ တနည်း- ဥပမာအားဖြင့် ကျားမကြီးနှင့် ကျား ကလေး ၁၀-ကောင် ပေါက်ပွား တည်ရှိနေရာ ကျား ကလေး ၁၀-ကောင်၏ အန္တရာယ်သာကင်းသေး၍ ထပ်မံ ပေါက်ပွားစေနိုင်သည့် ကျားမကြီးကား ကျန်ရှိ နေသေး

ဘိသကဲ့သို့ အားလုံးသောဒုစရိုက် ဒုရာစိဝ အမှုမျိုးတို့၏ ခြေထောက်၍ပေါ်ထွက်ရာ အရင်းအမြစ် ဖြစ်သော အနုသယ ကိလေသာသည်ကား ရုပ်,နာမ်,ခန္ဓာ စသောတရားတို့အပေါ်၌ လက္ခဏာရေးတင်၍ ဆင်ခြင်သုံးသပ်အပ်သော ဝိပဿနာ ပညာသိက္ခာဖြင့် အမှည့်ခွေ့ ချေ၍ လက်တွေ့ ကိုယ်တွေ့ သဘောတွေ့ ဉာဏ်တွေ့ အားထုတ်မှုသည် ပညာသိက္ခာ၏ ပဋိပတ် ဖြစ်လေသည်။

(၃) ပဋိဝေဓသာသနာ ဟူသည်မှာ- အထက်ဖော်ပြပါ ဝိပဿနာပညာဖြင့် ရုပ်နာမ်, အနိစ္စ, ဒုက္ခ, အနတ္တရှုရင်း "သိက္ခာ" အကျင့်တွေ အားရှိသည်ထက် အားရှိခိုင်မြဲလာကြပြီး ဝိပဿနာဉာဏ်ဖြင့် လောကီသစ္စာ ၄-ပါး သိက္ခာ ၃-ပါးလဲ ပြည့်စုံပြီးစီးပါရော၊ လောကုတ္တရာမဂ်တည်းဟူသောမဂ္ဂင် ၈-ပါးပြည့်စုံမှု,သစ္စာ ၄-ပါးပေါက်ရောက်မှုဖြင့်"မဂ်အားလျော်သော"ဒုက္ခသစ္စာအပိုင်သိမြင်မှု, သမုဒယသစ္စာ ပယ်နိုင်မှု,ထိုဒုက္ခ,သမုဒယ၂-ပါးစုံတို့၏ ငြိမ်းမှု,အေးမှု,နိရောဓသစ္စာမျက်မှောက်ပြုမှု ထို၃-ပါးစုံကို အမှန်သိမြင်မှု, မဂ္ဂသစ္စာတို့ဖြင့် ဝိမုတ္တိ, ဝိမုတ္တိရသဟူ၍ ပဋ္ဌမအဆင့် အားဖြင့် "တကယ့်ငြိမ်းချမ်းရေးကို လက်ရ သိမ်းပိုက်နိုင်သော သိက္ခာရှိမှု၏ အကျိုးတရားသက်ရောက်မှုပေတည်း။

ယခုဖော်ပြခြင်းတို့မှာ အကြမ်းဖျင်း အကျဉ်းချုပ်မျှသာရှိလေသေး၍ အကြမ်းဖျင်းထဲမှ အနုစိတ်, အနုထက်အနုစိတ်,အကျဉ်းချုပ်ထဲမှ မကျဉ်းလွန်း, မကျယ်လွန်း၊ တဖန် အကျယ်ဆုံး အစရှိသည်ဖြင့် ဖော်ထုတ် စိစစ်မည်

ဆိုပါလျှင် အနန္တနယနည်းပေါင်း မြောက်များစွာ ရှိပါ
သေး၏၊ ထိုကဲ့သို့ အစ,အလယ်,အဆုံး ၃-ပါးစလုံးတိကျ
ပြတ်သား မှန်ကန် ခိုင်လုံသော အခြေခံနှင့်တကွ ဟော
ကြားတော် မူအပ်ခဲ့ပြီးသော ဒေသနာတော် မြတ်အား
အဘယ်လူ, နတ်,ဗြဟ္မာ ပညာရှိ အပေါင်းတို့သည် မယုံ
ကြည် မလေးစား အားမထားနိုင်ဘဲ ရှိပါ တော့အံ့
မည်နည်း။

## လုပ်ငန်းစဉ်တခု၏ တည်ဆောက်ချက် ပုံစံထုတ်ပုံ

လုပ်ငန်းတခုကို ယုံကြည်မှုနှင့်တကွ လုပ်ပါတော့မည်
ဟု ဆုံးဖြတ်လိုက်ပါက ရှေးဦးစွာ ၎င်းလုပ်ငန်းကို ပလ္လင်
ဆွဲပုံစံထုတ်ခြင်း အလုပ်နှင့်ပတ်သက်၍ ပတ်ဝန်းကျင်နှင့်
တကွ ဆက်စပ်လျက်ရှိသော အကြောင်းအကျိုး, အ
ကောင်း အဆိုးစသည်တို့ကို အဆိုးဘက်က အဆင့်ဆင့်
ဘယ်လို အခက်အခဲတွေကို ဘယ်လို ရင်ဆိုင်စရာရှိတယ်၊
အကောင်းဘက်ကလဲ ရင်ဆိုင်တိုင်း ရင်ဆိုင်တိုင်း ဟိုကွေ့
ဟိုတက်၊ ဒီကွေ့ ဒီတက်ဆိုသလို မည်ကဲ့သို့ တွန်းလှန်ကာ
ကွယ်၍ ရည်မှန်းထားသောပန်းတိုင်ရောက်အောင် အဆင့်
ဆင့် ဘယ်ကဲ့သို့ ချီတက်ရမည်။

နောက်ဆုံး မည်ကဲ့သို့ ရောက်ရှိရမည့် အကျိုးတရား
သည် ပန်းတိုင်ဘဲလို့ စီမံကိန်းထုတ်ပြီးမှ လုပ်သင့်ရာ
လုပ်သင့် ကြောင်းတို့ကို စေ့စေ့ စပ်စပ် မကျော်မလွှား
ပန္နက်ရိုက်မှု,အုဋ်မြစ်ချမှု, တည်ဆောက်မှု, အချောကိုင်မှု,
မွမ်းမံချယ်လှယ်မှုတို့ကို တဆင့်ပြီးမှ တဆင့် စီမံခန့်ခွဲလုပ်

ဆောင်ရဘိသကဲ့သို့ သာသနာ့လုပ်ငန်းစဉ် တို့တွင်လည်း လုပ်ငန်းစဉ်အရပ်ရပ်တို့၏ သိသင့်သိထိုက်သော အမှုကိစ္စ တို့ကို သိထားနှင့်စေရန် ပုဗ္ဗဘာဂခေါ် ရှေ့ပြေး အခြေခံ တရားတို့သည်လည်း ဗုဒ္ဓဝါဒ လုပ်ငန်းစဉ်အရဟောကြား ထားတော် မူချက် စီမံကိန်းများ ရှိနှင့်ကြလေ သေး၏၊ ၎င်းတို့မှာ—

(၁) လုပ်ငန်းစဉ်တခုကို လုပ်လိုစိတ်နှင့်တကွ အား တက်သရော လုပ်ဖြစ်အောင် သဒ္ဓါနည်းအားဖြင့် သော်၎င်း, သံဝေဂ နည်းအားဖြင့်သော်၎င်း လှုံ့ ဆော်နှိုးဆွပေးခြင်း။

(၂) တမဂ်တဖိုလ်ရရေး မြှော်ကိုးသူတို့အတွက် မဂ်ရ ကြောင်းအင်္ဂါ ၄-ပါး။

(၃) တားဆီးတတ်ကြောင်းအန္တရာယ် ၅-ပါး။

(၄) ယခုမျက်မှောက်တွင် မဂ်ရစေနိုင်သည့်ပဓာနိယင် တရား ၅-ပါး။

စသည်တို့ကိုလည်း စုံစမ်းစိစစ်ပြီးထားရှိအပ်လေသည်၊ ဘုရားရှင် သည်လည်း မေဃိယ ရဟန်းအား ထို့အတူ မိန့်တော်မူဘူးလေပြီ။

### သဒ္ဓါနည်းအားဖြင့်

ထို့ကြောင့် အထက်ပါပုဗ္ဗဘာဂကိစ္စတို့မှသဒ္ဓါစိတ်ဖြစ် ပေါ်လာအောင် ဘုရားဂုဏ်တော် ၉-ပါး, တရားဂုဏ် တော် ၆-ပါး, သံဃာ့ဂုဏ်တော် ၉-ပါးတို့ကို အနက် အဓိပ္ပါယ် ကျယ်ကျယ်ပြန့်ပြန့် ပေါ်လွင် ထင်ရှားလာ အောင် စီးဖြန်းရွတ်ဘတ် သရဇ္ဈာယ်ခြင်းအမှုတို့ကို ပြုလုပ် ပေးထိုက်၏။

(က) အပိစ္ဆာကထာ—မရသေးသောပစ္စည်းဥစ္စာ လာဘ် လာဘာ ဂုဏ်ပကာသနတို့၌ တောင့်တောင့် တတ မရှိရ၊ အလိုမကြီးရ၊ အလိုနည်းရမည်။

(ခ) သန္တောသကထာ—ရရှိပြီးသော ပစ္စည်းဥစ္စာတို့နှင့် ရောင့်ရဲတင်းတိမ် ကျေနပ်အေးဆေးရမည်။

(ဂ) အသံသဂ္ဂကထာ—အမျိုးမျိုးသောသူတို့နှင့် ရောရော ပြွမ်းပြွမ်းနေလျှင် စိတ်ဆင်းရဲရမည်၊ မစင်မကြယ် ဖြစ်ရမည်။

(ဃ) သီလကထာ—သီလတရားနှင့်ပြည့်စုံရန် စကားမျိုး ပြောဟောရမည်။

(င) ပဝိဝေကကထာ—လူသူလေးပါး ကင်းရှင်း တိတ် ဆိတ်ရာအရပ်သည် ကောင်းလေစွဟု အာရုံဆိတ် ငြိမ်ရာရမှုဖြစ်အောင် ကြိုးစားမှု။

(စ) ဝီရိယာရမ္ဘကထာ—သီလ,သမာဓိ, ပညာ သိက္ခာ ၃-ပါးကို အားထုတ်မှကောင်းမည်ဟုဝီရိယရှိရန်။

(ဆ) သမာဓိကထာ – သမထတရား အားထုတ်လျှင် ဥပစာရသမာဓိ, အပ္ပနာသမာဓိ ရနိုင်မည်ဟု သမာဓိနှင့်စပ်၍ ဟောသောစကား။

(ဇ) ပညာကထာ– သုတမယပညာ, စိန္တာမယပညာ, ဘာဝနာမယပညာ ဤပညာ၃-ပါးနှင့်စပ်၍ ပြော သောစကား။

(ဈ) ဝိမုတ္တိကထာ—ရုပ် နာမ် ချုပ်ငြိမ်းပါမှ, မဂ်ဖိုလ် နိဗ္ဗာန်ရပါမှ အစဉ်ထာဝရချမ်းသာရမည် စသည် ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်နှင့် စပ်သောစကား။

(၃) ဝိမုတ္တိဉာဏဒဿနကထာ—မဂ်, ဖိုလ်,နိဗ္ဗာန်, ပယ် အပ်ပြီးသော ကိလေသာ, ကြွင်းသောကိလေသာ တို့ကိုပြန်လှန်ဆင်ခြင်မြင်တတ်သော ပစ္စဝေက္ခဏာ ဉာဏ်နှင့်စပ်၍ ပြောသောစကား။

၍ဆယ်ပါးသောစကားများကိုလည်း စုံစမ်းနာကြား ပြောဆိုလိုက်နာ ကျင့်ကြံအပ်၏။

## သံဝေဂနည်းအားဖြင့်

နေ့သတ္တဝ စားဝတ်နေရေး အတွက် ရှာဖွေ စုဆောင်း ရတဲ့ကိစ္စဆိုတာ ဘယ်ကာလမှ ပြီးဆုံးတော့မည်မဟုတ် ပါတကား၊ တဝမ်းဝ တခါးလှ တဘဝ တနပ်စာအရေး အတွက် ကောင်းမှုနဲ့လဲ ရှာရ, မကောင်းမှုနဲ့လဲ ရှာရဆို သလို မသေမချင်းကဘဲ နေပူမရှောင်, မိုယ်းရွာမရှောင် ဒုက္ခစိုက်ရ၏၊ သေပြန်တော့လဲ ကောင်းမှုကနဲ မကောင်း မှုကများမှဖြင့် လောကမျက်မှောက်ဒုက္ခထက်အဆပေါင်း များစွာကြီးမားတဲ့ မတွေးဝံ့လောက်အောင်သော မဟာ ဒုက္ခတွေနှင့် ဆက်ဆံရဦးတော့မှာပါတကား။

လောကီလုပ်ငန်းဆိုတာ ဆင်းရဲသူဆင်းရဲသား များမှ အစ ရှင်ဘုရင်တိုင်အောင် အယုတ်, အလတ်, အမြတ် မရွေး အသီးသီးလုပ်ကိုင်နေကြရတာဘဲ၊ ဘယ်တုံးကစ၍ လုပ်ခဲ့ကြရပါသလဲဆိုလျှင် သံသရာအစကတည်းက ယနေ့ အထိ မအားရ မနားရအောင် နေ့ရက်အချိန်ရှိသ၍ တလုပ်တည်းလုပ်၍ နေကြရပါတကား၊ လုပ်ကိုင်ကြသော သူများသာ သေ-သေကုန်ကြရတယ်၊လုပ်ငန်းကား အပြီး ဆုံးသို့ ရောက်သည်မဟုတ်ပါတကား၊ လုပ်ကိုင်မည့်သူနှင့်

ကမ္ဘာ့သာလဲရတယ်၊ လုပ်ကိုင်ရမည့်လုပ်ငန်းတွေက မလဲရပါတကား၊ မအားမနားလုပ်ကိုင်၍ မဆွေးမြေ့မကုန်ခန်းနိုင်သော မြဲသောဒုက္ခတရားတွေပါတကားလို့ ပညာမျက်စိနှင့် ဆင်ခြင်ကြည့်ရှုပါလျှင် "ပျင်းရိငြီးငွေ့ ထိတ်လန့်ဘွယ်ရာသာတည်း"ဟု သတိတရားရ၍ ပါရမီများလို့ ဆော်လိုက်လျှင် ကုသိုလ်ကောင်းမှုဘက် မျက်နှာမူနိုင်လာပါ၏။

## စိတ်ကို အပြစ်နှင့်တကွဆုံးမပုံ

အသင်စိတ်-အသင်၏သဘာဝသည်"ပါပသ္မိံ ရမတေ-မနော" ဆိုသည့်အတိုင်း မကောင်းမှု မကောင်းဘက်၌သာလျှင် ပျော်ပိုက်တတ်ပါတကား၊ "မာယာ ပမတ္တ-ဝိညာဏံ"ဆိုသလိုလဲ မဟုတ်မမှန်တာတွေကိုအဟုတ်ထင်အောင်, ဟုတ်မှန်တာတွေကိုလဲ မဟုတ်ထင်အောင် လှည့်စားတတ်တဲ့မျက်လှည့်သည် ဘီလူးမနှင့်လဲ တူတယ်ဆိုပါကလား၊ သင့်ကို သည်အတိုင်းသာ အလွတ်အလျောက်ပေါက်လွတ်ဒလကြမ်း ကြိုက်သလိုသာ ထားလိုက်ရမည် (အလိုလိုက် အကြိုက်ပေးထားလိုက်ရမည်) ဆိုပါလျှင် လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိဆိုတဲ့သဘောတွေနှင့် မျက်စိပေါက်က အပါယ်မီးတွေ, နားပေါက်က အပါယ်မီးတွေ, နှာခေါင်းပေါက်က အပါယ်မီးတွေ, ပါးစပ်ပေါက်က အပါယ်မီးတွေ, ကိုယ်ပေါက်ကအပါယ်မီးတွေ, မနောဆိုတဲ့ ကြံတွေးမှုပေါက်က အပါယ်မီးတွေသာ တဟုန်းဟုန်းလောင်ကျွမ်း၍ အပါယ်စခန်းမှ တက်ရပါအုံးတော့မလား။

သူတကာမချစ်အောင်, ရွံအောင်, မုန်းအောင်လုပ်တာလဲမင်းဘဲ၊ ယခုဘဝ ထောင်ကျ တန်းကျ မရှုမလှမဝတဲ့ ဘဝအခြေ ရောက်နေအောင်လုပ်တာလဲမင်းဘဲ၊ ယခုမျက်မှောက်မြင်ခနေကြရတဲ့ (ကုသိုလ်ကောင်းမှုဆိုလို့ တစက်ကလေးမှ မပြုတတ် မလုပ်တတ်တဲ့၊)ခွေး,ကြက်,ဝက် အစရှိတဲ့ တိရစ္ဆာန်တွေဖြစ်ပေါ်လာရတာဟာလဲ မင်းကြောင့်ဘဲ၊ မိလ္လာကျုံး, ပန်းမှိုက်သွန်, သူတောင်းစား, အန္ဓ,အရွဲ့, အကျိုး, အကန်း, အပင်း, အအ ဘဝခြေမှာတည်နေရတဲ့ သတ္တဝါတွေလဲ သေသေချာချာ အခြေအမြစ်ကိုလိုက်ကြည့်တော့ မင်းပါဘဲကလား။

တော်တော့-တော်တော့ မင်းအကြောင်းငါသိပြီ၊ သိတဲ့အချိန်ကစပြီးတော့ မင်းကို အလွတ်မဲ့ မထားတော့ဘူး၊ သတိဆိုတဲ့ အစောင့်တရားနဲ့ ပညာရှင် သူတော်ကောင်းလက်သို့ ပို့အပ်ဆုံးမပေတော့မည်၊ပညာရှင်လက်သို့အပ်၍ အဆုံးအမရပြီး ယဉ်ကျေးလာလို့ ဒါနကုသိုလ်ပြုတတ်ရင် ဘဝသံသရာမှာ စည်းစိမ်ဥစ္စာပေါများကြွယ်ဝ၍ ချမ်းသာရာရမယ်၊ သီလကုသိုလ်လုပ်တတ်ရင် အသက်ရှည်ခြင်း, အနာရောဂါကင်းခြင်း အကျိုးတရားတွေရမယ်၊ သမထဆိုတဲ့ လုပ်ငန်းတွေလုပ်တတ်တော့ ပူပန်သောက ရောက်ရတဲ့ စိတ်တွေ မဖြစ်ပေါ်စေဘဲ စိတ်နှလုံး ရွှင်ပျချမ်းသာရာရမယ်။

ဝိပဿနာဘာဝနာတွေ လုပ်တတ်ပြီဆိုပါလျှင် တမဂ်တဖိုလ်၊ သို့မဟုတ် အခြေသို့ဆိုက်၍ စူဠသောတာပန်လောက်များ ဖြစ်သွားမည်ဆိုပါလျှင်တော့ အဘယ်ပြော

ဘွယ်ရာရှိတော့အံ့နည်း၊ "ကြွေးကြီးဆပ်"ဆိုသလို တသံသရာလုံးက တင်ရှိခဲ့တဲ့ အပါယ်လေးပါးကြွေးတွေလဲ အကုန်ကျေ၊ ယခုဘဝကစပြီး နေရဲမှု, သေရဲမှု, အနေတတ်, အသေမြတ် တရားတွေလက်ကိုင်ရှိပြီး နိဗ္ဗာန်ရွှေပြည် မရောက်သေးမခြင်း ဘာမျှ ပူစရာ ပင်စရာမရှိ၊ လူဖြစ်လဲလူချမ်းသာ၊ နတ်ဖြစ်လဲ နတ်ဝါလား၊ ဗြဟ္မာဖြစ်လဲ ဗြဟ္မာပတ်ကား ဆိုတာလို ဖြစ်လေရာရာဘဝတွင် ကိုယ်ရောစိတ်ပါ ချမ်းသာစွာ ခံစား စံစားသွားရမည်၊ အပါယ်လေးပါးသံသရာဆိုတာ သေခန်းပြတ်, ရှင်ခန်းပြတ်၊ ဘာမျှကိုယ်နှင့်မဆိုင်တော့ကပြီ။

အဲသည်လို အဖြေမှန်ရအောင် တွက်ကြည့်တတ်တော့ ဗုဒ္ဓလမ်းစဉ်ကို မည်သည့်ပညာရှင်သည် လက်မခံနိုင်ဘဲရှိပါတော့မလဲ၊ အဖြေမှန်ထွက်အောင်, လမ်းကုန်အောင် မတွက်ကြည့်လို့ မတွက်တတ်လို့သာ ဝေးမောမေ့ပျော့နေမိကြရတော့၏။

### မဂ်ရကြောင်း အင်္ဂါ ၄-ပါး

ကဲ-တသံသရာလုံး အေးငြိမ်းချမ်းသာစွာ ကြဉ်လည်စေရတဲ့ မဂ်ဖိုလ်ရဘို့အရေးကတော့ အင်္ဂါလေးချက် ပြည့်စုံစေရတယ်၊ သောတာပန်ဖြစ်ချင်သူသည်—

(၁) ရုပ်နာမ်, ခန္ဓာ, ဓာတ်, သစ္စာတို့၌ ကျွမ်းကျင်လိမ္မာသော သူတော်ကောင်းနှင့်ပေါင်း။

(၂) ၎င်းရုပ်နာမ်, ခန္ဓာ, ဓာတ်, သစ္စာဘို့နှင့် စပ်သော တရားစကားကို ကြားနာ နာခံ မှတ်သား သင်ကြားရခြင်း။

(၃) ထိုတရားတို့ကိုပင် စိတ်ထဲ ဉာဏ်ထဲမှာ မထင်ထင် အောင် နှလုံးသွင်း။

(၄) နောက်ဆုံး သဏ္ဍာယဒိဋ္ဌိ ကွာသည်တိုင်အောင် အားထုတ်ရမည်။

၎င်းလင်္ကာမှာ—

"သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ သင့်ရာစိတ်ထား၊ မင်္ဂအားလျော်ဘို့၊ ဒိဋ္ဌိကို ခွါ"—

ဟူသတည်း၊ အဲဒီ အင်္ဂါလေးချက် ညီပြီဆိုလျှင်တော့ မြော်မှန်းတဲ့အတိုင်း ပြီးစေနိုင်တော့တာဘဲ၊ သို့ရာတွင် အင်္ဂါ ၄-ချက်ထဲကတော့ တချက်မျှမပျက်ဘို့, မချို့ယွင်းဘို့ ဆိုတာကိုတော့ လေးလေးနက်နက် သတိပြုရပေလိမ့်မည်။

### အန္တရာယ် ၅-ပါး

နောက်တနည်းအားဖြင့်လဲ ဒီအင်္ဂါ ၄-ချက်ကို မပျက် ပျက်အောင် ဖျက်ဆီးတတ်တဲ့ အန္တရာယ် ငါးပါး ဆိုတာလဲ ရှိလေသေး၏၊ ထိုအန္တရာယ်ငါးပါးကိုလဲ သိထားဘို့ ကောင်းပါ၏။

လူ-နတ်-နိဗ္ဗာန် ၃-တန်သော ချမ်းသာကို တားစေ တတ်သော အန္တရာယ် ငါးပါးကား—

(၁) ကမ္မန္တရာယ်။ ။အမိသတ်ခြင်း, အဘသတ် ခြင်း, ရဟန္တာသတ်ခြင်း, ဘုရားကို သွေးစိမ်းတည်အောင် ပြုလုပ်ခြင်း, သံဃာကွဲပြားအောင်ပြုလုပ်ခြင်း၊ ဤငါးပါး သောကံသည် စုတိအနန္တရ သေသည်၏အခြားမဲ့၌ ငရဲသို့ ကျရောက်စေတတ်သောကြောင့် ပဉ္စာနန္တရိယကံ မည်၏၊ ၎င်းကံငါးပါးသည် မဂ်ဖိုလ်နှင့်တကွ သုဂတိပါ တားမြစ် တတ်လေသည်။

(၂) ကိလေသန္တရာယ်။ ။ကုသိုလ် အကုသိုလ်ကံတို့ကြောင့် ကောင်းကျိုး, မကောင်းကျိုးပေးသည်မရှိဟု မြဲမြဲမြန်စွာယူထားသော နတ္ထိကဒိဋ္ဌိ၊ ကုသိုလ်, အကုသိုလ် အကြောင်းမရှိဘဲ အလိုလိုပင် ချမ်းသာဆင်းရဲကြသည်ဟု အစွဲအမြဲယူထားသော အဟေတုကဒိဋ္ဌိ၊ ကုသိုလ်ကံ, အကုသိုလ်ကံလဲမရှိ၊ ကောင်းကျိုး, မကောင်းကျိုးလဲမရှိဟူ၍ မြဲမြဲစွဲစွဲယူထားသော အကြိယဒိဋ္ဌိ အယူဝါဒရှိနေမှုတို့တည်း၊ ၎င်း ၃-ပါးကို မစွန့်လွှတ်ဘဲ စွဲမြဲယူထားမှုသည် (နိယတမိစ္ဆာဒိဋ္ဌိ) ကိလေသာအန္တရာယ်မည်၏၊ အယူမစွန့်သေးသမျှကာလပတ်လုံး (သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ်) နတ်ရွာမဂ်ဖိုလ် ၂-ပါးစလုံး တားမြစ်ပိတ်ပင်တတ်၏။

၃။ ဝိပါကန္တရာယ်။ ။အဟိတ်ပဋိသန္ဓေ, ဒွိဟိတ်ပဋိသန္ဓေ ရှိသော ပုဂ္ဂိုလ်တို့သည် အမောဟပညာဟိတ်ကင်းသောကြောင့် မဂ္ဂန္တရာယ် ပါနေရကား လွန်စွာအားထုတ်စေကာမူ ဤဘဝ၌ မဂ်ဖိုလ်ကို မြှော်လင့်ဘွယ်မရှိ၊ ပါရမီမျိုးစေ့ကား ရနိုင်ပေ၏၊ (သဂ္ဂန္တရာယ်)မဖြစ်၍ လူ, နတ်-ဘဝတို့ကား ရနိုင်ပေ၏၊ သို့သော် ၎င်းအန္တရာယ်အတွက် စဉ်းစားတွေးတော ကြောင့်ကြနေဘွယ်မလို၊ အားထုတ်မှုသည်သာ ပဓာနတည်း၊ [ဥပထမ္ဘကသည် ဇနက ဖြစ်လှည့်ကြုံအံ့။]

၄။ အရိယူပ ဝါဒန္တရာယ်။ ။အရိယာပုဂ္ဂိုလ်ဟူ၍ သိသည်ဖြစ်စေ,မသိသည်ဖြစ်စေ၊သောတာပန် အစရှိသော အရိယာပုဂ္ဂိုလ်တို့ကိုသီလ,သမာဓိ,ပညာနှင့်စပ်၍ဂုဏ်ကို ချိုးဖွဲ့ အကျိုးမဲ့ဖြစ်သွားအောင် ပြစ်မှားကဲ့ရဲ့စွပ်စွဲခြင်းသည်

အရိယူပဝါဒန္တရာယ်မည်၏၊ ဝန်မချသမျှ ကာလပတ်လုံး (သဂ္ဂန္တရာယ်–မဂ္ဂန္တရာယ်) ၂-ပါးစလုံး ဖြစ်နိုင်၏၊ ကန်တော့တောင်းပန်ပါမူကား အန္တရာယ်မှ လွတ်ကင်းနိုင်၏။

၅။ အာဏာဝီတိက္ကမန္တရာယ်။ ။"သဉ္စိစ္စအာပတ္တိံ အာပဇ္ဇတိ"ဟူသော ဝိနည်းပါဠိတော်နှင့်အညီ သိလျက်စေတနာနှင့် လွန်ကျူး၍ သင့်သော ရဟန်း၏ အာပတ်, သာမဏေ၏ လိင်ဒဏ် သေခိယများသည် အာဏာဝီတိက္ကမန္တရာယ်မည်၏၊ (သဂ္ဂန္တရာယ်–မဂ္ဂန္တရာယ်) ၂-ပါးလုံးဖြစ်၏၊ သို့သော် ဆိုင်ရာဝိနည်းကံနှင့် ကုစားလျှင် ဤအန္တရာယ်မှ ကင်းလွတ်၏။

ဤအန္တရာယ် ၅-ပါးတို့တွင် တပါးပါးနှင့် ငြိတွယ်နေပါမူ ဤဘဝမဂ်ဖိုလ်မရထိုက်ပြီ၊ အန္တရာယ် ၅-ပါးစလုံး ကင်းပါမှ မဂ်ဖိုလ်ကိုရထိုက်၏ဟု အမှန်အတိုင်းသိအပ်၏။

## ပဓာနိယင်္ဂတရား ၅-ပါး

ထိုမှတဖန် မျက်မှောက်သော ဘဝ၌ပင် မဂ်ဖိုလ်ရနိုင်သည့် ပြည့်စုံရမည့် ပဓာနိယင်္ဂ တရားငါးပါးကိုလည်း သိမှတ်ထားအပ်သေး၏၊ ထိုငါးပါးကား–

၁။ သဒ္ဓေါ ဟောတိ အရ-ဘုရား၌ယုံကြည်မှု,တရား၌ယုံကြည်မှု, သံဃာ၌ ယုံကြည်မှု, ကမ္မဋ္ဌာန်းဆရာ၌ ယုံကြည်မှု, အားထုတ်ဆဲ ကမ္မဋ္ဌာန်း၌ ယုံကြည်မှု၊ဤငါးပါး၌ ယုံကြည်ခြင်းသည် သဒ္ဓါတရားနှင့် ပြည့်စုံသူမည်၏၊ တရား၌ရင်း, ဆရာ၌ရင်း ယုံမှားနေလျှင် ဤအင်္ဂါပျက်၏။

၂။ အပ္ပါဗာဓေဟောတိ-ကျန်းမာခြင်းဟူသည် ပါစက ဓာတ်မီးဝမ်းမီး အားကောင်းသည်ဖြစ်၍ စားသောက်သမျှ အာဟာရတို့ ကြေကျက်စေနိုင်လျက် သတိတရားနှင့်တကွ ကမ္မဋ္ဌာန်းကို ပွားများနိုင်အောင် ခန့်ကျန်းသာယာရှိမှုတည်း။

၃။ အသဌောဟောတိ အမာယာဝီအရ- မစဉ်းလဲခြင်းဟူသော စိတ်နေသဘောထား ဖြောင့်ခတ်သည်ဖြစ်၍ မိမိ၌ဖြစ်ပေါ်လာသမျှကိုသာ တွေ့လျှင်တွေ့ကြောင်း,မတွေ့လျှင် မတွေ့ကြောင်း ဆရာသမား, သီတင်းသုံးဖေါ်တို့၌ ဟုတ်တိုင်းမှန်စွာ ပြောခြင်း, လောကီဂုဏ်ကို မမက်မောဘဲ နိဗ္ဗာန်ကိုသာ အလိုရှိနေခြင်းတည်း။

၄။ အာရဒ္ဓဝီရိယော ဝိဟရတိ ထာမဝါအရ- အားထုတ်မှုဟူသည် ယောဂီပုဂ္ဂိုလ်သည် ပွါးများရှုမှတ်ရမည့် အာရုံ၌သာ အရိုးကြေကြေ အရေကြွင်းကြွင်း အသွေးပင်ခန်းခန်း ဤတရားမတွေ့က ငါမနေဟု နေ့ရောညဉ့်ပါ ဒလစပ် (စတုရင်္ဂအင်္ဂါ ၄-ပါး ရှိတဲ့ ဝီရိယဖြင့်)မနေမနား မီးပွတ်သော ယောက်ျားကဲ့သို့ အားထုတ်မှုတည်း။

၅။ ပညဝါဟောတိ ဥဒယတ္ထဂါမိနီအရ- ဥဒယဗ္ဗယ ဉာဏ်နှင့်ပြည့်စုံခြင်းကို ဆိုလို၏၊ ဆိုခဲ့ပြီးသော ပဓာနိယင်္ဂတရားငါးပါးတွင် မယုတ်မလျော့ အညီအညွတ် ပြည့်စုံမှသာလျှင် ဤဘဝ၌ မဂ်ဖိုလ်ရထိုက်၏။

နံပါတ် ၄-အချက်ပါ စတုရင်-အင်္ဂါ ၄-ပါးရှိ ဝီရိယကား–

(က) အာတာပ- ကိလေသာတို့ကို ပူပန်သွေ့ခြောက်စေနိုင်သော မအိပ်မနေ အပင်ပန်းခံနိုင်သော ဝီရိယ,

(ခ) အာရဗ္ဘ-အကျိုးနှင့်တကွ လုပ်ခွင့် လုပ်လမ်းကို ကြားလျှင် နွှေးခြင်း ညခြင်း လုပ်ကိုင်နိုင်သော ဝီရိယ,

(ဂ) နိက္ကမဓာတ်—လုပ်စဉ်အခါ နှောင့်ရှက်လာသော ထိန မိဒ္ဓ ကောသဇ္ဇ စသော စိတ်ရတက်တို့ကို ပယ်ဖျက်တွန်းလှန်နိုင်သော ဝီရိယ,

(ဃ) ပရက္ကမဓာတ်— အထက် အထက်၌ အလုပ်မှ ဆုတ်နစ်ရန် စိတ်သန္တာန်မှာ ပေါ်လာသမျှသော ဘေးရန်တို့ကို တွန်းလှန်နင်းနယ်၍ သွားနိုင်သော ဝီရိယ,

**အမိုက်ကင်းပျောက်အလင်းရောက်**

(၁) အမှန်မလိုက် အမှားလိုက် အမိုက်လက်စ မသတ်ကြ ဝဋ်မှ ဘယ်သို့ ထွက်မည်နည်း။

(၂) အမှားမလိုက်အမှန်လိုက်မှ အမိုက်ကင်းပျောက် အလင်းရောက်၍ ခေါက်ခေါက်ခါခါ သံသရာ မြန်စွာဝဋ်မှ ထွက်မည်တည်း။

**အဓိပ္ပါယ်**

(၁) ဝဋ်၌လည်စေတတ်သောငြူစူခြင်း,စောင်းမြောင်းခြင်း, ဆောင့်အောင့်ခြင်း,မျက်စောင်းထိုးခြင်း, နှုတ်ခမ်းစူခြင်း, တဘက်သားတို့အား စောင်း မြောင်း ရိပ်ချ၍ ပြောဆိုခြင်း တည်းဟူသော ဣဿာ,

(၂) ဝန်တိုပိတ်ပင်ခြင်း၊ တနည်း-အစား၌ ဝန်တိုခြင်း, အဝတ်၌ ဝန်တိုခြင်း, အိပ်ရာနေရာမှစ၍ အရိပ်အာဝါသတို့၌ ဝန်တိုခြင်း, ရွှေ ငွေ စသော အသုံးအဆောင်တို့၌ ဝန်တိုခြင်း, ရအပ်သော လာဘ်လာဘတို့၌ ဝန်တိုခြင်း၊ ဤသူကို မပေးနှင့်,ဤသူကို မကျွေးနှင့်, ဤကိုယ်တော်ကို မလှူနှင့် စသည်ဖြင့် ပိတ်ပင်ခြင်း-မစ္ဆရိယ,

(၃) သူတပါး၏ စည်းစိမ်ကို မိမိစည်းစိမ်ပြုလိုခြင်း, ဝါ-လောဘကြီးလှ၍ မတရားသဖြင့် လိုချင်ခြင်း, ခိုး၍ယူခြင်း, လိမ်၍ယူခြင်း, တရားဆင်၍ အနိုင်အထက်ပြင်းခံယူလိုခြင်း အဘိဇ္ဈာ,

(၄) သူတပါးတို့အား ရန်ငြိုးဖွဲ့ခြင်း, ညှဉ်းပန်းနှိပ်စက်ရိုက်နှက်ပုတ်ခတ် သတ်ဖြတ် ထိုးကြိတ်လိုသော စိတ်ရှိခြင်း-ဗျာပါဒ,

(၅) မှားသောအယူကို ယူခြင်း၊ ဝါ- မိစ္ဆာတို့လမ်း အဆန်းတကြယ် အသွယ်သွယ်ကို အကယ်ဆတ်ဆတ် ကိုးကွယ်ရာ အပ်သည် ဟု ထင်မှတ် ယုံမှားခြင်း မိစ္ဆာဒိဋ္ဌိ,

ဤသို့လျှင် ပြဆိုအပ်ပြီးသော အမိုက်တရား,အမှောင်တရား,အလွဲတရား, အမှားတရားတို့ကိုပယ်ခွါစွန့်လွှတ်၍-

(၁) ဝဋ်မှ ထွက်မြောက် စေတတ်သော ဘုရား တရား သံဃာ တည်းဟူသော ရတနာ ၃-ပါးတို့၏ ဂုဏ်ကို ယုံယုံကြည်ကြည် လေးလေးမြတ်မြတ်နှင့် အဟုတ်အဟတ် ဆည်းကပ် ကိုးကွယ်ခြင်းသဒ္ဓါ,

(၂) ငါးပါးသီလ, ရှစ်ပါးသီလ, သီလတော်မြတ်တို့ကို မကျိုးမပေါက် မပြောက်မကြားရအောင်ကောင်း မွန်လုံခြုံစွာ ထိန်းသိမ်းစောင့်ရှောက်ခြင်း သီလ,

(၃) လောကီ အမှု, လောကုတ္တရာ အမှု, အစုစုမှစ၍ အကြားအမြင် အမှတ်အသား များခြင်း တည်းဟူ သော-သုတ,

(၄) ခွေးအစရှိသော အလှူခံ တကျိပ်လေးတို့အား ပေး ခြင်း, ကမ်းခြင်း, စွန့်ကြဲလှူဒါန်းခြင်းတည်းဟူသော စာဂ,

(၅) လောကီရေးရာ လောကုတ္တရာရေးရာမှစ၍ ထိုး ထွင်းသော အသိအလိမ်မာနှင့် ပြည့်စုံခြင်း တည်း ဟူသေ ပညာ ,

(၆) မကောင်းမှု ဒုစရိုက်တို့ကို ပြုကျင့်ရမည့် အရာ၌ ရှက်ခြင်း ဟိရီ,

(၇) မကောင်းမှုဒုစရိုက်တို့၏ အကျိုးဆက်တို့ကို ခံစား ရမည့်အရာ၌ ကြောက်ခြင်း ဩတ္တပ္ပ,

ဤသို့လျှင် ပြဆိုအပ်ပြီးသော သူတော်ကောင်းတရား ၇-ပါးအလင်းတရား, အရှင်းတရား, အဟုတ်တရား, အမှန် တရားတို့ကိုသာလျှင် အားထုတ်၍ သိမ်းဆည်းရှာမှီးကြပါ လေဟု ဆိုလိုသည်။

## မဂ်ဖိုလ်ရထိုက်သူ

မဂ်ဖိုလ်ရသောပုဂ္ဂိုလ်တို့သည် သဒ္ဓါဟူသော စရဏ မျိုး, သမထလောကီဈာန်နှင့် ပညာဟူသောဝိဇ္ဇာမျိုးဝိပဿနာ လောကုတ္တရာတရား ၂-ပါးကင်း၍ မဖြစ်နိုင်ကြလေ။

သဒ္ဓါသည် သာသနာ၌ အာဒိပြဟ္မစရိယမည်၏၊သဒ္ဓါနှင့်ကင်း၍လည်း မဂ်မဖြစ်နိုင်၊ (အစလသဒ္ဓါ) ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်မှ (အမိဂမသဒ္ဓါ) သဒ္ဓါ လွန်အားကြီးလျှင်လည်း ပညာမဖြစ်နိုင်၊ ပညာလွန်အားကြီးလျှင်လည်း မဂ်မဖြစ်နိုင်၊ သဒ္ဓါလွန်လျှင် ပညာဘက်၌ တွန့်တတ်သည်၊ ပညာလွန်လျှင် ဆွံ့တတ်သည်၊ (ဝါ) သဒ္ဓါ ဆုတ်ယုတ်၍ အလုပ်မလုပ်ချင် ဝီရိယ လျော့သည်ကို ဆိုလိုသည်၊ ထို့ကြောင့် သဒ္ဓါနှင့်ပညာတံပိုးထမ်းချိန်ဝင်ညီမှ,အဆင်သင့်မှ မဂ်ဖိုလ်ဖြစ်နိုင်သည်၊ သဒ္ဓါနှင့်ပညာ, သမထနှင့်ဝိပဿနာ, ပညတ်နှင့်ပရမတ်, လောကီယနှင့် လောကုတ္တရာ, စရဏနှင့် ဝိဇ္ဇာ ၂-ပါးစီ ယှဉ်လျက် မျိုးကွဲအောင် ခွဲတတ်ယူတတ်ဘို့ အရေးကြီးလှပေ၏။

(၁) သုတ်မဟာဝါ(၃၅၄)တွင်လည်း အထက်ပါသဒ္ဓါ ပညာ,သမာဓိ,ဝီရိယ အစုံအစုံတို့ကို သတိချိန်နှင့် ညှိ၍ကျင့်အပ်၏၊ ၎င်းသည်ပင် မုချ အရိယာမဂ်ဟုခေါ်ဆိုအပ်၏ဟုဆို၏။

(၂) မယဒေဝလင်္ကာ၌- ပညာအားနည်း၊ သဒ္ဓါသည်းက၊ အရည်းမည်ခါ၊ ယူမိစ္ဆာ၌၊ သဒ္ဓါလေးမြတ်၊ ဆည်းကပ်တတ်၏၊ ပရမတ်အရာ၊ မလိမ်မာဘဲ၊ သဒ္ဓါနှံ့နဲ၊ ပညာကဲလည်း၊ အလွဲပြေးဝင်၊ အမြင်ယွင်းခွ၊ တိမ်းပါးကြလျက်၊ မီးပြသမား၊ တွင်းကျွံမှားသို့၊ ဆယ်ပါးကောင်းမှု၊ လှူဝတ္တုကို၊ စွန့်ပြုမလွတ်၊ စိတ္တုပ္ပါဒ်မျှ၊ ဒါနအလှူ၊မြောက်သောဟူ၍၊ အယူဖေါက်လွဲ၊ မိစ္ဆာစွဲ၏။

(၃) မုံရွေးဆရာတော်၏ ရာဇောဝါဒတွင်လည်း-လျော့လွန်းပတ်၊ တင်းလွန်းပြတ်၊ ရေးပေါင်းများစွာတို့၌ ကာလ, ဒေသ, အဇ္ဈ,ခနှ, ပရိဘောဂတို့နှင့် ဆီလျော်အောင် လိုက်နာတတ်ဘို့ လွန်စွာ အရေးကြီးလှပေ၏။

(၄) ဆရာတော် ဦးဗုဓ်၏ မဟာသတိပဋ္ဌာန်၌လည်း-သဒ္ဓါလွန်လျှင် ကွန့်သည်၊ ပညာလွန်လျှင် ဆွံ့သည်၊ ဝီရိယလွန်လျှင်ပြန့်သည်၊သမာဓိလွန်လျှင်တွန့်သည်ဟု မဇ္ဈိမပဋိပဒါလမ်းကိုပင် ညွှန်ပြခြင်းဖြစ်သည်။

(၅) လယ်တီ ဆရာတော်၏ သတိ ပေးချက်တွင်လည်း-ပရမတ် ရောင်ဝါး လှုပ်တိုင်းမှားတတ်သည်။

အထက်ဖော်ပြပါ ဆရာတော်ဘုရားကြီးများ၏ဩဝါဒမိန့်ခွန်းတော်များကို ထောက်ထား၍ ထုံးမှိစံမျှ, စံနစ်လည်းကျ,တရားနည်းလမ်းလည်းမှန်, တရားမျှတမှုလည်းရှိသော ပြုပြင်ပြောင်းလဲရေးသို့ ရှေးရှုနိုင်ပါစေသတည်း။

**လေ့လာမှတ်သားထားနှင့်ရန် အချက်များ**

**ခန္ဓာငါးပါး။** ။ခန္ဓာဆိုသော စကားသည် အပေါင်းဟုခေါ်သည်၊ ရူပ-ရုပ်၊ ဖောက်ပြန် ပျက်စီးတတ်သော သဘောတရား (အပူအအေးနှင့် တွေ့ထိတိုင်း)။

(၁) ရူပက္ခန္ဓာ- ဖောက်ပြန် တတ်သော ရုပ်သဘောတရားအစု၊ ၎င်းသဘောတို့မှာ ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ၊ အဘိဓမ္မာနည်းဖြင့်မဟာဘုတ် ၄+ဥပါဒါရုပ် ၂၄=၂၈ ပါးစု၊ တနည်း-ဓာတ်ကြီး ၄-ပါး+ဓာတ်ငယ် ၄-ပါး=၈ (အဋ္ဌကလာပ်-၁)။

(၂) ဝေဒနာက္ခန္ဓာ-အာရုံဟူသမျှကို ကောင်းသည်ဖြစ်စေ, မကောင်းသည်ဖြစ်စေ, ကြိုက်သည် ဖြစ်စေ, မကြိုက်သည်ဖြစ်စေ တွေ့ကြုံလာလျှင် အလွတ်မပေးဘဲ မလွတ်တန်း ခံစားမှုသဘော၊ အကျဉ်းအားဖြင့် သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာဟူ၍ မှတ်သားထားအပ်၏၊ ၎င်းသည် (စေတသိက် နာမ်ခန္ဓာ ၁-ပါး။)

(၃) သညာက္ခန္ဓာ- ဘယ်အရာကိုမဆို အာရုံ ၆-ပါးမှ ပေါ်ထွက်သမျှ မှတ်သား ထားတတ်တဲ့ သဘော၊ ၎င်းသည်လည်း(စေတသိက်နာမ်ခန္ဓာ ၁-ပါး။)

(၄) သင်္ခါရက္ခန္ဓာ-ကာယကံ,ဝစီကံ, မနောကံ,ကုသိုလ်မှု, အကုသိုလ်မှု အစုစုကို ဖြစ်ပေါ်အောင် စေ့ဆော်ပြုပြင်ခြင်းသဘော၊ အဘိဓမ္မာနည်းအားဖြင့် စေတနာ စေတသိက် ဦးစီးဦးခိုင် ရှိသော စေတသိက် ၅၀-အပေါင်းအဖွဲ့၊ ခန္ဓာဖွဲ့လျှင် (စေတသိက်ခန္ဓာ-၁)။ (၂-၃-၄)ဝေဒနာ,သညာ,သင်္ခါရ ၃-ပါး အပေါင်းကို စေတသိက်ခန္ဓာ ၃-ပါးဟုခေါ်သည်၊ ၅၂- ပါးသောစေတသိက်အစုပင်။

(၅) ဝိညာဏက္ခန္ဓာ-အာရုံ ၆- ပါးကို သိတတ်သော သဘော၊စက္ခုဝိညာဏ်, သောတ, ဃာန, ဇိဝှါ, ကာယ,မနောဝိညာဏ်ဟူ၍၆-ပါး၊အဘိဓမ္မာနည်းအားဖြင့် လောကုတ္တရာစိတ် ၈-ခု ကြဉ်သော လောကီစိတ်၈၁-(ကောသိတိ။)

## အဘိဓမ္မာနည်း

ရူပက္ခန္ဓာ-ဝေဒနာက္ခန္ဓာ-သညာက္ခန္ဓာ-သင်္ခါရက္ခန္ဓာ-ဝိညာဏက္ခန္ဓာ
၂၈ + ၁ - ၁ - ၅၀ + (၈၁ + ၈။)
............... ..................... ......................
ရုပ် ၂၈။ စေတသိက် ၅၂။ စိတ် ၈၉ (ကိ + ကုတ်။)

## ခန္ဓာနည်း

ရူပက္ခန္ဓာ ၁ + စေတသိက်ခန္ဓာ ၃ + စိတ်ခန္ဓာ ၁ = ၅-ပါး။
........... ............... .................

| ရူပက္ခန္ဓာ ၁ | နာမက္ခန္ဓာ ၄ |
|---|---|
| + | + |
| ရုပ် | နာမ် |
| အပူအအေးနှင့်တွေ့ထိတိုင်း ဖောက်ပြန်ပျက်စီးတတ်သည့်သဘော။ | အာရုံသို့ရှေးရှုစေလွှတ်-ညွှတ်တတ်သည့်သဘော။ |

ပထဝီ-အာပေါ-တေဇော-ဝါယော-အာကာသ × ဝိညာဏ်ဖြ-
လုံးတို့ကြောင့် ပ-အာ-တေ-ဝါ-အာ-ဝိ-ဓာတ် ဖြ-ပါး = ရုပ်နာမ်

| | | |
|---|---|---|
| တနည်း-ပ, အာ, ဝါ, တေဓာတ်ကြီး | ၄ | ခန္ဓာ၅-ပါး |
| ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာဓာတ်ငယ် | ၄ | |
| အဋ္ဌကလာပ်ရုပ်-စည်း | ၈ | |
| ဝေ, သညာ, သင်္ခါ, ဝိညာဏ် | | |
| စေတသိက်၃ + စိတ် ၁- | | |
| နာမက္ခန္ဓာ | ၄ | |

## လုပ်ငန်းစဉ်စပုံ

ဝိပဿနာရှုရာ၌ အဘိဓမ္မာနည်း စိတ်, စေတသိက်, ရုပ်သဘော၊သုတ္တန်နည်း-ခန္ဓာ၅-ပါး, အာယတန၁၂ပါး, ဓာတ်ဖြ-ပါး, ဓာတ်၁၈- ပါး၊ ဓမ္မစကြာ, ပဋိစ္စသမုပ္ပါဒ်

နည်း, အနတ္တလက္ခဏာလုပ်ထုံးနည်း, သတိပဋ္ဌာန်လုပ်ထုံးနည်းများဖြစ်ကြ၏၊ ခေတ်အားလျော်စွာ, ပုဂ္ဂိုလ်နှင့် ဓမ္မအားလျော်စွာ, အာရုံနှင့် စရိုက်အားလျော်စွာ အညီအညွတ် ကျင့်သုံးနိုင်မှ လိုရာခရီးသို့ ဆိုက်ရောက်နိုင်ပေမည်။

**ရုပ်,နာမ်,ခန္ဓာငါးပါးနည်း။** ။တ လောက လုံးတွင် သက်ရှိသက်မဲ့ ရှိရှိသမျှ သိတတ်သော သဘော စိတ်နာမ်နှင့် မသိတတ်သော သဘောရုပ်အစုသာရှိသည်၊ ပုဂ္ဂိုလ်, သတ္တဝါ,ငါဟူ၍ သဘောအားဖြင့် ထင်ရှားမရှိ၊ တနည်း-မြင်,ကြား, နံ, စား, ထိအပ်သောရုပ်သဘောနှင့် သိအပ်သော ရုပ်နာမ်သဘော၊ ၎င်းပြင် မြင်, ကြား,နံ,စား, ထိ, သိတတ်သော နာမ်သဘောဟူ၍ ထိုရုပ်နာမ်မှ တပါး အသက်ကောင်,လိပ်ပြာကောင်, အရှင်ကောင်, သတ္တဝါကောင်ဟူ၍ ခေါ်ဝေါ်သမုတ်ခြင်းသည် သမုတ်ရုံမျှ လွဲ၍ တကယ်မရှိ, ကေန်မရှိ, အမှန်မရှိချေ၊ ၎င်းသဘောကိုပင် သတ္တဝါဟု သမုတ်အပ်သော ခန္ဓာကိုယ်ပေါ်မှာ တင်၍ရှာသည်ရှိသော်—

## ရုပ်ခန္ဓာ

အအေးမှအပူသို့, အပူမှအအေးသို့ ဖောက်ပြန်ခြင်းသက်သက်ကို ဉာဏ်ထဲ၌ မထင်ထင်အောင်, မမြင်မြင်အောင် ရှေ့ရှုစိစစ်ကြည့်ပါလျှင် ကိုယ်ဟုခေါ်သော ရူပကာယတုံးကြီး၌ အထည်ဒြပ် အစိုင်အခဲ မတွေ့ရှိဘဲလျက် ဖောက်ပြန်ခြင်းသဘော သက်သက်ကိုသာ တွေ့ရှိရမည်ပင်၊ ၎င်းဖောက်ပြန်ခြင်းသဘောသည် ဘယ်လိုနေပါသ

လဲဆိုလျှင် မပြနိုင်၊ သဘောအားဖြင့်လည်း ရှေးရှုသော ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်ဝဉာဏ်ထဲတွင် ထင်ရှားရှိ၏၊ ထိုကဲ့သို့ အမှန်မြင်ခိုက် မြင်တိုင်း မြင်တိုင်း ငါထင်မှု ငါစွဲ အတ္တစွဲ ကွာ၏၊ အနတ္တဉာဏ် ပေါက်၏၊ (တဒင်္ဂ ဝိက္ခမ္ဘန သမုစ္ဆေဒ) ခဏခဏမှ ကြာကြာ-ကြာကြာ မြင်အောင် ရှုရ၏၊ သို့မှကြာကြာ,ကြာကြာမှ စွဲမြဲနိုင်လေသည်၊ဘယ်လို နေတယ်လို့ ဘာ့ကြောင့် မပြနိုင်ပါသနည်းဟူမူ သဘာဝ ပရမတ်တို့မည်သည် ''မိမိတည်းဟူသော မှတ်ကြောင်း လက္ခဏာမှ လက္ခိတဗ္ဗ တည်းဟူသော မှတ်အပ်သော သဘောတရားကို ရှေးရှုခိုက် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ သာထင်ခြင်း, ထင်အပ်မြင်အပ်သော နဝတ္တဗ္ဗဓမ္မဖြစ်၍ သူတပါးအား ပြောပြခြင်းငှါ မုချအားဖြင့် တဲ့တိုးအား ဖြင့် မတတ်စကောင်း၊ ရှေးရှုဆဲဖြစ်သော မိမိမိမိတို့၏ အသီးသီးသော ဉာဏ်ဝတွင် ဉာဏ်အားဖြင့် မြင်သော သဘောမျှသာတည်း။

## နာမ်ခန္ဓာ

ခံစားခြင်းသဘော, မှတ်သားခြင်းသဘော, စေ့ဆော် ကြံစည်ခြင်း သဘော, သိခြင်းသဘော ဤနာမ်တရား ၄-ပါးသည် တပြိုင်နက် မရှေးမနှောင်းအတူတကွ ဖြစ် ပေါ်လာကြသော တရားဖြစ်၍ သိမှုအစုကိုသာ ဦးစီး၍ ကြည့်ရှုရ၏၊ မျက်စိနှင့်အဆင်းကို မြင်လိုက်သောအခါ မြင်တယ်၊ မြင်တာသိတယ်၊ မြင်တာသည် ငါမဟုတ်၊ အဆင်း ရုပ် သဘော အဆင်းကို မြင်သိတာသည် ငါ မဟုတ်၊ မြင်သိ စိတ်သဘော၊ မြင်တာ ရုပ်, သိတာ နာမ်၊

ထိုရုပ်နာမ် ၂-ပါးတို့သည် ဝတ္ထုနှင့်ဒွါရတို့ကိုစွဲ၍ ဖြစ်ပေါ်လာကြသော သဘောမျှသာ၊ ထိုရုပ်နာမ်သည်, ထိုမြင်မှုသဘော, သိမှုသဘောသည် ငါမဟုတ်၊ ငါဆိုတာ မြင်သိမှုမဟုတ်၊ငါထဲတွင် မြင်သိမှုမရှိ၊ မြင်သိမှုထဲတွင်လည်းငါမရှိ။

(၁) မြင်သိမှုသည် မြင်မှုသဘော, သိမှုသဘောအမှန်ရှိ ပရမတ်တရား,

(၂) ငါသည် ပါးစပ်ကခေါ်ကာမျှ, စိတ်ထဲက ထင်ရုံမျှ ခေါ်ဝေါ်သမုတ်ရုံသမုတ်ထားသောပညတ်တရား,

(၃) မြင်မှု သိမှုသည် ပရမတ်တရား အမှန်သိတရား,

(၄) ငါထင်မှုသည် ပညတ်တရား မမှန်သိသက္ကာယဒိဋ္ဌိအစွဲတရား,

ဒိဋ္ဌိသည် ငါထင်မှု, သူထင်မှု, စိတ် နာမ်၌ စွဲလမ်းထားမှု ဥပါဒါန်တရားဖြစ်၍ ဒိဋ္ဌိကွာလိုက နာမ်မှာနာနာရှု၊ (နာမ်ရှု)ဆိုသော်မှ စက္ခုဝိညာဏ် အစရှိသော ပဉ္စဝိညာဏ်ခေါ် ဝိညာဏ်၅-လုံးမှာ ယုံကြည်မှု, အထောက်အထားရမှုမျှ ဆင်ခြင်၍ မနောဒွါရ, မနောဝိညာဏ်မှာ ကိလေသာငြိမ်းအောင် နာနာရှု၊ရှေ့စိတ်အစဉ်ကိုနောက်စိတ်က မလွတ်တမ်းရှု၊ သို့မှအမှန်မြင်၍ ပယ်နိုင်, ပွားနိုင်, ငြိမ်းနိုင်သည်၊ နောက်ဆုံး အာရုံနှင့် အာရမ္မဏိကတရား ၂-ပါးကို သတိ,ပညာယှဉ်၍ ကျိုးကြောင်းဖြတ်ရသောတရားများ ဖြစ်ကြလေသည်။

ထို့အတူ အာရုံကိုမှတ်မှု သညာသဘော၌လည်း မှတ်လိုက်လျှင် မှတ်မှုသည် ငါမဟုတ်၊ မှတ်သားခြင်းသဘောစုမျှသာ ဖြစ်သည်၊ မှတ်သားခြင်းသဘောသည် သိမှု

သဘောမဟုတ်၊ ခံစားသည့်သဘောမဟုတ်၊ ပြုပြင်စေ့ဆော်သော သဘောမဟုတ်၊ မှတ်သားမှုသည် ငါမဟုတ်၊ ငါသည် မှတ်သားမှုမဟုတ်၊ရှေ့ကသိမှုသဘော ခွဲသကဲ့သို့ ပညတ်ပရမတ် ကွဲပြားအောင် ခွဲရှုပါလေ။

ခံစားမှုသည် ကောင်းဆိုးအာရုံအမျိုးမျိုးတို့ကို ခံစားခြင်းသဘော သက်သက်မျှသာဟုတ်သည်၊ ငါခံစားသည်မဟုတ်၊ ခံစားတတ်သော ငါဟူ၍မရှိ၊ ခံစားသဘောသည် သိမှုမဟုတ်၊ မှတ်သားမှုမဟုတ်၊ စေ့ဆော်မှုမဟုတ် စသည်ဖြင့် ရှေ့သိမှုခွဲခန်းကဲ့သို့ စုံအောင် ခွဲရှုပါလေ။

သင်္ခါရတရား တည်းဟူသောစေတနာ၊ တခုခုကိုစီမံကြံစည်သောအခါ ကြံစည်စေ့ဆော်မှုသည် ငါမဟုတ်၊ သူမဟုတ်၊ စေ့ဆော်ခြင်းသဘောမျှသာဖြစ်သည်၊ စေ့ဆော်မှု၌ ငါမရှိ၊ ငါ၌စေ့ဆော်မှုမရှိ၊ ငါထင်မှုသည် အစွဲတရားသာဖြစ်သည် စသည်ဖြင့် ရှေ့နည်းအတိုင်း စုံအောင်ခွဲရှု။

ထိုကဲ့သို့ ခန္ဓာကိုယ်ပေါ်သို့ ယခုဖော်ပြပါရှိသော သဘောဉာဏ်တို့နှင့် ရှေ့ရှုစီစစ် ရှာဖွေသည်ရှိသော်၊ လူကောင်, နတ်ကောင်, ပုဂ္ဂိုလ်, သတ္တဝါကောင်, အသက်လိပ်ပြာကောင်, အစိုင်အခဲ, အတုံးအခဲ,အမှုန်အမွှားစသည်တို့မှ ကင်းလွတ်စင်ကြယ်သော ခန္ဓာငါးပါးကောင်, ဓာတ်ကောင်, ပရမတ်ကောင် ဖြစ်သော သဘောတရားစုတို့သည်သာလျှင် အကြောင်းအားလျော်စွာ "ဖြစ်,တည်, ပျက်" ပေါ်ပျက်နေကြရသော ဒုက္ခသစ္စာ ဆင်းရဲခြင်းသဘောစု အမှန်ပါတကား ဟုစိတ်ထဲဉာဏ်ထဲမှာ ရှင်းလင်းပြီး သဘောဉာဏ်အရာဖြစ်သော ပရမတ္ထသစ္စာနယ်,သဘာ

ဝသစ္စာနယ်တို့မှာ အရိယာသစ္စာနယ်သို့ ဉာဏ်အဆင့်ဆင့် ရင့်သန်ခြင်းအားဖြင့် ဆိုက်ရောက်စေတော့၏။

ရှုမှတ်ရန်မှာလည်း မြင်,ကြား,နံ,စား,ထိ, သိ အာရုံ ၆-ပါး ၆-တံခါးမှသည်ပင် ယခုဖော်ပြပါ ကျက်စားထား ပြီးဉာဏ်တို့နှင့် သတိမကွာစေဘဲ၊ ရှုမှတ်သိရှိပေါက်ရောက် မှု,အမြင်မှန်ရမှု,အတ္တ ငါစွဲခွါမှု ကွာမှုတို့သည်သာလျှင် အလုပ်ကိစ္စဖြစ်၍ ဗောဓိပက္ခိယ ၄-ပါးတွင် မည်သည့်ဗောဓိ ပက္ခိယနှင့်မဆို အားထုတ်နိုင်၏၊ ဆိတ်ငြိမ်ရာ ၃-ပါးအ နက် အလိုမရှိအပ် မကပ်ငြိအပ်သော အာရုံတို့၏ ဆိတ် ငြိမ်မှုသည် ပဓာနဖြစ်၏။

သင်္ခါရေ သင်္ခါရာ ဝိပဿန္တိ။

သောတာပန်ဖြစ်ရန်, အောက်မဂ်တပါး ရရန်ကိစ္စ သည် တဏှာခွါမှု မဟုတ်၊ ဒိဋ္ဌိခွါမှုသာဖြစ်သည်၊ တဏှာ လောဘအရာတွင် ဝိသမလောဘ အဓမ္မရာဂ ကိုသာ ခွါနိုင်သည်၊ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန် နိဗ္ဗာန်လမ်းစ အစပဌမအားဖြင့် မြင်ရမှုမျှရှိသေး၏၊ အကျိုးတရားကား ရတနာ၃ပါးကိုမတုန်မလှုပ်သက်ဝင်ယုံကြည်မှုရှိ၏၊မတရား ပြုလိုစိတ် မရှိခြင်းနှင့်တကွ အပါယ်လားစေတတ်သော ဒုစရိုက်လုံရာလုံကြောင်းဖြစ်သော ၅-ပါးသီလ သမုစ္ဆေဒ မြဲ၏၊ သမ္မာအယူဋ္ဌိတည်၏၊ ထို့ကြောင့် မဂ်လုပ်ငန်းသည် ၄-ဆင့်ရှိသည်အနက် အောက်တမဂ်မှ ထောက်ဆ၍ ဤ ၃-ပါးကို အထက်မဂ် ၃-ပါး ဟုခေါ်ဆိုကြ၏၊ တနည်း- အထက်ဆုံးဖြစ်တဲ့ အရဟတ္တမဂ်ကြီးမှ ထောက်ဆ၍လည်း အောက်မဂ် ၃-ပါး ဟူ၍လည်း ခေါ်ဆိုကြ၏။

တနည်း—ပဌမမဂ်နှင့် ဒုတိယမဂ် တတွဲ, တတိယမဂ် တဆင့်, စတုတ္ထမဂ် တဆင့်အားဖြင့် ပဌမနိဗ္ဗာန်, ဒုတိယနိဗ္ဗာန်, တတိယနိဗ္ဗာန်ဟူ၍လည်း ခေါ်ဆိုနိုင်ကြလေသည်၊ အောက်မဂ်သည် ဒဿနကိစ္စ ဒဿနဘုမ္မိ,အထက်မဂ်သည် ဘာဝေတဗ္ဗကိစ္စ ဘာဝေတဗ္ဗဘုမ္မိ ဟူ၍လုပ်ငန်းစဉ် အရနှင့်လည်း ၂-ဌာနခွဲထားပြန်လေသည်၊အောက်မဂ်သည် (အာဂါရိက-အနာဂါရိက) အိမ်ယာထောင်သူ, မထောင်သူ ၂-ဦးစလုံး အားထုတ်နိုင်ခွင့်နှင့်တကွ သမ္မာဒိဋ္ဌိအမြင်မှန် တချက် အနတ္တဉာဏ်ပိုင်မှု,အောက်မဂ်ဆိုင်ရာသစ္စာ ၄-ပါး ပွင့်မှုမျှရှိ၏။

နိဗ္ဗာန ခေတ်အားမှာ တကျပ်၏ လေးပုံတပုံ တမတ်အားမျှရှိ၏၊ သို့ဖြစ်၍ ပညာဦးစီး သီလသမာဓိအားမျှနှင့် ပေါက်ရောက်နိုင်၏၊ အထက်မဂ်အရာကား အာဂါရိက အရာနှင့်လည်းမထိုက်၊ ပညာဦးစီး သီလ သမာဓိမျှနှင့် လည်း မရနိုင်တော့၍ သီလကြီးငယ်, ဓုတင်တေရသ စသည်ဖြင့် ဆောင်၍ သတိမချခြင်းအားဖြင့် ဝိပဿနာ ရှုရလေသည်၊ အောက်မဂ်မျှ ဆောက်တည်ရာ မရသေးသော ယခုခေတ်ရှိ သူငါ တစ ယောဂါဝစရ အပေါင်းတို့လည်း အောက်ပါ ပါဠိတော်အရ သတိပြု၍ ကျင့်ကြံကြိုးကုတ် အားထုတ်ထိုက်ကြလေတော့၏။

> တယောမေ ဘိက္ခဝေ ဓမ္မေ အပ္ပဟာယ အဘဗ္ဗော ရာဂံ ပဟာတုံ ဒေါသံ ပဟာတုံ မောဟံ ပဟာတုံ၊ကတမေ တယော၊ သက္ကာယဒိဋ္ဌိံ အပ္ပဟာယ ဝိစိကိစ္ဆံ အပ္ပဟာယ သီလဗ္ဗတပရာမာသံ

အပ္ပဟာယ။ ဣမေ ခေါ ဘိက္ခဝေ တယော ဓမ္မေ အပ္ပဟာယ အဘဗ္ဗော ရာဂံ ပဟာတုံ ဒေါသံ ပဟာတုံ မောဟံ ပဟာတုံ။

[အင်္ဂုတ္တရပါဠိတော်။]

**အနက်။** ။ဘိက္ခဝေ၊တို့။ တယော၊ ၃-ပါးကုန်သော။ ဣမေ ဓမ္မေ၊ ဤဆိုလတ္တံ့သောတရားတို့ကို။ အပ္ပဟာယ၊ ပထမဦးစွာ မပယ်ခဲ့ပါမူ။ ရာဂံ၊ ရာဂတဏှာကို။ ပဟာတုံ၊ ပယ်ခြင်းငှါ။ ဒေါသံ၊ဒေါသကို။ ပဟာတုံ၊ ပယ်ခဲ့ခြင်းငှါ။ မောဟံ၊ မောဟကို ပဟာတုံ၊ပယ်ခဲ့ခြင်းငှါ။ အဘဗ္ဗော၊ မထိုက်တော့လေပြီ။ ကတမေ တယော၊ အဘယ်တရား ၃-ပါးတို့နည်းဟူမူကား။ သက္ကာယဒိဋ္ဌိံ၊ သက္ကာယဒိဋ္ဌိကို။ အပ္ပဟာယ၊ ပဌမဦးစွာ မပယ်ခဲ့ပါမူ၍။ ဝိစိကိစ္ဆံ၊ ဝိစိကိစ္ဆာကို။ အပ္ပဟာယ၊ ပဌမဦးစွာ မပယ်ခဲ့ပါမူ၍။ သီလဗ္ဗတပရာမာသံ၊ သီလဗ္ဗတပရာမာသကို။ အပ္ပဟာယ၊ ပဌမဦးစွာ မပယ်ခဲ့ပါမူ၍။ ဘိက္ခဝေ၊ တို့။ ဣမေ တယော၊ ဤဆို အပ်ခဲ့ပြီးသော တရားတို့ကို။ အပ္ပဟာယ၊ ပဌမဦးစွာ မပယ်ခဲ့ပါမူ၍။ ရာဂံ၊ ရာဂတဏှာကို။ ပဟာတုံ၊ ပယ်ခြင်းငှါ။ ဒေါသံ၊ ဒေါသကို။ ပဟာတုံ၊ ပယ်ခြင်းငှါ။ မောဟံ၊ မောဟကို။ ပဟာတုံ၊ ပယ်ခြင်းငှါ။ အဘဗ္ဗော၊ အစဉ်အတိုင်းသာ ရနိုင်တက်နိုင်သည့် မဂ်စဉ်နှင့် မကိုက်၍ မထိုက်လေတော့ပြီ။

[ဤကား-တရားကျင့်ဘို့ထက် သိဘို့အရေးကြီးပုံတည်း။]

နောက်တခု မဟာဝဂ္ဂသံယုတ် ပါဠိတော်တွင်လည်း- အဝိဇ္ဇာ ဂတဿ ဘိက္ခဝေ အဝိဒ္ဒသုနော မိစ္ဆာဒိဋ္ဌိ

ပဟောတိ။ ။ဘိက္ခဝေ၊ တပည့်တို့။ အဝိဇ္ဇာဂတဿ၊ အဝိဇ္ဇာနှင့်ပြည့်စုံသော။အဝိဒ္ဒသုနော၊အဝိဇ္ဇာကိုမဖေါက်ခွဲနိုင်ဘဲနှင့် တရားအားထုတ်ကျင့်ကြံသောသူအား။ မိစ္ဆာဒိဋ္ဌိ၊ မှားသောအကျင့် မှားသော အယူဝါဒသည်။ပဟောတိ၊ ပွားများစွမ်းဆောင်လေ၏။ (သို့ဖြစ်၍ ရှေးဦးစွာ အမှန်သိ တကယ်သိတလုံး အရရှာဘို့လိုသည်။)

## အနတ္တသိမှ ဒိဋ္ဌိကွာပုံ

ဘုရားကိုယ်တော်မြတ် ပွင့်တော်မူမှ အနတ္တတရားကို သိနိုင်ခွင့်ရှိသည်၊ ဘုရားကိုယ်တော်မြတ်တို့ မပွင့်ထွန်း မပေါ်ပေါက်ပါက ၎င်းအနတ္တတရားကို မသိရှိနိုင်၊ ကွယ်ပျောက်၍နေပြန်၏၊ သာသနာတွင်းပ ကမ္ဘာ့နိယာမ အစဉ်၌ကား အနိစ္စ ဒုက္ခတရား ၂-ပါးတို့သည်သာ ပေါ်လွင်ထင်ရှားစွာ သိရှိနိုင်ကြရလေသည်၊ ထို့ကြောင့် အရှင်ဂေါတမ မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ရောက်သောအခါ ပဌမ ရှေ့ဦးစွာ ကောဏ္ဍည,ဝပ္ပ,ဘဒ္ဒိယ,မဟာနာမ်,အဿဇိ တည်းဟူသော ပဉ္စဝဂ္ဂီ ရသေ့ငါးဦးတို့အား ဝါတွင်း၃-လပတ်လုံးဓမ္မစကြာနှင့်အနတ္တလက္ခဏာသုတ်ကို ဟောကြားတော်မူသည်၊ အနတ္တတရားက အတ္တ,အတ္တာနုဒိဋ္ဌိ,အတ္တဝါဒုပါဒါန်, သက္ကာယဒိဋ္ဌိတရားတို့ကို သတ်နိုင်သောတရားဖြစ်၍ ရှေးဦးစွာပဌမ သောတာပန် ဖြစ်စေလို၍“အနတ္တ”အရေးတကြီးပြု၍ ၄၅-ဝါ ကာလပတ်လုံး ဟောကြားတော်မူခဲ့လေသည်။

အနိစ္စနှင့် ဒုက္ခတရားက ဘုရားမပွင့်မီကပင် ထင်ရှားရှိနှင့်ကြသောတရားဖြစ်၍ နောက်မှ ပေါ်လာသိရှိရသော

တရားကို နောက်ထား၍ အနိစ္စ,ဒုက္ခ,အနတ္တဟု ဆိုကြလေသည်၊ အမှန်အတိုင်း ဘုရားပွင့်တော်မူသည်မှစ၍ ရေလျှင် အနတ္တ,အနိစ္စ,ဒုက္ခသာဖြစ်လိုက်၏၊ အဘယ့်ကြောင့်နည်းဟူမူကား အနတ္တက အတ္တသတ်, အနိစ္စက နိစ္စသတ်, ဒုက္ခက သုခသတ်,အသုဘက သုဘသတ်သာလျှင်ဖြစ်သည်၊ ဤခန္ဓာငါးပါးကောင်ကြီးကို "မြဲ၏,ချမ်းသာ၏" ထင်ချက်သည် တဏှာသတ်ဖြစ်၍ အနိစ္စနှင့် ဒုက္ခကမ္မဋ္ဌာန်းသည် တဏှာသတ်ရန်ဖြစ်သည်၊ အနတ္တပေါက်၍ အတ္တပျောက်ပြီး သောတာပန်ဖြစ်ပြီးမှ ရှုကြည့်ရသော ဝိပဿနာကမ္မဋ္ဌာန်းဖြစ်သည်။

အနတ္တသည် အတ္တကိုသတ်နိုင်ခြင်းကြောင့် သက္ကာယဒိဋ္ဌိသေသည်၊ အနိစ္စ, ဒုက္ခ, အနတ္တ–ဒေသနက္ကမအစဉ်၊ အနတ္တ, အနိစ္စ, ဒုက္ခ-ပဋိပတ္တိက္ကမ (လက်တွေ့လုပ်ထုံးနည်း၊) သီလ, သမာဓိ, ပညာ- ပညာ, သီလ, သမာဓိ ကဲ့သို့ပင်။

## ဥာတပရိညာ

ဣမေ ပဉ္စက္ခန္ဓာ နိစ္စာ၊ဣမေ ပဉ္စက္ခန္ဓာ သုခါ၊
ဣမေ ပဉ္စက္ခန္ဓာ အတ္တာ၊ဤတရား၃-ပါးကို ဣမေ
ပဉ္စက္ခန္ဓာ အနိစ္စာ၊ဣမေ ပဉ္စက္ခန္ဓာ ဒုက္ခာ၊ ဣမေ
ပဉ္စက္ခန္ဓာအနတ္တာ၊ဤတရား၃-ပါးကသတ်ရသည်။

**မြန်မာပြန်ကား**–ဤခန္ဓာငါးပါး ရုပ်နာမ် ၂-ပါးစုကြီးကို (၁)မြဲ၏၊(၂) ချမ်းသာ၏၊(၃)ငါဘဲ, သူဘဲ, လူနတ်ဗြဟ္မာသတ္တဝါဘဲ,ယောက်ျား မိန်းမဘဲဟု ဤ ၃-ချက်နှင့် ထင်မှား စွဲယူနေကြသော အန္ဓပုထုဇဉ်တို့ကို အန္ဓမှ

ကလျာဏ, ကလျာဏမှ သောတာပန်, သောတာပန်မှ သကဒါဂါမ်, သကဒါဂါမ်မှ အနာဂါမ်, အနာဂါမ်မှ ရဟန္တာဖြစ်စေခြင်းငှါ ဤခန္ဓာငါးပါး ရုပ်နာမ် ၂-ပါးသည် မမြဲကြောင်း,ဆင်းရဲကြောင်း, ပုဂ္ဂိုလ်သတ္တဝါမဟုတ်ကြောင်းကို ဟောတော်မူသည်၊ ဟောတော်မူရာ၌ ပဌမ မဂ်ရစေခြင်းငှါ အနတ္တကို ပေါက်ရောက်အောင် ရှေဦးစွာ ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ်ကို ဟောတော်မူသည်၊သို့ဖြစ်၍ ပါဠိတော်များ၌—

ရူပံ ပဉ္စက္ခန္ဓာ နသတ္တော နဇီဝေါ နနရော နမာနဝေါ နဣတ္ထိ နပုရိသော နအတ္တာ နာဟံ နအတ္တနိယံ နမမ နအညဿ နကဿစိ—

ဟု ဟောတော်မူ၏။

**အနက်။** ။ရူပံ ပဉ္စက္ခန္ဓာ၊ ထင်ရှားကေန် အရှိမှန်သည့် ပရမတ်ခန္ဓာကြီးငါးပါးတို့သည်။ နသတ္တော၊သတ္တဝါကောင်မဟုတ်။ နဇီဝေါ၊ အသက်မဟုတ်။ နနရော၊ လူမဟုတ်။နမာနဝေါ၊မာနထားစရာအကောင်သတ္တဝါမဟုတ်။ နဣတ္ထိ၊ မိန်းမမဟုတ်။ နပုရိသော၊ ယောက်ျားမဟုတ်။ နအတ္တာ၊ ပုဂ္ဂိုလ်မဟုတ်။ နာဟံ၊ ငါမဟုတ်။ (ဤ၈-ပုဒ်သည် ဒိဋ္ဌိသတ်ဖြစ်သည်။)

နအတ္တနိယံ၊ ငါဆိုတာမရှိသဖြင့် ငါ၏ဥစ္စာမဟုတ်။ နမမ၊ မိမိဆိုတာမရှိသဖြင့် မိမိဥစ္စာလည်း မဟုတ်။ နအညဿ၊ သူတပါးဆိုတာမရှိသဖြင့် သူတပါးဥစ္စာလည်း မဟုတ်။ နကဿစိ၊ ဘယ်သူဆိုတာမရှိသဖြင့် ဘယ်သူတစုံတယောက်၏ ဥစ္စာလည်းမဟုတ်။ (ဤ ၄-ပုဒ်သည် တဏှာသတ်ဖြစ်သည်။)

**အဓိပ္ပါယ်သဘောကား**—ခန္ဓာ ငါးပါး ရုပ်နာမ် တရား ၂-ပါးမသိက အန္ဓပုထုဇဉ်လူမိုက်, သိလျှင် ကလျာဏ ပုထုဇဉ် လူလိမ္မာဖြစ်သည့်အတိုင်း ခန္ဓာငါးပါးရုပ်နာမ် ၂- ပါးသာရှိသည်၊ ဟုတ်သည်မှန်သည်ဟု အမှန်ကို သိ သော သမ္မာဒိဋ္ဌိဉာဏ်အတိုင်းယူလိုက်လျှင်ပုဂ္ဂိုလ်,သတ္တဝါ, ငါ, သူတပါး, ယောက်ျား ,မိန်းမဟု စွဲထားသောအမှတ် များ, အယူများ, အမြင်များ မိစ္ဆာဒိဋ္ဌိ အယူများရှိသမျှ ဒိဋ္ဌိပြောင်သလင်းခါ, သပိတ်ခါ, အိတ်ခါ ကုန်ခန်း၍၊ ပျောက်၍၊ ၎င်းအယူပျောက်သည်ကို အနတ္တ ပေါက်၍ သောတာပန် စခန်းရောက်သည်ဟုခေါ်၏၊ သောတာပန် ဖြစ်ပြီးမှ ၎င်းခန္ဓာငါးပါးတို့ မမြဲကြောင်း, ဆင်းရဲ ကြောင်း, နှစ်သက်စရာမရှိကြောင်း, စက်ဆုပ်ရွံရှာဘွယ် ရာဖြစ်ကြောင်း အထက်မဂ် ၃-ပါးအတွက် အနိစ္စထင် အောင်, ဒုက္ခထင်အောင်, အသုဘထင်အောင် ရှုလေ ရတော့၏။

## သစ္စဉာဏ်

"ချစ်သားတို့····လူသေ၍ လူပြန်ဖြစ်သူနည်းလှ၏၊ငရဲ, တိရစ္ဆာန်,ပြိတ္တာဖြစ်သူများလှ၏၊ နတ်သေ၍ နတ်ပြန်ဖြစ် သူနည်းလှ၏၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာဖြစ်သူများလှ၏၊ နတ်သေ၍ လူဖြစ်သူနည်းလှ၏၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ ဖြစ်သူများလှ၏၊ အပါယ်လေးဘုံမှ သုဂတိဘုံသို့တက်နိုင် ဘွယ်ရာကားသာ၍ပင်ခဲယဉ်းလှတော့၏၊ အကြောင်းကား သစ္စာ ၄-ပါး မသိခြင်းကြောင့်တည်း"၊ ဤသို့စသည်ဖြင့် သစ္စာ ၄-ပါး သုတ္တန်ပေါင်း ၁၃၀-ဟောသည်ကို မဟာ ဝဂ္ဂသံယုတ် ပါဠိတော်၌. သစ္စသံယုတ်အမည်ဖြင့် အရှင်

မဟာကဿပ အမှူးရှိသော ရဟန္တာထေရ်ကြီး ငါးရာတို့သည် သင်္ဂါယနာတင်ကြကုန်၏။

ပဋိစ္စသမုပ္ပါဒ်ဥဒါန်း

"ဂမ္ဘီရော စာယံ အာနန္ဒ။ လ။ နာတိဝတ္တတိ"

အနက်။ ။အာနန္ဒ၊ ညီတော် အာနန္ဒာ။ အယံ ပဋိစ္စ-သမုပ္ပါဒေါ၊ ဤပဋိစ္စ သမုပ္ပါဒ်စက်သည်။ ဂမ္ဘီရော စ၊ နက်လည်းနက်နဲ၏။ ဂမ္ဘီရာဝဘာသော စ၊ နက်နဲသော အရိပ် အရောင်လည်းရှိ၏။ ဧတဿ ဓမ္မဿ၊ ဤပဋိစ္စ သမုပ္ပါဒ်တရားကို။ အညာဏာ၊ သုတမယဉာဏ်, စိန္တာမယဉာဏ်တို့ဖြင့် ဟုတ်မှန်စွာ မသိခြင်းကြောင့်။ အနနု ဗောဓာ၊ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် တို့ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့်။ ဧဝံ၊ ဤသို့။ တန္တာကုလက ဇာတာ၊ ချည်ထွေးချည်ခင်ကဲ့သို့ ကံ, ကိလေသာ, ဝိပါက် တရားတို့ဖြင့် ရှုပ်ထွေးသည်လည်းဖြစ်သော။ ဂုဏ်ဂုဏ္ဍိကဇာတာ၊ ငှက်မ၏အသိုက်ကဲ့သို့ ရှုပ်ထွေး သည်လည်းဖြစ်သော။ မုဉ္ဇပဗ္ဗဇဘူတာ၊ ဖြူဆံမြက်ချုံ, ပိန်းမြက်ချုံကဲ့သို့ ရှုပ်ထွေးသည်လည်း ဖြစ်သော။ အယံပဇာ၊ ဤသတ္တဝါ အပေါင်းသည်။ အပါယံ၊ စီးပွားချမ်းသာ ကင်းသော။ ဒုဂ္ဂတိံ၊ မကောင်းသောဖြစ်ခြင်းရှိသော။ ဝါ၊ ဆင်းရဲခြင်း ငြင်သော ဂတိရှိသော။ ဝိနိပါတံ၊ အင်ကြင်းပွင့်ဝေ လေပြင်းချွေသကဲ့သို့ အထွေထွေ ပျက်စီး၍ကျရာ ဖြစ်သော။ သံသာရံ၊ ငရဲ,တိရစ္ဆာန် စသည်တို့၌ ခန္ဓာ, အာယတန, ဓာတ်တို့၏ မပြတ်ဖြစ်သောအစဉ်ကို။ နာတိ ဝတ္တတိ၊ မလွန်မြောက်နိုင်။ တသ္မာ၊ ထိုသို့ ပဋိစ္စသမုပ္ပါဒ်ကို ဉာဏ်

ဖြင့် မဖောက်ခွဲဘဲ သံသရာမှမလွတ်နိုင်သောကြောင့်။ ပဋိစ္စ-သမုပ္ပါဒဥ္စ၊ ပဋိစ္စ သမုပ္ပါဒ်ကိုငင်း။ သေသ အဘိဓမ္မဥ္စ၊ ပဋိစ္စ သမုပ္ပါဒ်မှ ကြွင်းသော အဘိဓမ္မာ တရားကိုငင်း။ အာစရိယသမ္မုခတော၊ အဘိဓမ္မာတတ်သော ဆရာတို့၏မျက်မှောက်မှ (အနတ္တဉာဏ် အထိ ထုတ်ယူပေါက်ရောက်သိရှိခြင်းကို ဆိုလိုသည်။) အနုဂ္ဂဟေတွာ၊ မသင်မယူ မနာမူ၍။ သုတ္တန္တဥ္စ၊ သုတ္တန်တရား ကိုလည်း။ အာစရိယ သမ္မုခတော၊ သုတ္တန် တတ်သော ဆရာတို့၏မျက်မှောက်မှ။ အနုဂ္ဂဟေတွာ၊ မသင်မယူ မနာမူ၍။ အတ္တနော၊ မိမိ၏။ မတိယာဝေ၊ ထင်မြင်သမျှ အားနည်းလှသော ဉာဏ်နှင့်သာလျှင်။ ကေဝလံ၊ ရှိသည်နှင့်မရောမယှက်သက်သက်။ နတ္ထိမေဝ၊ မရှိသည်သာလျှင်ဖြစ်သော။ အတ္တသတ္တပုဂ္ဂလံ၊ မိမိကိုယ်, သတ္တဝါ, ပုဂ္ဂိုလ်ကို။ ဂဝေသန္တော ပိ၊ မရှိမနေရှာဖွေသောသူသည်လည်း။ အတ္တဒိဋ္ဌိံ စ၊ အတ္တဒိဋ္ဌိကိုငင်း။ သံသာရဥ္စ၊ သံသရာကိုငင်း။ နာတိဝတ္တေယျ၊ မလွန်မြောက်နိုင်လေရာ။ တသ္မာ၊ ထို့ကြောင့်။ အတ္တနောဝ၊ မိမိ၏ငင်း။ ပရေသံဝ၊ သူတပါးတို့၏ငင်း။ ဟိတာယ စ၊ ပွားစီးခြင်းငှါငင်း။ သုခါယ စ၊ ချမ်းသာခြင်းငှါငင်း။ ပဋိပန္နော၊ ကြိုးကြိုးစားစားကျင့်သော။ ပဏ္ဍိတော၊ ပဋိသန္ဓေပညာ, ပါရိဟာရိယပညာရှိသော။ သတော၊ ထင်မြင်သောသတိရှိသောပုဂ္ဂိုလ်သည်။ အဝသေသကိစ္စာနိ၊ ကြွင်းသော ဗာဟိရကိစ္စတို့ကို။ ပဟာယ၊ စွန့်လွှတ်ပယ်ရှား၍။ ဂန္ထိရေ၊ ကျယ်ဝန်းနက်နဲခက်ခဲလှသော။ ဗုဒ္ဓပစ္စယာကာရပ္ပဘေဒေ၊ ဤပစ္စယာကာရ ပဋိစ္စသမုပ္ပါဒ်အပြား၌။ ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ ဂါဓံ၊ ဉာဏ်ဖြင့် ထောက်တည်ခြင်း

ကို။ လဘောထေ၀-လဘောထ၀ေ၊ ရနိုင်သည်သာလျှင်တည်း။ တထာ၊ ထိုရသောအခြင်းအရာအားဖြင့်။ သဒါ၊ အခါခပ်သိမ်း။ အနုယုဥ္စေ-အနုယုဥ္စေယျ၊ မနေမနား ကြိုးစားအားထုတ်ရာ၏။ ဣတိ၊ ဤသည်လျှင် တိုက်တွန်းဆုံးမ သြဝါဒ စကားရပ် အပြီးသတ်တည်း။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသော စကားသည်ကား။ သင်္ခေပတော၊ အကျဉ်းနည်းအားဖြင့်။ အတ္တသတ္တပုဂ္ဂလာဘာဝ ဝိဘာဝနေကထာ၊ အတ္တ, သတ္တဝါ, ပုဂ္ဂိုလ်တို့၏ မရှိခြင်းကို သုတ်သင် ရှင်းလင်းသော စကားတည်း။

### နည်း ၄-ပါး

(၁) အဝိဇ္ဇာအစရှိသော အကြောင်း, သင်္ခါရအစရှိသောအကျိုးတို့၏ အစဉ်မပြတ် တစပ်တည်း ဖြစ်နေသောနည်းသည် (ဧကတ္တနည်း)မည်၏။

(၂) အဝိဇ္ဇာ မောဟသည် သစ္စာ ၄-ပါး ပဋိစ္စသမုပ္ပါဒ်တရား စသည်တို့ကို မသိမမြင်အောင် ဖုံးလွှမ်းကွယ်ဝှက် မြေးယှက်ပိတ်ဆို့ခြင်း သဘော လက္ခဏာရှိ၏၊ သင်္ခါရမည်သော လောကီကုသိုလ် အကုသိုလ်စေတနာသည် လောကီဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့ကို ပြုပြင်စီရင်ခြင်း သဘော လက္ခဏာရှိ၏၊ တဏှာ လောဘသည် ထိုထိုဘဝသစ်စသည်ကို တပ်မက်ခြင်းလက္ခဏာရှိ၏၊ ဥပါဒါန်-လောဘ+ဒိဋ္ဌိသည် ထိုထိုဘဝ စသည်တို့ကို ပြင်းစွာ စွဲလမ်း ဖမ်းယူခြင်းသဘောလက္ခဏာရှိ၏။

[ဤကား-ပဋိစ္စသမုပ္ပါဒ်အကြောင်းတရားတို့၏သဘောလက္ခဏာတည်း။]

လောကီဝိပါက်ဝိညာဏ်သည်အာရုံကိုသိခြင်း ကြံခြင်း သဘောလက္ခဏာရှိ၏၊ စေတသိက် နာမ်သည် မိမိတို့၏ အာရုံ၌ ညွတ်ခြင်း (သာမည) သဘော လက္ခဏာ ရှိ၏။ (ဝိသေသ လက္ခဏာကား များ၏။) မဟာဘုတ်ရုပ် ဥပါဒါရုပ်သည် သီတ, ဥဏှစသော ဆန့်ကျင်ဘက် ဖြစ်သော အကြောင်းတို့ကြောင့် ဖောက်ပြန်ခြင်း သာမညလက္ခဏာ ရှိ၏၊ ဝိသေသလက္ခဏာကား-အထူးထူးအထွေထွေ ရှိ၏၊ စက္ခုပသာဒအစရှိသောရုပ် အဇ္ဈတ္တိကာယတန ငါးပါးသည် မိမိနှင့် ကလာပ်တူဖြစ်သော ဘုတ် ၄-ပါးတို့ကို ကြည်လင်စေခြင်းသဘောလက္ခဏာရှိ၏၊ မနာယတနသည် ဝိညာဏ်နှင့် သဘောလက္ခဏာတူ၏၊ ဖဿသည် အာရုံကို တွေ့ထိခြင်းသဘောလက္ခဏာရှိ၏၊ ဝေဒနာသည် အာရုံကို ခံစားခြင်းသဘောလက္ခဏာရှိ၏။

[ဤကား- ပဋိစ္စသမုပ္ပါဒ် အကျိုး ငါးပါး တရားတို့၏ သဘောလက္ခဏာတည်း။]

ဤသို့စသည်ဖြင့် အကျိုးတရား အကြောင်းတရားတို့၏ သဘောလက္ခဏာကို ပိုင်းခြား မှတ်သားခြင်းသည် (နာနတ္တနည်း)မည်၏။

(၃) ငါသည် သင်္ခါရကိုဖြစ်စေအံ့ဟု အဝိဇ္ဇာဗျာပါရ မရှိခြင်း, ငါသည် ဝိညာဏ်ကိုဖြစ်စေအံ့ဟု သင်္ခါရတို့၏ ဗျာပါရမရှိခြင်း၊ ဤသို့စသည်ဖြင့် ဖြစ်ပေါ်စေရန် တိုက်တွန်းခြင်းဗျာပါရမရှိမှုသည် (အဗျာပါရနည်း)မည်၏။

(၄) လောက၌ ပုဂ္ဂိုလ်သတ္တဝါတို့ကဲ့သို့ အကြောင်းတရားတို့၏ အကျိုးတရား ဖြစ်မြဲ သဘော တရားအတိုင်း အဝိဇ္ဇာ အစရှိသော လျော်သော အကြောင်းတို့ကြောင့်

သင်္ခါရအစရှိသော လျော်သော အကျိုးတို့၏ ဖြစ်ပေါ်ရခြင်းသည် (ဧဝံဓမ္မတာနည်း)မည်၏။

ဤနည်းဖြင့်လည်း ဉာဏ်ကြီးသောပုဂ္ဂိုလ်များ ဉာဏ်မှိမှိနှင့် ပေါက်ရောက်အောင် ဉာဏ်ဝင်စား နိုင်ပါလျှင် နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် ပေါက်၍ ဉာတပရိညာစခန်း ပြီးဆုံးနိုင်ပါ၏။

ဆောင်ပုဒ်

(၁) အဇ္ဈ,သဒ္ဓ၊ ပုဂ္ဂလ၊ လောကဝေါဟာရာ။
(၂) ပရမတ်နတ္ထိ၊ မှန်မရှိ၊ သမုတိမျှသာ။
(၃) ခန္ဓာပဉ္စက၊ ခွဲ၍ရ၊ အတ္တပုဂ္ဂလာ။
(၄) ပဋိစ္စဆို၊ နည်းအလို၊ ပုဂ္ဂိုလ်မရှိရာ။
(၅) ဟေတုပဉ္စက၊ အကြောင်းပြ၊ ဖလပဉ္စကာ။
(၆) ကြောင်းကျိုး ၂-ပါး၊ မှတပါး၊ ထင်ရှားမရှိပါ။
(၇) ကျိုးငါးပါးကို၊ ခွဲ၍ဆို၊ ပုဂ္ဂိုလ်သတ္တဝါ။
(၈) အသင်္ခတ,သင်္ခတ၊ ဤနှစ်ဝ၊ အနတ္တချည်းသာ။
(၉) အတ္တမရှိ၊ မှန်ပါဘိ၊ ပါဠိကျမ်းအလာ။
(၁၀) မရှိလျက်ပါ၊ အတ္တရှာ၊ သံသာရှည်မြင့်ကြာ။

ဂမ္ဘီရံသဘာဝငယ်နှင့် ဝိတ္ထာရနည်းထွေထွေ။ အဘိဓမ္မာ ကျမ်းရွှေစာ မကျင်ကျွမ်းသူတို့ပန်းဘို့မသွေ။ ။ဉာဏ်မဝလျှင်ဖြင့်၊ပဋိစ္စသမုပ္ပါဒ်မှာ၊ရှုပ်ထွေလို့မဆုံး။ ဆရာ့ထံ၊ သင်နည်းမခံသူတို့၊အမှန်ကိုသိနိုင်ခဲပါငဲ့၊ခွဲကြံကြအုံး။

ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါး

(၁) အဝိဇ္ဇာသည်– ကြီးစွာသော အမိုက်တိုက်ကြီးနှင့် တူ၏။

(၂) သင်္ခါရသည်– ပူလောင်တတ်သော မီးပုံကြီးနှင့် တူ၏။

(၃) ဝိညာဏ်သည်— မီးပုံကြီးကို ဖြစ်စေတတ်သော လောင်စာထင်းနှင့်တူ၏။

(၄) နာမ်ရုပ်သည်— မီးပုံသို့ဆင်းသော ပိုးဖလံနှင့်တူ၏။

(၅) အာယတနသည်— မီးတောက်မီးလျှံနှင့်တူ၏။

(၆) ဝေဒနာသည်— ကျင်, နာ, စပ်, ပူသောသဘောနှင့်တူ၏။

(၇) တဏှာသည်— မသင့်သောအစာကို စားခြင်းနှင့်တူ၏။

(၈) ဥပါဒါန်သည်— မသင့်တင့်သောအစာကို စားမိပြီးသည်နှင့်တူ၏။

(၉) ဘဝသည်— အစားမှား၍ ငန်းသန္ဓိပါတ်ရောက်သည်နှင့်တူ၏။

(၁၀) ဇာတိသည်— အနာသစ်ဖြစ်ပေါ်လာသည်နှင့်တူ၏။

(၁၁) ဇရာသည်— အနာအင်အားကြီးလာသည်နှင့်တူ၏။

(၁၂) မရဏသည်— အနာအားကြီး၍ ပျက်စီးရသည်နှင့်တူ၏။

ထို့ကြောင့် ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ-ဟူ၍ ဟောတော်မူ၏။

ဝံ၊ ဤသို့ဆိုအပ်ခဲ့ပြီးသောသဘောတရားသည်။ ကေဝလဿ၊ ချမ်းသာဟူသည်နှင့် မရောမယှက် သက်သက်သော။ တေဿ ဒုက္ခက္ခန္ဓဿ၊ ထိုဆင်းရဲအစု၏။ သမုဒယော၊ ပွါးစီးကြောင်းသည်။ ဟောတိ၊ ထင်ရှား၏။

**ဆောင်။** ဝေဒနာအားလုံး၊ ဒုက္ခတလုံး၊ မြင်အောင်ရှု။

### တနည်း– ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂–ပါး

| ဆက်တွဲ ဥပမာ တူပုံ | | | ကွဲလွဲ ဥပမာ တူပုံ | |
|---|---|---|---|---|
| (၁) | အဝိဇ္ဇာ | သူကန်းနှင့်တူ | (တနည်း)တိမ်သလာလွှမ်းမှုနှင့်တူ | |
| (၂) | သင်္ခါရ | ချောင် ။ | ပိုး | ။ |
| (၃) | ဝိညာဏ် | လဲကျ ။ | ထိမ်းအုပ် | ။ |
| (၄) | နာမ်ရုပ် | ဖူးကြွ ။ | မျက်လှည့်ရုပ် | ။ |
| (၅) | အာယတန | ပြည် ။ | ချုံထူ | ။ |
| (၆) | ဝေဒနာ | ထည့် ။ | မီးပွတ် | ။ |
| (၇) | တဏှာ | နာ၏ ။ | မှူ | ။ |
| (၈) | ဥပါဒါန် | ကု ။ | ငန် | ။ |
| (၉) | ဘဝ | လွဲ ။ | ဖန်ဖန် | ။ |
| (၁၀) | ဇာတိ | လိမ်း ။ | ချိတ်ကောက် | ။ |
| (၁၁) | ဇရာ | တိုး ။ | မျိုးပေါက် | ။ |
| (၁၂) | မရဏ | ကွဲ ။ | ပင်လဲ | ။ |

ဤပဋိစ္စသမုပ္ပါဒ်နည်းတို့ကို ဉာဏ် ၄၄-ပါး, ၇၇-ပါး အားဖြင့်ရှုနည်း, သစ္စာအနက် ၁၆-ချက်, မဂ်ကိစ္စ ၁၆-ချက်, သစ္စာခေါ်ပုံ, လက္ခဏာမှတ်ပုံ, ဉာဏ်ခေါ်ပုံတို့ကို ဗဟုသုတ တိုးပွါး၍ ကျေးဇူးများစေခြင်းငှါ ထည့်သွင်း ဖော်ပြပါမည်။

### သစ္စာ ၄–ပါးထုတ်ပုံနှင့် ဉာဏ် ၄၄–ပါးဖြစ်ပုံ

ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါးရှိရာတွင် နောက်ဆုံး ဇရာ မရဏကို အကျိုးလက်သယ်ထား၍ (ပဋိလောမ)အပြန် နည်းအားဖြင့် အဝိဇ္ဇာအထိ ပြန်ခေါက်လျှင် ၁၁-ပါး (၁၁-စုံ)ဖြစ်အံ့၊ ထိုအခါ အင်္ဂါတပါးလျှင် သစ္စာ ၄-ချက်

ထုတ်ခြင်းဖြင့် ၄၄-ပါးဖြစ်သတည်း၊ သစ္စာထုတ်ပုံ အင်္ဂါ တပါးကို မူအားဖြင့်ပြပါမည်။

"ဇရာမရဏ"

(၁) ရုပ်နာမ်တို့၏ရင့်ခြင်း, ပျက်ခြင်းသည် ဇရာမရဏ မည်၏၊ (ဒုက္ခသစ္စာ။)

(၂) ဇာတိ ဖြစ်ခြင်းကြောင့် ဇရာမရဏ ဖြစ်သည်၊ (သမုဒယသစ္စာ။)

(၃) ဇာတိ ချုပ်ခြင်းကြောင့် ဇရာမရဏ ချုပ်သည်၊ (နိရောဓသစ္စာ။)

(၄) မဂ္ဂင် ၈-ပါးသည် ဇရာမရဏ၏ ချုပ်ကြောင်းမည် ၏၊ (မဂ္ဂသစ္စာ။)

ဤသို့သိခြင်း ၄-ပါးသည် ဓမ္မဉာဏ်မည်၏။

အတိတ်ကာလ၌သိသူတို့သည်လည်း ဤသို့သာသိကုန်ပြီ၊ အနာဂတ်ကာလ၌ သိသူတို့သည်လည်း ဤသို့သာ သိကုန် လတ့်၊ဤသို့ အတိတ် အနာဂတ် ဆောင်၍ သိခြင်းသည် အန္ွယဉာဏ်မည်၏၊ (ဓမ္မဉာဏ်အားလျော်စွာဆောင်၍ ဆင် ခြင်သော ပစ္စဝေက္ခဏာဉာဏ်ဟူလို) ဤဓမ္မဉာဏ် အန္ွယ ဉာဏ် ၂-ပါးစင်ကြယ်လျှင် ဒိဋ္ဌိသမ္ပန္နမည်၏၊ ဒဿနသမ္ပန္န မည်၏၊ (သမ္မာဒိဋ္ဌိဉာဏ် ပြည့်စုံသူ- သောတာပန်ဟူလို သည်၊) ဤသာသနာသို့ဝင်ရောက်သူ, ဤသာသနာကို သိ မြင်သူမည်၏၊ သေက္ခဉာဏ်- သေက္ခဝိဇ္ဇာနှင့်ပြည့်စုံသူမည် ၏၊ ဓမ္မသောတသို့ရောက်သူမည်၏၊ မြတ်သော နိဗ္ဗေဓိက

ပညာရှိသူမည်၏၊ ထိုးထွင်းဉာဏ်ရှိသူမည်၏၊ နိဗ္ဗာန်တံခါးကိုထိ၍ တည်သူမည်၏။

[ဋင်းဇရာမရဏသစ္စာလေးချက်ထုတ်ပုံကိုမှီး၍ကြွင်းအင်္ဂါများကိုလည်း ထိုနည်းတူဆင်ခြင်ပါ။]

ဉာဏ် ၇၇-ပါးဖြစ်ပုံ

(၁) ဇာတိကြောင့် ဇရာမရဏဖြစ်သည်၊ ဇာတိမရှိလျှင် ဇရာမရဏ မရှိ။

(၂) အတိတ်ကာလ၌လည်း....ဋင်း။

(၃) အနာဂတ်ကာလ၌လည်း....ဋင်း။

ကာလ၃-ပါးဖြစ်ခြင်း မဖြစ်ခြင်းအားဖြင့် ၂×၃=၆ပါး

(၄) အကြောင်းကိုသိသော ဤဓမ္မဋ္ဌိတိဉာဏ် ၆-ပါး } သည် ကုန်-ပျက် ကင်း ချုပ်ခြင်းသဘောရှိ၏။ } ၁

ဤကဲ့သို့ အင်္ဂါတပါးလျှင် ၇-ပါးကျထုတ်၍ အင်္ဂါ ၁၁-ပါးတိုင် ဉာဏ် ၇၇-ပါးဖြစ်ခြင်းအားဖြင့် ဆင်ခြင်အပ်၏။

ဒုက္ခသစ္စာ- သမုဒယ သစ္စာ ၂-ပါး၌ နာကြားခြင်း သဝနမယဉာဏ်,သုံးသပ်ခြင်းသမ္မသနဉာဏ်,ထိုးထွင်းခြင်း ပဋိဝေဓဉာဏ်, ဆင်ခြင်ခြင်း ပစ္စဝေက္ခဏာဉာဏ်ဟု ဉာဏ် ၄-မျိုးဖြစ်၏၊ (အလုပ်အလုပ်ဟုပြောနေသော လက်တွေ့လုပ်ငန်းစဉ်သဘော။)

နိရောဓသစ္စာ-မဂ္ဂသစ္စာ ၂-ပါး၌ကား- လောကုတ္တရာဖြစ်သောကြောင့် သုံးသပ်ခြင်း သမ္မသနဉာဏ်မဖြစ်၊ ကြွင်းဉာဏ် ၃- မျိုး ဖြစ်၏၊ (မှတ်သားဘွယ် ကောင်းလှ၏။) ဓမ္မဋ္ဌိတိဉာဏ် ဟူသည်ကား- ပဋိစ္စသမုပ္ပါဒ် အကြောင်း

ကရေး၌သိသော ဉာဏ်ဖြစ်၏၊ ပစ္စယာကာရဉာဏ် ဟူ၍လည်းခေါ်၏၊ ထိုဉာဏ်ကိုလည်း ကုန်ခြင်း, ပျက်ခြင်းစသည် ရှိ၏ဟု ရှုရ၏၊ (ဓမ္မ– အကျိုးတရားတို့၏+ ဋ္ဌိတိ- တည်ရာအကြောင်းတရားသည် ဓမ္မဋ္ဌိတိဉာဏ်မည်၏၊ ပဋိစ္စ-စွဲ၍+ သမုပ္ပါဒ-ဖြစ်ရာအကြောင်း၊ အကျိုးတရားတို့၏ စွဲ၍ဖြစ်ရာ အကြောင်းတရားသည် ပဋိစ္စသမုပ္ပါဒ်မည်၏၊ ပစ္စယ-ကျေးဇူးပြုသော+ အာကာရ- အခြင်းအရာ ဟူသော အကြောင်းသည် ပစ္စယာကာရ မည်၏၊)အကြောင်းတရား အပေါင်းသည် ဤသို့ အမည် ၃-ခုရ၏။

(အကျိုးတရား အပေါင်းကား- ပဋိစ္စသမုပ္ပန္နမည်၏၊ ပဋိစ္စ-စွဲ၍+သမုပ္ပန္န-ဖြစ်သော အကျိုး၊ အကြောင်းတရားတို့ကို စွဲ၍ ဖြစ်သော အကျိုးတရားအပေါင်းသည် ပဋိစ္စသမုပ္ပန္နမည်၏၊) အကြောင်းဖြစ်ခိုက်, အကျိုးဖြစ်ခိုက်ကိုစွဲ၍ အမည်ခွဲသည်။

### သစ္စာအနက် ၁၆–ချက်

ဒုက္ခသည်(၁) ပီဠနဋ္ဌ-နှိပ်စက်ခြင်းအနက်,
(၂) သင်္ခတဋ္ဌ-ပြုပြင်အပ်သော အနက်,
(၃) သန္တာပဋ္ဌ-ပူပန်ခြင်း အနက်,
(၄) ဝိပရိဏာမဋ္ဌ- ဖောက်ပြန်ခြင်း အနက်,

သမုဒယသည်(၁) အာယူဟနဋ္ဌ-ဒုက္ခဖြစ်အောင်အားထုတ်ခြင်းအနက်,
(၂) နိဒါနဋ္ဌ-ဒုက္ခ၏ အကြောင်းရင်းအနက်,
(၃) သံယောဂဋ္ဌ-ဒုက္ခယှဉ်တွဲခြင်းအနက်,
(၄) ပလိဗောဓဋ္ဌ-နှောက်ယှက်ခြင်း အနက်,

နိရောဓသည်(၁) နိဿရဏဋ္ဌ-ထွက်မြောက်ရာ အနက်,
(၂) ဝိဝေကဋ္ဌ-ဆိတ်ငြိမ်ခြင်း အနက်,
(၃) အသင်္ခတဋ္ဌ– မပြုပြင်အပ်သော အနက်,
(၄) အမတဋ္ဌ-မသေခြင်းအနက်,

မဂ္ဂသည် (၁) နိယျာနဋ္ဌ-ထုတ်ဆောင်ကြောင်းအနက်,
(၂) ဟေတုဋ္ဌ-ရောက်ကြောင်းအနက်,
(၃) ဒဿနဋ္ဌ-နိဗ္ဗာန်ကို မြင်ခြင်းအနက်,
(၄) အဓိပတေယျဋ္ဌ-ကြီးကဲခြင်း အနက်,

သစ္စာမည်ခြင်းကား–မနှိပ်စက်သောဒုက္ခမရှိ၊ဒုက္ခမှတပါး နှိပ်စက်သည်မရှိ၊ဒုက္ခကိုမဖြစ်စေသော တဏှာသမုဒယမရှိ၊ တဏှာသမုဒယမှတပါး ဒုက္ခဖြစ်စေသည်မရှိ၊ မငြိမ်းချမ်း သော နိဗ္ဗာန်မရှိ၊ နိဗ္ဗာန်မှတပါး ငြိမ်းချမ်းသည်မရှိ၊ မထုတ်ဆောင်သော မဂ္ဂင်မရှိ၊ မဂ္ဂင်မှတပါး ထုတ်ဆောင် သည်မရှိ၊ဤသို့မြဲခြင်းကြောင့်,မှန်ကန်ခြင်းကြောင့်,မဖေါက် ပြန်ခြင်းကြောင့်, ထင်ရှားဖြစ်ခြင်းကြောင့် သစ္စာမည်၏။

လက္ခဏာ(၁) ဒုက္ခသစ္စာသည်- နာခြင်း ဗာဓနလက္ခ ဏာရှိ၏။
(၂) သမုဒယသစ္စာသည်-အမွန်အစဖြစ်ခြင်း ပဘဝလက္ခဏာရှိ၏။
(၃) နိရောဓသစ္စာသည်-ငြိမ်းချမ်းခြင်း သန္တိ လက္ခဏာရှိ၏။
(၄) မဂ္ဂသစ္စာသည်-ထုတ်ဆောင်ခြင်းနိယျာန လက္ခဏာရှိ၏။

တနည်း။ ။ဖြစ်ခြင်း,ဖြစ်ကြောင်း၊နစ်ခြင်း,နစ်ကြောင်း အစဉ်အတိုင်း ရှိ၏။

ဥပမာ (၁) ဒုက္ခသည်-တော်မွတ်ခြင်းနှင့်တူ၏။
(၂) သမုဒယသည်- မိုယ်းခေါင်ခြင်းနှင့်တူ၏။
(၃) နိရောဓသည်-ဝပြောခြင်းနှင့်တူ၏။
(၄) မဂ္ဂသည်-မိုယ်းကောင်းခြင်းနှင့်တူ၏။

တနည်း။ ။ဝန်ထုပ်, ဝန်ထုပ်ထမ်းခြင်း,ဝန်ထုပ်ချခြင်း, ပစ်ချကြောင်း လုံးလနှင့်တူ၏။

တနည်း။ ။အဆိပ်ပင်, အဆိပ်ပင်အမြစ်, အမြစ်ပြတ်ခြင်း,ဖြတ်ကြောင်းလုံ့လနှင့်တူ၏။

တနည်း။ ။အနာ,အနာဖြစ်ကြောင်း,အနာကင်းခြင်း, ဆေးကောင်းနှင့်တူ၏။

တနည်း။ ။ရန်သူ, ဒေါသ, မေတ္တာ,စောင်မခြင်းနှင့် တူ၏။

## သစ္စာ ၄-ပါး ရှုပုံ

(၁) ဆင်းရဲခြင်း ဒုက္ခသာရှိသည်၊ ဆင်းရဲသူ ပုဂ္ဂိုလ် သတ္တဝါ မရှိ။

(၂) စုံမက်ခြင်းတဏှာ သမုဒယသာရှိသည်၊ စုံမက်သူ ပုဂ္ဂိုလ်သတ္တဝါမရှိ။

(၃) ငြိမ်းချမ်းခြင်းနိရောဓသစ္စာသာရှိသည်၊ငြိမ်းချမ်းသူ ပုဂ္ဂိုလ်သတ္တဝါမရှိ။

(၄) ကျင့်စင်လမ်းမ မဂ္ဂသာရှိသည်၊ ကျင့်သူ ပုဂ္ဂိုလ် သတ္တဝါမရှိ။

## သစ္စာ၄ကျိုး

(၁) ဒုက္ခသစ္စာသိလျှင်- သက္ကာယဒိဋ္ဌိကွာ၏၊ (ငါ့ကိုယ် အတ္တကိုမမြင်။)

(၂) သမုဒယသစ္စာ သိလျှင်-ဥစ္ဆေဒဒိဋ္ဌိ ကွာ၏၊ (ပြတ် မှား-ဖြတ်မှားခြင်း ကင်းလွတ်၏။)

(၃) နိရောဓသစ္စာ သိလျှင်-သဿတဒိဋ္ဌိ ကွာ၏၊ (ဆက် မှားနှင့် မြဲ၏အယူ-စင်ကြယ်၏။)

(၄) မဂ္ဂသစ္စာသိလျှင်- အကြိယဒိဋ္ဌိ တည်းဟူသော ကုသိုလ်ကံ အကုသိုလ်ကံမရှိ-ပြုဘွယ်မလိုဟု အ ကြောင်းကံကို ပယ်သော မိစ္ဆာအယူကို စွန့်နိုင် တော့၏၊ ကွာ၏။

## တနည်း

(၁) ဒုက္ခသစ္စာသိလျှင်-ခန္ဓာငါးပါး၌ ဓုဝသညာ, သုဘ သညာ,သုခသညာ, အတ္တသညာကွာ၏၊ အကျိုး ဒုက္ခ၌ အကျင့်မှားပျောက်၏။

(၂) သမုဒယသစ္စာသိလျှင်-ပြဟ္မာ, မိဿကိုး ဖန်ဆင်း ၏ စသော အကြောင်းမဟုတ်သည်၌ အကြောင်းဟု ထင်မှတ်ခြင်းသညာကွာ၏။

(၃) နိရောဓသစ္စာသိလျှင်-အရူပဘုံ ဘဝဂ်ဘုံကို နိဗ္ဗာန် ဟု ထင်မှတ်ခြင်းသညာကွာ၏၊ နိရောဓ၌ အကျင့် မှားပျောက်၏။

(၄) မဂ္ဂသစ္စာသိလျှင်- ကာမဂုဏ် ခံစားခြင်းဖြင့်၎င်း, ကိုယ်ပင်ပန်းခံခြင်းဖြင့်၎င်း နိဗ္ဗာန်ရသည်ဟု မှတ် ထင်ခြင်း သညာကွာ၏၊ ဝါ၊နိရောဓသို့ ရောက် ကြောင်း၌ အကျင့်မှားပျောက်၏။

## မဂ်ကိစ္စ ၁၆-ချက်

သောတာပတ္တိ မဂ်စိတ်ဖြစ်သောအခါ ဒုက္ခသစ္စာကို သိခြင်း, သမုဒယသစ္စာကိုပယ်ခြင်း,နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကို ပွားများခြင်းအားဖြင့် ၄င်းကိစ္စဖြစ်၏၊ သကဒါဂါမိ မဂ်စိတ်, အနာဂါမိ မဂ်စိတ်, အရဟတ္တမဂ်စိတ်ဖြစ်သောအခါလည်း ထို့အတူ ၄-ကိစ္စစီဖြစ်၍ မဂ်ကိစ္စ ၁၆ -ချက်ဖြစ်၏။

## အဝိဇ္ဇာမသိမှု ၄—ဌာန

(၁) လေးပါးသစ္စာ၊ဟုတ်မှန်စွာမသိ၍၊ သံသရာရှည်ခဲ့ပြီ။
(၂) သိသော်စင်စစ်၊ဝဋ်မြစ်မကျန်၊ ဘဝတဖန်မရှိပြီ။
(၃) သစ္စာမရှိ၊ ကျပ်ပြည့်ဆင်းရဲ၊ဇာတိဇရာ-ထက်ကြပ်စွဲ၏။
(၄) သစ္စာရှိလျှင်၊ ဆင်းရဲကင်းပျောက်၊ ဇာတိဇရာမကပ်ရောက်။

၌ ၄ -ဌာနမသိခြင်းသည် အဝိဇ္ဇာမည်၏။

[အဘိဓမ္မာ၌ ၈-ဌာန မသိခြင်းကို ဟောတော်မူသည်၊ သဘောတူ၍ အကြိုးဝင်သည်ပင်။]

## ဘုရားရှင်တိုက်တွန်းတော်မူချက်

အခါတပါး မြတ်စွာဘုရားသည် လက်သည်းခွံ၌ မြေမှုန့်အနည်းငယ်တင်၍“ချစ်သားတို့…၌လက်သည်းခွံပေါ် မြေမှုန့်နှင့် ၌မဟာပထဝိမြေကြီးသည် အဘယ်က များမည်နည်း”။

"မြတ်စွာဘုရား…. မဟာပထဝီမြေကြီးက များပါသည်၊လက်သည်းခွံမြေမှုန့်မှာ မဆိုလောက်ပါဘုရား"။

"ချစ်သားတို့…သစ္စာလေးပါးသိသော သောတာပန်အား မဟာပထဝီမြေကြီးမျှဒုက္ခသည်ကုန်ပြီ၊ လက်သည်းခွံမြေမှုန့်မျှ ဒုက္ခသာကြွင်းကျန်သည်၊ သမုဒ္ဒရာ လေးစင်းရေမျှ ဒုက္ခသည်ကုန်ပြီ၊ သမန်းမြက်ဖျားရေပေါက်မျှဒုက္ခသာကြွင်းကျန်သည်၊ထို့ကြောင့်သစ္စာလေးပါး သိခြင်းငှါ အားထုတ်ကြလော့"။

လူသေ၍ လူပြန်ဖြစ်သူသည် လက်သည်းခွံ မြေမှုန့်မျှနည်းလှ၏၊ အပါယ်၌ဖြစ်သူသည် မဟာပထဝီ မြေကြီးမျှများလှ၏၊ အကြောင်းကား- သစ္စာလေးပါး မသိခြင်းကြောင့်တည်း၊ ထို့အတူ သူတော်ကောင်းတရား ထွန်းလင်းရာ၌ ဖြစ်သူနည်းလှ၏၊ ပစ္စန္တရစ်၌ဖြစ်သူ များလှ၏၊ ဝိပဿနာဉာဏ် စသော ဉာဏ်မျက်စိပွင့်သူ နည်းလှ၏၊ အဝိဇ္ဇာမှောင်ကျ၍ မျက်စိမပွင့်သူများလှ၏၊ ကုန်းသတ္တဝါဖြစ်သူနည်းလှ၏၊ ရေသတ္တဝါဖြစ်သူများလှ၏၊ မိဘဂုဏ်ကျေးဇူးသိသူ, ရဟန်းသံဃာ,ဆရာသမား ဂုဏ်ကျေးဇူးသိသူနည်းလှ၏၊မသိသူများလှ၏၊ အမျိုး၌ ကြီးသူကို ရိုသေသူနည်းလှ၏၊ မရိုသေသူများလှ၏၊ ကာယဒုစရိုက်၃-ပါး, ဝစီဒုစရိုက်၄-ပါး ရှောင်ကြဉ်သူနည်းလှ၏၊ မရှောင်ကြဉ်သူများလှ၏၊ အကြောင်းကား သစ္စာလေးပါး မသိခြင်းကြောင့်တည်း။

"ချစ်သားတို့….လူတယောက်သည် အသက် တရာနေထိုင်သူကို အမောင်….ငါ့အထံသို့ လာလော့၊ သင့်ကို

နံနက်၌ လုံချက်တရာထိုးမည်၊ နေ့ခင်း၌ တရာ, ညချမ်း၌ တရာ၊ ဤလုံချက်၃၀၀-ကျ နေ့တိုင်းနေ့တိုင်းအနှစ်ပေါင်း ၁၀၀-လုံချက်ပေါင်း တကုဋေကျော်ထိုးမည်၊ ပြည့်သော အခါ သင်မသိဘူးသေးသော သစ္စာလေးပါးကို သိလတံ့ ဟုဆိုငြားအံ့၊ အကျိုးစီးပွား မြင်သိသော အမျိုးကောင်း သားသည် ထိုသူ့ထံ ချဉ်းကပ်ခြင်းငှါထိုက်၏၊ အဘယ် ကြောင့်နည်းဟူမူ လုံချက်ပေါင်း, သန်လျက် ချက်ပေါင်း, ပုဆိန်ချက်ပေါင်း အတိုင်းမသိ ကုဋေကုဋာ များစွာခံရ ကုန်သော သင်တို့၏ ကျင်လည်ရာသံသရာသည် ရှေ့အစွန်း မထင် ဉာဏ်အစဉ်ရှောက်၍ ရှုသော်လည်း အစကိုမသိ အပ်၊ ထို့ကြောင့် နှစ်ပေါင်းတရာတိတိ နေ့တိုင်းလုံချက် သုံးရာကျ ထိုးခံရှာမှီး ချဉ်းကပ်ခြင်းငှါထိုက်၏၊ ယင်းသို့ ဖြစ်သော်လည်း ဒုက္ခခံနိုင်မှ သစ္စာလေးပါး သိသည်ဟု ငါဘုရားမဟော၊ သုခနှင့်ချမ်းသာစွာ သိနိုင်သည်ဟု ငါ ဘုရား ဟောတော်မူ၏၊ ထို့ကြောင့် သစ္စာလေးပါးကို သိခြင်းငှါအားထုတ်ကြလော့"။

"ချစ်သားတို့…သစ္စာလေးပါး မသိသူသည် လေလာ တိုင်းလွင့်သော လက်ပံလဲနှင့်တူ၏၊ ဆရာအမျိုးမျိုး၏ မျက်နှာကိုကြည့်နိုင်၏၊ (အလိုသို့ လိုက်နိုင်၏၊) မိစ္ဆာဒိဋ္ဌိ အမျိုးမျိုးကို အမြတ်တနိုးဆည်းကပ်နိုင်၏၊ သစ္စာလေး ပါးကို သိသူကား လေလာတိုင်းမလွင့်၊ ကျောက်တိုင်နှင့် တူ၏၊ ဆရာအမျိုးမျိုးတို့၏ အလိုသို့မလိုက်၊ မိစ္ဆာဒိဋ္ဌိ အမျိုးမျိုးကို အမြတ်တနိုးမဆည်းကပ်"။

"ချစ်သားတို့…သစ္စာလေးပါး သိသူကို အရပ်လေး မျက်နှာမှ တစုံတယောက်သောသူသည် ဝါဒဖြင့် အပြစ်

တင်မည်ဟု လာငြားအံ့၊ တရားနှင့်အညီ ချောက်ချားစေနိုင်သောအကြောင်းမရှိ၊ ၁၆- တောင်ရှိသော ကျောက်တိုင်ကို တွင်း၌ဂ-တောင်မြှုပ်၍ စိုက်ထားအံ့၊ အရပ်လေးမျက်နှာမှလာသော လေပွေ လေကြမ်းသည် တုန်လှုပ်ချောက်ချားစေခြင်းငှါမတတ်နိုင်သကဲ့သို့တည်း၊ ထိုကြောင့် သစ္စာလေးပါးကို သိခြင်းငှါ အားထုတ်ကြလော့”။

အခါတပါး မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ယင်းတိုက်တော၌ နေတော်မူစဉ် အနည်းငယ်သော ယင်းတိုက်ရွက်ကို ကောက်ယူ၍ “ချစ်သားတို့···· ယခုကောက်ယူသော ယင်းတိုက်ရွက်နှင့် တတောလုံးယင်းတိုက်ပင်တို့၌ အရွက်သည် အဘယ်က များမည်နည်း” “တတောလုံးယင်းတိုက်ရွက်တို့ကအလွန်အကဲများပါသည်ဘုရား”၊ထို့အတူ ငါဘုရားသိလျက် မဟောသောတရားတို့သည် အလွန်အကဲများကုန်၏၊ အဘယ့်ကြောင့် သိလျက်မဟောသနည်း၊ အကျိုးနှင့်မစပ်၊ ငြီးငွေ့ခြင်းငှါ, နိဗ္ဗာန်မျက်မှောက်ပြုခြင်းငှါ မဟုတ်၊ ထို့ကြောင့် မဟော၊ သိ၍ဟောသောတရားကား- ဤကားဒုက္ခ, ဤကား သမုဒယ စသည်ဖြင့် သစ္စာလေးပါးကိုဟော၏၊ အဘယ့်ကြောင့် ဟောသနည်း၊ အကျိုးနှင့်စပ်၏၊ ငြီးငွေ့ခြင်းငှါ, နိဗ္ဗာန်မျက်မှောက်ပြုခြင်းငှါ ဖြစ်၏၊ ထိုကြောင့် ဟောသည်၊ ထိုကြောင့် သစ္စာလေးပါးသိခြင်းငှါအားထုတ်ကြလော့–။

### သောတာပန်စစ်တမ်း

ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီးမှာတော့ မဂ်ဉာဏ်ဖြင့် သစ္စာ ၄-ပါးသိသူသည် ကိလေသာကိုဖောက်ခွဲနိုင်၏၊ အနမ-

တဂ္ဂ သံသရာဝဋ်ဒုက္ခသမုဒ္ဒရာကိုလည်းခန်းစေ၍၊ အပါယ် တံခါးကိုလည်း ပိတ်စေ၍၊ သူတော်ကောင်းဥစ္စာ ၇-ဖြာ ကိုလည်း ရွှေရှုပြု၍၊ မိစ္ဆာမဂ္ဂင် ၈-ပါးကိုလည်း ပယ်၍၊ အတွင်း, အပ, အနီး, အဝေး, အကြီး, အသေးဖြစ်သော ဘေးရန်ကိုလည်း ငြိမ်းစေ၍၊ ဘုရားရှင်၏ သားတော်, သမီးတော်အစစ်ဖြစ်ဘို့လည်း ရောက်စေ၍၊ရတနာ၃-ပါး၌သက်ဝင်သော အဝိဂမသဒ္ဓါရခြင်း, ပဋိသမ္ဘိဒါဉာဏ် ရခြင်း,အဘိညာဉ်ရခြင်းစသော အာနိသင်ကိုလည်း ရစေ၍ဟု ဖွင့်ဆိုတော်မူသည်။

[ဓမ္မဒါသသုတ်၌လည်း ရှိလေသေး၏။]

### သင်္ခါရအရာကျယ်ပုံ

ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည် ဘဝ အဆက်ဆက် သတ်ဖြတ်၍ နေသည် ဖြစ်သောကြောင့် သတ်သမားကြီး (ခန္ဓမာရ) ဟူ၍ ဟောတော် မူ၏၊ (မာရောတိ ခေါ ဘိက္ခဝေ ပဉ္စန္နေတံ ဥပါဒါနက္ခန္ဓာနံ အဓိဝစနံ။)

နောင်ကောင်းစားရေး မြှော်၍လုပ်သော ပုညကြိယာ ဝတ္ထု ၁၀-ပါး ဝဋ္ဋကုသိုလ်၊ ယခုမျက်မှောက်ကောင်းစား ရေးမြှော် ဒုစရိုက် ၁၀-ပါး×၄=၄၀ အကုသိုလ်။

### အဘိသင်္ခါရမာရ်

သင်္ခါရတရားအပေါင်းတို့ကို အလွန်ပြုပြင်သော သတ် သမားကြီး၊ (နောင်ကောင်းဘို့ ယခုကောင်းဘို့) မပြုချင် မနေရအောင် ဆွပေးသမား, မြှောက်ပေးသမားကြီးဖြစ် သည်၊ ခေါင်းမြီးခြုံနှင့် မျက်နှာမပြ၊ မှောင်ထဲက အဆွ ကောင်း အမြှောက်ကောင်း ရှိလေ၏၊ (တွေ့အောင်ရှာ

မိအောင်ဖမ်း) နောင်မကောင်း ယခုမကောင်းကိုပင် မပေါ်လွှင် မသိမမြင်အောင်,လုံခြုံအောင်ဖုံးဖိ၍ မသိစေသောအားဖြင့် ပုည, အပုည, အာနဉ္ဇ တရားတို့ကို များများကြီးတိုက်တွန်း၏၊(အဘိ-အလွန်+သင်္ခါရ-ပြုပြင်ခြင်း၊ မာရ-သတ်သမား) အလွန်ပြုပြင်သော သတ်သမား ဟူသည် ကိုယ်မွေးသောကြက်ကို ကိုယ်သတ်၍ စားသကဲ့သို့တည်း။

**မှတ်ချက်။** ။သင်္ခါရ အကြောင်းသည် အလွန်တရာမှအရေးကြီးလှပါ၏၊ ကျယ်လည်းကျယ်ဝန်းပါ၏၊ သိလည်းအလွန်သိအပ်လှပါ၏၊ များသောအားဖြင့် ဓမ္မမိတ်ဆွေတို့သည် ထိုတရားဆွေးနွေးခဏ်း ကြုံလာကြပြီ ဆိုပါလျှင် အယူအဆ ညီခဲ, အစွန်း လွတ်ခဲ ဖြစ်တတ်ကြရပါသည်၊ အကြောင်းသော်ကား ထိုတရားမှာ သံသရာနှင့် သာသနာခြားနားကြရမည့်တရားဖြစ်၍ရင်း၊ သံသရာ ကျင်လည်ရာကျင်လည်ကြောင်းဝဋ် ၃-ပါး ၉-ပါး, ဝဋ်ထွက်ကြောင်းသိက္ခာ ၃-ပါး, ဘုံ ပုဂ္ဂိုလ် စိတ်ရ, တနုကရ အနုသယတည်းဟူသော ပဟာန်ချက်, တရားရှုနေစဉ်, မရှုခိုက်စသည်တို့ဖြင့် ထောက်ဆဝေဖန်စရာတွေ များပြားစွာ ပါဝင်နေပါသဖြင့်ရင်း၊ ပုညာဘိ သင်္ခါရမှာလည်း ၃-မျိုး ၃-စားခွဲခြားစိစစ်ရန်ရှိနေပါ၍ရင်း ပုညာဘိ သင်္ခါရခဏ်းမှာ အယူမစင်မကြယ် ရှိတတ်ပါသည်၊ အသေးစိတ်ရှင်းနေရမည် ဆိုပါလျှင်လည်း ရေးဆဲကျမ်း၏ လိုရင်းမပြီးမြောက်နိုင်အောင် ခရီးထောင့်နေမည့် အရေးကြောင့်ခပ်ကျဉ်းကျဉ်းနှင့်ပင် စိစစ်နိုင်ပါရန် ထုတ်ဆောင်တင်ပြပါအံ့။

## သင်္ခါရကိုစီရင်ပုံ

အခါတပါး မြတ်စွာဘုရားသည် ရဟန်းတို့နှင့် တောင်ထွဋ်တခုသို့ ကြွသွားတော်မူ၏၊ ထိုတောင်ထွဋ်၌ ချောက်ကြီးတခုကိုမြင်ကြ၍ ရဟန်းတပါးက“ထိုချောက်ကြီးသည် ကြောက်ဖွယ်ကောင်းလှသည်၊ ထိုထက်ကြောက်ဖွယ်သည် ရှိပါဦးမည်လောဘုရား”ဟု လျှောက်၏၊ ထိုအခါ “ချစ်သားတို့....ထိုထက်ကြောက်ဖွယ်ရှိ၏၊ သစ္စာ လေးပါးမသိမြင်သူအပေါင်းသည် ဇာတိ,ဇရာ,မရဏ ကိုဖြစ်စေတတ်သော သောက,ပရိဒေဝတို့ကို ဖြစ်စေတတ်သော သင်္ခါရတို့၌ (ဝါ) ကုသိုလ်ကံ အကုသိုလ်ကံတို့၌ လွန်စွာမွေ့လျော်ကုန်၏၊ထိုသင်္ခါရတို့ကို အားထုတ်ကြသောကြောင့် ဇာတိဇရာ မရဏချောက်,သောကပရိဒေဝချောက် စသည်တို့၌ ကျကုန်၏၊ထိုဘေးတို့မှမလွတ်နိုင်၊ သစ္စာလေးပါးသိမြင်သူအပေါင်းသည် ဇာတိ စသည်,သောကစသည်တို့ကိုဖြစ်စေတတ်သော သင်္ခါရတို့၌(ကုသိုလ်ကံ အကုသိုလ်ကံတို့၌) မမွေ့လျော်ကြကုန်၊ ထိုသင်္ခါရတို့ကို အားမထုတ်ကြသောကြောင့် ဇာတိစသောချောက်,သောက စသောချောက်သို့ မကျကုန်၊ထိုသစ္စာလေးပါးသိသူ မြင်သူအပေါင်းကို ဇာတိစသောဒုက္ခမှ, သောက စသောဒုက္ခမှ လွတ်ကုန်၏ဟု ငါဘုရားဟော၏၊ ထိုကြောင့် သစ္စာလေးပါးသိခြင်းငှါ အားထုတ်ကြလော့၊ ဤနှင့်တူစွာ နောက်သုတ္တန်တို့၌လည်း ကုသိုလ်,အကုသိုလ် သင်္ခါရတို့ကို အားထုတ်ခြင်းကြောင့် ဇာတိ,ဇရာ,မရဏ စသော မှောင်ကြီး၌ ကျင်လည်ကြရသည်”ဟု ဟောတော်မူ၏၊ (ဤကား သာဓက။)

## သဘာဝဝေဖန်ချက်

ဤသုတ္တန်တို့၌ ကုသိုလ်ကံ, အကုသိုလ်ကံတို့ကို ပြုခြင်းကြောင့် သံသရာရှည်သည်၊ ကုသိုလ်ကံ အကုသိုလ်ကံ မပြုလျှင် သံသရာမှလွတ်သည်ဟု ပဌမမှတ်ယူအပ်၏၊ ထိုသင်္ခါရမျိုးသည် အဆံအောင်သော သစ်စေ့နှင့်တူ၏၊ အဘယ်သူပြုသနည်း၊ထာဝရအဝိဇ္ဇာမကင်းသော ပုထုဇဉ်, ထာဝရမကင်းသည်လည်းမဟုတ်, ကင်းသည်လည်းမဟုတ် လုံးဝကျပ်ပြည့်တင်းပြည့် ကင်းသေးသည်လည်း မဟုတ်သော သောတာပန်,သကဒါဂါမိ, အနာဂါမိ အထိ ပုဂ္ဂိုလ်တို့သည် ဒါန,သီလ,သမထဘာဝနာအစွမ်းဖြင့်၎င်း၊ကာယ, ဝစီ,မနော ဒုစရိုက်အစွမ်းဖြင့်၎င်း ထိုထို သင်္ခါရတို့ကို ပြုကြသည်။

အဝိဇ္ဇာကင်းသော ဘုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာ၊ ဤ ၃-ဦးတို့ကား ဒါန, သီလစသည်ပြုသော်လည်း ကုသိုလ်သင်္ခါရမဖြစ်၊ ဝါသနာမကင်းသော ရဟန္တာတို့ ကိုယ်နှုတ်ကြမ်းသော်လည်း အကုသိုလ်သင်္ခါရမဖြစ်၊ ကုသိုလ်, အကုသိုလ် ဖြစ်ရမည့်နေရာ၌ ကြိယာဟူ၍သာ ဖြစ်သည်၊ ပြုကာမျှသာ မျိုးမအောင်သောသစ်စေ့နှင့်တူ၏၊ထို့ကြောင့် ၂၉-ပါးသော သင်္ခါရဟူသမျှသည်အဝိဇ္ဇာ အမြစ်အရင်းရှိသည်ဟု ဒုတိယတဆင့် မှတ်ယူအပ်၏၊ သံသရာမှမြန်မြန်လွတ်လိုလျှင် ကုသိုလ်, အကုသိုလ် သင်္ခါရ မဖြစ်စေနှင့်၊ သင်္ခါရမဟုတ်သော ကြိယာကိုဖြစ်စေရမည်၊ ထိုသို့ဖြစ်စေနိုင်အောင် အဝိဇ္ဇာအမြစ်အရင်း ပြတ်စေရမည်၊ ဤသို့ တတိယအဆင့် မှတ်ယူအပ်၏။

အဝိဇ္ဇာ အမြစ်အရင်းရှိလျက် သင်္ခါရမှ လွတ်အောင် ဒါန, သီလ စသော ကုသိုလ်မပြုလျှင် ကုသိုလ်သင်္ခါရမှ လွတ်၏၊အကုသိုလ်သင်္ခါရမှကားမလွတ်၊ ဇာတိ ဖြစ်ချင်ကြ သေးသလားဟု ပြောလုံးထုတ်ရုံဖြင့် လိုရာမရောက်၊ မှန်း တိုင်းမပေါက်၊ ချောက်သို့ ကျနိုင်သည်သာတည်း၊ သစ္စာ ၄-ပါး ကျပ်ပြည့်သိစေလို၍ဟောသော ကျပ်ပြည့်ရဟန္တာ တို့၏ ဂုဏ်ပြသုတ္တန်ဖြစ်သည်၊ ကျပ်မပြည့်သေးသူ ကျပ် ပြည့်စေဦးလေ့၊ ဤသို့ ဉာဏ်မဝေဖန်လျှင် အကြွယမိစ္ဆာ ဒိဋ္ဌိ ကမ္မပထမြောက်ဘွယ်နှင့် နီးလှ၏၊ သစ်တုံးကြီးကို ဆင်ပြောင်ဆွဲနိုင်သည်၊ ကြောင်တို့မဆွဲနိုင်သေး။

ကုသိုလ် ကမ္မပထတရားတို့သည်ကား ကြောက်လန့် ဘွယ်မရှိ၊ ပြုကောင်းသည်သာ၊ ပြုလည်းပြု လွတ်အောင် လည်းလုပ်တတ်စေ၊ နည်းရှာဖွေလေ့။

### ဒေသနာတော်နက်နဲပုံ

ယခုဖော်ပြရေးသားပြီးစီးခဲ့သော ပဋိစ္စသမုပ္ပါဒ်သစ္စာ လေးပါး တရားတော်တို့သည်ကား ဗုဒ္ဓသာသနာတော် တွင် လက်ရင်းအကျဆုံး လမ်းရိုး လမ်းဖြောင့် လမ်းမှန် လမ်းကောင်းကြီးတခု ဖြစ်သည့်အလျောက် ဓမ္မမိတ်ဆွေ ဓမ္မမာမကအပေါင်းတို့အား လိုက်လိုက်လဲလဲကြည်နူးအား တက်ကာ သုံးသပ်ပွားများစေနိုင်ခြင်းအလို့ငှါသာတူညီမျှ စိတ်ရင်းစေတနာအရ စုဆောင်းထည့်သွင်းကာ တင်ပြခဲ့ ပေပြီ။

သို့ရာတွင် လက်တွေ့သဘာဝတွေ့ ထိမိ သိရှိခံစားနိုင် ရန်ကား ပါရမီဉာဏ်ပြည့်စုံပြီးပုဂ္ဂိုလ်များအတွက် အခက်

အခဲ မရှိနိုင်သော်လည်း မပြည့်စုံသော သူများအတွက် တကယ့် အသိတရားပေးနိုင်သည့် ဆရာကောင်းများထံ နည်းခံမှတ်သား၍ လက်တွေ့ လေ့လာကြိုးစားသင့်ပေ၏၊ အချို့ကား စာအုပ်ဆရာနှင့် တင်းတိမ်နေခြင်းသည် တကယ့် သဘာဝနက်ပေါ်အောင် ဖော်ထုတ်ကျင့်သုံးနိုင်လျှင် ဖြစ်နိုင်ပါ၏၊ သဘာဝအနတ္ထအဓိပ္ပါယ် ပေါ်ထွက်အောင် ယူနိုင်ခြင်းကား မလွယ်ကူလှချေ၊ အကြောင်းကား အဘိဓမ္မာ ပရမတ္ထတို့သည်ကား ဝိဂ္ဂဟ ၃-မျိုးပြုနိုင်သည် ဟု ကျမ်းဂန်များတွင် တွေ့ရှိ၏၊ တွေ့ရှိပုံကား—

ပရမတ်စု၊ ဝိဂြိုဟ်ပြုသော်၊ ကတ္တု-ကရဏတ်၊
ဘာဝသဓ်ဟု၊ သုံးရပ်ခြားပိုင်း၊ အများနှိုင်းသား၊
ကရိဏ်းကတ္တု၊ ဤနှစ်ခုမှာ၊ ဥပစာတွဲ၊ ဘောသာ
မုချ၊ သရုပ်ရဟု၊ ထုတ်ပြမှီရာ၊ ညီတညာသည်၊
ဋီကာ့ဋီကာ စောင်စောင်တည်း။

**အဓိပ္ပါယ်။** ။ပရမတ် သဘောတခုကို သိဘို့ရန် ပရမတ္ထ၏အနက် ၃-မျိုးမှ သဘာဝနက်ပေါ်အောင် ဖော်ထုတ်နိုင်မှ ပရမတ်သဘောကို ထိမိသိရှိနိုင်လေသည်၊ စာတိုပေစ သာမညတတ်ရုံနှင့်ဖြစ်နိုင်ပါမည်လောဟု စဉ်းစားစရာပင် လယ်တီဆရာတော်ဘုရားကြီးကလဲ "သဒ္ဒပညတ်, အတ္တပညတ်မှအသီးထုတ်၍ (ဝါ) ထောက်ဆ၍သိအပ်သော ပရမတ်"လို့ ဖွင့်ဆိုထားတာလဲ 'တွေ့ရပါတယ်၊ စာညက်ပေညက်ဟာ မလွယ်ကူလှပါ၊ သတိပြုစရာအလွန်ကောင်းပါသည်၊ သည်နေရာမှာ ပီတိဟာရကလေးနဲ့ ညက်ရှင်သွားအောင် တရားပျော်လုံးကလေးနဲ့' ဥပမာကလေးဆောင်ပြပါဦးမည်။

## ဆရာကောင်းလိုပုံ

ရှေးကယခုခေတ်လိုစာရေးမှတ်သားထားကြတဲ့အခါမှာ စက္ကူခေတ်မဟုတ်သေးတဲ့ ပေနှင့်ကညစ်-ရေးတဲ့ ခေတ်တခေတ်မှာ ကျောင်းဆရာတယောက်က ဇာတ်အဋ္ဌကထာတစောင်ရေးကူးနေသတဲ့၊ ဘယ်အပိုဒ်လောက်ရောက်နေပြီလဲဆိုတော့- မင်းကြီးကိုဆုံးမခဏ်းကိုး၊ သည်တော့ရေးရမှာက "မဟာရာဇာ၊မြတ်သောမင်းကြီး။ တွံ၊သင်သည်" လို့ ရေးရမည်ကို ပေကုန်သက်သာအောင် ဘယ်လိုရေးထားသလဲဆိုတော့ (မဟာရာဇာ၊ ကြီး။ တွံ၊ သည်။) လို့ စာမြှုပ်ရေးထားခဲ့ပြီး ပေရေးတဲ့ကျောင်းစာရေးက အပြင်ခဏထွက်သွားခိုက် ကျောင်းပေါ်က ကိုရင်ကြီးကလဲ ကျောင်းအောက်ဆင်းလာရင်း ကျောင်းစာရေး ရေးထားတဲ့ပေမူကိုယူကြည့်ပြီး ဘတ်သတဲ့၊ ဘယ်လိုဘတ်လိုက်သလဲဆိုတော့ မြှုပ်စာလုံးတွေချန်ထားတာကိုတော့ သတိမပြုမိဘဲ စာလုံးရှိအတိုင်းသာ တောက်ရှောက် ဆက်စပ်၍ (မဟာရာဇာကြီးတွံသည်)လို့ ဘတ်လိုက်ပြီးတော့ ခေါင်းကလေးဆတ်ကာ ကျောင်းစာရေး အပြစ်တင်သတဲ့။

ဘယ့်နှယ် သည်ကျောင်းစာရေးနှယ် စာရေးထားတာ အဓိပ္ပါယ်မရှိ၊ (မဟာရာဇာကြီးတွံသည်) ရယ်လို့ ကြားမကြားဘူးပါဗျာ၊ တကယ့်တကယ်တွံ့ရင်းတွံ့ရင် ကြက်သာတွံကောင်းတာကဘဲလို့ ဘာသာပြန်မိတာလိုလဲ ရှိတတ်ဖြစ်တတ်ပါတယ်၊ မဟာရာဇာဆိုတဲ့ အဓိပ္ပါယ်နက်လဲမသိ၊ ကကြီးယရစ်နဲ့ ကြီးထားတဲ့ကြီးဟာလဲ ယပင်းနဲ့ရေးရတဲ့ ကျီးငှက်လို့ အဓိပ္ပါယ်ကောက်သင့်မသင့်လဲမစဉ်းစားနိုင်ဘဲ

အူကြောင်ကြောင် ယောင်ချာချာဖြစ်တတ်ပါတယ်၊ သည်တော့ ဘာသော,ညာသော စကားကြောရှည်မနေနဲ့၊မင်း ဘယ်သူ့သားလဲလို့မေးရင် ဘျွန်တော် အမေ့သားဘဲလို့ဖြေက ဘယ်သူမှမငြင်းနိုင်ဘူး၊ ဆရာကောင်းရှာ, လက်ထပ်သင်, လက်တွေ့လုပ်ကြဘို့ကောင်းတာပါဘဲ၊ ဆရာကောင်းဆိုသော်လဲ စစ်စစ်ဆေးဆေး စုံစုံစမ်းစမ်း အင်္ဂါလက္ခဏာတွေ ဉာဏ်မှီသမျှနဲ့ ထောက်ဆလုပ်မှတော်မယ်၊ ကိုရင်ကြီးဆရာမျိုးတွေနေရင်လဲ သွက်သွက်လည်တတ်သေးတယ်၊ သွက်သွက်လည်ပုံကလေးလဲ ဆက်လိုက်ရအုံးမယ်။

ကိုးကွယ်ရာမဲ့သူတို့ နေထိုင်ရာစရပ်တခု၌ ခြောက်ဆယ်သောသူကန်းတို့ ရှိကြသတဲ့၊ ထိုသူကန်းတို့မှာလည်း ထိုက်သည့်အားလျော်စွာ ပစ္စည်းအနည်းငယ်စီ ရှိကြလေတော့ ထိုပစ္စည်းလိုချင်တဲ့ သေသောက်ကြူးဘိန်းစားက သူကန်းတို့ထံမှ ပစ္စည်းကလေးများလိုချင်တာနဲ့ စရပ်သို့ချဉ်းကပ်ပြီး လှည့်ပတ်ဖျားယောင်းသည်မှာ- အသင်တို့နေရတာတယ်ဆင်းရဲပါတကား၊ ပေးကမ်း စွန့်ကြဲမည့်သူတွေပေါတဲ့ မြို့မှာသာ သွားနေကြမည်ဆိုလျှင် အဘယ်မှာ ဤကဲ့သို့ဆင်းရဲကြလိမ့်မတုံးလို့ စကားပစ်လိုက်တာကိုး၊ သည်တော့ သူကန်းတို့ကလဲ ကျွန်ုပ်တို့မှာ မျက်မမြင် ဖြစ်နေပါ၍ အဘယ်မှာလျှင် တတ်နိုင်ကြပါမလဲလို့ အားငယ်တဲ့အနေနဲ့ စကားပြန်လဲရပါရော အကြံပိုင်သော ဘိန်းစားက ကော်ပဟာဆိုပြီး ချေးကိုင်စကားပြောသည်မှာ သင်တို့ဘာမှုမပူလေနဲ့ သင်တို့မှာရှိတဲ့ပစ္စည်း ပေးမည်ဆိုလျှင်ငါလိုက်ပို့မည်''ဟု စကားရောင်းစကားဝယ် လုပ်လိုက်တော့အားကိုးရာမဲ့၍ အဆင်ခြင်တရားကင်းသော လောဘ

ရမွက်သား သူကန်းများက ကောင်းပါပြီ ဝန်ခံသည်နှင့် သူကန်းအားလုံးကို ခေါ်ယူကာ တဦးနှင့်တဦးကို လက်ခြင်းဆက်စေ၍ မြို့ကြီးတမြို့ရှိရာသို့ လျှောက်လာကြလေ၏။

သူကန်းတို့၏ စိတ်တွင်ကား ဝမ်းမြောက် ဝမ်းသာနှင့် မြို့ရောက်လျှင် ဥစ္စာပစ္စည်းတွေ မြောက်မြားစွာရမှာဘဲလို့ စိတ်ကူးယဉ်ကာ လိုက်ပါလာကြ၍ မြို့ကြီးသို့ ရောက်ကြသည့် အခါ အကြံပိုင်သောဘိန်းစားသည် တဦးနှင့်တဦး လက်ဆက်၍ ခေါ်ယူလာသော သူကန်းတို့အား မြို့ကြီးကို ဝိုင်းစေပြီး သူကန်းတွဲ၏ရှေ့ဆုံးလူလက်နှင့် နောက်ဆုံးလူလက်တို့ကို ထပ်မံဆက်ပေးပြီး သူကန်းတို့၏ဥစ္စာပစ္စည်းများကိုယူကာ ထွက်သွားလေ၏၊ သူကန်းတို့မှာတော့ တဦးလက်တဦးဆွဲကာ ဆံလည်နွားကဲ့သို့ မြို့ကြီးကိုလှည့်ပတ်၍ မြို့ရောက်ခါနီးပြီ နီးပြီအထင်နှင့် မရပ်မနားသွားကြရလျက် အစာရေစာတော်မွတ်ကာ သေကြေပျက်စီးရလေ၏၊ ထိုကဲ့သို့ လက်ဆက်ပေးသောဆရာမျိုးနှင့် တွေ့မိပါကလည်း တသံသရာလုံး မှောက်မည်ကိုလည်း သတိပြုသင့်လှ၏။

### သတိပေးချက်

ယခုကဲ့သို့ ဒေသနာတော်ရှဲခက်ခဲ-နက်နဲပုံတွေ တကယ့်ဆရာကောင်းလိုပုံတွေကို ထည့်သွင်း ဖော်ပြရခြင်းကား မည်သူကိုမျှ ရှုတ်ချလို၍မဟုတ်၊ ယခုခေတ် ဗုဒ္ဓဘာသာအမည်ခံ အချို့သော (ပဏ္ဍိတမာနီ)ပညာလွန်သူ ပုဂ္ဂိုလ်မျိုးတို့သည်ငှင်း, သဒ္ဓါတု သဒ္ဓါယောင် (မိစ္ဆာဒိမောက္ခ) သမားတို့သည်ငှင်း, သာသနာတော်၏ ခိုးသူကြီးငါးဦးတို့သည်ငှင်း, ဘုရားဟောအလိုတော်ကျ အာဘော်ကျနှင့်

လည်း အကောက်အယူ မထိမမိစေဘဲလျက် အချိုဟော ပြောကျင့်သုံးနေကြသည်မှာ ဘုရားရှိခိုးမှု, ကြည်ညိုမှုတွေ ဖယ်ထားလိုက်ပါဦး၊ ဒါန, သီလ, သမထတွေလုပ်နေစရာ မလိုပါဘူးတဲ့၊ (သရက်ပင်မှကင်း၍ သရက်သီးမရှိနိုင်ပုံကို လည်း မထောက်မိသူတို့က။)

ထို့အပြင်ဒါကစာတွေပါဆိုသောစကားများ, မိမိကိုယ် မိမိ မဂ်ရပြီ, ဖိုလ်ရပြီဆိုလိုသည့် အဓိပ္ပါယ်မျိုး ဖြစ်သော ပေါက်ပြီ, ရောက်ပြီ, ပြီးပြီ- စသည်တို့ကတဖုံ, အလိုလို ထိုးထွင်း၍ သိတော်မူသလိုလို ငါသိတရားလုပ်သူတွေကမ ရှား, မိမိ အဆင့်အတန်းအားလျော်စွာ ယထာဘူတကျ သိရှိသမျှ ပုဂ္ဂလနှင့်ဓမ္မ-ဌာနနှင့်ကာလ- ယုတ္တိမျိုးစုံလင်စွာ နှင့်ရှင်းလင်းကာ ပြပြန်တော့ အင်း- စောဒကမဝင်နိုင် လောက်အောင် ပြောပုံဟောပုံကလေးကတော့ တော်သား ဘဲ၊ သို့ပေမဲ့ တို့လိုတော့ ရဟန္တာမဟုတ်သေးဘူးဆိုတဲ့ ဥရု ဝေလကဿပကြီးတို့လိုက တခက်, ထိုကဲ့သို့ ဇာတ်လမ်း တွေစုံလင်နေသော ခေတ်ကြီး အခါကြီး ဖြစ်နေသည့်အ လျောက် သတိပေး ရေးသားရခြင်းဖြစ်ပေသည်။

**ဆရာဦးစိန်ခန့်၏ သတိပေးလက်ာ**

ထိုသဘောမျိုးတွေ မြင်လို့ဘဲထင်ပါရဲ့ "ဉာဏ် ၉-လွှာ ဝိပဿနာ လုပ်ထုံးနည်းကျမ်း" ဖွင့်ပြ တော်မူသော ဆရာကြီးဦးစိန်ခန့်ကလဲ လင်္ကာစီကုံး၍ သတိပေးစကား ရေးသားထားသည်မှာ-ခေါင်းစဉ်က "ဝိညာဏ်,ပညာခွဲ ခဏ်း"တဲ့၊ အဓိပ္ပါယ်က အလုပ်မှန်လျှင် ဝိညာဏ်သတ်နိုင် ရမည်၊ဝိညာဏ်မသတ်နိုင်က ပညာစစ် မတွေ့နိုင်သေးဟု ဆိုလိုရာ ရောက်သည်။

လင်္ကာ—ဒီတခါမှညာဏ်မိ၊ အသိတော်ရတနာ၊ ပညာမှာ
ဖြိုးလူလူနှင့်၊သိလိုသူလာကြတော့၊ ဓာတ်ဖြ-ဖြာ,
ဓာတ် ၄-ပါး၊ဓာတ် ၈-ပါးစကားပညတ်၊ ဓာတ်
ချင်ရာဓာတ်ကြပေတော့၊ ဝိညာဏ်သတ်ဓာတ်သံ
လိုလို၊ပရမတ်လိုလို၊ဟင်းလေးအိုး ကြိုလိုက်မည်၊
ဝိဇ္ဇာမိုရ် ရောင်တော်ပွဲ၊ နွဲ့ချင်လျှင် ခဲကြတော့၊
သာသနာ့ခေတ်ပွဲမှာ၊ အောင်လံတော် တဝင့်ဝင့်
နှင့်၊ သောတာပန် လွင့်ကြတဲ့၊ ဂေါတမမြတ်
ဘုရား၏၊ သမီးသားအစစ်၊ အဓမ္မတော်နှစ်ခံ၊
ဘုံနန်းစံ ဝိသာခါ အနာထပိဏ်တို့လို၊ ဓမ္မဂုဏ်
သိရ်၊ သိမ်ချင်တိုင်းသိမ်၍၊ ထောမနာသံ ဩဘာ
ဂုဏ်ခံရလျှင်၊ ဉာဏ်ဟုန်သုံးချက်၊ သဘောတော်
မခက်ကြနှင့်၊ ဘုရားမြွက်ခဲ့တဲ့ "ကောဗုဒ္ဓေါ၊
ကောဓမ္မော၊ ကောသံဃော၊ ကောဓာတု"
ဩသုံးလုံးစု၍၊ပထဝီဓာတုတေလုံး၊ ဝိညာဏ်မှာ
သုံး၍၊ ထုံးစံနည်းတင်၊သုံးနည်းယှဉ်လျက်၊အနတ္တ
ဝင်အောင်၊ ဖိုလ်စင်သို့တင်ခါချ၍၊ ဆရာပြမည်၊
ပြော့သလား မာသလား၊ သဘောတရားကို၊
အငြင်းပွားမနေကြနှင့်၊ ဝိညာဏ်မှား သဘာဝ
တရားကို၊ ပြာကျကာသွားသည့်နှယ်၊ လုပ်ထုံး
နည်းအသွယ်သွယ်ကို၊ဂေါတမရှင်စောက၊လက်
တွေ့နည်း အတန်တန်နှင့်၊ မှန်ကန်စွာ ထားခဲ့
သော်လဲ၊ဂေါတမနောက်ပေါ်၊ ဂေါတမမောက်
ဆရာတို့က၊ ၂-ဦးဘုရား မိန့်ဖော်၍ ထားခဲ့သည်
အလား၊ သဘာဝတရား လက်တွေ့နည်းကိုမှ

လက်တွေ့နည်းမမှတ်၊ ပရိယတ်ကို ပဋိပတ်ထင်၊ သမထအစဉ်ကို ဝိပဿနာရှု၊ နိဗ္ဗာန်အာရုံပြုပြီ ယို့ပြော၊ အဟောတွေက ကလိန်ခြုံ၊ သာသနာ့ သူပုန်တွေထ၊ ဘုရားစကား မြတ်တရားကို၊ နား မဝင်ဘိ၊ မသိလျှင်သူပုန်၊ မယုံလျှင်ရန်သူ၊ အတူလို နေ၊ မဂ်ဖိုလ်မွေကို၊ မရလေစွ၊ လူ့အန္ဓဟု၊ ဆုံးမ သည့်နှုန်း၊ နှလုံးပိုက်ကြီး၊ ပထဝီဓာတ်တလုံး၊ နိဗ္ဗာန်ဝင်တဲ့ထုံးကို၊ကိန်းဆုံးချ၍၊ချုံးကာပြလိုက် မည်။

(၁) ဓာတ်တပါးသေ၊ အကုန်ကြေလိမ့်။
(၂) ဓာတ်သေတခု၊ အရင်းပြုသော်၊ သဘာဝနယ်၊ သိဉာဏ်ကျယ်၊ မဂ်ဝယ်ဖိုလ်သို့ဆိုက်လတံ့။
(၃) မဂ်ဆိုက်သူမှာ၊ဒိဋ္ဌိကွာ၊ဝိဇ္ဇာခေါ်ဆိုပါ။
(၄) ဝိဇ္ဇာဖြစ်လျှင်၊ဉာဏ်အစဉ်၊ထင်မြင်နိုင်တော့တာ။
(၅) ဉာဏ်ပေါက်သူမှာ၊ ဝိညာဏ်ဟာ၊ ဝင်ကာမ နှောက်ပါ—

ဟုစပ်ဆို၍ အဆုံးမပေးထားချက်ကိုလည်း စဉ်းစား ဆင်ခြင် ထိုက်ပါပေတော့သတည်း။

### ဘုရားအလိုတော်နှင့် သတ္တဝါအလို

သေယျထာပိ ဘိက္ခဝေ အပ္ပမတ္တကောပိ ဂူထော ဒုဂ္ဂန္ဓော ဟောတိ၊ ဝေမေဝ ခေါ အဟံ ဘိက္ခဝေ အပ္ပ- မတ္တကမ္ပိ ဘဝံ နဝဏ္ဏေမိ အန္တမသော အစ္ဆရာ သင်္ဃာတ- မတ္တမ္ပိ။

[အင်္ဂုတ္တရပါဠိတော်]

**အနက်**။ ။ဘိက္ခဝေ၊ ရဟန်းတို့။ အပ္ပမတ္တကောပိ၊ အနည်းငယ်မျှသော်လည်းဖြစ်သော။ဂူထော၊မစင်ကျင်ကြီးသည်။ ဒုဂ္ဂန္ဓော၊ မကောင်းသောအနံ့ရှိသည်။ ဟောတိ သေယျထာပိ၊ဖြစ်သကဲ့သို့။ ဘိက္ခဝေ၊တို့။ ဝေမေဝခေါ၊ဤအတူသာလျှင်။အပ္ပမတ္တကမ္ပိ၊ နည်းငယ်တိုလျှ မကြာလှသည်သော်လည်း ဖြစ်သော။ အန္တမသော၊ ယုတ်ညံ့ဖျင်းသုဉ်းအောက်ထစ်ဆုံးအပိုင်းအခြားအဘို့အားဖြင့်။အစ္ဆရာသဃ်ာတမတ္တမ္ပိ၊ မျက်တောင်တယှက်လျှပ်တပျက်လက်ဖြစ်တတွက်ကာလတခဏမျှသော်လည်းဖြစ်သော။ ဘဝံ၊ ဘဝဖြစ်ရခြင်းကို။ အဟံ၊ ငါဘုရားသည်။နဝဏ္ဏေမိ၊ ချီးမွမ်းတော်မမူ။

ဟု ဟောတော်မူသောကြောင့် မြတ်စွာဘုရား၏ အယူတော်က တခဏမျှသော်လည်း ဘဝသုံးဖြာ ဘုံသုံးရွာ၌ ဖြစ်ရခြင်းကို နှစ်သက်တော်မမူ၊ သတ္တဝါ များကလည်း လူ့ရွာနတ်လမ်း စည်းစိမ်သွမ်းကို ချမ်းသာအတိ အထင်တော်တို့ကငြိကြသောအယူ၊ ဤသို့အားဖြင့် အယူ ၂-ပါး မတူခြားနား ကွဲပြားကြ၏။

ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ၊
ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ။
တေသံ သဘာဝဓမ္မာနံ၊
နာမမတ္တံ နနာယတိ။ ။

**အနက်**။ ။ဗုဒ္ဓါဒိစ္စေ၊ဘုရားတည်းဟူသောနေမင်းသည်။ အနုဂ္ဂတေ၊ မပေါ်မထွက်သည်ရှိသော်။ ဗုဒ္ဓစန္ဒေ၊ ဘုရားတည်းဟူသော လမင်းသည်။ အနုပ္ပန္နေ၊ မဖြစ်မပေါ်လာသည်ရှိသော်။ တေသံ သဘာဝဓမ္မာနံ၊ ထိုအဟုတ်ရှိ အမှန်

ရှိ ပရမတ္ထသဘောတို့၏။ နာမမတ္တံ၊ အမည်မျှကိုလည်း။ နနာယတိ၊ သိရမည်မဟုတ်။

အထက်ပါဒေသနာတော်၏ အဓိပ္ပါယ်မှာ–ဘုရားရှင်ကိုယ်တော်မြတ်တွေသာ ပွင့်လာတော်မမူကြဘူးဆိုပါလျှင် လောကကြီးဟာ ဒုစရိုက်မှောင်အတိကျပြီး မျက်မှောက်ဘဝမှာ ငတ်မွတ်ခေါင်းပါးခြင်းဆိုတဲ့ ဒုဗ္ဘိက္ခန္တရကပ်, အချင်းချင်းဒါးလက်နက် စသည်တို့ဖြင့် ထိုးခုတ် သတ်ဖြတ်ကြ၍ သေကြေပျက်စီးရခြင်းတည်းဟူသော သတ္ထန္တရကပ်, အနာအမျိုးမျိုး ရောဂါအထွေထွေတို့ ကျရောက်နှိပ်စက်၍ သေကြေပျက်စီးကြရခြင်း တည်းဟူသော ရောဂန္တရကပ် ဆိုက်ရောက်ကြရခြင်း၊ တကယ့်လမ်းစဉ်မှန် အမြင်မှန်တွေနှင့် ဓာတ်,ပရမတ်ဆိုတဲ့ အသံတွေပါ မကြားနာနိုင်ကြ၍ သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်မှုဆိုတဲ့ တကယ့်ငြိမ်းချမ်းမှု လွတ်လပ်ရေးတို့ကိုလဲ မရရှိနိုင်ဘဲ အချည်းနှီးဆိတ်သုဉ်းသော လောကကြီးအဖြစ် ရောက်နေကြရပေမည်ဟု ဆိုလိုခြင်းဖြစ်ပါတယ်၊ ထိုစကားသည် အလွန်မှန်ကန် ညီညွတ်သောစကားဖြစ်ပါသည်၊ အဘယ့်ကြောင့်ပါနည်းဟူမူ–

(၁) ငတ်မွတ်ခေါင်းပါးခြင်း ကပ်ဘေး ဆိုတာတွေသည် အလိုရမ္မက် ကြီးခြင်း တည်းဟူသော မတရားလောဘမှ ထွက်ပြူလာသောဘေး ဖြစ်ပါသည်။

(၂) သတ္ထန္တရကပ်ဆိုတာကလဲ ညီအစ်ကို, မောင်နှမ,တိုင်းရင်းသား, ဘဝတူဆိုတဲ့သဘောထားပြီး တဦးနှင့်တဦး တယောက်နှင့် တယောက်

မချစ်ခင် မကြင်နာ မစောင့်ရှောက် မစောင့်စည်းကြတဲ့ မှားယွင်း ဖောက်ပြန် ပြစ်မှားမှု၊ ရုန့်ရင်း ကြမ်းထမ်းမှု အမူအရာ ဒေါသဆိုတဲ့ တရားကထွက်ပြူလာရခြင်းဖြစ်ပါတယ်၊ "ကိုယ်ချင်းမစာနာမှုတွေ၊ ဖြဟ္မစိုရ်ိတရားကင်းမှုတွေ"။

(၃) ရောဂန္တရကပ် ဆိုတာကလဲ ငတ်ကြရတဲ့ ဒုက္ခစိတ်၊သတ်ကြရတဲ့ဒုက္ခစိတ် ဒဏ်ချက်တွေနှင့်တကွဖြစ်ကတတ်ဆန်း တွေတွေဝေဝေ ထင်ရာနေ၊ ထင်ရာစား၊ ထင်ရာလုပ်မှုဆိုတဲ့ မိန်းမောတွေဝေမိုက်မဲမှု (မေ့မှိုင်း)ဆိုတဲ့ မောဟတရားကထွက်ပြူလာကြရခြင်းဖြစ်ပါတယ်။

ဒါတွေဟာ ဘုရားပွင့်တော်မမူလို့ ဒုစရိုက်သိမ်းဆည်းနိုင်မှု၊ မရရှိခြင်းမှ ဖြစ်ပေါ်လာကြရခြင်းတို့ပါဘဲ၊ သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်နိုင်မှုဆိုတာလဲ ယခုဖော်ပြပြီး ဒုစရိုက်စိတ်တွေ သိမ်းဆည်းပြီး ဘုရားပွင့်ခါမှ ကြားနာကြရတဲ့ ခတ်သံ၊ပရမတ်သံ အနတ္တဆိုတဲ့တရားတွေကိုသိပြီး အကုသိုလ်မှ ရှက်တတ်ခြင်း၊ ကြောက်တတ်ခြင်း၊ တဦးအပေါ် တဦး ယုံကြည်မှု၊လေးစားမှု ဖြဟ္မစိုရ်စိတ်တွေ ထားကြပြီး တယောက်ဒုက္ခ တယောက်က ကူညီဆိုတဲ့ သဘောမျိုးနဲ့ လမ်းဖြောင့် လမ်းမှန်အတိုင်း စုပေါင်းညှက် ထုတ်ပြီး ကာကွယ်ကြ၊ ကျင့်သုံးကြ၊ ဆောက်တည်ကြမှ တကယ့်ငြိမ်းချမ်းရေး တကယ့်လွတ်လပ်ရေးဆိုတာရကြရပါတယ်။

ဒါကြောင့် ဘုရားရှင်များပွင့်တော်မူလာ၍ အဆုံးအမများရရှိ လမ်းမှန်များသိရှိရခြင်းဟာ အလွန်တရာမှ ကြီ

ကြိုက်ခဲ့တဲ့ "ဒုလ္လဘတရားကြီး" တခုပါပေဘဲ၊ အဲသည် "ကြို-ကြိုက်" ဆိုတဲ့ စကား ၂-လုံးကလဲ အင်မတန် အဓိပ္ပါယ်ရှိသေးတယ်၊ "ကြို"ဆိုတာက သာသနာနှင့် ကြိုတာ, သာသနာတွင်း လူဖြစ်လာရတာလို့ ဆိုနိုင်ပါတယ်၊ "ကြိုက်" ဆိုတာကတော့ ယခုလိုသာသနာတွင်း ရောက်လာကြ,ကြိုလာကြရပေမဲ့ သာသနာတည်းဟူသော အဆုံးအမတော်တွေကို ကြိုက်သူတွေလဲကြိုက်ကြပါရဲ့,ကျောခိုင်းအယုံအကြည်မရှိ မျက်ကန်း တစ္ဆေမကြောက် ဆိုတာလို မြင်တာတွေသဘောရှိ- ထင်ရာတွေ ကရောတိနေကြသူတွေကလည်း မနည်းကြပါဘူး။

လိမ္မာယဉ်ကျေးသူများ,ဆင်ခြင်တုံတရားရှိသူများ တွေ့မြင်လိုက်ရတော့ သူ့စည်း သူ့ကမ်းနှင့် ဝတ်တတ်, ဆီးတတ်,နေတတ်,ထိုင်တတ်,စားတတ်,သုံးနှုန်းတတ်တာတွေ တွေ့မြင်ကြရပြီး သိပ်ဝမ်းသာစရာကောင်းပါတယ်၊ ကြည့်ရမြင်ရတာကိုဘဲ ကြက်သရေမင်္ဂလာရှိလှပါတယ်၊ အလွန်ဘဲကြည်ညိုလေးစားစရာကောင်းပါပေတယ်၊ ထိုမှအပြန် အလိမ်မာရည်နှင့် ဉာဏ်ပညာမွဲ၍ ထင်ရာ ကရောတိနေကြသူတွေ ကျပြန်တော့ အဲသည် စား, ဝတ်, နေရေးဆိုတဲ့ လူ့ကိစ္စ လူ့တာဝန် ပြုပြုသမျှ ပြောပြောသမျှ ကြံကြံသမျှတွေပေါ်မှာ မြင်မကောင်း,ကြားမကောင်း, မကြည့်ဝံ့, မရှုဝံ့, မကြားဝံ့မနာသာ,' ကြက်သရေမရှိ,မင်္ဂလာမရှိ, အရှက်မရှိ, အကြောက်မရှိ, မော်ကြွားစော်ကားမှုတွေနဲ့ သွားရလာရမည့် လမ်းလဲမသိရှာကြလို့ထင်ပါရဲ့၊ ငါတည်းဟူသော မာန်မာနနဲ့ အထင်ကြီးကာ စိတ်ကြီးဝင်ကာ မဟုတ်ထာတွေ အဟုတ်ထင်ကာ ထောင်လွှား

မော်ကြွား ပျော်ပါးနိုင်နေကြတာပါဘဲကလား၊ သနား တော့တာပါဘဲ၊ သနားစရာတွေပါဘဲ။

ဒါပေသိ- "ကြောင်းရင်းနှင့်သာ ကြမ္မာနှင့်အပြီး ဖွား တည်းက" ဆိုတဲ့စကားလိုကတကြောင်း၊ မိမိ မိမိတို့၏ မူလကတည်းက ယူစွဲထားကြတဲ့ ယူမှား စွဲမှား တို့ကလဲ ပြင်းထန်လေတော့ မတတ်သာတဲ့ အဆုံးမျိုးကျတော့- "သဗ္ဗေသတ္တာ" အဖြစ်နဲ့ လစ်လျူရှုပြီး ဖြေဖျောက်ကြရ တော့တာပါဘဲ၊ "ဘုရား–ဘုရား–ဘုရား" တကယ်အမှန် သိတလုံးဟာ တကယ်ကို အရေးကြီးလှပါတကား၊ အစွဲ, အယူ ပြင်းထန်မှုများဟာလဲ တကယ့်ကို ကြောက်စရာ ကောင်းလှပါတကား၊ (ပိုးဖလံသည် မီးရောင်ကို ရွှေ တောင်ထင်၏။ ငြုပ်သီးပိုးသည် အပူမကြောက်။)

### နောက်ဆုံးသတိပေးချက်

အချင်းလူသား အို–မိတ်ဆွေ....နိဂုံးလဲ ချုပ်ရတော့ မယ်၊ နောက်ဆုံးသတိပေးပါရစေ။

(၁) အလွန်တရာမှ ကြပ်တည်း ကျဉ်းမြောင်းလှစွာ သော ပုပ်ညှီနံ့တထောင်းထောင်းတို့နှင့် ပြည့်နှက် လျက် အမိ၏ အစာဟောင်း အိမ်ကိုထိုင် အစာ သစ်အိမ်ကို ခေါင်းရွက်ပြီး မိခင်၏ ကျောရိုးကို ရှေ့ရှုကာ ရေနစ်မွန်းနေသော မျောက်အိုကဲ့သို့ ရက်ပေါင်း ၃၀၀-နာရီပေါင်း ၇၂၀၀-ခန့်တည် နေခံစားရတယ်ဆိုတဲ့ (ဇာတိပဋိသန္ဓေ နေခြင်း တရား။)

(၂) ဆံဖြူ သွားကျိုး ခါးကိုင်း နားထိုင်းစေခြင်း၄ါ ပဋိသန္ဓေ တည်နေသည့် အချိန်မှစ၍ တနေ့တရက် တအောင့် တခဏကလေးမျှ ရပ်နားခွင့်မပေးဘဲ တားဆီး၍မရစကောင်းတဲ့တရွေ့ရွေ့အိုမင်းရင့်ရော် လာရခြင်း (ဇရာတရား။)

(၃) အဇ္ဈတ္တိကအားဖြင့် သွေး,သည်းခြေ,လေ, သလိပ် ဖောက်ပြန်မှုကြောင့် ဖျားတယ်၊ နာတယ်၊အောင့် တယ်၊ ညောင်းတယ်၊ ညာတယ်၊ ခေါင်းကိုက်တယ်၊ ဇက်လေးတယ်၊ မူးတယ်၊ ဝေတယ်၊ လေဖြတ်တယ်၊ ဆီးတက်တယ်၊ ပလိပ်ရောဂါဖြစ်တယ်၊ ကျောက် ရောဂါဖြစ်တယ်၊ ဝမ်းရောဂါ ဖြစ်တယ်-စသည်ဖြင့် ၉၆-ပါး, ၉၈-ပါးသော အတွင်းဝေဒနာများ၊ မြွေကိုက်တယ်၊ ကင်းကိုက်တယ်၊ ခွေးကိုက်တယ်၊ ကျားကိုက်တယ်၊ မိကျောင်းဆွဲသည်၊ တုတ်နှင့်ရိုက် တယ်၊ဓားနှင့်ခုတ်တယ်၊သေနတ်နှင့် ပစ်တယ်၊ကား တိုက်တယ်၊ အဆိပ်သောက်တယ်၊ ဆွဲကြိုးချတယ်၊ ဗုံးမှန်တယ်၊ မိုယ်းကြိုးပစ်ခံရတယ်-စသည်ဖြင့် ဖြစ် သင့်ဖြစ်ထိုက်သည့် အချိန်တွင် ဖြစ်ပေါ်လာကြရန် အခါအခွင့် စောင့်၍ ချောင်းမြောင်း နေကြသော ဗဟိဒ္ဓ တွေ့ကြုံခံစားရမည့် ရောဂါဝေဒနာ အစရှိ သော နာမကျန်းမှု, မခံသာမှု တည်းဟူသော (ဗျာဓိတရား။)

(၄) ထိုတရားတွေမှ လက်လွန်လာကြ၍ ကံကုန်ခြင်း ကြောင့်ဖြစ်စေ, အသက်ကုန်ခြင်းကြောင့် ဖြစ်စေ, အသက်နှင့် ကံ ၂-ပါးစုံကုန်ခြင်းကြောင့် ဖြစ်စေ,

အသက် ကံ မကုန်ထိုက်ပါသေးဘဲလျက် ဥပစ္ဆေဒ
ကဆိုတဲ့ မိမိ၏ အဆင်ခြင်မဲ့မှု, လော်မာမှုကြောင့်
ဖြစ်စေ၊ ကုသတားဆီး၍ မရတော့ဘဲ ချုပ်ဆုံးသေ
ပျောက်ရခြင်းတည်းဟူသော (မရဏတရား။)

အတုလမြတ်ဘုရားသော်မှလဲမနေရ၊ပညာအရာတေဒဂ်ရတော်မူသော ရှင်သာရိပုတ္တရာကိုယ်တော်မြတ်လဲ မနေရ၊ တန်ခိုးအရာ တေဒဂ်ရတော်မူသော ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်လဲမနေရ၊ အိုချိန်အိုရ,နာချိန်နာရ, ပရိနိဗ္ဗာန်ပြုချိန် ပရိနိဗ္ဗာန်ပြုရပါတကား၊ ငါတို့ကဲ့သို့သော သာမညပုဂ္ဂိုလ်စားမျိုးမှာ အဘယ်ရှောင်၍ လွတ်နိုင်ပါမည်နည်း၊ မသေခင်မှာလဲ မစားမဖြစ်သော ပရိယေသန ဝမ်းရေးဒုက္ခ, အချမ်းအပူ အရှက်လုံဘို့ ဝတ်ဆီးရေး ကိစ္စ, လေမိုယ်းနေပူတို့မှ ကာကွယ်၍ ကျန်းမာလုံခြုံစွာ အိုးအိမ်စည်းစိမ် တည်နေရေးကိစ္စ အစရှိသော (ဃရာဝါသောဗဟုကိစ္စော)အိုးအိမ်တည်ထောင် လူတို့ဘောင်၌ မပြီးစီးမကုန်ဆုံးနိုင်လောက်သော အမှုအလုပ်တွေအတွက် နေပူလဲမရှောင်နိုင်၊ မိုယ်းရွာဖို့လဲမနေရ၊ နံနက်မိုးသောက်အလင်းရောက်၍ မျက်စိနှစ်လုံးဖွင့်ကတည်းက တလှုပ်လှုပ်တရွရွ မရပ်မနား သွားလာနေထိုင် လုပ်ကိုင်ကြရသည်မှာလည်း စိတ်ပျက်ဖွယ်။

ထိုမျှနှင့် စာရင်းမချုပ် စာရင်းမကုန်သေး၊ မိမိ မိမိတို့သွားရင်း,လာရင်း, လုပ်ကိုင်ရင်း, စားသောက်ရင်း, နေထိုင်ရင်း အမှုတို့တွင် ဦးစီးပါဝင်နေသော စေ့ဆော်အားထုတ်ပြုလုပ်ကြသည့် ကောင်းသော စေတနာကံ,မကောင်းသော စေတနာကံတို့သည်ကား တဘဝ သေဆုံးတော့

မည့် နောက်ဆုံးအချိန်၌ စာရင်းစစ်၍စာရင်းချုပ်“အရှုံး” အမြတ်တွက်ကာ ထိုက်ရာသို့ ပို့ဆောင်လိုက်ပြန်၏၊ကောင်း မှုကုသိုလ်များလျှင် တော်ပါသေး၏၊ မကောင်းမှုဘက်မှ အလေးသာပါက မတွေးဝံ့လောက်အောင် ဒုက္ခပေါင်း အနန္တနှင့် ချည်နှောင် တုပ်ဆိုင်း၍ ခံစားကာနေရမည့် အပါယ်လေးပါး တည်းဟူသော အပါယ် ဘေးကြီး စသည်ဖြင့်—

(လောကမှာ အုပ်ချုပ်ရေး ဥပဒေနှင့် ဥပဒေဆိုင်ရာ ပညာရပ်များ Law and Jurisprudence.,တို့ Accountancy for Ruralစာရင်းကိုင် နိသျည်းတို့ ကောင်းလှတယ် ဆိုတာတွေနဲ့ အဘက်ဘက်မှ နှိုင်းယှဉ်လို့ မရလောက် အောင် စေ့စပ်သေချာလှသော သံသရာစာရင်းတို့သည် ကား) “တဘုံတဘဝမှ တဘုံတဘဝသို့ (သတ္တဝါအဖြစ် ပြောင်းလဲလို့သာ ရောက်ထိုက်သလို ရောက်စေတော့) စာရင်းကား မပျောက်မဆွေးမကုန်ဆုံးသေး၊ ထိုက်သက် သောသံသရာ၏စီရင်ချက်ကိုအမြဲပင်နာခံရမည်ဖြစ်ခြင်းတို့ကို လေးလေးနက်နက် ယုံယုံကြည်ကြည် တွေးတွေးစဉ်းစား ကာ မိမိကိုယ်ကိုမိမိ တကယ်ချစ်ပါတယ် သနားပါတယ်၊ ဖြစ်လေရာ ဘဝမှာတော့ အဆင်းရဲနှင့် ငရဲကင်း၍ လူဖြစ် က လူအထက်တန်းစား, လူချမ်းသာ၊ နတ်ဖြစ်လဲ နတ် အထက်တန်းစား, နတ်ချမ်းသာ၊ ဗြဟ္မာဖြစ်လဲ ထိုနည်းတူ အဖြစ်နှင့်ဘုံစဉ်စံကာ တကယ့်လွတ်လပ် ငြိမ်းချမ်းရေးကို ရှေ့ရှုအားသစ်ထိုက်ပါသော်ကော” ဟု အတွင်းညွှန်ပြပါ “လမ်းစဉ်မှန် တရားစစ် တရားမှန်များကို လွယ်ကူစွာ ထုတ်ယူကျင့်သုံးနိုင်ပါစေသော်။

ထိုဒေသနာစဉ် တွေ့ရတော့-စာရေးသူ၏ စိတ်ထဲမှာ ဘုရားရှင်အား တရားစည်ကြီး မြည်ဟီးတော်မူ၍ ဝေနေယျခပင်း သတ္တဝါတသင်းတို့ကို ဝဋ်တွင်းမှ ကယ်တင်တော်မူပါဟု မိုယ်းဗြဟ္မာကြီး လျှောက်ထားသည် ဆိုချက်ကလေး ပေါ်လာပါတယ်၊ သည်လိုပေါ်ပြီးနောက် မရှေးမနှောင်းဆိုသလို ထိုအကြောင်းနှင့် ပတ်သက်၍ အချို့ဆွေးနွေးမေးမြန်းယူဆကြပုံတွေ ကြားရောင်လာပါသည်၊ ကြားဘူးသည်မှာ—

(၁) ဘုရားရှင်ကို တရားဟောတော်မူပါရန် မိုယ်းဗြဟ္မာကြီးတောင်းပန် လျှောက်ကြားသည်ဆိုတာ ဟုတ်ပါသလော့?။

(၂) ဟုတ်မှန်ပါလျှင် ဘုရားရှင်သည် ဗြဟ္မာကြီးက နှိုးဆော်တိုက်တွန်း တောင်းပန်ပေလို့သာ သတ္တဝါတွေကို တရားဟော ချွတ်ရာ ရောက်မနေပေဘူးလား။

ဟု (ပါလီမန် မေးခွန်းဆန်ဆန်) အမျိုးမျိုးစဉ်းစားကြဝေဖန်ကြပါသည်၊ ထိုနေရာတွင်-သတိ ပညာယှဉ်၍ အဖြေထုတ်ကြည့်ရန်မှာ—

(၁) ဘုရားရှင်သည် လူသုံးဦးတို့၏ ဦးခိုက်ရာ သဗ္ဗညုတရွှေဉာဏ်တော်ရှင် ဖြစ်တော်မူသည်ကို ပဌမ သတိပြုပါ။

(၂) ဘုရားအစရှိသော သားတော် သမီးတော် အစဉ်အဆက်တို့သည် တရားတော်ကို ရှိသေစွာတောင်းပန်မှ ဟောတော်မူအပ်သည်ကို (အကြောင်းစုံနှင့်တကွ)သိရှိထားရမည်။

(၃) တရားတော်၏ သိမ်မွေ့နက်နဲခက်ခဲ ကျယ်ဝန်းပုံနှင့် သတ္တဝါတို့၏ အလွန်ညာဏ်တိမ်ခြင်းနှင့် ခက်ထန်ရုန့်ရင်းကြမ်းတမ်းပုံ စိတ်ဓာတ်တို့၏ နှိုင်းယှဉ်ချက်ပမာဏပေါ်လွင်သိရှိစေခြင်း၄ါ—

(၄) ဟောကြား ဆုံးမတော်မူရမည့်အရေးတွင် မဟာကရုဏာညာဏ်တော်ဖြင့် မြင်တော်မူပြီးသည်မှာ ပုဂ္ဂိုလ်ခင်မှ တရားမင်သည်ဆိုသကဲ့သို့ဘုရားရှင်ပွင့်တော်မမူမီက သတ္တဝါတို့သည် အတ္တဝါဒအရ ထိုဗြဟ္မာကြီးကိုပင်လျှင် ဘုရားအမှတ်နှင့် ကိုးကွယ်ဆည်းကပ်နှင့်ပြီးသော ဗြဟ္မာကြီး၏ ဆရာတပည့်ရင်းတွေဖြစ်နေကြခြင်းကြောင့်(အရင်းလဲမှအဖျားထင်းဖြစ်နိုင်မည်၊) ထိုဗြဟ္မာကြီး ဦးခိုက်တောင်းပန်မှ ထိုဗြဟ္မာကြီး၏ တပည့် သားမြေးတို့သည်လည်း ယုံကြည်အားထားမှု ရှိခြင်းနှင့်တကွဟောချွတ်လို့လွယ်ပေမည်ဟု သိမြင်တော်မူပြီးဖြစ်သည့်အတိုင်း ဆိတ်ဆိတ် နေတော်မူခြင်းဖြစ်သည်ဟုယူဆအပ်၏။

နောက်တချက် စဉ်းစားရန်မှာ သင်္ချေ၂၀- ကမ္ဘာတသိန်း ပါရမီတော်တွေဖြည့်, စွန့်ခြင်းကြီး အမျိုးမျိုးနှင့် ဒုက္ကရစရိယာတွေကျင့်လာခဲ့ခြင်းသည် အဘယ့်ကြောင့်ပါနည်းဟူသော်—

(၁) ဗုဒ္ဓတ္တစရိယံ, (၂)ညာတတ္ထစရိယံ, (၃) လောကတ္ထစရိယံ—

တည်းဟူသော ငါဘုရားဖြစ်အောင်ကျင့်မည်၊ ဘုရားဖြစ်တော်မူမှ ဆွေတော်မျိုးတော်အကျိုး၄ါ ဆောင်ရွက်

ကယ်တင်မည်၊(ဆွေတော်မျိုးတော် ဟူသည်ကား သာကီဝင်မျိုးသာမဟုတ်၊ သာသနာ့ဆွေမျိုးတွေကို ဆိုလိုသည်၊ သာကီဝင်နှင့် ဗုဒ္ဓဝင် ရှင်းတမ်းများမှာ ရှင်းခဲ့လေပြီ၊) ပြီးနောက် လောက၃-ပါးရှိ ဝေနေယျကြာသတ္တဝါအများ ကယ်တင်တော်မူမည်ဟု မူလရည်ရွယ်ရိုးရင်း နှလုံးသွင်းထားရှိတော်မူချက်ကို တွေ့ရှိသိမြင်ထားပါလျှင် သံသယ ရှိနေဘွယ်ပင်မလိုတော့လေသတည်း။

## ကောက်နုတ်ချက်နှင့်နိဂုံး

(၁) လူတော်,လူကောင်း, ပညာရှိသူတော်ကောင်း အဖြစ်နှင့် အမျိုး, ဘာသာ,သာသနာ, ကမ္ဘာသူ ကမ္ဘာသားအပေါင်းတို့အား ချီးမြှင့်စောင့်ရှောက်ကယ်တင်ပါ။

(၂) ဘာသာရေးကို ယုံကြည်လေးစားနိုင်မှု မရရှိသေးသော်မှ လူမှုရေးကိုကျပ်ပြည့် တင်းပြည့် ကျင့်သုံးလိုက်နာနိုင်အောင်လေးစားပါ"လွတ်လပ်ခွင့်"အဓိပ္ပါယ်ကိုလည်း ချာချာနာနာ ကျင့်သုံးပါ၊ သံသရာဝဋ်မှ ကျွတ်လွတ်နိုင်မှုသည် တန်းကုန်, လမ်းကုန်, အစွမ်းကုန် လွတ်လပ်မှုဟုပဋ္ဌမမှတ်သား၍ လူ့အခွင့်အရေး လွတ်လပ်မှုသည်ဒုတိယ၊ ထိုနေရာတွင် တိရစ္ဆာန်များလည်း လွတ်လပ်ခွင့် လွတ်လပ်မှု ရှိပုံကိုလည်း သိအပ်သေး၏။

တိရစ္ဆာန်သည်လည်း စား,ဝတ်,နေရေး လွတ်လပ်ခွင့်ရှိကြပုံမှာ စားကြသည့်နေရာတွင် ကြီးနိုင် ငယ်ညှဉ်း, တရားသော မတရားသော နားမလည်ဘူး၊ နိုင်ရာစား ဦးရာစား အမြီးကျက် အမြီးစား, ခေါင်းကျက်ခေါင်းစား

ကြကုန်၏၊ "ဝတ်ရေး"နှင့် ပတ်သက်လို့တော့ သဘာဝဓမ္မ ဖန်တည်းမှုအရ (ဝါ) Natural Liteerty ခေါ်သဘာဝ လွတ်လပ်ရေးအရ အရေခွံနှင့် အမွေးအတောင်မျှရှိလေ တော့ ထုံးတမ်းစဉ်လာ ဓမ္မတာအရ"အရှက် အကြောက် ရယ်လို့ အမှတ်မပြုနိုင်ရှာကြ" လုံအောင်မဖုံးနိုင်ကြ၍ လံကွတ်တီကလေးမျှနှင့် မလုံ့တလုံ ဖုံးကွယ်ထုပ်ပိုးထား ရသော လူရိုင်းများထက်ပင်လွတ်လပ်စွာ ကိုယ်လုံးတည်း ကိုယ်လုံးပေါ်အတိုင်းနေကြရရှာလေသည်။

"တိရစ္ဆာန်၏ လွတ်လပ်စွာနေရေး" ဆိုဒါကတော့ တိရစ္ဆာန်လို့ နာမပညတ် တတ်၍ ခေါ်တွင် ရခြင်းမှာ ကုသိုလ်မှန်း, အကုသိုလ်မှန်းလဲမသိ၊ ကုသိုလ်ရယ်လို့လဲ မလုပ်တတ်၊ သနားသဖြင့်နဲ့ ကရုဏာ သက်သူများက ကုသိုလ်အဘို့ဘာဂ ဝေမျှပေးတာတောင် လက်မခံတတ်၊ ရအောင်မယူတတ်ရှာ၊ သူတို့ရဲ့ထာဝရ လုပ်ငန်းကတော့ စားခြင်း, အိပ်ခြင်း,မေထုန်မှီဝဲခြင်းဆိုတဲ့ တိရစ္ဆာန်စည်း မျဉ်းအရ အဲသည်တရား ၃-ပါးသာ ရှိသော သိသော သတ္တဝါဖြစ်လို့ တိရစ္ဆာန်ဟု ခေါ်ရကာ သူ့ဘဝနှင့်သူ ပျော်ပိုက်နှစ်ခြိုက်စွာပင် နေထိုင်ကြလေသည်။

သူတို့၏ ဘာသာဘာဝ နေထိုင်ကြသည် မှာလည်း လူရှေ့သော, သူရှေ့သော၊ တော်၏သော, မတော်၏သော၊ ရှက်စရာသော, ကြောက်စရာသော၊တရားသော,မတရား သော၊အမှတ်မရှိ အမှတ်မထား အမှတ်မပြုမူ၍ ကာယ ကံအားဖြင့်လဲ ထင်သလိုပြု၏၊ ဝစီကံအားဖြင့်လဲ ထင်သ လို အော်ဟစ်ဆူညံ ဟိန်းဟောက်ကြ၏၊ မနောကံအားဖြင့်

လဲ ''ငရဲနှင့် တိရစ္ဆာန်, တိရစ္ဆာန်နှင့်ငရဲ'' ဆိုတာလို အပါယ်လေးပါးရောက်ဘို့ ကျင်လည်ဘို့လောက် တလစပ် အာရုံပြုနေလုံးသွင်း နေရှာကြတော့၏၊ ထိုကဲ့သို့တိရစ္ဆာန်၏ လွတ်လပ်မှု သဘာဝ ခြားနားတည်ရှိပုံကိုလည်း သိအပ်လေသေး၏။

(၃) စီးပွားရေး– အလေးစဉ်းလဲ, တောင်းစဉ်းလဲ မလုပ်နှင့်၊ သဲထိုး, ရေထိုး, အခွံထိုး, အဖုံးထိုးမလုပ်နှင့်၊ ငါ့လက်ကလွတ်ရင် ပြီးရောသဘောမထားနှင့်၊ ခေါင်းပုံမဖြတ်နှင့်၊ ဈေးညှိနှိမ့်မခုးနှင့်၊ (အမြတ်ကြီးမစားနှင့်၊) တဆင့်မှတဆင့် ထိုက်တန်သလောက်အမြတ်နှင့် ကျေနပ်၊ ပင်ရင်းနှင့် တဆင့်ဝယ်ရောင်းတို့သည် တရားသဖြင့်အပေးအယူ မျှတမှုနှင့် စားသုံးသူအားလည်း သက်ညှာမှု သဘောထားလုပ်၊ (စားတော့ အများ၊ ခံရတော့ကိုယ် တယောက်ထည်း။)

(၄) အာရောဂျံ ပရမံ လာဘံ–ကျန်းမာမှုသည် လာဘ်ကြီးတခု၊ ဘယ်လောက်ပင် ပစ္စည်းချမ်းသာ, ပညာဂုဏ်ရှိသော်လည်း မကျန်းမမာ၍ချည်းသာနေရလျှင် ထိုပစ္စည်းဥစ္စာပညာသည် တန်ဘိုးမရှိနိုင်၊ ကျန်းမာရန် သတိပြုအပ်သည်မှာ- လေကောင်း လေသန့် များများရအောင်ရှူ၊ ရေကောင်းရေသန့်နှင့် ကြိုချက်သောက်၊ ရာသီဥတုကိုကြည့်၍ ရေမှန်မှန်ချိုး၊ အစားမှန်မှန်စား၊ အစာကြေစွာမျှတစွာစား၊ ပေါက်ပန်းဈေးမစားနှင့်၊ အဝတ်သန့်ရှင်းမှု, အအိပ်အနေသန့်ရှင်းမှုဂရုပြု၊ အေးသောအချိန်များမှာ လမ်းလျှောက်ပေး၊ ကိုယ်လက်လှုပ်ရှားပေး၊ အပန်းဖြေမှု,စိတ်ရွှင်မှုတို့သည်လည်း အလွန်အရေးပါ၏။

(၅) ပညာ—တတ်ကျောင်းတတ်ရာဟူသမျှ၊ကြားမြင်သုတရှိပါစေ၊ အိုးအိမ်တည်ထောင် ဝမ်းစာရေးနှင့်၊အသက်မွေးဘို့ အတတ်သင်လေ၊ လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို၊ ကောင်းစွာသင်ကြားနားလည်စေ၊ မှန်ကန်ယဉ်ကျေး၊ ချိုသာအေး၊ ဆိုရေးတတ်ပါစေ၊ "မင်္ဂလာတရားတော်များမှ တပုဒ်မျှသောအဆုံးအမ။

အထက်ပါ စကားအရ နှုတ်မှုပညာ, လက်မှုပညာ, စက်မှုပညာ,စိတ်မှုပညာ မည်သည့်ပညာရပ်မဆို ဒေသန္တရ,ဘာသန္တရဗဟုသုတရအောင် ဆည်းပူးပါ၊ "ဘာသာရေးအခြေခံ ကိုယ်ကျင့်တရား မပျက်စီးစေနှင့်"။

(၆) နိုင်ငံရေး—မိမိတို့တိုင်းပြည်, လူမျိုး, ဘာသာ, သာသနာ အခြေခံတို့နှင့်တကွ အများပြည်သူ လူရှင်အပေါင်းတို့နှင့် မဆန့်ကျင်သော ပြည်သူလူထု ဆန္ဒအရမှ ဆင်းသက်လာသော ယခုလက်ရှိသမတနိုင်ငံတော် အဖြစ်ပြဋ္ဌာန်းအတည်ပြုပြီး စည်းမျဉ်းစည်းကမ်းများအရ တိကျပြတ်သားစွာ တာဝန်နှင့် ဝတ္တရားတို့ကိုအသီးအသီး ရှိသေလေးစားနိုင်မှုတို့ကို ရေးသားဖော်ပြခဲ့လေပြီ။

လောကဓမ္မ ၂-ဌာနရည်ညွှန်း၍ လိုက်နာနိုင်ခွင့် ကျင့်စဉ်အတိုချုပ်ကား—

(၁) မတရားသော စည်းစိမ်ဥစ္စာကို အပြစ်မြင်၍ အလိုမရှိပါနှင့် လက်မခံ,အားမပေးပါနှင့်။

(၂) မတရားသဖြင့် ရှာမှီးရရှိအပ်သောဂုဏ်ကို မလိုချင်ပါနှင့်။

(၃) ရသမျှ, ထိုက်တန်သမျှနှင့် တင်းတိမ်ရောင့်ရဲပါ။

(၄) ဝတ်, စား, နေရေးတို့၌ အစစ စည်းကမ်းထား၍ ခြိုးခြံစွာကျင့်ပါ။

(၅) မပြောပလောက်သော အပြစ်ကြီးငယ်နှင့် မှားယွင်းခြင်းတို့ကို သဘောထားကြီးကြီးနှင့် သည်းခံပါ၊ လမ်းမှန်သို့ရောက်နိုင်သည့်နည်းနှင့် ပို့ပေးပါ။

(၆) သဘာဝဓမ္မဉာဏ်ကို အချိန်ရတိုင်းဆွေးနွေးပါ။

(၇) တဘဝ တနပ်စာဖြစ်သော လောက၏စည်းစိမ်ချမ်းသာ ထင်မှတ်သမျှတို့သည် တကယ်ချမ်းသာမှု, အစဉ်ချမ်းသာမှုသို့ မဆောင်နိုင်သော "ဒုက္ခအမှန်တွေ" မလွဲသာ၍လုပ်ကိုင်နေရသော ဘုံဆိုင်တရားတွေမှန်း သိသာပေါ်လွင်လာအောင်တွေးပါ၊ ကြံပါ၊ ဉာဏ်သွင်းကြည့်ပါ၊ တကယ်သိက တကယ့်ချမ်းသာအစစ် တွေ့ရှိပါအံ့သတည်း။

[ဆင်လိုက်ရာမှာ ဝါကြီး ဝါငယ်မရွေးကြပါနှင့်၊ ကိုယ့်ဝန်ကိုယ်ထမ်း၍ ကိုယ့်လမ်းကိုယ်မြန်းကြရမည်ကို အစဉ်သတိပြုပါ။]

---

## စာရေးသူ၏အကျိုးအမြွက်

ဤင်းစာမူကို ရောင်းစားစီးပွားရှာရန်လည်း မရည်ရွယ်ပါ၊အကယ်၍များ အကြောင်းအားလျော်စွာ ပေါ်ပေါက်ရရှိလာသည့်တိုင် သာသနာတော်မြတ်၏ အလှူငွေသာဖြစ်စေရမည်ဟု အဓိဋ္ဌာန်ပြုပါ၏၊ ထင်ပေါ်ကျော်စောစေလိုသော ဆန္ဒလည်းမထားရှိ၊ တကယ့်စေတနာ, မေတ္တာ, ကရုဏာအရင်းခံနှင့် ဤကဲ့သို့ကမ္ဘာနှင့်အဝှမ်း ဘဝတူလူ

သားတို့၏ လမ်းစစ်လမ်းမှန်, လမ်းစ-လယ်-ဆုံး ဆင်ခြင်နိုင်ခွင့်, ယုံကြည်နိုင်ခွင့်ရရှိကြ၍ အချိန်မှီ ကျင့်သုံးခံစားခွင့်ရရှိနိုင်ကြသူ ထွက်ပေါ်သမျှ အမြတ်ထားကာ ဓမ္မဒါနအဖြစ်ငှင်း၊ ထိုသို့ရေးသားပြုစုရသော ကုသိုလ်စေတနာကြောင့် ယခုကဲ့သို့ပင် တကယ်ကောင်းကျိုးချမ်းသာ ရရာရကြောင်း လမ်းကောင်းလမ်းမှန်တို့ကို အတ္တဟိတ, ပရဟိတ အကျိုး ၂-ပါးတို့ ချောမောပြေပြစ်အောင်မြင်စွာဆောင်ရွက်နိုင်၍ "တကယ့်ထာဝစဉ်အေးငြိမ်းရာ လွတ်လပ်ချမ်းသာရာသို့" မျက်မှောက်ပြုကြရပါစေသော်။

၁၃၁၇-ခု ကဆုန်လဆန်း ၈-ရက် သောကြာနေ့တွင်
ကျမ်း၏ပြီးဆုံးခြင်းသို့ရောက်၏။

**ဗွယ်စုံအလင်းကျမ်းပြီးပြီ။**

# ပထမ္မာဝါဒရှင်းတမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမ

အတွင်းလောက, အပြင်လောကဟု ဆိုအပ်သော လောကသုံးပါးတို့ကို အကြောင်းအကျိုး, အကောင်းအဆိုးနှင့်တကွ ဆရာမကူ သယမ္ဘူဉာဏ်တော်ဖြင့် ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်စင်အောင် သိမြင်တော် မူပြီးသည်၏ အခြားမဲ့၌သတ္တဝါမကြွင်းဝေနေယျခပင်းတို့ကိုဝဋ္ဋဒုက္ခဘေး အပေါင်းတို့မှ ကယ်တင် ထုတ်ဆောင်တော်မူပါပေသော ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အဆုံးအမ (သာသနာတော်) ကို ဦးထိပ်ရွက်ပန်ဆင်ကာ သဘာဝဓမ္မ ယထာဘူတကျ ဤကမ္ဘာချင်းရာ"ပထမ္မာဝါဒရှင်းတမ်း"ကို ပညာရှိသူခမိန် အများနှင့်တကွ ခေတ်ပညာလိုက်စား ကျောင်းတော်သူ, ကျောင်းတော်သားများပါမကျန် ဝေဖန်သုံးသပ် နှိုင်းချိန်နိုင်ကြပါစေရန် အမျိုး, ဘာသာ, သာသနာစိတ်ရှေ့ရှု၍ တင်ဆက်အပ်ပါသည်၊ တကယ့်ငြိမ်းချမ်းရေးပန်းတိုင်သို့ ရောက်ရှိနိုင်ကြောင်း ဉာဏ်သစ်ပြောင်း,ဉာဏ်သစ်လောင်း နိုင်ကြပါစေသတည်း။

[သညာသိမှတ်ထိုက်၏၊ ပညာသိတတ်ထိုက်၏၊ မိမိကိုယ် ကိုမိမိ လှည့်စားခံနေရသော ဝိညာဏ်သိ-သတ်ထိုက်၏။]

# အပြင်နိဒါန်း

ပရမတ္ထဒီပနီဋီကာကြီး, နိရုတ္တိဒီပနီကျမ်းကြီး အစရှိသော မာဂဓဘာသာဖြင့် စီရင်အပ်သော ကျမ်းပေါင်းများစွာ ဗောဓိပက္ခိယဒီပနီ, ကမ္မဋ္ဌာနဒီပနီ, ဘာဝနာဒီပနီ, အနတ္တဒီပနီ အစရှိသည့် မြန်မာဘာသာဖြင့်စီရင်အပ်သော ကျမ်းပေါင်းများစွာ၊ ပရမတ္ထသံခိပ်, သဒ္ဒသံခိပ်, ဝိနယသံခိပ် အစရှိသောသံခိပ်ကျမ်းများ၊ ပဋိစ္စသမုပ္ပါဒ်လင်္ကာအစရှိသော ကဗျာလင်္ကာကျမ်းများ၊ ဤသို့လျှင် ပါဠိ, မြန်မာကျမ်းပေါင်းများစွာကို ပြုတော်မူသဖြင့် ဗဟုဂန္ထကာရကပုဂ္ဂိုလ်ကြီးတဆူဖြစ်တော်မူသော ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးသည်—

> "ယခုအခါသာသနာတော်မှာ ဝါဒ အမျိုးမျိုး ရှုပ်ထွေးလျက် မိမိတို့စိတ်သန်ရာ ထင်မြင်ပြောဆိုလျက်ရှိနေကြရာ သာသနာတော်ကြီး တဝက်နီးမှာပင် ဝါဒအမျိုးမျိုး ရှုပ်ထွေး၍နေချေပြီ၊ နောင်အခါ သာ၍ပင်ရှုပ်ထွေးရန် အကြောင်းရှိချေ၏၊ ငါသည် သာသနာတော်ကြီး၏ဝန်ကို အားသွန်ကြိုးပန်း ထမ်းရွက်သည်ပိုးခဲ့သည်အားလျော်စွာ ဗုဒ္ဓဘာသာနှင့်စပ်လျဉ်းသော ရှုပ်ထွေးမှုများကို တတ်စွမ်းသမျှ အမှန်သို့ကျအောင် ရှင်းလင်းခဲ့မှ တော်ပေမည်"—

ဟု ရည်ရွယ်ရိုးရင်း နှလုံးသွင်းအားဖြင့် သက်တော်ထင်ရှားရှိတော်မူစဉ်—

(၁) အကြင်သို့သော မြန်မာ့ခရိုင်နိုင်ငံအရပ်ရပ်သို့ ဒေသစာရီကြွချီတော်မူရာတွင် လျှောက်လာသမျှ ပုဏ္ဏာအရပ်ရပ်တို့ကိုရင်း,

(၂) ရဟန်းရှင်လူ ခပ်သိမ်းသူတို့၏ အယူဝါဒယုံမှားကြသော ပသက်များစွာ ပြဿနာတို့ကိုရင်း,

(၃) မြေခြား, ရေခြား တိုင်းတပါးက ထူးခြားလှစွာ ခဲယဉ်းလှသော ဝိဝါဒါဓိကရုဏ်း, ဖြေဆိုးနက်နဲခက်ခဲစွာသော အဲ့ဘွယ်ရှိသော ဝိသေသပဥှာပြဿနာတို့ကိုရင်း,

(၄) ဘာသာမတူ မြေးထူအဝိဇ္ဇာ ဝိတ်ဆီးကာသော မဟာတမ လူ့အန္ဓတို့က သဗ္ဗညုတသခင် ဘုရားရှင်ကို အတင်တင် စွပ်စွဲ၍ အနဲ့နဲ့ ပုတ်ခတ်သော အရပ်ရပ် ပုဏ္ဏာတို့ကို ဖြေဆိုရာ အခဏ်းခဏ်းတို့ဖြင့်ရင်း,

(၅) ဗုဒ္ဓဘုရားထင်ရှားရှိစဉ် မာန်လွင်တံခွန် ကဲကဲ့ချွန်သော လူလွန်သစ္စက ပမာဏသို့ ဒုဗ္ဗစသတ္တဝါလူမသမာတို့၏ အဖြာဖြာသော မေးခွန်းတို့ကို ရွှန်းရွှန်းဝေအောင် ဖြေကြားတော်မူခြင်း တည်းဟူသော (ပုဏ္ဏာအရပ်ရပ်)တို့ဖြင့်ရင်း,

(၆) ဥရောပရဋ္ဌာန်,အင်္ဂလန်တိုင်းသူ သမိုင်းထူလောက်သော "မစ္စစ်ဒေးဗစ်" ခေါ် ပါဠိဒေဝီဆရာမကြီး၏ အနည်းနည်း အ၀၀ ခဏာခဲဘ မေးမြန်းဖြေကြားအပ်သော အဘိဓမ္မတ္ထအရာ များစွာသော ခက်ဆစ် ပုဏ္ဏာအပေါင်းတို့ကိုရင်း။

ဗုဒ္ဓသာသနာတော်၌ အသိအမြင် ဗဟုသုတနည်းပါး သော သူတို့သည် ဝါဒအထူးအထွေ ဖြစ်ပေါ်လာလျှင် ဆန့်ကျင်ရန်,နှိုင်းဆရန် အခြေခံမရှိကြသဖြင့် လွယ်ကူစွာ လိုက်နာ ယုံကြည်တတ်ကြခြင်း,"ပုဂ္ဂိုလ် ကြည်ညိုမှ တရား ကိုကြည်ညို" ဆိုသော စကားအတိုင်း မိမိတို့ ကြည်ညိုယုံ ကြည်ထားသော ပုဂ္ဂိုလ်တဦးဦးက စတင်တည်ထောင်၍ ဝါဒအထူးအထွေ ဟောပြောသောအခါ ထိုဟောပြော သောအချက်အတိုင်းပင် ယုံကြည်စွဲမြဲစွာနှင့် မိမိတို့ကပါ ထောက်ခံအားပေး၍ ဆိုင်ရာအသင်းအဖွဲ့သို့ ဆွဲဆောင် တတ်ကြကုန်၏၊ ဤသို့ဖြစ်ခြင်းမှာ မှန်ကန်သော သာသနာ တော်ကြီး အားနည်းကြောင်းပင်ဖြစ်လေသည်။

ဤသဘော အချက်များကို နက်နဲစွာ ရှုမျှော်တော်မူ လျက် ဗုဒ္ဓသာသနာတော်ကြီးကို စောင့်ရှောက်ခြင်း,သုတ် သင်ရှင်းလင်းခြင်း သဘောအားဖြင့် ရေးသား ပြုစုတော် မူခဲ့သော "သာသနာ့ဝိသောဓနီကျမ်း" လာ အချက်များ ကို မှီတည် ကိုးကား၍ ဤကမ္ဘာ့ခြင်းရာ ပထဝီဝိဝါဒ ရှင်းတမ်း ကို ရေးသားဖော်ပြမည် ဖြစ်ပါသတည်း။

## အတွင်းနိဒါန်း

### စာ, ပေ, သမိုင်း, သိပ္ပံ

(၁) "စာ" ဆိုသည်မှာ- အက္ခရာ သင်္ကေတ အမှတ်အသား စာလုံးအက္ခရာမပေါ်မီ ရှေးအီဂျစ်ခေတ်က သစ်ရွက်များပေါ်တွင် အရုပ်နှင့် ဖော်ပြရေးသားကာ စာပေသဘော အသုံးပြုခဲ့ကြသေး၏၊ "စာ" ဟူသော အက္ခရာအမှတ်အသားသည် မိမိမိမိတို့၏ အမျိုး ဘာသာအလျောက် ယုံကြည်မှု အယူအဆ ဝါဒအခြေခံ တွေးတော ကြံဆချက်, လိုလားသိမ်းပိုက်ချက် အကြောင်းအရာ အမှတ်သညာများကို တိမ်ကော ပျောက်ပျက် မသွားစေရန် အရှည်တည်ရန် မိမိ သူတပါး နောင်လာနောက်သားများအတွက် ရေးသား တည်ဆောက်ထားချက်ဖြစ်လေသည်။

(၂) "ပေ" ဆိုသည်မှာ-ထိုအက္ခရာ သင်္ကေတများ ရေးမှတ်ထားသည့် (ခေတ်အားလျော်စွာ) ကျောက်ထက်မတင်မီ, စာရွက်စက္ကူထက်သို့မတင်မီ ပေအပင်မှခူးယူပြုပြင်ထားသည့်ပေဖူးပေရွက်"ပေထက်အက္ခရာ" ကို သာသနာနှစ် ၄၅၀-ပြည့် သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်းလက်ထက် စတုတ္ထ သံဂါယနာတွင် စတင် အသုံးပြုခဲ့လေသည်၊ "ကျောက်ထက် အက္ခရာ ကိုကား သာသနာ သက္ကရာဇ် ၂၄၁၂+၁၅-ခု၊ ကောဇာသက္ကရာဇ် ၁၂၃၀+၃ ခုနှစ် မြန်မာနိုင်ငံ(မန္တလေးမြို့)ရတနာပုံ နေပြည်

တော် ပဌမသံဂါယနာတင် မင်းတုန်းမင်းတြားကြီး လက်ထက်တော်တွင် စတင်အသုံးပြုခဲ့လေသည်။

(၃) ''သမိုင်း''ဆိုသည်မှာ- လက်လှမ်းမီ ခေတ်ဦး ကာလမှ လူမှုရေး,နိုင်ငံရေး, စီးပွားရေး အကြောင်းအရာ အတ္တုပ္ပတ္တိများကို အဆင့်ဆင့်ရေးကူး မှတ်တမ်းတင်ထားကြသော အဖြစ်အပျက် အကြောင်းအရာများ။

(၄) ''သိပ္ပံပညာ'' ဆိုသည်မှာ- လက်တွေ့ ကိုယ်တွေ့ အစွမ်းကုန်ဉာဏ်မှီသမျှ (မှန်ပြောင်းတဆုံး) တွေ့မြင်ထိုက်သော(ရုပ်လောကရုပ်ဝါဒ)အယူ အမြင်အသိ လောကဓာတ်ပညာစသည်တို့ဖြစ်ကြ၏။

ထိုထိုသိသင့်,သိထိုက်,သိစေလိုသမျှ အကြောင်းခြင်းရာ အလုံးစုံတို့သည် မပျောက်မပျက် အရှည်တည်တံ့စေခြင်းငှါ စာပေအစရှိသည်ဖြင့် စုပေါင်းဖွဲ့စည်းထားကြကုန်၏။

## စာပေအရေးကြီးပုံ

''နှုတ်တရာ စာတကြောင်း၊ ကလောင် သွားသည် ဓါးသွားထက် ထက်သည်'' ဟူသော စကားပုံတို့ကို ထောက်ခြင်းဖြင့် စာ၏ခရီးရောက်ပုံ, အရေးပါပုံ, အရေးကြီးပုံတို့မှာ အလွန်ပေါ်လွင် လှပါပေသည်၊ စာပေသည် သိမ်မွေ့သည့်ဘက်တွင်လည်း အလွန်သိမ်မွေ့သည်နှင့်အမျှ ထက်မြက်ရာမှာလည်း သူမတူအောင် အနုမြူဗုံးထက်ပင် ကြောက်မက်ဖွယ် ကောင်းလှပါပေသည်၊ အဘယ်ကြောင့် ဆိုသော် (သံသရာပါ မှောက်ပစ် နိုင်သောကြောင့်ပင် တည်း။)

သို့သော် ရုတ်တရက် အားဖြင့် အပြစ် မမြင်နိုင်၊ အရေလည်မှ အဖတ်တွေ့နိုင်သည် ဆိုသကဲ့သို့ ဥပမာ သော်-ရေသည်ရုတ်တရက်အားဖြင့် မြေကြီးကို မဝါးနိုင် သော်လည်း ကာလရှည်လျားသော် ကျောက်ဆောင်, ကျောက်တောင်သော်မှလဲပြိုကုန်ဆုံး ဖျောက်ဖျက် ပျောက် ပျက်နိုင်လေသည်၊ ထို့ကြောင့် ကျောက်စောင်းထက် ရေစောင်းထက်ဟု ဆိုရိုးပြုကြပါပေ၏၊ ထို့အတူပင် စာ ပေသည်လည်း ကြာကြာစုးဝင်တိုက်စားဖန်များလာပါက အလေ့အလာ, အစွဲ အယူ ရင့်သန်၍ ကောင်းဘက်တွင် လည်း စာပေကြောင့်၊ ဘာသာယဉ်ကျေးမှု, လူမျိုးယဉ် ကျေးမှုစသည်ဖြင့် ကြီးကျယ်လှစွာသော ယဉ်ကျေးမှုကြီး များ တိုးတက်ဖြစ်ပေါ်လာခဲ့ဘူးသလောက် ဆိုးဘက်တွင် လည်း အရက် အကြောက် ကင်းမဲ့မှု အခြေခံနှင့်တကွ အညွန့်တုံး, အစတုံး ဖျက်ဆီး နိုင်စွမ်းရှိမှုတို့သည်ကား ရာဇဝင်သမိုင်း အဆက်ဆက်မှ မျက်မှောက် ခေတ်တိုင် အယူသည်းမှု ညစ်ပတ်မှု အမျိုးမျိုးတို့က သက်သေခံလျက် ပင်ရှိချေတော့၏။

ထိုဖြစ်စဉ်တို့သည် သူ့ကြောင့်,ငါ့ကြောင့်ဟု ကြောင့် အမျိုးမျိုးတတ်ကာ ပုဂ္ဂိုလ်အနေအားဖြင့် တဦးကိုတဦး မျက်မြင်သဘောတရားအရ စွပ်စွဲကောင်း စွပ်စွဲကြမည် ပင်ဖြစ်သော်လည်း အမှန်မှုချအားဖြင့် မူလမှ ဘူတဖြစ်နိုင် သကဲ့သို့ရင်း, မူလအလျောက်သာ မူလီသွင်းနိုင်ဘိသကဲ့ သို့ရင်း မူလအခြေခံ စာပေ အယူဝါဒထုံးဖွဲ့ ယုံကြည်မှုအရ ကြီးပွားဖြစ်ထွန်း ပေါ်ပေါက်လာရမှုများသာ ဖြစ်ရသည် ကို အရင်းကျကျ စိစစ်ကြည့်သူတိုင်း ယထာဘူတ သဘာဝ

ကျအောင် စစ်ဆေးကြည့်ရှုသူတိုင်း ဝန်ခံနိုင်မည်ကား မလွဲပါပေ။

### ရှေးခေတ်စာပေသမိုင်း

ထိုကဲ့သို့ စာပေ၏အရေးကြီးပုံ, ခရီးရောက်ပုံ, ထက်မြက်စူးရှပုံတို့ကို သိရှိနားလည်ပြီးကြသည့် အလျောက်နိုင်ငံနှင့် လူမျိုးကိုပါ တကယ်လောက,ဓမ္မ ၂-ခုကြီးပွားစေမည့် စာပေ၏စိစစ်ရွေးချယ်မှုသည်ကား နေရေး, သေရေးနှင့်အမျှ အရေးကြီးလှပါပေသည်၊ယခုခေတ်ကျောင်းသုံးစာအုပ်များမှ အချို့ကိုကြည့်မည်ဆိုပါက အထက်တွင်ဖော်ပြပါရှိခဲ့သော သမိုင်းနှင့် သိပ္ပံစာပေများသည်ဘတ်မကုန်နိုင်လောက်အောင် တွေ့ရှိရပါပေသည်၊ တွေ့ရှိရသလောက်လည်း ရှေးခေတ်ကမ္ဘာ့သမိုင်းမှ အီဂျစ်, ဘေဘီလုံ, ဆီးရီးယား, ဂရိ, ရောမတို့၏ ဖြစ်ပျက်စဉ်နှင့်တကွ အင်္ဂလိပ်,အမေရိကံတို့၏ သိပ္ပံပညာကျော်များ အနောက်ယဉ်ကျေးမှု, အနောက် အတွေးအခေါ် တို့ကို ခေတ်မှီဗဟုသုတအဖြစ် နက်နက်နဲနဲ ကျယ်ကျယ်ပြန့်ပြန့် တွေ့ရှိသိမှတ်ကြရပါပေ၏။

ထိုအတွေးအခေါ်အယူအဆတို့သည် ခေတ်အလျောက်နိုင်ငံရေး,စီးပွားရေးဘက်တွင် အခြေပြု၍ ဆက်စပ်စဉ်းစား အကျိုးများနိုင်စေကာမူ တခါတရံ ဘာသာရေးအခြေခံ လူမှုရေးတို့တွင်ကား လျော်ကန်သင့်မြတ်မှ သင့်မြတ်နိုင်ပေလိမ့်မည်၊ အဘယ်ကြောင့်ဆိုသော် အချို့သောကမ္ဘာ့သမိုင်းစာပေတို့တွင် မနုဿဗေဒ လူ့သဘာဝနှင့်သမိုင်းတို့ကို ဖော်ထုတ်စိစစ်ပြရာ၌ ကမ္ဘာဦးလူသည် လူတို့

မျောက်မျိုးမှ ဆင်းသက်လာဟန်ရှိသည်ဟု ဆိုလိုရပ်များ ကိုတွေ့ရှိရပေသည်၊ ၎င်းတို့၏ အကြောင်းပြချက်ကား- လူဦးနှောက်နှင့်အနီးစပ်ဆုံးတူခြင်း, ခန္ဓာကိုယ် ခြေလက် တည်ဆောက်ပုံတူခြင်းတို့ကို အကြောင်းပြကြပေသည်။

ထိုအခါမျိုး၌ ၎င်းတို့၏လက်လှမ်းမှီယူဆသော လူ့သဘာဝသမိုင်းနှင့် ဗုဒ္ဓဘာသာ၏ လူ့သဘာဝသမိုင်းတို့မှာ ကွာခြားချင်တိုင်း ကွာခြားနေကြပေသည်၊ ကွာခြားပုံအကြောင်းရင်းကို တဖန် စိစစ်ကြည့်သည်ရှိသော် ဗုဒ္ဓဝါဒသည် ကံ-ကံ၏အကျိုးယုံကြည်မှု အခြေခံရှိ၍ ကံ-ကံ၏ အကျိုးတို့ကို လက်မခံနိုင်သူတို့ အဘို့မှာကား ထာဝရဖန်ဆင်းမှုနှင့် သဘာဝဖန်တည်းမှု သက်သက်ဟူ၍ခွဲယူရင်း အခြေခံများကိုတွေ့ရှိရပေသည်၊ အယူမှန်မှ အမြင်မှန်သည်၊ အမြင်မှန်ပေါ်မှ အသိတရားမှန်ခြင်းနှင့်တကွအကျိုးပြီးစီးနိုင်ပေမည်၊ အယူမှားတခု စွဲကပ်မိပါကလည်း—

> "သတ္တဝါတယောက်၊ ယူမှားမှောက်ကို၊ သိန်းလောက်ဘုရား၊ လွန်သောအားဖြင့်၊ ဟောကြားချွေချွတ်၊ ဖြေမလွတ်ဘူး၊ အကျွတ်မရ၊ နိယတဖြင့်၊ ဝါဒအလို၊ မြေကြီးမျိုလည်း၊ ယူကိုစွန့်ဘဲ၊ အကျင့်လွဲ၍"—

ဟုပညာရှိကြီးများဆုံးမချက်အရ အသိတရားမကြွယ်ဝသေးသော ကလေးသူငယ် လူမမယ်များအတွက် စိုးရိမ်စရာဖြစ်စေပါ၏၊ မှားသည့်ဘက်နှင့် မှန်သည့်ဘက်ဟူ၍ ၂-ဘက်ရှိပေရာ လမ်းစဉ်အားဖြင့် မှန်သော ဘက်ကသာ အနိုင်ရရှိမှ သဘာဝကျပေလိမ့်မည်၊ မှန်သည့်ဘက်ကလူ

နည်းပြီး မှားသောဘက်က လူများသဖြင့် ဆင်ပေါ်ဆင်အောက် တရာနှင့် တယောက်အနေမျိုးတို့ကြောင့် အနိုင်ရရှိသွားခဲ့ပါလျှင် ထိုအနိုင်ရမှုမှာ သဘာဝ ကျပေလိမ့်မည်မဟုတ်၊ နည်းမမှန် လမ်းမမှန်သော ကိစ္စအဝဝတို့ကို အားပေးအားမြှောက်ပြုနေသမျှကာလပတ်လုံး မှန်သောတရားများအပေါ်တွင် မမှန်သောတရားများ ဖုံးလွှမ်း၍သွားပေမည်။

## ဗုဒ္ဓစာပေသမိုင်း

ယခု ကမ္ဘာ့သမိုင်းဆရာတို့၏ လူ့သဘာဝ ယူဆရိပ်ကို ပြပြီး၍ ဗုဒ္ဓဘာသာ၏ လူ့သဘာဝ သမိုင်းကို အနည်းငယ်တင်ပြလိုက်ပေသည်၊ (မှန်ပြောင်းအရာမဟုတ်သော) နာမ် ဗီဇဓာတ်ကြီးသည် အဘယ်မျှလောက် အစွမ်းသတ္တိကြီးမားသနည်းဆိုသော် (ရုပ်ဗီဇဓာတ်ကြီးသည် အသက်ဝိညာဏ်နှင့်မယှဉ်သည်ဖြစ်၍ အသက်ဝိညာဏ်ရှိသော သတ္တဝါကောင်တို့ကို ဖြစ်စေခြင်းငှါ မတတ်နိုင်)၊ နာမ်ဗီဇဓာတ်သည်မူကား အသက်ဝိညာဏ်နှင့် ယှဉ်သည်ဖြစ်၍ အသက်ဝိညာဏ်ရှိသော သတ္တဝါကောင်တို့ကို ဖြစ်စေခြင်းငှါ စွမ်းနိုင်၏၊ ကမ္ဘာအသစ် တည်ထောင်မိသောအခါ ကမ္ဘာမပျက်သော စကြဝဠာတို့မှ အချို့သော သတ္တဝါတို့သည် ကမ္ဘာသစ်အပြင်သို့ ပြောင်းရွှေ့ဖြစ်ပေါ် လာကြကုန်၏။ ထိုအခါ မိန်းမ, ယောကျ်ား ဟူ၍လည်း အထူးမရှိ၊ အမိ အဘဟူ၍လည်း မရှိသေး၊ ရှေးအခါ၌ မိမိတို့ပြုခဲ့သောကုသိုလ်ကံတို့၏အစွမ်းအားဖြင့်သာလျှင် ဥပပါတ်နတ်, သိကြား, ဗြဟ္မာ တို့ကဲ့သို့ ဖြစ်ပေါ် လာကြကုန်၏၊

နောက်အခါ၌မူကား ထိုသတ္တဝါတို့မှ လောဘ, ဒေါသ, မောဟ တရားပွါးများ၍ လာသဖြင့် မိန်းမ, ယောက်ျား ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုအခါမှစ၍ အမိအဘကို အစွဲပြုရမှ ဖြစ်ပေါ်နိုင်ကြကုန်၏၊ ထို့ကြောင့် ဘူရိဒတ်ဇာတ်ပေါင်းချုပ်၌လည်း—

"အာဘဿရာ၊ နတ်ဗြဟ္မာတို့၊ ခန္ဓာလျော ပြတ်၊ ကာမဓာတ်သို့၊ ဥပပါတ်ကာယ၊ ဖြစ်ကုန်ကြသော်၊ ကမ္ဘာဗိဒ္ဓါ၊တန်ခိုးရှိ၍၊မိမိကိုယ်ရောင်၊တပြောင်ပြောင်လည်း၊ မိုက်မှောင်ဖျောက်ပယ်၊ ကောင်းကင်လယ်၌၊ ငှက်နှယ်ဝဲပျံ၊ ကွန့်မြူးစံ၏"။

ဟု လာသည့်ကို ထောက်သော်-ထိုကမ္ဘာဦး လူတို့မှာ ဗြဟ္မာပြည်မှ ဗြဟ္မာတို့ အသက်ကုန်, ကံကုန်သောကြောင့် စုတေ၍ လူ့ပြည်၌ ဥပပါတ် ကိုယ်ထင်ဖြင့် ဖြစ်ပေါ်လာကြသည်ဟုဆို၏၊ ထိုကမ္ဘာဦးလူတို့မှာ ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းပကုန်လျက် ကောင်းကင်၌ ငှက်ကဲ့သို့ ပျံဝဲ၍မွေ့လျော်တည်နေနိုင်ကြသည်ဟု သိရ၏၊ အာဟာရအလို့ငှါ ဗြဟ္မာကဲ့သို့ ပီတိသာလျှင် အစာရှိသည်၊ ထို့နောက်မှ မြေဆီဩဇာ (ရသပထဝီ) ကိုစားကြ၍ ကိုယ်ရောင်ကွယ်ကြလေသည်။

ထိုအခါမှ နေရောင် လရောင်ပေါ်လာရသည်၊ထိုကဲ့သို့ ရသတဏှာ စွမ်းကြောင့် လောဘရမ္မက်ထူပြောလာသောအခါ သိမ်မွေ့သော လွယ်ကူသော အာဟာရများ အဆင့်ဆင့်ကွယ်ပ၍ ကြမ်းထမ်းသော အာဟာရများကို အလုပ်အလွေ့ပြုကာ၊ ခက်ခဲစွာ လုပ်ကိုင် စားသောက်လာခဲ့ကြ

ရလေတော့သည်၊ ထိုအခါမှစ၍ ယောက်ျား,မိန်းမ,အမိ, အဘ ဟူ၍ ဆင်းသက် ဆက်လက်ပေါက်ပွား လာကြလေသည်၊ ယခုဖော်ပြပါ အထောက်အထားနှင့်တကွ အကြောင်းရင်းမှန်များမှာ ကမ္ဘာကြီးတည်စကာလမှ ဖြစ်ခြင်းကြောင့် အချိန်အလွန်ကြာလေပြီ၊ သုတေသနဆရာတို့ လက်လှမ်းမှီသော ကာလမဟုတ်ချေ။

## သိပ္ပံပညာအယူအဆ

သိပ္ပံပညာသည်တို့ လေ့လာခြင်းဖြင့် ရှေးဦးလူများ အကြောင်းကို သိနိုင်သည့်ခေတ်, သမိုင်းတင်နိုင်သည့်ခေတ် ကား လူတို့တောတွင်း၌နေ၍ မယဉ်မကျေး အသိတရား ခေါင်းပါးသေးသော ကျောက်ခေတ် ကာလများသာဖြစ်လေသည်၊ သိပ္ပံပညာအယူအဆနှင့်ပင် စစ်ဆေးကြည့်ပါက ရွှေသည်ရွှေ,ကြေးသည်ကြေး, ရွှေသည်ကြေးမဖြစ်နိုင်, ကြေးသည် ရွှေမဖြစ်နိုင်သကဲ့သို့ လူသည်လူ, တိရစ္ဆာန်သည် တိရစ္ဆာန်,တဘာဝအတွင်းလူသည် တိရစ္ဆာန်မဖြစ်နိုင်,တိရစ္ဆာန်သည်လူမဖြစ်နိုင်။

အထက်ပါ ရုပ်ဗီဇ,နာမ်ဗီဇ အကြောင်းနှင့်ပတ်သက်၍ အကျယ်ကြည့်လိုပါက (လယ်တီဆရာတော် ဘုရားကြီး စီရင် ရေးသားတော်မူသော "နိယာမဒီပနီ" ဥရောပ အလင်းပြကျမ်း၌ ပညာရှိအပေါင်း ကျေနပ် လောက် အောင် ပြည့်စုံလုံလောက်သော အကြောင်း ယုတ္တိနှင့် တကွ ပါရှိလေသည်၊) ၎င်းကျမ်းသည် မြန်မာပြည်တွင် သာမက လန်ဒန်မြို့(Mis Rys David) မစ်(စ်)ရိုင်းဒေးဗစ် ဆိုသူ ဆရာမကြီးထံ ပါဠိဘာသာနှင့် ရေးသားပေးပို့

လိုက်ရာ အင်္ဂလိပ်ဘာသာပြန်ဆို၍ (Reviue) ရိပြုံးခေါ် သောသတင်းစာတွင် ဂရိတ်ဘရိတန်, အိုင်ယာလန် ဗုဒ္ဓဘာသာအသင်းကြီးက ကမ္ဘာအနှံ့ဖြန့်ဝေလျက်ရှိသည်ဟု ဘတ်ရှုဘူးလေသည်။

၁၉-ရာစုမှစ၍လောကဓာတ်သိပ္ပံသချာပညာ တို့သည်လည်း များစွာတိုးတက် ထွန်းကား လာသည့်အလျောက် ဓာတ်သဘာဝတို့၏ လျှို့ဝှက် နက်နဲစွာ ဖွဲ့စည်းတည်ဆောက်နေပုံတို့ကိုလည်း လက်လှမ်းမှီသလောက် အမြင်သစ်, အတွေ့သစ်, အသိသစ်, အကြံသစ်, ဉာဏ်သစ်မှစ၍ အမူအရာ, အသုံးအနှုံး, ဝေါဟာရစကားလုံးသစ်များပါပေါ်များကြွယ်ဝလာကြပါပေသည်၊ တွေ့ရှိသော ပစ္စည်းသစ်တို့မှာလည်း အဆန်းတကြယ် တအံ့တသြ အထင်ကြီးလောက် ဂုဏ်တက်လောက်ကြပါပေသည်၊ သို့ရာတွင် လောက၏ အတတ်ပညာ အသိအလိမ်မာမျိုးတို့သည်ကား လွှေလာကုန်ဆုံးနိုင်ကြသည် မဟုတ်သည်ကိုလည်း သိရှိထားထိုက်ပါပေသည်၊ အသုံးအနှုံးနှင့် ဝေဖန် စီစစ်မှုတို့သည်လည်း ကလ္လာခြားကာ နယ်ပယ်မကြုံးစေမူ၍ အစွန်းလွတ်စွာတွေးခေါ် ယူဆသင့်ကြလေသည်။

အချို့သောလောကဓာတ် သိပ္ပံပညာ လိုက်စားသူတို့သည် ရုပ်လောက ရုပ်ဝါဒ တဘာသာပေါ်မှ လက်တွေ့ကိုယ်တွေ့ တွေ့ရှိချက်ကိုအခြေပြုကာ သူတပါးတို့၏အမျိုးဘာသာ ယူဆချက်များကို "အယူသည်းမှု" ဟုစွပ်စွဲလှေ့ရှိကြသည်ကို မကြာမကြာ ဘတ်ရှုတွေ့မြင် ကြားသိရဘူးလေသည်၊ ဥပမာအားဖြင့်ဆိုသော်–စုန်း,နတ်,ရာဟုအသူ

ရိန်, သိကြား, ဗြဟ္မာအစရှိသော အယူအဆများဖြစ်ပေသည်၊ အမှန်သော်ကား သမုတိသစ္စာအနေဖြင့် သုံးစွဲထားချက်ဖြစ်သော ဘုံ, ပုဂ္ဂိုလ်စုံအောင် မသိမှု, ဌာနာဌာန ကောသလ္လဆိုသလို သူ့နေရာနှင့် သူ့အကြောင်းမယုံကြည်မယူဆတတ်မှု, အကြောင်းထက်အကြောင်းရင်းကုန်ဆုံးအောင် ဆိုက်အောင် မစိစစ် မသိမြင်တတ်မှုတို့ကြောင့်ပင်ဖြစ်၏။

တနည်းဆိုသော်– လောကဓာတ်မှ လောကဓာတ်ဟုလွှမ်းမိုးလိုခြင်းနှင့်တကွ မိမိတို့မယုံကြည်နိုင်, လက်မခံနိုင်သောအယူအဆဝါဒတို့ကို ချေဖျက်ဘိသကဲ့သို့ လှီးလွှဲမှုမျိုးပင်ဖြစ်၏၊ အချို့တွေ့ရှိဘူးသော လောကဓာတ်သိပ္ပံပညာရှင်တို့၏ တွေးတော မြော်ခေါ်ပုံတို့မှာ ဗုဒ္ဓဝါဒ၏အခြေခံ အဘိဓမ္မာကို တွေ့ရှိထောက်ခံသကဲ့သို့ ရှိကာအချို့အယူဝါဒ ယူဆချက်တို့မှာကား ဖီလာဆန့်ကျင်လောက်အောင် ဖတ်ရှုတွေ့ရှိဘူးပေသည်၊ ကမ္ဘာကြီးလုံးလည်လိုက် ဝါဒနှင့် နေလနက္ခတ္တဗေဒမှ ကောင်းကင်ဂြိုဟ်ကား(ဝါ) ဘုံများသို့သွားနိုင်မည့်ပုံများ, သေသူမရှိစေရ၊ သေသူပင်ပြန်ရှင်လာနိုင်မည်ကဲ့သို့ ယူဆချက်များမှာ ဉာဏ်ကြီးရှင်တို့၏ "အပေါ်စီးယူမှု"နှင့် "စီးပွားရေးကြော်ငြာ"အဖြစ် စကားကြီး စကားကျယ်များဟူ၍သာ မှတ်ထင်မိပေသည်။

သို့သော်ခြေမမြင်ရှာသောသူတို့အဘို့မှာကား ယုံကြည်ရင်းရှိသော မိမိမိမိတို့ သဘောအယူဝါဒ ကိုသော်မှချောက်ချား ဖောက်ပြားနားယောင်ဘွယ် ကောင်းလှပါပေ၏၊ မည်သို့ပင်ထင်စေကာမူ ကံ, ဉာဏ်, ဝီရိယနယ်ကြီး

တွင်ရှိနေရသမျှ သတ္တဝါတို့သည်“ကံပြုသလိုန”ကံတုတ်က မလှုပ်သာသော အချက်များလည်း ရှိပေသေးရာ ၎င်းကို အနည်းငယ် ညွှန်ပြရမည်ဆိုပါက အနုမြူဗုံးတလုံးဖြင့် လူတသိန်းကျော်ကို ဒဏ်ရာရစေ, သေကြေစေပြီး ဟီရိုရှိမာမြို့ကို ပျက်စီးစေနိုင်စွမ်းရှိသော အနုမြူဗုံးဖြစ်မြောက်ရေးအထိ ထုတ်ဖော်စီမံခဲ့နိုင်သော ကမ္ဘာကျော် သိပ္ပံပညာရှိ“အဲလ်ဗတ်ရိုင်းစတိုင်း”သည်ပင်လျှင် ဧပြီလ ၁၈-ရက်နေ့က ပရင့်စတောင်းမြို့ (အမေရိကံတွင်) သေခြင်းတရားကို မလွန်ဆန်နိုင် မတားဆီးနိုင်ခြင်းနှင့် ကွယ်လွန်ခဲ့ရလေပြီ။

(သေမျိုးတွေသာ အမှန်ဖြစ်၏၊ အနိစ္စ)(ဘဝသစ်တဖန် ဖြစ်ရဦးမည်၊ ဒုက္ခ) (သေပြီးနောက် ပြန်၍ရှင်အောင် မတတ်နိုင်၊ အနတ္တ) မျိုးတို့အမှန်သာဖြစ်ချေသည်၊ ဤသည်ကိုရှိစေဦး၊ လက်ရှိသုတေသန ပြုနိုင်ခွင့်ရှိနေသေးသူ တယောက်အတွက် ဖော်ပြရဦးမည်ဆိုပါက အလွန်သနားကြင်နာဘွယ်ကောင်းလှသော မျက်မမြင်ဘဝနှင့် စာပေပညာရှိ ကမ္ဘာသိအမေရိကံသူ “မစ္စစ်ကယ်လင်ဟဲလား” ၏ စက္ခုန္ဒြနစ်ကွင်း အလင်းရမှုကိုပင် သိပ္ပံပညာနည်းဖြင့် ပြုစုစောင့်ရှောက်စမ်းသတ်ကြည့်ရှုလိုပါသည်၊ ကုသ၍ရနိုင်ပါမည်လော၊ မရနိုင်ပါလျှင် ဘယ်ကဲ့သို့သောအကြောင်းကြောင့်ပါနည်းဟု စဉ်းစားထိုက်ပါပေသည်။

## ဗုဒ္ဓဘာသာအယူအဆ

ထိုနေရာတွင် ဗုဒ္ဓဘာသာကျမ်းဂန်အရ အနည်းငယ် ဖော်ပြထိုက်ပေသည်၊ ဗုဒ္ဓဝါဒသည် သမုတိသစ္စာနယ်

အားဖြင့်လည်း ၃၁-ဘုံ၃-လောက ကုန်စင်အောင် စီစစ် ဝေဖန်နိုင်သော အသိတရားရှိပေသည်၊ ပရမတ္ထသစ္စာ အနေနှင့်ကား ၃၁-ဘုံစလုံးကို ချုပ်ကိုင်နိုင်သော သင်္ခတ ပရမတ်နှင့်၃၁-ဘုံမှလွန်မြောက်၍လောကမှ လွတ်မြောက် ကြောင်းဖြစ်သော အသင်္ခတပရမတ်တိုင် သိရှိ လေ့ကျင့် နိုင်သည့်လမ်းစဉ်ကြီးသည် အထင်အရှား ရှိပါပေသည်၊ တနည်းအားဖြင့်—

(၁) ရုပ်လောက, နာမ်လောက, ရုပ်နာမ်လောက သဘာဝသဘောတရားများ,
(၂) ရုပ်နာမ်တို့၏ ဖြစ်ကြောင်းကုန်စင်စီစစ်တတ်သော ယထာဘူတ သဘောတရားများ,
(၃) ရုပ်နာမ်တို့၏ ချုပ်ကြောင်းကုန်စင် ယထာဘူတ အကျင့်တရားများ,
(၄) ရုပ်နာမ်, ရုပ်နာမ်ဖြစ်ကြောင်းတို့၏ကင်းပြတ်ချုပ် ငြိမ်းရာ တကယ့်လွတ်လပ်ချမ်းသာသော သင်္ခတ ဓာတ်ဟူ၍ အမှန်သဘောတရားကြီး ၄-ချက်ခေါ် သစ္စာ ၄-ပါး ဝါဒ မဇ္ဈိမပဋိပဒါတရားများ,

တဖန် ရုပ်ဓာတ် နာမ်ဓာတ်ဟူကလည်း ရုပ်ဓာတ်အမျိုးမျိုး,နာမ်ဓာတ်အမျိုးမျိုး ၎င်းတို့၏ ဖြစ်ပေါ်ဖြစ်ပျက် ကြောင်းတို့မှာလည်း (ရုပ်လောက ရုပ်ဝါဒအရကဲ့သို့ ဥတုဇရုပ်, အာဟာရဇရုပ်များ အပေါ်မျှသာမကမူ၍) ကံကြောင့်ဖြစ်သောရုပ်, စိတ်ကြောင့်ဖြစ်သောရုပ်, ဥတု ကြောင့်ဖြစ်သောရုပ်, အာဟာရကြောင့်ဖြစ်သောရုပ်ဟူ၍ အချုပ်အကိုင်အားဖြင့်၎င်း, ထိုကံ, စိတ်, ဥတု,အာဟာရ

၄-မျိုးတို့တွင်လည်း ကမ္မဇရုပ်မှ ကံအမျိုးမျိုး, စိတ္တဇရုပ်မှ စိတ်အမျိုးမျိုး, ဥတုဇရုပ်မှ ဥတုအမျိုးမျိုး, အာဟာရဇရုပ်မှ အာဟာရအမျိုးမျိုး, ဘုံ,ပုဂ္ဂိုလ်,စိတ်, ဩဠာရိက, သုခုမ, အတ္တ, အနတ္တစသည်ဖြင့် အလွန်တရာမှ သိမ်မွေ့ခက်ခဲနက်နဲ နက်ရှိုင်းကျယ်ဝန်းလှစွာရှိပါပေသည်၊ သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်မှာမူကား—

(၁) ရှေးကံဟောင်းသည်လည်း မျိုးတပါး,
(၂) အမိ,အဘတို့မှဆက်နွယ်၍လာသော ဥတုဟူသော မျိုးဓာတ်သည်လည်း မိဇမျိုးတပါး-

ဟူ၍ မျိုးဓာတ် ၂-ပါးရှိ၏၊ ထိုတွင် ကံဟောင်းဟူသော မျိုးဓာတ်သည် သတ္တဝါတို့၏သန္တာန်မှာ ပဓာနအင်္ဂါဖြစ်သော စိတ်ဓာတ်, စက္ခုဓာတ်, သောတဓာတ်အစရှိသော အတွင်းဓာတ်နှင့်တို့ကို ဖြစ်ပွါးစေတတ်၏၊ ဥတုဟူသောမျိုးဓာတ်သည် အဆင်းအမျိုးမျိုး သန္တာန်အမျိုးမျိုး ဖြစ်ပွားစေတတ်၏၊ ကျီးတိရစ္ဆာန်မျိုးမှ ဖြစ်ပွားသော သားသမီးအဆက်ဆက်သည် ကျီးအဆင်း, ကျီးသန္တာန်အတိုင်းသာ ဖြစ်ပွားကြရ၏၊ မျိုင်းတိရစ္ဆာန်စသည်တို့၌လည်း ထို့အတူတည်း။

ထို့ကြောင့် သေပြီးသူပြန်ရှင်ရန်ကိုအပထား၍ အတိတ်ကံကြောင့်ဖြစ်ပေါ်ပါရှိလာသည့် ပဋိသန္ဓေမှ စက္ခုအကြည်ချို့တဲ့ခဲ့သူ ဇစ္စန္ဓပုဂ္ဂိုလ်, ပဋိသန္ဓေက နားအကြည်ချို့တဲ့ခဲ့သူ ဇစ္စဗဓိရပုဂ္ဂိုလ်, ထို့အတူ နှာအကြည်ချို့တဲ့ခဲ့သူ ဇစ္စဃာနက, ဆွံ့အခဲ့သူ ဇစ္စမူဂ, အရှေ့အနောက်တောင်မြောက် ကြပ်မတ်မသိခဲ့သူ ဇစ္စဠေ, ပဋိသန္ဓေရူး-ဇစ္စုမ္မတ္တက အစ

ရှိသော အသက်ရှင်လျက်ရှိကြသည့် ကမ္မဇရုပ် အကြည်
ပျက်လာသူတို့ကို မည်သည့်သိပ္ပံပညာရှင်သည် ကုစားနိုင်
ပါအံ့နည်း၊ ဇီဝကသော်မှ မတတ်နိုင်ရာ၊ အဘယ်ကြောင့်
ဆိုသော် ကမ္မဇသည် ကံကြောင့်ဖြစ်ရ၏၊ ကံကြောင့်ပျက်ရ
၏၊ စိတ္တဇသည် စိတ်ကြောင့်ဖြစ်ရ၏၊စိတ်ကြောင့်ပျက်ရ၏၊
ဥတုဇသည် ဥတုကြောင့်ဖြစ်ရ၏၊ ဥတုကြောင့် ပျက်ရ၏၊
အာဟာရဇသည် အာဟာရကြောင့်ဖြစ်ရ၏၊ အာဟာရ
ကြောင့်ပျက်ရရိုး အမှန်ဖြစ်ခြင်းတို့ကြောင့်ပါပေတည်း။

**သဘာဝဓမ္မ**

တနည်းအချုပ်အားဖြင့်-အခြေပါဒ သဘာဝခေတ်ရင်း
စုအားဖြင့်—

(၁)စက္ခုဓာတ် (၂)သောတဓာတ် (၃)ဃာနဓာတ်
(၄)ဇိဝှါဓာတ် (၅)ကာယဓာတ် (၁) ရူပဓာတ်
(၂) သဒ္ဒဓာတ် (၃) ဂန္ဓဓာတ် (၄) ရသဓာတ် (၅)
ဖောဋ္ဌဗ္ဗဓာတ် (၁) စက္ခုဝိညာဏဓာတ် (၂) သောတ
ဝိညာဏဓာတ် (၃) ဃာနဝိညာဏဓာတ် (၄) ဇိဝှါ
ဝိညာဏဓာတ် (၅) ကာယဝိညာဏဓာတ် (၁) မနော
ဓာတ် (၂) ဓမ္မဓာတ် (၃) မနောဝိညာဏဓာတ်ဟူ၍
ဓာတ်ရင်း ဓာတ်မှန် ၁၈-ပါးပင်တည်း၊ အနမတဂ္ဂသံသ
ရာဓမ္မဟူ၍လည်း ဤဓာတ် ၁၈-ပါးပင်တည်း၊ ၃၁-ဘုံ
ဟူသည်လည်း ဤဓာတ် ၁၈-ပါးပင်တည်း၊ အဘိဓမ္မာ၇-
ကျမ်းသည်လည်း ဤဓာတ် ၁၈-ပါးပင်တည်း၊ စကြဝဠာ
အနန္တဆိုသည်လည်း ဤဓာတ် ၁၈-ပါးပင်တည်း၊ သတ္တဝါ
အနန္တဆိုသည်လည်း ဤဓာတ် ၁၈-ပါးပင်တည်း။

ဤခေတ် ၁၀-ပါးသည်ပင်လျှင် အဘိဓမ္မာ ၇-ကျမ်း ဖြစ်၏၊ ဤခေတ် ၁၀-သည်ပင်လျှင် အနမတဂ္ဂ သံသရာကြီးဖြစ်၍နေ၏၊ ၃၁-ဘုံဖြစ်၍နေ၏၊ စကြဝဠာအနန္တတွေ ဖြစ်၍နေ၏၊ သတ္တဝါအနန္တတွေ ဖြစ်၍နေ၏၊ ပုထုဇဉ်သတ္တဝါတွေ ဖြစ်၍နေ၏၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ, ပစ္စေကဗုဒ္ဓါ, သဗ္ဗညုမြတ်စွာဘုရားတွေဖြစ်ရ၏၊ မုချဆတ်ဆတ်အားဖြင့် "ဤခေတ် ၁၀-ပါးကိုလွတ်၍ အကျူမြူမျှ သဘာဝဟူ၍မရှိပြီ၊"။

ဤကား-အတိတ်- အနာဂတ်သံသရာ, ကမ္ဘာအနန္တ, စကြဝဠာအနန္တ, သတ္တဝါအနန္တ, သင်္ခါရအနန္တ, ဓမ္မအနန္တ-တို့ကို သဗ္ဗညုတဉာဏ်တော်ဖြင့် ညက်စွာထောင်းထုအမှုန့်ပြု၍ သတ္တုချတော်မူသောအခါ အမှန်မရှိသောခေတ်သားသတ္တု ဓမ္မစုပေတည်း။

ဥပမာကား- ယူဇနာပေါင်း ရှစ်သောင်းလေးထောင် ၂-ပြန်ဆောင်သော မြင့်မိုရ်တောင်ကြီးကို ဉာဏ်မီးမှာချ သတ္တုရအောင်ထုတ်ယူခဲ့လျှင် မြေခေတ်-၁, ရေခေတ်-၁, မီးခေတ်-၁,လေခေတ်-၁,အဆင်းခေတ်-၁,အနံ့ခေတ်-၁, ရသခေတ်-၁, သြဇာခေတ်-၁, ဤခေတ်မှန်ခေတ်စစ် ၈-ပါးသာ အသားတင်ရ၏၊ စကြဝဠာတောင်ကြီး, မဟာပထဝီမြေကြီးတို့မှာလည်း ထိုနည်းအတူပင် ယခုရှိသော မြင့်မိုရ်, စကြဝဠာ, မဟာပထဝီမြေကြီးမှာကဲ့သို့ ထိုအတူ အနမတဂ္ဂသံသရာမှာ ရှိဘူးသမျှ, ရှိလတ္တံ့သမျှသော မြင့်မိုရ်, စကြဝဠာ, မဟာပထဝီမြေကြီးဟူသမျှမှာလည်း ထိုနည်းအတူ ခေတ် ၈-ပါးသာ သတ္တုအသားမှန်၏၊ဉာဏ်တည်းဟူသော လှော်အိုးမိုက်လုံမှာချ၍ မီးကုန် ကျိုချက်

သည်ရှိသော် အဟုတ်အမှန်ရှိရင်းဖြစ်သော ထိုခေတ် ၁၈-ပါးသော အသားတင်တွေ့မြင်ရ၏၊ ပုဂ္ဂိုလ်, သတ္တဝါ, ဗြဟ္မာ, နတ်, လူဟူသမျှသည် ပပျောက်၍ကုန်၏၊ မြင်းမိုရ်, စကြဝဠာ, မဟာပထဝီစုလည်း ပပျောက်၍ကုန်၏။

ထို့ကြောင့် ''သဘာဝဓမ္မနှင့်ဆိုင်သော စကားကို ပြောဆိုသောသူသည် ထိုခေတ် ၁၈-ပါးကိုလက်ကိုင်ပြု၍ ပြောဆိုတတ်မှ အဟုတ်အမှန်နေရာကျနိုင်မည်''၊ မျက်လှည့်ဆရာ ဖန်ဆင်း၍ပြသောဝတ္ထုနှင့် အလားတူသော လူ, နတ်, ဗြဟ္မာ, သတ္တဝါ, ပုဂ္ဂိုလ်ဟူသော အသဘာဝ သဏ္ဍာနပညတ် ဒြဗ်အထည်စုကို လက်ကိုင်ပြု၍ပြောခဲ့လျှင် သဘောထွေးရှုပ်၍ ယုတ္တိအဆင်ကောင်းရာကို ဟုတ်သလို မှန်သလို ထင်ရောင်ထင်မှား ပါ၍သွားတတ်သည်၊ သတိကြပ်ကြပ်မူထိုက်လှ၏။

ထို ၁၈-ရပ်သော ခေတ်စစ်ခေတ်မှန်တို့တွင် ဓမ္မခေတ်ဆိုသည်ကား စေတသိက်-၅၂, သုခုမရုပ်-၁၆, နိဗ္ဗာန်၌ ၃-မျိုးကိုဆိုသည်၊ စေတသိက် ၅၂-ခုမှာ ပညာဆိုသော ဓမ္မခေတ်ပါသည်၊ ထိုပညာသည် လောကီပညာ, လောကုတ္တရာပညာ ဟူ၍ ၂-ပါးရှိ၏၊ လောကီပညာသည် အနည်းငယ်သာ သိသောပညာ, ထို့ထက်အများသိသောပညာ, ထို့ထက်အများသိသောပညာ ဟူ၍ အဆင့်ဆင့်အားဖြင့် အသိန်းအသန်းမကများရာ၏၊ သဗ္ဗညုတဉာဏ်အဖြစ်သို့ ရောက်သောပညာသည် အကြီးဆုံးသောပညာဖြစ်၏၊ဘယ်ဟာတခုမျှ အကြွင်းအကျန်မရှိ သိနိုင်၏၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်သည် လောကုတ္တရာပညာမည်၏၊ထိုလောကုတ္တရာ

ပညာသည်ကား နိဗ္ဗာန်တခုကိုသာ အာရုံပြု၍၊ သစ္စာလေးပါး၌ ဖုံးလွှမ်းသော မောဟကို ပယ်ဖျက်ပေသည့်အတွက် သစ္စာလေးပါးကို သိနိုင်သည် ဟူ၍လည်းဆိုရ၏။

ထိုစေတသိက် ၅၂-ခုတွင် လောဘ ခေါ်သော အလိုချင်ဓာတ် တခု, ဆန္ဒခေါ်သော အလိုချင်ဓာတ် တခု ဟူ၍အလိုချင်ဓာတ် ၂-ပါးရှိ၏၊ မကောင်းသောအရာကို လိုချင်သည်ကား လောဘတည်း၊ ကောင်းသောအရာကို လိုချင်သည်ကား လောဘမဟုတ် ဆန္ဒသာတည်း၊ ဤဓာတ် ၁၀-ပါးတို့တွင် ဓမ္မဓာတ်တွင် ပါဝင်သော နိဗ္ဗာန်သည်ကား အသင်္ခတဓာတ်, နိဗ္ဗာန်မှ ကြွင်းသောဓာတ် ၁၀-ပါးစုကား သင်္ခတဓာတ်စုသာတည်း၊ ဤသင်္ခတဓာတ်စုကား ဖြစ်ချည်, ပျက်ချည်, ရှင်ချည်း, သေချည် အတည်မမြဲ ဘောက်လဲ ဘောက်ပြန်မှု ရှိနေသော အနိစ္စဓာတ်စုတည်း၊ နိဗ္ဗာန်ဟူသော အသင်္ခတဓာတ် တခုသည်ကား ပျက်မှု, သေမှုမရှိသော နိစ္စဓာတ်ပေတည်း။

## ကိုယ်ပိုင်ဉာဏ်ဖြင့် နှိုင်းယှဉ်ရန်

ယခုဖော်ပြသကဲ့သို့ စောက်နေရာစောက်, ဗျက်နေရာဗျက်, သမုတိနေရာ သမုတိ, ပရမတ္ထနေရာ ပရမတ္ထ, အကြောင်းအကျိုး, အကောင်းအဆိုးစသည်တို့ဖြင့် နက်နက်နဲနဲ ကျယ်ကျယ်ပြန့်ပြန့် မသိသူကိုသာ အသိမစုံသူကိုသာ အယူသည်းသူ,တယူသန်သူ,မိမိအယူတခုမှ မိမိအယူဟု လိပ်ခဲတင်းတင်း ဆုပ်ကိုင်းထားသူဟု ခေါ်ဆိုထိုက်ကြပေသည်၊ စဉ်းစားထိုက်ကြလေသည်၊အင်္ဂလိပ်စွယ်စုံကျမ်း, အမေရိကံ စွယ်စုံကျမ်းတို့တွင်လည်း စိတ်ညှို့ပညာနှင့်

ပတ်သက်၍ စုန်း,ကဝေ, တစ္ဆေစသည့် သမုတိ ဝေါဟာရ ပေါရာဏတို့ကို လက်ခံလေ့လာကြသည်ကို တွေ့ရှိဘူးလေသည်။

ထို့ကြောင့် နတ်,သိကြား,ဗြဟ္မာ,ဘုန်း,ကံ အကြောင်း ရေးသားပြောဟော ခြင်း၊ လုံးလည်လိုက်နေသော ကမ္ဘာကြီးအကြောင်း မကြိုက်နိုင် လက်မခံနိုင်ခြင်းနှင့်၊ "အယူသည်းမှု"ဟူ၍(ပေါက်ကတဝါကြီးခြင်း)နှင့်(အရိုးပေါ် အရွက်ဖုံးမှု) တို့ကြောင့် အမယ်ဘုတ်ကဲ့ သူ့ချည်ခင်အဖြစ်လို ယခုတိုင် ကမ္ဘာသူကမ္ဘာသားအများတို့မှာ ရှုပ်ထွေးပွေလိမ်ကာ ဘယ်ကဲ့သို့ အတိဒုက္ခ ရောက်နေကြရ,တကယ့်ငြိမ်းချမ်းရေးနှင့် ဝေးကွာနေကြရသည်တို့မှာ မဆန်းလှသကဲ့သို့ ဖြစ်နေကြလေတော့၏၊ စင်းစားသင့်ကြလေပြီ၊ ပြုပြင် ပြောင်းလဲသင့်ကြပေပြီ၊ လက်တွေ့အကျိုး ရှိမည့် လောက, ဓမ္မ အတတ်ပညာများကို လေ့လာသင်ကြားသင့်ကြပေမည်၊ သို့သော်-အစွဲအယူမမှား စေရန်အထူးသတိရှိအပ်လှပေသတည်း။

များသောအားဖြင့် လူငယ်လူရွယ်တို့သည် လောကဓာတ်သိပ္ပံပညာအရ ကမ္ဘာ,နေ,လတို့၏ အယူအဆဝါဒ အသီးသီးကို ကမ္ဘာကြီးသည် လိမ္မော်သီးကဲ့သို့ လုံးဝိုင်းသောပုံသဏ္ဍာန်ရှိ၏၊ကမ္ဘာလုံးသည်သာလျှင်လှည့်လည်၏၊ နေသည်မလှည့်မလည် နေ ကမ္ဘာ, လကမ္ဘာတို့တွင် နေသည် အကြီးဆုံး,လသည်အငယ်ဆုံး, ကမ္ဘာသည် အလယ်အလတ်ဖြစ်၏-စသည်ဖြင့်လကြပ်,နေကြပ် နေ့ညဖြစ်ပုံတွေကိုယုတ္တိ အတန်တန်နှင့် အဖန်တလဲလဲ တွေ့ဘူး, ဘတ်ဘူး,

ကြားဘူးနားဝ ရှိကြလေပြီ၊ ဗုဒ္ဓဝါဒ ဗုဒ္ဓသိပ္ပံပညာအရ စကြဝဠာ, ကမ္ဘာ, နေ, လတို့၏ အကြောင်းချင်းရာတို့ကို ကားစုံစုံလင်လင်နှင့် တွေ့ဘူးသူ ရှားပေလိမ့်မည်ဟု ထင်မြင်ယူဆချက်ရှိသည် အလျောက် နှိုင်းယှဉ်သုံးသပ်သိမှတ်နိုင်စေခြင်း အကျိုးငှါ မူလ ပဋိညာဉ်အရ စီစစ်ခဏ်း, ဝေဖန်ခဏ်း, သုံးသပ်ခဏ်းတို့ကို ကမ္ဘာစကြဝဠာ တည်နေပုံမှ အစ ရေးသားဖေါ်ပြပါအံ့။

---

## ၁။ ဗုဒ္ဓဝါဒ၏ ကမ္ဘာတည်ပုံ

### မြေထု,ရေထု,လေထု

ကမ္ဘာကြီးတို့၏ အောက်၌ ကောင်းကင်ကြီးသည်ရှိ၏၊ ထိုကောင်းကင်ကြီးကို အဇဋာကာသခေါ်သည်၊(အာကာသသည် (၁) အဇဋာကာသ (၂) ကသိဏုဂ္ဃါဋိမာကာသ (၃)ပရိစ္ဆိန္နာကာသ (၄) ရူပပရိစ္ဆေဒါကာသ ဟူ၍လေးမျိုးရှိလေသည်၊ ၎င်းကောင်းကင်ကြီး အထက်၌ လေထု လေဆိုင်ကြီးများတည်ရှိ၏၊ ၎င်းလေထု၏အထက်မှာ ရေအိုင်ကြီးများတည်ရှိ၏၊ ၎င်းရေအိုင်ထဲမှာ ကျောက်ခွက်ကြီး တသောင်းတွဲပေါင်း ဆယ်ကုဋေတည်ရှိ၏၊ တခုတခုသော ကျောက်ခွက်ထဲ၌ ယခုနှင်းနေကြသောပံသုမြေများသည် တည်ရှိကြ၏၊ ၎င်းကျောက်ခွက် အလယ်ခေါင်တည့်တည့်မှာ မြင့်မိုရ်တောင်ခေါ်သော တောင်ကြီးတခုသည် အောက်ကကျောက်သားနှင့် အခြေစပ်လျက်တည်

ကောင်းကင်ကြီးသည် အောက်အဖို့ အားဖြင့်ငင်း, ဗိလာထုတ်ချင်းအားဖြင့်ငင်း ဆုံး,စ ပိုင်းခြား ကမ်းကလ နားမရှိ၊ အနန္တကျယ်ဝန်းလေ၏၊ ထိုနေရာ၌ ပရမတ်မျက်စိ, ဓာတ်မျက်စိ, ကလျာဏ မျက်စိ ပေါက်၍ ပညတ်, သင်္ခတပရမတ်, အသင်္ခတပရမတ်၊ပညတ်အသင်္ခတ, ပရမတ် အသင်္ခတ အစရှိသည်ဖြင့် သဘောတရားတို့ကို ခြားနားနိုင်ခြင်း အချုပ်အကိုင်အားဖြင့် ရုပ်လောက, နာမ်လောကဟု ဆိုအပ်သော သင်္ခတပရမတ် အမျိုးတို့သည် ပညတ် အသင်္ခတတည်းဟူသော အာကာသကြီးထဲမှာ ပေါ်ပျက်နေရပုံတို့ကို ဉာဏ်စေစားနိုင်သူတို့အဘို့ အမြင်ရှင်း၍ သံသယ ကင်းဘွယ်အမှန်ပင် ဖြစ်သော်လည်း ဉာဏ်မစေစားနိုင်သူတို့အဘို့ အနည်းငယ် သံသယရှိတတ်သည်ကို သတိပြုစေလိုပါသည်၊ (ဤကားအမှာစကား။)

တဖန် ထိုကောင်းကင်ကြီးပေါ်၌ တည်သော လေထုကြီးသည်လည်း ဗိလာအားဖြင့် ကောင်းကင် ကျယ်ပြန့်သလောက် အနန္တကျယ်ဝန်း၏၊ အထက်နှင့်အောက်ထု ယူဇနာတိုင်းတာသော် ယူဇနာ ကိုးသိန်းခြောက်သောင်း (၉၆၀၀၀၀)ရှိ၏၊ ငင်းအထက်၌ တည်သော ရေထုကြီးသည် (ရေအိုင်ကြီးများ၏ အနက်သည်) လေထု၏ ထက်ဝက်နက်၏၊ ယူဇနာ အားဖြင့် (၉၆၀၀၀၀÷၂) = ၄၈၀၀၀၀ (လေးသိန်း ရှစ်သောင်း) နက်၏၊ ရေအိုင်ကြီးများသည် တခုနှင့်တခုလည်း ကိုးသိန်း ခြောက်သောင်း ပင်ကွာခြားကြလေသည်။

[မှတ်ချက်။ ။တယူဇနာလျှင် ၁၃-မိုင် ၅-ဖါလုံခန့်နှင့် ညီမျှလေသည်။]

## စကြဝဠာတောင်နှင့် မြင့်မိုရ်တောင်

ရေအိုင်တခုအတွင်းမှာ ကျောက်ခွက်ပေါင်းတသောင်း တွဲ ဆယ်ကုဋေ ရှိကြရာ ၎င်းကျောက်ခွက် ကြီးများ၏ သဏ္ဍာန်သည် "ဖျပ်" နှင့်ခတ်ဆင်ဆင် တူကြ၏၊ ၎င်းကို စကြဝဠာတခု လောကဓာတ် တခုဟု ခေါ်ဆို၏၊ ၎င်း ကျောက်ခွက်၏ အောက်အပြင်ကို သီလာမြေဟု ခေါ်၏၊ ထိုသီလာမြေပေါ်မှာရှိသော ရွှံမြေကို ပံသုမြေခေါ်သည်၊ ၎င်းမြေ ၂-ထပ်ပေါင်းသည် ရေထုထက်ဝက် ရှိပြန်၏၊ ထို့ကြောင့် ယူဇနာ ၄၈၀၀၀၀÷၂ = (၂၄၀၀၀၀) နှစ်သိန်းလေးသောင်းရှိသည်၊ (သီလာမြေ ၁၂၀၀၀၀+ ပံသုမြေ ၁၂၀၀၀၀။)

"ဖျပ်" နခန်းကဲ့သို့ ကျောက်ခွက်မှ ထောင်တက်လာ သောအဘို့ကို စကြဝဠာတောင်ဟု ခေါ်ဆိုသည်၊ စကြ ဝဠာအလယ်ဗဟို၌ တိုင်ကြီးများကို မြေမှာစိုက်ထားသကဲ့ သို့ ကျောက်သားနှင့် တစပ်ထည်း တည်သောတောင်မြင့် ကြီးကို (မြင့်မိုရ်) တောင်ဟု ခေါ်သည်။

## မြေရေလေထုတို့၏ယူဇနာအကွာအခြား




ထက်အောက်ဖီလာအားဖြင့်ဆုံး,စပိုင်းခြား
ကမ်းကလနားမရှိသော အာကာသကောင်းကင်ကြီး

### သောင်းတိုက်စကြဝဠာ လောကဓာတ်တခုအတွင်းမှ (ဗျပ်)နှင့် ခတ်ဆင်ဆင် တူသော ကျောက်ခွက်တခုတွင် မြင့်မိုရ်နှင့်စကြဝဠာတောင်တည်နေပုံ




မြင့်မိုရ်တောင်ကြီးသည် အလယ်၌ ဖြတ်သန်းသွားသော မျဉ်းအတိုင်း ရေတပိုင်းမြုပ်နေသည်၊ ရေထဲမှာ ယူဇနာ (၈၄၀၀၀) ရေပေါ်မှာလဲ (၈၄၀၀၀)ပင်ပေါ်နေ၏၊ ထို့ကြောင့် "ရှစ်သောင်းလေးထောင်၊ ၂-ပြန်ဆောင်၊ အခေါင် မြင့်မိုရ်တောင်"ဟု ဆိုရိုး ပြုထားလေသည်။

### တောင်စဉ် ၇-ထပ်နှင့် သီဒါသမုဒ္ဒရာ

မြင့်မိုရ်တောင်နှင့် စကြဝဠာတောင်တို့၏ ကြားတွင်လည်း(၁) ယုဂန္ဓရတောင် (၂) ဣသဓရတောင် (၃) ကရဝိကတောင်(၄)သုဒဿနတောင်(၅)နေမိန္ဓရတောင် (၆) ဝိနတကတောင် (၇) အဿကဏ္ဏတောင် ဟူ၍ တောင်စဉ် ခုနစ်ထပ်တို့သည် ဝိုင်းခြာပတ်ကာ ကရွတ်ခွေများကဲ့သို့ တထပ်ထက်တထပ် ကျယ်လျက် မြင့်မိုရ်တောင်ကိုစွပ်ခွေလျက် တောင်စဉ်များအကြားအကြား၌ သီဒါ

H 387—15 [ဟံသာဝတီ]

ရေခြားလျက် တည်ရှိကြလေသည်၊ တောင်စဉ်ခုနစ်ထပ်တို့သည်လည်း ရေထဲမှာ တပိုင်းမြုပ်လျက် ရေပေါ်မှာ တပိုင်းပေါ်နေကြသည်၊ ထိုရေကို သမုဒ္ဒရာရေခေါ်သည်။

ထိုသမုဒ္ဒရာရေသည် တောင်စဉ်ခုနစ်ခွေ အတွင်းက ခြားလျက်ရှိသောရေကို (အန္တောသမုဒ္ဒရာ) သီဒါရေဟုခေါ်သည်၊ မြင့်မိုရ်တောင်မှ စကြဝဠာတောင်ပိုင်းဆီသို့ အဆင့်ဆင့် ရှေ့ရှုတည်ကြကုန်သော တောင်စဉ် ၇-ထပ်မှ သတ္တမမြောက် အဿကဏ်တောင်ငယ်ကလေးနှင့်စကြဝဠာတောင်အတွင်း တည်ရှိသောရေကို (ဗဟိသမုဒ္ဒရာ) ခေါ်သည်၊ ထိုဗဟိသမုဒ္ဒရာရေ၏ အကျယ်ကား ယူဇနာအားဖြင့် ၃၀၉၆၉၃-ယူဇနာနှင့် ၃-ဂါဝုတ် (သုံးသိန်းကိုးထောင် ခြောက်ရာ ကိုးဆယ့်သုံးယူဇနာနှင့်သုံးဂါဝုတ်) ကျယ်၏။

## ကျွန်းကြီးလေးကျွန်း

ထိုဗဟိသမုဒ္ဒရာခေါ်သော ရေလယ်မှာ ကျွန်းကြီး ၄-ကျွန်းပေါ်လာသည်၊ အရှေ့ကျွန်းနှင့် အနောက်ကျွန်းသည် ယူဇနာ (၇၀၀၀) ခုနစ်ထောင်စီကျယ်၏၊ မြောက်ကျွန်းသည် ယူဇနာ (၈၀၀၀) ရှစ်ထောင်ကျယ်၏၊ တောင်ကျွန်းကြီးသည် ယူဇနာ (၁၀၀၀၀) တသောင်း ကျယ်၏၊ ကျွန်းကြီးတကျွန်းလျှင် ကျွန်းငယ်(၅၀၀)ငါးရာစီ ခြံရံလျက်ရှိကြ၏၊ အရှေ့ကျွန်း၏ အမည်မှာ ပုဗ္ဗဝိဒေဟ, အနောက်ကျွန်း-အပရဂေါယာန, မြောက်ကျွန်းဥတ္တရကုရု, တောင်ကျွန်း- ဇမ္ဗူဒီပ ဟူ၍ခေါ်ဆိုကြ၏။

# မြင့်မိုရ်တောင်ကို တောင်စဉ်ခုနစ်ထပ်ဝန်းရံပုံ




အရှေ့ကျွန်းပုံသဏ္ဌာန်မှာ ၈-ရက်နေ့ည လတခြမ်းပဲ့ သဏ္ဌာန်ရှိ၏၊ ထိုအရှေ့ကျွန်းသားတို့၏ မျက်နှာမှာလည်း လတခြမ်းပဲ့ သဏ္ဌာန်ရှိသည်၊ အနောက်ကျွန်း ပုံကား လပြည့်နေ့ည လဝန်းကဲ့သို့ ဝိုင်းစက်၏၊ ထိုကျွန်းသားတို့ မျက်နှာမှာလည်း ဇင်းအတိုင်းပင် ဝိုင်းစက်၏၊ မြောက် ကျွန်းပုံကား လေးထောင့်သဏ္ဌာန်ရှိ၏၊ ထိုကျွန်းသူ ကျွန်းသားတို့၏ မျက်နှာသည်လည်း ဇင်းအတိုင်းလေး ထောင့်ပင်ဖြစ်၏၊ ယခုလူတို့နေရာ တောင်ကျွန်းကား

လှည်းဦးကင်းပုံသဏ္ဍာန်ကဲ့သို့ တဘက်ကျဉ်း တဘက်ကျယ် နေ၏၊ ကျွန်းသားဖြစ်သော ကျွန်ုပ်တို့၏ မျက်နှာပုံသည် လည်း ၎င်းအတိုင်းပင် ရှိကြ၏။

သက်တမ်း (၁)ရှေးသက်-၇၀၀၊ နောက်-၅၀၀၊ မြောက်မှာ ၁၀၀၀-ထိ။

(၂) အသက် တက် ဆုတ်၊ မြမဟုတ်၊ သမုတ်ဇမ္ဗူဒိ။

ဤလက်ာအရ လေးကျွန်းအနက် သုံးကျွန်းတို့မှာ သက်တမ်းတိကျထင်ရှားစွာ တွေ့မြင်ရလေပြီ၊ ဇမ္ဗူဒိပါ တောင်ကျွန်းမှာ နေသော လူတို့ကား ကမ္ဘာဦးက အသင်္ချေ အသင်္ချေယျနေကြရ၏၊ နောက်အခါ လူတို့တရားပျက်သော ကြောင့် ဆယ်နှစ်တမ်းထိအောင် ဆုတ်၏၊ နောင်တရား စောင့်ကြပြန်သော် ဆယ်နှစ်တမ်းမှ အသင်္ချေယျတိုင်အောင် တိုးတက်ပြန်၏၊ သို့ကြောင့် အသက်မမြဲ တက်ချည် ဆုတ် ချည်ဖြစ်၏။

ရေနေ ၄၀၀၀+တောနေ ၃၀၀၀+လူနေ ၃၀၀၀ ယူဇနာ ၁၀၀၀၀-တောင်ကျွန်းကြီးသည် ပဌမပေါ်စက ယူဇနာ (တသောင်း)ပင်ရှိ၏၊ နောက်အခါ ရေပြန်မြုပ် သွားသည်မှာ ယူဇနာ ၄၀၀၀ (လေးထောင်) ဖြစ်၏၊ ဟိမဝန္တာစသော တောတောင်တွေ ဖြစ်ကုန်သည်မှာ ယူဇနာ ၃၀၀၀-(သုံးထောင်) ဖြစ်၏၊ တိုင်းကြီး, ပြည် ကြီး, မြို့,ရွာ, ဇနပုဒ် တည်၍ လူတို့နေရာ ယူဇနာကား ၃၀၀၀(သုံးထောင်)သာရှိတော့သည်။

## သစ္စာဌာနနှင့် တိုင်းကြီးသော ဌသ

| အမည် | ဗောဓိပင်မှ အကွာ | တည်ရာအရပ်မျက်နှာ |
|---|---|---|
| ဗောဓိပင် | ❋ | မဏ္ဍိုလ်မတိုက် ဗဟိုချက် |
| အနိမိသကုန်း | ၁၀-လံ (၁၂) လံ | အရှေ့မြောက် |
| ရတနာစင်္ကြံ | ၃၅-လံ (၁၂) လံ | မြောက် |
| ရတနာဃရ | အလံ ၄၀-(၁၅) လံ | အနောက်မြောက် |
| အဇပါလ | ၃၂-လံ | အရှေ့ |
| မုစလိန္ဒာအိုင် | ၃၅-လံ (၁၂) လံ | အရှေ့တောင် |
| ရာဇာယတနလင်းလွန်းပင် | ၁၅-လံ | တောင် |
| | ယူဇနာ | |
| သာဝတ္ထိ | ၃၀ | တောင် |
| ကလိင်္ဂရာဇ် | ၁၃ | ။ |
| ကောသမ္ဗီ | ၃၀ | အနောက်တောင် |
| ဋ္ဌန္ဒပတ္တနဂိုရ် | ၁၀ | ။ |
| ကောလိယ | ၃၀ | ။ |
| ကပိလဝတ် | ၃၀ | ။ |
| စမ္ပာနဂိုရ် | ၁၂ | အနောက်မြောက် |
| ဗာရာဏသီ | ၁၀ | ။ |
| ရာဇဂြိုဟ် | ၁၀ | မြောက် |
| ဝေသာလီ | ၁၀ | ။ |
| ပါဝါပြည် | ၁၀ | အရှေ့မြောက် |
| ပါဋလိပုတ် | ၁၃ | ။ |
| မိထိလာ | ၁၂ | အရှေ့ |
| စေတုတ္တရာ | ၃၀ | ။ |
| သက်ဿနဂိုရ် | ၁၂ | အရှေ့တောင် |
| တက္ကသိုလ် | ၃၀ | ။ |

ဇမ္ဗူဒိပါတောင်ကျွန်း ဘုရားရှင်ပွင့်တော်မူရာ မဇ္ဈိမ တိုက် ဗောဓိပင်ကို မူထား၍ သတ္တဌာနနှင့် (တိုင်းကြီး သောဥသ) ၁၆ ပြည်ထောင်တို့၏ တည်ရှိပုံ အရပ်မျက်နှာ အကွာအဝေးတို့ကို တဆင့် ဗဟုသုတများစေခြင်း အလို့ငှါ ဆရာတော် ဦးကောဝိဒ အရှင်သူမြတ် စီရင်ရေးသား တော်မူခဲ့သော "အဘိဓမ္မာ နေရောင်ကျမ်းမှ"ထုတ်နုတ်၍ ဖော်ပြပါသည်။

## မြင့်မိုရ်တောင်စသည်တို့၏အတိုင်းအထွာ

စကြဝဠာ၏ အလယ်မဏ္ဍိုင်သဖွယ်ဖြစ်သော မြင့်မိုရ် တောင်သည် ကျောက်သား ပကတိအားဖြင့် အရောင်မဲ့ မဲညစ်သော တောင်မဟုတ်၊ အရှေ့ဘက်က ငွေရောင်, တောင်ဘက်က မြရောင်, အနောက်ဘက်က ဖလ်ရောင်, မြောက်ဘက်က ရွှေရောင်၊ ဤအရောင် လေးမျိုးတို့ဖြင့် တဝင်းဝင်းတပြောင်ပြောင်တောက်ပသော ပဗ္ဗတ ဝိသေသ ကြီးဖြစ်၏၊ ထိုတောင်ကြီးသည် ရေပေါ်၌ ပေါ်သော အဖို့, မြုပ်သောအဖို့, အလျား,အနံ, ယုဂန္ဓိုရ်တောင် နှင့် အဝေးအကွာ၊ ဤ၅-ချက်မှာ ၈၄၀၀၀(ရှစ်သောင်း လေးထောင်)စီ အသီးသီးဖြစ်ကြ၏၊ အဝန်းယူဇနာမှာ ကား ၈၄၀၀၀+၃-၂၅၂၀၀၀ (နှစ်သိန်းငါးသောင်း နှစ်ထောင်)ဖြစ်၏။

ယုဂန္ဓိုရ်တောင် ရေမှာပေါ်ရာ, မြုပ်ရာ, အလျား, အနံ,ယုဂန္ဓိုရ်တောင်နှင့် ဤသရေတောင် နှစ်လုံးခြားက သီဒါရေအကျယ် ဤ ၅-ရပ်အကွာအဝေးကို ၈၄၀၀၀ ထက်ဝက်လျှော့၍ ၄၂၀၀၀ (လေးသောင်း နှစ်ထောင်)

ဖြစ်၏၊ ဤသို့စသည်ဖြင့် တောင်စဉ် ၇-ထပ်, သီဒါ ၇-တန် တို့ကို ထက်ဝက်လျှော့ခါ အစဉ်အဘိုင်း အကြီးအငယ်နေကြပုံကို သိမှတ်အပ်၏။

အပြင် စကြဝဠာတောင်အထု ရေမှာပေါ်ရာမြေပ်ရာ ထိုအနားရှိ ရေအနက် တောင်ကျွန်းကြီးနှင့်အဝေးအကွာ၊ ဤ ၅-ဌာနအား ၈၂၀၀၀ (ယူဇနာ ရှစ်သောင်းနှစ်ထောင်)စီကွာဝေး၏။

### မြင့်မိုရ်တောင်ကို နေ့,လတို့လှည့်လည်ပုံ

မြင့်မိုရ်တောင်နှင့် စကြဝဠာတောင် ၂-ခုတို့သည် ယူဇနာအားဖြင့် (၅၅၉၇၂၅) ငါးသိန်း ငါးသောင်း ကိုးထောင် ခုနစ်ရာ နှစ်ဆယ့်ငါးယူဇနာဝေး၏၊ ၎င်းကိုလေးပုံပုံလျှင် (၅၅၉၇၂၅÷၄)= တပုံသည် ၁၃၉၉၃၁-ယူဇနာနှင့် ၁-ဂါဝုတ်ရ၏၊ ၎င်းလေးပုံတို့တွင် မြင့်မိုရ်တောင်ဘက်ကတပုံ အတွင်းမှာလဲ နေ့,လတို့ မသွားမလာကြ၊ စကြဝဠာတောင်ဘက်က အပြင်တပုံမှာလဲ နေ့,လတို့မသွားမလာကြ၊ အလယ် ၂-ပုံအတွင်းမှာသာ နေလတို့ သွားလာကြသောကြောင့် တဖန် အလယ် ၂-ပုံအတွက်ကို ပေါင်းသော် (၂၇၉၈၆၂-ယူဇနာနှင့် ၂-ဂါဝုတ်) ရ၏၊ ၎င်းကိုတဖန် အဇ္ဇောဝီထိ, မဇ္ဈိမဝီထိ, ဗာဟိရဝီထိ ဟူ၍ ၃-လမ်းပြု၍ နေ့,လတို့သွားကြ၍ (၂၇၉၈၆၂-ယူဇနာနှင့် ၂-ဂါဝုတ်÷၃)= တလမ်းအကျယ်မှာ ၉၃၂၈၇-ယူဇနာနှင့် ၂-ဂါဝုတ်ကျယ်၏။

နေသည် တလမ်းတလမ်းမှာ လမ်းကလေးပေါင်း (၆၀)ပြု၍ တနေ့မှာ လမ်းတမျိုးပြောင်း၍ သွားသည်၊ သို့ဖြစ်၍ တလမ်း ၂-လတို့ဖြင့်သွားသည်၊ တလမ်းကို ၂-

လဆင်း, ၂-လတက်သွားသဖြင့် ၆-လဆင်း, ၆-လတက် သော် တနှစ်ဖြစ်၏၊ ဝါဆို,ဝါခေါင် ၂-လမှာ အန္တော လမ်းအထွက်အဆင်း, တော်သလင်း,သီတင်းကျွတ် ၂-လ မှာ မဇ္ဈေလမ်းအထွက်အဆင်း, တန်ဆောင်မုန်း,နတ္တော် ၂-လမှာ ဗာဟိရလမ်းအထွက်အဆင်း, ပြာသိုလ်,တပို့တွဲ ၂-လမှာ ဗာဟိရလမ်း အဝင်အတက်, တပေါင်း, တံကူး ၂-လမှာ မဇ္ဈေလမ်းအဝင်အတက်, ကဆုန်,နယုန် ၂-လ မှာ အန္တောလမ်းအဝင် အတက်၊ သို့ဖြစ်၍ နေ့တာ,ညတာ အရှည်အတိုဖြစ်ကြရသည်။

**ဗဟုသုတ**

ယခုလူတို့နေရာ ဇမ္ဗူဒိပါတောင်ကျွန်းကြီးအောက်မှာ သိဉ္စုဝ်း, ကာဠသုတ်, သံဃာတ, ရောရုဝ, မဟာရောရုဝ, တာပန, မဟာတာပန, အဝီစိ-ဟူ၍ ငရဲကြီး ၈-ထပ်တို့ သည် ပံသုမြေအတွင်းမှာ လူ့ဘုံကစ၍ ယူဇနာတသောင်း ငါးထောင် (၁၅၀၀၀)စီ ကွာခြားလျက်တည်ရှိကြ၏၊ ၁၅၀၀၀ × ၈ လီပေါင်းသော် (၁၂၀၀၀၀) တသိန်း နှစ်သောင်းပင်ဖြစ်၍ မြေလွှာ ၂-ထပ်အနက် အထက်ဖြစ် သောပံသုမြေ (၁၂၀၀၀၀)ထုအတွင်းမှာပင် မျှ၍တည် ရှိကြလေသည်။

လူတို့နေရာဇမ္ဗူဒိပါတောင်ကျွန်းကြီးပေါ်မှာ လူတို့ကို အမှီပြု၍နေကြကုန်သော တိရစ္ဆာန်တို့ကား— (၁) အခြေ မရှိသောတိရစ္ဆာန် (၂)အခြေ၂-ချောင်းရှိသောတိရစ္ဆာန် (၃) အခြေလေးချောင်းရှိသော တိရစ္ဆာန် (၄) အခြေ များစွာရှိသောတိရစ္ဆာန်၊ ဤသို့ တိရစ္ဆာန်လေးမျိုးတို့ ကား ဘုံအသီးအခြားမရှိ လူတို့ဘုံထဲမှာပင်နေကြသည်။

ဖြစ်ရာဌာနသည်ပင်ဘုံဟုမှတ်ယူကာ ခြ၏ဖြစ်ရာတောင်ပို့သည်(ခြဘုံ), လောက်၏ဖြစ်ရာမစင်သည်(လောက်ဘုံ), ငါးတို့ဖြစ်ရာရေသည် (ငါးဘုံ) ဟူ၍သိမှတ်အပ်၏၊ ပြိတ္တာ, အသူရကာယ်, နတ်ပြည် ၆-ထပ် ဗြဟ္မာဘုံ-၂၀ အားဖြင့် ၃၁-ဘုံတည်လျက်ရှိကြလေသည်၊ (ရေးလိုရင်းအကြောင်းမဟုတ်၍ အကျယ်မချဲ့လိုပြီ၊ လျစ်လျူပြုခဲ့ရတော့အံ့)။

လေးကျွန်းတမြင့်မိုရ် စကြဝဠာတခု

စကြာဝဠာကိုအပေါ်တည့်တည့်ကစီ၍ကြည့်ပုံ




မှတ်ချက်။ ,, စကြာမင်းများဖြစ်က လေးကျွန်းလုံးသို့ သွားရောက်နိုင်လေသည်။

ကျွန်းကြီး၄ ကျွန်းအနက် တောင်ကျွန်းဘက် တစိတ်ခြမ်းပြပုံ




(၁) အပြင်စကြဝဠာတောင်အထု,

(၂) ရေမှာပေါ်ရာ,

(၃) မြုပ်ရာ,

(၄) ထိုအနားရှိရေအနက်,

(၅) တောင်ကျွန်းကြီးနှင့်အဝေးအကွာ,

ဤ ၅-ဌာနကား ယူဇနာ(၁၂၀၀၀) ရှစ်သောင်းနှစ်ထောင်စီ ကွာခြားကြ၏။




လောကန္တရိက်ငရဲ

ဤကဲ့သို့ ဖော်ပြခဲ့သော စကြာဝဠာတိုက်တို့သည် တခုစီ ရေပေါ်မှာ ပေါ်နေသည်မဟုတ်၊ သံခွက်တသောင်းကို ဂဟေတွဲ၍ ရေထဲမှာချထားသကဲ့သို့ ကျောက်ခွက်ပေါင်း တသောင်း (၁၀၀၀၀) တွဲကာ ရေပေါ်မှာ တည်နေကြသည်၊ စကြာဝဠာ ၃- ခုဆိုင်ကြားမှာ သီလာမြေရှိ၏ဟုထင်ကြ၏၊ သီလာမြေမရှိ၊ ဒိုးယိုအပေါက်ကြီးသာဖြစ်သည်။

အထက်ပါ ပုံကဲ့သို့ ဆက်ကာဆက်ကာ တွဲနေသည့် စကြာဝဠာ ၃-ခု ၃-ခုတို့၏အကြား၌ အောက် စကြာဝဠာ

ခံရေတိုင်အောင် ဒိုးယိုပေါက်၍ နေရာ ၎င်းအကြား၌ လောကန္တရိက်အသုရာကြီးတို့သည် မှောင်တိုက်ကြီးထဲမှာ ခံ၍နေရသည်၊ ဘုရားလောင်းများ ဘွားသောနေ့များမှာ အလင်းရောင် တကြိမ်တခါရ၏။

ခေတ်၃-ပါး

(၁) ဤကဲ့သို့ စကြဝဠာတသောင်းတွဲကြီးတခုကို ဇာတိခေတ်ခေါ်၏၊ ဘုရားလောင်းမွေးဘွားသောအခါ စသည်တို့၌ အိုးထိမ်းစက်ကဲ့သို့ သွက်သွက်ခါအောင် တုန်လှုပ်သောကြောင့် ဇာတိခေတ်ခေါ်သည်။

(၂) နောက်ကဆိုခဲ့သော ရေအိုင်ကြီး တခုအတွင်းမှာ ဤကဲ့သို့ သောင်းတွဲပေါင်း ဆယ်ကုဋေ ဆန့်၏၊ စကြဝဠာ တခု,နှစ်ခု စသည်ဖြင့် ရေတွက်သော် ကုဋေတသိန်းရှိ၏၊ ထိုစကြဝဠာ ကုဋေတသိန်းကို အာဏာခေတ် ခေါ်သည်၊ မြတ်စွာဘုရား များ၏ ရတနသုတ်ပရိတ်စသော အာဏာတော် ပြန့်နှံ့ရာဖြစ်၍ အာဏာခေတ်ခေါ်သည်၊ ထို့ကြောင့်ယခုအခါပရိတ်ရွတ်ခါနီးမှာထိုအာဏာခေတ်၌နေကုန်သော နတ်တို့ကို ပရိတ်နာဘိတ်လို၍ "သမန္တာစက္ကဝါဠေသု" ဆိုသောဂါထာဖြင့်ဘိတ်ကြသည်။

(၃) ထိုအာဏာ ခေတ်ကား- တခုနှင့် တခု ၉-သိန်း ၆-သောင်း လေထုကြီးတွေ ခြားလျက်အာဏာခေတ်ပေါင်း အသင်္ချေယျ အနန္တပင်ရှိလေသည်၊

ထိုအာကာသခေတ်အနန္တကို (ဝိသယ) ခေတ်ခေါ်သည်၊ မြတ်စွာဘုရား၏ သဗ္ဗညုတ ဉာဏ်တော်၏ အာရုံပြုရာ ဖြစ်သောကြောင့် ဝိသယခေတ်ခေါ်သည်။

---

## ၂။ ရာဇမတ္တကျွန်းလာ ကမ္ဘာမြေကြီးပြားပုံ

ဤသို့လျှင် ကမ္ဘာစကြဝဠာ အနန္တတို့၏ တည်ရှိနေပုံ အကျဉ်းမျှပြဆိုပြီး၍ ကမ္ဘာမြေကြီးသည်မလုံး၊ ကမ္ဘာမြေကြီးသည် မလည်၊ အမြင်မှောက်သော သတ္တဝါတို့စိတ်ဓာတ်မှာသာ လုံးလည်လိုက်နေပုံကို ရာဇမတ္တကျွန်းကြီးနှင့် သူရိယသိဒ္ဓန္တကျမ်းကြီးတို့၌လာရှိသော ကမ္ဘာ၏ အခြင်းအရာများကိုဆက်လက်၍နှိုင်းယှဉ်ဖော်ပြပါဦးအံ့။

ရာဇမတ္တကျွန်းကြီး, သူရိယသိဒ္ဓန္တ ကျမ်းကြီးဟူ၍ ကျမ်းကြီး ၂- ကျမ်းရှိသည်တွင် ရာဇမတ္တကျွန်းကြီး၌ လာသော ဤကမ္ဘာ၏အခြင်းအရာကို အနည်းငယ်ပြဆိုရာ၏၊ ရှေးကမ္ဘာဦးမှ ကျမ်းဟောင်းများ, ပုရာဏ်ကျမ်းဟောင်းများနှင့် ဗုဒ္ဓဘာသာ ကျမ်းဂန်များ၌လာသော ကမ္ဘာ့အချင်းအရာ သည်ကား ဤပထဝီ မြေကြီးသည် အလုံးမဟုတ် အပြင်ကြီးအပြားကြီးသာဖြစ်၏၊ အထက်အောက် အထုယူဇနာ ၂-သိန်း၄- သောင်းရှိ၏၊ အရှေ့, အနောက်, တောင်, မြောက်အဆုံးမရှိသော အနန္တမျိုးဖြစ်၏၊ ဤမြေကြီး၏ အောက်၌ခံသော ရေပြင်ကြီးသည်လည်း အထက်အောက်အထုယူဇနာ ၄-သိန်း၈-သောင်း (၄၈၀၀၀၀) ရှိ၏၊ အရပ်လေးမျက်နှာလည်းအဆုံးမရှိ အနန္တမျိုးပင်ဖြစ်၏။

ဤရေပြင်ကြီး၏ အောက်၌ခံသော လေပြင်ကြီးသည်ကား အထုယူဇနာကိုးသိန်းခြောက်သောင်း(၉၆၀၀၀၀) ရှိ၏၊ အရပ်လေးမျက်နှာ အဆုံးမရှိ အနန္တမျိုးပင်ဖြစ်၏၊ ဤလေပြင်ကြီးအောက်၌မူကား အနန္တ ကောင်းကင်ရှိ၏၊ ထိုကောင်းကင်ကြီးသည်ကား အောက်၌လည်း အဆုံးမရှိ အနန္တမျိုးဖြစ်၏၊ လှုပ်ရှားခြင်းမရှိသော ပကတိလေတို့ဖြင့် ပြည့်လျက်ရှိ၏၊ထိုတွင်မြေကြီးပေါ်၌ လောကဓာတ်ခေါ်သော စကြဝဠာပေါင်း အနန္တသည် တည်လျက်ရှိ၏၊ တခုခုသော စကြဝဠာ၌ အရံဖြစ်သော စကြဝဠာတောင်ဝိုင်းကြီးသည် ဝန်းရံလျက်ရှိ၏၊ ထိုစကြဝဠာတောင်ဝိုင်းကြီး၏အတွင်း၌ မဟာသမုဒ္ဒရာကြီး လေးစင်းသည်တည်ရှိ၏။

ထိုစကြဝဠာ၏ အလည်တည့်တည့်၌ မြင့်မိုရ်တောင်ကြီးကို ဝန်းရံလျက် သီဒါသမုဒ္ဒရာ ခုနစ်တန့်,သတ္တရဘဏ် တောင်ဝိုင်းကြီး ခုနစ်ခုတို့သည် တည်ရှိကြကုန်၏၊ ထိုမှပြင်ဘက်၌ အရှေ့, အနောက်, တောင်, မြောက်လေးမျက်နှာတို့၌ ကျွန်းကြီး ၄-ကျွန်းတို့နှင့် ကျွန်းငယ် အများတို့သည် တည်ရှိကြကုန်၏။

[ဤကား- မဟာပထဝီမြေကြီး၏ ဆိုင်ရာ ကမ္ဘာ၏ အဆောက်အဦပေတည်း၊ ဤနေရာ၌ ကမ္ဘာလုံးရှင်းတမ်းမျှဖြစ်၍ စကြဝဠာတခုအတွင်း အကြီးဝင်သည့်ပါရှိဖော်ပြအပ်သောအထက်ကောင်းကင်ဘုံစဉ်များကို ချန်လှပ်ခဲ့ပါ၏။]

ထိုတွင် ဤကမ္ဘာမြေကြီးနှင့်တကွ စကြဝဠာတောင်, မြင့်မိုရ်တောင်, သတ္တရဘဏ်တောင်တို့သည်ကား ရွှေရှား

သွားလာခြင်းမရှိ၊ တကမ္ဘာလုံး အခိုင်အမြဲ တည်ရှိ၍နေကြကုန်၏၊ အထက်ကောင်းကင်ဘုံစုတွင် နေ, လ, ဂြိုဟ်, ကြယ်, နက္ခတ်, တာရာအပေါင်းတို့သည်ကား မြင့်မိုရ်တောင်ကို အလယ်ထား၍ တကမ္ဘာလုံး လှည့်လည်သွားလာ၍နေကြကုန်၏။

[ဤကား-ဤရာဇမတ္တဏ်ကျမ်း,ကမ္ဘာဦးကျမ်းဟောင်း, ပုရာဏ်ကျမ်းဟောင်း, ဗုဒ္ဓဘာသာကျမ်းဂန်တို့၌လာသော ကမ္ဘာ၏အကျဉ်းချုပ် စကားပေတည်း။]

---

## ၃။ သူရိယသိဒ္ဓန္တကျမ်းလာ ကမ္ဘာမြေကြီးလုံးပုံ

သူရိယသိဒ္ဓန္တကျမ်း၌လာသော ကမ္ဘာ၏ အခြင်းအရာပြဆိုခဏ်းတွင် ဤမဟာပထဝီမြေကြီးသည် အပြင်ကြီးအပြားကြီးမဟုတ်၊ လိမ္မော်သီးကဲ့သို့အလုံးကြီးသာတည်း၊ တောင်ဘက်စွန်း,မြောက်ဘက်စွန်းဟူ၍ အစွန်း၂-ဘက်ရှိ၏၊ ဝင်ရိုးစွန်း ၂-ခုခေါ်ကြ၏၊ လူသတ္တဝါ ,နွား,ကျွဲ, စသော တိရစ္ဆာန်သတ္တဝါ, သစ်ပင် တောတောင်စသော သက်ရှိ သက်မဲ့အလုံးစုံတို့သည် ထိုမဟာပထဝီမြေကြီးလုံး၌ မှီ၍နေကြရကုန်၏၊ ထိုမဟာပထဝီလုံးသည် အလွန်လျင်မြန်လှသောအဟုန်ဖြင့် လှည့်လည်လျက်တည်၏။

လည်ပုံမှာလည်း ပွတ်လည်သမားတို့၏ ပွတ်ဆွဲရာပွတ်ခုံရာ၌ပွတ်လုံးလည်သကဲ့သို့ဂုင်း,မိုင်းငင်ရာ ရက်ဖောက်ရောက်ရာတို့၌ ချည်ငင်ရက်ဖောက် ရောက်လုံးတို့၏ လည်ခြင်းကဲ့သို့ဂုင်း၊ တနေ့လျှင်တပတ်ရ၏၊ တပတ်ရလျှင်တရက်ခေါ်ရ၏၊ မြေကြီးကိုမှီ၍ နေကြကုန်သော သက်ရှိသက်မဲ့-

တို့သည်လည်း မြေကြီးလည်ရာသို့ အစဉ်လိုက်ပါ၍ နေကြရလေကုန်၏၊ နေ, လ, နက္ခတ်, တာရာတို့သည်ကား အထက်ကောင်းကင်၌ သွားလာခြင်းမရှိဘဲ အမြဲ တည်နေကြကုန်၏၊ ထိုကမ္ဘာ မြေလုံးကြီး၏ အလည်တည့်တည့် ဖြစ်မြဲ အမိုဆုံး အမောက်ဆုံးဖြစ်သော ဌာနသည် ''မေရု-မြင့်မိုရ်'' မည်၏။

(၁) ထိုကမ္ဘာမြေကြီး၏ မြောက်အစွန်းပေါ်၌ ခြောက်လပတ်လုံး နေမဝင်မူ၍ ခြောက်လပတ်လုံး နေမထွက်သောကျွန်းများလည်းရှိ၏။

(၂) ထို့အတူ သုံးလပတ်လုံး နေမဝင်မူ၍ သုံးလပတ်လုံး နေမထွက်သော ကျွန်းများ, တလ ပတ်လုံး လခွဲပတ်လုံး နေမဝင်မူ၍ တလပတ်လုံး လခွဲပတ်လုံး နေမထွက်သော ကျွန်းများလည်းရှိ၏။

(၃) စကြဝဠာတောင်, မြင့်မိုရ်တောင်, သီဒါ သမုဒ္ဒရာ ခုနစ်တန်, သတ္တရဘဏ် တောင်စဉ်ခုနစ်ထပ် ဟူ၍ ကားမရှိ။

### မေးမြန်းဘွယ်

**အမေး။** ။ဤ၌ ထိုမဟာပထဝီမြေလုံး လည်ရာသို့အစဉ် အမြဲလိုက်ပါ၍ နေကြကုန်သော သက်ရှိသက်မဲ့ ဝတ္ထုတို့သည် အောက်အနန္တ ကောင်းကင်ကြီး ထဲသို့ လွင့်စင်လွတ်ကျ၍ ကုန်ဘွယ်ရာ အလွန် ကောင်းလှ၏၊ အဘယ့်ကြောင့် လွင့်စင်ကျ၍ မကုန်ကြလေသနည်းဟူမူကား—

အဖြေ။ ။ကမ္ဘာ၏ အရှင် ဖြစ်သည့် "သက်ဿရ" အမည်ရှိသော နတ်မင်းကြီးသည်ရှိ၏၊ အနန္တ တန်ခိုးနှင့် ပြည့်စုံ၏၊ ထိုနတ်မင်းကြီးသည် မြေကြီးပေါ်၌ထိုင်၍ "သင် မြေကြီးသည် မိမိနှင့်သက်ဆိုင်သမျှ သက်ရှိ သက်မဲ့ ဝတ္ထု တို့ကို အမြဲလျှင် ဆွဲငင်၍ထားရမည်"ဟု တန်ခိုးအမိန့်ကို ပေး၍ထား၏၊ ထို့ကြောင့် မြေကြီးနှင့် စပ်ဆိုင်သမျှသော သက်ရှိသက်မဲ့ ဝတ္ထုတို့သည် မြေမှလွတ်၍ အနန္တ ကောင်း ကင်ကြီးသို့ လွင့်စင်ကျရောက်၍ သွားခြင်းမရှိကြလေကုန်။

[ဤကား-သူရိယသိဒ္ဓန္တ ကျမ်း၌လာသော ကမ္ဘာ၏ အကျဉ်းချုပ်စကားပေတည်း။]

ဤဗေဒင်ကျမ်းကြီး ၂-ကျမ်းတို့တွင် ရာဇမတ္တဏ်ကျမ်း ဆိုသည်ကား- မင်းရာဇာတို့၏ တောင်းပန်ချက်နှင့် စီရင် သောကျမ်းဆိုလိုသည်၊ သူရိယသိဒ္ဓန္တကျမ်း၌ သူရိယ ဆို သည်ကား- နေဝန်းသဏ္ဍာန်ကြီးကိုဆို၏၊ သိဒ္ဓန္တ ဆိုသည် ကား- ကမ္ဘာသူ ကမ္ဘာသားတို့၏ မျက်မြင်ဒိဋ္ဌ သာဓက သက်သေကိုဆို၏၊ နေဝန်းကြီး၏ အလားအလာကို မျက် မြင်ဒိဋ္ဌ သာဓက သက်သေပြ၍ ကမ္ဘာ၏ အခြင်းအရာကို ပြသောကျမ်း ဟူ၍ဆိုလို၏။

## နေထွက်နေဝင် မျက်မြင်သက်သေပြပုံ

မျက်မြင်သာဓကပြဆိုပုံကား— ကမ္ဘာသူ ကမ္ဘာသား အပေါင်းတို့သည် နံနက်စောစော၌ နေထွက်ရာအရပ်ကို ကြည့်ရှု၍ နေကြကုန်သည် ရှိသော် နေဝန်း သဏ္ဍာန်ကြီး သည် ကမ္ဘာမြေကြီး၏ အရှေ့စွန်းနိမ့်ရာအရပ်မှ မြေကြီး စွန်းနှင့်ထိစပ်၍ ပေါ်ထွက်လာသည်ကိုသာ မြင်ကြရ လေ

ကုန်၏၊ အထက်ကောင်းကင်မှ ပေါ်ထွက်လာသည်ကို မမြင်ကြရလေကုန်၊ နေဝင်သောအခါ၌လည်း ကမ္ဘာသူ ကမ္ဘာသားတို့သည် နေဝင်ရာအရပ်ကို ကြည့်ရှု၍ နေကြကုန်သည်ရှိသော် နေဝန်းသဏ္ဌာန်ကြီးသည် ကမ္ဘာမြေကြီး၏ အနောက်စွန်း မြင့်ရာအရပ်မှ မြေကြီးစွန်းနှင့် ထိစပ်၍ ကွယ်ပျောက်သွားသည်ကိုသာ မြင်ကြရလေကုန်၏၊ အထက်ကောင်းကင်မှ ကွယ်ပျောက်သွားသည်ကိုမမြင်ကြရလေကုန်၊ ဤနေ၏ အလားအလာကို မျက်မြင်ဒိဋ္ဌသာဓကပြုပြီးလျှင် ကမ္ဘာမြေကြီးကို "လုံးသည်" ဟူ၍ ဆိုပေ၏။

လည်ခြင်း၏ အကြောင်းမှာမူကား ကမ္ဘာမြေကြီးသည် မလည်ခဲ့သည်ရှိသော် အောက်ကောင်းကင်သို့ ကျသွားလေရာ၏၊ မျက်တောင်တခတ်, လျှပ်တပြက်မျှ တည်မြဲ၍မနေနိုင်လေရာ၊ ထို့ကြောင့် အောက်သို့ မကျနိုင်စေခြင်းငှါ မိမိကိုယ်မှ အလွန်လျင်မြန် ပြင်းထန်သော လေဟုန်တို့ကို အစဉ်အမြဲဖြစ်ပွားစေပြီးလျှင် မိမိကိုလည်း ထိုလေဖြင့် ရွက်ဆောင်၍နေပေ၏၊ ထို့ကြောင့် ကမ္ဘာမြေလုံးကြီးသည် အောက်သို့မကျလေဘဲ အစဉ်အမြဲ တည်နိုင်လေသတည်း။

[ဤကား—ဗေဒင်ကျမ်းကြီး ၂-ကျမ်းအလိုကို ပြဆိုချက်ပေတည်း။]

---

## ၄။ ကမ္ဘာနှင့်ဆိုင်ရာ အချက်ကြီး ၅-ချက်

(၁) အထက်ကောင်းကင် စက်ကြီးမရပ်မတည် အမြဲလည်၍နေကြောင်း။

(၂) မြင့်မိုရ်တောင်ကြီး အမြဲတည်ရှိ၍နေကြောင်း။
(၃) ကောင်းကင်စက်ကြီးကိုအစွဲပြု၍ အချိန်,နာရီ,နေ့, ည, ရက်, လ, နှစ် အပိုင်းအခြား ထင်ရှားရှိနေရကြောင်း။
(၄) မဟာပထဝီမြေကြီး မလိမ့်မလည် အမြဲတည်၍နေကြောင်း။
(၅) လူတို့၏ ကိုယ်တွေ့မျက်မြင် အထင်အမှတ်မျိုးသည် အမှားအမျိုးမျိုးရှိကြောင်း။

[ဤကား-အချက်ကြီး ၅ ချက်ပေတည်း။]

## ကောင်းကင်စက်ကြီးအမြဲလည်နေပုံ

(၁) "အထက် ကောင်းကင်၌ ကောင်းကင်စက်ကြီး မရပ်မတည် အမြဲလည်၍နေကြောင်း" ဟူသော စကား၌ ကောင်းကင်စက်ကြီး ဆိုသည်ကား မြေအပြင်မှသည် ယူဇနာပေါင်း(၄၂၀၀၀)လေးသောင်းနှစ်ထောင်မြင့်သော ကောင်းကင်ပြင်၌ မရပ်မတည် အမြဲလည်၍ နေသော နက္ခတ်စက်ကြီးကို ကောင်းကင်စက်ကြီး ဆိုပေသတည်း၊ ထိုကောင်းကင်စက်ကြီး မရပ်မတည် အမြဲလည်၍ နေကြောင်းကိုကား ကမ္ဘာသူကမ္ဘာသားတို့၏ မျက်မြင်ဒိဋ္ဌအားဖြင့် ထင်ရှားလျက်ရှိနေ၏၊အဘယ်သို့ ထင်ရှားလျက်ရှိနေသနည်းဟူမူကား—

နေ, လ, နက္ခတ်, တာရာ, ကြယ်အပေါင်းတို့တွင် နေသည် အသွားမြန်၏၊ လသည်အသွားနှေး၏၊ လကွယ်နေ့၌ နေနှင့်လသည် ထပ်တူထပ်မျှ တွေ့ဆုံ၍နေကြ၏၊ လဆန်း ၁-ရက်နေ့မှစ၍ နေသည်ရှေ့သို့ တနေ့တခြား တိုးတက်၍

လာသည်ကို ကမ္ဘာသူကမ္ဘာသားတို့ အမြဲဒိဋ္ဌတွေ့မြင်သိရှိ ၍နေကြ၏၊ လသည် တနေ့တခြား ဆုတ်ခွါ၍ ကျန်ရစ်သည်ကို ကမ္ဘာသူကမ္ဘာသားတို့ အမြဲဒိဋ္ဌ တွေ့မြင်သိရှိ၍ နေကြ၏။

[ဤ၌ နေနှင့်လသည် တနေ့တနေ့မှာ ယူဇနာ တသိန်း တသိန်း ကွာခြား၍သွားသည်ဟု ကျမ်းဂန်တို့၌ဆို၏။]

နေနှင့်နက္ခတ်သည်လည်း တနေ့တနေ့မှာ ယူဇနာများစွာ ရှေ့နောက် ကွာခြား၍ သွားသည်ကို အမြဲဒိဋ္ဌ သိမြင်တွေ့ရှိ၍နေကြ၏၊ နေပုံကား-ညအခါ၌ အထက် ကောင်းကင်ကို နေ့စဉ် ကြည့်ရှု၍နေသည်ရှိသော် နက္ခတ်တို့သည် ညဥ့်အခါ၌ အရှေ့အရပ်မှ ပေါ်ထွက်၍ တနေ့တခြား ကောင်းကင်သို့ အဆင့်ဆင့်မြင့်၍လာကြသည်ကို ထင်ရှားစွာမြင်ကြရ၏၊ အနောက်အရပ်သို့ အတွင်သွား၍နေကြရကုန်၏၊ လဆန်း ၁၅-ရက် ရှိလတ်သော် နေနှင့်လတို့သည် မြင့်မိုရ်တောင်မှ အရှေ့ အနောက်တည့်တည့် ရှိနေကြ၏၊ အကြား၌ ယူဇနာပေါင်း တသန်း ငါးသိန်း (၁၅၀၀၀၀၀)ကွာခြားကြ၏၊ လဆုတ် ၁-ရက်နေ့မှစ၍ နေနှင့်လသည် တနေ့တခြားနီး၍ သွားပြန်၏၊ လဆုတ် ၁၄-ရက်,၁၅-ရက်ရှိလတ်သော်နေနှင့်လသည်တွေ့ရှိထပ်မိကြပြန်၏။

[ဤကား-နေ,လ ၂-နှစ်ပါးတို့၏ မျက်မြင်ဒိဋ္ဌကမ္ဘာ့ထုံးစံကြီးဖြစ်ပုံတည်း။]

ဤမျက်မြင်ဒိဋ္ဌ ကမ္ဘာ့ထုံးစံကြီးကို ထောက်သဖြင့် ကောင်းကင်စက်ကြီးသည် မရပ်မတည် အမြဲလည်၍ နေသည်ဟု အမှန်မုချသိနိုင်ကြကုန်ရာ၏၊ မည်သူတယောက်မျှ

ငြင်းပယ်နိုင်ကြရန် မရှိသော စန္ဒသူရိယ သာဓက သက်သေကြီးပေတည်း၊ ထိုနည်းအတူ နေနှင့် ထိုထိုနက္ခတ်တို့သည်လည်း ကောင်းကင်၌တလလျှင် တခါတွေ့ ရှိထပ်မိကြကုန်ပြီးလျှင် နေ့စဉ်တိုင်း တနေ့တခြား ဝေးကွာသွားကြသည်ကိုဂင်း, တနေ့တခြား နီး၍သွားကြသည်ကိုဂင်း တွေ့မြင်သိရှိကြ၏၊ ထို့အတူ ကောင်းကင်တခွင်လုံး၌ ရှိနေကြကုန်သော ကြယ်အပေါင်းတို့သည်လည်း နေ, လ, နက္ခတ်တို့နှင့် နည်းတူသွားလာ၍ နေကြကြောင်း၊ မျက်မြင်ဒိဋ္ဌထင်ရှား၍ နေကြကုန်၏။

ကောင်းကင် တပြင်လုံးသည် အစဉ်ထာဝရအားဖြင့် ကျယ်စွာသော ဘန်းဆန်ကောကြီး၌ ဆီးဖြူသီးတွေကို ထည့်ထားပြီးလျှင် အစွန်း၌ကိုင်၍ လှည့်လည်ရာ၌ ဆီးဖြူသီးတို့သည်ရပ်တည်မရ လှည့်လည်၍ နေကြကုန်သကဲ့သို့, ကောင်းကင်စက်ကြီး၌ ရှိနေကြကုန်သော နေ,လ, နက္ခတ်တာရာ, ကြယ်အပေါင်းတို့သည်လည်း ကောင်းကင်ပြင်ကြီး၌ မျက်တောင်တမှိတ်မျှ မရပ်မတည်လှည့်လည်၍ နေကြလေကုန်သတည်း။

လှည့်လည်၍ နေကြရန် အကြောင်းမှာလည်း-စကြဝဠာတောင်ကြီးမှ အတွင်းဘက်သို့ အမြဲတိုက်၍ နေကြကုန်သော လေတို့သည်လည်းရှိကြကုန်၏၊ မြင့်မိုရ်တောင်,သတ္တရဘန် တောင်စဉ်ခုနစ်ထပ်တို့မှ အပဘက်သို့ အမြဲထွက်၍နေကြကုန်သော လေတို့သည်လည်းရှိကြကုန်၏၊ ထိုလေတို့သည် ကောင်းကင်ပြင်၌ ပေါင်းဆုံကြပြီးလျှင်၊ လေဗွေဝိုင်းကြီးဖြစ်၍ မြင့်မိုရ်တောင်ကို အမြဲလည်၍နေလေ၏၊ နေ,

လ,နက္ခတ် တာရာကြယ် အပေါင်းတို့သည်လည်း ရွှေငွေရ တနာဖြင့်ပြီးသော နတ်တို့နေရာ ဘုံဗိမာန်တို့ပေတည်း၊ ထို၌ရှိသော ရွှေ,ငွေစသောရတနာတို့သည် အလွန်ပေါကြ ကုန်၏၊ လူ့ပြည်၌ရှိသော ရွှေ,ငွေရတနာတို့သည် အလွန် လေးကြကုန်၏။

အကြောင်းမူကား–ထိုရတနာတို့၌ ပထဝီဓာတ်, အာ ပေါဓာတ်-ဟူသော ဂရုဓာတ် ၂-ပါးသည် အလွန်နည်း၏၊ တေဇောဓာတ်, ဝါယောဓာတ်ဟူသော လဟုကဓာတ် ၂-ပါးသည် အလွန်ထက်သန်၏၊ ထိုတွင် တေဇောဓာတ် အလွန် ထက်သန်သောကြောင့် ထိုဘုံဗိမာန်တို့သည် အ ရောင်အဝါ အလွန်တောက်ပကုန်၏၊ ဝါယောဓာတ် အလွန် ထက်သန်သောကြောင့် ထိုဘုံဗိမာန် တို့သည် အလွန်ပေါ့ကုန်၏၊ ပြဆိုခဲ့ပြီးသော လေဖွဲ့ကြီးသည် ထို ရတနာဘုံဗိမာန်တို့ကို လဲမှို့,လက်ပံမှို့တို့ကဲ့သို့ အစဉ်အမြဲ ရွက်ဆောင်လှည့်လည်၍ နေလေ၏၊ လူ့ပြည်၌ရှိနေကုန် သော ရတနာတို့၌ ပထဝီဓာတ်, အာပေါဓာတ်ဟူသော ဂရုဓာတ် ၂-ပါးသည် အလွန်ထက်သန်၏၊တေဇောဓာတ်, ဝါယောဓာတ်ဟူသော လဟုဓာတ် ၂-ပါးသည် အလွန် နည်းခြင်းကြောင့် ပေါ့ပါးခြင်းလည်း မရှိကြလေကုန်၏။

ဤမြေကြီးအပြင်မှ အထက်ယူဇနာပေါင်း(၄၂၀၀၀) လေးသောင်း နှစ်ထောင်ရှိသော ကောင်းကင် ပြင်ကြီး၌ လည်း လှုပ်ရှားခြင်းမရှိသော လေသေတို့သည် အပြည့် တည်ကုန်၏၊ကောင်းကင်၌ ပျံသော ငှက်တို့သည် အတောင် ဖြင့် ထိုလေသေတို့ကို ယက်၍သွားလာကြကုန်၏၊ အလွန်

မြင့်သော ကောင်းကင်၌ ပျံသွား၍နေသော ငှင်းတငှက်တို့သည် အောက်မြေပြင်၌ အစာအစာကိုမြင်၍ အောက်သို့ ဆင်းလာကြကုန်ရာ ပြင်းထန်သော လေအဟုန်တို့ဖြင့် ထိုလေသေတို့ကို တွန်းခဲ့တိုက်ခိုက်၍ ဆင်းလာကြရကုန်၏၊ ဤလေအထုကြီးသည် အထက်လေဗွေ ဝိုင်းကြီး၏ငှင်း, ကောင်းကင် ဘုံဗိမာန်တို့၏ငှင်း အထောက်အပံ့ကြီးဖြစ်ပေ၏။

[ဤတွင် ရွှေ့ကား ကမ္ဘာ့အရိုး အစဉ် မျက်မြင်ဒိဋ္ဌကြီးကို သက်သေ သာကေခိုင်လုံစွာ ပြပြီးလျှင် "ကောင်းကင်စက်ကြီးသည် မရပ်မတည် အမြဲလည်၍ နေသည်" ဟူသော ဗုဒ္ဓဘာသာကျမ်းဂန်စကားကို အတည်ပြုခြင်း၊ "နေ, လ, နက္ခတ်, တာရာတို့သည် မလှည့်မလည် အမြဲတည်၍နေကုန်သည်" ဟူသော သူရိယ သိဒ္ဓန္တကျမ်းစကားကို ပယ်ရှားခြင်းကိစ္စပြီး၏။]

## မြင့်မိုရ်တောင်ကြီးအမြဲတည်ပုံ

(၂) "ကမ္ဘာ၏ အလယ်မြင့်မိုရ်တောင်ကြီး အမြဲတည်ရှိ၍ နေကြောင်း" ဟူသောစကား၌- ငှင်းမြင့်မိုရ်တောင်ကြီးသည် ကမ္ဘာ၏ အလယ်၌ အမြဲတည်ရှိ၏၊ ငှင်းမြင့်မိုရ်တောင်ကြီးကို ပတ်ဝိုက်၍ အနက်အကျယ်အားဖြင့် ယူဇနာ (၈၄၀၀၀) ရှစ်သောင်းလေးထောင် နက်ကျယ်သော မဟာသမုဒ္ဒရာကြီးသည်တည်ရှိ၏၊ ငှင်းမြင့်မိုရ်တောင်ကြီးသည် ထိုသမုဒ္ဒရာကြီး၌ ယူဇနာ (၈၄၀၀၀) ရှစ်သောင်းလေးထောင် နစ်မြုပ်၏၊ ငှင်းရေပေါ်သို့လည်း ယူဇနာ (၈၄၀၀၀) ရှစ်သောင်းလေးထောင်ပေါ်၏၊ထိုမှ ပြင်ဘက်၌ ယုဂန္ဓိုရ်တောင် အစရှိသော တောင်စဉ်

၇-ထပ်တို့သည် သီဒါသမုဒ္ဒရာခြားကြကုန်လျက် တည်ရှိကြကုန်၏။

ထိုတွင် ယုဂန္ဓိုရ်တောင်သည် မြင့်မိုရ်တောင်၏ ထက်ဝက်နိမ့်၍ ယူဇနာ (၄၂၀၀၀) လေးသောင်းနှစ်ထောင်ရှိ၏၊ ကြွင်းသော တောင်တို့သည်လည်း အစဉ်အတိုင်း ထက်ဝက်စီနိမ့်ကြကုန်၏၊ ပြဆိုခဲ့ပြီးသော ကောင်းကင်စက်ကြီးသည်မူကား မြင့်မိုရ်တောင်၏ ထက်ဝက်၌ဖြစ်သော ယုဂန္ဓိုရ်တောင်ထိပ်နှင့် ညီမျှသော ကောင်းကင်အပြင်၌ တည်ပြီးလျှင် မြင့်မိုရ်တောင်ကြီးကို အစဉ်အမြဲလှည့်လည်၍နေလေ၏။

ထိုသို့ လှည့်လည်ရာတွင် နေမိမာန် ရောက်ရာ ကျွန်းအပြင်တို့မှာ နေ့အခါဟူ၍ ဖြစ်ရာ၏၊ နေမိမာန်မရောက်မူ၍ မြင့်မိုရ်တောင် ကွယ်ရာကျွန်းအပြင်တို့မှာ ညအခါဟူ၍ဖြစ်ရာ၏၊ ဤသို့လျှင် ကမ္ဘာ၏ အလယ်၌ မြင့်မိုရ်တောင်ကြီးအမြဲတည်ရှိလေသောကြောင့် ကမ္ဘာသူ ကမ္ဘာသားတို့၌ နေ့,ည ဟူသော အပိုင်းအခြားသည် ကမ္ဘာ့အရိုးအစဉ်အားဖြင့် ထင်ရှားရှိနေပေ၏၊ အကယ်၍ မြင့်မိုရ်တောင်ကြီးသည် မရှိခဲ့ငြားအံ့၊ နေ,လတို့ကို အမြဲမြင်နေကြရကုန်သဖြင့် နေ့အခါ, ညအခါဟူသော အပိုင်းအခြားသည် ထင်ရှားမရှိသည် ဖြစ်ရာ၏၊ သူရိယ သိဒ္ဓန္တကျမ်း၌မူကား လှည့်လည်၍နေသော ကမ္ဘာမြေလုံးကြီးကို အလယ်ထား၍ လူတို့သည် ၎င်းမြေလုံးကြီး၏ အထက် အပြင်၌ရောက်နေကြသောအခါ နေ့အခါဖြစ်၏၊ ၎င်းမြေလုံးကြီး၏အောက်အပြင်၌ရောက်နေကြသောအခါ ညဉ့်ဖြစ်၏ဟုဆိုလိုသည်၊ ''ကမ္ဘာ့စက်ဝိုင်းကြီး မရပ်မတည် အမြဲလည်၍နေသည်''

ဟူသော အချက်ကြီး ခိုင်မြဲသဖြင့် "ကမ္ဘာ၏အလယ်၌ မြင့်မိုရ်တောင်ကြီးအမြဲတည်ရှိ၍နေသည်"ဟူသောစကား အချက်ကြီးသည် ခိုင်မြဲလေ၏၊ ဤစကား ခိုင်မြဲသဖြင့် သူရိယသိဒ္ဓန္တကျမ်း၌ ကမ္ဘာမြေလုံးကြီး လှည့်လည်မှုကို အစွဲပြု၍ နေ့ညဉ့်ပိုင်းခြားမှုသည် ပျက်လေ၏။

[ဤတွင်ရွေ့ကား—ကမ္ဘာ့စက်ဝိုင်းကြီးမရပ်မတည် အမြဲ လည်မှုကိုအစွဲပြု၍ မြင့်မိုရ်တောင်တည်ရှိ၏၊ သတ္တရဘန် တောင်စဉ် ၇-ထပ်သည် တည်ရှိ၏"ဟူသော ဗုဒ္ဓဘာသာ ကျမ်းစကား အတည်ပြုခြင်း၊ "မြင့်မိုရ်တောင်မရှိ"ဟူသော သူရိယသိဒ္ဓန္တကျမ်းစကားကို ပယ်ရှားခြင်းကိစ္စပြီး၏။]

### ကောင်းကင်စက်ကြီးကိုစွဲ၍ အချိန်ပိုင်းခြားပုံ

(၃) "ကောင်းကင်စက်ကြီးကိုအစွဲပြု၍ အချိန်,နာရီ, နေ့, ညဉ့်, ရက်, လ, နှစ် အပိုင်းအခြားရှိနေရကြောင်း" ဟူသောစကား၌ အချိန်, နာရီ, ညဉ့်, နေ့-စသည်တို့သည် ကောင်းကင်စက်ကြီးကိုအစွဲပြု၍ ကမ္ဘာသူ ကမ္ဘာသားတို့ မှာ ကိုယ်တွေ့မျက်မြင် အစဉ်ထာဝရဖြစ်၍နေကြ၏၊ ထိုသို့ ဖြစ်၍နေကြသည့်အတိုင်းလည်း အမှန်ပင်ဖြစ်၏၊ "ကမ္ဘာ မြေလုံးကြီးလည်မှုကိုအစွဲပြု၍ အခါ, နာရီ, နေ့,ညဉ့်,ရက်, လ, နှစ် အစဉ်ဖြစ်၍နေသည်"ဟူသော သူရိယသိဒ္ဓန္တ စကားသည် အမှန်မဟုတ် အမှားသာဖြစ်၏။

### ကမ္ဘာ့မြေကြီး မလိမ့်မလည် အမြဲတည်နေပုံ

(၄) "မဟာပထဝီမြေကြီး မလိမ့်မလည် အမြဲတည် ၍နေကြောင်း" ဟူသောစကား၌ ပထဝီမြေကြီးကို အမြဲ လိမ့်လည်၍နေသည်ဟု ကြံယူကြခြင်းသည် ကောင်းကင်၌

နေ,လ,နက္ခတ်တာရာတို့သည် လှည့်လည်ခြင်းမရှိဟု ယူဆထားကြသည့်အလျောက် မဟာပထဝီမြေကြီးက လှည့်လည်၍နေမှပင် နေ, လ, နက္ခတ်, တာရာတို့၏အလားအလာသည် နေရာကျနိုင်သည်ဖြစ်၍ မဟာပထဝီမြေလုံးကြီးကို အောက်ကောင်းကင်ကြီးသို့ ကျ၍မသွားဘဲ အလွန်လျင်မြန်သောလေအဟုန်ဖြင့် တည်တံ့၍နေစေခြင်းငှါ၎င်း, မဟာပထဝီမြေလုံးကြီး လှည့်လည်ရာပါရှိ၍ နေကြကုန်သော သက်ရှိသက်မဲ့ဝတ္ထုအလုံးစုံတို့ကို အောက်ကောင်းကင်သို့ကျ၍ မသွားစေခြင်းငှါ၎င်း မြေလုံးကြီးလည်မှုကို ကြံဖန်၍ ယူကြလေသတည်း။

ဗုဒ္ဓဘာသာ၌မူကား ကောင်းကင်စကြီးမရပ်မတည် လှည့်လည်၍ နေသည့်အတွက် နေ, လ, နက္ခတ်တာရာတို့၏ အလားအလာသည် နေရာတကျ ပြည့်စုံပြီးစီးလေသည်ဖြစ်၍ နေ, လ,နက္ခတ်တို့၏ အလားအလာအတွက် မဟာပထဝီမြေကြီး လည်ဘွယ်ကိစ္စမရှိလေပြီ၊ ဗုဒ္ဓဘာသာ၌မဟာပထဝီမြေကြီးသည် အရပ်လေးမျက်နှာ, ရှစ်မျက်နှာတို့၌ အဆုံးမရှိ အနန္တဖြစ်သည်တကြောင်း၊ အောက်၌ အလွန်ကြီးကျယ်သော ရေအထုကြီး, အလွန်ကြီးကျယ်သော လေရှင်အထုကြီး, အနန္တကြီးကျယ်လှသော လေသေအထုကြီး အမြဲခံလျက်ရှိသည်တကြောင်း၊ သို့အတွက်ကြောင့် မိမိလည်း အောက်သို့ကျဘွယ်ကိစ္စမရှိ၊ မိမိနှင့်စပ်သမျှသော သက်ရှိသက်မဲ့ဝတ္ထုတို့သည်လည်း အောက်သို့ကျရန် အခွင့်မရှိကြကုန်ပြီ၊ ထို့ကြောင့် မြေလုံးကြီးလည်သည်ဟု ကြံဖန်မှုသည် အကျိုးမရှိ အချည်းနှီးသာ ဖြစ်လေသည်။

သူရိယသိဒ္ဓန္တ၌မူကား မြေလုံးကြီးနှင့်စပ်သော သက်ရှိ သက်မဲ့ဝတ္ထုတို့ကို မြေကြီးလိမ့်နေသည့်အတွက် အောက် ကောင်းကင်ကြီးသို့ လွတ်ကျ၍မသွားစေခြင်းငှါ ဆွဲငင်၍ ထားရမည်ဟု သက်ဿရနတ်မင်းကြီးက မြေကြီးအား တန်ခိုး အမိန့်ပေးထားကြောင်းလာ၏၊ လာရခြင်း အ ကြောင်းကား—မြေလုံးလိမ့်သည့်အတွက် အထည်ဝတ္ထုတို့ အောက်ကောင်းကင်ကြီးသို့ လွတ်ကျရန်အခွင့်ကြီးကို ပိတ် ဆို့ပယ်ရှားခြင်းငှါ အကြောင်းတစုံတခုကိုမျှ ရှာကြံ၍မရ၊ ထိုကြောင့် လူအများတို့ မမြင်နိုင်ကောင်းသော နတ်မင်း ကြီးကို ဤအရေး၌ လုပ်ကြံထည့်သွင်းရသည့် အတွက် ကြောင့်ပင်လျှင် ဤမြေလုံးလည်မှုသည် မူလမှန် ဖောက် ပြန်ချော်ချွတ်သော အရေးအခွင့်ကြီးဖြစ်သည်ဟု ပညာရှိ တို့ သိနိုင်ကြကုန်ရာ၏၊ ဤသည်လည်းတကြောင်း။

လောက၌ ခပ်သိမ်းသောဝတ္ထုတို့သည် အတွယ်အတာ အဆီး အတားမရှိက နိမ့်ရာသို့ လျှောကျကုန်မြဲဟူသော ကမ္ဘာ့ဓမ္မတာကြီးသည်ရှိ၏၊ ရှိပုံကား—မဟာသမုဒ္ဒရာရေ တို့သည် နိမ့်ရာသို့ အမြဲလျှင်စီးသွားနေကြကုန်၏၊ ဤကား တလောကလုံးသိမြင်၍နေကြသော ကမ္ဘာ့ ဓမ္မတာကြီး ပေတည်း။

နတ်မင်းကြီးအမိန့်လည်း မြေကြီး၏ဆိုင်ရာ ဝတ္ထုတို့ သည် မြေကြီးကိုလွတ်၍ အောက်ကောင်းကင်ကြီးသို့လွတ် ကျ၍ မသွားကြစေရန် ပေးအပ်သောအမိန့်ဖြစ်၏၊ မြေကြီး ကိုမလွတ်မူ၍ မြေကြီး၏နယ်ပယ်အတွင်း၌ နိမ့်ရာသို့လျှော ကျခြင်းဟူသော ကမ္ဘာ့ဓမ္မတာကြီးကိုမူကား နတ်မင်းကြီး

သည် မတားမြစ်နိုင်၊ မြေကြီးလည်းမတားမြစ်နိုင်၊ ထိုသို့ မတားမြစ်နိုင်သောကြောင့်ပင်လျှင် ထိုသမုဒ္ဒရာ ပင်လယ်, မြစ်ကြီးငါးသွယ်, မြစ်ငယ်ငါးရာတို့သည် ကမ္ဘာဦးမှစ၍ ယနေ့ထက်တိုင် နိမ့်ရာနိမ့်ရာ အရပ်ရှစ်မျက်နှာသို့ စီးသွား၍နေကြကုန်သည်ကား ကမ္ဘာသူ ကမ္ဘာသားတို့ မျက်မြင်ဒိဋ္ဌဖြစ်ကြကုန်၏။

မြေလုံးလည်မှုသည်လည်း တရက်တရက်လျှင် တပတ်တပတ်ရအောင် လည်ခြင်းတပါး၊ ၆-လတကြိမ် တောင်အစွန်းနိမ့်၍ မြောက်အစွန်းကမြင့်ခြင်း, မြောက်အစွန်းကနိမ့်၍ တောင်အစွန်းက မြင့်ခြင်းသည်လည်းရှိ၏၊ ထိုတွင် တည့်တွင် တပတ်လှည့်လည်ရာ၌ မြေလုံးကြီးသည် အနောက်ကမြင့်၍ အရှေ့ကနိမ့်ချည်တလှည့်, အရှေ့ကမြင့်၍ အနောက်က နိမ့်ချည်တလှည့် ဖြစ်နေရာ၏၊ အရှေ့မှအနောက်သို့, အနောက်မှအရှေ့သို့ စီးသွားကြကုန်သော သမုဒ္ဒရာပင်လယ်, မြစ်ကြီး, မြစ်ငယ်တို့သည် အရှေ့အနောက်မြင့်ခြင်း,နိမ့်ခြင်း နေ့စဉ်အမြဲရှိကုန်သဖြင့် ထိုသမုဒ္ဒရာပင်လယ်,မြစ်ကြီး,မြစ်ငယ်ရေတို့သည် တည့် အတွင်းမှာ အနောက်မှသည် အရှေ့သို့ လှည့်ကြခြင်း, အရှေ့မှသည် အနောက်သို့လှည့်ကြခြင်းဖြင့် နေ့စဉ်အမြဲ အပြန်အလှန် စီးမြဲဖြစ်၍နေကြကုန်ရာ၏။

၆-လတကြိမ် အစွန်း၂-ဘက် နိမ့်တုံမြင့်တုံဖြစ်နေသည့်အတွက်လည်း တောင်နှင့်မြောက် စီးနေကြကုန်ရာ၏၊ သမုဒ္ဒရာပင်လယ်,မြစ်ကြီး,မြစ်ငယ်တို့သည် ၆- လတကြိမ် အပြန်အလှန် စီးမြဲဖြစ်နေကြကုန်ရာ၏၊ ဤသို့ အပြန်အလှန်စီးနေသည်ဟူ၍လည်း ကမ္ဘာပေါ်မှာ တရံတခါမျှ

မကြိုဘူးကြ၊ ဤလည်းတကြောင်း၊ ဤအကြောင်း များ ကြောင့် ကမ္ဘာမြေကြီး လည်သည်ဟူသော အယူသည် မဟုတ်မမှန်သောအယူဖြစ်သည်ဟု ထင်ရှားလေသတည်း။

## မိစ္ဆာဝါဒအမျိုးမျိုး

ဤအရာ၌ မြေကြီးနှင့်စပ်သောမိစ္ဆာဝါဒသည် အမျိုး မျိုးရှိ၏။

(၁) ဤမြေကြီးသည်အုန်းသီးကဲ့သို့လုံးသည်ဟူ၍တဝါဒ,

(၂) ကမ္ဘာလိပ်ကဲ့သို့ အထက်ကခုံး၍လုံး၍ အောက် ဘက်ကပြားသည်ဟူ၍တဝါဒ,

(၃) ထိုတွင်အုန်းသီးကဲ့သို့ လုံးသောမြေကြီးသည်လည် သောအခါ၌ အထက်ကကြည့်ရှု၍နေခဲ့သည်ရှိသော် ထိုမြေကြီးလုံးသည် တည်ရာမှမရွေ့မူ၍ အနောက် ကသည်အရှေ့သို့ လိမ့်သည်ဟူ၍တဝါဒ,

(၄) အရှေ့ကသည် အနောက်သို့လိမ့်သည် ဟူ၍တဝါဒ,

(၅) ကမ္ဘာလိပ်ခုံးကဲ့သို့ အထက်ကလုံးသော မြေကြီး သည်မှုကား လည်သောအခါ ဆန်ကောဝိုင်း သကဲ့သို့ လက်ျာရစ်လည်သည်ဟူ၍တဝါဒ,

(၆) လက်ဝဲရစ်လည်သည်ဟူ၍တဝါဒ,

(၇) ထိုမြေကြီး၂-မျိုးတို့သည်လည်ကြရာ၌ မြေကြီးသည် သာလည်၍ ကောင်းကင်စကြီးသည်ကားမလှည့် မလည်အမြဲတည်သည်ဟူ၍တဝါဒ,

(၈) ကောင်းကင် စက်ကြီးသည်လည်း မြေလည်ရာသို့ အစဉ်တစိုက် အမြဲလိုက်ကာ လည်၍နေသည်ဟူ၍ တဝါဒ,

ဤသို့လျှင် မြေကြီးအရာ၌ မိစ္ဆာဝါဒအမျိုးမျိုးရှိကြ၏၊ ရှေ့ကပြဆိုခဲ့ပြီးသောအတိုင်း "ကောင်းကင်စက်ကြီးသာ လည်၍ မြေကြီးသည် မလှည့်မလည် အမြဲတည်၏" ဟူသော ဗုဒ္ဓဘာသာ ကျမ်းဂန်အယူသည် ခိုင်မြဲလေပြီ ဖြစ်ရကား ထိုအလုံးစုံသော မိစ္ဆာဝါဒ စကားများသည် အကျိုးမရှိ စကားရှုပ် စကားပွေ စကားလေတွေသာ ဖြစ်၍ကုန်လေ၏။

[ဤတွင်ရှေ့ကား-မြေကြီးလည်မှု၌ ဖြေရှင်းချက်တည်း။]

သူရိယသိဒ္ဓန္တကျမ်း၌ကမ္ဘာ့မြေကြီး၏မြောက်ဝင်ရိုးစွန်း၌ ၆-လ နေမထွက်မူ၍ ၆-လ နေမဝင်သောကျွန်း၊ ၃-လ နေမထွက်မူ၍ ၃-လနေမဝင်သောကျွန်း၊ တလနေမထွက်မူ၍ တလနေမဝင်သောကျွန်းများ ရှိကြသည် ဟူသော စကားသည် ထိုနတ်မင်းကြီး ပြဆိုခဲ့သော စကားကဲ့သို့ ဖြစ်တန်လျှင်လည်း ဖြစ်တန်ရာသည်၊ အကယ်၍ပင် ဟုတ်စေဦးတော့ ထိုကျွန်းများနှင့် သင့်လျော်ရာ အကြောင်းများကိုသာရှာကြံရမည်၊ ထိုအစွန်အဖျား ကျွန်းငယ်များ အတွက်နှင့် အနန္တကြီးကျယ်သော ကမ္ဘာ့မြေကြီးကို လုံးသည်,လည်သည်ဟု လှုပ်ရှားခြင်းငှါမထိုက်လေ။

[ဤကား—မြေကြီးလုံးမှု၌ ဖြေရှင်းချက်ပေတည်း။]

## ကိုယ်တွေ့မျက်မြင်အထင်မှားပုံ

(၅) "လူတို့၏ကိုယ်တွေ့မျက်မြင် အထင် အမှတ်မျိုးသည် အမှားအမျိုးမျိုးရှိကြောင်း" ဟူသော စကား၌ အမှားအမျိုးမျိုးသည်—

(က) အလွန်ကြီးသည်ကိုအလွန်ငယ်သည်ဟုထင်မှတ်ခြင်းတမျိုး,
(ခ) အလွန်ဝေးသည်ကို အလွန် နီးသည်ဟု ထင်မှတ်ခြင်းတမျိုး,
(ဂ) အလွန်မြင့်သည်ကို အလွန်နိမ့်သည်ဟု ထင်မှတ်ခြင်းတမျိုး,
(ဃ) အရပ်မျက်နှာ၌ တွေဝေခြင်းတမျိုး,

ဤသို့စသည်ဖြင့် လူတို့၏မျက်မြင် အထင်အမှတ်အမျိုးမျိုးရှိကြ၏၊ ထိုတွင်–

(က) "အလွန်ကြီးသည်ကို အလွန်ငယ်သည်ဟု ထင်မှတ်ခြင်း"ဆိုသည်ကား-အဝန်းအားဖြင့် နေဗိမာန်သည် ယူဇနာ (၁၅၀) တရာ့ငါးဆယ်ရှိ၏၊ လဗိမာန်သည် (၁၄၇) တရာ့လေးဆယ့်ခုနစ်ယူဇနာရှိ၏၊ ကြယ်ဗိမာန်များသည်(၁၀)ဆယ်ယူဇနာ, (၁၂)တဆယ့်နှစ်ယူဇနာစသည်ရှိကြ၏၊ သို့သော်လူတို့မျက်မြင်မှာမှတ်ထင်မှု၊ နေ, လတို့ကိုဘန်းငယ်,ဆန်ကောငယ်မျှသာထင်မြင်ကြ၏၊ကြယ်တို့ကို ဂုံညင်းလုံးကြီးငယ်မျှသာထင်မြင်ကြ၏။

(ခ) "အလွန်ဝေးသည်ကို အလွန်နီးသည်ဟု မှတ်ထင်ခြင်း"ဆိုသည်ကား-နေ, လ, နက္ခတ်, တာရာ တို့သည် ဤမြေကြီးမှယူဇနာပေါင်း (၄၂၀၀၀) လေးသောင်းနှစ်ထောင် ကွာခြားသည်ဖြစ်၍ အလွန်ဝေးကြကုန်၏၊ သို့သော် လူတို့မျက်မြင်မှတ်ထင်မှု၌ (၁၀) မိုင်ခန့်၊(၉) မိုင်ခန့်မျှသာ ဝေးသည်ကွာသည်ဟု ထင်မှတ်ကြရကုန်၏။

(ဂ) ''အလွန် မြင့်သည်ကို အလွန် နိမ့်သည်ဟူ၍ မှတ်ထင်ခြင်း''ဆိုသည်ကား-လူတို့သည် နံနက်နေထွက်ဆဲ အခါ၌ အရှေ့သို့ကြည့်မျှော်လတ်သော် အရှေ့၌ တောကြီးတောငယ်, တောင်ကြီးတောင်ငယ်များ ရှိနေခဲ့သော် ထိုတော,တောင်တို့၏ အရှေ့ဘက် နိမ့်ရှိုင်းရာအရပ်၌ တောစွန်း, တောင်စွန်းတို့နှင့် ထိခတ်ပြီးလျှင် ထွက်ပေါ်လာသည်ဟူ၍၎င်း၊ ထွက်ပေါ်ပြီးလျှင် အထက်ကောင်းကင်အမြင့်သို့ အဆင့်ဆင့်တက်၍ လာသည်ဟူ၍ ၎င်း၊ လာပြီးလျှင် အလွန်မြင့်သော ကောင်းကင်သို့ ရောက်၍ မိမိတို့၏ဦးခေါင်းအထက်၌ တည်နေသည်ဟူ၍၎င်း မြင်ကြထင်ကြကုန်၏။

တဖန်မွန်းလွဲပြန်လျှင်လည်း အလွန်မြင့်သောကောင်းကင်မှ နိမ့်ရာသို့ဆင်းသွားပြီဟူ၍၎င်း၊ အနောက်၌ရှိသော တောကြီး,တောငယ်, တောင်ကြီး, တောင်ငယ်သို့ ရောက်လျှင် တောပြင်ဘက်,တောင်ပြင်ဘက်၌ ကွယ်မြုပ်၍သွားသည်ဟူ၍၎င်း မြင်ကြထင်ကြကုန်၏၊ အရှေ့တော,တောင်၏အရှေ့စွန်း၌ နေသောသူတို့သည်လည်း နေသည်သူတို့၏ အရှေ့အရပ်၌ရှိသော တော,တောင်တို့၏ ပြင်ဘက်စွန်း နိမ့်ရှိုင်းရာအရပ်မှ ထွက်ပေါ်ပြီးလျှင် အထက်ကောင်းကင်သို့တက်၍ မိမိအပေါ်၌ အလွန်မြင့်သော ကောင်းကင်သို့ ရောက်လာသည်ဟု မြင်ကြထင်ကြကုန်၏။

အနောက်အရပ်ရှိ တောစွန်း, တောင်စွန်း၌ နေကြကုန်သော လူတို့ကလည်း မိမိတို့၏ အထက် မြင့်သော ကောင်းကင်၌ တည်ရှိပြီးလျှင် အနောက်သို့ လျှောဆင်း၍

အနောက်၌ရှိသော တော,တောင် ကွယ်၍သွားသည်ကို မြင်ကြရကုန်၏၊ ပင်လယ်၌နေကြသောသူတို့မှာမူကား နေသည် အရှေ့အရပ်၌ ပင်လယ် ရေထဲမှ ထွက်ပေါ်၍ အထက်ကောင်းကင်သို့ တက်ပြီးလျှင် မိမိတို့၏ အထက်၌ အလွန်မြင့်သော ကောင်းကင်သို့ ရောက်လာ၏၊ တဖန် အနောက်နိမ့်ရာသို့ လျှောသက်ပြီးလျှင် ပင်လယ် ရေထဲသို့ ရောက်၍ ကွယ်ပျောက်လေ၏ဟု မြင်ကြထင်ကြကုန်၏။

အမှန်မူကား နေသည် ဘယ်တော, ဘယ်တောင်, ဘယ်ပင်လယ်, ဘယ်ရေပြင်နှင့်မျှ နီးစပ်အောင် နိမ့်လာသည် မဟုတ်၊ ထိုသူတို့ဦးခေါင်းထက်၌ အလွန်မြင့်သောကောင်းကင်တွင် ထင်မြင် ကြသည့် အတိုင်း အလွန် မြင့်သော ကောင်းကင်၌သာ သွား၍နေလေ၏။

[ဤကား-အလွန်မြင့်သည်ကို အလွန်နိမ့်သည်ဟု ထင်မှတ်ခြင်းပေတည်း၊ လ,ကြယ် တို့၌လည်း ထို့အတူ သိအပ်လေတော့သည်။]

ဤ၌ လူတို့၏ထင်မြင်ချက်အလိုမှာ-ကောင်းကင် စက်ကြီးအရှေ့၌ မြေကြီးအစွန်း၏ ပြင်ဘက်တွင် အောက်ဖြစ်သော နိမ့်ရာအရပ်မှ ပေါ်ထွက်၍ လာသည်ကိုငင်း, အနောက်၌ မြေကြီးအစွန်း၏ ပြင်ဘက်တွင် အောက်ဖြစ်သော နိမ့်ရာအရပ်သို့ မြုပ်ကွယ်၍ သွားသည်ကိုငင်း မျက်မြင်ဒိဋ္ဌ မှတ်ယူကြသည့်အတိုင်း ဤကမ္ဘာမြေကြီး အရပ်လေးမျက်နှာ,အရပ်ရှစ်မျက်နှာတို့၌ အစွန်းရှိ၏၊ အဆုံးရှိ၏-ဟူ၍ ခိုင်မြဲစွာယူကြပြီးလျှင် လှည့်လည်၍ လျှော်ကံလျောက်ပတ်စေခြင်းငှါ ကမ္ဘာမြေကြီးသည် အုန်းသီးကဲ့သို့

အလုံးကြီးဖြစ်သည်ဟု မိစ္ဆာဝါဒီတို့ အတည်ပြု၍ ထားကြ လေကုန်သတည်း၊ ကမ္ဘာမြေကြီး ထိုကဲ့သို့ အစွန်းမရှိကြောင်း, အဆုံးမရှိကြောင်း, အလုံးမဟုတ်ကြောင်းကိုမူကား ရှေ့၌ပြဆိုခဲ့ပြီ။

[ဤကား-အလွန်မြင့်သည်ကို နိမ့်သည်ဟု ထင်မှတ်ကြပုံ တည်း။]

(ဃ)''အရပ်မျက်နှာ၌ တွေဝေခြင်း'' ဆိုသည်ကား-အရှေ့ကိုအနောက်,အနောက်ကိုအရှေ့,တောင်ကိုမြောက်, မြောက်ကိုတောင်-ဟု ထင်ခြင်းပေတည်း၊ ဤ၌ဥပမာတခု ကိုဆိုလို၏၊နေမင်းသည် တနေ့ကို အဝန်းအားဖြင့် ယူဇနာ (၃၀၀,၀၀၀,၀) သုံးသန်း သွားသည် ဟု ဆိုရာ၏၊ သွားရာစက်ဝန်းကြီးကို တခုသော မြေပြင်၌ချကာ အရေး အကြောင်းဆွဲ၍ စက်ဝိုင်းကြီးတခုပြုလုပ်၍ထားရာ၏။

ထိုအရပ်၌ နေ,လ,နက္ခတ်, တာရာလည်း ရှိသည်ဖြစ်ရာ၏၊ တယောက်သောသူသည် မီးအိမ်ငယ်နှစ်ခုကို ကိုင်ပြီးလျှင် တောင်ဘက်အရေးပေါ်၌ရပ်၍ ''ငါသည် ဤအရေးကိုလျှောက်၍ အနောက်သို့ဆုံးအောင်သွားမည်''ဟု သွားလေရာ တောင်မှသည် အနောက်, အနောက်မှသည် မြောက်,မြောက်မှသည် အရှေ့, အရှေ့မှသည်တောင် မိမိနေရာအရပ်သို့ ပြန်ရောက်လေရာ၏၊ ထိုသူသည် မိမိနေရာ အရပ်ကိုပြန်ရောက်သည်တိုင်အောင် ''ငါသည် အနောက်သို့ချည်း သွားသည်'' ဟု ထင်မှတ် လေရာ၏၊ အဘယ်ကြောင့်နည်းဆိုသော် မီးအိမ်ငယ် ၂-ခုကလည်း အရောင်အဝါနယ် အလွန်ကျဉ်းလှ၏၊ ခရီးကလည်း အလွန်ရှည်

မျှောလျှ၏၊ ဘယ်နေရာမှာ ဘယ်သို့ လှည့်လည်၍ သွားသည်ဟု မထင်နိုင်,မသိနိုင်ရှိလေသည်၊ သို့သော် စက်ဝိုင်းကြီးဖြစ်၍ လှည့်လည်၍သွားမှုကား ရှိပေသည်သာအမှန်ဖြစ်၏။

[ဤကား-အရပ်မျက်နှာ၁၀ တွေဝေခြင်းပေတည်း၊ ဤသည်လျှင် လူတို့၏မျက်မြင် အထင်အမှတ်မှားမှု အမျိုးမျိုးရှိကြသည်ကိုပြဆိုဖြေရှင်းချက်နှင့်တကွ ကမ္ဘာ၏အခြင်းအရာကိုပြဆိုသောအချက် ၅-ချက်နှင့်စီစစ်ပြဆိုချက်ပေတည်း။]

## ရည်ရွယ်ချက်

ယခုကဲ့သို့ ကမ္ဘာ့ခြင်းရာ ပထဝီဝိဝါဒကို အကျယ်တဝင့် ရှင်းလင်း တင်ပြနေခြင်းမှာ- အခြေခံ အယူမှန်နှင့်တကွ အမြင်မှန်ပါမှ ၎င်းတို့အစဉ်လိုက်ကာ (ယထာဘူတ သဘာဝကျ)တကယ့် အသိစင်ကြယ်စေ၍ အကျိုးပြီးစီးနိုင်မည်ဟု ယုံကြည်ရင်းရှိသည်နှင့်အညီ "အမျိုးသားဖြစ်သော နောင်လာနောက်သား လူမမယ်ကလေးများအတွက်" လောကရေးမျှမက သံသရာရေးတို့ကိုပါ အထူးစိုးရိမ်မိသည်ကတကြောင်း,ယခုသိပ္ပံခေတ်ကြီးတွင် အသစ်အဆန်း တည်ထွင် ပြောဆို လုပ်ကိုင်မှုတို့ကို များစွာလိုလားလိုက်စားကြသည့်အလျောက် (လက်တွေ့ ကိုယ်တွေ့နှင့် ယူရာယူကြောင်း သဘောတရားများအရ) လက်တွေ့ကို ညွှန်ပြကာ သဘောတရားအယူအဆတို့သည် "သဘာဝစည်းမျဉ်း၏အလိုကျ အာဘော်ကျ ကိုက်ညီမည်" ဗုဒ္ဓဘာသာကျမ်းဂန်များနှင့် ကိုက်ညီမည် နှိုင်းနှိုင်း ချိန်ချိန်စစ်စစ်ဆေးဆေး စွဲယူသိမ်းပိုက်ထိုက်ကြသည့်အလျောက်မျက်မှောက်ကျေးဇူးများစေမည့် စက်မှု, လက်မှု, လော

ကဓာတ်မှ စသည်တို့၏ လက်တွေ့ သင်တန်းများကိုသာ လေ့လာပေါက်ရောက်စေ၍ သဘောတရားရေးရာ ယူရာ ယူကြောင်း သင်္ချာမျာ့များကိုကား စိစစ်ထိုက်ကြသည့် အကြောင်းများကြောင့် ရေးသား တင်ပြရခြင်း ဖြစ်ပါ သည်။

---

## ၅။ ဘုရားဟောဖြင့်သာဖြေရှင်းပုံ

ဘာသာတပါး သာသနာပြု ဆရာများတို့က ဗုဒ္ဓ ဘာသာမှာ ရှင်ဂေါတမ၏ စကားသည် အနည်းငယ်မျှ သာပါရှိ၏၊ နောက်ကာလ၌ သီဟိုဠ် ကျမ်းပြု ဆရာများ အဝါအကြွား ရေးထားချက်တွေသာ များ၏ဟူ၍၎င်း, ဟိန္ဒူရာဇဝင် ကျမ်းများ, ဟိန္ဒူပုရာဏ် ကျမ်းများသည် အလွန်အဝါအကြွားများပြား၏၊ဗုဒ္ဓဘာသာ အဋ္ဌကထာ, ဋီကာကျမ်းများသည် ထိုဟိန္ဒူကျမ်းများကို လိုက်၍ ရေး သားကြ၏၊ ထို့ကြောင့် ဗုဒ္ဓဘာသာ ကျမ်းများလည်း မဟုတ်မတရား အဝါအကြွားများပြား၏ဟူ၍၎င်း ပြောဆို ရေးသားကြသည်ကို တွေ့ဘူးကြားဘူးရပြန်ပါသည်။

ထိုဘာသာတပါး သာသနာပြုဆရာများတို့၏ စကား သည် ယခုအခါ အချို့အချို့သော ဗုဒ္ဓဘာသာလူမျိုး လောကဓာတ် ကျောင်းဆရာနှင့် လောကဓာတ် ကျောင်း သားများ၏ခံတွင်း နှုတ်လျှာတို့သို့ ရောက်နေခဲ့ပြီ၊ လော ကဓာတ်စာသင်ကျောင်းများတို့တွင် ရှိနေသော ကမ္ဘာ မြေလုံးများမှာလည်း ကမ္ဘာအချက် အမျိုးမျိုး ပါရှိလေ သည်။

(၁) ကျွန်းကြီး, ကျွန်းငယ်တို့၏တည်ရှိရာဒေသဌာန ခရီးမိုင်အကွာအလှမ်းများကို ပြဆိုချက်, နိုင်ငံ,ပြည်,မြို့တို့၏တည်ရှိရာအရပ် ဒေသဌာန ခရီးမိုင်အကွာအလှမ်းများကိုပြဆိုချက်များသည် ထိုထိုနိုင်ငံ,ပြည်, မြို့အစိုးရများ၏ ပြဆိုချက်ပေတည်း။

(၂) ပင်လယ်ရေကြောင်း မြစ်ရိုး မြစ်စဉ်တို့၌ ခရီးမိုင်အကွာအလှမ်းများကို ပြဆိုချက်သည် သင်္ဘောသူကြီးတို့၏ ပြဆိုချက်ပေတည်း။

(၃) မီးရထားလမ်းတို့၌ ခရီးမိုင်အကွာ အလှမ်းများသည် မီးရထားဆိုင်ရာက ပြထားချက်ပေတည်း။

[ဤအချက် ၃–ချက်သည် သိမှတ်ဖွယ် အလွန်ကောင်းလှ၏၊သိမှတ်သူတို့မှာ အကျိုးကျေးဇူးအလွန်များလှပေ၏။]

(၄) အထက်ကောင်းကင်၌ နေ, လ, နက္ခတ်, တာရာ, ဂြိုဟ်,ကြယ်အပေါင်းတို့၏ အကြီးအငယ်, အသွားအလာ အဝေးအကွာ များကို ပြဆိုချက်သည် လောကဓာတ် မှန်ပြောင်းဆရာများ၏ ပြဆိုချက်ပေတည်း။

[မှန်ပြောင်းမည်သည်မြေအပြင်၌ မိုင်တရာမိုင်တထောင်မကပင် အမှန်အကန်ပြနိုင်ရာ၏၊ မှန်မမှန် သက်သေကိုလည်းရနိုင်၏၊ အလွန်ဝေးကွာလှသော ကောင်းကင်၌မူကား၊ အမှန်အကန်ကိုလည်းမပြနိုင်ပြီ၊ မှန်သည်, မမှန်သည် သက်သေကိုလည်းမရနိုင်ပြီ။]

(၅) မြေ၏ လုံးခြင်းလည်ခြင်းသည် သူရိယသိဒ္ဓန္တဗေဒင်ကျမ်းအထွက်ပေတည်း။

[ဤ ၄–အချက်,၅–အချက်များသည်မူကားရှေး၌ပြဆိုခဲ့ပြီးသောအတိုင်းဟုတ်မှန်သည်လည်းမဟုတ်၊ အကျိုးကျေးဇူး

လည်းမရှိ၊ မျက်မှောက်ဒိဋ္ဌတို့နှင့်လည်း အလွန်ဆန့်ကျင်၏၊ ကမ္ဘာ့ကျမ်းဟောင်းများနှင့်လည်း အလွန်ဆန့်ကျင်၏၊ ဗုဒ္ဓဘာသာကျမ်းစာများနှင့်လည်း အလွန်ဆန့်ကျင်၏။]

ထို့ကြောင့် ဗုဒ္ဓဘာသာ ရာဇဝင် အဆက်ဆက်တို့၌ ထိုမြေလုံးခဏ်း, မြေလည်ခဏ်းတို့ကိုပြောဆိုခြင်းမရှိကြစေရန် အစဉ်အဆက် နှိပ်ကွပ်၍ထားကြရ၏၊ယခုအခါ ထိုမြေလုံးလည်မှုနှင့် စိစစ်ဖွယ်ရာသိပ္ပံ, ယူရာယူကြောင်းတို့သည် အလွန်ကျယ်ဝန်း ကျယ်ပြန့် ထွန်းကားလာပြန်ပါသဖြင့် ဗုဒ္ဓဘာသာ လူမျိုးအချင်းချင်းတို့ပင် အငြင်းအခုန်ဖြစ်ပွားကြရလေသည်၊ ထိုမြေလုံးလည်မှုကို ယုံကြည်ကြသော လောကဓာတ်ကျောင်းဆရာ အချို့တို့က ဗုဒ္ဓဘာသာကျမ်းစာများသည် ကမ္ဘာမြေကြီးကစ၍ မှားသည် ဟု ပြောဆိုကြသည်များကိုပင် ကြားဘူးရလေပြီ။

ထိုကြောင့် မြေလုံး, မြေလည် အယူဝါဒကြီး ပေါ်ပေါက်မှုသည် ဗုဒ္ဓဘာသာ ကျမ်းဂန်များ၏ ဓမ္မန္တရာယ်ကြီးဖြစ်ချေသည်ဟု သတိသံဝေဂရှိလေသောကြောင့် ဤမြေလုံးဝိဝါဒရှင်းချက်ကြီးကိုစွပ်စွဲချက် အသီးသီးမှကင်းစင်၍ စွဲမြဲယုံကြည် မှတ်သားနိုင်ကြပါစေခြင်းငှါ အဋ္ဌကထာ, ဋီကာမဘက် ပါဠိတော်သက်သက်လာပုံတို့နှင့်တကွ ထပ်မံတင်ပြသုတ်သင် ရှင်းလင်းပါဦးအံ့သတည်း။

---

## ၆။ ကမ္ဘာမြေကြီးလှုပ်ပုံ

ဗုဒ္ဓဘာသာပါဠိတော်လာ ဗုဒ္ဓမြတ်စွာဘုရား၏ နှုတ်တော်ထွက်အစစ် (ကမ္ဘာမြေအခြင်းအရာနှင့်ဆိုင်သော) မြေသနစ်ကို ရှေးဦးစွာပြဆိုရာ၏။

အဋ္ဌ ခေါ ဣမေ အာနန္ဒ ဟေတူ အဋ္ဌ ပစ္စယာ မဟတော ဘူမိစာလဿ ပါတုဘာဝါယ၊ကတမေ အဋ္ဌ။

အယံ အာနန္ဒ မဟာပထဝီ ဥဒကေ ပတိဋ္ဌိတာ၊ ဥဒကံ ဝါတေ ပတိဋ္ဌိတံ၊ ဝါတော အာကာသဋ္ဌော ဟောတိ၊ သော ခေါ အာနန္ဒ သမယော၊ ယံ မဟာဝါတာ ဝါယန္တိ၊ မဟာဝါတာ ဝါယန္တာ ဥဒကံ ကမ္ပေန္တိ၊ ဥဒကံ ကမ္ပိတံ ပထဝိံ ကမ္ပေတိ၊ အယံ ပဌမော ဟေတု ပဌမော ပစ္စယော မဟတော ဘူမိစာလဿ ပါတုဘာဝါယ။

ပုန စပရံ အာနန္ဒ သမဏောဝါ ဟောတိ ဗြာဟ္မ-ဏောဝါ ဣဒ္ဓိမာ စေတောဝသိပ္ပတ္တော ဒေဝေါဝါ မဟိဒ္ဓိကော မဟာနုဘာဝေါ၊ တဿ ပရိတ္တာ ပထဝီသညာ ဘာဝိတာ ဟောတိ၊ အပ္ပမာဏာ အာပေါသညာ၊ သော ဣမံ ပထဝိံ ကမ္ပေတိ သံကမ္ပေတိ သမ္ပကမ္ပေတိ သံပဝေဓေတိ၊ အယံ ဒုတိယော ဟေတု ဒုတိယော ပစ္စယော မဟတော ဘူမိစာလဿ ပါတုဘာဝါယ။ လ။ ဣမေ ခေါ အာနန္ဒ အဋ္ဌဟေတူ အဋ္ဌပစ္စယာ မဟတော ဘူမိစာလဿ ပါတုဘာဝါယာတိ။

[ဒီဃနိကာယ် သုတ်မဟာဝါပါဠိတော်, မဟာပရိနိဗ္ဗာနသုတ်။]

**အနက်။** "အာနန္ဒ၊ အာနန္ဒာ။ မဟတော၊ ကြီးကျယ်စွာသော။ ဘူမိစာလဿ၊ ကမ္ဘာမြေကြီးလှုပ်ရှားခြင်း၏။ ပါတုဘာဝါယ၊ ထင်ရှားစွာဖြစ်ပေါ်ခြင်းငှါ။ ဟေတူ၊

အကြောင်းတို့သည်။ဇ္ဈမေအဋ္ဌ၊ဤ၈-ပါးတို့တည်း။ပစ္စယာ၊ အကြောင်းတို့သည်။ ဇ္ဈမေ အဋ္ဌ၊ ဤ ၈-ပါးတို့တည်း။ ကတမေ အဋ္ဌ၊ အဘယ်ရှစ်ပါးတို့နည်းဟူမူကား—

အာနန္ဒ၊ အာနန္ဒာ။ အယံမဟာပထဝီ၊ ဤကမ္ဘာမြေကြီးသည်။ ဥဒကေ၊ ကမ္ဘာရေပြင်ကြီး၌။ ပတိဋ္ဌိတာ၊ တည်၏။ ဥဒကံ၊ ကမ္ဘာရေပြင်ကြီးသည်။ ဝါတေ၊ ကမ္ဘာလေပြင်ကြီး၌၊ ပတိဋ္ဌိတံ၊ တည်၏။ ဝါတော၊ ကမ္ဘာလေပြင်ကြီးသည်။ အာကာသဋ္ဌော၊ အောက်အဇဋာကာသကောင်းကင်ပြင်ကြီး၌ တည်သည်။ ဟောတိ၊ ဖြစ်၏။ ယံ သမယံ၊ အကြင်အခါ၌။ မဟာဝါတာ၊ ကြီးကျယ်စွာသော လေမုန်တိုင်းတို့သည်။ ဝါယန္တိ၊ထကြွသောင်းကျန်းစွာလာကုန်၏။ မဟာဝါတာ၊ ကြီးစွာသော လေမုန်တိုင်းတို့သည်။ ဝါယန္တာ၊ ထကြွသောင်းကျန်းလာကြသည်ရှိသော်။ဥဒကံ၊ ကမ္ဘာရေပြင်ကြီးကို။ ကမ္ပေန္တိ၊ လှုပ်ရှားစေကုန်၏။ဥဒကံ၊ ကမ္ဘာရေပြင်ကြီးသည်။ ကမ္ပိတံ၊ လှုပ်ရှားသည်ရှိသော်။ ပထဝိံ၊ ကမ္ဘာမြေကြီးကို။ကမ္ပေတိ၊ လှုပ်ရှားစေ၏။ သော သမယော၊ ထိုကဲ့သို့ ကမ္ဘာလေကြီး ထကြွလှုပ်ရှားခြင်းကြောင့် ကမ္ဘာမြေကြီး လှုပ်ရှားသောအခါ သမယသည်။ အတ္ထိ၊ရှိ၏။ အယံ၊ ဤသည်ကား။ မဟာတော၊ ကြီးကျယ်စွာသော။ဘူမိစာလဿ၊ ကမ္ဘာမြေကြီး လှုပ်ရှားခြင်း၏။ ပါတုဘာဝါယ၊ ထင်ရှားဖြစ်ပေါ်ခြင်းငှါ။ ပဌမော၊ရှေးဦးစွာသော။ ဟေတု၊ အကြောင်းတည်း။ ပဌမော၊ သော။ ပစ္စယော။တည်း။

အာနန္ဒ၊ အာနန္ဒာ။ ပုနစပရံ၊ တဖန်အကြောင်းတပါးသည်ကား။ သမဏောဝါ၊ ရဟန်း သည်မှင်း။

ပြာဟ္မဏောဝါ၊ ပုဏ္ဏားရသေ့သည်ရင်း။ ဇာဒ္ဓိမာ၊ တန်ခိုးနှင့်ပြည့်စုံသည်။ စေတောဝသိပ္ပတ္တော၊ မိမိစိတ်၌ အစိုးရခြင်းသို့ရောက်သည်။ ဟောတိ၊ ဖြစ်၏။ မဟိဒ္ဓိကော၊ တန်ခိုးကြီးသော။ ဒေဝေါဝါ၊ နတ်သိကြားဗြဟ္မာသည်လည်း။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုတန်ခိုးကြီးသောသူအား။ ပရိတ္တာ၊ သေးငယ်သော။ ပထဝိသညာ၊ ပထဝီကသိုဏ်းနိမိတ်လျှင် အာရုံရှိသော ပထဝီသညာကို။ ဘာဝိတာ၊ ပွားများစေအပ်သည်။ ဟောတိ၊ ဖြစ်၏။ အပ္ပမာဏာ၊ ကြီးကျယ်သောပမာဏရှိသော။ အာပေါသညာ၊ အာပေါကသိုဏ်းနိမိတ်လျှင် အာရုံရှိသော အာပေါသညာကို။ ဘာဝိတာ၊ ပွားများစေအပ်သည်။ ဟောတိ၊ဖြစ်၏။သော၊ ထိုတန်ခိုးကြီးသောသူသည်။ ဣမံပထဝိံ ဤကမ္ဘာမြေကြီးကို။ ကမ္ပေတိ၊ လှုပ်ရှားစေ၏။ သံကမ္ပေတိ၊ ပြင်းစွာလှုပ်ရှားစေ၏။ သမ္ပကမ္ပေတိ၊ ကောင်းစွာ အထွေထွေအပြားပြား လှုပ်ရှားစေ၏။ သံပဝေဓေတိ၊ ကောင်းစွာ တုန်လှုပ်စေ၏။ အယံ၊ ဤသည်ကား။ မဟတော၊ ကြီးစွာသော။ ဘူမိစာလဿ၊ ကမ္ဘာမြေကြီး လှုပ်ရှားခြင်း၏။ ပါတုဘာဝါယ၊ ထင်ရှား ဖြစ်ပေါ်ခြင်းငှါ။ ဒုတိယော၊ နှစ်ခုမြောက်သော။ ဟေတု၊ အကြောင်းတည်း။ ဒုတိယော၊ နှစ်ခုမြောက်သော။ ပစ္စယော၊ အကြောင်းတည်း။ ။လ။ အာနန္ဒ၊ အာနန္ဒာ။ မဟတော၊ ကြီးစွာသော။ ဘူမိစာလဿ၊ ကမ္ဘာမြေကြီးလှုပ်ရှားခြင်း၏။ ပါတုဘာဝါယ၊ ထင်ရှားဖြစ်ပေါ်ခြင်းငှါ။ ဟေတူ၊ အကြောင်းတို့သည်။ဣမေအဋ္ဌ၊ ဤ၈-ပါးတို့တည်း။ ပစ္စယာ၊အကြောင်းတို့သည်။ ဣမေအဋ္ဌ၊ ဤ၈-ပါးတို့တည်း။

ပေယျာလ၌ပါဝင်သောကျန်အကြောင်း၆-ပါးကား—

(၁) ပစ္ဆိမ ဘဝိကဖြစ်သော ဘုရား အလောင်းတော်သည် မယ်တော်ဝမ်း၌ ပဋိသန္ဓေ ယူသော အခါ ကမ္ဘာမြေကြီး ကြီးစွာလှုပ်ရှားခြင်းတပါး,

(၂) မယ်တော်ဝမ်းမှ ဘွားမြင်သောအခါ ကြီးစွာလှုပ်ရှားခြင်းတပါး,

(၃) ဘုရားဖြစ်တော်မူသောအခါ ကြီးစွာလှုပ်ရှားခြင်းတပါး,

(၄) ဓမ္မစကြာတရားကိုဟောတော်မူသောအခါ ကြီးစွာလှုပ်ရှားခြင်းတပါး,

(၅) အာယုသင်္ခါရကို စွန့်လွှတ်တော်မူသောအခါ ကြီးစွာလှုပ်ရှားခြင်းတပါး,

(၆) ပရိနိဗ္ဗာန် စံတော်မူသောအခါ ကြီးစွာ လှုပ်ရှားခြင်းတပါး—

ဟူ၍ ၆-ပါးဖြစ်၏၊ ဤ၆-ပါး၌ ကြီးစွာလှုပ်ရှားခြင်းဆိုသည်ကား- ဤလောကဓာတ်တခု၌သာ လှုပ်ရှားသည်မဟုတ်၊ လောကဓာတ်ပေါင်းတသောင်းတိုင်တိုင် တပြိုင်နက်အားဖြင့် လှုပ်ရှားခြင်းပေတည်း၊ ထိုကြောင့်ဤလောကဓာတ်နှင့်တကွ လောကဓာတ်ပေါင်း တသောင်းတို့ကို ဇာတိခေတ်ဟူ၍ဆိုအပ်၏၊ ဗုဒ္ဓခေတ်ဟူ၍လည်းဆိုအပ်၏။

(၁) ဇာတိခေတ်ဆိုသည်ကား— ဘုရားအလောင်းတော်ကြီးများ ပဋိသန္ဓေယူသောအခါ, ဘွားမြင်တော်မူသောအခါတို့၌ အတူတကွလှုပ်ရှားကြရသည်ဖြစ်၍ ဇာတိခေတ်ဆို၏။

(၂) ဗုဒ္ဓခေတ် ဆိုသည်ကား– ဘုရားဖြစ်တော် မူသောအခါ ထိုလောကဓာတ်ပေါင်းတသောင်း၌ ရှိနေကြကုန်သော နတ်သိကြား ဗြဟ္မာအပေါင်းတို့သည် မြတ်စွာဘုရား၏ တပည့်သားအဖြစ်နှင့် မြတ်စွာဘုရား၏ တရားတော်ကိုနာ၍ အကျွတ်တရားရကြကုန်သောကြောင့် ထိုလောကဓာတ် တသောင်းသည် တဆူသောမြတ်စွာဘုရား၏ ဗုဒ္ဓဘာသာသာသနာတော် တည်ထွန်းရာဖြစ်၍ ဗုဒ္ဓခေတ်ဟုဆို၏။

## အချုပ်မှတ်ဘွယ်

ဤအရာ၌ လိုရင်းမှုကား ပဌမကမ္ဘာမြေကြီးလှုပ်ရှားချက်ကို ပါဠိတော်အရ ပြဆိုချက်ပေတည်း၊ ဤပဌမလှုပ်ရှားချက်ကြီးမှာမူကား-လောကဓာတ်ပေါင်း တသောင်းမကသော်လည်း လှုပ်ရှားလေရာ၏။

> အယံ အာနန္ဒ မဟာပထဝီ ဥဒကေ ပတိဋ္ဌိတာ ဥဒကံ ဝါတေ ပတိဋ္ဌိတံ၊ ဝါတော အာကာသဋ္ဌော ဟောတိ သောခေါ အာနန္ဒ သမယော ယံ မဟာဝါတာ ဝါယန္တိ၊ မဟာဝါတာ ဝါယန္တာ ဥဒကံ ကမ္ပေန္တိ၊ ဥဒကံ ကမ္ပိတံ ပထဝိံ ကမ္ပေတိ။

ဟူသော မြတ်စွာဘုရား၏ ပါဠိတော်ကိုထောက်၍ ဤကမ္ဘာမြေကြီးသည် ဘောလုံး, လိမ္မော်သီး များကဲ့သို့ အလုံးမဟုတ်၊ တပါးသော လောကဓာတ်တို့နှင့် ကမ္ဘာမြေပြင်ကြီး, ကမ္ဘာရေပြင်ကြီး, လေပြင်ကြီး တို့သည် တဆက်တည်း, တခုတည်း, တပြင်တည်း တည်ရှိကြကုန်

သည်ဟု အမှန်မုချသိအပ်လှ၏၊ ဤကမ္ဘာ မြေကြီးသည် နေ, လ, နက္ခတ်, တာရာတို့ကဲ့သို့ ကောင်းကင်၌တည်သည် လည်းမဟုတ်၊ လှည့်လည် ရွေ့ရှား သွားလာသည်လည်း မဟုတ်၊ ကမ္ဘာရေပြင်ကြီး အပေါ်၌သာ အမြဲတည်နေ သည်ဟု အမှန်မုချသိအပ်လှ၏။

ဤကမ္ဘာမြေကြီးသည် ဘောလုံးများ,လိမ္မော်သီးများ ကဲ့သို့ လုံး၏၊ လည်၏၊ ရွေ့ရှား သွားလာ၍နေ၏ဟူသော အယူသည်မူကား—

(၁) ကမ္ဘာမြေပြင်ကြီးတပါး,
(၂) ကမ္ဘာရေပြင်ကြီးတပါး,
(၃) ကမ္ဘာလေပြင်ကြီးတပါး—

ဟူ၍ လောကဓာတ် အနန္တတို့၏ အခြေခံကြီး သုံးပါး တဆက်တည်း, တပြင်တည်း ရှိနေသည်ကို မသိရှာကြကုန် သောသူတို့၏ နာနာဝါဒကြီဆ၍ယူခြင်းမျှသာတည်း။

---

## ၇။ ကမ္ဘာလောကဓာတ်အနန္တရှိပုံ

ဤ၌ လောကဓာတ်ပေါင်း အနန္တရှိကြောင်းကား— သံယုတ္တနိကာယ်, ဒေဝပုတ္တသံယုတ်, ''ရောဟိတနတ်သား ဝတ္ထု''ကို ဤအရာ၌ပြဆိုရာ၏၊ ထိုနတ်သားသည် မြတ်စွာ ဘုရားကို ဤသို့နားတော်လျှောက်၏။

**လျှောက်ကြားပုံကား**—အကြင်လောက၏ အဆုံး၌ ပဋိ သန္ဓေနေခြင်းမရှိ၊ အိုခြင်းမရှိ၊သေခြင်းမရှိ ဤဘဝရွေ့ ရှားခြင်းမရှိ၊ ဘဝတပါးသို့ ကပ်ရောက်ခြင်းမရှိ၊ ထိုလော

ကာ၏အဆုံးကို တန်ခိုးဖြင့်သွား၍ သိခြင်းငှါရင်း, မြင်ခြင်းငှါရင်း,ရောက်ခြင်းငှါရင်း တတ်ကောင်းပါမည်လော''ဟု မေးလျှောက်၏။

''အကြင်နတ်သား… လောက၏အဆုံး၌ ပဋိသန္ဓေနေခြင်းစသည်မရှိ၊ ထိုလောက၏အဆုံးကို ကိုယ်ဖြင့်သွား၍သိအပ်၏ဟူ၍ရင်း, မြင်အပ်၏ဟူ၍ရင်း, ရောက်အပ်၏ဟူ၍ရင်း ငါဘုရားသည် မဟောပေ'' ဟု မိန့်တော်မူ၏၊ ထိုအခါ နတ်သားသည် အံ့ဩဘွယ်ကြီးဖြစ်ပြီးလျှင် မိမိသည် ရှေးဘဝ၌ ပဋိသန္ဓေနေခြင်းစသည်မရှိသော လောကာ၏အဆုံးကို တွေ့အောင်သွားမည်ဟု သွားဘူးကြောင်းကိုလျှောက်ကြားပေ၏။

**လျှောက်ကြားပုံကား**–''အရှင်ဘုရား… အကျွန်ုပ်သည် ရှေးဘဝ၌ မုဆိုး၏သားဖြစ်၍ ရသေ့လုပ်ရာ ''ရောဟိတ'' ရသေ့ဟူ၍ ထင်ရှားစွာ ဖြစ်ခဲ့ဘူး၏၊ တန်ခိုး ဣဒ္ဓိပါဒ်နှင့် ပြည့်စုံ၏၊ ကောင်းကင်သို့သွားနိုင်၏၊ အကျွန်ုပ်သည်အလွန်လျင်မြန်သောအဟုန်ရှိ၏၊ အဘယ်သို့လျင်မြန်သနည်းဟူမူ- လေးသမားပစ်လွှတ်အပ်သောမြှားသည် ထန်းပင်ရိပ်ကို ဖီလာဖြတ်သန်း၍သွားလေရာ ထန်းပင်ရိပ်ကိုမြှားလွန်သောခဏမျှ၌ တခုသောလောကဓာတ်၏ အရှေ့စွန်းမှသည် အနောက်စွန်းသို့ ခြေတလှမ်းဖြင့် ပေါက်ရောက်အောင်သွားနိုင်၏။

အရှင်ဘုရား… အကျွန်ုပ်သည် ဤသို့သောလျင်မြန်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ လောက၏အဆုံးကို ရောက်အောင်သွားမည်ဟု အကြံပြု၍ လောကဓာတ်တခုကို ခြေ

တလှမ်းပြု၍ အနှစ်တရာပတ်လုံးသွားလေရာ လောက၏ အဆုံးသို့မရောက်မူ၍ သေလွန်ပြီးလျှင် ဤလောကဓာတ်မှာပင် နတ်သားဖြစ်လာပါ၏၊ ထို့ကြောင့် လောကဓာတ်မည်သည် တန်ခိုးဖြင့်သွား၍ အဆုံးသို့ရောက်နိုင်သည်မရှိဟု ဟောတော်မူခြင်းသည် အလွန်မှန်လှပါ၏၊ အလွန်အံ့ဩဘွယ်ရှိလှပါ၏ဟု လျှောက်ကြားလေ၏။

ဤဝတ္ထု၌ ထန်းပင်ရိပ်ဖိလာဖြတ်သန်းသောမြားသည် ထန်းပင်ရိပ်ကို မြားလွန်သောခဏ၌ လောကဓာတ်တခုကို ပေါက်အောင်သွားနိုင်သော ရသေ့သည် တနေ့အဘို့တွင် လောကဓာတ်ပေါင်း ဘယ်နှစ်သောင်း ပေါက်လိမ့်မည်မသိ အနှစ်တရာမှာ ဆိုဘွယ်မရှိ၊ လောကဓာတ်ပေါင်း အနန္တပေါက်ရောက်သည်ဟု ဆိုဘွယ်ရှိ၏၊ အဆုံးသို့ရောက်သည်လည်း မဟုတ်သေး၊ နောက်ကို အနှစ်တသိန်းပင်သွားသော်၎င်း, နှစ်ပေါင်းကုဋေ နှစ်ပေါင်းအသင်္ချေပင်သွားသော်၎င်း- လောကဓာတ်အဆုံးကို ပေါက်ရောက်နိုင်မည်မဟုတ်။

ရှေးအခါ၌မူကား အသက်ရှည်ကြသည့်အတွက် ကာယဗလ, ဉာဏဗလခိုင်လုံကြသောကြောင့် ဗြဟ္မာပြည်သို့ရောက်ရန် ဈာန်သမာပတ်တရားတို့ကို အားထုတ်နိုင်ကြကုန်၏၊ သေသည်၏အခြားမဲ့၌ ဗြဟ္မာပြည်သို့ ရောက်ကြလေကုန်၏၊ အချို့အချို့သောသူတို့သည်လည်း ဤရောဟိတရသေ့ကဲ့သို့ တန်ခိုးအဘိညာဏ် ရနိုင်ကြကုန်၏၊ တန်ခိုးအဘိညာဏ်ကိုရကြသဖြင့် ဤရောဟိတရသေ့ကဲ့သို့ လောကဓာတ်အများကို လှည့်လည်နိုင်ကြကုန်၏၊ အောက်၌

လည်း ကမ္ဘာမြေ, ကမ္ဘာရေ, ကမ္ဘာလေဆုံးအောင် ရောက်နိုင်ကြကုန်၏၊ အထက်၌လည်း နတ်ပြည်အဆင့်ဆင့်, ဗြဟ္မာ့ပြည်အဆင့်ဆင့်သို့ ရောက်နိုင်ကြကုန်၏၊ ထိုသို့သွားလာကြရာ၌လည်း တမိနစ်ခန့်သွားလျှင် ယူဇနာမည်မျှပေါက်သည်ဟု အတိုင်းအတာအမှတ်အသားနှင့် သွားလာနိုင်ကြကုန်၏၊ ထို့ကြောင့်အလုံးစုံသော လောကဓာတ်အဆောက်အဦတို့၌ အဝေး, အနီး, အကြီး, အငယ်, အကျယ်, အကျဉ်း, အတိုင်းအရှည်ပမာဏတို့သည် ရှေးကမ္ဘာဦးမှစ၍ ယခုထက်တိုင် ကျမ်းစာတို့၌ရှိနေကြကုန်၏။

---

## ၈။ မြင့်မိုရ်တောင်ရှိပုံ

မြင့်မိုရ်တောင်ကြီးရှိကြောင်းကို အာဋာနာဋိယ ပရိတ်တော်ဖြင့် အမှန်သိအပ်၏။

ယတော သာ ပုရိမာ ဒိသာ၊
ဝုတိ နံ အာစိက္ခတိ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊
မဟာရာဇာ ယသဿိ သော။
ဂန္ဓဗ္ဗာနံ အဓိပတိ၊
ဓတရဋ္ဌောတိ နာမသော။ ။

**အနက်။** ။ယတော၊ ဤမြင့်မိုရ်တောင်ကြီးမှ။ သော၊ ထိုနေထွက်သောအရပ်သည်။ ပုရိမာဒိသာ၊ အရှေ့အရပ်မည်၏။ ဣတိ၊ ဤသို့။ ဇနော၊ လူအပေါင်းသည်။ နံ၊ ထိုအရှေ့အရပ်ကို။ အာစိက္ခတိ၊ ပြောကြားတတ်၏။ ယံဒိသံ၊ အကြင်အရှေ့အရပ်ကို။ ယသဿိ၊ များသောအခြံအရံရှိ

သော၊ သော-မဟာရာဇာ၊ ထိုနတ်မင်းကြီးသည်။ အဘိ-
ပါလေတိ၊ အုပ်စိုးစောင့်ရှောက်၏။ ဂန္ဓဗ္ဗာနံ၊ ဂန္ဓဗ္ဗနတ်
မျိုးတို့၏။ အဓိပတိ၊အကြီးအကဲဖြစ်၏။ နာမသော၊ အမည်
အားဖြင့်။ ဓတရဋ္ဌောတိ၊ ဓတရဋ္ဌနတ်မင်းကြီးဟူ၍။ ဝိသု-
တော၊ ကျော်စော၏။

[ဤပါဠိတော်၌ ဓတရဋ္ဌ ဟူသောပါဌ်သည် မိမိတို့နေ
ရာ မြင့်မိုရ်တောင်ကြီးကို စွဲချက်ပေတည်း။]

တောင်မျက်နှာအရပ်၌— ဓတော သာ ဒက္ခိဏာ
ဒိသာ ဓတိ နံ အာစိက္ခတိ ဇနော။ (လ) ဂုမ္ဘဏ္ဍာနံ
အဓိပတိ ဝိရုဠှော ဓတိ နာမသော- ဟူ၍လာ၏။

အနောက်မျက်နှာ အရပ်၌လည်း— ဓတော သာ
မစ္ဆိမာဒိသာ၊ ဓတိ နံ အာစိက္ခတိဇနော။ (လ) နာဂါ-
နဥ္စ အဓိပတိ၊ ဝိရူပက္ခောတိ နာမသော— ဟူ၍လာ၏။

မြောက်မျက်နှာအရပ်၌လည်း— ဓတော သာ ဥတ္တ-
ရဒိသာ၊ ဓတိ နံ အာစိက္ခတိ ဇနော။ (လ) ယက္ခာနဥ္စ
အဓိပတိ။ ကုဝေရော ဓတိ နာမသော— ဟူ၍လာ၏။
ဤမြောက်မျက်နှာ စကားရပ်၌မူကား မြင့်မိုရ်တောင်ကြီး
သည်လည်း တိုက်ရိုက်ပါရှိ၏၊ မြောက်ကျွန်းသူ, မြောက်
ကျွန်းသားတို့၏ အကြောင်းအရာသည်လည်း တိုက်ရိုက်
ပါရှိ၏။

(၁) ယေန ဥတ္တရ ကုရုဝှေါ၊
မဟာနေရု သုဒဿနော။
မနုဿာ တတ္ထ ဇာယန္တိ၊
အမမာ အပရိဂ္ဂဟာ။

(၂) န တေ ဗီဇံ ပဝပန္တိ၊
နာပိ နီယန္တိ နင်္ဂလာ။
အကဋ္ဌပါကိမံ သာလိံ၊
ပရိဘုဉ္ဇန္တိ မာနုသာ။

(၃) အကဏံ အထုသံ သုဒ္ဓံ၊
သုဂန္ဓံ တဏ္ဍုလပ္ဖလံ။
တုဏ္ဍိကီရေ ပစိတွာန၊
တတော ဘုဉ္ဇန္တိ ဘောဇနံ။

(၁) သုဒဿနော၊ အလွန် ကြည့်ရှုဘွယ်ကောင်းသော။ မဟာနေရု၊ မြင့်မိုရ်တောင်ကြီးသည်။ အတ္ထိ၊ ရှိ၏။ တတော၊ ထိုမြင့်မိုရ်တောင်ကြီးမှ။ ယေန၊ အကြင်မြောက် အရပ်၌။ ဥတ္တရကုရုဝှေါ၊ ဥတ္တရကုရု အမည်ရှိသော မြောက်ကျွန်းသည်။ အတ္ထိ၊ ရှိ၏၊ တတ္ထ၊ ထိုမြောက်ကျွန်း၌။ အမမာ၊ ငါ၏ပိုင်နက်ဟူ၍ စွဲလမ်းခြင်းမရှိကြကုန်သော။ အပရိဂ္ဂဟာ၊ ငါ၏လင်, ငါ၏မယား, ငါ၏သား, ငါ၏ဥစ္စာ ဟူ၍ သိမ်းပိုက်ခြင်းမရှိကြကုန်သော။ မနုဿာ၊ လူတို့သည်။ ဇာယန္တိ၊ ဖြစ်ကြကုန်၏။

(၂) တေ၊ ထိုမြောက်ကျွန်းသူတို့သည်။ ဗီဇံ၊ ကောက်ပဲမျိုးကို။ နပဝပန္တိ၊ စိုက်ပျိုးခြင်းမရှိကြကုန်။ နင်္ဂလာ၊ ထွန်မှု ယက်မှု ကရိယာတို့ကိုလည်း။ နာပိနီယန္တိ၊ ဆောင်ယူ ထွန်ယက်ခြင်းမရှိကြကုန်။ မာနုသာ၊ မြောက်ကျွန်းသားတို့သည်။ အကဋ္ဌပါကိမံ၊ မထွန်မယက်ဘဲ သလေးခင်းတို့၌ အလိုအလျောက် ပေါက်ရောက်ပွင့်သီးမှည့်ရင့်ပြီးသော။ သာလိံ၊ သလေးဆန်ကို၊ ပရိဘုဉ္ဇန္တိ၊ သုံးဆောင်ကြကုန်၏။

(၃) အကဏ္ဍံ၊ ဆန်ကျိုးဆန်ကွဲလည်း မပါထသော။ အထုသံ၊ အကြမ်းလည်းမပါထသော။ သုဒ္ဓံ၊ စင်ကြယ်စွာထသော။ သုဂန္ဓိ၊ ကောင်းသောအနံ့ရှိသော။ တဏ္ဍုလပ္ဖလံ၊ ဆန်သီးကို။ တုဏ္ဍိကီရေ၊ ဇောတိပါသာဏ မည်သောကျောက်ပေါ်၌။ ပစိတွာန၊ တင်ထားချက်ပြုတ်၍။ တတော၊ ထိုကျောက်ပေါ်မှ။ ဘောဇနံ၊ ဘောဇဉ်ကို။ ဘုဉ္ဇန္တိ၊ စားကြကုန်၏။

ဤပါဠိ၌ မြင့်မိုရ်တောင်ကြီးသည် တိုက်ရိုက်ပါရှိ၏၊ ဤအတိုင်းအရှည်ပမာဏမှုကား—

သိနေရု ဘိက္ခဝေ ပဗ္ဗတရာဇာ စတုရာသီတိ ယောဇနသဟဿာနိ အာယာမေန စတုရာသီတိ ယောဇနသဟဿာနိ ဝိတ္ထာရေန၊ မဟာသမုဒ္ဒေ အဇ္ဈောဂါဠှော စတုရာသီတိ ယောဇနသဟဿာနိ မဟာသမုဒ္ဒါ အစ္စုဂ္ဂတောဟောတိ။

[သတ္တအင်္ဂုတ္တိုရ်ပါဠိတော်။]

**အနက်။** ။ဘိက္ခဝေ၊ ရဟန်းတို့။ သိနေရုပဗ္ဗတရာဇာ၊ မြင့်မိုရ်တောင်မင်းသည်။ အာယာမေန၊ အလျားအားဖြင့်။ စတုရာသီတိယောဇနသဟဿာနိ၊ ယူဇနာပေါင်း (၈၄၀၀၀) ရှစ်သောင်းလေးထောင်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝိတ္ထာရေန၊ အနံအားဖြင့်။ စတုရာသီတိယောဇနသဟဿာနိ၊ ယူဇနာပေါင်း (၈၄၀၀၀) ရှစ်သောင်းလေးထောင်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ စတုရာသီတိယောဇနသဟဿာနိ၊ ယူဇနာ (၈၄၀၀၀) ရှစ်သောင်းလေးထောင်တို့တိုင်တိုင်။ မဟာသမုဒ္ဒေ၊ မဟာ

သမုဒ္ဒရာ၌။ အဇ္ဈောဂါဠှော၊ နစ်မြုပ်၍။ စတုရာသီတိ ယောဇနသဟဿာနိ၊ ယူဇနာပေါင်း (၈၄၀၀၀) ရှစ်သောင်း လေးထောင် တိုင်တိုင်။ မဟာသမုဒ္ဒါ၊ မဟာသမုဒ္ဒရာရေအပြင်မှ။ အစ္စုဂ္ဂတော၊ အထက်သို့မြင့်သည်။ ဟောတိ၊ ဖြစ်၏။

[ဤကား-မြင့်မိုရ်တောင်ကြီး၏ အလျား,အနံ,အမြင့် ပမာဏကို ပြဆိုသော ပါဠိသာဓကများပေတည်း။]

---

## ၉။ မြင့်မိုရ်တောင်ကိုနေမိမာန်လှည့်လည်ပုံ

နေမိမာန်သည် မြင့်မိုရ်တောင်ကြီးကို အမြဲလှည့်လည်၍နေကြောင်း ဤပရိတ်တော်ကြီး၌ လာရှိလေ၏။

(၁) ယတော ဥဂ္ဂစ္ဆတိ သူရိယော၊ အာဒိစ္စော မဏ္ဍလီ မဟာ။ ယဿ ဥဂ္ဂစ္ဆမာနဿ၊ သံဝရီပိ နိရုဇ္ဈတိ။ ယဿ ဥဂ္ဂတေ သူရိယေ၊ ဒိဝသောတိ ပဝုစ္စတိ။

(၂) ယတ္ထ စောဂ္ဂစ္ဆတိ သူရိယော၊အာဒိစ္စော မဏ္ဍလီ မဟာ။ ယဿ စောဂ္ဂစ္ဆမာနဿ၊ ဒိဝသောပိ နိရုဇ္ဈတိ။ ယဿ စောဂ္ဂတေ သူရိယေ၊ သံဝရီတိ ပဝုစ္စတိ။

(၁) ယတော၊ အကြင်အရှေ့အရပ်မှ။ အာဒိစ္စော၊ လျှံလျှံတောက်သော။ မဏ္ဍလီမဟာ၊ ကြီးသော အဝန်းအဝိုင်းရှိသော။ သူရိယော၊ နေသည်။ ဥဂ္ဂစ္ဆတိ၊ တက်၏။ ယဿ၊ အကြင်နေဝန်းသည်။ ဥဂ္ဂစ္ဆမာနဿ၊ တက်ဆဲဖြစ်သည်ဖြစ်သော်။ သံဝရီပိ၊ ညဉ့်မှောင်သည်လည်း။ နိရုဇ္ဈတိ၊ ချုပ်ပျောက်၏။ ယဿ-ယသ္မိံ သူရိယေ၊ အကြင်နေဝန်း

သည်။ ဥဂ္ဂတော၊ နေလုံးပေါ်အောင် တက်သည်ရှိသော်။ ဒိဝသောတိ၊ နေ့အခါဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

(၂) ယတ္ထ၊ အကြင်အနောက်အရပ်၌။ အာဒိစ္စော၊ လျှံလျှံတောက်သော။ မဏ္ဍလိမဟာ၊ ကြီးသောအဝန်း ရှိသော။ သူရိယော၊ နေသည်။ ဩဂ္ဂစ္ဆတိ၊ ဝင်ဆဲဖြစ်၏။ ယဿ၊ အကြင်နေဝန်းသည်။ ဩဂ္ဂစ္ဆမာနဿ၊ ဝင်ဆဲဖြစ်သည်ရှိသော်။သံဝရီတိ၊ ညဉ့်အခါဟူ၍၊ ပဝုစ္စတိ၊ဆိုအပ်၏။ ယဿ-ယသ္မိံ သူရိယေ၊ အကြင်နေဝန်းသည်။ ဩဂ္ဂတေ၊ နေလုံးပျောက်အောင် ဝင်ပြီးသည်ရှိသော်။ ဒိဝသောပိ၊ နေ့အခါသည်လည်း။ နိရုဇ္ဈတိ၊ ချုပ်၏။

အရှေ့ကျွန်း၌ မွန်းမတ်မတ် တည့်ဆဲအခါ ဤတောင်ကျွန်း၌ အရုဏ်တက်၏၊ ညဉ့်မှောင်ပျောက်၏၊ အရှေ့ကျွန်း၌ မွန်းလွဲသောအခါ ဤတောင်ကျွန်း၌နေဝန်းပေါ်၏၊ နေ့အခါဖြစ်၏၊ အနောက်ကျွန်း၌ မွန်းတည့်ဆဲအခါ ဤတောင်ကျွန်း၌ ညချမ်းသို့ရောက်၏၊ အနောက်ကျွန်း၌ မွန်းလွဲသောအခါ ဤတောင်ကျွန်း၌ နေ့အခါ လုံးလုံး ပျောက်၏၊ ဤစကား ၂-ရပ်ဖြင့် "သုံးကျွန်းလင်းခိုက် တကျွန်းမိုက်၏" ဟူသော အချက်, "၂-ကျွန်းလင်းခိုက် ၂-ကျွန်းမိုက်၏"ဟူသောအချက်ကို ပြဆိုရာ၏။

**ပြဆိုပုံကား—** အရှေ့ ကျွန်း၌ မွန်းမတ်မတ် တည့်ခိုက် မြောက်ကျွန်း၌ နေရောင်ရှိသေး၏၊ လင်းသေး၏၊ တောင်ကျွန်း၌ အရုဏ်တက်၏၊ လင်း၏၊ အနောက်ကျွန်း သန်းခေါင်ဖြစ်၏။

[ဤကား-သုံးကျွန်းလင်းခိုက် တကျွန်းမိုက်ပုံတည်း။]

အရှေ့ကျွန်း၌ မွန်းလွဲသောအခါ အရှေ့ကျွန်းနှင့် တောင်ကျွန်း၌ နေ့အခါဖြစ်၏၊ အနောက်ကျွန်းနှင့် မြောက်ကျွန်း၌ ညဉ့်အခါဖြစ်၏။

[ဤကား ၂-ကျွန်းလင်းခိုက် ၂-ကျွန်းမိုက်ပုံတည်း။]

ဤနည်းအတူ ကျန်ရှိသောကျွန်းတို့၌ မွန်းတည့်ခိုက်, မွန်းလွဲခိုက်တို့ကို တွက်ယူရလေသည်၊ ဤစကားရပ်တို့ဖြင့် နေသည် မြင့်မိုရ်တောင်ကြီးကို အစဉ်အမြဲ လှည့်လည်၍ နေသည့်အတွက်ကြောင့် လေးကျွန်းလုံးတို့၌ နေ့အခါ, ညဉ့်အခါဟူ၍ ခြားနားချက်ရှိသည်ကို အမှန်သိအပ်၏။

**သိပုံကား**—လ, ကြယ်, နက္ခတ် တို့မည်သည် နေရောင်ရှိသောနေ့အခါ၌ မပေါ်မထွန်းနိုင်ကြကုန်၊ နေရောင်မရှိသည့်ညဉ့်အခါ၌သာ ပေါ်ထွန်း နိုင်ကြကုန်၏၊ အထက်ကောင်းကင်မှာ ညဉ့်မှောင်တည်ရှိသောအခါ၌သာ လ, ကြယ်,နက္ခတ် တို့ကို မြင်ကြရလေသည်မှာ လူအများတို့၏ မျက်မြင်ဒိဋ္ဌဖြစ်ကြ၏၊ ထိုအထက်ကောင်းကင်၌ ညဉ့်မှောင်သည် အဘယ်မှာဖြစ်သနည်းဆိုသော် နေရောင်ကို ကွယ်ကာနိုင်သော မြင့်မိုရ်တောင်ကြီးမှဖြစ်၏၊ မြင့်မိုရ်တောင် ရိပ်ကြီးပင်တည်းဟု အမှန်အားဖြင့် သိအပ်၏။

လူ့ပြည်၌မူကား နေသည် အလွန်ဝေးစွာသောအရှေ့ အရပ်၌တည်ခဲ့သော်ငြင်း, အလွန်ဝေးစွာသော အနောက် အရပ်၌ တည်ခဲ့သော်ငြင်း အကြား၌ ရှိနေကြကုန်သော သစ်ပင် တောတောင် တို့သည် နေရောင်ကို ကွယ်ကာနိုင် ကြကုန်၏၊ ညဉ့်မှောင်ကို ပြုနိုင်ကြကုန်ရာ၏၊ ဤသို့ကား

မဟုတ်၊ နေသည်မြင့်မိုရ်တောင်ကြီးကိုသာအမြဲလှည့်လည်၍နေပေ၏။

[ဤကား-ပါဠိတော်သက်သေ ယုတ္တိသက်သေနှင့်ပြခြင်းများပေတည်း။]

## ၁၀။ အတွင်းသမုဒ္ဒရာရှိပုံ

ထို မြင့်မိုရ်တောင် ကြီးကိုလည်း အတွင်း မဟာ သမုဒ္ဒရာကြီး ဝန်းဝိုင်းလျက် တည်ရှိကြောင်းကို ဋ္ဌင်းပရိတ်တော်ကြီး၌—

ရဟာဒေါပိ တတ္ထ ဂမ္ဘီရော သမုဒ္ဒေါ သရိတော ဒကော—

ဟူ၍လာ၏။

**အနက်။** ။တတ္ထ၊ ထိုအရှေ့အရပ်၌။ ရဟာဒေါပိ၊ ရေအိုင်ကြီးသည်လည်း။ ဂမ္ဘီရော၊ အလွန်နက်၏။ သရိတောဒကော၊ လှုပ်ရှားသောရေရှိသော။ သမုဒ္ဒေါ၊ မဟာသမုဒ္ဒရာကြီးပေတည်း။

ဤအတွင်း သမုဒ္ဒရာကြီးသည်ကား အနက်အကျယ် အဘယ်မျှရှိသည်ဟု ဤပါဠိ၌မလာ၊ တပါးသောပါဠိတော်များ၌ အနက်အကျယ် ယူဇနာ (၈၄၀၀၀) ရှစ်သိန်း လေးသောင်း ရှိသည်ဟုလာ၏၊ နေမိဇာတ်ပါဠိတော်၌ကား-မြင့်မိုရ်တောင်ကြီး၏အရံတောင်စဉ် ၇-ထပ်ရှိကြောင်းလာ၏၊ တောင်စဉ်၇-ထပ်တို့၏ အကြား၌လည်း အတွင်းသမုဒ္ဒရာကြီးနှင့်တကွ သီဒါသမုဒ္ဒရာ ခုနစ်တန်ရှိကြောင်းလာ၏။

[ဤကား-အတွင်းသမုဒ္ဒရာ ပြဆိုချက်ပေတည်း။]

## ၁၁။ အပသမုဒ္ဒရာရှိပုံ

အံ့ဘွယ်၈-ပါးနှင့်ပြည့်စုံသောအပသမုဒ္ဒရာကြီးကား-ဝိနည်း စူဠဝါပါဠိတော်၌- ဘိက္ခဝေ၊ ရဟန်းတို့။ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌။ အဋ္ဌရိယာ၊ အံ့ဘွယ်သရဲတို့သည်။ အဗ္ဘုတဓမ္မာ၊ မဖြစ်ဘူးမြဲ ဖြစ်ပေါ်လာသောဓမ္မတာသဘောတို့သည်။ ဣမေအဋ္ဌ၊ ဤရှစ်ပါးတို့တည်း။ မြန်မာပြန်သော်ကား—

(၁) မဟာသမုဒ္ဒရာသည်အစဉ်အတိုင်းနိမ့်၏၊ ကိုင်း၏၊ ရှိုင်း၏ စသည့်ဖြစ်ခြင်းဖြင့်သာလျှင်အနက်ကြီးနက်၍သွားသည်မဟုတ်။

(၂) မဟာသမုဒ္ဒရာသည် တည်တံ့သော သဘောရှိ၏၊ ကမ်းကိုမလွန်တည်၏၊ တရံတခါ၌ မည်သည့်ကျွန်းကို, မည်သည့်မြို့ကို, မည်သည့်နယ်ကို ပင်လယ်ရေလွှမ်းသည်ဟု ဖြစ်လာရသည်ကား ထိုအရပ်၌ နေသောသူတို့၏ ပါဏာတိပါတစသော အကြောင်းထူးကြောင့်ဟု ဆိုလိုသည်။

(၃) မဟာသမုဒ္ဒရာသည် သေပြီးသော အကောင်ပုပ်နှင့်မပေါင်းဖော်၊ ထိုအကောင်ပုပ်ကို လျင်စွာသာလျှင် ကမ်းသို့ပို့ဆောင်၏၊ မဟာသမုဒ္ဒရာသည် ရေနက်ရာ၌ အလွန်လှိုင်းကြီး၏၊ ရေနက်လေလေ အလွန်လှိုင်းကြီးလေလေဖြစ်၏၊ အထက်သို့ရေမြင့်လေလေဖြစ်၏၊ ထိုလှိုင်းတို့မှဖြစ်သော ဂယက်တို့သည် ကမ်းဆီသို့သာပြေးကုန်၏၊ ထိုကြောင့် အသေကောင်ဟူသမျှတို့သည် ကမ်းသို့သာ ရောက်လာကြရကုန်၏၊ အသေကောင်သာ မဟုတ်သေး

သမုဒ္ဒရာ၌ပျက်သော သင်္ဘောကြီးပင် ဖြစ်သော်လည်းကမ်းသို့သာ ရောက်ရမြဲဓမ္မတာဟူလို။

(၄) မဟာသမုဒ္ဒရာသည် အလုံးစုံသော မြစ်ကြီးများဖြစ်ကြသည့် ဂင်္ဂါ, ယမုနာ, အစိရဝတီ, သရဘူ,မဟီ မြစ်ကြီးတို့သည် မဟာသမုဒ္ဒရာသို့ ရောက်ကုန်သည်ရှိသော် ရှေး၌ဖြစ်ကုန်သော အမည်အနွယ်တို့ကိုစွန့်ကြကုန်၍မဟာသမုဒ္ဒရာဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်ကြကုန်၏။

(၅) မဟာသမုဒ္ဒရာသည် လောက၌အကြင်မြစ်ကြီးငါးသွယ်, မြစ်ငယ်ငါးရာ, ချောင်းများစွာ တို့သည်၎င်း၊ ကောင်းကင်ရှိ မိုဃ်းရေအယဉ်တို့သည်၎င်း၊ နှစ်စဉ်စီးဆင်း သက်ရောက်ခြင်းတို့ကြောင့် ယုတ်လျော့, ပြည့်ဖြိုးသည်ဟူ၍မရှိ၊ မြစ်ကြီးငါးသွယ်, မြစ်ငယ်ငါးရာ ချောင်းများစွာတို့သည် တကမ္ဘာလုံး နာရီမစဲ အမြဲစီးဝင်၍နေပါလျက် ကောင်းကင်ကျ မိုဃ်းရေအယဉ်တို့သည် နှစ်စဉ်ရွာသွန်း၍နေပါလျက် သမုဒ္ဒရာရေသည် ပြည့်ဖြိုးတိုးတက်သည်ဟူ၍ မရှိခြင်းသည်ကား အလျား, အနံ, အနက်, အကျယ်ကြီးကျယ်သည့်အတွက်ပေတည်း။

အနံသည်လည်းယူဇနာပေါင်း(၁၂၀၀၀)ရှိသောင်းနှစ်ထောင်ကျယ်၏၊ အနက်သည်လည်း စကြဝဠာတောင်ခြေ၌(၁၂၀၀၀)နက်၏၊ အလျားအားဖြင့်လည်း ယူဇနာပေါင်း(၃၆၁၀၃၅၀) သုံးသန်းခြောက်သိန်းတသောင်းသုံးရာ့ငါးဆယ်ရှိ၏ဟူလိုသည်၊ ဤအလျားယူဇနာ သည်ပင်လျှင် တခုသော လောကဓာတ်ကြီး၏ အဝန်းအဝိုင်း

ကြီးပေတည်း၊ ထိုတခုသော လောကဓာတ်ကြီး၏ အဝန်း အဝိုင်းသည်လည်းအင်္ဂလိပ်မိုင်အားဖြင့်(၄၆၈၃၄၅၅၀) ရှိ၏၊ လောကဓာတ်ဆရာတို့ ကမ္ဘာမြေလုံးမည်သည်ကား မိုင်ပေါင်း(၂၈၀၀၀) နှစ်သောင်းကိုးထောင်မျှ ရှိသည် ဟုဆို၏။

(၆) မဟာသမုဒ္ဒရာသည်- ကေရသော၊ တခုသော အရသာရှိ၏။လောဏရသော၊ ဆားငန်ရေ အရသာရှိ၏။ ကြီးကျယ်လှသော ရေအစုအပေါင်း အလွန်ကြာညောင်း လှသောကြောင့် ဆားငန်ရေအတိဖြစ်၏ဟု မိလိန္ဒပဉှာ၌ လာ၏။

(၇) မဟာသမုဒ္ဒရာသည် များစွာသော ရတနာရှိ ကုန်၏၊ ၎င်းတို့သည်ကား-မုတ္တာ- ပုလဲရတနာ၊ မဏိ- ပတ္တမြား၊ ဝေဠုရိယော-ကျောက်မျက်ရွဲ၊ သင်္ခေါ-ခရုသင်း၊ သိလာ-ကျောက်သလင်း၊ ပဝါဠံ- သန္တာရတနာ၊ ရဇတံ- ငွေ၊ ဇာတရူပံ-ရွှေ၊ လောဟိတင်္ကော-ပတ္တမြားနီ၊ မသာရ ဂလ္လံ-ပတ္တမြားပြောက်စသည်တို့တည်း။

(၈) မဟာသမုဒ္ဒရာသည် ကြီးကျယ်စွာ ကုန်သော သတ္တဝါတို့၏ နေရာကြီးပေတည်း၊ ၎င်းတို့သည်ကား— တိမိမည်သော ငါးကြီးမျိုး, တိမိင်္ဂလမည်သောငါးကြီးမျိုး, တိမိတိမိင်္ဂလမည်သောငါးကြီးမျိုးနတ်အသုရာကြီးတို့သည် ၎င်းရေနဂါးကြီးတို့သည်၎င်း,ဂန္ဓဗ္ဗမည်သောရေဘီလူးကြီး တို့သည်၎င်း, ယူဇနာတရာရှိကုန်သော အတ္တဘောတို့သည် ၎င်း,နှစ်ရာရှိကုန်သော,သုံးရာ,လေးရာ, ငါးရာရှိကုန်သော အတ္တဘောတို့သည်၎င်း ရှိကုန်၏၊ ဤသည်ကား ရှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော အံ့ဘွယ်သရဲကြီးတို့ပေတည်း။

၎င်း၌ယူဇနာ (၅၀၀) ငါးရာဆိုသည်ကား အလျား ယူဇနာ့ ပေတည်း၊ အင်္ဂလိပ် မိုင်အားဖြင့် (၆၅၀၀) ခြောက်ထောင်ငါးရာကျော်ရှိ၏၊ လောကဓာတ် မြေလုံး၌ ကားတောင်နှင့် မြောက် ထုတ်ခြင်း မိုင်ပေါင်း(၇၉၀၀) ခုနစ်ထောင် ကိုးရာမျှသာရှိ၏၊ ထိုအတ္တဘောကြီးထက် မိုင် ပေါင်း (၁၄၀၀) တထောင့်လေးရာမျှသာရှိ၏၊ မဟာ သမုဒ္ဒရာ၌ မူကား ဤအတ္တဘောကြီးမျိုး သိန်းသန်းများ စွာရှိလေရာ၏။

[ဤအား-လေးကျွန်းလုံးကို ပြင်ဘက်၌ ပတ်ဝိုက်လျက် တည်သော လောကဓာတ်ကျွန်းပတ် အပသမုဒ္ဒရာကြီးကို ပြဆိုချက်ပေတည်း။]

---

## ၁၂။ စကြဝဠာတောင်နှင့်လောကန္တရိက်ငရဲကြီး

၎င်း ဗဟိသမုဒ္ဒရာကြီး အပြင်ဘက်၌လည်း စကြဝဠာ တောင်ဝိုင်းကြီးသည်ရှိ၏၊ စကြဝဠာတောင့်ဝိုင်းကြီး သုံးခု တို့၏ ပေါင်းဆုံရာဌာန၌ လောကန္တရိက်ခေါ်သော အလွန်နက်လှစွာသော ချောက်တွင်းကြီးသည် ရှိ၏ဟု "သုတ်မဟာဝါပါဠိတော် မဟာပဓာနသုတ်ကြီး"၌ ဟော တော်မူ၏။

ယာထာလောကန္တရိကာ၊ အကြင်လောကဓာတ်သုံးပါး တို့၏ ပေါင်းဆုံရာတွင်ရှိသော နရက်ချောက်တွင်းကြီးတို့ သည်။ အဃာ၊ အမြဲဟင်းလင်းပွင့်ကုန်၏၊ အသံဝုဋာ၊ အောက်အထက်၌ အပိတ်မရှိကုန်။ အန္ဓကာရာ၊ အမိုက် တိုက်ဖြစ်ကုန်၏။ အန္ဓကာရတိမိသာ၊ စက္ခု၏မမြင်ခြင်းကို

ပြုတတ်သော အမိုက်တိုက်နှင့် ပြည့်စုံကုန်၏။ ယတ္ထစ၊ အကြင် နရက်ချောက်တွင်းကြီးတို့၌လည်း။ ဧဝံ၊ ဤသို့။ မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုးရှိကုန်သော။ ဧဝံ၊ဤသို့။မဟာနုဘာဝါ၊ ကြီးသော အာနုဘော်ရှိကုန်သော။ ဣမေစန္ဒိမသူရိယာ၊ဤ လ နေ တို့သည်။ အာဘာယ၊ မိမိတို့အရောင်ဖြင့်။ နာနုဘောန္တိ၊ ထွန်းလင်းခြင်းငှါ မစွမ်းနိုင်ကုန်။ တတ္ထပိ၊ ထိုနရက်ချောက်တွင်းတို့၌လည်း။ အပ္ပမာဏော၊ အတိုင်းအရှည်မရှိသော။ ဥဠာရော၊ မြတ်သော။ ဩဘာသော၊ (ပစ္ဆိမဘဝိကဘုရားလောင်းတို့၏ ပဋိသန္ဓေနေတော်မူသောအခါ, ဘွားတော်မူသောအခါ စသည်တို့၌ဖြစ်သော) အရောင်အလင်းသည်။ ဒေဝါနံ၊နတ်တို့၏။ ဒေဝါနုဘာဝံ၊ နတ်တို့၏ အရောင်အလင်း အာနုဘော်ကို။ အတိက္ကမ္မေဝ၊လွန်၍သာလျှင်။ ပါတုဘဝတိ၊ထင်ရှားဖြစ်၏။

ထိုနရက်ချောက်တွင်းကြီး၌ နေရောင်, လရောင်တို့ မလိုက်နိုင်ခြင်း အကြောင်းကား—စကြဝဠာ တောင်ကြီးသည် သမုဒ္ဒရာရေထဲ၌ ယူဇနာ (၈၂၀၀၀) ရှစ်သောင်းနှစ်ထောင်မြုပ်၏၊ ရေပေါ်၌ ထိုအတူ (၈၂၀၀၀)မြင့်၏၊ နေ,လတို့သည် (၄၂၀၀၀) လေးသောင်းနှစ်ထောင်တွင် လှည့်လည်ကြကုန်၏၊ စကြဝဠာတောင်ကြီးသည် နေ, လတို့မှ အထက်၌ ယူဇနာ (၄၀၀၀၀) လေးသောင်းမြင့်သေး၏၊ ထို့ကြောင့် နေရောင်,လရောင်တို့သည် ထိုနရက်ချောက်တွင်းကြီးများ၌ မထွန်းလင်းနိုင်ရှိလေသတည်း။

ထိုနရက်ချောက်တွင်းကြီးသည်ကား— အလျား, အနံ ယူဇနာရှစ်ထောင်ရှိ၏၊ အောက်၌ ကမ္ဘာရေပြင်ကြီးသို့ ဆိုက်၏၊ ဤနေရာ၌ ကမ္ဘာမြေကြောပြတ်၏၊ လောက၌

စေတီ, ဗောဓိများကို ဖျက်ဆီးသောသူ, ရတနာသုံးပါးကို ပြစ်မှားသောသူ, ဆရာ မိဘကိုပြစ်မှားသော သူတို့သည် ထိုချောက်ကြီး၌ ဖြစ်ကြကုန်၍ ကြီးစွာသော ဒုက္ခကိုခံစားကြရကုန်၏၊ ထို့ကြောင့် နရက်ချောက်တွင်းကြီးကို လောကန္တရိက် ငရဲ ဟူ၍လည်း ဆိုအပ်ကုန်၏။

## ငရဲကြီးရှစ်ထပ်

ငရဲကြီး ရှစ်ထပ်တို့သည်မူကား- ဇမ္ဗူဒိပါကျွန်း၏ အောက်၌ မဟာပထဝီ မြေကြီး၏ အတွင်း- ယူဇနာ အထောင်များစွာကျယ်သော မြေဥမင်ကြီးတို့၌ ယူဇနာ (၁၅၀၀၀)တသောင်း ငါးထောင်စီ ကွာခြား၍ အထက် အောက်တည်ရှိကြကုန်၏၊ ငရဲကြီး ၈-ထပ်ဆိုသည်ကား—

(၁) သိဉ္ဇီဝင်းငရဲကြီး,
(၂) ကာလသုတ်ငရဲကြီး,
(၃) သင်္ဃာတငရဲကြီး,
(၄) ရောရုဝငရဲကြီး,
(၅) မဟာရောရုဝငရဲကြီး,
(၆) တာပနငရဲကြီး,
(၇) မဟာတာပနငရဲကြီး,
(၈) အဝီစိငရဲကြီး,

၌ကား-ငရဲကြီးရှစ်ထပ်တို့ပေတည်း။

[၌ကား စကြဝဠာတောင်ကြီးနှင့်တကွ ထိုတောင်ကြီး၏ အတွင်း၌ တည်ရှိသော တခုသော လောကဓာတ်ကြီး၏ ကြီးမားထင်ရှားသော အဆောက်အဦကြီးတို့ကို ပြဆိုတော်မူချက်တည်း။]

## အထောက်အထားပါဠိတော်

ထို့ကြောင့် တိကင်္ဂုတ္တရပါဠိတော်၌—

ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ တေ၊ ဤစကားကို။ အဝေါစ၊မိန့်တော်မူ၏။ အာနန္ဒ၊အာနန္ဒာ။ ယာဝတာ၊ အကြင်မျှလောက်သော အရပ်၌။ စန္ဒိမ-သူရိယာ၊ လ,နေ တို့သည်။ ပရိဟရန္တိ၊ လှည့်လည်ကုန်၏။ ဒိသာ၊ အရပ်မျက်နှာတို့ကို။ဝါ၊ အရပ်မျက်နှာတို့၌။ ဝိရောစမာနာ၊တင့်တယ်ကုန်လျက်။ ဘန္တိ၊ ထွန်းတော်ာက်ပကုန်၏။ တာဝ၊ ထိုမျှလောက် လ, နေ တို့လှည့်လည်တောက်ပရာ အရပ်အားဖြင့်။ သဟဿဓာတုလောကော၊တထောင်(၁၀၀၀)သော လောကဓာတ်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ သဟဿဓာတုလောကေ၊ ထိုတထောင်သော လောကဓာတ်၌။ စန္ဒာနံ၊ လ တို့၏။ သဟဿံ၊ တထောင်သည်။ သူရိယာနံ၊ နေတို့၏။ သဟဿံ၊တထောင်သည်။ သိနေရုပဗ္ဗတရာဇာနံ၊ မြင့်မိုရ်တောင်မင်းတို့၏။ သဟဿံ၊ တထောင်သည်။ ဇမ္ဗုဒီပါနံ၊ဇမ္ဗူဒိပ်ကျွန်းတို့၏။ သဟဿံ၊ တထောင်သည်။ အပရဂေါယာနံ၊ အပရဂေါယာကျွန်းတို့၏။ သဟဿံ၊ တထောင်သည်။ ဥတ္တရကုရူနံ၊ ဥတ္တရကုရုကျွန်းတို့၏။သဟဿံ၊ တထောင်သည်။ပုဗ္ဗဝိဒေဟာနံ၊ပုဗ္ဗဝိဒေဟကျွန်းတို့၏။သဟဿံ၊တထောင်သည်။စတ္တာရိမဟာသမုဒ္ဒသဟဿာနိ၊လေးထောင်သော မဟာသမုဒ္ဒရာတို့သည်။ စတ္တာရိ မဟာရာဇသဟဿာနိ၊လေးထောင်သောနတ်မင်းကြီးတို့သည်။စာတုမဟာရာဇိကာနံ၊ စတုမဟာရာဇ် နတ်ပြည်တို့၏။ သဟဿံ၊ တထောင်သည်။ တာဝတိံသာနံ၊ တာဝတိံသာနတ်ပြည်တို့

၏။ ယာမာနံ၊ ယာမာနတ်ပြည်တို့၏။ တုသိတာနံ၊တုသိတာ နတ်ပြည်တို့၏။ နိမ္မာနရတီနံ၊နိမ္မာနရတိနတ်ပြည်တို့၏။ ပရ နိမ္မိ တဝသဝတ္တီနံ၊ ပရနိမ္မိတဝသဝတ္တိနတ်ပြည်တို့၏။ ဗြဟ္မ လောကာနံ၊ ဗြဟ္မာပြည်တို့၏။ သဟဿံ၊ တထောင်သည်။ ဟောတိ၊ဖြစ်၏။ အာနန္ဒ၊အာနန္ဒာ။အယံ-သဟဿလောက ဓာတု၊ ဤတထောင်သော စကြဝဠာလောကဓာတ်ကို။ သဟဿိ စူဠနိကာလောကဓာတု၊သဟဿိစူဠနိကာ လော ကဓာတ်ဟူ၍။ ဝါ၊ အဘိညာဏ်ရသော သာဝကတို့အသံ ပြန့်နှံ့ရာတထောင်အရေအတွက် ရှိသောငယ်သော လော ကဓာတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(၁) ငယ်သော လောဓာတ်ဟူသည်ကား– အလတ်, အကြီးတို့ကိုထောက်၍ ဆိုသတည်း။

(၂) အလတ်ဆိုသည်ကား– ၎င်း တထောင်ကိုတည်၊ တထောင်နှင့်မြှောက် လောကဓာတ်ပေါင်း တသန်း (၁၀၀၀ × ၁၀၀၀= ၁၀၀၀၀၀၀)ဖြစ်၏၊ မဇ္ဈိမိက လောကဓာတ်ဖြစ်၏။

(၃) အကြီး ဆိုသည်ကား– ၎င်း တသန်းကိုတည် တသန်းနှင့်မြှောက် လောကဓာတ်ပေါင်း ကုဋေတသိန်း (၁၀၀၀၀၀၀ × ၁၀၀၀၀၀၀= ၁၀၀၀၀၀,၀၀၀၀ ၀၀၀)ဖြစ်၏၊ မဟာသဟဿိ လောကဓာတ်မျိုးမည်၏၊ ဖြစ်အတူ-ပျက်အတူ,ဖွဲ့စည်းလျက်ရှိသော စကြဝဠာ ကုဋေ တသိန်းပေတည်း၊ အာဏာခေတ်ဟူ၍လည်းခေါ်၏၊ ထိုမှ ကြွင်းသော စကြဝဠာ အနန္တတို့မှာမူကား- ဝိသယခေတ် ဟူ၍လည်းခေါ်၏။

ဤစကြဝဠာတောင်၏ အတွင်း၌တည်ရှိသော တခု သောလောကဓာတ် အဝန်းအဝိုင်းကြီး၏ ပမာဏကား- အရှေ့, အနောက်, တောင်, မြောက် ထုတ်ခြင်းခပ်အား ဖြင့် အင်္ဂလိပ်မိုင်ပေါင်း (၃၆၁၀၃၅၀)ကျော်ရှိ၏၊ ထိုတ ခုသော လောကဓာတ်ကြီး၏ အဝန်း အဝိုင်း အားဖြင့် အင်္ဂလိပ်မိုင်ပေါင်း (၄၆၉၃၄၅၅၈) ကျော်ရှိ၏၊ (ဗုဒ္ဓ ဘာသာကျမ်းဂန်တို့၌ ယူဇနာကိုသာဆို၏၊ တယူဇနာကို အင်္ဂလိပ်မိုင်ပေါင်း ၁၃-မိုင် ၅-ဖါလုံနှင့် အညီအမျှထား ၍တွက်ယူရလေသည်။)

## ၁၃။ ပထဝီဝင် မြေလုံးဝါဒ ရှင်းလင်းချက်

နေ,လ,နက္ခတ်,တာရာတို့၏သာလျှင် လှည့်လည်တည် နေရာနှင့်တကွ ကမ္ဘာမြေကြီးမလုံး, မလည်ကြောင်းတို့ကို ဗုဒ္ဓဘာသာကျမ်းဂန်အရ ထုတ်ဖေါ်ပြဆိုပြီး၍ တဖန် ထို ပထဝီဝင်စာအုပ်များ၌ မြေကြီးလုံးကြောင်း သက်သေ ထုတ်ပြချက်တို့ကို စိစစ်တင်ပြအံ့။

**ပထဝီဝင်။** "ဥပမာကား-သင်္ဘောတစင်းသည် သမုဒ္ဒ ရာပင်လယ်ထဲတွင် ကုန်းဘက်သို့ ရွက်တိုက်လာ သည့်အခါ ရွက်တိုင်များကိုပဌမမြင်ပြီးနောက် တ ဖြည်းဖြည်း သင်္ဘောဝမ်းကိုမြင်ရပါသည်၊ အဘယ့် ကြောင့် ဆိုသော် သင်္ဘောဝမ်းကို ပဌမ၌ ခုံး၍နေ သောမြေကြီးက ဖုံးကွယ်ထားသည်နှင့် သင်္ဘော ဝမ်းသည် ရွက်တိုင်ထက် ကြီးမားပါသော်လည်း အရင်မမြင်ရ မြေကြီးသာပြားပါမူ ၎င်းကို ပဌမ အရင်မြင်စရာ အကြောင်းရှိပါသည်။

**အဖြေ။** ။အမှန်သော်ကား- ထိုဥပမာ၌ သင်္ဘောဝမ်းကိုမမြင်ရသည်မှာ အကြား၌ခုံးကြွ၍နေသော မြေလုံးဖုံးကွယ်မှုကြောင့် မမြင်ရသည်မဟုတ်၊ အကြား၌ထကြွ၍နေသော လှိုင်းဂယက်များဖုံးကွယ်မှုကြောင့်သာ သင်္ဘောဝမ်းကို မမြင်ရခြင်းဖြစ်သတည်း။

**ယုတ္တိကား။** ။ လက်ဝါးဖြင့် ဝတ္ထုတပါးကို ကွယ်ကာ၍ကြည့်ရှုရာ၌ ထိုလက်ဝါးသည် အနီးတွင်ရှိသောဝတ္ထုများမှ လက်ဝါးမျှရှိသောအရပ်ကိုသာ ကွယ်ကာနိုင်၏၊ အဝေး၌ရှိသောဝတ္ထုများမှာ လက်ဝါးနှစ်ပြန်စာ, သုံးပြန်စာရှိသော ဝတ္ထုများကိုကွယ်ကာနိုင်၏၊ ထို့ထက်ဝေးသောဝတ္ထုများမှာမူကား ထိုလက်ဝါးသည် သစ်ပင်ကြီးတခုလုံးကို ကွယ်ကာနိုင်၏၊ အလွန်ဝေးခဲ့မူကား ထိုလက်ဝါးသည် တောင်ကြီးတခုလုံးကိုကွယ်ကာနိုင်၏၊ ဤယုတ္တိအတိုင်း ဥပမာ၌-သင်္ဘောဝမ်းကိုမမြင်ရသည်မှာ အကြား၌ ခုံးကြွ၍နေသော မြေလုံး၏ကွယ်ကာမှုကြောင့် မမြင်ရသည်မဟုတ်၊အကြား၌ ထကြွနေသော လှိုင်းဂယက်များ၏ ကွယ်ကာမှုကြောင့်သာ သင်္ဘောဝမ်းကို မမြင်ရခြင်းဖြစ်သတည်း။

**ပထဝီဝင်။** ။ ဥပမာကား— သင်္ဘောတို့သည် တနေရာမှ အရှေ့စူးစူးဖြစ်စေ, အနောက်အစူးစူးဖြစ်စေ ထွက်ခွါသွားပါမူ နောက်ဆုံးတနေ့၌ ပရွက်ဆိတ်တကောင်သည် လိမ္မော်သီးပေါ်တွင် သွားလာဘိသကဲ့သို့ မိမိထွက်ခွါ၍လာခဲ့သော နေရာဘက်သို့ ရောက်ရှိပါသည်။

**အဖြေ။** ။ထိုသင်္ဘောသည် မြေလုံးကိုလှည့်ပတ်၍လာသောကြောင့် နောက်ဆုံးတနေ့၌ မိမိ၏နေရာသို့ရောက်သည် မဟုတ်၊ ကျွန်းမြေအပြင်ကိုပတ်သော ကျွန်းပတ်သင်္ဘောဖြစ်၍ နေသောကြောင့်သာလျှင် နောက်ဆုံးတနေ့၌ မိမိတို့ထွက်ခွါလာခဲ့သောနေရာဘက်သို့ ရောက်ရှိကြကုန်သတည်း။

**ယုတ္တိကား**– သမုဒ္ဒရာ၌ အုံ့ဘွယ်ရှစ်ပါးတို့တွင် တတိယအုံ့ဘွယ်၌ "မဟာသမုဒ္ဒရာမည်သည် ရေနက်ရာ၌အလွန်လှိုင်းကြီး၏၊ ရေအလွန် နက်လေလေ အလွန်လှိုင်းကြီးလေလေဖြစ်၏၊ ထိုလှိုင်းတို့မှဖြစ်သောဂယက်တို့သည် ကမ်းဆီသို့သာပြေးကုန်၏၊ ထို့ကြောင့် အသေကောင်ဝတ္ထုဟူသမျှတို့သည် ကမ်းသို့သာရောက်လာကြကုန်၏၊ အသေကောင်ဝတ္ထုသာ မဟုတ်သေး၊ သမုဒ္ဒရာ၌ ပျက်သောသင်္ဘောကြီးများပင်သော်လည်းကမ်းသို့ရောက်ရမြဲဓမ္မတာပေတည်း"ဟူ၍ ဆိုခဲ့သောအတိုင်းထိုသင်္ဘောသည် ကျွန်းပတ်သင်္ဘောတို့သာ ဖြစ်၍နေကြကုန်၏။

အဘယ့်ကြောင့်နည်းဆိုသော် လူတို့၏ အကျိုးကိစ္စမည်သည် ရေတိမ်ရာ မြို့,ရွာ ဆိပ်ကမ်းတို့၌သာရှိကြ၏၊ ရေအလွန်နက်ရာ၌မရှိကြ၊ သင်္ဘောမည်သည် ပဲ့ကိုင်ရာခိုင်မြဲစွာထား၍ ရွက်ဟုန်,စက်ဟုန်တို့ဖြင့် အတင်းတိုက်လွှင့်မှသာလျှင် အလွန်ရေနက်ရာသို့ ဖြောင့်တန်းစွာသွားနိုင်၏၊ သို့မဟုတ်လျှင် အလွန်ရေနက်ရာမှ လှိုင်းဂယက်တို့သည် ခုခံတွန်းလှန်သည့်အတွက် ရေတိမ်ရာ ကမ်းရှိရာသို့သာ တလဲလဲရောက်လာလတံ့၊ ရေတိမ်ရာကျွန်းရှိရာကို လုံးလုံးစွန့်ပစ်၍ရေအနက်ဆုံးဖြစ်သောဌာနသို့ သေသေကြေကြေမဆုတ်

တန်း, မပြန့်တန်း ရောက်အောင်သွားမည်ဟု ပေါက်လွှတ်သွားသော သင်္ဘောမည်သည်မရှိ၊ ထို့ကြောင့် ထိုသင်္ဘောတို့သည် ကျွန်းပတ်သင်္ဘော ဖြစ်၍နေသောကြောင့် သာလျှင် နောက်ဆုံးတနေ့၌ မိမိတို့ ထွက်ခွါလာခဲ့သော နေရာသို့ ရောက်ရှိကြကုန်သတည်း။

**ပထဝီဝင်။** ။ဥပမာကား– လပေပ်ဘမ်းသည့် အခါ လပေါ်တွင် မြေအရိပ်သွား၍ ထိုးခြင်းကြောင့်ဖြစ်ပါသည်၊ ၎င်းအရိပ်သည် ဝိုင်းနေသည်ဖြစ်၍ ထင်ရှားပါသည်။

**အဖြေ။** ။ထိုအရိပ်သည်မြေလုံး၏အရိပ်မဟုတ်၊ ရာဟုဂြိုဟ်၏အရိပ်သာဖြစ်၏။

**ယုတ္တိကား**– လမည်သည် နေရောင် ကင်းလွတ်ရာ ညဉ့်အခါ၌သာ ထွန်းလင်းတောက်ပ၏၊ ညဉ့်အခါမည်သည်လည်း ထိုသူတို့အလိုအားဖြင့် မြေလုံး၏အောက်၌သာရှိ၏၊ မြေလုံးသည် အထက်၌ရှိသော နေရောင်ကို ကွယ်ကာ၍ အောက်၌ အရိပ်ညဉ့်မှောင်ကိုဖြစ်စေ၏၊ လသည် ထိုညဉ့်မှောင်ကိုရ၍ ထွန်းလင်း တောက်ပနိုင်၏၊ အကယ်၍ လပေပ်ဘမ်းသောအခါ လ ၌ မဲညစ်သောအရိပ်သည် မြေလုံးရိပ်ဖြစ်ခဲ့ငြားအံ့၊ လ သည် မြေလုံး၏အောက်၌ တလလျှင် ၂၆-ရက်ပတ်လုံး မြေလုံး၏ အောက်၌သာ ရှိနေသောကြောင့် ၂၆-ရက်ပတ်လုံး လ ပေပ်ဘမ်းသောနေ့ချည်းဖြစ်လေရာ၏၊ ထို့ကြောင့် လပေပ်ဘမ်းသောအခါ လ၌ပေါ်သောအရိပ်သည် မြေလုံး၏အရိပ်မဟုတ်၊ ရာဟုဂြိုဟ်၏ အရိပ်သာဖြစ်၏။

**ပထဝီဝင်။** ။နေ ပေပ်ဘမ်းခြင်းမှာ လ သည် နေနှင့် မြေကြီးကြားတွင် ရောက်ရှိသည့်အခါဖြစ်၍ လ ပေပ် ဘမ်းခြင်းမှာ လနှင့် နေ ကြားတွင် မြေလုံးရောက်ရှိသည့်အခါဖြစ်ပါသည်။

**အဖြေ။** ။နေ ပေပ်ဘမ်းခြင်းမှာ လ သည် နေနှင့် မြေကြီးကြားတွင် ရောက်ရှိ၍မဟုတ်၊ နေ သည် ရာဟုဂြိုဟ်နှင့် တိုက်ဆိုင်မိသောအခါပေတည်း။

**ယုတ္တိကား**—လ သည် နေ နှင့် မြေလုံးကြားတွင် ရောက်ရှိသောအခါ မည်သည်ကား လကွယ်နေ့ပင်တည်း၊ ထို့ကြောင့် ထိုသို့ယူခဲ့သော် လကွယ်နေ့တိုင်း နေပေပ်ဘမ်းသောနေ့ချည်းဖြစ်ရာ၏၊ လပေပ်ဘမ်းခြင်းမည်သည်လည်း လနှင့် နေကြားတွင် မြေကြီး ရောက်ရှိသည့်အခါမဟုတ်၊ လသည် ရာဟုဂြိုဟ်နှင့် တိုက်ဆိုင်မိသောအခါ ပေတည်း။ (ယုတ္တိကား ရှေးလပေပ်ဘမ်းခဏ်း၌ ပြဆိုခဲ့ပြီ။)

[ဤ၌ နေ,လ တို့မှာ ပေပ်ဘမ်းမှုကို အကြံအဆ ချော်ချွတ်သည်မှာ မြေလုံးဝါဒီဆရာတို့သည် ကောင်းကင်၌ရာဟုဂြိုဟ်ရှိမှန်းကိုမသိ၊ အဘယ်ကြောင့် မသိသနည်းဟု ဆိုမူ၊ ရာဟုဂြိုဟ်မည်သည် အရောင်အဝါမရှိ၊ မည်းညစ်သော အဆင်းရှိသောကြောင့် မှန်ပြောင်း၌ မထင်သော၊ ထို့ကြောင့် နောက် ကြယ်တို့ကို ပြဆိုခဏ်း၌ ရာဟုဂြိုဟ်ကြယ်ဟူ၍ မပါချေ၊ ဗေဒင်ကျမ်းဂန်တို့၌မူကား ရာဟုဂြိုဟ်သည် အခမ်းအနားကြီးကျယ်သော ဂြိုဟ်ကြီးတလုံးဖြစ်ပေ၏။]

**အချို့အဆို။** ။မြေလုံးသည်ကား အမှန်ဖြစ်၏၊ အဘယ့်ကြောင့်နည်း ဆိုသော်-နေ, လ, နက္ခတ်, တာရာတို့၏ အသွားအလာကို တွက်ချက်

ရာ၌ဌင်း, ရာဟုဘမ်းခဏ်းကို တွက်ချက်
ရာ၌ဌင်း မြေလုံးနှင့်စပ်သောဂဏန်းသင်္ချာ
ကိုတည်၍တွက်လျှင် ကောင်းကင်၌ မျက်
မြင်ဒိဋ္ဌ အမှန်သိရ၏။

**အဖြေ**။ ။အမှန်ကို သိရသည်မှာ မြေလုံးသည့်အတွက် မဟုတ်၊ ဂဏန်းသင်္ချာ မှန်ကန်သည့် အတွက်ပေတည်း၊ ဂဏန်းသင်္ချာမှန်ကန်ခဲ့သည်ရှိသော် မြေလုံးနှင့် စပ်သော ဂဏန်းသင်္ချာဆို၍ တွက်လျှင်လည်း မှန်ကန် တော့သည်၊ နေ,လ နှင့်စပ်သော ဂဏန်းသင်္ချာဆို၍ တွက်လျှင်လည်း မှန်ကန်တော့သည်၊ ထို့ကြောင့် သူရိယသိဒ္ဓန္တ ခေါ်သော ဗေဒင်ကျမ်း မြေလုံးလည်ခဏ်း၌ မြေလုံးနှင့်စပ်သော ဂဏန်းသင်္ချာဆို၍တွက်၏၊ မှန်၏၊ တပါးသောဗေဒင်ကျမ်း တို့၌ နေ,လ နှင့်စပ်သော ဂဏန်းသင်္ချာဆို၍တွက်၏၊ မှန် သည်သာလျှင်ဖြစ်၏။

[ဤတွင်ရှေ့ကား-အောက်၌ ကမ္ဘာလေပြင်ကြီးအနန္တ, ကမ္ဘာရေပြင်ကြီး အနန္တ, ကမ္ဘာမြေပြင်ကြီး အနန္တတို့၏ အပေါ်၌ တည်ရှိကြကုန်သော လောကဓာတ်ပေါင်းအနန္တ တို့တွင် တစုံတခုသော လောကဓာတ်မှာမှ အောက်၌ မြေ ကြောပြတ်အောင် လုံးသော ကမ္ဘာမြေလုံးဟူ၍ မရှိကြောင်း ကို ပြဆိုချက်ပေတည်း။]

ကမ္ဘာမြေလုံးသည်ဟူ၍မရှိလျှင်လည်း ကမ္ဘာမြေလုံး၏ အလျား,အနံပမာဏဟူ၍လည်းမရှိလေပြီ၊ အလုံးအဝန်း ပမာဏဟူ၍လည်းမရှိလေပြီ၊ တနေ့လျှင်တပတ်ကျ အရှေ့, အနောက်, အောက်, အထက်လည်ခြင်းဟူ၍လည်းမရှိ လေပြီ၊ တနှစ်လျှင်တပတ်ကျ နေမင်းကို လှည့်လည်ခြင်း

ဟူ၍လည်းမရှိလေပြီ၊ မရှိသော်လည်း ထိုသူတို့၏အယူဝါဒကို အများသိရှိကြရန် ပထဝီဝင် စာအုပ်ပါအကြောင်းများကို ထပ်မံ၍ရှင်းလင်းပါဦးအံ့။

**ပထဝီဝင်။** ။မြေလုံးကြီး၏ ထုတ်ချင်းပေါက် အရှေ့မှ အနောက်သို့ မိုင်ပေါင်း ၇၉၂၆-ရှိပါသည်၊ ၎င်း၏ပတ်လည်မှာ မိုင်ပေါင်း ၂၄၉၀၀–ရှိပါသည်၊ ၎င်း၏ ထုတ်ချင်းပေါက် မြောက်မှ တောင်သို့ မိုင်ပေါင်း ၇၉၀၀-သာရှိပါသည်၊ မြေကြီးသည်ဂြိုဟ်နက္ခတ် တာရာတို့တွင် အပါအဝင်တခုဖြစ်ပါသည်။

**အဖြေ။** ။၎င်းကမ္ဘာမြေလုံးသည်အလွန်သေးငယ်၏၊ ၎င်းမြေလုံးကို ပတ်ဝိုက်လျက် တည်ရှိသောမဟာသမုဒ္ဒရာကြီးများနှင့် ထိုမဟာသမုဒ္ဒရာကြီးတို့၏အောက်၌ တည်ရှိသော ကမ္ဘာမြေကြီးများသော်မှလည်း ထိုမြေလုံး၌မပါလေ၊ ဗုဒ္ဓဘာသာ၌လာသော တခုသော လောကဓာတ်ကမ္ဘာမြေဝိုင်းကြီး ကမ္ဘာမြေဝန်းကြီးကို အစိတ်တထောင်စိတ်သော်လည်း တစိတ်မျှမရှိချေ၊ ထိုကြောင့် မြေလုံးကို ကမ္ဘာမြေလုံးဟူ၍ ဆိုခွင့်မရှိချေ၊ မီးသဘော်,မီးရထား, လေယာဉ်ပျံတို့၏ ပေါက်ရောက်ရာဖြစ်သောကျွန်းငယ်များနှင့်တကွ တောင်ဇမ္ဗူဒီပါကျွန်းကြီးတခုစာမျှသာ ရှိချေ၏၊ ထိုကြောင့် ဇမ္ဗူဒီပါမြေလုံးဟူ၍သာ ဆိုရန်ရှိ၏၊ ရှိသော်လည်း ကျွန်းပတ်အပသမုဒ္ဒရာကြီးတို့၏ အောက်၌တည်ရှိသော ကမ္ဘာမြေကြီးများနှင့် မြေကြောပြတ်သည်မဟုတ်သောကြောင့် မြေလုံးဟူ၍ပင် ဆိုခွင့်မရှိချေ။

**ပထဝီဝင်။** ။မြေကြီး လည်ခြင်းမှာ ၂– မျိုးရှိပါသည်၊ (၁)ဂျင်များလည်သကဲ့သို့ လှည့်ပတ်၍လည်ခြင်း၊ (၂)ဝင်ရိုးဟု မှန်းထား၍ ခေါ်ဝေါ်ကြရသော ဗဟိုကြောင်းကို ရစ်ပတ်၍လည်ခြင်း၊ ဝင်ရိုးစွန်းတဘက်၏ မျက်နှာမူရာ အရပ်မှာ ကြယ်တခုဖြစ်ပါသည်၊ ၎င်းကို (ဝိုက်စတား)ဟုခေါ်ကြသည်၊ ၎င်းကြယ်သို့ မျက်နှာမူသော ဝင်ရိုးစွန်းကို မြောက်ဝင်ရိုးစွန်းဟုခေါ်ပါသည်၊ မြေကြီးသည်အနောက်မှ အရှေ့သို့၂၄-နာရီအတွင်း တပတ်ရစ်ပတ်မိပါသည်၊ ဤကဲ့သို့ ရစ်ပတ်မိခြင်းအားဖြင့် နေ့,ညဥ့်ဖြစ်ပေါ်လာပါသည်။

**အမြေ။** ။မြေလုံးသည် ထိုကဲ့သို့ အထက် အောက်လည်ခဲ့သော် မြေပေါ်၌ ရှိနေကြကုန်သော သက်ရှိသက်မဲ့ဝတ္ထုတို့သည် အောက်ကောင်းကင်သို့ အကုန်ကျ၍ကုန်ရာ အရေးအခွင့်ကြီးသည် အလွန်ကြီးလှ၏၊ မကျနိုင်ခြင်း အကြောင်းယုတ္တိကို လုံလောက်စွာ ပြဆိုနိုင်ရန်မရှိချေ၊ အကြောင်းယုတ္တိ အတုအပကိုမူကား ပြဆိုကြ၏။

**ပြဆိုပုံကား–** သူရိယသိဒ္ဓန္တကျမ်း မြေလုံးလည်ခဏ်း၌ "သက်သဃရ" အမည်ရှိသော နတ်မင်းကြီးသည် မြေလုံးပေါ်၌ထိုင်၍ သင်မြေလုံးသည် မိမိနှင့်စပ်ဆိုင်သမျှသက်ရှိသက်မဲ့ ဝတ္ထုတို့ကို အောက်ကောင်းကင်သို့ လွင့်စင်၍မကျစေရန် ဆွဲထားရမည်ဟု တန်ခိုးအာဏာ ပေးထားကြောင်းကိုဆို၏၊ ထိုစကား၌ သက်သဃရနတ်မင်းကြီးတို့

သည်ကား ထာဝရဘုရားကိုဆို၏၊ လောက၌ အကြောင်းယုတ္တိကို လုံလောက်စွာမဆိုနိုင်လျှင် ထာဝရဘုရားဉာဏ်တော်, တန်ခိုးတော်ကို ချီးမြှင့်ဖြစ်ကြသည့်အတိုင်း ထိုကျမ်းဆရာသည်လည်း အကြောင်းယုတ္တိကို လုံလောက်စွာမပြနိုင်၍ သက်သေရနတ်မင်းကြီး တန်ခိုးကိုချလေ၏။

**အချို့အဆို။** ။မြေကြီးမှာ ထိုဝတ္ထုတို့ကို ဆွဲနိုင်သော အစွမ်းသတ္တိရှိ၏၊ ယုတ္တိကား- အထက်ကောင်းကင်သို့ ပစ်လိုက်သော အုန်း, ကျောက်, ဒုတ်, လှံတံတို့သည် တက်သောအခါ၌ လက်ရှိန်ဖြင့် တက်ကြကုန်၏၊ လက်ရှိန်သေသောအခါ မြေကြီး၏ဆွဲချက်ဖြင့် မြေရှိရာအောက်သို့သာ ကျလာကုန်၏။

**အဖြေ။** ။ထိုဝတ္ထုတို့သည် မြေ၏ဆွဲချက်ဖြင့် ကျလာသည် မဟုတ်ကုန်၊ ထိုဝတ္ထုတို့၌ လေးသောပထဝီဓာတ်သည်ရှိ၏၊ အာပေါဓာတ်သည်ရှိ၏၊ ထိုဓာတ်တို့၏ ဖိစီးမှုကြောင့် အောက်သို့ ကျလာရကုန်၏၊ ထို့အတူ ပထဝီဓာတ်လွန်ကဲသော ဝတ္ထုဟူသမျှသည် အကွယ်အတားအဆီးအတား မရှိခဲ့သော် ထိုဓာတ်၏ဖိစီးမှုကြောင့် အောက်သို့ ကျမြဲမမွှတာဖြစ်၏၊ အာပေါဓာတ်လွန်ကဲသော ဝတ္ထုတို့သည်လည်း ထိုအတူပင်တည်း။

**အချို့အဆို။** ။မြေလုံး၏လည်မှုသည် အလွန်လျင်မြန်အရှိန်အဟုန်ကြီး၏၊ ထိုအရှိန်အဟုန်သည် ထိုဝတ္ထုတို့ကိုဆွဲထားနိုင်၏၊ ယုတ္တိကား- ရေအပြည့်ရှိသော ရေပုံးငယ်တခုကို ကိုင်း၌ကိုင်၍ အလွန်ပြင်းထန်စွာ အထက်အောက် လှည့်လည်သည်ရှိသော် ရေပုံး၌ရှိ

သောရေသည် လှည့်လည်မှု အရှိန်အဟုန်ဆွဲထား သောကြောင့် ထွက်၍မကျနိုင်—

**အဖြေ။** ။ရေပုံးတွင်းမှာရှိသော ရေသည်ကား မကျ သည်မှန်၏၊ ရေပုံး၏ပြင်ဘက်၌ မှီတွယ်လျက် ရှိနေကြကုန် သော ရေသီး ရေပေါက်တို့သည်မူကား လွင့်စင်၍ကျကြ ကုန်သည်သာ ဖြစ်၏၊ ထို့အတူ မြေကြီး၌ အတွယ်အတာ မရှိဘဲ မြေကြီးပေါ်၌ ရှိနေကြကုန်သော ထိုဝတ္ထုတို့သည် မြေလုံးလိမ့်လည်ခဲ့သော် အောက်ကောင်းကင်သို့ ဧကန် လွင့်စင်၍ ကျကြကုန်လတံ့။

**အချို့အဆို။** ။အလွန်လျင်မြန်သော လျှပ်စစ်ဓာတ်မျိုး သည်ရှိ၏၊ မြေလုံးလည်ရာ၌ ထိုလျှပ်စစ်ဓာတ်မျိုး သည်ပါရှိ၏၊ ထိုလျှပ်စစ်ဓာတ်မျိုးသည် ဆွဲငင်၍ ထားသည့်အတွက် ထိုဝတ္ထုတို့သည်လွင့်စင်၍ မကျ နိုင်ကုန်။

**အဖြေ။** ။လျှပ်စစ်ဓာတ်မည်သည် နေရောင်,မီးရောင် တို့၌လည်းရှိ၏၊အသံတို့၌လည်းရှိ၏၊ နေကို တိမ်ဖုံး၍နေရာ ၌ တိမ်လွင့်၍သွားသဖြင့် နေပေါ်၍ လာသောအခါ ပေါ်သည်နှင့် တပြိုင်နက် နေရောင်သည် မြေအပြင်သို့ ရောက်လာ၏၊ (ဤကား အရောင်၌ လျှပ်စစ်ဓာတ်ရှိပုံ တည်း၊)မိုဃ်းသံ,မိုဃ်းကြိုးသံအစရှိသည်တို့လည်း ခဏခြင်း မြေပြင်သို့ ရောက်လာကုန်၏၊ (ဤကားအသံနှင့် လျှပ်စစ် ဓာတ် ပါရှိပုံတည်း၊) မြေလုံး၌ ပါရှိသော လျှပ်စစ်ဓာတ် သည် ထိုနေရောင်, မိုဃ်းသံများ၌ပါရှိသော လျှပ်စစ်ဓာတ် များနှင့် နှိုင်းယှဉ်သော် အလွန်နှေးသေး၏၊ ထိုလျှပ်စစ်

ခေတ်များသည် အလွန်လျင်မြန်ကား လျင်မြန်၏၊ တစုံတခု သောဝတ္ထုကို ဆွဲနိုင်သောသတ္တိကား မရှိချေ။

မြေလုံး၏ အထက်အောက်လည်မှုသည် အောက်ကောင်းကင်၌ငင်း,မြေအပြင်၌ငင်း, ညဥ့်အဘို့ဖြစ်ပေါ်ရန် အကြောင်းပေတည်း၊ နေရောင်ကိုနိုင်နင်းစွာကွယ်ကာနိုင်မှ ညဥ့်မှောင်ရိပ်မည်သည်ဖြစ်နိုင်၏၊ မြေလုံးမှတပါး နေရောင်ကို နိုင်နင်းစွာ ကွယ်ကာနိုင်သောဝတ္ထု တစုံတခုမျှမရှိဟု ဆိုလို၏။

အမှန်မူကား— မြင့်မိုရ်တောင်ကို နေလှည့်လည်သည့်အတွက် အထက်ကောင်းကင်၌ ငင်းနေ့အဘို့, ညဥ့်အဘို့ ဖြစ်ပေါ်ချက်ကို ယုံကြည်စွာ မှတ်ယူထိုက်၏။

**ပထဝီဝင်။** ။မြင့်မိုရ်တောင်မည်သည်မရှိ၊ ဗုဒ္ဓဘာသာ၌ မြောက်စူးစူးမှာ မြင့်မိုရ်တောင်ရှိသည်ဆိုသောကြောင့် သင်္ဘောဖြင့်မြောက်စူးစူးသို့ ၂- လတိုင်တိုင်သွား၍ မြင့်မိုရ်တောင်ကိုရှာ၏၊ မတွေ့။

**အမြေ။** ။ပင်လယ်ဆုံးအောင်မသွား၊ပင်လယ်ပြင်တွင် ပြန်၍လာခဲ့သောကြောင့် မတွေ့လေသည်၊ ၂-လတိုင်တိုင် သွား၍ဆိုသော်လည်း မြောက်သမုဒ္ဒရာသည် ရေခဲမှုအလွန်အားကြီး၏၊ တောင်သမုဒ္ဒရာ၌ကဲ့သို့ တွင်တွင် သွားနိုင်သည်မဟုတ်ချေ။

**ပထဝီဝင်။** ။မြေကြီးသည် နေကိုဝိုင်းမိအောင် လှည့်လည်ခြင်း၊ဤကဲ့သို့လှည့်လည်ခြင်းသည် ရက်ပေါင်း ၃၆၅-သာသာတွင် တပတ်ပြည့်ပါသည်၊ ငင်းကို

တနှစ်ဟု ခေါ်ကြပါသည်၊ ဤကဲ့သို့ လှည့်လည်ရာ တခါတခါ မြောက်ဝင်ရိုးစွန်းသည် နေဘက်သို့ချဉ်း ကပ်လာသည်၊ တခါတခါ နေနှင့် ဝေးကွာသွားပါ သည်၊ထိုအချင်းအရာတို့ကြောင့် ဥတုများ ဆောင်း, နွေ,မိုးယ်းစသည်ဖြင့် ပေါ်ပေါက်လာပြီးလျှင် နေ့တို၍ညဉ့်ရှည်,ညဉ့်တို၍နေ့ရှည်စသည်ဖြင့်ပေါ်ပေါက် လာပါသည်၊ မြေကြီးသည် နေကိုလှည့်လည်သွား လာနေသကဲ့သို့ လ-သည်မြေကြီးကို လှည့်လည်၍ သွားနေပါသည်၊ မြေကြီးကို ၂၇-ရက် သာသာတွင် တပတ် ပတ်မိပါသည်။

**အဖြေ။** ။ဤလှည့်လည်ခြင်း၌ မြေလုံးသည် နေ၏ တောင်ဘက်မှာ ၃-လလှည့်ရာ၏၊ နေ၏အနောက်ဘက် မှာ ၃-လ, နေ၏မြောက်ဘက်မှာ ၃-လ, နေ၏အရှေ့ဘက် မှာ ၃-လ လှည့်ရာ၏၊ ညဉ့်အခါမည်သည် မြေလုံးမှသာ ဖြစ်နိုင်သည်ဟု ရှေး၌ဆိုခဲ့ပြီ၊ ထိုသို့ လှည့်လည်ခဲ့သည်ရှိ သော် မြေလုံးရှိရာ၌သာ နေ့အခါ, ညဉ့်အခါဟူ၍ရှိရာ၏၊ မြေလုံးမရှိရာ၌ ညဉ့်အခါဟူ၍မရှိရာ၊ နေ့အခါချည်းဖြစ် ရာ၏။

မြေလုံးသည် နေ၏ တောင်မျက်နှာ၌နေစဉ်အခါ ၎င်း တောင်မျက်နှာ၌သာ နေ့ညဉ့်၂-ပါးရှိရာ၏၊ နေ၏အောက် ၌၎င်း, နေ၏အနောက်, နေ၏မြောက်, နေ၏အရှေ့တို့၌ ၎င်း, နေ့-ညဉ့်ဟူ၍မရှိရာ၊ နေ့အခါချည်းရှိရာ၏၊ ထို့အတူ မြေလုံးသည် နေ၏မြောက်မျက်နှာ၌ရှိနေစဉ်အခါ ၎င်း မြောက်မျက်နှာ၌သာ နေ့အခါ,ညဉ့်အခါဟူ၍ရှိရာ၏၊နေ၏

အောက်၌၎င်း, နေ၏အရှေ့,နေ၏တောင်, နေ၏အနောက်တို့၌၎င်း, နေ့အခါ, ညဥ့်အခါဟူ၍မရှိရာ၊ နေ့အခါသာရှိရာ၏။

ထိုသို့ကားမဟုတ် မြေလုံးသည် နေ၏တောင်ဘက်၌ရှိနေသောအခါမှာလည်း ၎င်းတောင်ဘက်၌လည်း နေ့, ညဥ့် ၂-ပါးရှိသည်သာလျှင်ဖြစ်ရာ၏၊ နေ၏မြောက်အရပ်မှာ ရှိနေစဉ်အခါ၌လည်း ထို့အတူပင် အရပ်ငါးမျက်နှာတို့၌ နေ့,ညဥ့် ၂-ပါး ရှိသည်သာလျှင်ဖြစ်ရာ၏၊ ထိုမှတပါးလည်း မြေလုံးသည် နေ၏အရှေ့အရပ်, အောက်အရပ်, အနောက်အရပ်တို့မှာ ရှိနေသောအခါတို့၌ ထိုကဲ့သို့လှည့်လည်ခြင်းမရှိကြောင်း သာ၍ထင်ရှား၏။

**ထင်ရှားပုံကား—** နေ့တိုင်း နေ့တိုင်း၌ပင် နေထွက်သောအခါ နေသည်အရှေ့၌, မြေလုံးသည် အနောက်၌ရှိနေကြ၏၊ မွန်တည့်သောအခါ၌ နေသည် မြေအပြင်၏အထက်၌, မြေအပြင်သည် နေ၏အောက်၌ရှိနေကြ၏၊ နေဝင်သောအခါမှာ နေသည်အနောက်၌, မြေလုံးသည် အရှေ့၌ရှိနေကြသည်ကိုနေ့တိုင်းနေ့တိုင်း မျက်မြင်ဒိဋ္ဌဖြစ်နေကြ၏၊ ထို့ကြောင့် နေကိုဝိုင်းမိအောင် လှည့်လည်ခြင်းဟူသော ဒုတိယ လှည့်လည်ခြင်းမည်သည်လည်း မရှိသည်သာလျှင်တည်း၊ ဒုတိယလှည့်လည်ခြင်း မရှိလျှင်လည်း နေကိုမြေလုံး လှည့်သည့်အတွက်ကြောင့် ဥတုသုံးပါး ပေါ်ပေါက်ခြင်း, နေ့ညဥ့်တိုရှည်ခြင်းများသည်လည်း မဟုတ်လေပြီ။

လ-သည် မြေလုံးကိုလှည့်လည်ရာ၌ ၂၇-ရက်သာသာတွင် တပတ်ပတ်မိသည်ဟုဆိုသောကြောင့် လသည် မြေ

လုံး၏အောက်၌ ၁၃-ရက်ခွဲ, မြေလုံး၏အထက်၌ ၁၃-ရက်ခွဲ လှည့်လည်သည်ဟုယူရာ၏၊ ထိုသို့ယူခဲ့သော် လတိုင်းလတိုင်းတို့၌ပင်လျှင် လပေါ်နိုင်သောရက်ကား ၁၃-ရက်ခွဲ, လမပေါ်နိုင်သောရက်ကား ၁၃-ရက်ခွဲ အမြဲရှိနေရာ၏၊ ထိုသို့ကားမရှိ၊ ထို့ကြောင့်လသည် မြေလုံးကို လှည့်လည်သည်ဟူသောစကားသည်လည်း မဟုတ်တော့လေပြီ။

**ပထဝီဝင်။** ။လ-သည် နေ-ကဲ့သို့အလင်းပေးနိုင်သော သတ္တိမရှိ၊ သို့သော် နေမင်းထံမှရရှိသော အလင်းက တဖန်ပြန်ထုတ်ပေးခြင်းအားဖြင့် ဖြစ်ပါသည် ဟူသောစကား၌လည်း လ-သည် နေနှင့်ဆိုင်မိသော အခါ အရောင်အဝါနှင့်တကွမပေါ်နိုင် ညဥ့်အခါ ၌သာ အရောင်အဝါနှင့်တကွ ပေါ်နိုင်သောကြောင့် ထိုစကားကိုဆို၏။

**အဖြေ—** လ-သည် နေနှင့်ဆိုင်မိသောအခါ၌ အရောင်အဝါနှင့်တကွ မပေါ်နိုင်ခြင်းသည် လ- အရောင်အဝါမရှိသောကြောင့်မဟုတ်၊ အလွန်အားကြီးသော နေရောင်က လွှမ်းမိုးသည့်အတွက်ကြောင့်၎င်း, လူတို့က အလွန်ဝေးကွာသောမြေပေါ်မှ ကြည့်ရှုရလေသောကြောင့်၎င်း အရောင်အဝါနှင့်တကွ မပေါ်နိုင်ခြင်းဖြစ်လေသတည်း၊ လ-၏အနီးအပါးသို့သွား၍ကြည့်ကြပါမူကား လ-ကို အရောင်အဝါနှင့် မြင်ကြရလတံ့။

**ဥပမာကား—** ညဥ့်အခါ တောင်ထိပ်ဘုရားစေတီ၌ ဓာတ်မီးအိမ်ကြီးတခု, မီးအိမ်ငယ်တခု ထွန်းထားရာ၏၊ အနီး၌နေ၍ ကြည့်ကြသူတို့မှာ ဓာတ်မီးအိမ်ကြီးကိုလည်း

မြင်ရ၏၊ မီးအိမ်ငယ်ကိုလည်းမြင်ရ၏၊ တောင်အောက်အ ဝေးမှနေ၍ကြည့်သူတို့မှာ ခေါင်မီးအိမ်ကြီးကိုသာမြင်ရ၏၊ မီးအိမ်ငယ်ကိုမမြင်ရ၊ ဤဥပမာအတိုင်းပင်ဖြစ်လေသည်။

ပထမဝိဝင်။ ။နေမင်းသည် ဂြိုဟ်နက္ခတ်တာရာတို့ ဝန်း ဝိုင်း၍ အလယ်တွင်တည်ရှိ၏၊ နေမင်းကို အခြားဂြိုဟ်, နက္ခတ်, တာရာတို့က ခြံရံ၍ လှည့်လည်နေကြ၏။

အဖြေ။ ။ဂြိုဟ်,နက္ခတ်, တာရာတို့သည် နေမင်းကိုလှည့် ကြရာ၌ တနှစ်တွင် တပတ်ကျ လှည့်လည် လေသလော?၊ သို့မဟုတ် တနေ့တရက်တွင် တပတ်ကျလှည့်လည်သလော? ဟု မေးရန်ရှိ၏၊ ထိုအမေး၌ တနှစ်တွင် တပတ်ကျ လှည့် လည်ပါသည် ဆိုခဲ့သော် ဂြိုဟ်နက္ခတ်တို့ကို တညဉ့်လုံး နေဝင် နေထွက်ကြည့်ရှု၍နေသူမှာ နက္ခတ်တာရာတို့ကို မြင် ကြရာ၏၊ မြေလုံးနှင့် နေ ၂-ပါးတို့တွင် တပါးကသွား လျှင် တပါးကတည်နေမှ နေ့, ညဉ့်, လ, နှစ်, ဥတု အပိုင်း အခြားပေါ်နိုင်၏၊ ၂-ပါးလုံး သွားခဲ့လျှင် ထိုအပိုင်းအ ခြားမပေါ်နိုင်၊မြေလုံးဝါဒ၌ မြေလုံးကသွားသောကြောင့် နေ က တည်နေရ၏။

ဤအဖြေ၌ကား မြေလုံးလှည့်မှုမရှိဖြစ်၍ နေကသွားခွင့် ဆိုက်၏၊ နေသွားမှသာလျှင် နေ့,ညဉ့်,လ,နှစ်,ဥတုအပိုင်း အခြားပေါ်နိုင်၏၊ ထို့ကြောင့် နေသည် ဂြိုဟ်, နက္ခတ်, တာရာတို့၏ အလယ်တွင် တည်ရှိ၏ဟူသော စကားသည် မဟုတ်ချေ၊ နေမင်းကို အခြားဂြိုဟ် နက္ခတ်တာရာတို့က

လှည့်လည်နေကြ၏ ဟူသော စကား၌လည်း ထိုဝါဒအလို အားဖြင့် ဂြိုဟ်,နက္ခတ်,တာရာတို့သည် မြေလုံးအောက်သို့ မရောက်မူ၍ နေကိုသာ လှည့်လည်၍ နေကြကုန်ငြားအံ့၊ ထိုဂြိုဟ်နက္ခတ်တာရာတို့ကို လူတို့အဘယ်အခါမှ မြင်ရလိမ့်မည်မဟုတ်၊ညဥ့်တိုင်းပင် မြင်ကြလျက်ရှိကုန်၏၊ထို့ကြောင့် ထိုစကားသည်လည်း မဟုတ်ချေ။

ပထဝီဝင်။ ။နေသည် မြေကြီးထက် အဆပေါင်း ၁၃၀၀၀၀၀ (တသန်းသုံးသိန်း) ပို၍ကြီး၏၊ ၎င်း၏ ထုတ်ချင်းပေါက် မိုင်ပေါင်းမှာ ၈၆၇၀၀၀ (ရှစ်သိန်းခြောက်သောင်းခုနစ်ထောင်)ဖြစ်ပါသည်။

အဖြေ။ ။ထိုစကား နှစ်ရပ်တွင် ရှေ့စကားနှင့် နောက်စကားသည် အလွန်ကွဲလွဲလျက်ရှိ၏၊ ကွဲလွဲပုံကား-ထိုဝါဒအလိုအားဖြင့် မြေလုံးအဝန်းသည် မိုင်ပေါင်း ၂၃၀၀၀ (နှစ်သောင်းသုံးထောင်) ကျော်ရှိ၏၊ ထိုကို အဆပေါင်း တသန်းသုံးသိန်းနှင့် မြှောက်သည်ရှိသော် နေ၏ အဝန်းသည် မိုင်ပေါင်း ကုဋေ သုံးထောင်ကျော်ရှိ၏၊ (ဤကား ရှေးစကားရပ်အရတည်း၊) နောက်စကားအလိုမှာ နေ၏ ထုတ်ချင်းမိုင်ပေါင်း (၈၆၇၀၀၀)တည်၊ အဝန်း ၃-ပြန် နှင့်မြှောက်၊ နေ၏ အဝန်းမိုင်ပေါင်း နှစ်သန်း ငါးသိန်း ကျော်မျှသာရှိ၏၊ ဤသို့ စကား ၂-ရပ်ကွဲလွဲကြ၏၊ စကားကြီး,အသံကြီး ဖြစ်ရုံမျှ ရုတ်တရက် ထွက်ဆိုလိုက်သော စကားများဖြစ်သည်ဟု ထင်ရှားပေါ်ရှိ၏။

ပထဝီဝင်။ ။နေမှ ထုတ်လိုက်သော အပူကို အပုံပေါင်း (၂၂၇၀၀၀၀၀၀) ပုံပါလျှင် မြေကြီးသို့ တပုံသာရောက်လာ၏၊ ကြာသပတေးဂြိုဟ်သည် မြေကြီးထက် အဆပေါင်း(၁၄၀၀) ကြီး၏။

ဗုဒ္ဓဟူးဂြိုဟ်သည်နေမှ မိုင်ပေါင်း ၃၆-သန်း ကွာပါသည်။

| | |
|---|---|
| သောကြာဂြိုဟ်သည် | ၆၇-သန်းကွာပါသည်။ |
| ကိတ်ဂြိုဟ်(မြေကြီး) | ၉၃-သန်းကွာပါသည်။ |
| အင်္ဂါဂြိုဟ်သည် | ၁၄၁-သန်းကွာပါသည်။ |
| ကြာသပတေးဂြိုဟ်သည် | ၄၈၃-သန်းကွာပါသည်။ |
| စနေဂြိုဟ်သည် | ၈၈၂-သန်းကွာပါသည်။ |
| တနင်းလာဂြိုဟ်သည် | ၁၇၈၂-သန်းကွာပါသည်။ |
| တနင်္ဂနွေဂြိုဟ်သည် | ၂၇၉၄-သန်းကွာပါသည်။ |

**အဖြေ**— ထိုစကားရပ်များသည်လည်းစကားကြီး,အသံကြီးဖြစ်ရုံမျှ ရုတ်တရက် ထွက်ဆိုလိုက်သော စကားများဖြစ်သည်ဟု ထင်ရှားပေါ်ရှိတော့သည်သာလျှင်တည်း။

**အမှန်မှုကား**— ထိုဂြိုဟ်တို့သည် ထိုဝါဒ၌ ပြဆိုသည့်အတိုင်း နေနှင့် အမြဲကွာဝေးကြသည်မဟုတ်၊နီးချည်တခါ ဝေးချည်တလှည့်သာ ဖြစ်ကြကုန်၏၊ ဖြစ်ပုံကား-နေ၏သွားရာလမ်းသည် အလယ်လမ်း, အတွင်းလမ်း, အပြင်လမ်းဟူ၍ ၃-လမ်းရှိ၏၊ ထိုတွင် အလယ်လမ်းသည် လူတို့ခေါင်းပေါ်၌ကျ၏၊ အတွင်းလမ်းသည် မြောက်ဘက်၌

ကျ၏၊ အပြင်လမ်းသည် တောင်ဘက်၌ကျ၏၊ ဂြိုဟ်,နက္ခတ်တို့သည် ထို ၃-လမ်းအပြင်၌ လှည့်လည်ကြကုန်၏။

နေသည် အလယ်လမ်း၌ သွားခိုက် အလယ်လမ်းရှိ ဂြိုဟ်တို့နှင့်နီး၏၊ အတွင်းလမ်း, အပြင်လမ်းရှိ ဂြိုဟ်တို့နှင့် ဝေး၏၊ နေသည်အတွင်းလမ်း၌သွားခိုက် အတွင်းလမ်းရှိ ဂြိုဟ်တို့နှင့်နီး၏၊ အပြင်လမ်း အလယ်လမ်းရှိ ဂြိုဟ်တို့နှင့် ဝေး၏၊ နေသည် အပြင်လမ်း၌ သွားခိုက် အပြင်လမ်းရှိ ဂြိုဟ်တို့နှင့်နီး၏၊ အလယ်လမ်း,အတွင်းလမ်းရှိ ဂြိုဟ်တို့နှင့် ဝေး၏၊ အလျားလိုက် သွားကြရာမှာလည်း ထို့အတူ နီးချည်တခါ, ဝေးချည်တလှည့်သာ ဖြစ်ကြကုန်၏၊ ဤသို့ဆိုမှ သာလျှင် မျက်မြင်ဒိဋ္ဌနှင့်လည်း ညီညွတ်၏၊ ဗေဒင်တွက်ရိုးတို့နှင့်လည်း ညီညွတ်၏၊ ဇာတာပြင်, ဂြိုဟ်ပူး, ဂြိုဟ်ကွာ ဟောကိန်းများနှင့်လည်း ညီညွတ်လေတော့၏။

[ဤမျှသော စကားရပ်တို့ဖြင့် နေ့,ညဉ့်,ရက်,လ,ဥတု, နှင့် အပိုင်းအခြားများသည် မြေလုံး လည်ခြင်းကြောင့် ဖြစ်သည်မဟုတ်၊ လ, နေ, နက္ခတ်, တာရာ, ဂြိုဟ်, ကြယ်တို့၏ လှည့်လည်ခြင်းကြောင့်သာ နေ့,ညဉ့်,ရက်,ဥတု,နှစ် အပိုင်းအခြားများဖြစ်ပေါ်ရသည်ဟု ပြဆိုချက်ပေတည်း။]

**အထောက်အထားသာဓက**

ထို့ကြောင့် ဒီဃနိကာယ် သုတ်ပါထေယျပါဠိတော် အဂ္ဂညသုတ်ကြီး၌—

အထ ခေါ သိ သတ္တာနံ သယံပဘာ အန္တရ-ဓာယိ။ သယံပဘာယ အန္တရဟိတာယ စန္ဒိမ-သူရိယာ ပါတုရဟေသုံ။ စန္ဒိမသူရိယေသု ပါတု-

ဘူတေသု နက္ခတ္တာနိ တာရကရူပါနိ ပါတုရဟေ-
သုံ။ နက္ခတ္တေသု တာရကရူပေသု ပါတုဘူတေသု
ရတ္တိန္ဒိဝါ ပညာယိံသု။ ရတ္တိန္ဒိဝေသု ပညာယမာ-
နေသု မာသဍ္ဎမာသာ ပညာယိံသု။ မာသဍ္ဎမာ-
သေသု ပညာယမာနေသု ဥတုသံဝစ္ဆရာ ပညာ-
ယိံသု—

ဟူ၍ ဟောတော်မူ၏။

**ပါဠိလျှောက်အဓိပ္ပါယ်ကား**—ကမ္ဘာဦးအခါ၌ ထိုကမ္ဘာဦးသူတို့အား မိမိတို့ကိုယ်ရောင် ကိုယ်ဝါသည်ကွယ်ပျောက်လေ၏၊ ကိုယ်ရောင်ကိုယ်ဝါ ကွယ်ပျောက်သည်ရှိသော် လ,နေ ၂-ပါးတို့သည် ထင်ရှားပေါ်လာကုန်၏၊ လ,နေ ၂-ပါး ထင်ရှားပေါ်လာကုန်သည်ရှိသော် နက္ခတ်တာရာတို့သည် ထင်ရှားပေါ်လာကုန်၏၊ နက္ခတ်တာရာ ၂-ပါး ထင်ရှားပေါ်လာကုန်သည်ရှိသော်နေ့,ညဉ့်တို့သည်လည်းကောင်း, လနှင့်လခွဲတို့သည်လည်းကောင်း, ဥတုသုံးပါးနှစ် အပိုင်းအခြားတို့သည်လည်းကောင်း အစဉ်အတိုင်း ပေါ်လာကုန်၏-ဟူလိုသည်။

[ဤတွင်ရွှေကား-ပထဝီဝိဝါဒဖြေရှင်းချက်ကြီးပေတည်း။]

## ၁၄။ နိဂုံး

နောက်ဆုံးအချုပ် နိဂုံးအုပ်ကာ ရှင်းလင်းတင်ပြလိုသည်မှာ ဗုဒ္ဓဘာသာအမည်ခံ အမျိုးသားအပေါင်းတို့ကို အမှူးထား၍ ကမ္ဘာသူကမ္ဘာသား ဝေနေယျဟိတအများ အယူမှန် အမြင်မှန်နှင့်တကွ အသိစင်ကြယ်စွာ အကျိုးပြီး

စီးကြပါစေခြင်းအလို့ငှါ စေတနာဖလဝ မေတ္တာအနန္တ ဖြင့် ဤကဲ့သို့ ရဲရဲဝံ့ဝံ့စွန့်စွန့်စားစား တိကျပြတ်သားစွာ စုဆောင်းရှာဖွေ တင်ပြရခြင်းဖြစ်ပါသည်၊ သို့ပင်ဖြစ်ငြား သော်လည်း အစွဲအယူတို့မည်သည် "သာသနာပျောက် မည် ဝါသနာမပျောက်"ဟူဘိသကဲ့သို့ အကြောင်းအမျိုး မျိုးတို့အလျောက် မိမိတို့ဝါသနာ,အယူအဆ,စီးပွားရေး, ကြီးပွားရေး, နိုင်ငံရေး, ဘာသာရေး အားလျော်စွာ တွေဝေခံ၍ ထိမိ ပေါက်ရောက်ပိုင်နိုင်စွာ မသိမ်းပိုက် မနာယူနိုင်ကြပါကလည်း အောက်ပါ "ဇမ္ဗုဒီပပေယျာ လသုတ်"နှင့် ဝတ္ထုကြောင်းတို့ကဲ့သို့ နှလုံးသွင်းမှတ်ယူရ တော့မည်ပင် ဖြစ်ပါတော့သတည်း။

## ဇမ္ဗုဒီပပေယျာလသုတ်

(၁) ပဌမသုတ်၏အဓိပ္ပါယ်အကျဉ်းကား– ယူဇနာ တသောင်းကျယ်သော ဇမ္ဗုဒီပါကျွန်း၌သာယာမွေ့လျော် ဘွယ်ရှိသောအရပ်သည် အနည်းငယ်သာဖြစ်၍ သာယာ မွေ့လျော်ဘွယ် မရှိသော အရပ်များသကဲ့သို့ ဤအတူ သတ္တဝါအနန္တတို့တွင် ဉာဏသံဝေဂကို ဖြစ်စေတတ်သော သတ္တဝါအနည်းငယ်သာဖြစ်၏၊ မဖြစ်စေသောသတ္တဝါသာ လွန်စွာများ၏ဟုဆိုလိုသည်။

(၂) ဒုတိယသုတ်၏အဓိပ္ပါယ်အကျဉ်းကား– ဇမ္ဗုဒီ ပါကျွန်း၌ သာယာမွေ့လျော်ဘွယ်ရှိသော အရပ်ကား အနည်းငယ်သာဖြစ်၍ သာယာမွေ့လျော်ဘွယ် မရှိသော အရပ်သည်သာ လွန်စွာများသကဲ့သို့ ဤအတူ အကြင် သတ္တဝါတို့သည် ထိတ်လန့်ကုန်သောကြောင့် အသင့်အား

ဖြင့် တရားကိုအားထုတ်ကုန်၏၊ထိုသတ္တဝါတို့ကား အနည်းငယ်သာဖြစ်၍ အကြင်သတ္တဝါတို့သည် ထိတ်လန့်ကုန်လျက်အသင့်အားဖြင့်တရားကိုအားမထုတ်ကုန်၊ထိုသတ္တဝါတို့သည်သာ လွန်စွာများကုန်၏ဟူလိုသည်။

[ဤကား-သုတ်၂-သုတ်၏ လိုရင်းအဓိပ္ပါယ် အကျဉ်းမျှသာတည်း။]

## ဒိသာပါမောက္ခဆရာဝတ္ထု၊

ထုတ်ဆောင်ပြအပ်ပြီးသော ဇမ္ဗုဒိပ ပေယျာလသုတ်ပါဠိတော် ၂-ရပ်အရ ဇမ္ဗုဒိပါကျွန်း၏ မညီမညွတ်ရာ၌ ထုတ်ပြအပ်သော ရှင်သာရိပုတ္တရာအလောင်း ဒိသာပါမောက္ခဆရာဝတ္ထုကား—

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူသောအခါ ရှင်သာရိပုတ္တရာကို အကြောင်းပြုလျက် တခုသော ဓမ္မဒေသနာကိုဆောင်တော်မူ၏၊ အရှင်သာရိပုတ္တရာသည် မိမိအထံသို့ ရောက်လာကုန်သော သီလမရှိကုန်သော တံငါ၊ မုဆိုးအစရှိသော မြင်တိုင်းမြင်တိုင်းသော သူတို့အား သီလကိုခံယူလော့၊ သီလကိုခံယူလော့-ဟု သီလကိုသာပေး၏၊ ထိုတံငါ၊မုဆိုးအစရှိသော ဒုဿီလတို့သည် အလေးပြုအပ်သည်၏အဖြစ်ကြောင့် မထေရ်၏စကားကို ပယ်ရှားခြင်းကိုမတတ်နိုင်ရကား သီလကိုခံယူကုန်၏၊ ယင်းသို့ ခံယူကုန်သော်လည်း ခံယူပြီး၍ကား မစောင့်ရှောက်ကုန်၊ မိမိတို့ပြုမြဲတိုင်းဖြစ်သော ဒုဿီလအမှုကိုသာပြုကုန်၏။

ထိုအခါ အရှင်သာရိပုတ္တရာသည် တပည့်တို့ကို ခေါ်တော်မူ၍ "ငါ့ရှင်တို့....ဤလူတို့သည် ငါ၏အထံမှ သီလကိုခံယူကုန်၏၊ ခံယူပြီး၍ကား မစောင့်ရှောက်ကုန်၊ အဘယ့်ကြောင့် ဤသို့ပြုကြကုန်သနည်း"ဟု မေးတော်မူ၏၊ "အရှင်ဘုရားတို့သည် ထိုသူတို့၏ အလိုမရှိသောအားဖြင့် သီလကိုပေးတော်မူကုန်၏၊ ထိုသူတို့သည်အရှင်ဘုရားတို့၏စကားကို ပယ်ရှားခြင်းငှါ မဝံ့သောကြောင့်သာ သီလကိုခံယူကုန်သည်၊ စောင့်ရှောက်လိုသောကြောင့် မဟုတ်ကုန်၊ ဤအခါမှစ၍ ဒုဿီလတို့အား သီလကိုမပေးပါလင့်"ဟု လျှောက်ကြားကုန်၏၊ မထေရ်အား နှလုံးမသာမယာဖြစ်လေ၏။

ထိုအကြောင်းကိုကြား၍ တရားသဘင်၌"ငါ့ရှင်တို့....သာရိပုတ္တရာအရှင်သည် မြင်တိုင်းမြင်တိုင်းသော ဒုဿီလတို့အား သီလကိုပေးသည်" ဟု စကားကိုဖြစ်စေကုန်၏၊ ဘုရားသဗ္ဗညုလည်း ကြွလာတော်မူ၍ မေးတော်မူလျှင် ထိုအကြောင်းကို လျှောက်ထားကုန်၏၊ "ချစ်သားတို့....ယခုအခါ၌သာ သာရိပုတ္တရာသည် မြင်တိုင်းမြင်တိုင်းသောသူတို့အား မတောင်းဘဲ သီလကိုပေးသည်မဟုတ်၊ ရှေးအခါ၌လည်း ပေးသည်သာတည်း"ဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းတော်သည် ပုဏ္ဏားမျိုး၌ဖြစ်၍ အမည်အားဖြင့် "ကောရဏ္ဍိယလုလင်" ဟု တွင်၏၊ ထိုကောရဏ္ဍိယလုလင်သည် အရွယ်သို့ရောက်

သည်ရှိသော် တက္ကသိုလ်ပြည်ဝယ် ဒိသာပါမောက္ခဆရာ၏ တပည့်ကြီးဖြစ်၏၊ ထိုအခါ ဒိသာပါမောက္ခ ဆရာသည် မြင်တိုင်းမြင်တိုင်းသောသူတို့အား မတောင်းခံဘဲသီလကို ပေး၏၊ ထိုသူတို့သည် သီလကိုဆရာ့ထံ၌ခံယူ၍ မစောင့် ရှောက်ကုန်၊ ဆရာသည် ထိုအကြောင်းကို တပည့်တို့အား ကြား၏၊ တပည့်တို့ကလည်း "ဆရာ····သင်တို့သည် ထိုသူ တို့၏ အလိုမရှိဘဲ သီလကို ပေးကုန်၏၊ ယင်းသို့အလိုမရှိဘဲ ပေးသောကြောင့် သီလကို ဖျက်ကုန်သည်၊ ဤအခါမှစ၍ သီလကို တောင်းသောသူတို့အားသာ ပေးတော်မူပါ၊ မတောင်းသောသူတို့အား မပေးပါလင့်" ဟု လျှောက် ကုန်၏။

ယင်းသို့လျှောက်လျှင် ဆရာ့အား နှလုံးမသာမယာ ဖြစ်လေ၏၊ထိုသို့ ဖြစ်သော်လည်း မရှောင်မကြဉ် မြင်တိုင်း မြင်တိုင်းသောသူတို့အား သီလကို ပေးသည်သာတည်း၊ ထိုအခါ ရွာတရွာမှ တနေ့သ၌ လူတို့သည် လာကုန်၏၊ ပုဏ္ဏားတို့၏ ဘတ်ရွတ်ခြင်းအကျိုးငှါ ဆရာကို ဘိတ်ကုန်၏၊ ထိုအခါ ဆရာသည် "ကောရဏ္ဍိယလုလင်"ကို ခေါ်၍ "အမောင်··ငါကား မသွားနိုင်၊ သင်သည် ဤငါးရာသော လုလင်တို့ကိုခေါ်၍ ထိုရွာသို့ သွားပြီးလျှင် ပုဏ္ဏားတို့၏ ဘတ်ရွတ်သော အကျိုးအာနိသင်ကို ခံယူ၍ ငါတို့၏ အဘို့ ဆောင်ချေ"ဟု စေ၏။

ကောရဏ္ဍိယ လုလင်လည်း ဆရာစေတိုင်း သွား၍ ဆောင်ယူပြီးလျှင် ပြန်လာလတ်သော် ခရီးအကြားတွင် ချောက်တခုကိုမြင်၍ အကြံဖြစ်သည်မှာ "ငါတို့ဆရာသည်

သောသူတို့အား သီလမပေးတော့ချေ၊ ဘုရားမြတ်စွာသည် ဓမ္မဒေသနာကို ဆောင်တော်မူ၍ "ထိုအခါ ဆရာပုဏ္ဏားသည် ယခုအခါသာရိပုတ္တရာဖြစ်လာ၏၊ကောရဏ္ဍိယလုလင်သည်ကား ငါဘုရား ဖြစ်လာပြီ"ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

## ပထမဝိပဝါဒ ရှင်းတမ်း ပြီးပြီ။

ဆရာလည်း တပည့်စကားကြား၍ "အမောင် ကော-ရဏ္ဍိယလုလင်··သမုဒ္ဒရာဖြင့် ပိုင်းခြားအပ်သော ယူဇနာ တသောင်းကျယ်သော ဤဇမ္ဗူဒိပါ မြေအပြင်ကို လက် ဝါးပြင်ကဲ့သို့ ညီညွတ်အောင် တစုံတယောက်သောသူသည် ပြုခြင်းငှါမထိုက်၊ မညီညွတ်သော ချိုင့်,ကုန်း တောင်ကြီး, တောင်ငယ်- ထူထပ်စွာသော ဤဇမ္ဗူဒိပါ မြေအပြင်ကို ထားဘိဦး၊ ယခု ဖို့သော ချောက်တခုကို ပြည့်စေခြင်းငှါ ကျောက်တို့ကိုရှာလျက်ပင် သင်သည် အသက်ရှင်သောလူ လောကကို စွန့်ရလိမ့်မည်ငါထင်၏"ဟု ဆရာကြီးကဆို၏၊

ဆရာကြီးပြောဆိုသော စကားကို တပည့်ကြားလျှင် "ဆရာ····အကယ်၍ ကျွန်ုပ်သည် ဤမြေပြင်ကို တယောက် ထည်း ညီညွတ်အောင် မတတ်နိုင်သည်ဖြစ်ငြားအံ့၊ ဤအတူ ဆရာလည်း အဘယ်မှာလျှင် ဤအထူးထူးသော အယူရှိ သော လူတို့ကို သီလ၌တည်အောင် ဆောင်နိုင်လတ္တံ့နည်း၊ ပညာရှိသော သူသည် ပါဏာတိပါတကို အကုသိုလ်ဟု ယူသည်၊ သံသာရမောစက အစရှိသော မိစ္ဆာဒိဋ္ဌိတို့သည် ကား ကုသိုလ်ဟု အယူရှိကုန်သည်၊ ယင်းသို့ဖြစ်၍ ထိုလူတို့ ကို အဘယ်မှာလျှင် ဆရာသည် သီလ၌ တည်အောင် ဆောင်နိုင်လတ္တံ့နည်း၊ ထို့ကြောင့် ဤအခါမှစ၍ မြင်မြင် သမျှသောလူတို့အား သီလကို မပေးပါလင့်၊ တောင်းခံ သောသူတို့အားသာ ပေးတော်မူပါ" ဟု ဆို၏။

ဆရာလည်း တပည့်ဆိုသော စကားကို ကြား၍ "ငါ့တပည့်ကား အမှန်ကို ဆိုပေသည်"ဟု ထိုအခါမှစ၍ တောင်းခံသောသူအားသာ သီလကိုပေး၏၊ မြင်မြင်သမျှ

THE HANTHAWA